www.burmeseclassic.com

# မဟူရာ

(လှိုင်ကော်)

အို ... ချစ်သူ




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com





အို … ချစ်သူ … ဟု

ခေါ်သံလေးထက်

လုံခြုံစေသောအရာ

နှလုံးသားအတွက်

ဘယ်မှာမှရှာ၍မရနိုင် ….။



သင်၏ စကားများက

ငါ့ကိုချန်ခဲ့၍

ထွက်ခွာသွားသော

ခြေသံများအဖြစ်

ငါ့ကိုအသိပေးနေကြပြီ …။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ ကတိတစ်ခုသည်

ချစ်ရသူ၏ မျက်ရည်ကျမှ


အတည်ဖြစ်မည်ဆိုလျှင်

ကျွန်ုပ်သည် ....

ကတိကြေးမကျေသူအဖြစ်

တစ်သက်လုံးခံယူသွားပါမည် ...။





တကယ်ချစ်သူရဲ့ ရင်ထဲမှာ

နာကြည်းတဲ့ သန္ဓေမျိုးစေ့ဆိုပြီး

အပင်ထွက်စရာ

အညှောင့်တွယ်စရာ

နေရာရယ်လို့ မရှိနိုင်ပါဘူး ...။

ရှိတဲ့အရာဟာ တစ်ခုတည်းပါပဲ

အဲဒါဟာ အချစ်ပါ ...။

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- ❖ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ❖ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှု ခိုင်မာရေး၊
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာရေး၊
- ❖ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- ❖ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊



www.burmeseclassic.com

ကိုယ့်အချစ်ကို
သိနေတဲ့သူတစ်ယောက်ဟာ
ကိုယ့်အချစ်နဲ့ ဆန့်ကျင်ပြီး
အဆုံးအဖြတ်မရှိ
အရေးကြီးတယ် ....။

ချစ်ရသူနှင့်
ဝေးရသည့်အဖြစ်ကို
ရင်ဆိုင်ရချိန်မှာ
ငါ့နှလုံးသားဆီမှ
အက်ကွဲသံကို
ငါကိုယ်တိုင်ကြားနေရသည် . . .။

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူ ....

ငါ၏ လက်ရှိဘဝ

ငါ၏ အနာဂတ်မှာ

ငါသည် သင်၏ လက်တွဲဖော်အဖြစ်

ရှိနေရမည်ဆိုလျှင်

ငါ၏ ဘဝသည်လည်း

ပြည့်စုံပြီဟု မှတ်ယူပါသည် ချစ်သူ ... ။

# မဟူရာ (လွှိုင်ကော်)

အို ... ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၅ ခုနှစ်၊ မေလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ိ/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

မဟူရာ(လှိုင်ကော်)

အို ... ချစ်သူ .../မဟူရာ(လှိုင်ကော်)၊ ရန်ကုန်၊ ရွှေသမင်စာပေ၊
၂၀၁၅။

၂၈၈ စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။

(၁) အို ... ချစ်သူ ...

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်။

# မဟူရာ
(လှိုင်ကော်)

# အို ... ချစ်သူ ...

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com



အို ချစ်သူ ...
အလွမ်းတွေစ ...
မင်းကိုမှ ချစ်ရတဲ့အကြောင်း
ငါ၏ နှလုံးသားတောင်းတင်
အလွမ်းလွှင်ပြင်ထက်က လေညင်း
လွမ်းချင်းတေးသီတဲ့ တိမ်တိုက်
အလွမ်းရဲ့တိုက်ထက်က
အလွမ်းလမင်းတွေနဲ့
ငါ သက်သေပြတဲ့အခါ
မင်း ...
မျက်ရည်တစ်စက်သာ
ချပေးပါလေ ...။




အို ချစ်သူ ...
မင်းရဲ့ မျက်ရည်တစ်စက်
ငါ့ရဲ့ အချစ်ရွှေလက်နဲ့ ခံယူ
ခံတော်မူ ငါ့နှလုံးသားထက်မှာ
တစ်သက်တာ ရက်ရှည်
မင်းရဲ့ ...
ချစ်သက်သေအဖြစ်
ငါ သိမ်းထားရစ်ပါ့မည် ...။

အို ချစ်သူ ...
ငါ၏ မျက်ရည်တစ်စက်ကို
သင်၏ အချစ်ရွှေလက်နှင့် ခံယူကာ
ယူဆောင်၍ သွားပါလေ ...
မနက် နေပွင့်သည့်အခါ ...
ပွားများလာရာ
မျက်ရည်စက်များစွာသည်
ရွှေရည်ပုလဲကုံး အဆင့်ဆင့်အဖြစ်
ငါ့ငယ်ချစ်ဦး၏ ခြေရင်းမှာ
ခွေရစ်ကာရှိ၍ နေပါလိမ့်မည် ...။
ဪ ...
သခင့်ခြေရင်းမှာ ခွေရစ်ကာရှိ၍ နေပါလိမ့်မည် ...။

www.burmeseclassic.com

www.burmeseclassic.com









## အခန်း (၁)

တစ်ဖက်မှ ခပ်သုတ်သုတ် ချိုးကွေ့တက်လာသည့် လူတစ်ယောက်နှင့် မမျှော်လင့်ဘဲ ရင်ဆိုင်တိုးတိုက်မိရာမှ ပန်းမြတ်သက်မှူး ၏ တမြတ်တနိုး မွေ့ပိုက်ထားရာ မဂ္ဂဇင်းလေးသည်လည်း လွင့်ကျသွားရပါပြီ ..၊ မိုးကလည်း ရွာပြီးစ ..၊ ထပ်ပြီး ရွာတော့မယောင်လည်း မိုးညို့ညို့တို့က ပြုဆင်းနေချိန် ..။ ဘာတွေအရေးတကြီးကိစ္စရှိနေမှန်း မသိရပါသည့် လူတစ်ယောက်၏ မဆင်မခြင် တက်သုတ်နှင်၍ တက်လာမှုကြောင့် လှေကားအဆင်း အချိုးအကွေ့နေရာလေးမှာ လူချင်းတိုက်မိကုန်ရတာက သိပ်တော့ ကိစ္စမရှိနိုင်..၊ ပန်းမြတ်သက်မှူး ခွင့်လွှတ်ပေးနိုင်ပါသေးသည်။

ဒါပေမယ့် .. ပန်းမြတ်သက်မှူး ၏ ကဗျာလေး ပါနေပါလေသော မဂ္ဂဇင်းလေး လမ်းဘေးမြောင်းထဲကျသွားသည့်ကိစ္စကတော့ ခွင့်လွှတ်ချင်စရာ မရှိနိုင်ဆုံး ဖြစ်နေရပါပြီ ..။

ကိုသုတ်ပျာကတော့ ကမန်းကတမ်း လှည့်ကြည့်လာကာ ...

"ဆောရီး ဗျာ .."

ဟု ခပ်တိုးတိုး တောင်းပန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုကျတော့ အပေါ်ဆင့်လှေကားထစ်မှာ ရောက်နေပြီဖြစ်ပါသည့် ထိုသူ့ခြေလှမ်းတွေက စောစောကလို တက်သုတ်နှင်နေတာမျိုး[illegible]ရှိ နိုင်တော့ပဲ အားနာတကြီးဖြင့် ခြေစုံရပ်နေသည့် လူတစ်ယောက်အဖြစ်သို့ ရောက်ရှိသွားရချေသည်တည့် ..။

ပန်းမြတ်သက်မှူး ၏ အကြည့်ကလည်း မာကျောနေသည်ပါပဲ ..၊ မျက်ခုံးထူထူ မျက်ဝန်းတွေ နက်မှောင်လျက် .. ထူးခြားစွာသော မျက်တောင်ထူထူကြီးတွေကို ပိုင်ဆိုင်နေသည့် ယောကျ်ားတစ်ယောက် ..၊ တကယ်ဆို လူချောလူခန့်တစ်ယောက်ဖြစ်နေတာ အမှန် ..။ အေးအေးချမ်းချမ်းနေသူတစ်ယောက်သာဆိုလျှင်ဖြင့် ခင်မင်ဖို့ကောင်းသည့် ဥပမိရုပ်မျိုး ..။ ဒါပေမယ့် .. ခုကျတော့ .. ပန်းမြတ်သက်မှူး အတွက်ကတော့ဖြင့် ထိုလူလောက် မုန်းဖို့ကောင်းနေသည့်လူ မရှိတော့သလိုပင် ဖြစ်နေသည်။ ဘယ်တုန်းကမှ မသိမမြင်ခဲ့ဖူးသော သူတစ်ယောက်ကို မုန်းဖို့ဆိုတာက .. ခုလို .. မုန်းဖို့ကောင်းသည့်ကိစ္စ ဖြစ်မလာခဲ့လျှင် .. အမုန်းရင်းခံဖြစ်စရာကို မရှိ။

ခုကျတော့ .. မုန်းလိုက်ပါသည့်အမျိုး ..၊ ဤမျှ လှပသော မျက်ဝန်းတွေက ဤမျှ နမော်နမဲ့နိုင်စွာ မမြင်မကန်းလုပ်ရသတဲ့လားဟုပင် အမုန်းတိုးချင်စရာ လာဖြစ်နေသည်။

"ဘာ ဆောရီးလဲ ဟင် .. ဘာဆောရီးလဲ .. မှူး ရဲ့ မင်္ဂလာဆောင်စာအုပ် ခုလို ရေမြောင်းထဲကျသွားတာကို .. မှူး က ဘယ်လိုလုပ်ပြီး အကောင်းတိုင်း ပြန်ရနိုင်ပါတော့မလဲ .. ဒါ .. အယ်ဒီတာချုပ်ကိုယ်တိုင် လက်မှတ်ထိုးပြီး ပေးလိုက်တဲ့ စာအုပ်ရှင့် .. ရှင့်အတွက်ကတော့ .. ပေါ့ပေါ့တန်တန် ဆောရီးဆိုပြီး တောင်းပန်မယ် .. ပြီးရင် .. ဒီကိစ္စကို မေ့လိုက်ရုံပဲ ရှိနေမှာလေ .. မှူး .. ရှင့်ကို .. သတ်ပစ်ချင်နေတယ် သိရဲ့လား .."

ပန်းမြတ်သက်မှူး ကိုယ်တိုင်ပင် ကိုယ့်ကိုယ်ကိုယ် အံ့သြမှင်တက်ချင်၏။ ဤမျှ မာရေကျောရေ ပြောဖူးတာကို မရှိ ..၊ ဒေါသထွက်ခဲ့တာ





မျိုးလည်း မရှိခဲ့ ..၊ တစ်ဖက်လူကို စေ့စေ့ကြည့်ကာ အံခဲ သွားစေ့ပြီး ခိုက်ကြည့်ကြည့်နေမိသည့် ကိုယ့်အဖြစ်ကိုလည်း ကိုယ်ပြန်၍ အံ့သြချင်နေသည်။ မဲညစ်ညစ်ရေတွေ စီးနေရာ မြောင်းတဲမှာ စိုနစ်နေသည့် စာအုပ်လေးကို ကောက်ယူဖို့ဆိုတာကျတော့လည်း အရမ်းကို အသန့်ကြိုက်သည့် ပန်းမြတ်သက်မှူး အတွက် လက်ချောင်းလေးတွေဖြင့်ပင် ဆိတ်ဖို့ ယူဖို့ ခက်နေသည်။ ထားပစ်ခဲ့ရမှာကျတော့လည်း ကိုယ့်ကဗျာ ပါသည့် မင်္ဂလာဆောင်စာအုပ် ဖြစ်နေသည်။ အကျပ်တွေ့လေလေ .. ကိုပျာယာကို ကြည့်မရ ဖြစ်ရလေ ..၊ မုန်းရလေ ဖြစ်နေသည်ပါပဲ ..။

"ဟုတ်လား .."

ထိုသူ့ထံမှ ထွက်လာသည့်အသံ ..၊ ဘယ်လောက်များ ကုတ်ဖွဲ့ပစ်ဖို့ကောင်းနေသည့်သူပါလဲ ..၊ ပန်းမြတ်သက်မှူး ဆတ်ဆတ်ခါနေအောင် ရင်ကထဲနဂမျာနေရပါသည့် မင်္ဂလာဆောင်စာအုပ်ကိစ္စသည် .. ထိုသူ့ထံမှ .. ဟုတ်လား .. ဆိုသည့် တုံ့ပြန်မှုတစ်ခုကို ကြားလိုက်ပြီးရသည့်နောက်မှာ အရာရာ ပြီးဆုံးသွားရမည်တဲ့လား ..။

"ဒါဆို .. မင်းက .. ကဗျာဆရာမလေးပေါ့ .. ဟုတ်လား .."

နောက်ထပ် မေးခွန်းထုတ်လာသည်။ ပန်းမြတ်သက်မှူး မျက်နှာလေးတင်း၍ သူ့ကို ကြည့်ကာ ...

"ကဗျာဆရာမလေးပါလို့ မပြောနိုင်သေးပါဘူး .. ခုမှ .. ကဗျာလေးက .. ဒီတစ်ပုဒ်ပဲ ပါဖူးသေးတာ .. အဲဒါလည်း ..၊ ရှင့်ကြောင့် .. မှူး ရဲ့စာအုပ် ခုလိုဖြစ်ရပြီ .. ဒါ ကောင်းသလားရှင့် .. မှူး ရဲ့ ပထမဆုံးပါလာတဲ့ ကဗျာလေး .. ရေမြောင်းထဲကျသွားတယ်ဆိုတာ .. ရှင့်ကြောင့်.. နည်းနည်းမှကို .. နှိမိတ်မကောင်းဘူး .. ရှင့်ကိုလေ .. သတ်ပစ်ချင်နေတယ် သိရဲ့လား .."

ပန်းမြတ်သက်မှူး မျက်နှာလေးရဲ၍ စွာပစ်လိုက်ချိန်မှာ သူ့ မျက်နှာပြုံးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အနုပညာကို အရမ်းမြတ်နိုးတာကိုး .. ဝမ်းသာတယ် မှုူး .. အင်း .. မမှုူး .. မ်မှုူး ဆိုပါတော့ .. မင်း ပြောတဲ့အထဲမှာ စောစောက ထည့်ထည့်ပြောသွားတာ .. မှုူး .. ဆိုတဲ့နာမည် ပါပါလာတယ်လေ .."

ခုလောက် အေးတိအေးစက်ဖြင့် နေတတ်လွန်းသည့် လူတစ်ယောက်ကို မှုူး တစ်သက် မမြင်ဘူးခဲ့ ..၊ တော်တော် မျက်နှာပြောင်တိုက်ရဲသည့် လူ ..၊ ဘယ်သူ့ကိုမှ .. ဘာကိုမှ .. မလုပ်ဖူးထားသည့်အတိုင်း အေးအေးဆေးဆေး သက်သောင့်သက်သာပင် ရှိရှိလာနေသယောင် ဖြစ်လာနေသည်လေ ..။ ခု ကြည့် ..၊ အေးအေးလူလူ ပြောနေသည်။ ဘာတဲ့ ..၊ မှုူး က အနုပညာကို အရမ်းမြတ်နိုးတာမို့ .. သူက ဝမ်းသာသည်တဲ့..။ ဒါ .. လက်တလောကြုံနေရသည့်ကိစ္စကြီးထဲမှာ ထည့်ပြောရမည့်စကားတဲ့လားလေ ..၊ ခုလို အေးအေးလူလူ ပြောနေသည့်ပုံစံမျိုးထက် အရမ်းအားနာမဆုံးဖြစ်နေသည့်အချိုးက ပိုဖြစ်သင့်သည်ပေါ့။

"ရှင် .. ရှင် .. ဘယ်လိုလူလဲရှင့် .. ဟင် .. ဒီမှာ .. ကျွန်မ .. စိတ်ဆိုးနေတာရှင့် .. အဲဒါ .. ရှင် .. နည်းနည်းလေးမှ .. နားမလည်ပေးနိုင်.. မသိတတ်ပေးနိုင်ဘူးလား .. ရှင့်လောက် မသိဆိုးဝါးနိုင်တဲ့လူမျိုး မှုူး တစ်သက်မှာ မတွေ့ဖူးသေးတာ အမှန်ပဲ .."

ပန်းမြတ်သက်မှုူး မော့၍ ရန်တွေ့နေရချိန်မှာ သူ ပြုံး၍ ...

"ကိုယ် .. ဘယ်လိုလူလဲဆိုတော့ .. စာရေးနေတဲ့ .. ငြိမ်းငွေစည် ဆိုတဲ့လူပါပဲ .. အလုပ်ထမင်းစားချိန်လေးကို လုပြီး ဒီကိုလာခဲ့ရတာလေ .. မဂ္ဂဇင်းဝင်ယူမယ် .. ရတဲ့ စာမူခလေးနဲ့ အမေ့အတွက် ချောင်းဆိုးပျောက်ဆေးလေးလည်း ဝယ်ကန်တော့ချင်တယ် .. ထဘီလေးတစ်ထည်လည်း ဝယ်ပေးချင်တယ် .. အဲဒီဓောကလည်း ရှိနေတယ် .. ပြီးတော့ .. မိုးက ထပ်ရွာဦးမလိုလိုကြီး ဖြစ်နေတာကို စိတ်ပူနေတာလည်းပါတယ် .. အဲဒီဓောတွေနဲ့ .. ကသုတ်ကရက် တက်လိုက်မိတာပါ .. အလုပ်ပြန်ဝင်ချိန်ကလည်း နောက်ကျလို့ မရဘူးလေ .. ကိုယ်က .. စတိုင်လ်မိနီးမားကက်မှာ စာရေးကိုရိယာအရောင်းဆက်ရှင်မှာ တာဝန်ခံဖြစ်နေတယ် .. ဒီနေ့မို့လို့သာ .. အပြင် မထွက်မဖြစ် ထွက်ခဲ့ရတာ .. ကိုယ့်စာမူပါတဲ့ မဂ္ဂဇင်းကိုလည်း .. မြင်ချင်တယ်လေ .."





ခုလို လေကြောရှည်ကြီးဖြင့် ရှင်းပြနေတော့လည်း စာရေးဆရာ.. ဆိုသည့် အသိစိတ်တစ်ခု ထိုသူနှင့် ပတ်သက်၍ သိလိုက်ရတာမို့ .. ကသိကအောင့် ဖြစ်နေရ ..။ ဒေါသဖြစ်နေရသည့်စိတ်တွေ .. ရုတ်ခနဲ ငြိမ်ပဲ ငြိမ်လိုက်ရတော့မလိုလို .. ဆက်ပြီးတော့ပဲ မတန့်မနား ဆက်လက်ချီတက်ရတော့မလိုလိုဖြင့် ရှိကုန်ရသည်က ပန်းမြတ်သက်မှုူး ပါ ..။

"ကိုယ် .. ဒီမဂ္ဂဇင်းတိုက်က .. ဒယ်ဒီတာတွေ .. စာတည်းချုပ်နဲ့ရော ရင်းနှီးပါတယ် .. မင်းအတွက် .. မဂ္ဂဇင်းလက်ဆောင်တစ်အုပ်ထပ်ပေးဖို့ရာအတွက် မေတ္တာရပ်ခံပေးပါ့မယ် .. သူတို့ .. ပေးကြမှာပါ..၊ လာ .."

ဟု ပြောလာတော့ .. မြောင်းထဲမှ စာအုပ်လေးကို ရင်ထဲမချိစိတ်ဖြင့် တစ်ချက်ကြည့်မိရသေးသည်။ ဘာပဲဖြစ်ဖြစ် ..၊ မှုူး ၏ စာအုပ်လေး ညစ်ပတ်ပေကျံ စိုနစ်ကုန်ပြီကောလေ ..၊ နောက်တော့ .. ဖျတ်ခနဲ ရင်ထဲ တစ်ချက်တိုးဝင်လာသည်က ...

"သူ့ဝတ္ထုပါတဲ့ မဂ္ဂဇင်းလည်း ဖြစ်နေတယ်လေ .. သူ့ကြောင့် .. စာအုပ်လေး မြောင်းထဲကျခဲ့ရတဲ့ကိစ္စ .. သူ့ဝတ္ထုလည်း .. ရောထွေးပါသွားပြီပဲ .. ကောင်းတယ် .. သူ့ပုံစံက .. သူ့စာအုပ် မဟုတ်တာမို့ .. ဘာမှမခံစား .. မကြေကွဲပဲဖြစ်နေတာ .. သေချာတွေးကြည့်မှ .. သူ .. ရင်ထဲထိခိုက်မှာ .."

ဟု တွေးမိပြီးတာနှင့် သူ့နောက်လှေကားထစ် နှစ်ထစ်အကွာမှ လိုက်လာမိသည်ပါပဲ။ မဂ္ဂဇင်းတိုက်က ဒုတိယအလွှာမှာဖြစ်သည်။ သူက ရှေ့မှဝင်၏။ မှုူး က နောက်မှ လိုက်ဝင်သည်။ မဂ္ဂင်းဇင်းတိုက်ရှိ ဘီခါးအဝင်ဘေးမှာ တန်းစီချထားသော ပလတ်စတစ်ကျောမှီထိုင်ခုံပန်းရောင်



www.burmeseclassic.com

www.burmeseclassic.com



တွေဘက်ကို သူ လက်ငေ့၍ ..

"ခဏထိုင် .."

ဟု ပြောကာ အယ်ဒီတာစားပွဲတန်းဘက်ကို သွား၏။

မှန်ချပ်ဖြင့် ကာထားပါသည့် အယ်ဒီတာခန်းမှာ သူ အစွန်ဆုံးမှ လူတစ်ယောက်နှင့် စကားပြောနေသည်။ နားထောင်နေသူကလည်း စိတ်ညစ်ညစ်ဖြင့် ထိုင်နေသည့် မှူး ကို လှမ်းကြည့်နေတာ တွေ့နေရပါ၏။ ဘာတွေပြောနေကြသည်ဆိုတာကိုတော့ မကြားရ ..၊ မကြာလိုက်.. သူ .. မဂ္ဂဇင်းနှစ်အုပ်ကို ပိုက်၍ မျက်နှာလန်းကြည်နေလျက် ထွက်လာပါ၏။

"ကိုကြာညို က ပြောတယ် .. မင်းရဲ့ ကဗျာက အရမ်းကောင်းတာတဲ့ .. ရှေ့အလားအလာ အများကြီးရှိနေတဲ့ ကဗျာဆရာမလေးတစ်ယောက် ဖြစ်တယ်တဲ့ .. ကဗျာလေးက ချိုတယ်ဆိုပဲကွ .. အစီပွာယ်လည်း ရှိတယ်တဲ့ .. အဲသလို ပြောတယ် .."

တံခါးမှ ထွက်လာချိန်မှာ သူ ခပ်တိုးတိုးပြော၏။ ခုမှ သူ့ပခုံးမှာ လွယ်အိတ်တစ်လုံး လွယ်ထားတာကို သတိထားမိလာသည်။ ချည်ချော ပုဆိုးအညိုကွက်စိပ်လေးကို သပ်သပ်ရပ်ရပ် ဝတ်ထား၏။ လည်ကတုံး ရှပ်လက်ရှည်အဖြူကို လက်ဖျားကြယ်သီးတစ်လျက်ပုံစံမျိုးဖြင့် သပ်ခပ် နေအောင်လည်း ဝတ်ဆင်ထားသည်။ ဖိနပ်ကတ္တီပါ ရှားညိုရောင် ..၊ ခုမှ .. ထိုလူတစ်ယောက်ကို စေ့စေ့ငုငု ကြည့်မိခြင်း ..။ မဂ္ဂဇင်းတိုက်မှ မှူး ၏ ကဗျာလေးကို ကောင်းသည်ဟု တခြားလူတစ်ယောက်ကို ပြောလာသည်ဆိုတော့လည်း ရင်ထဲကြည်နူးချင်သည်။ အားတက်လာသည်။

ဒက်ဒီ ဤအဖြစ်ကိုသိလျှင် ရယ်ပေဦးမည်။ ပန်းမြတ်သက်မှူး ဆိုသည့်သမီးတစ်ယောက် ကဗျာဆရာမဖြစ်ပြီဆိုသည့်သတင်းကို တအံ့တသြလည်း နားထောင်မည်။ သေချာတာတစ်ခုကတော့ .. ဘယ်တော့ မဆို.. ဒက်ဒီသည် အမိမဲ့သမီးတစ်ယောက်အပေါ် အမြဲ ရပ်တည်ပေးခြင်း





ပဲ ဖြစ်ပါ၏။ ခုလို .. ကဗျာတွေ ဒက်ဒီမသိအောင် ရေးရေးပြီး မဂ္ဂဇင်း တိုက်ပို့နေသည့်ကိစ္စ ..၊ ဤနေ့ကျတော့မှ .. စာအုပ်ကိုလည်း ပြ ..၊ ကဗျာကိုလည်း ပြမည်ဟု အားခဲထားမိသမျှ .. ကိုယ်တော်ချော စာရေး ဆရာကြောင့် .. မှူး ၏ မဂ္ဂဇင်းလေး မြောင်းထဲကျသွားတာကိုတော့ ရင်ထဲ ခုထိ လေးနေသည်။

နိမိတ်မကောင်းပြီလား .. ဟု မိန်းမသားတို့၏ သဘာဝအတိုင်း နောက်ဆက်တွဲတွေက ဦးနှောက်ထဲ လှမ်း၍ အချက်အလက်တွေ ပို့ ..၊ နှလုံးသားထဲ စူးစူးနစ်နစ် တိုးဝင်ဖြင့် စိတ်တွေလေးနေရသည်ကလည်း အမှန် ..၊ ဒါပေမယ့်.. ထိုသို့ ရင်ထဲခံစားနေရချိန်တွေ ကြားထဲမှာ ခုလို သူ့ထံမှ .. အယ်ဒီတာ ဦးကြာညို ၏ ချီးကျူးစကားကို ကြားရတော့ လည်း ရင်ထဲ ပျော်မိရသည်ပါပဲ။ အနုပညာသည်ဆိုတာက .. ကိုယ်ဖန် တီးရာကို .. တစ်ဖက်က မြတ်နိုးလက်ခံသည်ဆိုလျှင်ဖြင့် အားဟက်ရ သည်ပဲလေ ..။

မဂ္ဂဇင်းတစ်အုပ်ကို သူ ကမ်းပေးလာသည်။ မှူး ယူလိုက်ကာ အရင်ဆုံး ဖွင့်ကြည့်မိလိုက်သည်က .. စာအုပ်ချင်း လွဲမှာစိုး၍ပါ။ သူ့ အတွက်ပေးသည့် စာအုပ် .. မှူး အတွက် ပါလာတာမျိုး ဖြစ်နေမှာစိုး သည်လေ ..၊ ဆရာမ .. ပန်းမြတ်သက်မှူး အတွက် .. စာတည်းအဖွဲ့၏ မေတ္တာလက်ဆောင်ဆိုသည့် စာသားနှင့် လက်မှတ်ပါနေတာ အမှန် အကန်ဖြစ်နေတာမို့ ရင်မှာ ပိုက်ထားမိသည်ပါပဲ ..။

သူကတော့ မဂ္ဂဇင်းကို လှန်လှော၍ကြည့်ရင်း လှေကားထစ်တွေ ကို နင်းဖြတ်ဆင်းလာနေသည်။

"မင်းရဲ့ ကဗျာပါတဲ့ မဂ္ဂဇင်းစာအုပ်လေး ခုလို .. အသစ်ထပ်ရတာ မို့ .. ကိုယ့်ကို ကျေးဇူးတင်စကားလေး မပြောတော့ဘူးလားကွ .."

သူ ရုတ်ခနဲ မေးလာတော့ မှူး သူ့ကိုကြည့်ကာ နှုတ်ခမ်းလေးမဲ့ ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကြောင့် .. မှူး ရဲ့ မဂ္ဂဇင်းလေး ကျသွားရတာပဲ ဥစ္စာ .. ရှင် တာဝန်ယူပြီး ခုလို .. ပြန်တောင်းပေးရမှာပေါ့ရှင့် .. ဘာလို့ ကျေးဇူးတင်ရမှာလဲ .. မှူး ရဲ့ ပထမဆုံး လက်ထဲရောက်တဲ့စာအုပ်လေး မြောင်းထဲ ကျသွားတာ .. ခုထိ ရင်ထဲ နိမိတ်ကောက်နေတာ သိရဲ့လား .. ရှင်မို့လို့.. မှူး ဆီက ကျေးဇူးတင်စကားကို ကြားချင်တဲ့ကိစ္စကို ဖွင့်ပြောရဲနေ တယ် .. အံ့သြပါရဲ့ရှင် .."

သူ တစ်ချက်ပြုံး၍ ကြည့်လာသည်။ မျက်တောင်ရှည်ရှည်ထူထူကြီး တွေ ပိုင်ဆိုင်ထားသည့် လူတစ်ယောက်၏ မျက်ဝန်းနက်နက်တွေထဲမှာ ခင်မင်ရိပ်ကိုလည်း တွေ့ရသည်။ နှစ်သက်သဘောကျရိပ်ကိုလည်း တွေ့ နေရသည်။

"အဲဒါ .. အနုပညာ သည်ရဲ့ နှလုံးသားပဲကွ .. မင်း .. အရမ်းတန်ဖိုး ထားတဲ့အရာထဲမှာ .. မ းရဲ့ကဗျာ .. မင်းရဲ့ အနုပညာဆိုတာ .. အရာ ရာထက် .. တစ်ဆင့်မြင့် ာ ရှိနေတယ်လို့တောင် ကိုယ်နားလည်လာနေ ရတယ် သိရဲ့လား .. ကံပါဗျာ .. အဲဒီ ကျသွားတဲ့ မဂ္ဂဇင်းထဲမှာ .. ကိုယ့် ဝတ္ထုလည်း ပါနေတာဆိုတော့ .. ထိစရာ ထိ .. ကိုယ့်ကိုပဲ ထိတယ်လို့ မှတ်ယူလိုက်တော့ .. ဟုတ်ပလား .."

ခုလိုပြောလာတော့လည်း မှူး ရင်ထဲမကောင်းပြန် ...၊ စောစော က .. ငယ်စိတ်ဖြင့် သူ့ဝတ္ထုပါသည့်စာအုပ် .. သူ့ကိုပဲ ထိစေ .. ဟု တွေးမိခဲ့ပေမယ့် ...။ ခုလို .. သူကိုယ်တိုင်ပြောလာတော့လည်း ကျိန်စာ တိုက်သလိုကြီး ဖြစ်နေသည်ဟု ခံစားလာရရင်းမှ ...

"ဟာ .. မဟုတ်တာ .. ၈ ် လည်း မထိ .. မှူး လည်း မထိဘူး .. အဲဒါ .. အကောင်းဆုံးပဲ .."

ဟု ပြောမိရပြန်သည

ထိုစဉ်နိုက် သူ အသံဖွဂ ျ ကဗျာ ျစ်ပုဒ်ကို ဖတ်လာပါ၏။ မှူး ၏ ကဗျာပါတကား ...၊





ဘယ်လိုလူမှန်း မသိ ...၊ ကဗျာရေးသည့် မှူး ကို သေားထား၍ .. မှူး ၏ ကဗျာကို သူ အသံထွက်၍ ဖတ်နေသည်။ သူနှင့် မှူး က ရင်းနှီး ခဲ့ကြတာလည်း မဟုတ် ...၊ ခုမှ စ,မြင်ဖူးခြင်း ...၊ စ,ဆုံဖူးခြင်း ...။ ဤ သည်ကလည်း .. ခင်မင်ဖို့ကောင်းသည့် ဆုံစည်းမှုမျိုးမဟုတ်..၊ မုန်းဖို့ ကောင်းသည့် ဆုံစည်းမှုမျိုး ...။ ထိုလူက .. မှူး ကို သေားထား၍ .. မှူး ၏ ကဗျာကို အသံထွက် ဖတ်နေသည်ဆိုတော့ နေရခက်လာရပြန်သည်။

"ပန်းတစ်ပင် ရွှေနဲ့ပျိုး<br>
ပန်းမျိုးလည်း သူမဖြစ်<br>
ပန်းအစစ်လည်း သူမမည်<br>
မမွှေးပြီ ထုံရနံ့<br>
သင်းမပျံ့ပြီ ...။

ဝတ်လွှာမှာ အရောင်သွင်း၊<br>
ရောင်စုံအဆင်းနဲ့ သူဖွံ့<br>
သူ့ဂုဏ်သတင်းနဲ့ သူနေ<br>
ဝတ်ဆံတွေ ရနံ့မွှေးမှ<br>
ပန်းဆိုတဲ့အလှ သူဝိမြင်<br>
ပန်းတစ်ပင် သူဖြစ် ..<br>
ပန်းတစ်ပင် ဖြစ်ရကျိုး<br>
အလှတိုးလို့ ဂုဏ်ဆင်သည်<br>
ပန်းစစ်စစ်မည် ...။"

ကဗျာဆုံးသွားချိန်မှာ သူ့ကို အကဲခတ်သလိုတော့ ပန်းမြတ်သက် မှူး ကြည့်မိလိုက်ရပါ၏။ သူ .. မှူး ကို အထင်တကြီးနိုင်စွာ ငေးကြည့် နေတာကို ကြုံသည် ...၊ တလေးတစားပင် နိုင်နေသည့်အကြည့် ...။

"ကောင်းလိုက်တဲ့ကဗျာ ပါပဲ ခင်ဗျာ.. ပန်းမြတ်သက်မှူး ရဲ့ကဗျာ



www.burmeseclassic.com

www.burmeseclassic.com



လေးက တကယ့်ကို ရင်ထဲထိတာဗျာ .. ဒါ .. လူတွေရဲ့ရင်ထဲကို ထိုးဖောက်မယ့်ကဗျာတစ်ပုဒ်ပဲ .. ဘယ်အရာမဆို .. တန်ဖိုးကြီးတဲ့အရာမှ တန်ဖိုးရှိတာ မဟုတ်ဘူး .. အမှန်တရားတစ်ခုသာ တန်ဖိုးရှိခြင်းဆိုတာ ထွင်းဖောက်ပြတာပဲဗျ .. ပန်းဆိုတာ ပန်းအစစ်ဖြစ်မှ တန်ဖိုးရှိတာလေ.. ပန်းဖြစ်ရတာလေ .. ဒါ .. အမှန်တရားဗျ ..''

သူက ပို၍ပင် ထွင်းထွင်းဖောက်ဖောက် ထိထိမိမိ သုံးသပ်ချက်တွေ ပေးနေသေးသည့်အဖြစ် ..၊

''ကိုယ့်ဝတ္ထုအကြောင်းရော မမေးတော့ဘူးလား ..''

လှေကားခြေရင်း ရောက်ပြီ ..၊ သူ ရုတ်ခနဲ မေးလာတော့ မှူး ခေါင်းခါသည်။

''မှူး မေးဖို့ မလိုပါဘူး .. ဒီမဂ္ဂဇင်းထဲမှာ ဖတ်ကြည့်လို့ရတာပဲလေ .. ကဲ .. မှူး သွားမယ် .. ရှင်လည်း ရှင့်အမေအတွက် ဆေးဝယ်ရဦးမယ် .. ထဘီတစ်ထည် ဝယ်ချင်သေးတယ် .. အလုပ်လည်း ပြန်ဝင်ရမယ် မဟုတ်လား .. မှူး ကတော့ .. ရှင့်လို ပျာယာခတ်နေတဲ့ လူတစ်ယောက်နဲ့ .. နောက်တစ်ကြိမ်မှာ .. မှူး ရဲ့ ကဗျာစာအုပ်လေးကို လာယူတဲ့နေ့မျိုးမှာ ထပ်မဆုံမိပါစေနဲ့လို့ ဆုတောင်းမိပါရဲ့ .. ဒါပါပဲ ..''

ဟု ပြောနေချိန်မှာ မိုးဖွဲဖွဲ စတင်၍ ရွာသည်။ ပန်းမြတ်သက်မှူး မိုးဖွဲဖွဲကို မကြောက် ..၊ ချစ်သည်။ မိုးစက်မှုန်လေးတွေကြားထဲ ဖြတ်လျှောက်ရသည့် ခံစားချက်ကို ငယ်စဉ်ကတည်းက .. စွဲထင်မြတ်နိုးသည်။ ခုလည်း မိုးဖွဲကြားထဲမှာ မဂ္ဂဇင်းလေး ပိုက်၍ လူကူးမျဉ်းကျားဆီသို့ လျှောက်မိ၏။ လမ်းကို ဖြတ်ကူးပြီး တစ်ဖက်သို့အရောက်မှာ သူ့ကို အမှတ်မထင်ကြည့်မိရပြန်သည်။

ခုထိ လှေကားရင်းနေရာမှာ သူ ရပ်နေဆဲ ..၊ လွယ်အိတ်ကို ပိုက်ထားသည်။ မှူး ကို လှမ်းငေးကြည့်ကျန်ခဲ့သည့်လူတစ်ယောက် ဖြစ်နေချေသည်တည့် ..။





သူ့မှာ သွားစရာတွေ အများကြီး ကျန်နေသေးသည်ဟု စောစောက ပြောခဲ့သည်လေ ..၊ ဘာကြောင့် .. ခုထိ .. သူ ရပ်နေရပါသတဲ့လဲ ..။

သူသည် .. မိုးစိုမှာကို ကြောက်တတ်သည့်လူတစ်ယောက် ဖြစ်နေ၍လား ..၊ ဒါမှမဟုတ် .. မှူး ကို .. ငေးကြည့် ကျန်ခဲ့ချင်၍ပဲလား ..။ ဘာပဲဖြစ်ဖြစ် .. သူသည် .. ဆုံခြင်းကောင်းခဲ့သော လူတစ်ယောက် မဟုတ်သည့်လူ ဖြစ်နေသည်ကတော့ အမှန်ပဲဖြစ်ချေသည်မို့ .. နောက်ထပ် .. သူနှင့်ပတ်သက်၍ .. တွေးဖို့ပင် စိတ်ထဲရှိမနေတာကတော့ ပန်းမြတ်သက်မှူး ပဲ ဖြစ်လေသည် ...။

တစ်ဖက်လှမ်းလှမ်းအကွေ့၏ တစ်နေရာမှာ .. ကားပါကင်ရပ်ထားသောမို့ မိုးဖွဲဖွဲကြားမှာ မဂ္ဂဇင်းလေးပိုက်၍ မှူး .. အေးအေးမြမြ အရသာကို မိုးစက်အထိနှင့်အတူ ခံစားရင်း လျှောက်လာမိရပါ၏ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"မှုးလေး ရေ .. ဒက်ဒီ အခု တော်ဝင်မှူး မှာ ရှိနေတယ်.. စက်ရုံ ရုံးခန်းကအထွက်မှာ မှုးလေး ရဲ့ ရုံးခန်းကို ဒက်ဒီ ဝင်ခဲ့သေးတယ် .. သမီး အပြင်သွားလိုက်တယ်လို့ မောင်စိုး ပြောပြတယ်လေ .. သွားလိုက်တာ နည်းနည်းတောင် ကြာသွားပြီဆိုပဲကွယ် .. မောင်စိုး ကတော့ ထုံးစံအတိုင်း တံခါးစောင့်တာဝန်ကျေသမှု ဘယ်မှကို မသွားဘဲ ထိုင်နေပုံက ဖြင့် .. မှုးလေး ပြန်မရောက်မချင်း .. ရုံးခန်းရှေ့က ဘယ်ကိုမှ မခွဲဘဲ တာဝန်ကျေ ရှိနေမယ့်ပုံကွယ် ..."

ကားမောင်းနေချိန်မှာ ဒက်ဒီ့ထံမှ ဖုန်းလာတာမို့ စပီကာခလုတ် လေးဖွင့်၍ နားထောင်နေရခြင်းပါ ...။

"မှုးလေး အိမ်ကို ပြန်လာပါဦး .. ဒီရောက်မှ ပြောပြစရာရှိတာ လေးတွေ ပြောပြချင်လို့ .."

"ဟုတ်ကဲ့ပါ ဒယ်ဒီ .. မှူး အခု ကားမောင်းနေတာမို့ .. ဖုန်းပိတ် လိုက်တော့မယ် နော် .. မှူး အိမ်ကိုပဲ တန်းပြန်လာပါ့မယ် .."

သားအဖနှစ်ယောက် မနက်က မနက်စာစားပြီးကြတာနှင့် ရွှေ ကား နောက်ကား ကိုယ်စီမောင်း၍ တော်ဝင်မော်တော်ကားစက်ရုံသို့ ထွက်ခဲ့ကြခြင်းပါ။ မဂ္ဂဇင်းထွက်ရက်ပေမို့ စက်ရုံမှ မှူး ထွက်လာခဲ့ချိန် မှာ ဒက်ဒီ ရုံးခန်းမှာပဲ ကျန်ခဲ့ခြင်းပါ။





မဂ္ဂဇင်းလေးပြပြီးမှ ဒက်ဒီ ရုတ်တရက် ဝမ်းသာကြည်နူးအောင် စိတ်ထဲထည့်ထားတာမို့ မှူး အပြင်ထွက်ချိန်တုန်းက ဒက်ဒီ့ကို ဝင်မပြော ဖြစ်ခဲ့ ...။ ခုကျတော့ .. စက်ရုံသို့ ကားလေးမောင်းနေရပါသည့် မှူး မှာဖြင့် အိမ်ကို ခရီးပြန်လှည့်လာရပါပြီ ...၊

တော်ဝင်မှူး ၏ ပေါ်တီကိုကြီးအောက်မှာ ကားရပ်လိုက်တာနှင့် ဒေါ်ကြီးမွှေး တံခါးဝမှာ မျက်နှာလေးချိုမြနေလျက် ရောက်လာကာ ...

"မှုးလေး ရဲ့ ဒက်ဒီက မှာထားတယ်ကွယ့် .. စာကြည့်ခန်းထဲမှာ စောင့်နေမယ် တဲ့ .."

ဟု ပြောလာတာမို့ နည်းနည်းတော့ ရင်ထဲဆန်းနေသည်။ ဒေါ်ကြီးမွှေး ၏ မျက်နှာက ခါတိုင်းထက်ပို၍ ပြုံးချိုမြနေသည်လေ ...၊ ပင်ကို ဟန်ကိုက မျက်နှာထားလေး ချိုတတ်ပါသည့် ဒေါ်ကြီးမွှေး ...၊ ခုဥစ္စာက .. ပို၍ .. ပြုံးချိုနေသည်ဟု ထင်နေမိသည်။ ဘာကိုများ ပျော်စရာကြုံထားသည် မသိ ...။

ဒါပေမယ့် ဘာကိုမှ မေးမနေတော့ဘဲ အောက်ထပ်စာကြည့်ခန်း သို့ မှူး တောက်လျှောက်ဝင်လာလိုက်ရသည်ပါပဲ ...။

စာကြည့်ခန်းတံခါးကို ဖွင့်လိုက်တာနှင့် မှူး တွေ့လိုက်ရသည်က အရုပ်ကို များပြားလှချေသော အဖြူရောင်နှင်းဆီပန်းခြင်းများ စာကြည့် ခန်းစားပွဲထက်မှာ ပြည့်နေခြင်းပဲ ဖြစ်လေသည်။ ပြီးတော့ .. စာကြည့် စားပွဲ၏ တစ်ဖက်မှာ ပြုံး၍ ရပ်နေသည်က ဒက်ဒီတစ်ယောက်တည်း မဟုတ်။ ကိုကိုလည်း ရှိနေခြင်း။ နှစ်ယောက်စလုံး လက်ခုပ်တီး၍ ကြိုကြ သည်။

ရုတ်တရက်ဆိုတော့လည်း မှူး မှင်တက်သွားရသည်ပါပဲ..၊ အရမ်း ဆိုလှသည့် နှင်းဆီပန်းခြင်းတွေက တကယ်တမ်းကျတော့ စာကြည့် စားပွဲ တစ်ခုတည်းမှာပင် မဟုတ် ...၊ အခန်းထောင့်မှာ ပန်းတင်ခုံတွေ ပေါ်သည်း စီတန်း၍ပင် ရှိနေပြန်သေးသည့်အဖြစ် ...၊ ယခင်ရက်များက



www.burmeseclassic.com

www.burmeseclassic.com



တွေမြင်နေကျ စာကြည့်ခန်းမဟုတ်ဘဲ ဖြစ်နေသည်။ အရင်တုန်းကဆို
စာကြည့်ခန်း စားပွဲအလယ်မှာ နှင်းဆီဖြူလေးတွေပဲဖြစ်ဖြစ် ..၊ တခြား
သော ပန်းပဲဖြစ်ဖြစ် .. ပန်းအိုးထိုးထားတာ ရှိနေတတ်သည်။ သစ်ခွဖြစ်
ချင်ဖြစ်မည်။ နှင်းဆီဖြစ်ချင်ဖြစ်မည်။ အများအားဖြင့် ရှိတတ်သည်က
တော့ မှူး နှစ်သက်သည့် နှင်းဆီဖြူပဲ ဖြစ်တတ်ပါချေ၏။

နှင်းဆီဖြူ ဆိုတာကလည်း ဖော်ဝင်မှူးအိမ်ကြီး၏ ဥယျာဉ်မှာ
ပွင့်ဝေနေသည့် နှင်းဆီရောင်စုံခင်းတွေထဲက ရွေးချယ်ခူးလိုက်ရုံသာ
ပါပေမယ့် .. ဤနေ့မှာ မှူး ကြုံနေရသည့် နှင်းဆီဖြူပန်းခြင်းလှလှကြီး
တွေအတွက်.. များပြားလှစွာသော နှင်းဆီဖြူပွင့်တွေကိုတော့ဖြင့် ဖော်
ဝင်မှူး၏ ဥယျာဉ်ဆီမှ ခူးဆွတ်မပြည့်နိုင် ..။ တမင် .. ပန်းအလှဆိုင်မှ
ဝယ်လာတာ မှူး သိနေရသည်တည့် ..။

"ကွန်ဂရက်ကျူလေးရှင်းပါ့ သမီးရယ်.. မှူးလေး အတွက် ဒက်
ဂုဏ်ယူပါတယ် .. ကဗျာဆရာမလေး ပန်းမြတ်သက်မှူး အတွက် ..
ဒီနေ့မှာ ဒက်ဒီနဲ့အတူတူ .. လူလေးချမ်း ကလည်း ဒီပန်းခြင်းတွေ
အပ္ပ .. ဒီမှာရှိနေတာလေ .. စာအရမ်းဖတ်တဲ့ လူလေးက .. ဒီနေ့မနက်
မှာ မဂ္ဂဇင်းအသစ်တွေ ဖတ်ရာက .. သမီးရဲ့ကဗျာလေးကို သိရ
မဂ္ဂဇင်းမှာ ဖတ်လိုက်ရတာ .. ကဗျာလေးထဲက စာသားလေးတွေက
သမီးလေး သူ့ကို ပြောပြောပြနေကျ စကားလုံးလေးတွေလည်း ဖြစ်
တယ် .. ကလောင်အမည်ကလည်း သမီးရဲ့ နာမည်ပဲ ဖြစ်နေတယ်
ဒါ .. သမီးရဲ့ ကဗျာဆိုတာ သေချာတာမို့ .. လူလေးက .. ဝမ်းသာအား
ဒက်ဒီ့ဟန်းဖုန်းကို လှမ်းဆက်တာ .. မှူးလေး ကဗျာရေးနေတာ
လည်း မသိဘူးတဲ့ .. အခု .. ဖတ်ရပြီတဲ့ .. ဂုဏ်ပြုကြရအောင် အန်က
ရယ်ဆိုတာနဲ့ .. ဒက်ဒီလည်း လူလေးချမ်း ပြောသလို .. အိမ်ကိုပြန်လာ
တာ .. မှူးလေး ကိုလည်း အိမ်ကိုပြန်လာဖို့ ဖုန်းဆက်ထားလိုက်ရတာ
ဒီရောက်တော့ .. ချမ်းလေး က .. စာကြည့်ခန်းမှာ ဒီပန်းခြင်းတွေပြင





အောင် ခင်းကျင်း စောင့်နေပြီပေါ့ကွယ် ..."

ဟု ဒက်ဒီပြောနေတော့ မှူး ကိုကို့ကို မျက်ရည်ဝဲရင်း ကြည့်မိရ
ပါပြီ။ ကိုကိုကလည်း ပြုံး၍ မှုပိုင် အေးချမ်းသောအကြည့်ဖြင့် ကြည့်နေ
သည်ပါပဲ။ ကိုကိုသည် .. အစဉ်သဖြင့် ရင်ထဲမှာ သိမ်းဆည်းထားတတ်
သည့်အရာတစ်ခု ရှိနေတတ်ကာ .. ထိုအရာသည် .. မှူး ကို ဂရုစိုက်ခြင်း
ဆိုတာပဲ ဖြစ်နေသမျှ .. မှူး သိထားရပါ၏။ ဒါပေမယ့် .. ခုလောက်
အထိ .. တလေးတနက်ထားရလောက်သည်အထိ .. ဤမျှအထိ .. မှူး
အပေါ် ဂရုတစိုက် တန်ဖိုးထားခြင်းမက ထားချေမည်ဟုပင် မမျှော်လင့်
ထားမိခဲ့ ..။ ခုကျတော့ .. ပို၍ .. ကိုကို့ရင်ကို မြင်လာရသည်ပါပဲ ..။
ဒက်ဒီ့အပြုံးနှင့် ကိုကို့အပြုံးတွေသည် အေးမြကြည်နူးဖွယ် ဖြစ်နေ
သည်။ မှူး ၏ရင်ကို တိုးဝင်သည်တည့် ..။

"ကိုကိုက .. ဒက်ဒီ့ကို .. အရင်ပြောပြလိုက်တယ်ပေါ့လေ .. မှူး
က .. ဒက်ဒီ့ကို .. ရုတ်တရက် သိအောင် .. လျှို့ဝှက်ထားတာ .. အခုမှ..
စာအုပ်လေးပြမလို့ဥစ္စာ .. ကိုကိုက မှူး ထက်စောပြီး ဒက်ဒီ့ကို ပြောပြ
လိုက်တယ်ပေါ့လေ .."

မျက်တောင်လေးထိုး၍ ပြောမိရပေမယ့် ရင်ထဲမှာ ကြည်နူးနေတာ
မှူး သိနေသည်ပါပဲ ..၊ ဟန်ဆယ်၍ ထိုးနေသည့် မျက်တောင်လေးသည်
လည်း ကြည်နူးရိပ်ဖြင့်သာ ပြည့်သိပ်နေပါလိမ့်မည်ဟု မှူး သိနေသည်။
ကိုကို ရယ်ပါ၏။

"ကိုကိုက .. စာဖတ်တဲ့အလုပ်ကို .. ငယ်ကတည်းက .. အဖော်
တစ်ခုလို .. ဘေးက အရိပ်တစ်ခုလို .. ထားခဲ့ရတဲ့သူလေ .. မဂ္ဂဇင်းအသစ်
ထွက်တာနဲ့ .. အားလုံးသော မဂ္ဂဇင်းတွေကို .. ကိုကို .. မနက်မှာ ဖတ်ပြီး
ဘာပါပဲ .. ပထမ .. အကြမ်းဖျဉ်းဖတ်တယ် .. ကြည့်တယ် .. ဘယ်
မဂ္ဂဇင်းမှာ .. ဘယ်ကဗျာဆရာရဲ့ ကဗျာတွေ .. ဘယ်စာရေးဆရာတွေရဲ့
ဝတ္ထုတွေ .. ဆောင်းပါးတွေ ပါတယ်ဆိုတာ .. အရင်ဆုံး ကြည့်တတ်



www.burmeseclassic.com

www.burmeseclassic.com



တာလည်း အကျင့်တစ်ခုလို ဖြစ်နေတာ မှူးလေး အသိပဲဥစ္စာ .. ခု .. အဲဒါကြောင့် သီရိဖူး မှာ မှူးလေး ရဲ့ကဗျာပါလာတာ ချက်ချင်း အရင် သိခဲ့ရတာပေါ့ဗျ .. ကောင်းလိုက်တဲ့ကဗျာလေး မှူး ရယ် .. သဘာဝ မျဉ်းတစ်ကြောင်းထက်မှာ ရပ်တည်ခြင်း.. ဆိုတဲ့ ကဗျာလေးကို.. ကိုကို.. အရမ်းမြတ်နိုးသွားမိရတော့တာ .."

ကိုကို ပြောကာ စားပွဲထက်မှာ တင်ထားပါသည့် မှန်ဘောင်သွင်း ထားပါလေသော အရာတစ်ခုကို ရင်ဘတ်ရှေ့မှာ ကပ်၍ပြသည်။ ကွန် ပျူတာစီထားသော ကဗျာလေးတစ်ပုဒ်ကို မှန်ဘောင်သွင်းထားခြင်း ..။

"မှူး ရဲ့ ကဗျာလေးကို .. ကွန်ပျူတာစာလုံးကြီးတွေနဲ့ စီပြီး .. ဒီ ငွေဘောင်ကွပ် မှန်ဘောင်သွင်းပေးထားတာ .. မှူး အတွက် .. အမှတ် တရလေ .."

ဟု ပြောလာကာ တုတ်ကောက်ကို ထောက်၍ ထောက်၍ လက် တစ်ဖက်က ကဗျာလေးကို မှန်ဘောင်သွင်းထားရာကို ပိုက်၍ ကိုကို လျှောက်လာတော့ မှူး ငေးကြည့်နေမိရပါ၏။ ဒက်ဒီ လည်း ပြုံး၍ ကြည့်နေသည်ပါပဲ ..။

"ရော့ .. ကိုကို့ မှူးလေး အတွက် .."

ကိုကို ညင်ညင်သာသာ ပြောကာ မှန်ဘောင်သွင်းကဗျာလေးကို ကမ်းပေးလာတော့ မှူး မျက်ရည်လည်နေသည်။ မမိုတ်မသုန်လည်း မှန်ဘောင်သွင်းကဗျာလေးကို ကြည့်နေမိသည်။ ရင်ထဲမှာ လှူးလှူးလှိမ့်လှိမ့် လှူးလာတုံ့တင် ခုန်ပေါက်နေသည်က အပျော်တွေလည်း ဖြစ်နေသည်။ ကြည်နူးခြင်းတွေလည်း ဖြစ်နေသည်။ ကျေးဇူးတင်ခြင်းတွေလည်း ဖြစ် နေသည်။

"ကျေးဇူးတင်ပါတယ် ကိုကို .."

မှူး ၏ လက်လေးတွေက မှန်ဘောင်လေးကို ယူလိုက်ကာ အသံ လေးတွေ မသိမသာ တုန်ခါနေရင်း ကိုကို့ကို မော့ကြည့်မိရပါပြီ ..။





မျက်ခုံးထူထူ .. မျက်ဝန်းတွေ ရွှန်းလဲ့အေးချမ်းနေကာ နှာတံ လေးထင်းနေလျက် အမြဲတမ်း ပြုံးရိပ်သမ်းနေတတ်ပါသည့် နှုတ်ခမ်း တို့၏ အရှင်သခင် ..၊ မေးရိုးပြန့်ပြန့်မှာ ပါးမြိုင်းမွေးရိပ်လေးတွေ ရိပ် သင် စိမ်းလဲ့ထင်နေတတ်ပါသည့် ကိုကို ..၊ သြော် .. မှူး နှင့် ပတ်သက် လာလျှင် အမြဲ စိတ်ရှည်အလိုလိုက်တတ်ပါသည့် ကိုကို ..၊ ဒါပေမယ့်.. ကံမကောင်းစွာ .. ခြေတစ်ဖက်မသန်စွမ်းသူတစ်ယောက်အဖြစ် ရပ်တည် ရရှာပါသည့် ကိုကို ..၊ ကိုကို့ကို .. မှူး သံယောဇဉ်လည်း ဖြစ်ရသည်။ အသနားလည်း ပိုရသည်။ ပြီးတော့ .. အားကိုးချွန်နွဲ့ရာ အစ်ကိုတစ်ယောက် ဝမာလည်း ချစ်ရသည်ပါပဲ ..။

"အန်ကယ် .. မှူးလေး က .. ချမ်း ကို .. ကျေးဇူးတင်တယ်တွေ ဘာတွေပြောပြီး .. မျက်ရည်တွေ ဝဲနေတယ်ခင်ဗျ .. နေစမ်းပါဦး မှူး လေး ရဲ့ .. ကြည်နူးလို့ မျက်ရည်ဝဲတာကို ကိုကို နားလည်ပေးပါတယ်.. ဒါပေမယ့် .. ကျေးဇူးတင်ပါတယ် ကိုကို လို့ ဘယ်တော့မှ မပြောနဲ့..၊ ကိုကိုနဲ့ မှူး တို့ကြားမှာ ကျေးဇူးခံ ကျေးဇူးစားဆိုတာကို မရှိတာ .. သံယောဇဉ်ပဲ ရှိတာလေ .."

ကိုကို ပြုံး၍ ပြောတော့ မှူး မျက်ရည်ကျလာသည်။ မျက်ရည်သုတ် ရင်း ရယ်လည်း ရယ်သည်။ ခုလို .. ဒက်ဒီရော .. ကိုကိုရော .. မှူး ကို.. ဝိုင်း၍ .. ကဗျာဆရာမလေးအဖြစ် ဂုဏ်တွေဘာတွေပြုနေတော့ ပျော် သည်ပေါ့။ ပျော်တော့လည်း .. မျက်ရည်က ကျလာပြန်သည်ပါပဲ ..။

နောက်တော့ .. မှန်ဘောင်သွင်းကဗျာလေးကို ငုံ့မိုး၍ မြတ်နိုးစိတ် ဖြင့် ကြည့်မိသည်။ ကိုကို .. အမှတ်တရ ပေးထားပါလေသော လက် ဆောင်ပစ္စည်းလေးတစ်ခုသည် .. မှူး ၏ ကဗျာလေးပဲ ဖြစ်နေသည်။ မှူး ၏ နှလုံးသားလေးကို.. သေချာ.. သိမ်းထုပ်၍ မှူး ၏ ရင်မှာ သိမ်း ထားနေစေတာပဲ ဖြစ်နေသည်။

"သဘာဝမျဉ်းတစ်ကြောင်းထက်မှာ ရပ်တည်ခြင်း.."



www.burmeseclassic.com

www.burmeseclassic.com



ကဗျာခေါင်းစဉ်လေးကို မှူး ဖတ်လိုက်မိသည်။ နောက်တော့ .. ကိုယ့်ကဗျာလေးကို .. ပြန်၍ ပီတိနှင့်ကြည့်မိရပါ၏။

"မှူး ပထမဆုံး ပုံနှိပ်စာလုံးအဖြစ်နဲ့ .. မဂ္ဂဇင်းမှာ တွေ့ရတာပါ ကိုကို .. ပြီးတော့ .. အခု .. ကိုကို ပေးတဲ့ ဒီမှန်ဘောင်လေးထဲမှာ .. မှူး ရဲ့ ကဗျာလေးကို တွေ့ရပြန်တယ် .. ကိုကိုက အရမ်းစိတ်ကူးကောင်းတာပဲ နော် .. မှူး က .. မှူး ရဲ့ ကဗျာပါတဲ့ မဂ္ဂဇင်းစာအုပ်လေးကို .. မှူး ရဲ့ စာကြည့်ခန်းထဲမှာ .. သေသေချာချာ သိမ်းထားဖို့လောက်ပဲ စိတ်ဖောဝင်နေတာ .. ကိုကို့အတွက် .. လက်ဆောင်လေးတော့ ဝယ်ပေးမယ်လို့ ရင်ထဲထည့်ထားပေမယ့် ဒက်ဒီ့ဆီ ဝင်ဖို့ဖောကပ်နေတာနဲ့ စာအုပ်တန်းဘက်ကို မရောက်ဖြစ်ခဲ့သေးဘူး ကိုကို .. မဂ္ဂဇင်းလေးကို .. မှူး ဝယ်ပြီး .. ကိုကို့ကို .. နောက်နေ့မှ လက်ဆောင်ပေးမယ် နော် .."

မှူး ပြောတော့ ကိုကို ပြုံးပါ၏။

"ကိုကို့ဆီမှာ အဲဒီမဂ္ဂဇင်းလေး ရှိနေပေမယ့် .. မှူးလေး ဝယ်ပေးမယ်ဆိုတဲ့ စာအုပ် .. ပန်းမြတ်သက်မှူး ဆိုတဲ့ ကဗျာဆရာမလေးတစ်ယောက်ရဲ့ လက်မှတ်နဲ့ ပေးလာမယ့်စာအုပ်လေးကို .. ကိုကို တန်ဖိုးထားပြီ သိမ်းထားမှာပါကွယ် .. ကဲ .. ကိုကို .. ဟိုတယ်ပြန်တော့မယ် နော် .."

ဟု ပြောကာ မှူး ၏ ခေါင်းလေးကို ဖွဖွပုတ်၍ ကိုကို အခန်းထဲမှ ထွက်မည်ပြုခိုက် ...

"အို .. မဟုတ်တာပဲ ချမ်း ရယ် .. တစ်ခုခု စားကြမယ်လေ .. မယ်မွေး ကို ကြက်ဥပေါင်မုန့်ကြော်ရယ် .. ကြက်သားကြော်ရယ် .. ကော်ဖီရယ် .. လုပ်ခိုင်းထားတယ် .. အမြန်စီစဉ်ရတဲ့ စားပွဲလေးတစ်ခုဆိုတော့ .. သိပ်ပြီးတော့ အမယ်များမှာ မဟုတ်ပေမယ့် .. စားကောင်းမှာပါ .. မယ်မွေးကလည်း မှူးလေး ရဲ့ ကဗျာပါလာတယ်ဆိုတာ ပြောပြလို့ သိထားတော့ .. ဝမ်းသာနေတယ်လေ .. ခေါက်ဆွဲကြော်မလားဆို





တော့ .. ခေါက်ဆွဲကြော်ကြီးတော့ နိမိတ်မကောင်းပါဘူးတဲ့ .. မကြော်ပါရစေနဲ့တဲ့ .. နိမိတ်တွေဘာတွေများ တည်လို့ သိလား .. ကောင်ညှင်းလေးချက်မယ်လို့တော့ ပြောတယ် .. ပေါင်းနေရင် ကြာမှာစိုးလို့တဲ့.. ငါးကြော်မယ်တဲ့ .. ကြက်ကြော် .. ငါးကြော်နဲ့ ကောက်ညှင်းချက်လေးဘားရင်လည်း လိုက်ဖက်ပါတယ်တဲ့ .. စည်းစည်းနှစ်နှစ်လည်း ရှိသတဲ့ဗျား .. နေ့လယ်ကြီး ကောက်ညှင်းတီးကြရလိမ့်မယ် ထင်ရဲ့ .."

ဟု ဒက်ဒီပြောတော့ ကိုကို ရယ်သည်။ ပန်းခြင်းတွေကိုလည်း ကြည့်သည်။

"မှူးလေး ကြိုက်ရဲ့လား .. ပန်းခြင်းတွေကိုလေ .."

"ပိုက်ဆံတွေကုန်မှာအောင် ကိုကိုရယ် .. ကဗျာစာမူခထက် .. ကိုကိုက ပိုပြီး အကုန်အကျခံ ဂုဏ်ပြုနေတာ .."

"ဘယ်လိုပြောလိုက်တာလဲ မှူးလေး .. ဖြစ်ရလေ .. ဒါ .. စာမူခဆိုတာ ထည့်ပြောဖို့တောင် မကောင်းဘူး .. မှူး ရဲ့ ကဗျာလေးကို .. ငွေကြေးနဲ့ တန်ဖိုးဖြတ်သလို ဖြစ်နေသကွယ့် .. အန်ကယ် .. ကြည့်ပါဦးဗျာ .. ကဗျာလေးကို သူမို့ ရက်ရက်စက်စက် .. ပြောရက်တယ် .."

ကဗျာလေးအတွက် ရင်ထဲ ထိခိုက်သွားရပုံက .. မှူး ကပဲ ကိုကို့ကဗျာလေးကို ငွေကြေးနှင့် ဝင်၍ တန်ဖိုးဖြတ်လိုက်သလိုမျိုး ဆန်နေသည်။ သူများကဗျာကို .. မှူး က .. ငွေနှင့် နှိုင်းဆပြောသလို ခံလိုက်ရသည့်အချိုး ဖြစ်နေသည်။ ကြာလေ .. ကိုကိုသည် .. မှူး နှင့် ပတ်သက်သမျှတိုင်းကို အရမ်း အလေးအနက်ထားသည်ဆိုတာ ပိုသိလာရလေလေပါ။

"အဲသလိုပြောတာ မဟုတ်ပါဘူး ကိုကိုရဲ့ .. ပန်းဖိုးတွေ ပိုအကုန်အကျခံ ဂုဏ်ပြုနေသလိုကြီးဖြစ်နေတာ အားနာစိတ်နဲ့ ပြောမိတာ ဥစ္စာကိုကိုရယ် .. အားနာလို့ပါ ဆိုမှ .."

"ဟော.. အန်ကယ်.. သူက အားနာတတ်နေပြန်ပြီခင်ဗျ အန်ကယ်.."



www.burmeseclassic.com

www.burmeseclassic.com



ဟု ဒက်ဒီ့ကို ကိုကို လှည့်တိုင်ပြန်၏။ ဒက်ဒီကတော့ ရယ်နေသည် ပါပဲ ..၊

"ကဲ .. ကဲ .. ခြံထဲ ခဏဆင်းနေကြ .. မှုံုးလေး ရဲ့ ဒေါကြီး မယ်မွေး အားလုံးစားဖို့ အဆင်သင့်ဖြစ်ရင် .. လာခေါ်လိမ့်မယ် .. ဒက်ဒီ လည်း အပေါ်ထပ် ခဏတက်မယ် .. သမီးရဲ့ မေမေရှိရင် .. သိပ်ဝမ်းသာ မှာ .. မှုံုးလေး ကဗျာဆရာမ ဖြစ်တာကိုလေ .. ခင်ခင် က .. စာပေ ဝါသနာ ရှိ တယ်ကွယ့် .."

ဟု ဒက်ဒီ တစ်ချက် လွှတ်ခနဲပြောမိပြီးမှ ဝမ်းနည်းစရာပြောမိချေ ပြီကောဟု မျက်နှာမကောင်းဘဲ မှုံုး ကို ကြည့်လာပါ၏။ မှုံုး ရှစ်နှစ် သမီးမှာ မေမေဆုံးပါးခဲ့တာမို့ .. မှုံုး ဆိုတာက ဒက်ဒီ့လက်ပေါ် ကြီးရ သည့် သမီးပေပဲလေ ..၊ မှုံုး ရင်ထဲ ပီတိတွေ ပြည့်ဆင်းနေချိန်မှာ မေမေ့ ကို သတိရသည့်စကား ပြောမိချေသည့် ဒက်ဒီသည် ကြေကွဲရိပ်တွေ မှုံုး ရင်ကို ကူးစက်ကုန်မှာ စိုးရိမ်နေရှာသည်ပါပဲ။ တကယ်က.. မှုံုး သည်လည်း မှုံုး ရှစ်နှစ်သမီးအရွယ်လေးမှာ ရုတ်တရက် ဆုံးပါးခဲ့ရှာပါ သည့် မေမေ့ကို ခုထိ လွမ်းနေမိရဆဲ ..။ မေမေ့အရိပ်လေးတွေကို လွမ်း ဆွတ်မြင်ယောင်နေမိရမြဲ ..။ ခုလည်း .. ကဗျာပါရာ မဂ္ဂဇင်းစာအုပ်လေး သည် .. မေမေသာရှိလျှင် .. မေမေ့လက်ထဲ ရောက်ရချေမည်သာ ..။

မှုံုး ဘာမျှ ဒက်ဒီ့ကို ပြန်မပြောတော့ဘဲ.. မဂ္ဂဇင်းစာအုပ်လေးကို သာ ဒက်ဒီ့လက်ထဲ မျက်ရည်ဝဲရင်း ထည့်ပေးတော့ ဒက်ဒီယူသည်။ ပြုံး၍ ဆံစလေးကို ဒက်ဒီ သပ်ပေးလာပါ၏။

"မှုံုးလေး မှာ .. ကိုကို့မေမေ ရှိတာပဲ မှုံုး ရယ် .. မေမေဟာ .. မှုံုးလေး ကို .. သမီးလေးလို အမြဲချစ်နေတာပါ .. အခု .. ကြွားစရာ တိုးလာလို့ .. ကိုကိုဖြင့် .. မေမေ့ကိုလည်း ဒီသတင်း ကြွားရဦးမယ် .. မေမေလည်း ကဗျာဆရာမလေး မှုံုး အတွက် ဝမ်းသာမှာ .. သိရဲ့လား.. မှုံုး မှာ မေမေ ရှိနေပါတယ် အနက်ကယ်ရယ် .."





မှုံုး ကို ပြောနေရာမှ ဒက်ဒီ့ကို မူပိုင်အေးချမ်းသော စရိုက်အတိုင်း ရင်အေးရာကိုရှာ၍ ကိုကို ပြောခြင်းပါ ..။ ဒက်ဒီ ခေါင်းညိတ်ပြကာ အခန်းထဲမှ ထွက်သည်။ မှုံုး နှင့် ကိုကိုလည်း တူတူလိုက်ထွက်လာခဲ့ ကြရကာ .. ဒက်ဒီက အပေါ်ထပ်သို့ တက်သည်။ မေမေ့ဓာတ်ပုံကြီးရှေ့ မှာ ဒက်ဒီ အကြာကြီး သွားရပ်နေပါချေလိမ့်မည် ..။ မှုံုး လိုက်သွားချင် သည်ပါပဲ ..။ ဒါပေမယ့် .. မေမေ့ကို .. တိုင်တည်၍ .. ဒက်ဒီ ပြောလို ရာ ပြောပါစေတော့လေ .. ဆိုသည့် စိတ်တစ်ခုဖြင့် မှုံုး ခြံထဲ ဆင်းလာ လိုက်မိရသည်ပါပဲ ..။

ခရေပင်ကြီးအောက်မှာ ခုံတန်းပြာထက်၌ ထိုင်မိရင်း ကဗျာလေး ပါရာ မှန်ဘောင်ကို ငုံ့ကြည့်မိရသည်။

"ပန်းတစ်ပင် ရွှေနဲ့ပျိုး
ပန်းမျိုးလည်း သူမဖြစ်
ပန်းအစစ်လည်း သူမမည်
မမွှေးပြီ ထုံရနံ့
သင်းမပျံ့ပြီ ...။

ဝတ်လွှာမှာ အရောင်သွင်း
ရောင်စုံအဆင်းနဲ့ သူဖွဲ့
သူ့ဂုဏ်သတင်းနဲ့ သူနေ
ဝတ်ဆံတွေ ရနံ့မွှေးမှ
ပန်းဆိုတဲ့အလှ သူပီပြင်
ပန်းတစ်ပင် သူဖြစ် ..
ပန်းတစ်ပင် ဖြစ်ရကျိုး
အလှတိုးလို့ ဂုဏ်ဆင်သည်
ပန်းစစ်စစ်မည် ...။"



www.burmeseclassic.com

www.burmeseclassic.com



မှုး ကဗျာလေးကို ကြည့်နေရာမှ ကိုကို့ကို မော့ကြည့်မိရပါ၏။

"ဒါ .. မှုး ငယ်တုန်းက .. မမေ ပြောပြတဲ့ စကားလေးတွေပါ ကိုကိုရယ် .. အဲဒီ စကားလုံးလေးတွေက .. မှုး ရင်ထဲမှာ စွဲနေတော့ ကိုကို့ကို ပြောပြောပြနေမိခဲ့တာလေ .. မမေက ပြောတယ် .. ပန်းဆိုတာကို .. ချမ်းသာဂုဏ်နဲ့ ဖန်ဆင်းယူလို့ မရဘူးတဲ့ .. သူ့သဘာဝနဲ့သူ .. ဖြစ်တည်မှ .. ပန်းပင်အစစ်ကမှ ပန်းပွင့်တာတဲ့ .. ရွှေနဲ့ဆင်လည်း ပန်းတစ်ပင် မဖြစ်ဘူးတဲ့ .. ဘယ်တော့မှ ချမ်းသာဂုဏ်တစ်ခုကို ပိုင်တာပဲဆိုပြီး .. အရာရာကို .. ချမ်းသာတာတွေနဲ့ အရယူ ပိုင်ဆိုင်နိုင်မယ်လို့.. ဂုဏ်မမောက်နဲ့တဲ့ .. အဲသလိုပြောတတ်တာ .. မမေက .. အေးချမ်းပြီး အရမ်းချောတာ ကိုကိုလည်း သိပါတယ် .."

မှုး ပြောသမျှ ကိုကို ငြိမ်၍ နားထောင်နေသည်။ ကိုကို့ လက်တစ်ဖက်က ပိတောက်သားအနုစ်ဖြင့် ရှိနေပါသည့် တုတ်ကောက်လှလှလေး၏ လက်ကိုင်နေရာမှာ ဆုပ်ခဲထားပါ၏။ ကိုကို့ လက်ပေါ် မှုး ၏ လက်လေး ရုတ်ခနဲ ဖေးတင်လိုက်မိရကာ ...

"အဲဒီနေ့ဟာ.. တကယ်ရှိမလာခဲ့ရင် သိပ်ကောင်းမှာပဲ ကိုကိုရယ်။ အဲဒီနေ့ကို .. မှုး လေ .. ဒီဖြစ်စဉ်ဘဝထဲက ဖယ်ထုတ်ပစ်ချင်တာ .. အဲဒီနေ့သာ ရှိမလာခဲ့ရင် .. မမေလည်း ဆုံးမှာ မဟုတ်ဘူး .. ကိုကိုလည်း .. ခုလို .. ဖြစ်မှာမဟုတ်ဘူး ..। ကိုကိုက .. အရမ်းခန့်ညားတာ.. စိတ်ထားလည်း ပြည့်ဝတယ် .. ကိုကို့လို လူတစ်ယောက်ရဲ့ဘဝဟာ .. အရာရာ အကောင်းတွေနဲ့ချည်း ရပ်တည်နေရမှာ .. ခုကျတော့.. အဲဒီနေ့ကြောင့် .. ဒါတွေအားလုံး ဖြစ်ကုန်ရတာ ..। တကယ်ဆိုရင် .. အဲဒီခရီးကြောင့် .. ဒီဘဝကို.. ကိုကို ရောက်ရတာလေ.. ဖြစ်ချင်းဖြစ်ရင် .. မှုး ဖြစ်သင့်တာ .. ဒီဒုက္ခိတဘဝကို .. မှုး ရသင့်တာ .."

မှုး မချိစိတ်ဖြင့် ပြောစဉ်ခိုက် ကိုကို့လက်တွေက အလန့်တကြားနိုင်စွာ မှုး ၏ နှုတ်ခမ်းထက်မှာ ဖေးတင်လာသည်။





ကလေးလိုပင် ကိုကို့ လက်ညှိုးက တံတွေးဆွတ်၍ မှုး ၏ နဖူးကို သာထိတို့သည်။

"မွ .. လွဲစေ ဖယ်စေ.. ဘာတွေပြောနေတာလည်း မှုးလေး ရယ်.. ဒါ.. ပြောရမယ့်စကားလား.. ဒုက္ခိတဘဝဆိုတာကို.. ဘာကိစ္စနဲ့ မှုးလေးက.. ဖြစ်ချင်ရတာလဲ ..। ဒီမှာ မှုးလေး.. ကိုကို့အတွက် .. ကိုကို ခုလို.. ဖြစ်မနေဖို့အတွက် .. မှုးလေး က ဒုက္ခိတဘဝကို ရောက်လိုက်ချင်တယ်လို့ ပြောလာတယ်နော် .. ကိုကိုကလေ .. မှုးလေး အတွက်ဆိုရင် မှုးလေး .. ခုလို .. လှလှပပ .. ကျော့ကျော့စင့်စင်လေးနဲ့ .. ကိုယ်လက်အင်္ဂါ မချို့ယွင်းတဲ့သူ .. ဂုဏ်တင့်တဲ့သူ ဖြစ်ဖို့အတွက်ဆိုရင် .. ကိုကို့အသက်ကိုတောင် ပေးချင်တဲ့သူဆိုတာ သိထား .. နောက်ကို .. ဒီလို နိမိတ်မဖတ်နဲ့ .. မကောင်းတဲ့စကား မပြောနဲ့ .. သိရဲ့လား ..। ဒီမှာ မှုးလေး .. ကိုကိုပြောမယ် .. ကိုကိုက ဒုက္ခိတဖြစ်ပြီးသွားပြီ .. ဒီအတိုင်းပဲ ဆက်ရှိမှာ .. မှုးလေး က ဘာအကြောင်းနဲ့မှ .. ဒီဘဝကို ဆောင့်တပြောမိတာမျိုးတွေ မပြောမိစေနဲ့ .. နားလည်လား .. ကတိပေးစမ်း .. ကတိပေးစမ်း .. ပေးဆို ပေးစမ်းကွာ .."

ကိုကို မျက်စိမျက်နှာပျက်နေရင်း မျက်ရည်တွေ ဝဲတက်လာကာ ထိထိခိုက်ခိုက်ပြောနေတော့လည်း မှုး ရင်ထဲ ပိုမချိနိုင်တော့ပါ ..။

"ပြင်ဦးလွင်ကို .. အားလုံး တူတူသွားကြရာမှာ .. အတက်လမ်းမှာ ကားအက်ဆီးဒင့်ဖြစ်ပြီး .. မမေ ဆုံးတယ် .. ကိုကိုက ဒုက္ခိတဖြစ်ရတယ် .. မှုး က ဘာတစ်ခုမှကို ဒဏ်ရာလေးတောင် မရဘဲ ကားနောက်ခန်းမှာ ရှိနေခဲ့တယ် .. အန်တီလည်း လက်ကျိုးခဲ့ရတယ် .. အဲဒီအဖြစ်ကို .. မှုး မမေ့နိုင်ဘူး ကိုကို .. အခုတော့ .. ဘိုးလည်း လွန်ခဲ့တဲ့ သုံးနှစ်က ဆုံးခဲ့ရပြီ .. ပြင်ဦးလွင်ဆိုတာကို .. မှုး ရှစ်နှစ်သမီးအရွယ်မှာ.. အမေ ကားကိုယ်တိုင်မောင်းရင်းနဲ့ .. အဲဒီအဖြစ်ဆိုး ကြုံခဲ့ရတာလေ.. အန်တီနဲ့ ကိုကိုက .. တူတူလိုက်ခဲ့ရာက .. ကိုကို ဒီဘဝ ရောက်ရတာ.."



www.burmeseclassic.com

www.burmeseclassic.com



မှူး ပြောချင်သမျှတွေကို ဖွင့်မပြောတော့ပါ ..၊ မျက်ရည်သာ ကျနေသည်ပါပဲ။ ကားဒရိုင်ဘာ လေးလေးရွှေ နေမကောင်းဖြစ်နေ၍ မေမေကိုယ်တိုင် ကားဖြင့်ထွက်သည့်ခရီး ..၊ ပြင်ဦးလွင်မှာနေသည့် ဘွား လည်း နေမကောင်းဖြစ်နေသည်တဲ့ ..။ ထိုခရီးကို ဒက်ဒီလည်း မလိုက် နိုင်ခဲ့ ..။ ဒက်ဒီကလည်း တုပ်ကွေးဖျားနေသည်။

ဘွား ကျန်းမာရေးပေမို့ မေမေကိုယ်တိုင် ကားဖြင့်ထွက်သည့်ခရီး မှာ အဖော်အဖြစ် လိုက်ပါဖို့ အန်တီမေ ကလည်း ဆုံးဖြတ်ကာ .. အဖော် လိုက်မည်ဆိုတာမျိုး ပြောပြီးလိုက်ခဲ့ခြင်း ..။ တကယ်တမ်းကျတော့ ကားမောင်းရင်း တစ်ချက်ငိုက်သွားသည့် မေမေ .. အတက်ခရီးမှာ ကားက တိမ်းမှောက်ခဲ့သည်။ ကိုကို .. ဒုက္ခတဖြစ်ရသည်။ မေမေ ဆုံးခဲ့ သည်။ ဘွားလည်း ထို ၁တင်းဆိုးကြောင့်ပင်လျှင် ရက်တရက် ဆုံးပါး ခဲ့ကာ .. ဘိုး သည်၊ ည်း ပြင်ဦးလွင်အိမ်ကြီးမှာပဲ ဘွားနှင့် မေမေ့ အလောင်းစံခဲ့ရာ နေ ၁ဟု စွဲကာ .. နေခဲ့ရာမှ ..။ ခုတော့ .. ဘိုးလည်း မရှိတော့ပြီ ..။ ထိုအပြစ်တွေသည် .. ကြေကွဲသွေးပျက်ဖွယ်ချည်းပဲ ဖြစ်ခဲ့ သည်တည့် ..။ ခုထိ .. ကိုကိုသည် .. တုတ်ကောက်ကို အားပြုလျှောက်ရ သည့်သူတစ်ယောက်အဖြစ် ရှင်သန် ကျန်ခဲ့ရသည့်အဖြစ် ..။

မေမေသာရှိလျှင် ..၊ မေမေ့ စကားလုံးတွေဖြင့် ရေးဖွဲ့ရာ ဉာဏဗျာ လေးကို တမြတ်တနိုး ဖတ်နေမှာ သေချာသည်တည့် ...။

မှူး မျက်ရည်ကျလာတော့ ကိုကို့လက်တွေက ညင်ညင်သာသာ သုတ်ပေးလာပါ၏။

ထိုစဉ်ခိုက် အပေါ်ထပ် လသာဆောင်မှာ ငြိမ်၍ ရပ်ငေးကြည့်နေပါ သည့် ဒက်ဒီ့ကို မြင်လိုက်ရသည်က မှူး ပါ ..၊ ဖေဖေသည်လည်း ကြေကွဲနေပါချေလိမ့်မည် ...၊ မှူး ၊စ်နှစ်သမီး ကိုက ဆယ့်တစ် နှစ်အရွယ် ..၊ တကယ့်ကို ငယ်စဉ်ကာလ ၂ အဖြစ် ..၊

ခုထိ .. သွေးပျက် ချောက်ချားနေစေသည့်အဖြစ် ..၊





ဖွင့်၍သာ မပြောကြပဲ ရှိရမည်။ ဘယ်သူ့ဘယ်သူ့ရင်ထဲမှာမှ ဤ အဖြစ်သည် ပျောက်လွင့်မသွားနိုင် ..၊

တော်ဝင်မှူးမှာက မေမေ့ကို လွမ်းတစိတ်ဖြင့် ကြေကွဲရိပ်တွေ ပြေယ်နိုင် ..၊ ဒက်ဒီသည် ဖျားနေ၍ ကားမောင်းမပို့မိခဲ့ရလေခြင်းဟု ခုထိ ရင်ထဲ ယူကျုံးမရ ..၊ လေးလေးရွှေ လည်း ထိုစဉ်က တုပ်ကွေးဖျား နေသည့်အဖြစ်ကို ခုထိ တက်တခေတ်ခေတ်ဖြင့် ရှိနေမြဲ..။ ပြီးတော့ ထိုစဉ် က .. ကိုကို၏ သရဖီဦးအိမ်ကြီးမှာလည်း ဒရိုင်ဘာ လေးလေးသက် ရှာပြန်ချိန်ဖြစ်နေတာမို့ .. ပြင်ဦးလွင်ခရီးကို မေမေ မောင်းဖြစ်ခဲ့ရခြင်း..၊ လေးလေးသက် ရှိနေလျှင်လည်း မောင်းပို့ဖြစ်မည်သာ ..။

ဒုက္ခိတဘဝဖြင့် တောက်လျှောက် ခုထိ ကိုကို့ကို မြင်နေရပါသည့် အန်ကယ်နှင့် အန်တီတို့၏ ရင်ထဲမှ သားအတွက် ကြေကွဲရိပ်တွေ လျော့ ပါးသွားနိုင်ပါမည်တဲ့လား ...။

အိမ်ချင်းလည်း ခြံစည်းရိုးသာ ခြား၍ နှစ်အိမ့်တစ်အိမ် နေနေကြ သည့် အိမ်ထောင်နှစ်စုမှာ .. ကျန်ခဲ့ရာ အတိတ်တစ်ခုဆီမှ ကြေကွဲဖွယ် အဖြစ်သည် .. ရင်မှာ ရှိနေဆဲ ..၊ ကိုကို့လက်မောင်းမှာ မှူး ၏ နဖူးလေး တင်မိကာ တိုးသဲ့စွာ ငိုလိုက်မိရသည်ကောလေ ..။ ကိုကို့လက်တွေက မှူး ၏ ဆံစလေးကို သပ်ပေးလာနေကြသည်။

"မျက်ရည်ဆိုတာ .. ကျသူအတွက်ရော .. မြင်နေရသူအတွက် ရော .. ရင်ကိုထိစေတာပါ မှူး ရယ် .. အဲဒီအထဲမှာမှ .. မှူး ကျတဲ့မျက် ရည်ဟာ .. ကိုကို့ကြောင့် ကျရတယ်ဆိုရင် .. ကိုကို့တစ်သက် .. ဘယ် တော့မှ ဖြေနိုင်မှာ မဟုတ်ဘူး .. ဒီခြေထောက်တွေကြောင့် မှူး မျက်ရည် ကျရတယ်ဆိုရင်.. ဒီခြေထောက်တွေကို .. ကိုကို မုန်းတယ်မိမယ် မှူး ရယ် .."

ကိုကို ခပ်ညည်းညည်း ပြောလာတော့ မှူး ရင်ထဲ ပို၍ ခံစားရ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤမျှအထိ .. မှုူး တို .. ကိုကို့ဘဝမှာ .. တန်ဖိုးထားနေရသည်တဲ့လားလေ ..၊ တကယ်က .. ကိုကို .. ဤဘဝရောက်ရခြင်းသည် .. မှုူးတို့၏ တော်ဝင်မှုူးအိမ်ကြီး၏ ပယောဂမကင်း ..၊ မေမေ မောင်းနှင်ရာ ကားအက်ဆီးဒင့်ဖြစ်ရာမှ ရရှိ လက်ခံပေးလိုက်ရသည့် ဘဝတစ်ခုထဲမှာ ကိုကို.. တစ်သက်တာ ရှင်သန်ရမယ့်ကိစ္စ ..၊ မေမေ့ကို .. အန်ကယ်ဦးဆောင်သာ ရော .. အန်တီမေ ရော .. အပြစ်မပြောရက်ခဲ့ကြ ..၊ မေမေ ဆုံးပါးခဲ့သည့်အတွက် .. ခုထိ .. စိတ်ထိခိုက်နေကြသည့်အထဲမှာ ကိုကို၏ သုရဖီဦးအိမ်ရှိ လူသားအားလုံး၏ ရင်ထဲမှာ ဖြစ်တည်နေကြဆဲ ..၊ ဤမျှအထိ သဘာထားပြည့်ကြသည့်သူတွေပါ ..။

တကယ်က မေမေသည် ကားမောင်းကျွမ်းကျင်သည့်သူတစ်ယောက်ပါ ..၊ မှုူး ကတော့ .. မေမေ ရတ်တရက် ငိုက်ခနဲဖြစ်၍ .. ကားလှုံသွားကာ .. တစ်ဖက်သို့ ဆွဲလည်ထွက်ရာမှ ကားမှောက်ပြီး .. မေမေဆုံးခဲ့သည့်အဖြစ်ထဲမှာ .. မှုူး လည်း .. မေမေနှင့်အတူ သေသွားလိုက်ချင်သည်။ မေမေနှင့် မခွဲနိုင် ..၊ ပြီးတော့ .. မှုူး အသက်ရှင်ရသည်ဆိုလျှင်သော်မှ .. ဒုက္ခိတဆိုတာကြီးကို .. မှုူး ပဲ ဖြစ်လိုက်ချင်ပါသည်။

ကိုကို့ကို မဖြစ်စေချင်ပါ ..၊ ရတနာမှုူး ကြောင့် ..၊ သြော် .. မေမေ့ကြောင့် .. ကိုကို .. ဒုက္ခိတဖြစ်ရသည်ဆိုသည့်အဖြစ်တစ်ခုကို .. ဤဘဝမှာ .. ထင်မကျန်စေချင်ပါ ..။

မေမေ့အတွက် ..၊ မေမေ့အပြစ် မဖြစ်စေဖို့အတွက် .. မှုူး ပဲ .. မှုူး ပဲ.. ဒုက္ခိတ ဖြစ်ပေးလိုက်ချင်ပါသည်။ ပြီးတော့.. ကိုကို့ကို .. မှုူး သံယောဇဉ်ကြီးသည်လေ ..၊ ကိုကို့အတွက်ဆို မှုူး ကလည်း .. ပေးဆပ်သူအဖြစ်ပဲ ရှိပေးချင်သည်ပါပဲ ..။





## အခန်း (၃)

"မှုူးလေး .."

မှုူး ၏ ဟန်းဖုန်းလေး မြည်လာတာမို့ ယုန်မွှေးစောင် ပန်းနုရောင်ထဲမှာ ခြုံကွေးနေရာမှ မှုူး ဖုန်းထူးလိုက်တော့ အန်တီမေ ဖြစ်နေပါ၏။ ... ကမန်းကတမ်းလေး လူးလဲထလိုက်ရသည်ပါပဲ ..။ ချည်သားနုနုပန်းနုရောင်အခင်းမှာ အနီရောင် နှင်းဆီပွင့်ကြီးတွေဖြင့် ရုပ်လုံးကြွနေပါသည့် အိပ်ရာခင်းနှင့် ခေါင်းအုံးစွပ်တွေက အရမ်းကို ပြန့်သန့်နေကာ နှစ်ရက်တစ်ခါ လဲပေးရပါသည့် ဒေါ်ကြီးမွှေး ကြောင့် မီးပူကျပုံစံနှယ် ခေါက်ရာကျ ရှိနေပါသည့် အိပ်ရာ ..၊ မိုးလေးကလည်း အုံ့ဆိုင်းဆိုင်းနှင့်ပေမို့ ... တိုင်းနေ့တွေထက် ဖိမ်နှပ် ခြုံကွေးလုပ်နေမိပါသည့် မှုူး မှာပြင့် အန်တီမေ့ ဖုန်းကြောင့် ခပ်မြန်မြန်လေးလည်း ထမိရ ..။ ခုတင်ဘေး ... ခင်းကော်ဇောနီကြီးထက်မှ ပန်းရောင် သားမွှေးနု အိမ်စီးဖိနပ်လေး ... ဘက်စွပ်ရန်နှင့် ဖြစ်ကုန်ရပါ၏။

"မှုူးလေး အတွက် အန်တီမေ ဂုဏ်ပြုမလို့လေ .. ဒီနေ့ .. ဒီမိမှာ ... ဟင်းခါးချက်တယ်ကွယ့် .. သမီးလေး လာစား .. အစ်ကိုကြီးအတွက် ... ကနေပြီး ချိုင့်နဲ့အပို့လွှတ်မယ် သိလား .. အားလုံးအတွက် ပို့ပေးမှာ ... ကွယ့် .. မှုူးလေး ရဲ့ ဒေါ်ကြီးမွှေး တို့ ဘာဘဆောင်း တို့ .. ... နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေ တို့အတွက်လည်း ချိုင့်ကြီးနဲ့ ထည့်ပေးလိုက်မှာပါ .. အိမ်က မိဇု လွှတ်လိုက်မယ် .. သမီးကတော့ သရဖီဦးကို လာခဲ့ .. ဒီမှာ စား .. သမီး ကိုကိုနဲ့ တူတူစား .. ဟုတ်ပလား .. သမီးလေးရဲ့ကဗျာ မဂ္ဂဇင်းမှာ ပါတယ်ဆိုတော့ .. သားကဖြင့်လေ .. မဂ္ဂဇင်းစာအုပ် တပြပြနဲ့ ရှင်ရေ အိမ်ရှိလူကုန်ပဲ .. ပြတာတောင်မှ .. မနေ့ညကမှ ပြတာ .. အဲဒါသာ ကြည့် .. အဲဒါသာကြည့် .. လူစုံမှ ပြမယ်တဲ့ .. မနက်ကျတော့ မုန့်ဟင်း ခါးချက်ပေးပါ မေမေတဲ့လေ.. မှူးလေး ကို ကျွေးချင်သတဲ့.. အဲသလို.."

အန်တီမေ ကတော့ အသံချိုလေးဖြင့် မူပိုင်ဟန်အတိုင်း မှူး ကို ချစ်မဆုံးသည့်စိတ်ဖြင့်ခေါ်နေခြင်းပါ။ မှူး ရင်ထဲပျော်နေသည်ပါပဲ။ အံမယ် ..၊ မှူး ၏ ကဗျာတစ်ပုဒ် ပါလိုက်ခြင်းသည် တော်ဝင်မှူးမှာ ရော .. သရဖီဦးမှာပါ .. တခမ်းတနားကြီးကို ဖြစ်နေချေသည်တကား။

ဝိုင်း၍ ချီးကျူးကြသည့်အဖြစ် ..၊ ပျော်ပေးကြသည့်အဖြစ် ..၊ တော်ဝင်မှူးမှာလည်း မှူး ၏ကဗျာပါသည်ဆိုသည့် စာအုပ်လေး ဒေါ်ကြီးမွှေ က ယူကြည့် .. ဘဘဆောင်း က ကြည့် ..၊ လေးလေးရွှေ မှ အတင်း ဘဘဆောင်း ထံမှ ယူကြည့် ..၊ မိလုံးလေး က နောက်ဆုံးမှ ကြည့်ရ တာမို့ စိတ်ကောက်ကြ ..၊ ထိုမျှအထိ သည်းသည်းလှုပ် ပျော်နေကြသည် က မနေ့ကအဖြစ် ..၊ ဤနေ့ကျတော့ .. သရဖီဦးသို့ ကဗျာဆရာမလေး ပန်းမြတ်သက်မှူး အဖြစ် မုန့်သွားစားရဦးမည် တဲ့ ..။ မှူး ရယ်၍ –

"လာခဲ့မယ် အန်တီမေ .. ခဏလေးပဲ စောင့်ပေးနော် .. မှူး – ဒက်ဒီ့ကိုလည်း ပြောခဲ့ဦးမယ်လေ .. ဒက်ဒီ ဘုရားခန်းမှာ ရှိနေမှာ အန်တီမေ ရဲ့ .."

မှူး ပြောပြီးချိန်မှာ ကိုကို့အသံ ပေါ်လာပါ၏။

"မြန်မြန်လာဗျ .. ကိုကို ဆာနေပြီ နော် .."

ကြည့်ရတာ အန်တီမေ့ ထံမှ ကိုကို ဖုန်းယူပြောတာ ဖြစ်မည်။ မှူး ရယ်၍ ...





"အမြန်ဆုံး လာမှာ .. စိတ်ချ .. ဗိုက်တယ်အောင် စားမှာ နော်.. စိတ်ချ .."

မှူး ပြောပြီးချိန်မှာ ကိုကို့ထံမှ ...

"ဖုန်းချလိုက်တော့ မှူးလေး .. ဘယ်တော့မှ .. ကိုကို့ဘက်က ဖုန်းမချတတ်ဘူးဆိုတာ မှူး သိတယ် နော် .."

ဟု ထုံးစံအတိုင်း ပြောလာတော့ မှူး ရယ်၍ ပေါ့ပါးစွာပဲ ဟန်းဖုန်း ၏ ခလုတ်လေးကို နှိပ်လိုက်ရသည်ပါပဲ ..။ မှူး သည် ကိုကို့ကို ချန်ရစ် ခဲ့မည့်သူတစ်ယောက် ဖြစ်ရမည်ဆိုသည့် နိမိတ်တစ်ခုကို .. ကိုကို .. အစကတည်းက .. မှတ်ယူထားခြင်းများလားဟု ခုမှ တွေးမိစ ပြုလာရ သည်က မှူး ပါ ..။

"မှူးလေး ကို ဖုန်းဆက်မိရင် .. ဘယ်တော့မှ ကိုကို့ဘက်က ဖုန်း အရင်မချဘူး နော် .. မှူး ပဲ အရင်ချလိုက် .."

ဟု ပြောတတ်ပါလေသော ကိုကို ..၊ ခုလည်း .. မူမပျက် .. မှူး ကိုပဲ အရင်ဖုန်းချခိုင်းသည့် ကိုကိုပါ..၊ မှူး သည် ကိုကို့ဘက်က လေး စားခြင်းများအပေါ်မှာ ဘာကြောင့်များ ချက်ချင်း နားမလည်ပေးတတ် သည့် မှူး ဖြစ်ဖြစ်နေမိတတ်ရပါသတဲ့လဲ ..။

"နောက်တစ်ခေါက်ဆို .. ကိုကို့ဘက်က ဖုန်းအရင်ချပြီးမှ မှူး ဘက်က ဖုန်းလေးကို ချမယ်လို့ပြောမယ် .. ဘယ်ရမလဲ .. မှူး က ချန်ရစ်ခဲ့သူဆိုတာမျိုးကြီးကိုဖြစ်လို့ .. သူ့ဘက်က ချ .. ကိုယ့်ဘက်က – ကြုံသလို ဖုန်းလေး ချသွားတာမျိုးပဲ အစဉ်အလာကောင်းတယ်.. ဘယ်သူ့ဘယ်သူ့ကိုမှ .. ဘယ်သူကမှ ချန်ရစ်ခဲ့တယ်ဆိုတာကြီး ဖြစ်မနေ – –"

မှူး ကလေးလို တွေးပစ်ကာ ရင်ထဲ ခုမှ စတင်၍ ပေါ့ပါးလာရမြဲ သည်။ မှူး ဆိုသည့် ပန်းမြတ်သက်မှူး သည် ကိုကို ချမ်းမြေ့ဘော ဆို သည့် လူတစ်ယောက်ကို ချန်ရစ်ခဲ့သူ ..၊ ချန်ထားခဲ့သူဆိုတာမျိုးတော့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ချင် ...။ ခုလိုပဲ အမြဲ သံယောဇဉ်ဖြင့် နေချင်သည်တည့် ...၊ မှူး မြန်မြန် မျက်နှာသစ် .. သနပ်ခါးလေးပင် မလူးအား .. အဝတ်မြန်မြ လဲကာ ဒက်ဒီရှိမည့် ဘုရားဆောင်သို့ ပြေးရသည်။ ဘုရားကန်တော့နေ သည့် ဒက်ဒီအေးမှာ မှူး ဝင်ထိုင်ကာ ဘုရားကန်တော့သည်။ နည်းနည်း ပျာယာခတ်နေသည့် မှူး ကို ဒက်ဒီ အကဲခတ်သလို ကြည့်လာပါ၏။

"ဒက်ဒီ .. အန်တီမေ ဖုန်းဆက်လာတယ် သိလား .. မှူး ကို .. ကဗျာဆရာမလေးဆိုပြီး ဂုဏ်ပြုမလို့တဲ့ .. မှူး ရဲ့ ကဗျာလေး ပါလာ တာ မနေ့ညကျတော့မှ .. အန်ကယ်ရော အန်တီရော .. အားလုံး လူ တက်စေ့ အိမ်မှာ တူတူရှိကြချိန်ကျတော့မှ .. ဒီလိုလေ .. အလုပ်မှာ အန်ကယ်ရှိနေတဲ့ နေ့ခင်း မဟုတ်တဲ့အချိန်ကို ပြောတာလေ .. ညကျ တော့မှ .. ကိုကိုက .. မှူး ရဲ့ ကဗျာလေးပါလာတဲ့ စာအုပ်ပြ .. ပြော နဲ့ ကြွားတာတဲ့ .. အခု .. အန်တီမေ က .. မှူးလေး အတွက် မုန့်ဟင်းခါး ချက်ထားတယ်တဲ့ .. လာစားတဲ့ .. ဒက်ဒီ အတွက် ပို့ပေးမယ်တဲ့ .. တစ်အိမ်လုံးအတွက်လည်း မိပု နဲ့ ပို့ပေးမှာတဲ့ .. ချိုင့်ကြီးနဲ့တဲ့ .. သိတ မဟုတ်လား အန်တီမေ့ လက်ရာ ဘယ်လောက်ကောင်းတယ်ဆိုတာ လေ .. ဟင်းချိုမှုန့်လည်း အန်တီမေ သုံးတာမဟုတ်ဘူး .. အန်ကယ်သ မှာက သွေးတိုးရှိလို့လေ .. တကယ့်ကို ငါးရံ့နဲ့ ဟင်းရည်ချက်တာ .. သိပ်ကောင်းတာ .. ငါးဖယ်ဆုပ်လည်း ပါမှာ သေချာတယ် .. အန်ကယ် ငါးဖယ်ဆုပ်စားရင် သွေးတက်မှာစိုးတာမို့ ပဲကပ်ကြော်တို့ .. မုန့်ထ ခြောက်ကြော်တို့ နိုင်နိုင်ထည့်ပေးတတ်တာလေ .. ဒက်ဒီကတော့ သွေး တိုးမရှိဘူးဆိုတော့ .. ငါးဖယ်ဆုပ်လည်း စားရမှာ .. ပဲကပ်ကြော်လည်း စားရမှာ.. ကြက်ဥပြုတ်လည်း စားရမှာ .."

မှူး သိသည်လေ ...၊ အန်တီမေ့ လက်ရာ မုန့်ဟင်းခါးမှာ ဘာ အမယ်တွေ ပါသည်ဆိုတာ စားနေကြ ကြိမ်ဖန်များနေပြီမို့ တပြုံးပြုံးဖြ ပြောနေမိရခြင်းပါ။ ဒက်ဒီ တစ်ချက်ငိုင်နေသည်။ သက်ပြင်းရှိုက်သည်





တစ်ခုခုကို ချိန်ဆနေသလိုကြီး ငြိမ်နေပြီးမှ ဆုံးဖြတ်လိုက်ပုံဖြင့် ...

"မှူးလေး ကို ဒက်ဒီ ပြောစရာရှိတယ် .. လာ .. လာ .."

ဟု လက်လေးဆွဲ၍ ခေါ်လာသည်က ဒက်ဒီ အိပ်ခန်းဆီသို့ပါ ...။

"ထိုင် .. ဒက်ဒီ အေးမှာ ထိုင် .."

ခုတင်ထက်မှာ သားအဖနှစ်ယောက် တူတူ ထိုင်ဖြစ်ကြပါ၏။ ဒက်ဒီ့လက်တွေက မှူး ၏ ဆံစလေးကို ညင်ညင်သာသာ သပ်ပေးလာ သည်။ နဖူးလေးကို နမ်းသည်။ မှူး ရင်ထဲ ကြည်နူးရသည်ပါပဲ ...။

"ဒက်ဒီ့ကို .. မှူး သိပ်ချစ်တာ ဒက်ဒီ ရဲ့ .."

ဟု ဒက်ဒီ့ရင်ခွင်ထဲ ခေါင်းလေးတိုးဝင်ကာ မှူး ပြောမိရပါပြီ...၊ ဒက်ဒီ မှူး ၏ပခုံးလေးကို လက်ဖြင့်ဆုပ်ကိုင်၍ မျက်နှာချင်းဆိုင် ထိုင် နေသည့်ပုံမျိုးဖြစ်အောင် ကိုယ်ကို လှည့်လိုက်ပါ၏။

"ခု .. ဒက်ဒီပြောမယ့်စကားဟာ .. ဖခင်တစ်ယောက်ဘက်က ကြည့်ရင် .. အလွန်သင့်မြတ် မှန်ကန်တယ်ဆိုတာ သမီးလေး သိဖို့လို တယ် .. လူမှုရေးတွေ .. ရင်းနှီးမှုတွေ .. တစ်ဖက်က အလွန်တရာကိုမှ စိတ်ထားမြင့်မြတ်မှုတွေ .. သံယောဇဉ်တွေ .. အဲဒါတွေကို ခဏအေး ဖယ်ထားဖို့တော့ လိုလာလိမ့်မယ် မှူးလေး .. အခု .. ဒက်ဒီပြောမယ့် စကားကို .. သမီးလေး အလွယ်တကူ လက်ခံနိုင်ဖို့ ခဲယဉ်းမယ်ဆိုတာ ကိုလည်း ဒက်ဒီ သိတယ် .. ဒက်ဒီ ကိုယ်တိုင်ကလည်း ဒီစကားကို ပြောထွက်ဖို့ အလွန်ခက်ခဲတယ် .. မထွက်ရက်ပဲ ဖြစ်နေတယ် .. မပြော ရက်ပဲ ဖြစ်နေတယ် .. ဒါပေမယ့် .. သမီးကိုချစ်တဲ့ ဖခင်တစ်ယောက် အနေနဲ့ .. ပြောမှ ဖြစ်မယ်ဆိုတာကိုလည်း ဒက်ဒီ ဆင်ခြင်တုံတရားနဲ့ အချစ်က တိုက်တွန်းနေတယ် သမီး .."

ပြောပြီး ဒက်ဒီ ငိုင်နေပြန်သည်။ မှူး ရင်ထဲမကောင်း ...၊ ဘာကို များ ဒက်ဒီ အပြောခက်နေရပါသလဲ ...။ အိမ်မှာက ငွေရေးကြေးရေး ပြဿနာ မရှိ .. ကြွေးမြီမရှိ ...၊ လုပ်ငန်းက အောင်မြင်နေသည်။ တော်

www.burmeseclassic.com

www.burmeseclassic.com



ဝင် မော်တော်ကားစက်ရုံကြီးကလည်း အောင်မြင်သည်။ ရှိုးရွမ်းကလည်း အောင်မြင်သည်။ ကားတွေလည်း ရောင်းနေရသည်။ ဘာမျှပြဿနာမရှိ။

မှူး ကိုယ်တိုင် စက်ရုံမှာရော .. အရောင်းပြခန်းမှာရော .. ဒက်ဒီနှယ်ပင် ရုံးခန်းတစ်ခုဖြင့် လုပ်ကိုင်နေသည်ပဲလေ။ လုပ်ငန်းအခြေအနေအားလုံး သိထားသည်ပါပဲ။ ခု .. ဘာကိစ္စအတွက် ဒက်ဒီ ဤမျှအထိ အပြောခက်နေပါသတဲ့လဲ ..။ တော်ရုံကိစ္စ မဟုတ်တာတော့ သေချာနေသည်။ ဒက်ဒီ လက်ကို မှူး ကိုင်မိကာ ...

"ဒယ်ဒီ ဘာများ အခက်အခဲရှိနေလည်းဟင် .. မှူး ကို ပြောပြပါ.. မှူး စိတ်မကောင်းဖြစ်မှာကို မစိုးရိမ်ပါနဲ့ ဒက်ဒီ ရယ် .. မှူး ကို ပြောပြလိုက်မှ .. ဒက်ဒီ ရင်ထဲမှာ သက်သာရာရမှာပေါ့ .. မှူး တို့မှာ ဒီသားအဖနှစ်ယောက်တည်းပဲ ရှိကြတာ .. မှူး ကို ပြောပြပါ ဒက်ဒီ .. မပြောရက်တာတို့ .. ပြောမထွက်တာတို့ကို ခဏမေ့ထားပါ .. ပြောပြနော် .."

ဟု ပြောတော့ ဒက်ဒီ မျက်ရည်ဝဲလာပါ၏။ ဆံစလေးကို သပ်ပေးလာပြန်သည်။ မှူး ၏ ခေါင်းလေးကို လက်ဖဝါးဖြင့် သိမ်း၍ ဒက်ဒီရင်မှာ ကပ်ထား အပ်ထားရင်းမှ သက်ပြင်းရှိုက်ပြန်သည်။ တော်တော်ကြီးမားသည့် ကျဉ်းထဲကျပ်တည်း ရောက်နေတာ မှူး နားလည်လာသည်။ ဒက်ဒီ စိတ်ထိခိုက်နေမှန်းလည်း သိနေရသည်။

"ဒက်ဒီ့ သမီးလေးဟာ .. အင်္ဂလိပ်စာနဲ့ ဘွဲ့ရပြီးပြီ .. လုပ်ငန်းကိုင်ငန်းတွေမှာလည်း နားလည်နေတဲ့ မှူးလေး ဖြစ်နေပြီ .. အသက်လည်း နှစ်ဆယ့်တစ်နှစ်ထဲ ရောက်ပြီ .. ရုပ်အဆင်းလည်း လှပကြော့ရှင်းတယ်.. ချမ်းသာကြွယ်ဝခြင်းနဲ့လည်း ပြည့်စုံတယ် .. မိခင် မရှိတော့ပေမယ့်.. အမိအဖမေတ္တာတွေကို ပေးအပ်နေတဲ့ ဒက်ဒီလည်း ရှိနေတယ် .. သမီးလေးဟာ .. ရုပ်အဆင်းရော .. ပညာအရည်အချင်းရော .. ထက်မြက်ခြင်းတွေနဲ့ရော .. စိတ်ထားဖြူစင်တာလေးတွေရော .. ပြည့်ဝနေတဲ့ ပန်းမြတ်





သက်မှူး ဖြစ်တယ် သမီး .. အဲသလောက် ပြည့်ဝပြည့်စုံနေတဲ့ ဒက်ဒီ့သမီးလေးကို .. ဒုက္ခိတတစ်ယောက်ရဲ့ ဇနီးအဖြစ်တော့ .. ဒက်ဒီအဖြစ်မခံနိုင်ဘူး သမီး .."

ဒက်ဒီ အစောပိုင်းက ပြောနေသမျှကို ဒက်ဒီ့မေတ္တာတွေကို သိသိနေရင်း အမိမဲ့သမီးလေးတစ်ယောက်အဖြစ် မျက်ရည်တဝဲဝဲဖြင့် နားထောင်နေမိရပါသည့် မှူး ..၊ အဆုံးသတ်စကားကို ကြားလိုက်တော့ အလန့်တကြား မော့လည်း ကြည့်မိ ..၊ ကိုယ်လေးလည်း ဒက်ဒီ့ရင်ခွင်မှခွာမိ ..၊ နားမလည်နိုင်သလိုလည်း ကြည့်မိ ..၊ ရင်ထဲလည်း ဝမ်းနည်းကြေကွဲလာမိရသည်ပါပဲ ..။ ချက်ချင်း မြင်လာမိရသည်က အရမ်းကို အေးချမ်းသောအပြုံးလေးဖြင့် ရှိရှိနေတတ်ပါသည့် ကိုကို့မျက်နှာပါ ..။

ဩော် .. မှူး ကို .. မနက်စာတူတူစားဖို့ အေးချမ်းကြည်နူးစွာစောင့်နေရှာမည့် ကိုကို့မျက်နှာလေးကိုပါ တကား ..။

"ဒက်ဒီ .. ဘယ်လိုပြောလိုက်တာလဲ .. ကိုကိုဟာ .. တော်ဝင်မှူးရဲ့ ပယောဂမကင်းဘဲ .. ခုလို .. ဒုက္ခိတဖြစ်သွားရတာပါ .. အဲဒီအချိန်မှာ ကိုကိုဟာ အသက်အရမ်းငယ်သေးတဲ့ ကလေးလေးတစ်ယောက်ပဲ ရှိနေပါသေးတယ် .. အသက်မှ ဆယ့်တစ်နှစ်ပဲ ရှိသေးတာပါ .. အဲဒီအသက်ကတည်းက ဒုက္ခိတဆိုတဲ့ ဘဝတစ်ခုထဲမှာ ရှင်သန် ဖြတ်သန်းလာရတဲ့သူပါ ဒက်ဒီ .."

မှူး ပြောတော့ ဒက်ဒီ မျက်ရည်ဝဲရင်း ခေါင်းညိတ်သည်ပါပဲ။ မှူး ၏ဆံစလေးကိုလည်း သပ်ပေးလာနေသည်။ ကိုကို့ဘက်က ကြေကွဲစိတ်ဖြင့် မခံနိုင်ဘဲ ဒက်ဒီ့ကို မော့ပြောမိသည့် မှူး ကို ဒက်ဒီ တောင်းပန်သည့်နှယ်လည်း ကြည့်သည်။

"အဲဒါတွေအားလုံး မှန်နေပါတယ် သမီး .. ဒါပေမယ့် .. ဒယ်ဒီ့မှာ အတွေးကြီးနေတယ် .. သမီးကို ချစ်တဲ့စိတ်တွေနဲ့ အတွေးကြီးနေတယ်.. ခတော်တဆများ .. မောင်ချမ်းမြေ့သာလေး နဲ့ သမီးလေး မေတ္တာမျှကုန်



www.burmeseclassic.com

www.burmeseclassic.com



ကြမှာ ဒက်ဒီ လန့်နေတယ် .. ချောက်ချားနေတယ် .. အဲသလိုအဖြစ်ကို .. ဒက်ဒီ လက်မခံနိုင်ဘဲ ဖြစ်နေတယ် .. ဒက်ဒီ့သမီးရဲ့ ဘဝဖော်ဟာ.. ကျန်းမာရမယ် .. ဒုက္ခိတတစ်ယောက် မဖြစ်နေရဘူး .. မှူးလေး အတွက် ရှေ့မှာ မားမားမတ်မတ်ရပ်ပြီး ကာကွယ်စောင့်ရှောက်ပေးနေတဲ့သူ ဖြစ်ရမယ် .. ဒက်ဒီ့သမီးလေးက လူမမာတစ်ယောက်ကို ပြုစုပေးနေရတဲ့ ဘဝမျိုးကို ဒက်ဒီ မမြင်ရက်ဘူး .. ဒုက္ခိတတစ်ယောက်ဟာ .. ပျိုရွယ်ချိန်မှာတောင် .. တုတ်ကို အားပြုလျှောက်နေရရင် .. အသက်ရလာတဲ့အခါမှာ .. ပိုဆိုးမယ် .. ဒက်ဒီ့သမီးလေးမှာ ဝန်ထုပ်ဝန်ပိုး ဖြစ်မယ် .. စိတ်ဓာတ်ကျဆင်းမယ် .. တာဝန်ပိုမယ် .. ပျော်ရွှင်တဲ့ဘဝကို ဆုံးရှုံးရမယ်.. လူမမာတစ်ယောက်ကို ဘေးက ထိန်းပေးနေရတဲ့ မိန်းမတစ်ယောက် ဖြစ်နေရမယ် .. ဒါတွေကို .. ဒက်ဒီ .. အရောက်မခံနိုင်ဘူး .. အဖြစ်မခံနိုင်ဘူး .. အဖြစ်မခံနိုင်ဘူး သမီးမှူး .."

ဒက်ဒီ ပြောလာတော့ မှူး မျက်ရည်ကျလာသည်။ ခေါင်းခါမိရင်းမှ ...

"ပြောင်းပြန်ဖြစ်နေတယ် ဒက်ဒီရယ် .. တကယ်က .. သားတစ်ယောက်လုံး ငယ်ကတည်းက .. ကလေးလို မပြေးရ .. မပျော်ရ .. မသွားလာရ .. ဒုက္ခိတအဖြစ်နဲ့ ရှိခဲ့ရတာကို အန်တီမေ နဲ့ အန်ကယ်သာ တို့ မြင်မြင်နေကြရတာပါ .. ဒါပေမယ့်.. အန်ကယ်နဲ့ အန်တီတို့က.. မှူးတို့ကို စိတ်မကွက်ကြဘူး .. စိတ်မမျက်ကြဘူး .. မေမေ့ကြောင့်.. ဖြစ်ရတာဆိုပြီး အငြိုးဖွဲ့ အပြစ်မပြောကြဘူး .. မေမေ့အတွက် ကြေကွဲပေးကြတယ်.. အမိမဲ့ သမီးလေးမှူး ကို မိခင်မေတ္တာ.. အန်တီမေ ပေးခဲ့တယ် .. ရှိရင်းစွဲ ရင်းနှီးချစ်ခင်မှုတွေနဲ့ပဲ ဆက်ပြီး ရပ်တည်လာခဲ့ကြတယ် .. အခုထိ အဲသလိုပဲ သဘောထားပြည့်ဝနေကြတာပါ ဒက်ဒီ..ခုလို အချိန်မျိုးမှာ ဒက်ဒီ ခုလို တစ်ဖက်က မေတ္တာနဲ့သံယောဇဉ်ကို မထောက်မရက်ပြောရက်တယ် ဒက်ဒီရယ် .. အဲဒါ .. မှူး ရင်ထဲမကောင်းဘူး .."





မှူး ပြောငိုတော့ ဒက်ဒီ မျက်ရည်ကျလာသည်ပါပဲ။

"ဟုတ်တယ် မှူးလေး.. သူတို့ဘက်က အလွန်တရာကိုမှ ကောင်းကြတဲ့သူတွေပါ .. ဒါပေမယ့် .. အဲသလိုကောင်းနေကြတာကြောင့် .. ဒက်ဒီက ဒက်ဒီ့သမီးလေးကို .. ဒုက္ခိတရဲ့ဇနီးအဖြစ်တော့.. အရောက်မခံနိုင်ဘူး သမီး .. ဒါ .. ဒက်ဒီ့ဘက်က .. ဖြစ်တည်တဲ့ ဖခင်တစ်ယောက်ရဲ့ အတ္တပဲ သမီးလေး .. ဒါကြောင့် .. ချမ်းလေး နဲ့ ဆက်ဆံတဲ့အခါမှာ .. ခုအဆင့်မှာပဲ ရှိနေပါ .. မေတ္တာသက်ဝင်တာမျိုးအထိတော့ .. ဒက်ဒီ ခွင့်မပြုနိုင်ဘူး .. ဒါကို သိထားပါ .. ကဲ ..ကဲ .. မုန့်သွားစားမယ်မဟုတ်လား .. သွားစားတော့ .. သွားစားတော့ .. ဒက်ဒီက သရဖိဦးနဲ့ လုံးဝ အဆက်အဆံဖြတ်ရမယ်လို့ မပြောပါဘူး .. ခုလို .. ဆက်နေဖို့ပဲ ပြောတာပါ .."

မှူး မျက်ရည်ကျနေရင်းမှ ဒက်ဒီ့ကိုကြည့်မိစဉ်နိုက် ဒယ်ဒီလည်း မျက်နှာမကောင်း ..၊ မျက်ရည်ကျနေပါ၏။

"သူတို့ဘက်က အရှမ်းကို ရှိးသားနေကြချိန်မှာ .. မှူး တို့ဘက်က .. မရိုးသားမှုတွေ .. အကာနဲ့အသားတ်နဲ့ ဘောင်ခတ်ကာအဲ့ ခင်မင်မှုတွေ .. ဟန်ဆောင်ခြင်းတွေနဲ့ .. တုံ့ပြန်ရမှာ .. မှူး လိုဂ်ပြာမလုံဘူး ဒက်ဒီ .. အဲဒီစည်းကမ်းကို ချပေးတဲ့ ဒက်ဒီ ကိုယ်တိုင်တောင်မှ မျက်ရည်ကျနေတာပဲ ..၊ အဲဒီအဖြစ်တွေ စည်းကမ်းတွေကို .. ကိုကို သိသွားရင် .. ဘယ်လောက်ထိ ခံစားရမလဲ ဒက်ဒီ .. အန်ကယ်နဲ့ အန်တီမေ တို့ သိသွားကြရင် .. အရှမ်းစိတ်နာကြမှာ .. သူတို့ရဲ့သားကို .. အဲသလို သတ်မှတ်ရလေခြင်းဆိုပြီးတော့ စိတ်နာကြမှာ .. မှူး အတွက် .. ဒက်ဒီဟာ ဖခင်ဖြစ်သလို .. ကိုကို့အတွက် အန်ကယ်နဲ့ အန်တီမေ တို့ကလည်း မိဘတွေပါပဲ ဒက်ဒီ .. သူတို့ရဲ့သားအတွက် .. မိဘတွေရဲ့ ခံစားချက်တွေကတော့ .. ဒက်ဒီ့ထက် မလျော့နိုင်ကြပါဘူး .."

မှူး ပြောကာ မျက်ရည်သုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သရဖီဦးသို့လည်း မသွားချင်တော့ပြီ ..၊ ဟန်ဆောင်ပန်ဆောင်တွေဖြင့်လည်း မနေချင်တော့ပြီ ..၊ ကိုကို့ဘက်က ဘာဆိုဘာမျှ မေတ္တာစကား ပြောလာတာမျိုးလည်း ရှိခဲ့တာ မဟုတ်။ ခုဥစ္စာက .. ကိုယ့်ဘက်က .. မတူမတန် အရင်လှမ်း၍ သတ်မှတ်တာတွေ ဘာတွေ လုပ်နေသည့် ကိစ္စ ဖြစ်နေသည်။ တစ်ဖက်သား၏ တစ်အိမ်လုံးရှိ လူကုန်၏မေတ္တာကို စော်ကားရာရောက်နေပြီ ..၊ မှူး.. စိတ်ညစ်ညစ်ဖြင့် မလှုပ်မယှက် ထိုင်နေတော့ ဒက်ဒီ သက်ပြင်းရှိုက်ကာ ...

"သွားတော့လေ .. ဟိုမှာ မျှော်နေကြပြီပဲဥစ္စာ .. အားနာဖို့ကောင်းနေတယ် မှူးလေး .. ကဲ .. သွား .. သွား .."

ဟု အတင်းဆွဲထူ ..၊ အခန်းမှ ဆွဲခေါ်ကာ အောက်ထပ်ဆီခေါ်လာတော့လည်း မှူး စိတ်ညစ်ညစ်ဖြင့် အိမ်ထဲမှ ထွက်ခဲ့ရပါ၏။ စောစောက ပျော်နေသည့် အပျော်တွေ ..၊ ပေါ့ပါးလန်းဆန်းခြင်းတွေ ..၊ အကြောင့်ကြကင်းခြင်းတွေက ပျောက်ဆုံးလွင့်ပါးကုန်ကြပြီ ..။

စိတ်ညစ်လက်ညစ်ဖြင့် မှူး တစ်ဖက်ခြံသို့ ခြံစည်းရိုးကူး သံပန်းခတ်တံခါးလေးကို ဖွင့်၍ ဝင်လာမိရသည်ပါပဲ။ နှစ်အိမ်တစ်အိမ်ကြား ခြံစည်းမှာပင် ခြံစည်းရိုးကူးတံခါးလေးတစ်ခု ထားသည်အထိ တစ်ဖက်နှင့်တစ်ဖက် ယုံကြည်ချစ်ခင်ကြသည့် အိမ်ထောင်နှစ်ခု ..။ ခုကျတော့.. ဒက်ဒီ့ဘက်က .. စတင်၍.. မေတ္တာပျက်ယွင်းသည့် အတွာတွေ ရင်ထဲမှာ ရှိတတ်နေချေသည် တကား...။

မျက်ရည်စက်က ဖျောက်ခနဲ ကျ၏။ မှူး စိတ်ညစ်လိုက်သည်မှလေ ..၊ ရင်ထဲမှာ .. ကြေကွဲနေတာတွေလည်း ပြည့်နေသည်။ ကိုကို့ကို သနားနေမိရတာတွေကလည်း ပြည့်နေပြီ ..။





အခန်း (၄)

ကိုကို့ စာကြည့်ခန်းမှာ မှူး ၏ ကဗျာလေးကို မှန်ဘောင်သွင်း၍ ချိတ်ထားသည်မှာ မော့ငေးကြည့်နေမိရင်းမှ ရင်ထဲမှာ ထိခိုက်နေမိရသည်ပါပဲ။

ကိုကို့ကို မော့ကြည့်မိရင်း မျက်ရည်ဝဲတက်လာနေမိရပြန်သည်။

"ဒက်ဒီ ပြောသမျှတွေသာ .. ကိုကို ကြားရင် .. သိရင် .. စိတ်တွေထောင်းထောင်းကျေကုန်အောင် ထိခိုက်ခံစားရရှာမှာ .. ကိုကိုရယ် ..၊ ကိုကိုက ဘာမှကို မသိဘူး နော် .. တကယ့်အရိုးခံစိတ်ရင်းကောင်းတွေနဲ့ မှူး ကိုလည်း သံယောဇဉ်ကြီးရတယ် .. ဒက်ဒီ့ကိုလည်း ရိုသေချစ်ခင်ရှာတယ် .."

ရင်ထဲမှာ ဘယ်လိုမှကို မချိနိုင် ..၊ ကိုကို့မေတ္တာနှင့် မှူး မထိုက်တန်သလိုကြီးပင် ခံစားလာနေရသည့်အဖြစ် ..။ သရဖီဦးသို့ မှူး ရောက်တာနှင့် ကိုကို ခေါ်လာသည်က ဤစာကြည့်ခန်းသို့ပါ ..။

စာကြည့်ခန်းက အောက်ထပ်မှာပဲ ရှိသည်။ ကိုကို့ အိပ်ခန်းကျယ်ကြီးသည်လည်း အောက်ထပ်မှာပဲ ရှိရသည်။ အပေါ်ထပ်သို့ ကိုကိုမှ အတက်အဆင်း မလွယ်ကူချေသည်ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားခန်းဝင်ချိန်တစ်ခုပဲ ကိုကို အပေါ်ထပ်သို့ တက်ရရှာသည်..၊ ဒါကလည်း လှေကားထစ်တွေမှာ နားနားပြီးတက်ရခြင်း ..၊

ထိုအဖြစ်တွေကို ဒက်ဒီ မသိမဟုတ် ..၊ နှစ်အိမ်တစ်အိမ် နေနေကြသည်ပဲလေ ..။ သိပါလျက် .. ကိုကို့အပေါ် .. ထိုမျှအထိ ဒုက္ခတကြီးအဖြစ်.. ရင်ထဲမှာ သမီးနှင့်ပတ်သက်၍ မတူမတန်ကြီး စိတ်ထားရက်သည်။

"ဘာလို့ .. ဒီထိ .. မှူး ကို တန်ဖိုးထားနေရတာလည်း ကိုကိုရယ်.."

ဟု မေးဖို့ပင် ရင်ထဲမှာ မမေးရက် ..၊ အဘယ်မျှထိ မှူး အပေါ်မှာ သံယောဇဉ်ကြီးသည်ဆိုတာ သိနေရသည့်နောက်မှာ .. မှူး ကို တန်ဖိုးထားခြင်းဆိုတာကလည်း ကိုကို့ရင်ထဲမှာ တည်မြဲနေချေမည်သာ ..။ မှူး အတွက် ဂုဏ်ယူတတ်နေသည်။ ပျော်ပေးနေတတ်သည်။ အရိပ်တကြည့်ကြည့် ရှိတတ်သည်။

ငယ်ကတည်းက အကြီးဆိုသည့်နေရာမှာ ကိုကိုရှိနေရင်း .. အမြဲအငယ်ကို အလိုလိုက်သည့် ကိုကိုပါ ..။ မှူး မျက်ရည်ကျတာမျိုးကို အဖြစ်မခံတတ်သည့် ကိုကို ..၊

ခု .. မှူး ရင်ထဲမှာ မျိုသိပ်မျက်ရည်တွေ ပြိုကျနေတာကို မသိနိုင်သေးရှာ..၊ သိများသိလျှင် ရင်ကျိုးချေမည် ..။ ကိုကို့ကို ဒက်ဒီ နှိမ့်ချသမျှတွေ ခံရံတာကို တုန်လှုပ်ချင်မှ တုန်လှုပ်မည်။ မှူး မျက်ရည်ကျတာကို .. ကိုကို မခံနိုင်တာ မှူး သိနေသည်လေ ..။

"နောက်ထပ် .. နောက်ထပ် .. ကဗျာမှန်ဘောင်သွင်းလေးတွေ ဒီအခန်းထဲမှာ အများကြီး ရှိလာကြဦးမှာ မှူးလေး ရဲ့ .. ကိုကို့မှူးလေးက .. အရေးကောင်း .. ကဗျာလေးက လှလိုက်တာ မှူးရယ် .. နူးညံ့တယ် .. သိမ်မွေ့တယ် .. ပြီးတော့ အဓိပ္ပာယ်ရှိတယ် .. အဲဒါ .. နက်ရှိုင်းသောကဗျာလို့ ခေါ်တယ် မှူးလေး ရဲ့ .. အဟုတ်ပြောတာ .."





ကိုကို ကြည်ကြည်နူးနူး ပြောနေချိန်မှာ မှူး ခေါင်းလေးခါ၍ ...

"မှူး ဖြင့် .. ကဗျာလေးတွေလည်း မရေးရက်နေတော့ပါဘူး ကိုကိုရယ် .. မှူး ရဲ့ ကဗျာလေးတွေ တစ်ပုဒ်ပါတိုင်း .. ကိုကို .. ကဗျာမှန်ဘောင်သွင်းလေးတွေ တစ်ခု တိုးတိုးပြီး ဒီအခန်းထဲမှာ ချိတ်ချိတ်နေရမယ့်တာဝန်တွေ တိုးတိုးနေမှာကို .. သနားလှပါပြီ .. မှူး .. ကဗျာတွေ မရေးတော့ဘူး ကိုကို .. တကယ် ပြောတာ .. ကိုကို့ကို သနားတယ်.."

ဟုတ်သည် ..၊ မှူး .. ကဗျာတွေ မရေးရက်တော့ပါ။ မှူး ၏ကဗျာလေးတစ်ပုဒ် ပါလာတိုင်း အရမ်းကို ဂုဏ်ယူပျော်ပေးနေမည့် ကိုကို..။ ကွန်ပျူတာစာစီ၍ ကဗျာမှန်ဘောင်လေးတွေ သွင်းပေးနေတတ်ချေမည့် ကိုကို ..၊

မှူး သည် .. ကိုကို့ သံယောဇဉ်နှင့် မထိုက်တန်သော မှူး ဖြစ်နေပြီဆိုတာကို .. ဒက်ဒီ့ အဆုံးအဖြတ်စကား ..၊ ဒက်ဒီ့ သတိပေးစကားကြောင့်ပင်လျှင် ရင်ထဲမှာ သိသိနေရသည်လေ ..။

"မှူး .."

စိုးရိမ်သံဆိုတာ မှူး သိနေသည်။ ရင်ထဲ ထင့်နေသည့်အကြည့်တွေဖြင့် ကိုကို အကဲခတ်သလို မှူး ကို ငေးစိုက်ကြည့်နေပြီဆိုတာကိုလည်း အလိုလို သိနေသည်။ မှူး ရင်ထဲမကောင်း ..၊ ကလေးလိုပင် ကိုကို့ရင်ခွင်ထဲ တိုးဝင်မိကာ ...

"မှူး ဖြင့် .. မပျော်တော့ပါဘူး ကိုကိုရယ် .."

မချိသောစိတ်ဖြင့် ကလေးတုန်းကနယ်ပင် ကိုကို့ရင်ဘတ်မှာ ချက်နှာလေး ဝှက်ထားရင်း ငိုမိသည်ပါပဲ။

"မှူး .. ကိုကို့ကို ကြည့်စမ်း .. သေချာ ကြည့်စမ်း .."

မှူး ခေါင်းခါသည် ..၊ မော့မကြည့်ရက် ..၊ အရမ်းကို အသဲတွေ အက်ကျတုန်ခါနေပြီဖြစ်သည့် ကိုကို ..။ မော့ကြည့်လိုက်မိလျှင် ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေထက်မှာ ထိန်းမရအောင် ထင်နေမည့် သောကအငွေ့အသက်တွေကို မှုူး မြင်ရချေဦးတော့မည်။

"ဟင့်အင်း .. မကြည့်ပါဘူး ကိုကိုရယ် .. မှုူး လေ .. မှုူး ရဲ့ ခြေထောက်တွေကို .. သိပ်မုန်းတာပဲ .. ဒီခြေထောက်တွေ ကျိုးကုန်ရင် သိပ်ကောင်းမှာ .. ခြေထောက်တစ်ဖက်ဖြတ်လိုက်ရရင် ပိုတောင်ကောင်းဦးမှာ .. အဲဒါ .. အကောင်းဆုံးပဲ ကိုကိုရဲ့ .."

ရင်ထဲ မခံစားနိုင်တော့ဘဲ မှုူး ခေါင်းငိုက်ချ၍ ပြောလည်းပြော.. ခြေထောက်တစ်ဖက်ကို လက်လေးဖြင့် စိတ်နောက်ကိုယ်ပါပြီး ခပ်ပြင်းပြင်း ထုရိုက်ပစ်တော့ ကိုကို အတင်းလိုက်၍ မှုူး ၏ လက်လေးကို ဖမ်းဆုပ်ထိန်းသည်။

"မှုူးလေး .. ခုတ လာ ဘာဖြစ်နေတာလဲ .. ဒီခြေထောက်ကိစ္စ.. ဒီလောက်ထိ .. ဘာလို့ စားနေရတာလဲကွယ် .. နောက်ကို .. အဲသလို.. ခြေထောက်ဖြတ်တာ အထိ .. နိမိတ်မကောင်းတာတွေ မပြောစမ်းပါနဲ့ မှုူးလေး ရယ် .. ကိုကို့ကို သနားရင် မပြောစမ်းပါနဲ့ .. မှုူးလေး ခြေတစ်ဖက်ဖြတ်ရတာမျိုး ကြုံရရင် .. ကိုကို့ ကျန်တဲ့ ဒီ ကောင်းနေတဲ့ ခြေတစ်ဖက် ဖြတ်ပစ်လိုက်ရပါစေလို့ .. ခုကတည်းက .. ကိုကို ကြို ဆုတောင်းလိုက်တယ် မှုူး .. ဘာလို့ .. မိုက်မိုက်ကမ်းကမ်းစကားတွေကို ဒီလောက် ပတ်သက်ပြောချင်နေရတာလဲ .."

ကိုကို့ မျက်နှာကြီး ပျက်၍ပြောကာ မှုူး ၏ မျက်ရည်ကို သုတ်ပေးသည်။

ထိုစဉ်ခိုက် စာကြည့်ခန်းတံခါးမှာ အန်တီမေ ရောက်လာပါ၏။ မျက်ရည်ကျနေသည့် မှုူး ကိုလည်း ကြည့်သည်။ မျက်ရည်သုတ်ပေးနေသည့် ကိုကို့ကိုလည်း အကဲခတ်သလို ကြည့်သ

ငယ်ကတည်းက တစ်ခုခု စိတ်ညစ်လျှင် ..၊ ဒါမှမဟုတ် .. စိတ်ကောက်စရာကြုံလျှင် .. ကိုကို့ရင်ခွင်မှာ ခေါင်းလေးဝှက်ဝှက်ပြီး ငို





တတ်သည့် မှုူး ၏ ငယ်ကျင့်လေးကို အန်တီမေ ကြုံပေါင်း များနေတာမို့ ...

"သား.. မှုူးလေး ကို ဘာများ စိတ်ညစ်အောင် လုပ်လိုက်.. နောက်လိုက်ပြန်ပြီလဲကွယ် .."

ဟု ခပ်ညည်းညည်း ပြောလာချိန်မှာ ..

"မှုူး ကို တားပေးပါ မေမေရယ် .. ခုတလော ဒီကောင်မလေး ဘာတွေဖြစ်နေတယ် မသိဘူး မေမေ .. ခြေထောက်ကိုပဲ သည်းကြီးမည်းကြီးဖြစ်နေတယ် .. ခုလည်း ကြည့် .. မှုူး ပြောပုံက .. ပြောပုံက.. ခြေထောက် .. မှုူး ရဲ့ ခြေထောက်ကို ဖြတ်ပစ်တာမျိုးတွေ ဖြစ်ချင်တယ်တဲ့ .. အဲဒါ .. တားပေး မေမေရာ .. ဒီကောင်မလေး .. ကံလည်းကောင်းနေ .. ရုပ်လေးချော .. ခြေလက်အင်္ဂါလည်း စုံ .. ဘဝလည်း ပြည့်စုံချမ်းသာရှိနေတဲ့ဥစ္စာ .. ဘာလို့ မှုူး ခြေထောက်ကို မှုူး က ပြန်ပြီး ကျိန်စာတိုက်သလို လုပ်လုပ်နေတယ် မေမေ .. သား စိတ်အရှမ်းထိခိုက် မေမေရယ် .."

အန်တီမေ့ ကို တိုင်တည်၍ ကိုကို ပြောနေသည်က မျက်စိမျက်နှာကြီး ထိန်းမရအောင် ပျက်နေပါသည့်အဖြစ် ..၊

"မကြည့်ရက်ဘူးနော် မှုူးလေး .. မှုူး ခံစားနေရတာကို .. ကိုကို မြင်နေရတာ စိတ်ချမ်းသာနေမှာ မဟုတ်ဘူးဆိုတာလေးလောက်တော့ နားလည်ပေးစမ်းပါ ကလေးရယ် .. ကိုကိုလည်း .. ကိုကိုလည်း .. ကိုကို့ ဒီခြေထောက်ကြီးကို စိတ်နာလာပြီ နော် .. ကိုင်းဟာ .."

ရုတ်ခနဲ ကိုကို့လက်ကိုင်တုတ်လေး မြောက်ခနဲ တက်သွားကာ ခြေထောက်ကို ရိုက်လိုက်တော့ မှုူး အော်ငိုမိသည်ပါပဲ။ ကိုကို့လက်ကို အတင်းလိုက်ဆွဲ ..၊ လက်အုပ်လေးချီ၍ ...

"မလုပ်ပါနဲ့ ကိုကိုရဲ့ .. အဲသလို မှုူး ရှေ့မှာ မလုပ်ပါနဲ့ ကိုကိုရဲ့.. မှုူး သေလိမ့်မယ် ကိုကိုရဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောငိုနေတော့ အန်တီ မျက်ရည်ကျလာရင်းမှ ...

"ဖြစ်ရလေတယ် နော် .. ဒီကလေးနှစ်ယောက်ရယ် .."

ဟု ခပ်ညည်းညည်းပြောကာ လှည့်ထွက်သွားပါပြီ။ ကိုကို မျက်ရည်ကျနေသည်။ မှူး လည်း ငိုနေသည်ပါပဲ။ ကိုကို့လက်ထဲမှာ လက်ကိုင်တုတ်ကောက်လေးကို အတင်းလုယူကာ .. တုတ်ကိုင်သည့်လက်ကို မှူး ၏ ပခုံးပေါ် ဆွဲတင်ပေးတော့ ကိုကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။

မှူး ၏ ပခုံးပေါ်မှ လက်ကိုလည်း ချက်ချင်းရုတ်သည်။ ယိုင်ခနဲ ဖြစ်တော့ မှူး အတင်းလိုက်ထိန်းကာ ...

"နောက်ကို .. အဲသလို မှူး မပြောတော့ပါဘူး ကိုကိုရဲ့ .. ကိုကို လည်း ကိုကို့ခြေထောက်ကို မရိုက်ရဘူး နော် .. မရိုက်ရဘူး နော် .."

ဟု ပြောနေတော့ ကိုကို သက်ပြင်းရှိုက်ကာ စိတ်ကိုထိန်းဖို့ ကြိုးစားနေသည်။ ထိခိုက်ကြေကွဲသည့်အရှိန်ပြင်းပြင်း၏ ရိုက်ခတ်မှုတွေကတော့ ကိုကို့မျက်နှာထက်မှာ စွန်းထင်းနေဆဲ ...။

"ကိုကိုဟာ .. မှူး ရဲ့ မျက်နှာလေးကို .. အရိပ်တကြည့်ကြည့်နဲ့ နေနေတဲ့လူပါ .. မှူး .. တစ်ခုခုကို .. မျိုသိပ်ခံစားနေရတာတွေ .. ရင်ထဲ ကျေမွအောင် တစစ်စစ်ကျေအောင် ခံစားနေရတာတွေကို .. သိနေရပြီ မှူး .. ဘာကြောင့် .. ဘာကြောင့်လဲ .. ပြောစမ်း မှူး ရယ် .. ဟင် .. ကိုကို့ခြေထောက်က ဒီလိုဖြစ်ခဲ့တာ ကြာလွန်းလှပြီ .. ဒီနေ့ .. မှူး အရမ်းကို ပေါက်ကွဲခံစားနေရတာက .. တခြားနေ့တွေထက် ပိုဆိုးနေတယ် .. ဒါကို .. ကိုကို သိနေတယ် မှူး .."

ကိုကို မေးလာတော့ မှူး မျက်ရည်သုတ်ကာ ...

"ကိုကို့ကို .. သနားလို့ပါ ကိုကိုရယ် .."

ဟု ရှိုက်သံလေးဖြင့် ဖြေမိရသည်ပါပဲ။ အမှန်အတိုင်းလည်း ပြော၍မှ မဖြစ်ချေသည်ကိုးလေ။ ဒက်ဒီ ပြောတာတွေက ဖွင့်ပြောကောင်းသည့်ဥစ္စာတွေမှ မဟုတ်ချေသည်ပဲ။





"ကိုကို့မှာ .. ဖေဖေနဲ့ မေမေရှိတယ် .. လုပ်ငန်းကိုင်ငန်း ရှိတယ် .. ဥပဒေနဲ့လည်း ဘွဲ့ရပြီးပြီ .. ဟောဒီက မှူးလေး လည်း ရှိတယ် .. အန်ကယ် ခြတ် လည်း ရှိနေတယ် .. ကဲ .. ဘာများ သနားစရာကောင်းနေတာတွေ ကိုကို့ဆီမှာ ရှိနေလို့လဲ .. ခုလည်း .. တုတ်ကောက်ကို မလွှတ်နိုင်ပေမယ့် ကိုကို လမ်းတော့ လျှောက်လို့ရနေသေးတာပဲ မဟုတ်လား .. ခြေတစ်ဖက်မသန်တော့ပေမယ့် .. ခြေတစ်ဖက်တော့ မဆုံးရှုံးသေးပါဘူး မှူး ရယ် .. ကိုကို့မှာ ခြေနှစ်ချောင်းလုံး ရှိနေတာပါ .. ဒါကို .. မှူး တွေးပေးရမှာလေ ..၊ ကဲ .. လာ .. ထမင်းစားခန်းကို သွားကြရအောင် .. မေမေ လည်း စိတ်မကောင်းဖြစ်သွားတာ မှူး မြင်မှာပါ .. ဟိုမှာ ထပ်မငိုရဘူး နော် .. ပြီးတော့ .. ကတိပေးစမ်း .. နောက်နောင်မှာ မှူး ရဲ့ ခြေထောက်လေးတွေကို .. ဘယ်တော့မှ ကျိန်စာမတိုက်ပါဘူးလို့ .. ပေးစမ်းကတိ .."

ဟု ပြောလာတော့ မှူး မဖြေ ..၊ ပေတိပေကပ်လေးပဲ ငြိမ်နေတော့ ကိုကို သက်ပြင်းရှိုက်သည်။ မှူး ၏ ဆံစလေးကို သပ်ပေးသည်။ ကိုကို့ နှုတ်ခမ်းတွေ တုန်ခါနေကြ၏။ တစ်ခုခုကို စိတ်လွှတ်ပြောချတော့မယောင် ဖြစ်နေရာမှ ချက်ချင်း ခေါင်းခါ၍ ...

"ခက်ပြီကော မှူး ရယ် .. ဟင် .."

ဟု သုံ့သုံ့ညည်းသည်။ နောက်တော့ မှူး ၏လက်လေးကို ဆွဲ၍ အခန်းထဲမှ ခြေတစ်ဖက် မသိမသာဆိုင်းနေသည့် ခြေလှမ်းတွေဖြင့် ကိုကို ထွက်လာတော့ မှူး လည်း ကိုကို့လက်ကို လက်တွဲမဖြုတ်ရက်စွာ ပါလာရသည်ပါပဲ ...။

မှူး ၏ မျက်ရည်တွေကြောင့် .. မုန့်စားပွဲလေး ပျော်စရာပျက်သွားတာကိုတော့ မှူး လည်း မလိုလားပါ ...။ အားကိုနှစ်စိုက်၍ မနည်းပြုံးရသည်က ထမင်းစားခန်းထဲ ဝင်လာရချိန်မှာပါ ...။

"လာ .. လာ .. အစ်ကိုချစ်လေး မှူး .. လာ .."



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်သာ မှ ပြုံး၍ခေါ်ပါ၏။ ကိုကို့ကို အရမ်းချစ်သည့် ညီမလေး တစ်ယောက်အဖြစ် အန်ကယ်သာ ပြောလာခြင်း ..၊ မှူး ကိုကိုနှင့်တူတူ ဘေးချင်းယှဉ်၍ ထိုင်ဖြစ်၏။

"အန်ကယ်ကတော့ .. အန်ကယ့်သားမှာ .. ဒီလောက် အစ်ကိုချစ် ညီမလေးတစ်ယောက် ရှိနေတာကို .. ဝမ်းသာသကွယ့် .. ကဲ .. ကဲ .. သားက .. သားရဲ့ မှူးလေး ကို အဲဒီ ငါးဖယ်ဆုပ် ကပ်ကြေးကိုက်လေး တွေ မုန့်ပွဲထဲ ထည့်ပေးလိုက် .. ထည့်ပေးလိုက် .."

ဟု ပြောနေတော့ မှူး ၏ ရှေ့ပန်းကန်ထဲ ကိုကို တကယ်ပဲ ငါးဖယ် ဆုပ်တွေ ထည့်ပေးလာပါ၏။ ထည့်ပေးရင်းလည်း မှူး ကို တကြည့်ကြည့် ဖြစ်နေသည်ပါပဲ။

"ကဲ .. မှူးလေး ကလည်း .. မှူးလေး ရဲ့ အစ်ကိုအတွက် .. ဟိုဘက် က ငံပြာရည်ပုလင်းကြီး မှောက်ထည့်ပေးလိုက် .."

"ဟင် .. အန်ကယ်ကလည်း .."

ငံပြာရည်လိုမျိုး ထည့်ခိုင်းတော့ မှူး အသံလေး ထွက်သွားရကာ ကိုကို့ပန်းကန်ထဲ ငါးဖယ်ဆုပ် ကပ်ကြေးကိုက်တွေ ..၊ ပဲကပ်ကြော်တွေ-ထည့်ပေးနေမိရသည်ပါပဲ ..။

"အံမယ် .. သူ့အစ်ကိုကိုများ .. ငံပြာရည်တွေနဲ့ ငန်ကျိနေအောင် စားခိုင်းရသလားဆိုတဲ့ အချိုးလေးဗျ .. မေရေ .. ဒီ မှူးလေး နဲ့တော့ ဖြင့် .. သူ့ ကိုကို့ကို .. အညံ့စားကျွေးတဲ့သူတွေဆိုပြီး .. မောင်တို့တော့ ဖြင့် ကိုယ့်ပန်းကန်လေး ကိုယ်ကိုင်ပြီး နောက်ဖေးဘက် လစ်မှဖြစ်တော့ မယ် ထင်ပါရဲ့ .. အပြစ်တင်ကြည့်နဲ့ ကြည့်နေတာဗျ .."

နှုတ်ခမ်းလေးစူ၍ ကြက်ဥပြုတ် ကပ်ကြေးကိုက်လေးတွေ ပန်းကန် ထဲမှ ယူ၍ ယူ၍ ကိုကို့ပန်းကန်ထဲ မှူး ထည့်နေချိန်မှာ အန်ကယ်က တော့ ကြည်နူးရယ်ဖြင့် ပြောနေခြင်းပါ။

"အံမယ် .. မောင် ဘာသိလို့လဲ .. မနေ့က .. စာပေတိုက် .. အဲ-





မဂ္ဂဇင်းတိုက်ကိုသွားတုန်းက .. ပါတိတ်ဝမ်းဆက် အရောင်မသိမသာ လွင့်နေတာနဲ့ သွားတာတဲ့ .. ဟိုမှာ မှူး ကို မြင်ရင် .. သူ့ရွှေသမီးမှန်း သိမှာစိုးလို့တဲ့လေ .. အဲဒါ .. သားက ဘာလို့အဝတ်ကောင်းလေး ဝတ် မသွားတာလဲ .. အိမ်နေဝတ်ကြီးနဲ့ သွားရလားဆိုတော့ .. အဲသလို ဖြေ တယ်တဲ့ .. အဲဒါပါမကျန်အောင် .. သားက .. မေ့ကို မနေ့ညက ပြောပြ တယ် မောင် .. သူ့ မှူးလေး က သိပ်လိမ္မာတာတဲ့ .. မကြွားဘူးတဲ့ .. အနေသိသိပ်သတဲ့ .. ချီးကျူးပ‌ေ့ါ .. ချီးကျူးပေ့ါ .. ပါးစပ်ကို မပိတ်ဘူး.. ဒီမေ မွေးခဲ့တဲ့ ဒီသားရဲ့ ပါးစပ်လေးက .. သူ့ မှူးလေး ကို ချီးကျူးဖို့ မွေးကတည်းက ပါလာတာလေ .."

အန်တီမေ ကြည်ကြည်နူးနူး ပြောနေချိန်မှာ မှူး ကိုကို့ကို မော့ကြည့် မိတော့ .. သိမ်မွေ့အေးချမ်းသော မူပိုင်အကြည့်နှင့် ပြုံးကြည့်နေတာကို တွေ့ရသည်ပါပဲ ..။

ဪ .. ကိုကိုသည် .. မှူး ကို ချီးကျူးဖို့ မွေးဖွားလာသူတစ် ယောက် ဖြစ်သည်တဲ့ ..၊ မှူး က .. ဒုက္ခိတ ကိုကိုနှင့် မထိုက်တန်သော မှူး အဖြစ် မွေးဖွားလာသူတစ်ယောက်အဖြစ် ရပ်တည်စေဖို့အတွက် ဤမနက်မှာပဲ ဒက်ဒီက ပြောလာသည်မို့ ..။

မှူး သည် .. မွေးဖွားလာကတည်းက .. ကိုကို့ရင်ကို ကြေမွစေဖို့ အတွက် လူ့ဘဝကို ရောက်လာသည့် မှူး ပဲ ဖြစ်နေချေသည်တကား...။

မှူး .. ရင်ထဲ ထိခိုက်ရသည် ..၊ လည်ချောင်းတွေ ဆို့နေသည့် အဖြစ် .. ဟန်ဆောင်၍ မျက်ရည်ကို ထိန်းရသည်။ မုန့်ဟင်းခါးကို မနည်း မျိုချနေရသည်။ လည်ချောင်းထဲ ဆို့တက်နေတာက ပို၍ ဆိုးလာရင်း မှတ်တရက် လည်ချောင်းနင်သလို ဖြစ်ကုန်ရကာ ..။ မှူး အဆက်မပြတ် ချောင်းတွေဆိုး ..။ တံတွေးသီးသလို ဖြစ်ကုန်ရင်း အံစားသောက်ပွဲလေး လည်း ပျက်ကုန်ရသည်ပါပဲ ..။

ကိုကိုလည်း ပျာယာခတ်ကုန်ရသည် ..၊ အသန့်ကြိုက် မှူး ၏



www.burmeseclassic.com

www.burmeseclassic.com



ငယ်ကျင့်ကို သိသည့် ကိုကို …။ စားပွဲထက်မှာ တင်ထားပါလေသော လက်သုတ်ပဝါသန့်သန့် ခေါက်ရိုးကျလေးဖြင့် ပါးစပ်တွေ သုတ်ပေး…၊ ရေတိုက်နှင့် အလုပ်ရှုပ်ကုန်ကြရသည့်အဖြစ်…။ ချောင်းတွေ အဆက်မပြတ်ဆိုးနေတော့ .. မျက်ရည်က ကျကျလာနေသည်။

ငိုချင်သမျှ မျက်ရည်တွေကိုလည်း တားဖို့ မလိုတော့ပြီ …၊

တံတွေးသီးရ …၊ အစာတွေ သီးနင်ကုန်ရရင်းမှ ဆိုးလာသည့် ချောင်းကြောင့်ပင်လျှင် .. မျက်ရည်ကျခွင့် တစ်ခုကို .. မှူး ထိန်းဖို့ မလိုအပ်တော့ဘဲ လွှတ်ချခွင့်ရလိုက်သည့်အဖြစ် …။

အန့်တီမေ လည်း မနေရ …။ ကျောဖိရ …၊ ကျောသပ်ရ …။ အန်ကယ်ခများလည်း .. တဘက်သန့်သန့် အပေါ်ထပ်တက်ယူကာ မှူး ၏ မျက်နှာလေး သုတ်ပေးဖို့ ကိုကို့ထံ ကမ်းပေးရနှင့် ဖြစ်ကုန်ရပါ၏။

ကိုကို .. မှူး ၏ မျက်နှာလေးကို ညင်ညင်သာသာ သုတ်ပေးနေသည်။

ကိုကို့အကြည့်တွေက .. မလွှတ်တမ်း အကဲခတ်ကြည့်တွေ ဖြစ်နေသည်။

"မှူး .. ဘာလို့ .. ဒီလို .. ဒီလောက်ထိ .. ငိုချင်နေရတာလည်း မှူး .. ဟင် .. မှူး ကို .. ဘယ်သူက .. ဒီလောက်ထိ စိတ်ထိခိုက်အောင်.. ပြောထားသလဲ .. ကိုကိုနဲ့ ပတ်သက်ပြီးတော့လေ .. ကိုကို့ကြောင့် .. ဟောဒီ ခြေထောက်ကြောင့် .. မှူး ကို ဘယ်သူက ဘာပြောထားသလဲ.. ဒုက္ခိတကြီးနဲ့ ဒီလောက် သံယောဇဉ်ကြီးနေရသလားဆိုပြီး .. ဘယ်သူငယ်ချင်းက .. မှူး ကို .. ပြောထားသလဲ ဟင် .. ကိုကို သိနေတယ် မှူး .. ဒီခြေထောက်ကြောင့် .. မှူး ကို .. မှူး ကို .. တစ်ယောက်ယောက်က.. ပြောထားတယ်လို့ .."

ဟု ကိုကို ပွင့်ပွင့်ကြီး မေးချလိုက်တော့ မှူး ငိုချလိုက်သည်ပါပဲ.. ကိုကို့ လက်မောင်းကြီးမှာ မျက်နှာလေးအပ်၍ …





"မပြောပါနဲ့တော့ ကိုကိုရဲ့ .. ကိုကိုရဲ့ .."

ဟု ပြောပြောငိုနေတော့ အန်ကယ်လည်း မျက်နှာ ပျက်ခနဲဖြစ်ကာ စိတ်ထိခိုက်လျက် အခန်းပြင် ထွက်သွားတော့ …၊

အန့်တီမေ လည်း လိုက်သွားသည်မို့ ကိုကိုနှင့် မှူး ပဲ အခန်းထဲ ကျန်ခဲ့ရပါ၏။

"မှူး .."

မှူး နှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် ထိုင်ခုံကို ဆွဲလှည့်ပြီး ကိုကို ခေါ်သည်။

မှူး ၏ မျက်နှာလေးထက်မှာ ချွေးနှင့် မျက်ရည်တွေကို .. ကိုကို သုတ်ပေးနေသည်က တဘက်နုနုလေးဖြင့်ပါ …။

"ကိုကိုဟာ .. မှန်လေးတစ်ချပ်ကို ကြည့်နေသလို .. မှူး ရဲ့ နှလုံးသားကို ကြည့်နေတာ .. မှူး မျက်နှာလေးထက်မှာ ထင်တဲ့အရိပ်တွေဟာ .. ကိုကို့ရှေ့မှာ မှန်တစ်ချပ်လို ဖြစ်နေတယ် မှူး .. ဒီမှာ ကိုကို့ကို ကြည့် …၊ သူစိမ်းတွေရဲ့ စကားကို အာရုံထဲ မထည့်ရဘူး မှူး ရဲ့ .. ကိုကို ပြောတာကို သေချာနားထောင် .. နားလည်း နားလည်စမ်းပါ မှူး ရယ်.. ကိုကိုတို့ရဲ့ သရဖီဦး နဲ့ တော်ဝင်မှူးတို့ကြားမှာ ရှိနေတဲ့ .. မေတ္တာနဲ့ သံယောဇဉ်ဆိုတာကို .. ဘယ် သူစိမ်းရဲ့ စကားနဲ့မှ .. နုတ်သိမ်းပစ်လို့ မရနိုင်ဘူးဆိုတာ နားလည်ထား .. ဟုတ်ပလား .. နောက်ကို .. အဲဒီ သူငယ်ချင်းနဲ့ ကင်းအောင်နေ .. သူ့ခနိုးခနဲ့စကားတွေကို .., မကြားအောင် ကင်းကင်းနေ .. ပြီးပြီပေါ့ မှူးလေး ရဲ့ .."

ဟု ပြောနေတော့ မှူး ရင်ထဲမချိ …၊

"သူငယ်ချင်းဆိုရင် .. မှူး .. သူ့ကို ရင်ဆိုင်ပစ်မှာ .. ခုကျတော့.. ပြောတာက .. ဒက်ဒီ ဖြစ်နေတယ် ကိုကိုရဲ့ .. ကိုကိုက ဘာသိလို့လဲ.. ဘာသိလို့လဲ .."

ဟု အော်ပြောလိုက်ချင်သည်မှ ရင်တွေကျေနေရင်းဖြင့်ပါ …။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် .. ပြောမဖြစ်သည့်စကားပေမို့ .. ကိုကို့လက်မောင်းပေါ် ခေါင်းလေးတင်မှီကာ ...

"ဟုတ်ကဲ့ပါ ကိုကို .."

ဟု အသံတိမ်လေးဖြင့် ပြောမိရပါ၏။

ဘာပဲဖြစ်ဖြစ် ...၊ ကိုကို့ကို မတူမတန်ပြောသူသည် ဒက်ဒီဖြစ်နေသည်ဟု ကိုကို မျှော်လင့်မထားတာတစ်ခုသည်ပင်လျှင် .. ကိုကို့အတွက် ကံကောင်းခြင်းပဲ ဖြစ်လေသည်။ ဒါမှမဟုတ်လျှင် .. ကိုကို .. အရမ်းလည်း ခံစားရမည်။ ထိခိုက်ကြေကွဲရမည်။

သူငယ်ချင်းတစ်ယောက်၏ စကားကြောင့် .. မှူး မျက်ရည်ကျရသည်ဟု ကိုကို ထင်ပေးစေသည့် ကံကြမ္မာကို .. မှူး .. ကျေးဇူးတင်ရပါသည်။





## အခန်း (၅)

"မှူးလေး စက်ရုံကိုလည်း မသွား .. ကားအရောင်းစင်တာကိုလည်း မသွားဘဲ နေနေတာ ဒီနေ့နဲ့ဆိုရင် ငါးရက်ရှိနေပြီ .. ဒက်ဒီလည်း စိတ်ဆင်းရဲနေတာပါပဲ .. ဒက်ဒီ့သမီးလေး စိတ်ထဲခံစားနေရတယ်ဆိုတာ ဒက်ဒီ သိနေရတာမို့ .. ဒက်ဒီ့ရင်ထဲမှာ ပျော်နေမယ်တဲ့လား .. ဒါပေမယ့်.. ချမ်းလေး နဲ့ ပတ်သက်တဲ့ ဒက်ဒီ့ အဆုံးအဖြတ်ကတော့ ဘယ်တော့မှ ပြောင်းလဲမှာမဟုတ်ဘူးဆိုတာ သမီး သိထားစေ့ချင်တယ် .. ခုမှ .. ဒက်ဒီ ပိုပြီး ချောက်ချားလာတယ် သမီး .. ချမ်းလေးနဲ့ ခုထိ ချစ်သူ တွေရယ်လို့ မဖြစ်ရချိန်မှာတောင် .. ချမ်းလေး အပေါ်မှာ သမီး ဒီလောက်ထိ တန်ဖိုးထား သံယောဇဉ်ကြီးနေရင် .. တစ်နေ့မှာများ ချမ်းလေး ဘက်က .. ချစ်ခွင့်ပန်တာတွေ ဖြစ်လာရင်ဖြင့် .. ပိုဆိုးကုန်တော့မှာပဲလို့ ဒက်ဒီ လန့်နေတယ် သမီး .. သမီး သူ့ကို လက်ခံလိုက်နိုင်တယ်ဆိုတာ ဒက်ဒီ ချောက်ချောက်ချားချား စိုးရိမ်နေတယ်ကွယ် .. သမီးရယ် .. ဒက်ဒီ့မေတ္တာကို နားလည်ပါ .. အဖေတစ်ယောက်ရဲ့ မေတ္တာကို နားလည်ပေးပါ .. ချမ်းလေး ကို .. သမီးရဲ့ ဖက်တွဲဖော်အဖြစ် ဒက်ဒီ လက်မခံနိုင်ခြင်းဟာ .. သူ့ကို မုန်းလို့ မဟုတ်ပါဘူး ..

www.burmeseclassic.com



သမီးကို ချစ်လို့ပါ .. ဒက်ဒီ့ သမီးလေး ဒုက္ခိတတစ်ယောက်ရဲ့ ဒဏ်.. အတူနေရတဲ့ဒုက္ခကို တစ်သက်တာ ရုန်းခွင့်မရတဲ့ ဘဝထဲမှာ.. ကုန်ဆုံးလိုက်ရမှာကို ဒက်ဒီ စိုးရိမ်လို့ပါ .. ဒီကိစ္စဟာ .. ဒက်ဒီနဲ့ သမီးတို့နှစ်ယောက်တည်းသာ သိထားကြရတဲ့ လျှို့ဝှက်ချက်တစ်ခုလည်း ဖြစ်နေပြီးတော့.. အပြင်ပန်းအားဖြင့် ချမ်းလေး အမြင်မှာ ဘာကိုမှ အပြောင်းအလဲမဖြစ် မမြင်သာအောင် ဒက်ဒီ နေနေတာပဲ မဟုတ်လား .. ချမ်းလေးကို အချစ်လည်း မလျော့ပါဘူး .. ဒါကြောင့် .. တော်ဝင်မှုုးနဲ့ သရဖီဦး မိသားစုနှစ်စုရဲ့ ဆက်ဆံရေးဟာ .. ချစ်ချင်ကြင်ကြင် .. အေးအေးမြမြ ခုထိ ဆက်ရှိနေတာ သမီးအမြင်ပဲ ..''

စက်ရုံ ရုံးခန်းမှနေ၍ ဒက်ဒီ ဖုန်းဆက်နေခြင်းပါ။ မှုုး မျက်ရည်လည်နေသည် ..၊ ကိုကို့ကို သနားစိတ်ဖြင့် မှုုး စိတ်ထဲ ခံစားနေရလေသမျှ .. ရင်ထဲမပျော်ပဲရှိနေရလေသမျှ စက်ရုံသို့လည်း မသွား ..။ ကားအရောင်းစင်တာသို့လည်း မသွားဘဲ .. တစ်နေ့တစ်နေ့ ကားလေးဖြင့် တစ်နေရာရာကို ဦးတည်မဲ့သွားနေမိခဲ့တာ ခုဆို ငါးရက်ထဲရောက်လာပြီ။

အဆုံးစွန် .. အပြင်ထွက်လျှင်သော်မှ အိမ်နေအဝတ်အစားလေးဖြင့်သာ မှုုး ထွက်ထွက်သွားမိတတ်သည့်အထိ စိတ်တွေ နွမ်းနယ်အေးစက်နေတတ်သည်တည့် ..။ တက်ကြွမှုကို မရှိတော့သည့်အဖြစ်။

''မှုုး လည်း ဒက်ဒီ့လိုပဲ ရင်ထဲမှာ ထိတ်လန့်နေတယ် ဒက်ဒီ .. အကယ်၍များ တစ်နေ့မှာ .. ကိုကို .. မှုုး ကို လက်တွဲဖော်အဖြစ် ခွင့်ပန်လာမှာကိုပေါ့ .. မှုုး .. ငြင်းနိုင်မှာ မဟုတ်ဘူးဆိုတာ မှုုး သိနေတယ်လေ ..''

ဟု ဖြေလိုက်ရမှာကို မှုုး ဝန်လေးနေသည်။ ဒက်ဒီ ပို၍ စိတ်တွေ ပူပန်လောင်မြိုက်ကုန်ချေတော့မည်သာ ..၊ မှုုး ဘက်က ငြိမ်နေတော့ ဒက်ဒီထံမှ ...





''မနက်ဖြန်တော့ .. ဒက်ဒီ တို့ရဲ့ တော်ဝင်ကားစက်ရုံနဲ့ တော်ဝင် အရောင်းစင်တာကို .. သားအဖနှစ်ယောက်တူတူ ကားတစ်စီးနဲ့ သွားချင်တယ် သမီး .. ကဲ .. ကဲ .. ဒက်ဒီ ဖုန်းချလိုက်တော့မယ် .. တစ်ခုပဲ သမီး သိထားပါ .. ဒက်ဒီလည်း စိတ်ထိခိုက်နေတယ်ဆိုတာ သမီး သိဖို့လိုတယ် ..၊ ချမ်းလေး အတွက်လည်း ဒက်ဒီ စိတ်ထိခိုက်တာပါပဲ.. ဘာဖြို့လဲဆိုတော့ ချမ်းလေး ကို ဒက်ဒီ သံယောဇဉ်လည်း ရှိတယ်.. ချစ်လည်း ချစ်တယ်လေ .. ဒါပေမယ့် .. သမီးရဲ့ ရှင်လန်းတက်ကြွပြီး အကြောင့်ကြကင်းကင်းနဲ့ ဆက်ရမယ့် ဘဝတစ်ခုနဲ့တော့ အဲဒါတွေကို အလဲအလှယ်မလုပ်နိုင်တဲ့ ဒက်ဒီ့ကို .. သမီး နားလည်ပေးရလိမ့်မယ်.. ဒက်ဒီဟာ .. သမီးလေးမျက်နှာကို အရိပ်တကြည့်ကြည့်နဲ့ နေနေတဲ့ အဖေတစ်ယောက် ဖြစ်တယ် .. မိတဆိုး သမီးလေးကို အလွန်ချစ်တဲ့ အဖေဖြစ်တယ်ဆိုတာ သမီးလေး သိပါကွယ် ..''

ဒက်ဒီ့ အသံတွေ တုန်ခါနေသည်။ မျက်ရည်ကျနေပြီလား မသိ..၊ မှုုး မျက်ရည်ကျလာသည်။

တယ်လီဖုန်းလေးကို ကိုင်ထားရင်း လက်ဖျားလေးတွေ တုန်ခါနေတာကို မှုုး သိနေရသည်ပါပဲ။ မှုုး တစ်ချက် ရှိုက်မိကာ ..

''ဒက်ဒီ့ကို မှုုး ချစ်တာလည်း ဒက်ဒီ သိပါတယ် ..''

ဟု ငိုသံလေးဖြင့် ပြောမိရပါ၏။

''ဒက်ဒီ သိပါတယ် သမီးရယ် .. ကဲ .. ကဲ .. မငိုနဲ့ .. မျက်ရည်သုတ်လိုက် .. ဒက်ဒီလည်း ဖုန်းချလိုက်တော့မယ် .. သမီးလေးကို ဒက်ဒီ သိပ်ချစ်တယ်ဆိုတာ အမြဲ နှလုံးသွင်းထားပါ သမီးရယ် ..''

ဟု ပြောပြီး ဒက်ဒီ့ဘက်က ဖုန်းချသွားတော့ ဟန်းဖုန်းလေးကို အနီခလုပ်လေး နှိပ်လိုက်ပြီး မှုုး ငိုင်နေမိရပါ၏။

စိတ်တွေ မငြိမ်..၊ ဆောက်တည်ရာ ပျောက်နေသည်။ ခက်သည်က သံယောဇဉ်ဆိုသည့်အရာ ...။



www.burmeseclassic.com

www.burmeseclassic.com



မှူး .. ကိုကို့ကို ဘယ်လိုမှ မတူမတန် မလုပ်ရက်နိုင် ..၊ အေးချမ်းစိတ်ရှည်သော ကိုကို့အပေါ် မှူး မရိုးမသား မလုပ်ရက်နိုင် ..၊ ရင်ထဲမှာကျတော့ ကိုကို့အပေါ် မတူမတန် သဘောထားရမည်။ အပြင်ပန်းကျတော့ ကိုကို့ကို ဟန်မူမပျက် ယခင်နှယ် ဆက်ဆံရမည်ဆိုတာမျိုးကို မတရား..၊ မရိုးသား ..။ ပြီးတော့ .. မှူး ကိုယ်တိုင်လည်း မကျင့်သုံးနိုင်..။

မှူး ကမန်းကတမ်း အပေါ်ထပ်မှ ဆင်းလာမိသည်။ မနက်စာလက်ဖက်ရည်ပွဲမှာ ခါတိုင်းလို စကားဝေစည်မရှိဘဲ တိတ်ဆိတ်ခြောက်ကပ်စွာ ပြီးဆုံးခဲ့တာတွေကို ဒေါ်ကြီးမွှေး လည်း သိနေသည်။ မိလုံးလည်း မြင်နေသည်။ ဒေါ်ကြီးမွှေး ဆိုတာက အိမ်မှာ စားဖိုဆောင်တာဝန်၊ အိမ်၏ ဝေယျာဝစ္စတာဝန်တွေကို မိလုံး နှင့် အတူ လုပ်နေရပါသည့် ထမင်းချက်ကြီးဆိုပေမယ့် .. မိသားစုပမာ တော်ဝင်မှူးမှာက ရှိကြတာမို့ မျက်နှာမကောင်းရှာ ..။

သားအဖနှစ်ယောက်ကြားမှာ တစ်ခုခုများ စိတ်မချမ်းမြေ့ဖွယ်ကြုံဆုံနေကြသည်လားဟု အကဲခတ်ကြည့်ဖြင့်သာ ရှိရှိနေရလျက် .. ဖွင့်လည်း မမေးသင့်တာမို့ ငြိမ်နေတာ မှူး ရိပ်မိပါသည်။

ခုလည်း အိမ်နေအဝတ် ပါတိတ်ဝမ်းဆက်လေးဖြင့် ဆင်းလာပါသည့် မှူး ကို ကြည့်ကာ ...

''နေ့လယ်စာ ပြန်စားပါ မှူးလေး ရယ် .. အရင်နေ့တွေလို ညနေဘက်ထိ အပြင်မှာ မနေနဲ့ နော် .. နေ့လယ်စာကို အပြင်မှာ မစားပါနဲ့ မှူး ရယ် ..''

ဟု ဒေါ်ကြီးမွှေး ပြောလာသည်။ မှူး နေ့လယ်စာ မစားတာလည်း ဒက်ဒီလည်း သိနေမည်သာ။ တစ်ခုခု အပြင်မှာ ဝယ်စားလိုက်မည်ဟုတော့ တွေးထားမည်သာ။

ဒါပေမယ့် ခုလို .. အိမ်ထဲမှာ အေးစက်ငြိမ်ကျလွန်းနေသည့် ကြေ





ကွဲမှုကြီးတစ်ခု တိတ်ဆိတ်လွန်းစွာ အုပ်မိုးနေတာကို ဒက်ဒီလည်း စိတ်ထိခိုက်နေသည့်နှယ် ..၊ အားလုံးလည်း စိတ်မကောင်းဖြစ်နေကြမည်သာတည့်။

ဒေါ်ကြီးမွှေး ရော .. ဘဘဆောင်း ရော .. လေးလေးရွှေ ရော စိတ်လက်မချမ်းမြေ့ပဲရှိကြမှာ သေချာသည်။ အရမ်း လေပေါသော မိလုံးသည်ပင်လျှင် ခုရက်ပိုင်းအတွင်းမှာ နှုတ်ဆိတ်ငြိမ်နေသည်။ ကြည့်ရတာအဒေါ်ကြီးဖြစ်သည့် ဒေါ်ကြီးမွှေး မှ မိလုံး ပေါတာလေးကိုလည်း လေကြောပစ်မနေဖို့များ သတိပေးထားသည်လား မသိ ..။

''ချမ်းလေး လည်း မနေ့က ရောက်လာတာပဲ .. ခုရက်ပိုင်းမှာ မနက်တိုင်း အိမ်ကစောပြီး အပြင်ထွက်သွားတဲ့ မှူး ကို သူလည်း အံ့ဩနေပုံ ရတယ် .. အလုပ်လည်း မသွားဘူးဆိုတာ လွှတ်ခနဲ ဒေါ်ကြီး ပြောဖြစ်လိုက်မိတယ်လေ ..၊ သူ .. တော်တော် စိတ်ပူသွားပုံပဲကွယ် .. နောက်တော့မှ .. ကဗျာစပ်ဖို့များ .. ကျိတ်ကြံနေလား မသိဘူးလို့ မျက်နှာလေးပြုံးပြီး ပြောလာတယ်လေ .. မှူးလေး တော့ လူတွေကြားထဲမှာ .. ပလက်ဖောင်း လက်ဖက်ရည်ဆိုင်လေး တစ်ခုခုမှာ .. ဒါမှမဟုတ်.. ကုန်တိုက်တွေမှာ .. ပန်းခြံတွေမှာ .. လူတွေကို .. လိုက်လိုက်လေ့လာပြီး .. ကဗျာလေးတွေ စိတ်ကူးနဲ့ မွေးဖွားနေလား မသိဘူးတဲ့လေ .. ဒေါ်ကြီး မသိလို့ မေးချင်တယ် မှူး ရဲ့ .. ချမ်းလေး ပြောသလို .. ဘာတဲ့ .. ကဗျာကုန်ကြမ်း အဲသလို ရှာရသဘော ဟင် ..''

ဟု မေးလာတော့ မှူး ရင်ထဲ ပို၍မကောင်း ..၊ အမြဲ အကောင်းဘက်က ကြည့်ပေး တွေးပေးတတ်ပါသည့် ကိုကို ..။

မှူး .. ကိုကို့ကို မခံ့ချင်၍ တမင်အစောကြီးထွက်နေသည့်ကိစ္စ.. ဘာမှ မသိရှာ ..၊ ကဗျာကုန်ကြမ်း အရှာထွက်နေသည်ဟုပင် ပြောနေသေးသည့်အဖြစ် ..၊ တကယ်က ခါတိုင်းလို လာနေကျ .. ဝင်နေထွက်နေကျ ကိုကို .. မနက်ဘက် ရောက်လာချိန်မတိုင်ခင် မှူး စော၍



www.burmeseclassic.com

www.burmeseclassic.com



ထွက်ထွက်သွားမိခြင်းမှာ ကိုကို့ကို မကြည့်ရက်၍ပါ ..၊ သနားရလွန်း၍ပါ။ ဒက်ဒီ့ဘက်က ပြောခဲ့သည့် သတိပေး စကားတစ်ခုသည် ကိုကိုနှင့် မှူး ကြားမှာ ဟန်ဆောင်သော အတတ်ပညာတစ်ခုကို မှူး ဘက်က မကျွမ်းကျင် မပိုင်နိုင်လွန်းစွာ ကျင့်သုံးနေစေမှာလည်း သေချာနေလျက်..၊

ခါတိုင်းနှယ် ပြုံးဟယ်ရယ်ဟယ်လည်း မလုပ်နိုင်တော့သည့် ကိုယ့်အဖြစ်ကိုလည်း ကိုယ်သိနေရင်း မှူး ရှောင်နေရခြင်းပါ။ ဒါပေမယ့် .. ခက်သည်က ဤကိစ္စသည် ရေတိုနှင့် ပြီးမှာမဟုတ် ..။ တော်ဝင်မှူးနှင့် သရဖီဦးတို့၏ နှစ်အိမ့်တစ်အိမ် ဆက်ဆံရေး မှာ တစ်သက်တာ ကာလရှည်ကြာနေရမည့်ကိစ္စကြီး လာဖြစ်နေသည်။

ဘာကြောင့်ဆို .. ဒက်ဒီ့စိတ်ထဲမှာက .. ဤစိတ်ဓာတ်ပဲ ရှိနေသည်လေ ..၊ မှူး လည်း ဦးနှောက်တွေ ပူထူနေပြီ ..၊ နောက်ကျိနေပြီ..။ ရှေ့ခရီးသည် ပင်ပန်းမည့်ခရီး ဖြစ်နေသည်။ စိတ်ပင်ပန်းလွန်းနေတော့ လူလည်း မလန်းရပြီ ..။

"ဟုတ်တယ် ဖေါကြီးမွေး .. မှူး .. ကဗျာစပ်မလို့ .. အဲဒါ .. လူတွေကြားထဲမှာ .. လေ့လာမှ ဖြစ်မှာလေ .. ကုလားထိုင်မှာထိုင်ပြီး စားပွဲပေါ်မှာ ဖိုင်တွေတင်ထားရင်း .. ကဗျာအကြောင်း စဉ်းစားဖို့ဆိုတာက.. အလုပ်တွေက အုပ်စီးသွားတာချည်းပဲ .."

ဟု ဖြေတော့ ဖေါကြီးမွေး နည်းနည်း မျက်နှာလန်းလာသည်။ သားအဖနှစ်ယောက်ကြားထဲ တစ်ခုခုများ အဆင်မပြေဖြစ်နေသည်လားဟု စိတ်ပူနေတာ အတန်မျှ သက်သာရာ ရသွားသည့်ဟန် ..။

"အဲဒါ .. အလုပ်ဘက် အဆက် ခဏဖြတ်ထားတာကို .. ဒက်ဒီကလည်း စိတ်ပူနေတယ်လေ .. စာပေဘက်ပဲ အရမ်းဖောင်းပေးသွားမှာစိုးတယ်တဲ့ .. ဒက်ဒီကတော့ .. အလုပ်လည်း လုပ် .. စာလည်းရေးဆိုတာမျိုး ဖြစ်စေချင်တာ .. ခု .. မှူး .. အပြင်ခဏသွားလိုက်ဦးမယ် .."





ဟု ပြောမိရသည်က .. မှူး စက်ရုံနှင့် အရောင်းစင်တာဘက် မရောက်ဖြစ်နေတာကို ဒက်ဒီ့ဘက်က အလုပ်ဘက် စိတ်ပေါ့သွားမှာစိုးပြီး မျက်နှာမကောင်းဖြစ်နေသည်ဟု သဘောပေါက်သွားစေဖို့အတွက် ဖေါကြီးမွေးကို ထည့်ပြောမိခြင်း ..။

ထိုသို့ ပြောလိုက်ခြင်းသည် ကိုကို ရောက်လာချိန်မှာ .. ထိုသို့နှယ်ပင် သံယောင်ကူး၍ ဖေါကြီး ပြောပြစေချင်၍ပါ။ ဒါဆို .. ကိုကိုကလည်း .. ကိုကို ထင်နေသည့် ကဗျာကုန်ကြမ်းရှာနေခြင်းဟု ပို၍ စိတ်ချလက်ချ ဖြစ်သွားချေမည်သာ ..။

မှူး ကားလေးဖြင့် ထွက်လာချိန်မှာ ဥယျာဉ်ဆီမှ ဘဘဆောင်းလည်း လှမ်းကြည့်နေရှာပါ၏။ ပန်းတွေကို အရမ်းဂရုစိုက်တတ်ပါလေသော ဘဘဆောင်း ဆိုတာက မှူး ကို ငယ်ကတည်းက ချီပွေ့လာသည့်သူပါ။ သားသမီးနှယ် ဘဘဆောင်း သံယောဇဉ်ကြီးတာ မှူး သိပါသည်။ ဘဘဆောင်း ၏ တူတော်သည့် လေးလေးရွှေ ဆိုတာကလည်း တော်ဝင်မှူး၏ ဒရိုင်ဘာဖြစ်ကာ .. ခုရက်ပိုင်းအတွင်း မှူး ပဲ ကိုယ်တိုင် ကားမောင်းထွက်နေတာမို့ အိမ်မှာပဲ လေးလေးရွှေ ကျန်နေရတာများနေခဲ့ပြီ ..။

မှူး ပေါ်တီကိုအောက်မှာ ရပ်ထားသည့် ကားပေါ်အတက်မှာ လေးလေးရွှေ ခမျာ ခပ်သုတ်သုတ် လျှောက်လာသည်ပါပဲ။ ကားမောင်းပို့ပေးဖို့ဆိုတာ မှူး သိပါသည်။ ဒါပေမယ့် .. မှူး ပဲ မောင်းထွက်သွားတာမို့ လေးလေးရွှေ ငိုင်၍ ကျန်ခဲ့သည်ပါပဲ ..။

"ခက်တယ် .. ရေရှည် ခုလို .. ငါနေနေလို့ ဖြစ်မှာတော့ မဟုတ်ဘူး .. ဒါက .. အမြဲရင်ဆိုင်နေရမယ့်ကိစ္စ .. ကိုကိုနဲ့ ငါ့ကို ဒက်ဒီကလည်း ဘယ်တော့မှ တူတန်တယ်လို့ကို ထင်မှာမဟုတ်သလို .. ငါကလည်း .. ကိုကို့ကို ပစ်ပစ်ခါခါ မလုပ်နိုင်တာကလည်း တစ်သက်တာအတွက် ဖြစ်နေမှာပဲ .. ခက်ပြီ .. ငါ .. ငါ .. ဘယ်လောက်ထိ .. အို..



www.burmeseclassic.com

www.burmeseclassic.com



ရက်တွေ .. လတွေ .. ဘယ်လောက်ထိ .. ခုလို .. ကားတစ်စီးနဲ့ အိမ်က ထွက်ထွက်သွားလို့ ဖြစ်နိုင်ပါ့မလဲ .. ငါ .. အလုပ်ထဲ ပြန်ရောက်ရမှာပဲ.. ကိုကို့ကိုလည်း မဆုံနိုင်အောင် မနက်တိုင်း ငါ ရှောင်သွားနေပေမယ့်.. ညနေဘက်ကျတော့လည်း ဆုံနေရတာပဲ မဟုတ်လား .. အဲသလိုအခါမှာ .. ဒီရက်ပိုင်းအတွင်းမှာ ဒက်ဒီက ကိုကို့ကိုအကြောင်း တစ်ခုမဟုတ်တစ်ခုနဲ့ ဒက်ဒီ့နား ခေါ်ခေါ်ထားပြီး အလုပ်ကိစ္စပြောလိုက် .. ကိုကိုတို့ရဲ့ တိမ်ပြာဟိုတယ်ကိစ္စ မေးလိုက် .. အဲသလို လုပ်လုပ်နေတာမို့ရော.. ငါကလည်း .. ဒက်ဒီ့ဘေးမှာပဲ ထိုင်နေလိုက်တာပဲ အေးပါတယ်ဆိုပြီး ထိုင်နေလိုက်တာကြောင့်ရော .. ကိုကိုနဲ့ ငါ .. နှစ်ယောက်တည်း .. အရင်တုန်းကလို .. ပန်းခြံထဲ စကားပြောလိုက် .. မီးဖိုဆောင်ထဲ တစ်ခုခု စားနေလိုက် .. ဆိုတ မျိုးတွေ .. ဖြစ်မလာနိုင်ခဲ့ဘူး .. ဒါပေမယ့် .. အဲသလို .. ဘယ်လော က်ကြာအောင် ဒက်ဒီက .. ကိုကို့ကို .. အတူတူရှိနေအောင် ခေါ်ခေါ်ထ ားနိုင်ပါ့မလဲ .. ငါကရော .. ခုရက်ပိုင်းအတွင်း.. သရဖီဦးကို မရောက် ရှိနေတဲ့ကိစ္စ .. ကိုကို့ကို နှစ်ယောက်မဆုံအောင် ကြိုးစားနေရတဲ့ကိစ္စတွေကို .. ဘယ်လောက်ကြာအောင် .. အချိန်တွေ ဆွဲဆန့်ထားနိုင်ပါ့မလဲ .. ခက်ပြီ ..”

မှူး ကားမောင်းနေရင်း ရင်ထဲမသက်မသာ ဖြစ်ရသည်။ ရင်ထဲ ကြေကွဲလှိုက်ခါလာနေရသည်။ ကြာလျှင် ကိုကို ရိပ်မိသွားချေမည်သာ.. ဘယ်ကောင်းတော့မည်တဲ့လဲလေ ..။ မှူး မှာ ကိုကို့အပေါ်ထားသည့် သံယောဇဉ်ကြီးဖြင့် ကိုကို့ကို အပူမကူးအောင် နှလုံးသားတံတိုင်းဖြင့် ကာနေမိရသည့်ကိစ္စကရော .. အဘယ်မျှထိ ပိရိနေနိုင်ပါ့မည်တဲ့လဲ လေ..၊

ဤကိစ္စက ရှေ့ရေးကိ ဖြစ်နေသည်။ မှူး မှာ ရင်ထဲဆို့နေရသည် ပါပဲ ..။

ထိုစဉ်ခိုက် မှူး ၏ လက်ကိုင်ဖုန်းလေး မြည်လာတာမို့ နံပါတ်ကို





ကြည့်လိုက်တော့ ကိုကို့ဖုန်း ဖြစ်နေသည်။ မထူးပဲနေလျှင် ကိုကို စိတ်မကောင်းဖြစ်ဦးမည်။ အိမ်နှင့်လည်း မဝေးလှသေးတာမို့ ကားကို လမ်းဘေးခဏ ရပ်လိုက်မိရကာ ...

“မှူး ပါ ကိုကို ..”

ဟု ထူးလိုက်ရသည်ပါပဲ ..။

“မှူးလေး .. ကိုကို မေးမယ် .. မှန်မှန်ဖြေ .. မနက်တိုင်း ဘာကိစ္စနဲ့ ခုလို ထွက်ထွက်သွားနေရတာလဲ .. အန်ကယ်လည်း မျက်နှာမကောင်းတာ ကိုကို သိနေတယ် နော် .. ခုလည် မှူး ရဲ့ ကားလေး ထွက်သွားတာ သရဖီဦးရဲ့ လသာဆောင်ကနေပြီး ကိုကို လှမ်းမြင်တယ်.. ဝေးဝေး မရောက်သေးခင်မှာ ကိုကို ဖုန်းလှမ်းခေါ်လိုက်တာ.. ဒီနေ့ဆိုရင် ငါးရက်ရှိနေပြီ မှူးလေး .. မနက်တိုင်း ကိုကို ရောက်ချိန်ဆိုရင် မှူး ရှိမနေဘူး .. အန်ကယ်ကလည်း ခါတိုင်းနေ့တွေထက် စောပြီး စက်ရုံကို ထွက်သွားပြီးနေပြီ .. ညနေဘက် ကိုကို ရောက်လာရင်လည်း အန်ကယ်က ကိုကို့ကို အနားက ခွာမသွားရအောင် စကားမပြတ် ပြောထားတတ်သလို .. မှူး ကလည်း အန်ကယ့်နားမှာပဲ တူတူထိုင်နေတတ်တယ် .. ခါတိုင်းလို ကိုကိုနဲ့အတူ စကားလေးတွေ ပြောနေတာမျိုး ရှိမလာတော့ဘူး .. ကိုကို့စိတ်ထဲမှာ တစ်ခုလေးနေတယ် မှူးရယ် .. အန်ကယ်နဲ့ မှူး တို့ကြားမှာ တစ်ခုခုများ စိတ်အခန့်မသင့်တာ ရှိနေလားလို့ .. ဘာလို့လဲဆိုတော့ မှူး စက်ရုံကိုရော ကားအရောင်းစင်တာကိုရော မသွားပဲ နေနေတယ်လို့ ဒေါ်ကြီးမွေး ကိုကို့ကို ပြောပြတယ်လေ .. အန်ကယ်နဲ့ မှူး တို့ နှစ်ယောက်ကြားမှာ တစ်ခုခုဖြစ်နေတာကို ရိပ်မိလို့ ကိုကို မှူး ကို ဖွင့်မေးမှာ အန်ကယ်လည်း စိုးရိမ်နေတယ် .. မှူး လည်း စိတ်ပူနေတယ်လို့ ကိုကို ထင်တယ် .. ဒါကြောင့် .. ကိုကိုနဲ့ မှူး နှစ်ယောက်ချင်း ညနေဘက်မှာလည်း မဆုံအောင် အန်ကယ်ရော မှူး ရော ကြိုးစားနေကြတယ် .. အဲသလိုဖြစ်ဖို့ အန်ကယ်ရောလည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကို အနားမှာခေါ်ထားသလို .. မှူး ကလည်း .. အန်ကယ့်အနီးမှာပဲ ပေတေထိုင်နေတတ်တယ်လေ .. ဒါပေမယ့် ကိုကို .. သိနေတယ် .. အန်ကယ့်ကို မှူးလေး စိတ်တစ်ခုခု ကောက်နေတယ်လို့ .. ဘာလို့လဲ ဆိုတော့ .. ကိုကိုရယ်.. အန်ကယ်ရယ် .. မှူး ရယ် .. သုံးယောက်ရှိနေတဲ့ အဲဒီလို ညနေခင်း စကားဝိုင်းလေးမှာ .. မှူး နဲ့ အန်ကယ်တို့နှစ်ယောက် စလုံးဟာ တစ်ယောက်နဲ့တစ်ယောက် သိပ်ပြီးစကားပြောဖြစ်ကြတာ မရှိပဲ .. မှူး က ကိုကို ပြောတာ .. အန်ကယ် ပြောတာတွေကို ငြိမ်နားထောင်နေတဲ့လူ လုပ်နေတယ်.. အန်ကယ်ကလည်း ကိုကို့ကို .. ဦးတည်ပြီး အလုပ်ကိစ္စ .. ခေါင်းတည်ပြီးပြောတာပဲ များနေတယ်လေ ..၊ ကိုကို စိတ်ပူတယ် မှူး ရယ် .. မှူး ကို .. အန်ကယ် ဘာများ ပြောထားလဲ ဟင် .. မှူးလေး ကိုများ အိမ်ထောင်ချပေးမယ်လို့ ပြောနေတာတွေ ရှိလာလို့လား ဟင်.. မှူး လက်မခံနိုင်တဲ့သူတစ်ယောက်ယောက်နဲ့ပေါ့.. ကိုကို လန့်နေတယ် မှူး ရယ် ..”

မှူး လန့်ခနဲ ဖြစ်သွားရပါပြီ ..၊ မှူး ပင် ထိုအတွေးမျိုး လောလောဆယ်မှာ မတွေးမိခဲ့ ..။ အဘယ်မျှထိ ညံ့လိုက်ပါတဲ့လဲလေ ..။

ဟုတ်သည် ..၊ ဒက်ဒီသည် မှူး ကို အမြန်ဆုံး နေရာချပေးဖို့ စီစဉ်နိုင်သည်။ ကျိတ်ကြံစည်နိုင်သည်။ ဒါမှ .. ကိုကိုနှင့် ဝေးမည်လေ။ ထိုအတွေးမျိုး ဘာကြောင့်များ မှူး မတွေးမိရပါသတဲ့လဲ ..။

ဒက်ဒီက ပြတ်ပြတ်သားသား ဒက်ဒီ့ဘက်က သဘောထားကို ပြောထားပြီးပြီ။ ကိုကိုနှင့် ဘယ်လိုမှ သဘောမတူနိုင်ပါဟူ၍ ...။ ထိုသို့ ကိုကို့ကို မတူမတန်လုပ်ရပါမို့လားဟု မှူး ကလည်း ဒက်ဒီ့ကို ပြတ်ပြတ်သားသား နေပြခဲ့ပြီးပြီ။ အလုပ်လည်း မသွား။ ဒက်ဒီနှင့်လည်း ခါတိုင်းလို သားအဖနှစ်ယောက်ပြောဟယ် .. ချဲဟယ် .. နွဲ့ဟယ်ဆိုတာတွေ ဘာတစ်ခုမှ မှူး မလုပ်ခဲ့တော့ ..။

ဉာဏ်ကိစ္စ ဉာဏ်မျှနှင့် မရပ်ဘဲ ဒက်ဒီ့ဘက်က ရှေ့ခြေတစ်လှမ်းတိုးပြီး





မိနိုင်တာတွေကို မှူး ကြိုမတွေးမိခဲ့ ..။ ဟုတ်သည် ..၊ ကိုကို ပြောသည့်နယ်များ.. မှူး .. မှူး ကို တစ်ယောက်ယောက်နှင့် သဘောမျှက်ထပ်ပေးဖို့ စီမံလိုက်လျှင် ဘယ့်နှယ်လုပ်မည်တဲ့လဲ ..။

ဟင့်အင်း ..၊ မှူး လက်မခံနိုင်..၊ အသေအကျေ ငြင်းဆန်ရမည်သာ ..။

“မှူးလေး ..”

မှူး ဘက်က အရမ်းကို ငြိမ်ကျနေတော့ ကိုကို့ ခေါ်သံက စိုးရိမ်သံတွေ ကဲနေရင်း ပေါ်လာပါပြီ ..။

“တကယ်များ .. အဲသလိုဖြစ်နေသလား မှူးလေး ရယ် .. ဟင်.. မှူး အန်ကယ့်ကို တမင်ရှောင်နေတယ် .. စိတ်ကောက်နေတယ်လို့ ကိုကို ထင်နေတယ် .. သာမန်စိတ်ကောက်တာလေးလောက်ဆိုရင် ကိစ္စမရှိပါဘူး .. မှူးလေး ကို နေရာချပေးဖို့တွေဘာတွေများ ဖြစ်နေရင်.. သားအဖနှစ်ယောက် စိတ်အခန့်မသင့်တာကွဲများ ဖြစ်နေကြတယ်ဆိုရင်ဖြင့်.. ကိုကို .. စိတ်ပူလှပြီ ကလေးရယ် .. ကိုကို့ကို မှူးလေး ရင်ထဲခံစားရတာတွေကို ကိုကို့ကို ဖွင့်မပြောပြနိုင်အောင် အန်ကယ်က .. ကိုကို့ကို .. သူ့နားမှာ အသေခေါ်ထားတယ်လို့ ကိုကို စိတ်ထဲ ထင့်နေတယ်ကွယ် ..”

မှူး မျက်ရည်ကျလာသည်။ ကိုကိုနဲ့ ကင်းအောင်နေခိုင်းတာ ကိုကို ရဲ့ .. ဟု အော်ပြောရင်း သည်းလှိုက်ဆူ ငိုချလိုက်ချင်သည်ပါပဲ..။ ဒါပေမယ့် ဟန်ဆယ်၍ ရယ်သံလေးပေါ်လာအောင် ကြိုးစားလိုက်ရသည်က မှူး ပါ ..။

“ကြံကြံစည်စည် ကိုကိုရယ် .. ဖွ .. လွဲစေ .. ဖယ်စေ .. ဘယ်ကသူနဲ့ မှူး လက်ထပ်ဖို့တွေဘာတွေ ဒက်ဒီ စီမံပါ့မလဲ ကိုကိုရဲ့ .. ကိုကို ဘာလေ .. တွေးလိုက်ရင် .. ဘာတွေမှန်းမသိဘူး .. ကိုကို ပြောတော့ မှူး လန့်လာတယ် သိလား.. ဒက်ဒီ့ အတွေးထဲ အဲဒီစိတ်ကူးတွေ ရှိသွား



www.burmeseclassic.com

www.burmeseclassic.com



မှာကိုလေ ..''

ဟု ပြောတော့ ကိုကို ဘာမျှမပြော ..၊ ငြိမ်နေသည်။ ဘာသံမျှ ထွက်မလာ ..။ မှူး ၏ စကားသံကို ယုံသင့်မယုံသင့် ချိန်ဆနေပုံ ရ ပါ၏။

''မှူး တစ်နေ့တစ်နေ့ အလုပ်နဲ့ချည်း ပိနေတာ ကိုကို .. အဲဒါ ကဗျာလေးစာလေးရေးဖို့ဆိုတာ ခေါင်းလေးကြည့်မှ ကိုကိုရဲ့ .. ဒါ ကြောင့် .. အလုပ်ကို ခဏဖြတ်ထားတာ .. အဲဒါကို ဒက်ဒီ စိတ်ပူနေပုံ ရပါတယ် ကိုကိုရယ် .. အလုပ်ဘက် ပေါ့သွားမှာကိုလေ .. စက်ရုံကြီး ဟာ ဒက်ဒီ့ သွေးကြောကြီးလို ဖြစ်နေတာ မဟုတ်လား .. အသက်ပဲ လေ ..''

ဟု မှူး ပြောတော့ ကိုကို့ထံမှ ...

''တကယ်လား မှူး .. ဟင် .. ကိုကို စိတ်ပူနေတာနော် .. အရင် အချိန်တွေတုန်းကလို .. မှူး နဲ့ မနက်ဘက်မှာ မနက်စာကို .. တော်ဝင် မှူးမှာပဲဖြစ်ဖြစ် .. သရဖီဦးမှာပဲဖြစ်ဖြစ် .. စားချင်တယ်၊ .. ညနေဘက် စကားလေးတွေ ပြောချင်တယ် .. စိတ်ထဲ အေးချမ်းခဲ့ရတဲ့ မနက်လေး တွေ .. ညနေခင်းလေးတွေ .. ကိုကို ဆုံးရှုံးရတော့မလားလို့ စိတ်ပူနေ တယ် မှူး .. ဒါပေမယ့် မှူး ရယ် .. တစ်နေ့တော့ .. အန်ကယ်ဟာ .. မှူးလေး ကို .. စိတ်ချရတဲ့သူတစ်ယောက်ယောက်နဲ့ .. နေရာချပေးမှာ ပါပဲ .. အဲဒီအခါကျတော့လည်း .. ကိုကို .. ကျန်ခဲ့မှာပေါ့ မှူးလေး ရယ် .. လွမ်းရင်းလေ ..''

ကိုကို့ အသံတွေ နင့်ခါနေတာ ကြားနေရတော့ မှူး ရင်ထဲမချိ မှူး ရဲ့ ရင်က အရင်ကျေနေတာပါ ကိုကို .. ဟု မပြောထွက်ရက် .. မျက်ရည်သာ ကျလာရသည်ပါပဲ ..။

''ကိုကို အဲလို ပြောတော့ မှူး ရင်ထဲ ငိုချင်လာတယ် ကိုကို ..''

မှူး တကယ်လည်း ငိုချင်နေလေသမျှ ထိန်းပြောနေရရင်းမှ အသံ





လေးတွေ တုန်ခါလာရချေတော့ .. ကိုကို နောင်တဖြစ်သွားပုံဖြင့် ..

''ဟုတ်ပါရဲ့ .. ကိုကိုဖြင့် မှားပြီ .. ရင်ထဲမခံနိုင်လို့ မေးမိတာ.. စိတ်ကုန်ပါပေါ့လားလေ ..''

ကိုကို့အသံက ညည်းသဲ့သဲ့ နိုင်နေသည်။ မှူး မြင်နေရပါပြီကော လေ ..၊ ကိုကို့ရင်ထဲမှ ချစ်ခြင်းများစွာကို မြင်နေရသည်တည့် ..။ ဖွင့် ပြောရက်၍သာ ကိုကို မျိုသိပ်ထားခဲ့ရှာမည်။

ခုလို .. ရင်ထဲပူလာချိန်မှာ ကိုကို တစ်ယောက်တည်း ယောက် ယက်ခတ်မှု ဖြစ်နေရင်း ဟန်မဆယ်နိုင်ဘဲ ဖုန်းဆက်၍ ဖွင့်မေးလာ ခြင်း ..၊

ဒါပေမယ့် .. ခုထိ .. မှူး ကို ..၊

''ကိုကို သိပ်ချစ်တာပဲ မှူးလေး ရယ် ..''

ဟု ဖွင့်မပြောရက်ရှာ ..၊ ကိုကို့ခမျာ ဒုက္ခိတဘဝပေမို့ ဖွင့်လည်း ပြောရက် ..၊ ခွဲလည်း မခွဲနိုင်ဖြင့် မျိုမရ ထွေးမနိုင် ဖြစ်နေရရှာသည် ထင်တာလေ ...။

''မှူး ကို .. အန်ကယ်က .. ဘယ်သူနဲ့မှ နေရာချပေးဖို့ ပြောတာ မရှိပါဘူးဆိုတာ .. ဒီညနေမှာ .. ကိုကို့မျက်နှာကို တည့်တည့်မော့ကြည့် ရင်း .. မှူးလေး ပြောတာကို ကိုကို ကြားချင်တယ် မှူး .. ကိုကို .. ညနေ .. မှူး နဲ့ နှစ်ယောက်ချင်း စကားမပြောရမချင်း တော်ဝင်မှူး က မပြန်ဘဲ ပေတေနေမှာ နော် .. ထမင်းပါ စားပစ်မှာ .. ညစာ ..''

ဟု ပြောလာပုံက ရင်ထဲက ကြေကွဲခံစားချက်တွေကြောင့်ဆိုတာ သိနေရသည်။

''တကယ်ပါ ကိုကိုရဲ့.. ဒက်ဒီက .. မှူး ကို.. ဘယ်သူနဲ့မှ .. စီမံ မယ်ဆိုတဲ့ စကား .. ခုထိ မပြောတာ အမှန်ပါပဲ .. ဒက်ဒီ့ စိတ်ထဲမှာ.. မှူး ကို .. ကလေးလေးလိုပဲ ရှိနေတာပါ ကိုကိုရဲ့ ..''

ဟု ပြောကာ မှူး တစ်ချက်ရယ်သံလေးဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"မနက်ကြီးမှာ ကိုကိုရယ် .. ဘာတွေလာမေးမှန်း မသိဘူး.. ခု
မှုူး .. ကိုကို့ကို ရှက်လာတယ် သိလား .. ဘာလဲ .. ကိုကိုက ..
ကို.. လူကြီးလေးလို့ မြင်လာပြီဆိုပါတော့ .. အိမ်ထောင်ပြုရမယ့်အရွ
ဆိုပြီးတော့လေ .."

ဟု ပြောပြီးတာနှင့် ကိုကို ဘာမှ ဆက်မပြောခင်မှာ ...

"မှုူး သွားတော့မယ် ကိုကို .. ဖုန်းပိတ်လိုက်တော့မယ် နော်

ဟု ပြောကာ ဖုန်းလေးကို စက်ပါပိတ်လိုက်မိရသည်က မှုူး ပါ

ထိုအခါမှ မှုူး မျက်ရည်ကျလာသည်။ တကယ်က .. ကိုကို
မှုူး သည် .. ဝေးပြီးနေသောသူနှစ်ယောက်ပါတကား ..'

ဒက်ဒီအတွက်.. ဘယ်သောအခါတွင်မှ ကြည်ဖြူမှာ မဟုတ်
သည့် ကိုကို ...၊ ဘယ်သောအခါတွင်မှ .. မှုူး ၏လက်လေးကို လက်
ဖော်အဖြစ် ကိုကို့လက်တွေက ထွေးကိုင်ခွင့် မရှိစေရဖို့ ဒက်ဒီ ဆုံးဖြ
ထားခဲ့မလသမျှ ...၊ မှုူး.. ဖွင့်မပြောရက်၍ .. အဖြေမှန်တစ်ခုကို
မှုူး ထိမ်ချန်ခဲ့ရပါသည် ကိုကို ...။

မှုူး သည် .. ကိုကို၏ မှုူး .. မဖြစ်နိုင်သည့်နှယ် ...၊ ကိုကိုသ
လည်း .. မှုူး ၏ ကိုကို .. ဘယ်သောအခါတွင်မှ ဖြစ်လာခွင့် မကြုံရ
သည်ကောလေ ...၊





## အခန်း (၆)

"သူမှ မနေချင်တော့တာပဲ အမေရယ် .. အမေ့စည်းကမ်းကို မလိုက်နာရင် .. သူ အဲဒီအခန်းမှာ ငှားနေခွင့်မရှိဘူးဆိုတာ အစကတည်းက အမေ သူ့ကို ပြောထားတာပဲဥစ္စာ .. ညဘက် အိမ်ပြန်အရမ်းနောက်ကျတဲ့ကိစ္စ ,, အမေ သူ့ကို ပြောတာဟာ .. သူ့ကောင်းကျိုးအတွက်ပဲဆိုတာ သူ နားလည်ရမှာပေါ့ .. အခု မနက်မှာ .. အမေ အဲဒါပြောတော့ စိတ်လက်ဆိုးပြီး .. စပေါတွေဘာတွေ ပြန်တောင်းပြီးတော့ .. အိမ်ကထွက်သွားတာကို .. ဘာမှ စိတ်ထဲမထားနဲ့ အမေ .. သားလည်း အလုပ်ရှိနေပြီပဲဥစ္စာ .. တက္ကစီဒရိုင်ဘာဆိုတော့ .. အရင်အလုပ်ထက် ပိုပြီး ဝင်ငွေကောင်းပါတယ် .. လူလည်း လွတ်လပ်နေတာပဲ အမေ .. ရီရီ အိမ်မငှားတော့တာ အမေ့စိတ်ထဲ ဘာမှမထားနဲ့ .. စဘော်ငွေ ပြန်အမ်းလိုက်ရတာလည်း စိတ်ထဲမကောင်း မဖြစ်နဲ့ အမေ .."

နတ်သျှင်နောင်ရတုစာအုပ်လေးကို ရွေးချယ်ဝယ်ပြီး ငွေရှင်းနေသည့် မှုူး ၏ နောက်ကျောဘက်ဆီမှ ဖုန်းမြည်သံ ...၊ စကားပြောသံ ကြားနေရသည်။ စိတ်ထဲ ဤအသံ ကြားဖူးသယောင်ရှိ၏။ ရင်းနှီးသူ တစ်ယောက်ယောက်၏အသံ ဖြစ်မနေတာကိုလည်း စိတ်မှတ်ဉာဏ် အသိက ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူပါလိမ့်ဟု စိတ်ထဲက တစ်ချက်တွေးမိသည်။ ဟုတ်သည် ..။ ဤအသံ ..။ မှူး ကြားဖူးနေသည် ..။ မှတ်ဉာဏ်အာရုံထဲမှာ ရှိနေသည်။ ဒါပေမယ့် .. မှူး ၏ ထုံးစံအတိုင်း လှည့်မကြည့် ..၊ မှူး ဆိုတာ ဘယ်သူ့ကိုမှ မသေချာဘဲ လှည့်ကြည့်ရိုးထုံးစံ မရှိ ..။

"စာအုပ်လာဝယ်တာလား မမှူး .."

မေးသံပေါ်လာတာမို့ မှူး နောက်ကို လှည့်ကြည့်မိလိုက်ရပါ၏။ လမ်းဘေးစာအုပ်အဟောင်းဆိုင်တန်းလေးမှာ စာအုပ်ဝယ်သူတွေ သိပ်မများလှ ..၊ ဟိုဆိုင်သည်ဆိုင် လူနည်းနည်း ကြဲကြဲဖြင့် ဝယ်သူ ကြည့်သူ တချို့ပဲ ရှိနေကြသည်။ မှူး နောက်မှာ ရပ်နေသည့်သူက တရင်းတချာနိုင်စွာ ပြုံး၍ကြည့်နေ၏။ ထူထဲသော မျက်တောင်ကြီးတွေက သူ့မျက်နှာမှာ အထင်ရှားဆုံး ဖြစ်နေသည်။ ငြိမ်းဋ္ဌေးစည် ပါလားလေ ..၊

မှူး စိတ်လက်ရှုပ်ထွေးသွားရသည်ပါပဲ ..၊ ဘယ်အချိန်ကြုံကြုံ .. ဆုံဆုံ .. စိတ်ချမ်းသာချိန်ကို မရှိ ..။ ပထမတုန်းကတော့ မှူး ၏ စာအုပ်လေးကို ရေမြောင်းထဲကျအောင် နမော်နမဲ့နိုင်စွာ ဝင်တိုးခဲ့သည်။ ခုကျတော့လည်း မှူး နှင့် ဒက်ဒီကြားမှာ စိတ်မချမ်းသာစရာ တွေကြုံနေရချိန် ဖြစ်နေသည်။ ဤအချိန်ကျတော့မှ သူနှင့် တိုက်တိုက်ဆိုင်ဆိုင်လာ ဆုံရပြန်ပြီတည့်။

အိမ်နေအဝတ်အစားလေးဖြင့် နားကပ်လေးမှလွဲ၍ လက်ဝတ်လက်စား ဘာမျှ ဝတ်မထားသော မှူး သည် ခုတစ်ကြိမ်မှာလည်း သူနှင့် ပထမဆုံးအကြိမ် တိုးခဲ့ရသည့်အချိန်တုန်းကနှယ်ပင် ချမ်းသောင့်ချမ်းသာအလွှာထဲက မှူး ဆိုတာနှင့် တူမနေ ..။ သူကတော့ ခုလည်း သပ်သပ်ရပ်ရပ်လေး ဝတ်ထားသည်။ မီးပူကျ ပုဆိုးအပြာကွက်စိတ်လေးနှင့် ရှပ်လည်ကတုံးလက်ရှည်အဖြူကို လက်ကြယ်သီးကအစ တပ်ထားသည်။ ခုတစ်ကြိမ်မှာတော့ သူ့ပခုံးထက်မှာ လွယ်အိတ်လေး လွယ်မထား ..၊ သူ့အကြည့်က မှူး ၏ လက်ထဲမှ နှုတ်သျှင်နှောင်ရတုပေါင်း





ချုပ် စာအုပ်လေးဆီသို့ ရောက်၏။

"ဒါ .. တကယ့်မူလလက်ဟောင်း စာအုပ်လေးပဲ မမှူး .. ဟံသာဝတီပုံနှိပ်တိုက်က ထုတ်တဲ့ စာအုပ်လေးပဲ .. ကိုယ့်ဆီမှာလည်း တစ်အုပ်ရှိတယ် .. ပထမအကြိမ် ထုတ်ဝေတာက တစ်ထောင့်ကိုးရာနှစ်ဆယ်မှာလေ .. စာအုပ်ထဲက မှတ်တမ်းအရ သိထားရတာပါ .. သန္တာလိုလို၊ မြသိုတာချို့၊ ရွှေသို့တစ်ဝက်၊ ဖူးထွက်ရှန့်ရှန့်၊ ညွန့်လည်းဝေဝေ၊ လေးလည်းဘုံ့ရစ်၊ မြစ်လည်းကြည်စံ၊ ခေါ်သံငှက်ရှာ၊ ချစ်ပျူငှာနှင့်၊ ယုဥ်ကာနွဲ့လျက်၊ လည်ချင်းယှက်သည်၊ ကျေးငှက်လွမ်းဖော်ညှို၏သို့ .. ဆိုတဲ့ မိုးတောမယ်ဘွဲ့ ရတုလေးဆိုရင် .. ကိုယ့်ရင်ထဲ တစ်ပိုဒ်တစ်စ စွဲနေတော့တာ ခမှူး .. မမှူး ဒီစာအုပ်လေး ဝယ်ဖြစ်တာ ကောင်းတယ် .."

သူ့အပေါ် မှူး ပထမဆုံးအကြိမ် အထင်ကြီးစိတ် ဖြစ်တည်လာရပါ၏။ သူ့နှုတ်ဖျားဆီမှ နှုတ်သျှင်နှောင်၏ ရတုတစ်ပိုဒ်တစ်စကို အလွတ်တန်း ရွတ်ဆိုနိုင်လောက်အောင်ပင် သူ့ထံမှာ မှတ်ဉာဏ်အားလည်း ကောင်းသည်။ ကဗျာမြတ်နိုးအားလည်း ကောင်းလှချေသည်ကိုးလေ..။

သူနှင့် ဆုံကြုံခြင်းသည် ကံကောင်းခြင်းတွေနှင့် ဝေးနေချိန်များပဲ ဖြစ်နေတတ်သည်ဟု ရင်ထဲ မအီမချင့် ခံစားမိခဲ့သည့် ခံစားချက်တွေ အတန်မျှ လျော့ပါးစပြုလာချေသည်တည့် ..။

"ကိုယ် .. ဒီဘက်စာအုပ်တန်းနား ရောက်လာတော့ .. ကားပါကင်ရှာရပ်ပြီး .. ဒီကို ရောက်လာမိတာ .. စာအုပ်လေးဘာလေး ဝယ်မယ်ပေါ့ဗျာ .. အရင်တုန်းကလို ပျာယာခက်နေအောင် အလုပ်ချိန်မီ ပြန်ပြေးဖို့လည်း မလိုတော့ဘူးလေ .. စိတ်အေးလက်အေးလေး .. စာအုပ်ရှာဝယ်ခွင့်ရတဲ့ဘဝအရသာကို ခံစားဖို့ဆိုပါတော့ .. အဲဒီမှာ နီးလာတော့ မမှူးတို့ လှမ်းတွေ့မိတာနဲ့ .. ဒီဘက်ရောက်လာတာပါ .. ရောက်လာတုန်းမှာပဲ အမေ့ဆီက ဖုန်းဝင်လာတာနဲ့ .. အမေ့ကို ဖုန်းပြောလိုက်ရတာမို့.. ချက်ချင်း နှုတ်မဆက်ဖြစ်တာ မမှူး .. အမေက အခန်းငှားရှိတော့တာ



www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းပြောတာလေ .. အမေ့ ကုန်စုံဆိုင်လေးဘေးမှာ အခန်းပိုလေးတစ်ခု တွဲလျက်ရှိတယ် .. အဲဒီမှာ အခန်းငှားနေတဲ့ ရီရီ .. မနေတဲ့ကိစ္စ လှမ်းပြောလာတာလေ .. ဒါနဲ့ .. ကြုံတုန်းမှာဗျာ .. တစ်ချိန်က မမှူး ကို စာအုပ်လေး မြောင်းထဲကျအောင် လုပ်ခဲ့မိတဲ့ ကိုယ့်အပြစ်တွေ အတန်လေးပြေကျေစေဖို့ .. စာအုပ်လေးတစ်အုပ်လောက်တော့ ဝယ်ပြီး လက်ဆောင်ပေးပါရစေ .. ခဏ နော် .."

ဟု ပြောနေတော့ မှူး ရပ်နေရနိုးနိုး ..၊ ထွက်သွားရနိုးနိုး ဖြစ်နေ၏။ သူက စာပေသမား ..၊ မှူး ကို စာအုပ်လေးတစ်အုပ်လောက် လက်ဆောင်ပေးခွင့် တောင်းသည်။ မှူး ကလည်း စာပေမြတ်နိုးသူ ..၊ စာအုပ်ကို ငြင်းသည်ဆိုခြင်းက မဖြစ်သင့်သည့်ကိစ္စ ..။

နောက်ဆုံးတော့ မှူး ရပ်စောင့်နေလိုက်သည်ပါပဲ ..၊ သူ ပေးမည့် စာအုပ်ဆိုတာကို မှူး လက်မခံဘဲ ထွက်သွားမည်လားဟု သူကလည်း စိုးရိမ်ပုံ ရသည်။ စိတ်မချသလို တစ်ချက်လှည့်ကြည့်၏။ မှူး ရပ်နေတာ မြင်တော့ ဝမ်းသာသွားတာ အရမ်းသိသာသည်။ မျက်ဝန်းတွေ ရွှန်းလဲ့တောက်ပသွားကြကာ အပြုံးတစ်ခုက လွတ်လပ်ပျော်ရွှင်စွာ ဖြစ်တည်၏။ သူ စာအုပ်ကို ဟိုဟိုသည်သည် ကိုင်ကြည့် ..၊ ရှာကြည့်ဖြင့် ရှိနေချိန်မှာ မှူး သူ့ကို ငေးကြည့်ရင်း အားပင်ကျသလိုလို ဖြစ်လာရသည်။

"ကြည့်စမ်း .. သူ့မှာ သောကကင်းနေသလိုပါလား .. အပူအပင်ကို ဖြေယူတတ်ပုံလည်း ရတယ် .. စောစောက စကားထဲမှာ ငါ ကြားခဲ့ရတာပဲလေ .. သူ့အမေဆီက ဖုန်းထဲမှာ စော်ပြန်ပေးရတာ ပါလာတာပဲ သူက .. ဖျောင့်ဖျောင့်ဖျဖျတောင် ပြန်အားပေးလိုက်သေးတယ် .. ငါ .. သူနဲ့ စဆုံတုန်းကလည်း ငါ့စာအုပ်လေးအတွက် ငါ အရမ်းစိတ်ဆင်းရဲနေချိန်မှာ .. သူက .. ပြုံးပြီး .. အဲဒီ အခက်အခဲကို .. ပြေလည်အောင် လုပ်ပေးခဲ့တာပဲ .. ငါ့မှာသာ သူ့လို မဟုတ်တာ .. သောကတွေနဲ့ ပိတ်မိနေတာပါလား .. သူက .. အခက်အခဲကို ရအောင် ဖြေရှင်းမယ်ဆိုတဲ့





စရိုက် ရှိပုံရတယ် .. ဒါပေမယ့် .. ငါ့အခက်အခဲက .. ကိုကို့အပေါ် .. စိမ်းရမယ့်အခက်အခဲ .. ဘယ်လိုမှ ဖြေရှင်းမရတဲ့ ဘဝပါလားနော် .."

မှူး ရင်ထဲမှာ ကိုကို့မျက်နှာလေးပဲ မြင်မြင်လာနေမိရင်း ရင်ထဲမချိစိတ်က အုပ်မိုးနေတာ ဆိုးနေသည်။ စိတ္တဇနယ်ပင် ဖြစ်လာနေရသည် ..၊ ကြေကွဲရိပ်က ရင်ကို အမြဲထိုးနှက်နေသည့်နှယ် ရှိ၏။ ခုလည်းကြည့် ..၊ စိတ်တွေတွေဖြင့် စာအုပ်အဟောင်းတန်းလေးမှာ စာအုပ်လေးသာ ဝယ်ဖြစ်မိခဲ့သည်။ ကိုကို့ကို မေ့မရ ..၊ သူနှင့်ပတ်သက်၍ အားကျစိတ်လေး ဝင်လာမိသည်။ ကိုကို့အကြောင်းက ယှဉ်၍ ရင်ထဲပါလာသည်ပါပဲ ..။ သူ မှူး ထံလို့ လျှောက်လာ၏။ သူ့လက်ထဲမှာ စာအုပ်တစ်အုပ် ပါလာသည်။

"ဒါ .. နိုင်ငံတော်မှ မဟာဂီတ ပထမတွဲ ဒုတိယတွဲနဲ့ တတိယတွဲကို စုပေါင်းထားတဲ့ စာအုပ် .. ဒီထဲမှာ ကြိုးသီချင်း .. ဘွဲ့သီချင်း .. ပတ်ပျိုးသီချင်း .. သီချင်းခံ .. ယိုးဒယားသီချင်း .. မွန်သီချင်း .. လေးချိုး သံကပ် .. မြင်းခင်း .. လောကနတ်သီချင်း .. ဒိန်းသံ .. ဘောလယ်သီချင်း .. တေးထပ် .. ရှစ်ဆယ်ပေါ် .. အားလုံးပါတယ် မမှူး .. စာရေးကဗျာရေးတဲ့ မမှူး အတွက် တန်ဖိုးရှိမှာပါ .. အမှတ်တရဗျာ .."

ဟု သူ ပြောကာ စာအုပ်လေး ဖွင့်၍ ...

"ပန်းမြတ်သက်မှူး အတွက် .. ငြိမ်းငွေစည် .."

ဆိုသည့် စာသားနှင့် လက်မှတ်လေး ရေးထိုးကာ မှူး ကို ကမ်းပေးလာတော့ မှူး လက်ခံယူလိုက်သည်ပါပဲ။ ဤစာအုပ်လေးကို စောစောကတည်းက မှူး တွေ့ခဲ့ဖို့ကောင်းသည်ဟုတော့ စိတ်ထဲတွေးမိရသည်ပါပဲ ..။ ခုကျတော့ အရင်ရောက်သည့် မှူး အတွက် နောက်မှ ရောက်လာသည့် သူက ဤစာအုပ်တန်ဖိုးကို ရွေးချယ်ပေးရသလိုကြီးပင် ဖြစ်နေသည်။

"ကျေးဇူးတင်ပါတယ် ဆရာ ကိုငြိမ်းငွေစည် .."



www.burmeseclassic.com

www.burmeseclassic.com



ဟု မှူး ပြောတော့ သူ ပြုံးသည်။

"ဆရာ ကိုငြိမ်းငွေစည် ရယ်လို့ဗျာ .. ခေါ်ရတာ ရှည်လျားလိုက်တာဗျာ .. ဒါပေမယ့် .. ဘာပဲဖြစ်ဖြစ်လေ .. ခုလို .. မမှူး ကို အမှတ်တရ စာအုပ်လေးတစ်အုပ် လက်ဆောင်ပေးခွင့်ရတဲ့ ဒီနေ့ကို .. ကံကောင်းသောနေ့လို့ ကိုယ် မှတ်ယူပါတယ် .. စာအုပ်ထဲမှာ လက်မှတ်အောက်မှာ ကိုယ့်လိပ်စာနဲ့ ဖုန်းနံပါတ်လေးပါ ထည့်ပေးလိုက်မယ်နော် .. ခဏဗျာ .. ပြန်ဖြည့်လိုက်ချင်လို့ပါ .. ကိုယ်က အခု ကားနဲ့ဆိုတော့.. မမှူးကို .. လိုက်လည်း ပို့ပေးနိုင်ပါတယ် .. တက္ကစီဒရိုင်ဘာလေ .. အရင်အလုပ်က ပြုတ်သွားပြီဗျ .. မမှူး နဲ့ တွေ့တဲ့နေ့မှာပဲ ပြုတ်တယ်ဆိုပါတော့ဗျာ .. အဲဒီနေ့က .. မမှူး နဲ့ စာအုပ်တိုက်မှာဆုံပြီး အပြန် .. ညီမလေး ဖုန်းလာတယ်လေ .. အမေ သွေးတိုးနေလို့ဆိုတာနဲ့ .. အိမ်ကို ပြန်ပြေးရတာ .. အမေ့ကို ဆေးခန်းပို့ .. ဆေးပြေးဝယ် .. ဘာဝယ်နဲ့ .. အလုပ်ပြန်ဝင်ချိန်က အတော်ကြီး နောက်ကျသွားတယ်.. အလုပ်ရှင်က.. ဒီလောက်ထိ အချိန်အကြာကြီး အပြင်မှာရှိနေတာဟာ .. သူ့ငွေကြေးကို တာဝန်ခံရတဲ့လူတစ်ယောက်အနေနဲ့ မဖြစ်သင့်ဘူးဆိုပြီး.. အလုပ်ဖြုတ်တယ်ဖြစ်တာပါပဲ .. ကိုယ်က စတောရှင်နရီ အရောင်းနေရာမှာ ဝန်ထမ်းလည်းကြီးကြပ်ရတယ် .. ငွေကြေးအရောင်းကိစ္စလည်း တာဝန်ယူရတာကိုး.. ကိစ္စမရှိပါဘူးလေ .. အမေ့အတွက် လုပ်ကိုင်ပေးလို့ အလုပ်ပြုတ်တာ ဝမ်းမနည်းပါဘူး .. ကိုယ့်ညီလေး ကျော်ထက် က တက္ကစီဒရိုင်ဘာလေ.. ကိုယ် အလုပ်ပြုတ်တော့ .. သူ့သူဌေးဆီမှာ အလုပ်တောင်းပေးတယ်.. ဒါနဲ့ပဲ .. ကိုယ် တက္ကစီဒရိုင်ဘာ ဖြစ်လာတာပါပဲ .."

သူ စာအုပ်လေးမှာ သူ့ဖုန်းနံပါတ်နှင့် လိပ်စာကို ရေးနေရင်း ပြောနေခြင်း ...၊ အဖြစ်တစ်ခုကို အေးအေးချမ်းချမ်းပဲ ရင်ဆိုင်သွားသည့် လူတစ်ယောက်ဖြစ်နေသည် အလုပ်ဖြုတ်သည့် အလုပ်ရှင်ကိုလည်း အပြစ်မပြော ...၊ ခုလိုကျတော့လည်း ဖြစ်သမျှ လောကဓံကို အေးအေး





ဆေးဆေး လက်ခံပေးလိုက်သူတစ်ယောက်အဖြစ် မှူး သူ့ကို ပို၍ နားလည်လာရသည်။

မှူး ကတော့ သူ့ကို လိပ်စာလည်းမပေးနိုင် ...၊ ဖုန်းနံပါတ်လည်း မပေးနိုင် ...၊ မဂ္ဂဇင်းတိုက်ကိုပင် မှူး ၏ လိပ်စာမှန်ကို ပေးထားတာ မဟုတ်။ မှူး ၏ သူငယ်ချင်း မျိုးမျိုး ၏ ဘော်ဒါဆောင်လိပ်စာကိုပဲ ပေးထားခြင်း ...၊ တကယ်က .. ပန်းမြတ်သက်မှူး ဆိုသည့် ကဗျာဆရာမလေးသည် လူချမ်းသာဆိုတာ အသိမခံချင် ...။ မှူး ၏ ချမ်းသာဂုဏ်ရှိန်ကြီးကို အသိမခံချင် ...။

မှူး သည် စာပေတိုက်ကိုပဲဖြစ်ဖြစ် .. မဂ္ဂဇင်းတိုက်ကိုပဲဖြစ်ဖြစ်.. သာမန်ဘဝကို ရှန်းကန်နေရသူ ပန်းမြတ်သက်မှူး အဖြစ်သာ မြင်စေချင်သည်။ ထိုသို့သော ဘဝကို ပို၍လွတ်လပ်ပေါ့ပါးသည်ဟု မှူး ထင်သည်လေ ...။ တောက်ပသစ်လွင်သော အဝတ်အစား၊ စိန်ရွှေရောင် တလက်လက်ဖြင့် မဂ္ဂဇင်းတိုက်သို့ ရောက်လာသည့် ပန်းမြတ်သက်မှူး ဆိုတာထက် သာမန်အလွှာထဲက အဝတ်အစား .. ဟန်ပန်လေးဖြင့် ကဗျာစာမူလေးကို ညှိုးဖျော့အားငယ်စွာ ပို့ပေးသည့်ဘဝကို ပို၍ နှစ်လိုသည်။ ကျော့မော့စွာ ချမ်းသာဂုဏ်ထယ် ဟန်ကြီးပန်ကြီးနိုင်စွာသော ပန်းမြတ်သက်မှူး အဖြစ် မရောက်ရှိလို ...။

သူကတော့ မှူး ကို စာအုပ်လေး ပြန်ပေးသည်။ ပေးရင်းမှ ...

"မဂ္ဂဇင်းထဲက ကိုယ့်ဝတ္ထုလေးရော ဖတ်ဖြစ်သေးလား မမှူး .. မမှူး ရဲ့ ကဗျာလေးကိုတော့ ကိုယ် မကြာမကြာ ဖတ်နေမိတတ်တယ်လေ .. ကဗျာလေးအကြောင်းကိုတောင်မှ အမေ့ကို ပြောပြနေမိသေးတယ် .. အမေက သဘောကျတယ် မမှူး .."

ဟု ပြောလာတော့ မှူး တစ်ခု သတိထားမိလာသည်။ သူသည် အမေကို အတော်ကြီး နေရာပေး တန်ဖိုးထားကာ ပြောတတ်သည့်သား တစ်ယောက်ဖြစ်နေခြင်း။ အမေကို အတော်ကြီးလည်း ချစ်ခင်ရှိသေပုံရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကျွန်မ .. မဖတ်ဖြစ်ဘူး ဆရာ .. မှူး ရဲ့ မဂ္ဂဇင်းလေးကို .. ဗီရိုထဲ ထည့်ထားလိုက်မိတယ် .."

မှူး အားနာစွာ ဖြေမိခြင်း ...၊ သူ ရယ်သည်။ သူ့ဝတ္ထုကို ခုထိမဖတ်ခြင်းသည် သူနှင့်ပတ်သက်၍ မှူး ဘာကိုမှ အာရုံထဲ ထည့်ထားခြင်းမရှိတာကို ဖြေလိုက်သည့်နှယ် ရှိသွားရတာမို့ မှူး တစ်ချက်တော့ အားနာမိရသည်ပါပဲ။ သူကတော့ သူ့ဝတ္ထုမဖတ်သည့် မှူး ကို စိတ်ကွက်ပုံမရ...၊ ပြုံး၍ပင် ကြည့်နေသေးသည့်အဖြစ် ...။

"အဲဒါ .. ဖြစ်တတ်တဲ့သဘောပဲ မမှူး .. ကိုယ်လည်း ကိုယ့်ဝတ္ထု စ,ပြီး မဂ္ဂဇင်းမှာ ပထမဆုံးပါတဲ့အခါတုန်းက .. အဲသလိုဖြစ်ဖူးတယ်.. စာအုပ်ကို တကိုင်ကိုင်နဲ့ဗျ .. ဒါပေမယ့် .. ကိုယ့်ဝတ္ထုပါတဲ့ဥစ္စာပဲ ထပ်ခါတလဲလဲကြည့် .. ထပ်ခါတလဲလဲ ဖတ်နဲ့ ပီတိတွေနဲ့ စည်းလုံးနေတော့တာပဲ .. နောက်တော့မှ .. အကြာကြီးနေမှ သူများစာတွေ ကဗျာတွေ ဖတ်မိရတော့တာ .. အဲသလောက်ကို .. မေ့လိုက် .. ကိုယ့်ဝတ္ထုပြန်ဖတ်လိုက်နဲ့ အချိန်တစ်လနီးပါး ရှိခဲ့တာလေ .. ခုလည်း .. ကိုယ့်လိုပဲ မမှူး ကိုယ့်ကဗျာနဲ့ကိုယ် စည်းလုံးနေမှာပေါ့လေ .."

ဟု ပြောပေးသည်။

မှူး တစ်ခုတော့ သတိထားမိ၏။ သူနှင့် မှူး ဆုံသည့်နေ့သည် သူ့အတွက်ရော မှူး အတွက်ရော ကံမကောင်း...၊ သူ့ကြောင့် မှူး စာအုပ်လေး မြောင်းထဲကျသွားခဲ့ရသည်။ ချန်ထားခဲ့ရသည်။ သူကျတော့ အလုပ်ပြုတ်သည်။ သူနှင့် မှူး သည် ဆုံခြင်းကောင်းသောသူနှစ်ယောက် ဖြစ်မနေ ...၊ ဒါပေမယ့် ထိုသို့ သူ တွေးပုံမရ ...၊ မှူး ကို ခုလိုဆုံရသည်ကိုပင် ဝမ်းသာနေသည့်ဟန်။ သူ ကောင်းကင်ကြီးကို မော့ကြည့်သည်။ မိုးတွေ အုံ့ဆိုင်းလာတာကို ကြည့်ရင်း ...

"မိုးရွာတော့မယ်ထင်တယ် .. မမှူး ဒီမှာကြာနေရင် မိုးမိလိမ့်မယ်





ထင်တယ် .. မမှူး ကို ဘယ်လိုက်ပို့ပေးရမလဲ .. ပြောလေ .."

ဟု ပြောလာတော့ မှူး ခေါင်းခါမိရပါ၏။ မှူး မှာလည်း ကားပါလာသည်လေ။ ဒါကို သူမှ မသိချေသည်ကိုး ...။

"မှူး သွားစရာရှိသေးတယ် .. ဒီနားလေးမှာပါပဲ .. လမ်းလျှောက်သွားလို့ နီးပါတယ် .."

ဟု ဖြေတော့ သူ မှူး ကို တစ်ချက်ကြည့်သည်။ ဒါပေမယ့် သူ့ကားဖြင့် လိုက်ပို့ပေးမည်ဟု နောက်ထပ်ဇွတ်မဟိုက်တွန်း .. ဇွတ်မခေါ်။

"ဒါဆို .. ကိုယ် သွားမယ် မမှူး .."

ဟု ပြောလာတော့ ...

"ဟင် .. ဆရာ စာအုပ်မဝယ်တော့ဘူးလား .. ခု ချက်ချင်း မိုးရွာဦးမှာမှ မဟုတ်တာ .. စာအုပ်ဝယ်မှာ ဆို .."

ဟု မေးတော့ သူ တစ်ချက် အမ်းခနဲဖြစ်၏။ ရှက်သွားတာသည်း သိသာနေသည်။ ထိုအခါကျတော့လည်း ကလေးလိုပင် နဖူးလေးကို တစ်ချက် ကိုယ့်ဘာသာကိုယ် ရိုက်ကာ ..

"ဟုတ်ပါရောဗျာ .. စာအုပ်ဝယ်မလို့လာတာ .. မေ့သွားတယ် .."

ဟု ရယ်၍ပြောသည်။ မျက်နှာရဲနေ၏။ တစ်ခုခုကို လူမိလိုက်သည့်နှယ် ဖြစ်နေသည်ဟု စတင်၍ မှူး တွေးတောစပြုလာသည်။ သူသည် .. မှူး ကို တွေ့၍ တမင်လာခြင်းများလားဟု ခုမှ မှူး စဉ်းစားမိသည်။ စာအုပ်ဝယ်ဖို့လာသယောင်ယောင်ဖြင့် ပြောပြီး မှူး ကို တမင်အဆက်ဆက်ခြင်းများပေလား မသိ။ သူ့ပုံကလည်း ခုကျတော့ .. မျက်နှာပူသွားတတ်သလိုလို ဖြစ်နေပြန်သည်တည့် ..။

သူ့အပေါ် ထိုသို့တွေး လိုက်မှာကို လန့်နေပုံလည်း ရနေသည်။ နေတတ်မထိုင်တတ်သည့်နှယ်ပင် ဖြစ်ချင်ချင် ...။ သူ့ကိုကြည့်ရတာ ကလေးတစ်ယောက် တစ်ခုခု ခိုးကြောင်ခိုးဝှက်လုပ်တာ လူမိသွားသည့် အမျိုး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှ ဝယ်မယ်ဗျာ .."

ဟု သူ ဆက်မနေတတ်တော့သလိုကြီး ပြောကာ ခပ်သုတ်သုတ်ထွက်သွားတော့ မှူး ပြုံးမိပြန်၏။ နောက်ကြောင်း မကြည့်ဘဲ သုတ်ခြေတင်၍ သူလျှောက်နေရာမှ လမ်းတစ်ဖက်သို့ ဖြတ်မကူးခင်မှာ ရုတ်ခနဲလှည့်ကြည့်လာသည်။ ခုထိ သူ့ကို မှူး ကြည့်နေတာမြင်တော့ ရှက်သလိုကြီး ချက်ချင်း ခေါင်းပြန်လှည့်သွား၏။

တစ်ဖက်လမ်းသို့ သူ ဖြတ်ကူးရောက်သွားသည်အထိ သူ့ကို မှူး ရပ်ကြည့်နေမိသည်။ သူ ဘာလုပ်လာမည်လည်းဆိုတာ သိချင်သည်လေ ..။ ထင်သည့်အတိုင်းပင် သူသည် မှူး ကို ကြည့်လာပါ၏။ မှူး လှမ်းကြည့်နေမြဲဖြစ်နေတာမြင်တော့ လုပ်မိလုပ်ရာဟန်ဖြင့် လက်ကိုမြှောက်၍ နှုတ်ဆက်ပြလာသည်။ ရှက်နေမှန်း မှူး သိနေသည်ပါပဲ ..။

ခုကျတော့လည်း .. သူသည် .. ခင်မင်စရာလူတစ်ယောက်တော့ ဖြစ်လာသည်တည့် ..။ သူ .. ခပ်မြန်မြန် လျှောက်သွားကာ လမ်းချိုးလေးအတိုင်း ကွေ့သွားတာကို မှူး ရပ်ကြည့်ကျန်ခဲ့သည်ပါပဲ ..။ ဤတစ်ကြိမ် လမ်းအချိုးမှာတော့ သူသည် ထပ်၍ပင် လှည့်မကြည့်ရဲခဲ့ရှာ။ အဘယ်မျှထိ သူ အနေခက်သွား ရှက်သွားပြီမသိဟု တွေးမိရင်းမှ ..

"ကလေးကျနေတာပါပဲလား .. ခုလိုဆိုတော့လဲ .."

ဟု တွေးမိရင်း မှူး တကယ့်ကို ပေါ့ပါးစွာ ပြုံးမိလိုက်ရသည်။ အစစ .. စိတ်တွေ ဖိစီးနေရပါသည့် မှူး ..၊ ခုအခါကျတော့မှ .. ရှားပါးစွာသော အပြုံးတစ်ခုကို ပေါ့ပါးစွာ ပြုံးမိလိုက်ရခြင်း ...။





## အခန်း (၇)

"မှူးလေး ဟာ .. မေ့ သမီးလေးလိုပါပဲ .. မှူးလေး ကို မေ ဘယ်လောက်ချစ်တယ်ဆိုတာ အစ်ကိုကြီးလည်း သိပါတယ်လေ .. မောင်ကလည်း မှူးလေး ကို အမြဲ အရိပ်တကြည့်ကြည့်နဲ့ သမီးလေးလို ချစ်တာပါ .. မေ တို့မှာက သားလေးတစ်ယောက်ပဲ ရှိသလို .. အစ်ကိုကြီးမှာလည်း ဒီသမီးလေးတစ်ယောက်ပဲ ရှိကြတာမို့ .. မိဘတွေဘက်ကလည်း မှုးမှူးမှတ်မတတ် ချစ်ကြရ .. အစစ မျှော်လင့်ချက်တွေ ကြီးကြီးမားမားထားကြတာပါပဲရှင် .. ချမ်းလေး ဆိုရင် သူ့ညီမလေး မှူး ကို မျက်စိမျက်တောင်အောက်မှာ ထားမတတ် သံယောဇဉ်ကြီးတာပါ .. မှူးလေး ကလည်း သူ့ ကိုကိုအပေါ်မှာ အလွန်စာနာတတ်တာ .. သံယောဇဉ်လည်းကြီးရှာတာပါပဲ .. ဒီလောက်ထိ ငယ်ဘဝကတည်းက သံယောဇဉ်ဖွဲ့ခဲ့ကြတဲ့သူနှစ်ယောက်ကို .. မေရော .. မောင်ရော .. တစ်သက်တာအတွက်နေရာချပေးချင်ကြတာပါပဲ အစ်ကိုကြီးရယ် .. မေ တို့အတွက်လည်း သမီးလေးတစ်ယောက် ထပ်တိုးသလို .. အစ်ကိုကြီးအတွက်လည်း သားတစ်ယောက်ထပ်တိုးသလို ဖြစ်ရမှာပါ .. အို .. တကယ်တော့ .. အစအတည်းကိုက .. မှူးလေး က မေ့ သမီး .. ချမ်းလေးက အစ်ကိုကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



သားလို ဒီနှစ်အိမ်ထောင်ရဲ့ ရှေ့မှာ ကြီးပြင်းလာခဲ့ကြ .. ရင်ထဲမှာလည်း အဲသလိုပဲ ရှိခဲ့ကြပြီးသားပါနော် .. အစ်ကိုကြီးဆိုရင် ချမ်းလေး ကို သားလိုပဲ ချစ်နေတာ မေ သိတာပေါ့ ..''

ဦးမြတ်မှူး မျက်နှာမလန်းချင် ..၊ ညနေဘက် စက်ရုံမှ ပြန်ရောက်လာတော့ သမီးမှူးလေး ကလည်း အိမ်ပြန်မရောက်သေး ..။ ထိုကတည်းက ဦးမြတ်မှူး စိတ်ထဲ မသက်မသာ ဖြစ်ခဲ့ရပြီးနေပြီ ..။ ခုလိုအချိန်မျိုးမှာကျတော့မှ သရဖီဦး မှ ဒေါ်နုနုမေ ကလည်း ညစာအတွက် ကြက်သည်းကြက်မြစ်ဖြင့် မုန်လာဥနီတွေ ပန်းမုန်လာတွေ ရွှေပဲသီးတွေဖြင့် ကြော်ထားရာ အစိမ်းကြော်ကို ချိုင့်ဖြင့် သယ်လာကာ သမီးမှူး အတွက် လာပို့တာနှင့် တိုးရသည်။

ဒေါ်နုနုမေ မှ စကားလေးပြောပါရစေဟု ခွင့်ပန်သလို ပြောလာတာမို့လည်း စိတ်လေးလေးဖြင့် စာကြည့်ခန်းသို့ ခေါ်လာရသည့် ဦးမြတ်မှူး မှာ ခုကျတော့ ရင်ထဲမှာ ပို၍ လေးနေရပါပြီ။ ထင်သလို ဖြစ်မလာပါစေနှင့်ဟု ကျိတ်၍ ဆုတောင်းနေမိရပေမယ့် ထိုဆုတောင်းသည် ပြည့်မှာမဟုတ်ဟု ကြိုတင်၍ သိနေနှင့်သည်။

စကားအသွားအလာကို ထောက်ချင့်လျှင်ဖြင့် စကားမြန်းဖို့ စကားခင်းနေပြီဟု သိနေရသည်ကိုးလေ ..။

''ခက်ပြီ .. ငါက အိမ်ကိုအဝင် .. သူက ချိုင့်နဲ့ ထမင်းစားခန်းဘက်က ပြန်အထွက် တိုးကြတာကိုက ကံမကောင်းတာပါပဲလား .. သမီးမှူး အတွက် ကြက်သည်းကြက်မြစ်လေးတွေနဲ့ အစိမ်းကြော်ကို ဘယ်လိုကြော်ပြီး ညစာအတွက် လာပို့တယ်ဆိုတာ ကြားကတည်းက.. ရင်ထဲ ပိုမွန်းကျပ်လာခဲ့ရတာ အမှန်ပဲ .. သူတို့ဘက်က သမီးမှူးလေးဘာအစားအစာကို ကြိုက်တယ်ဆိုတာလေးတာအစ အသေးစိတ် သိသိပေးနေကြ .. ချက်ပို့နေကြတာတွေဟာ သမီးလေးကို ချစ်လွန်းလို့ဆိုတာ ငါ သိနေရတာမို့ ဝမ်းသာစရာပါပဲ .. အကယ်၍ .. ချမ်းလေး ဟာ ဒုက္ခိတ





ဖြစ်မနေဘူးဆိုရင်ပေါ့ .. ခုကျတော့ အဲဒီ ဒုက္ခိတကြီးရဲ့ မိဘက ငါ့သမီး နုဖူးစင်စင် .. နုနုဖန့်ဖန့်လေးကို ချစ်ကြလေ .. ငါ .. ရင်လေးရလေ.. စိတ်ပင်ပန်း မွန်းကြပ်ရလေ ဖြစ်နေပါရောလား ..''

ဦးမြတ်မှူး ကျိတ်၍ ရင်ထဲမှ မသက်မသာ တွေးနေချိန်မှာတော့ ဘာမျှမသိရှာသည့် ဒေါ်နုနုမေ မှာ တပြုံးပြုံးဖြင့် စကားဆက်နေသည် အဖြစ် ..၊

''အဲဒါ .. အစ်ကိုကြီးရယ် .. မေ ဖြင့် ရင်ထဲသိမ်းမထားနိုင်တော့ တာမို့ ဖွင့်သာပြောလိုက်ပါရစေတော့ .. မနေ့ညကတည်းက မောင်နဲ့ မေ တိုင်ပင်ထားကြတာပါ .. အစ်ကိုကြီးဆီမှာ ပထမဆုံး မောင်ရယ် မေရယ် နှစ်ယောက်စုံညီ အစ်ကိုကြီးဆီ လာပြီး စကားကမ်းမယ်ပေါ့.. နေ့ကောင်းရက်သာရွေးပြီး လာပြောမယ်ပေါ့ .. ဒါပေမယ့် .. မေ့ စိတ်ထဲမှာ ဘယ်လိုမှကို သိမ်းမထားနိုင်လွန်းတာနဲ့ .. ဒီနေ့ .. အစ်ကိုကြီးနဲ့ တွေ့လိုက်ချိန်မှာ .. မေ ပထမဆုံး အရင်စကားကမ်းချင်လွန်းလာတာနဲ့ .. ပြောလိုက်မိရတော့တာပါ .. သန်ဘက်ခါ .. မောင်နဲ့ မေ .. အစ်ကိုကြီးဆီ လာကြမယ်နော် .. ခွင့်ပြုပါ အစ်ကိုကြီးရယ် .. စကားကမ်းရင်း.. အစ်ကိုကြီးဘက်က ဖြစ်ချင်တာတွေမှန်သမျှလည်း အားလုံး .. လိုက်နာမယ်လို့လည်း မောင်က ပြောမှာတဲ့လေ .. သမီးမှူး အတွက် .. ရတနာ တစ်ဆင်စာစီကိုလည်း ယူလာပါရစေ အစ်ကိုကြီးရယ် .. ပြီးရင်ဖြင့်.. မင်္ဂလာဆောင်ပွဲလေးတစ်ခု .. အစ်ကိုကြီး စိတ်တိုင်းကျ ဖြစ်ပါရစေ .. ချမ်းလေး ကလည်း မှူးလေး အပေါ်မှာ အလွန်ချစ်ရှာတာ မေ သိတာပေါ့ရှင် .. မှာ .. ဖွင့်ကိုမပြောရက်ရှာအောင် ချစ်ရှာတာပါ .. အားငယ်တာလည်း တာပေါ့ အစ်ကိုကြီးရယ် .. ခြေတစ်ဖက်က ဒုက္ခိတတစ်ပိုင်းဖြစ်နေ ကိုးလေ .. မှူးလေး ကလည်း သူ့ကိုကို အပေါ်.. နည်းနည်းလေးမှကို မခံတာ .. အဲသလောက်ကို ချစ်တာပါ .. ကလေးနှစ်ယောက်ကဖြင့် သာမပြောကြပေမယ့် .. ချစ်နေကြတာပါပဲ ..၊ အစ်ကိုကြီးလည်း



www.burmeseclassic.com

www.burmeseclassic.com



သိမှာပါလေ .. ဒီကလေးနှစ်ယောက်စလုံးဟာ မောင်နဲ့ မေ့ မျက်စိ အောက် .. အစ်ကိုကြီးရဲ့ မျက်စိအောက်မှာ ကြီးလာကြတာပဲ မဟုတ် လား .. သူတို့ရဲ့ ရင်ထဲက ခံစားချက်တွေကို .. သိနေမြင်နေတတ်ကြ တာပါပဲနော် .."

ဟု ပြောတော့ ဦးမြတ်မှူး တစ်ချက် ခပ်တိုးတိုး ချောင်းဟန့်သည်။ မျက်နှာလည်း မကောင်း ..၊ မျက်စိမျက်နှာ သိသိသာသာကြီး ပျက်နေ သည့် ဦးမြတ်မှူးကို တဖြည်းဖြည်း ဒေါ်နုနုမေ လည်း ထိုအခါမှ အက ခတ်သလို စတင်၍ ခပ်ငေးငေး ကြည့်စပြုလာရပါပြီ။

"ခက်တာက .. အစ်ကိုကြီးရဲ့ သမီး မှူး ကို .. တခြားသူငယ်တစ် ယောက်နဲ့ သဘောမှုထားတာက ခရင်ဖြစ်သွားပြီ မေ .."

ဦးမြတ်မှူး ၏ မျက်နှာကို မယုံနိုင်သလို ငေးကြည့်နေသည်က ဒေါ်နုနုမေ ပါ ..။ မယုံနိုင်သည့်နှယ်လည်း ဦးမြတ်မှူး ၏ မျက်နှာကို အတန်ကြာကြည့်သည်။ ခေါင်းယမ်းလိုက်ရင်းမှ ...

"မယုံနိုင်စရာပါလား အစ်ကိုကြီးရယ် .. ဟင် .. ဖြစ်ရလေ .. ကလေး နှစ်ယောက်တော့ ရင်ကွဲနာကျရတော့မယ် .."

ဟု တစ်ချက်ညည်းသည်။ နောက်တော့ နားမလည်နိုင်သလိုလည်း ဦးမြတ်မှူး ကို ကြည့်ကာ ...

"အစ်ကိုကြီးရယ် .. မောင်ရော မေရော .. ဒီကလေးနှစ်ယောက် ရဲ့ ရင်ထဲက အချစ်ကို မြင်နိုင်ခဲ့ကြတာပါ .. အစ်ကိုကြီးက .. ဘာလို့ မမြင်နိုင်ဘဲ ဖြစ်ရမှာလဲ .. အဲသလို သိသ်ကြီးနဲ့ .. မှူးလေး ကို တခြားလူ တစ်ယောက်ရဲ့ စကားကမ်းမှုကို လက်ခံပြီးတော့ .. မှူးလေး ကို တခြား လူနဲ့အတူ တစ်ဘဝနေဖို့ ထည့်ပေးလိုက်တော့မယ်ပေါ့ .. အဲဒါ မှူး ရဲ့ ဘဝတစ်ခုလုံးကို ကြေကွဲ ကြေမွနေစေမှာ အစ်ကိုကြီးရဲ့ .. ပြီးတော့ မေ့ ရဲ့သားလေး ချမ်းလေး လည်း ရင်ကွဲနာကျ ကျန်ခဲ့ရမှာ .. မှူးလေး လည်း ရင်ကွဲနာကျရင်း သူ မချစ်တဲ့လူတစ်ယောက်နဲ့ နေသွားရမှာ -





အစ်ကိုကြီး မစဉ်းစားပေးဘဲ ခေါင်းညိတ်ရက်တာ .. မေ ဖြင့် .. မေ ဖြင့် .. ယုံကို မယုံရက်နိုင်တာပါပဲ .. လုပ်ရက်တယ် အစ်ကိုကြီးရယ်.. ဟင် .."

နှစ်များစွာ မောင်နှမရင်းချာပမာ နေခဲ့ကြတာမို့လည်း ဒေါ်နုနုမေ ပြောနေပုံက အစ်ကိုကြီးတစ်ယောက်အပေါ် ကြေကြေကွဲကွဲ မေးနေသည့် ညီမငယ်တစ်ယောက်နှင့် တူနေသည်။ အပြစ်တင်ငွေ့တွေ မသိမသာ ခွက်နေသည့် ညီမတစ်ယောက်၏ ကြေကွဲနာကျင်နေသည့် ဆို့ဆို့နင့်နင့် ကားသံမျိုး ဖြစ်နေသည်တည့် ..။

ဦးမြတ်မှူး သက်ပြင်းရှိုက်သည်။ မတတ်နိုင် ..၊ ခုမှတော့ မပြော ဖြစ်သည့်စကားကို ပြောချရတော့မည်သာ ..။ တစ်ဖက်က မသိဆိုး ါးနိုင်စွာ မတန်မရာကို မှန်းလာသည့်အချိန်မှာ .. ကိုယ့်ဘက်က ကိုယ် န်သည်ထင်သည့် အဆုံးအဖြတ်စကားကို မဖြစ်မနေ ပြောရတော့မည် ဟုလည်း ဆုံးဖြတ်လိုက်သည်က ဦးမြတ်မှူး ပါ ..။

"ဒီကိစ္စ .. အစ်ကိုကြီးပြောမှ ဖြစ်တော့မယ်ဆိုရင်ဖြင့် .. မတတ် ာလို့ ပြောတာလို့ပဲ နားလည်ပေးပါ .."

တစ်ချက် စကားတန့်နေချိန်မှာ ဒေါ်နုနုမေ မှ ...

"မှူးလေး အဲဒီကိစ္စ သိပြီးပြီလား .."

ဟု ကြားဖြတ်၍ မေးလာတာမို့ ခေါင်းခါလိုက်ရသည်ပါပဲ။ တကယ် ာ .. ဘယ်သူ့ဘယ်သူနှင့်မှ သမီးလေးကို သဘောတူမှုထားတာ မရှိ သေး။ ဒါပေမယ့် .. မကြာမလင့်မီမှာပင် သင့်လျော်ရာသူတစ်ယောက် ယောက်နှင့် နေရာချပေးဖို့တော့ အမြန်ဆုံးစီမံမှ ဖြစ်တော့မည်ဟု ဦးမြတ် မှူး ဆုံးဖြတ်ပြီးနေပြီ ..။

မှူးလေး ကို ချွေးမလေးအဖြစ် စကားကမ်းလာကြသူတွေ ရှိခဲ့ ကြသည်လေ ..။ စကားကမ်းကြရာမှာလည်း သူတို့၏သားလေးကိုယ် တိုင်က မြတ်နိုးနေ၍ပါ .. ဆိုတာတွေ ပါပါလာကြသည်ချည်း။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးထဲမှ အကောင်းဆုံးသော လူငယ်လေးကို ရွေးချယ်ဖို့ ဦးမြတ်မှူး ဆုံးဖြတ်ထားသည်။ ခက်သည်က သမီးမှူး ပဲ ဖြစ်နေပါ၏။ ထိုကိစ္စသည် အလွယ်တကူနှင့်တော့ ဖြစ်မလာနိုင် ..၊ သမီး ကို နားဝင် အောင် မနည်းကြိုးစားရဦးမည်ဆိုတာ ဦးမြတ်မှူး သိထားသည်။ ခုလို မေ တို့ဘက်က စကားကမ်းလာတာမျိုးတွေ ဖြစ်လာပြီ ဆိုမှတော့ဖြင့် မှူးလေး ကို အမြန်ဆုံး သင့်တော်ရာ လူငယ်လေးတစ်ယောက်ဖြင့် နေရာ ချကိုချမှ ဖြစ်တော့မည်ဆိုတာ ဦးမြတ်မှူး လောလောဆယ်မှာ သဘော ပေါက်နေရပြီ ..။

"သမီးမှူးလေး ကိုတော့ မပြောပြရသေးပါဘူး .. မျိုးရိုးကအစ ချမ်းသာခြင်းနဲ့ ကျန်းမာခြင်းတွေပါ ပြည့်စုံတဲ့ လူငယ်လေးနဲ့ နေရာ ချပေးဖို့ .. အစ်ကိုကြီးဘက်ကတော့ .. အဲဒီကမ်းလှမ်းလာသူတို့ရဲ့ မိသားစုပိုင်းဆိုင်ရာ အစစ လေ့လာပြီးမှ .. ခေါင်းညိတ်လိုက်တာပါ မကြာမတင်မှာ .. အဲဒီ စေ့စပ်ပွဲကိစ္စကိုလည်း သမီးမှူးလေး ကို အစ်ကို ကြီး အသိပေးတော့မှာပါ .. ဖိတ်စာလည်း အစ်ကိုကြီး ပို့ပေးပါမယ် မေ .."

ဟု ပြောလာသံက အေးစက်စက်ဖြစ်နေသည်။ စာနာစိတ်မရှိတော့ ပြီကော ..ဟု အံ့သြစိတ်ဖြင့် ဒေါ်နုနုမေ မယုံနိုင်သလို တစ်ချက်ငေး ကြည့်၏။ ထင်မထားတာတွေကို ရုတ်ခြည်းရင်ဆိုင်တိုးရသည့်သူတစ် ယောက်ပေမို့ နှုတ်တွေ စေးထန်းထန်းဖြစ်နေကာ ဘာစကားမျှ ဆက် မရနိုင်သလို တွေတွေကြီး ငိုင်ကျသွားသည်။

နောက်တော့ ရုတ်ခနဲ ခေါင်းမော့လာ၏။ မျက်ဝန်းဝယ် မခံချ ဖောကို တွေ့လိုက်ရသည် ဦးမြတ်မှူး ပါတည့် ..။

မတတ်နိုင် ..၊ ရန်တွေ့စကားကို နားထောင်ပေးရုံပဲ ရှိမည်တည်း။

"စောစောက အစ်ကိုကြီး ပြောတဲ့စကားထဲမှာ တစ်ခုပါနေတယ် ဘာတဲ့ .. ချမ်းသာခြင်းနဲ့ ကျန်းမာခြင်း ပြည့်စုံတဲ့သူငယ် .. ဟုတ်လား





အစ်ကိုကြီး .. အဲဒီစကားဟာ တာသွားနေလို့ .. အဓိပ္ပာယ်ရှိနေတယ်လို့ မေ သိလာနေတယ် .. ချမ်းလေး ဟာ မိဘမျိုးရိုးလည်း ကောင်းပါတယ်၊ ချမ်းသာတယ် .. ဥပဒေနဲ့ဘွဲ့ရထားတဲ့ ပညာတတ်လည်း ဖြစ်တယ် .. ဒီတော့ မေ့ သား ချမ်းလေး ဟာ .. မျိုးရိုးအရာ .. ချမ်းသာအရာ .. ပညာအရာမှာ ပြည့်စုံနေတာပါပဲ .. ဒါပေမယ့် .. ဒါပေမယ့် .. ကျန်းမာ ရေးဘက်မှာ .. ခြေတစ်ဖက်က ဒုက္ခိတတစ်ပိုင်း ဖြစ်နေတယ်လေ .. အစ်ကိုကြီး .. အဲဒါကို ရည်ရွယ်ပြီးပြောခဲ့တာ မဟုတ်လား .. ပြောခဲ့တာ မဟုတ်လား .. ဖြေစမ်းပါ အစ်ကိုကြီးရဲ့ .. ဟင် .. ရိုးရိုးသားသား ဝန်ခံ ရဲ .. ဖြေပြရဲလိုက်စမ်းပါ .. ချမ်းလေး ဟာ .. ဒုက္ခိတမို့ မှူးလေး နဲ့ သဘောမတူနိုင်တာပါလို့လေ .."

ခံရခက်နေသည့် လေသံတွေက ကြေကြေကွဲကွဲနိုင်နေသည်။ မခံ ချင့်ဖောတွေ ပါနေသည်။ မိခင်တစ်ယောက်၏ ခံပြင်းစိတ်သည် ဒေါ်နုနုမေ ၏ မျက်နှာထက်မှာ တရိပ်ရိပ်တက်နေသည်။ အနည်းငယ် မာကျော လာနေသည့် လေသံတွေကလည်း မခံမရပ်နိုင်အောင် ခံစားနေရသည့် ခံပြင်းခြင်း၏ အငွေ့အသက်တွေပဲ ဖြစ်နေသည်။

"အစ်ကိုကြီး မေးမယ် မေ .. အကယ်၍ .. ချမ်းလေး ကို မပြောဘူး နော် .. အစ်ကိုကြီးရဲ့ သမီး မှူးလေး သာ အဲသလို ခြေတစ်ဖက်မသန်တဲ့ ဒုက္ခိတဖြစ်နေရင် .. မေ .. ဒီနေ့ .. ဒီအချိန်မှာ .. ခုလို .. ချမ်းလေး နဲ့ မှူးလေး ကို စကားလာကမ်းနိုင်ပါ့မလား .. ဘယ်ကမ်းလိမ့်မလဲကွယ်.. တခြားသော အမျိုးကောင်း ပညာတတ် ရုပ်ချောမိန်းကလေးတစ်ယောက် ယောက်နဲ့ စေ့စပ်စကား ကမ်းပေမပေါ့ .. ဒုက္ခိတမိန်းကလေးတစ်ယောက် ရဲ့ ခင်ပွန်းသည်အဖြစ် ချမ်းလေး ကို ဘယ်အဖြစ်ခံရက်နိုင်ပါ့မလဲ .. ဒါ .. သဘာဝပါပဲ မေ .."

ဟု အေးစက်စက် ပြန်ဖြေလာတော့ ဒေါ်နုနုမေ မျက်ရည်ကျလာ သည်။ ထိုင်နေရာမှ ထရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အားမနာတတ်သော ..၊ မျက်နှာပင် မထောက်တတ်သော ဦးမြတ်မှူး ဆိုတာ တကယ့်ကိုပဲ လက်တွေ့မှာ ရှိနေချေသည်ကောဟုလည်း ကြေကြေမွမွကြီး ဒေါ်နုနုမေ တွေးမိနေရပြီ။ နားလည်နေရပြီ။ ဒါ တကယ့်အဖြစ်အပျက် ဖြစ်နေသည်။ ယုံနိုင်ဖို့ပင် မကောင်း..၊ အလွန် တရာကိုမှ ဟန်ဆောင်ကောင်းသော လူကြီးတစ်ယောက်အဖြစ် ခုကျ တော့မှ အချိန်နှောင်းစွာ သိခဲ့ရခြင်း ..၊ သိလိုက်ရခြင်း ..။

"မေ ရော .. မောင် ရော .. ချမ်းလေး ရော .. တစ်ချိန်လုံး .. အို.. ရှည်လျားလှတဲ့ နှစ်များစွာတွေအတွင်းမှာ .. အညာခံခဲ့ကြရတာပါပဲ လား အစ်ကိုကြီးရယ် .. ဟင် .. ခုလောက်အထိ ချမ်းလေး အပေါ်မှာ အစ်ကိုကြီး သံဘောထားလိမ့်မယ်ဆိုတာ ထင်ကို မထင်ထားမိတာ .. ချမ်းလေး ဒီအဖြစ်တွေကိုသိရင် .. ရင်ကွဲလိမ့်မယ် .. မေ .. မတွေးရက် ဘူး အစ်ကိုကြီးရယ် .."

ဟု အသံတွေ တိမ်ကျနေရင်း ..၊ မျက်ရည်ကျနေရင်း ဒေါ်နုနုမေ ပြောလာပါ၏။ နောက်တော့ အားတင်း၍ စိတ်ကိုထိန်းသည်။

စားကြည့်စားပွဲထက်ဆီမှ ရေဖန်ချိုင့်ကို ဦးမြတ်မှူး ကောက်ကိုင် ၏။ ရေတစ်ခွက်ကို လောင်းထည့်သည်။ ဒေါ်နုနုမေ ကို ကမ်းပေးတော့ အားယူပြုံးကာ ဒေါ်နုနုမေ ခေါင်းခါပါ၏။

"မသောက်တော့ပါဘူး အစ်ကိုကြီးရယ် .."

အာခေါင်တွေ ခြောက်နေပေမယ့် ဒေါ်နုနုမေ တကယ့်ကို ရေယူ မသောက် ..၊ လက်ဖျားတွေ တုန်ခါနေကြသည်။

"စောစောက အစ်ကိုကြီးမေးတဲ့ မေးခွန်းကို မေ မဖြေရက်ဘူး အစ်ကိုကြီး .. ဘာလို့လဲ သိလား .. မှူးလေး ကို ဒုက္ခိတဆိုတဲ့စကား လုံးမျိုးနဲ့ အနိုင်းနှိုင်းခံလိုက်ရတာမျိုးလေးတောင်မှ စကားအသိမခံရက် လို့ပါ .. အစ်ကိုကြီးမို့ ကိုယ့်သမီးလေးကို အဲသလို ဥပမာမျိုး နှိုင်းနှိုင်း ရက်တယ်ရှင် .. မှ လွဲစေ .. ပယ်စေလို့ မေ ပြောလိုက်ပါရဲ့ .. ဒါပေမယ့်





ခ တစ်ခုတော့ ဖြေခဲ့ပါ့မယ် .. မှူးလေး ကို မေ့ သမီးလေးလိုချစ်တာ ာ .. ချစ်တာပါပဲ ..၊ မေ့ ရဲ့ ချွေးမလေးအဖြစ် .. သမီးလေးအဖြစ် .. မြတ်မြတ်နိုးနိုးနဲ့ မျှော်လင့်တကြီး အစဉ်သဖြင့် ရှိခဲ့တာလည်း အမှန်ပါ ပဲ .. မှူးလေး ဘာပဲဖြစ်နေနေ .. မေ ကတော့ .. အဲဒီဆန္ဒအတိုင်း အမြဲ ရှိနေမှာပါပဲ .. အဲဒါ .. မေတ္တာလို့ ခေါ်ပါတယ် အစ်ကိုကြီး .."

"ဒါကတော့ လက်တွေ့မှာ တကယ်ဖြစ်မလာလို့ပါ မေ ရယ် .. စိတ်ကူးနဲ့ ဖြေတာကလွယ်ပါတယ် .. လက်တွေ့မှာကျတော့မှသာ တကယ် ဖြစ်မလာနိုင်ကြတာပါ .. ဘယ်သတို့သားကမှ ခြေတစ်ဖက်ဆွဲနေတဲ့ သတို့သမီး .. တုတ်ကောက်ကို အားပြုကိုင်ပြီး လျှောက်နေရတဲ့ သတို့ သမီးတစ်ယောက်ကို လက်ချိတ်ပြီး လူသူပရိသတ်အလယ်မှာ .. တခမ်း တနားကြီး မင်္ဂလာပွဲကျင်းပရင်း .. လျှောက်လှမ်းမယ်လို့များ ထင်နေ သလား .. မျက်စိထဲ မြင်ကြည့်စမ်းပါ .. ထိုင်မသိမ်းထဘီနဲ့ သတို့သမီး.. လှလှပပ ပြင်ထားတဲ့ သတို့သမီး .. ခြေတစ်ဖက်က တရွတ်တိုက်ဆွဲပြီး ကိုယ့်ဘေးမှာ လက်ချိတ်ပါလာတာကို .. လူတွေ ဝိုင်းကြည့်ဖို့အတွက်.. တူတူလျှောက်ဖို့ ဘယ်သတို့သားကမှ သတ္တိမမွေးနိုင်ကြပါဘူး မေ .. အလားတူပဲပေါ့ .. အဲသလို ခြေတစ်ဖက်ဒုက္ခိတနဲ့ သတို့သားတစ်ယောက် ကို .. အစ်ကိုကြီးရဲ့ သမီးလေးက လက်ချိတ်ပြီး လျှောက်တာမျိုး .. လူပုံအလယ်မှာ ဘယ်လိုမှ အဖြစ်မခံနိုင်သလို .. တစ်သက်လုံးလည်း ဒုက္ခိတ လင်သည်ကြီးကို .. ပြုစုသွားရမယ့် ဝဋ်ဆန်တဲ့ဒုက္ခကြီးကိုလည်း အစ်ကိုကြီးအနေနဲ့ .. ကိုယ့်တစ်ဦးတည်းသော သမီးလေးအပေါ် အဖြစ် မခံနိုင်ဘူး မေ .. ဘဝဆိုတာ .. မေတ္တာတစ်ခုတည်းနဲ့တော့ မတည် ဆောက်သင့်ဘူး မေ .. အဲဒီမေတ္တာဆိုတဲ့အထဲမှာ ဆင်ခြင်တုံတရားဆို တာကိုတော့ .. ဖြည့်ထည့် သုံးသပ်ပေးဖို့ လိုအပ်လိမ့်မယ် .."

ဦးမြတ်မှူး ပြောလာတော့ ဒေါ်နုနုမေ တစ်ချက် စိတ်ထဲ မချိမခံ သာ ဖြစ်လာရကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခိတ .. ဟုတ်လား အစ်ကိုကြီး .. အဲဒီ ဒုက္ခိတဆိုတဲ့ဘဝကို— မေ့ သားလေး .. ဘယ်လိုရခဲ့တာလဲ .. ဟင် .. ဟင် .. သက်ခင်ခင် မောင်းတဲ့ကားကြောင့် .. ခင်ခင် အိပ်ငိုက်သွားလို့ .. ကားမှောက်လို့— ဒီဘဝ ရောက်ရတာပါ အစ်ကိုကြီးရဲ့ .. အစ်ကိုကြီးမယားကြောင့် ဖြစ် ရတာပါရှင့် .. ဖြစ်ရတာပါရှင့် .. အဲသလို ဖြစ်ပါလျက်ကယ်နဲ့ အစ်ကို ကြီးမို့ .. ခုလိုစကား ပြောထွက်ရက်တယ်နော် .. မေ မွေးခဲ့တဲ့ ချမ်းလေး ဟာ မွေးတုန်းက အကောင်းလေးပါ .. ဒုက္ခိတမဟုတ်ပါဘူး .. အဲသတ် လေးမှ ဆယ့်တစ်နှစ်သားလေးပဲ ရှိသေးတဲ့ အရွယ်ကတည်းက .. ဒုက္ခိတ ဖြစ်ရရှာတာပါ .. အဲဒါ .. ဘယ်သူ့ကြောင့်လည်း .. ဘယ်သူ့ကြောင့်လဲ အစ်ကိုကြီးရဲ့ .. ထည့်ပြောစမ်းပါဦး .."

ဟု မခံနိုင်တော့သလို ပြောချရင်း ယူကျုံးမရ ငိုချလိုက်သည်က ဒေါ်နုနုမေ ပါ ..၊ ကိုယ့်သားလေး မျက်စိရှေ့မှာ ယယ်စဉ်ကတည်းက ဒုက္ခိတဘဝ ရောက်ခဲ့ရတာ မျက်ဝန်းထင်ထင် မြင်ရ .. ရင်ဆိုင်ရ ကြုံရ ..။ ခုထိလည်း ရင်ထဲမချိဘဲ ဖြစ်ရ ..။ ဒါပေမယ့် .. ဘယ်တုန်းက မှ .. သွားလေသူ သက်ခင်ခင် ကို အပြစ်မပြောရက်ခဲ့ ..။

ခမျာ .. အသက်ပါ ပေးသွားရရှာသည်ပဲလေ ..၊ ခုလို .. ဦးမြတ်မှူး ပါးစပ်မှ မထောက်မရက် ပြောလာတော့လည်း .. ခံစားချက်တွေ ပေါ် ကွဲလာရသည်က ဒေါ်နုနုမေ ပဲ ဖြစ်လေသည်။

"အေးလေ .. ဘယ်သူ့ကြောင့်ပဲဖြစ်ဖြစ် .. ဖြစ်တာတော့ ဖြစ်ခဲ့ပြီ မဟုတ်လား .. အဲဒါက .. ကံကြောင့်ပဲ မေ .. ကံကြမ္မာကြောင့် ဖြစ်ခဲ့ တယ်လို့ အစ်ကိုကြီး မှတ်ယူတယ် .."

"ဩော် .. ကောင်းပါလေရောလား အစ်ကိုကြီးရယ် .. အဲဒါကို တော့ .. ကံကို လှမ်းလက်ညှိုးထိုးတတ်နေတယ်ပေါ့ .. ဒီမှာ အစ်ကိုကြီး မေ ဟာ .. ဟောဒီက နုနုမေ ဟာ .. ချမ်းလေး ရဲ့ အမေပါ .. ကိုယ့်သား အပေါ်မှာ ဒီလောက်အထိ ချိုးချိုးဖွဲ့ဖွဲ့ပြောတာကိုတော့ .. မေ .. မခံနိုင်





တော့ဘူး အစ်ကိုကြီး .. အေးလေ .. အစ်ကိုကြီးရဲ့ ရင်ထဲမှာ ချစ်ခြင်း မေတ္တာနဲ့ သံယောဇဉ်ဆိုတာတွေရဲ့ အတိမ်အနက်ကိုမှ မသိနိုင်တာပဲ.. မှူးလေး လည်း တစ်သက်လုံး ရင်ကွဲနာနဲ့ နေ .. မေ့သားလေးလည်း တစ်သက်လုံး ရင်ကွဲနာနဲ့ နေရအောင် .. အစ်ကိုကြီး ဆုံးဖြတ်ရက်တာ မဆန်းပါဘူး .. အတ္တ ဒီလောက်ကြီးမှန်း မေ မသိခဲ့တာဟာ မေ တို့ ဘက်က ညံ့လို့ပဲဆိုတာ ဝန်ခံခဲ့ပါရဲ့ .. အစ်ကိုကြီးရဲ့ သမီးလေး မှူး ကို .. တစ်သက်လုံး .. မျက်ရည်နဲ့နေဖို့ ဆုံးဖြတ်ပေါ့ရှင် .."

"ဒါက .. ခဏပါ .. နောက်တော့လည်း .. သူ့အိုးသူ့အိမ်ထောင်နဲ့ သူ .. ပျော်ပျော်ရွှင်ရွှင် .. နေတတ် ထိုင်တတ်သွားမှာပါ မေ .."

နှစ်အိမ်ထောင်သည် ဆက်ဆံရေး ရပ်ဆိုင်းပြီဟု ဦးမြတ်မှူး သဘော ပေါက်ပြီ ..၊ နုနုမေ တို့ဘက်မှ ဘယ်တော့မှ အဆက်အဆံလုပ်ချင်ကြ တော့မှာ မဟုတ်ဟုလည်း သိနေပြီ။ ရင်ထဲတော့ မကောင်း ..၊ သားချင်း ပမာ နေခဲ့ကြတာ ကြာခဲ့ပြီပဲလေ ..။ ဒါပေမယ့် .. သမီးအတွက် .. သမီးလေး ဒုက္ခိတမယား မဖြစ်ဖို့အတွက်တော့ ဤဆက်ဆံရေး ပြတ် တောက်ကုန်ခြင်းဆိုတာကို လက်ခံပေးလိုက်ဖို့ပဲ ကျန်သည်။ အတ္တကြီး သူဟု ခေါ်စေတော့။ ဦးမြတ်မှူး ကတော့ သမီးကြောင့် ဖြစ်ရသည့် အတ္တပေမို့ ကျေနပ် လက်ခံပေးလိုက်သည်ပါပဲ ..။

"တော်လောက်ပါပြီ ဒက်ဒီ .."

စာကြည့်ခန်းတံခါး ပွင့်လာရင်း မှူး ပြောလည်းပြော ..၊ အခန်းထဲ လည်း ဝင်လာတာမြင်ကြတော့ ဦးမြတ်မှူး ရော ဒေါ်နုနုမေ ရော တစ် ချက် ငြိမ်ကျသွားပါ၏။

"မှူး .. ရောက်နေတာကြာပါပြီ ဒက်ဒီ .. ဒေါ်ကြီးမွေး က အန်တီမေ အစိမ်းကြော်လာပို့တာရယ် .. ဒက်ဒီနဲ့ စာကြည့်ခန်းထဲဝင်သွားကြတယ် ဆိုတာရယ် .. ပြောပြတာကြောင့် .. မှူး လိုက်လာတာပါ .. အခန်းပြင် ဘက်က .. အားလုံးနီးပါး .. မှူး ကြားသင့်သလောက်တော့ ကြားခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီလို့ ထင်ပါတယ် .. စောစောပိုင်းပြောနေကြတာတွေ မကြားလိုက်ရပေမယ့် .. ဒက်ဒီနဲ့ အန်တီမေ တို့ အချီအချပြောနေတာတွေ ကြားရပြီးပြီမို့ မှူး သိသင့်သလောက် သိပြီးနေပါပြီ .."

မှူး ပြောကာ ဒက်ဒီ့ကို ကြည့်တော့ ဒက်ဒီ့ မျက်ဝန်းတွေမှာ ခေါင်းမာရိပ်တွေ ရှတ်ခြည်းဝင်လာသည်။ နောက်မဆုတ်ပြီဆိုသည့် အရိပ် ..။

"မှူးလေး ကို .. ဒက်ဒီ လူငယ်တစ်ယောက်နဲ့ နေရာချဖို့ စီစဉ်ပြီးပြီ .."

ဟု စကားကို တည့်တိုး တုံးတိပြောချလိုက်တော့ မှူး ခေါင်းခါသည်။

"မဖြစ်နိုင်ပါဘူး ဒက်ဒီ .."

ဟု လေသံလေး အေးစက်စက်ဖြင့် ဖြေသည့် မှူး ကို ဒက်ဒီကလည်း စေ့စေ့ရှုးရှုး ကြည့်၏။

"အဲဒီ ဒုက္ခိတ ခြေကျိုးနဲ့ .. ငါ သဘောမတူဘူး မှူး .."

ဟု အော်သည်။ အန်တီမေ ငြိမ်နေရာမှ တစ်ချက်မခံနိုင်တော့သည့်နှယ် ကိုယ်ကိုမတ်၍ ..

"မေ့သားကို .. ခြေကျိုးလို့ မပြောပါနဲ့ အစ်ကိုကြီး .."

ဟု ပြန်အော်လာပါ၏။ ရင်တွေကြေမွနေသည့်နှယ် အော်ခြင်း..။

"ဟ .. အကျိုးပေမို့ အကျိုးလို့ပြောတာ မှားသလား .. နေစမ်းပါဦး .. မေ့ သားက .. ခြေကောင်းနေလို့လား .. ကဲ .. ဒီမယ် .. ငါသမီးနဲ့လုံးဝ သဘောမတူဘူး .. ဒါ .. အဖြေပဲ .. သွားတော့ .."

လေသံက မာကြောသည်။ မထောက်မရက် နှင်ချသည်အထိ ဖြစ်လာမည်ဟု မထင်ထားမိသည့် ဒေါ်နုနုမေ မှ ...

"ဒီလောက်ထိ ရိုင်းမယ်လို့ မေ မထင်မိတာကိုက .. အစ်ကိုကြီးအပေါ် မေ အထင်ကြီးစိတ်လေး ကျန်နေသေးလို့ပါပဲရှင် .. ကဲပါလေ-





မေ့သားကို အကျိုးလို့ ပြောတဲ့ အစ်ကိုကြီး .. ဒီလောက်ထိမှ မတူမတန်ဖြစ်နေရင်လည်း မေ ကလည်း ပြောလိုက်ချင်ပါရဲ့ .. ဒီလောက်အတ္တကြီးတဲ့လူတစ်ယောက်ရဲ့ သမက်အဖြစ်တော့ မေ့ ရဲ့သား ချမ်းလေး ကို အဖြစ်မခံနိုင် .. အရောက်မခံနိုင်ပါဘူးလို့ .. ပြောခဲ့ပါရဲ့ .. စကားကမ်းမှုကိုလည်း နောင်တနဲ့ ပြန်ရုတ်သိမ်းကြောင်း ကြေညာလိုက်ပါရဲ့ရှင်.."

ဟု အံခဲ၍ ပြောစဉ်မှာ မှူး မှ ခါးခါးသီးသီးလေး ခေါင်းမာစွာ ပြောလာသည်။

"ဒက်ဒီ ပေးစားတဲ့သူကို မှူး လက်မခံနိုင်ဘူး ဒက်ဒီ .."

"အေး .. အန်တီမေ ပြောမယ် .. အန်တီ့ မေ ကလည်း .. အန်တီမေ့သားလေးကို .. အကျိုးလို့ပြောတဲ့ ဟောဒီက ဦးမြတ်မှူး ရဲ့ သမက်အဖြစ် .. ဘယ်တော့မှ အဖြစ်မခံနိုင်ဘူး မှူး .. ညည်းလေး ငါ့သားရဲ့ဘဝထဲက အဝေးဆုံးကို ထွက်သွားလိုက်စမ်းပါ .. ချမ်းလေး ရင်ကွဲနာကျကျန်ခဲ့လိမ့်မယ် .. ဒါအမှန်ပဲ .. ကျန်ပေ့စေ .. ရင်ကွဲနာကျနေတဲ့သားကို .. အန်တီမေ မျက်ရည်သုတ်ပေးနေခဲ့မယ် .. ဒါပေမယ့် .. ဦးမြတ်မှူးရဲ့ သမက်အဖြစ်တော့ ဘယ်တော့မှ အဖြစ်မခံနိုင်တော့ဘူး မှူး .. နေ့စဉ်ရက်ဆက် .. အန်တီမေ့ သားလေးကို ချိုးဖဲ့ပြောနေတာတွေ .. အဖြစ်လည်း မခံနိုင်ဘူး .. အကြည့်လည်း မခံနိုင်ဘူးကွယ့် .. ညည်းလေး .. ငါ့သားနဲ့ ဝေးဖို့ဆိုတာ .. ညည်း အိမ်ထောင်ကျမှ ဖြစ်မှာ .. ကျမှ ဖြစ်မှာ .. ဒါပေမယ့် .. အဲဒီအိမ်ထောင်ဖက်ဟာ .. အန်တီမေ့သားတော့ မဖြစ်ပါစေနဲ့ .. ငါ့သားဘဝထဲက .. အပြီးတိုင် ထွက်သွားလိုက်ပါတော့.. အန်တီမေ့ ကိုရော .. သားလေးကိုရော .. သနားရင် .. ထွက်သွားလိုက်ပါတော့ .."

ဟု ပြောကာ အန်တီမေ မျက်ရည်ကျလာတော့ မှူး ငြိမ်ကျသွားပါ၏။ ဘာမှ ပြန်မပြော ..။ မျက်တောင်လေးတွေ စိုက်ချထားကာ ကြမ်းပြင်ကို သည်းသည်းမဲမဲ ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အံ့ခဲထားရင်း မျက်ရည်လည်နေသည်။ တစ်ခွန်းမျှ မပြော ..။ အန်တီမေ မျက်ရည်ကျရင်း အခန်းတွင်းမှ ထွက်သွားတော့ မှူး ငြိမ်ကျန်ခဲ့သည်ပါပဲ ..။

အခန်းတံခါးကို အန်တီမေ ပြန်ပိတ်သွားသည်။ မျက်ရည်တွေဖြင့် အန်တီမေ အိမ်ပြန်သွားပြီဆိုတာ မှူး သိနေသည်။ မကြာမတင်မှာ သရဖီဦးသို့ ရောက်လိမ့်မည်။ ထိုအခါ .. မိခင်၏ မျက်ရည်စက်လက် မြင်ကွင်းကို မြင်သည့် ကိုကို မေးပေလိမ့်မည်။ အန်တီမေ ကလည်း ဝေ့ွးဆူနေပြီမို့ အားလုံးကို ဖြေလိမ့်မည်။ ထိုအခါ .. ကိုကို တုန်လှုပ်ကြေကွဲပေတော့မည်။

ကိုယ်တွေ ယိုင်ကျကုန်သည်အထိ ကိုကို စိတ်အထိနိုက်ကြီး ထိခိုက်ရှာလိမ့်မည်။ မီရာတစ်ခုခုကို ဖမ်းဆုပ်ထိန်းယူဖို့ ကြိုးစားရင်း ကိုကိုသည် ပြိုလဲမကျသွားအောင်တော့ ထိန်းချုပ် ကြိုးစားရှာပေလိမ့်မည်။ ဒါပေမယ့် .. ဩော် .. ဒါပေမယ့် .. ကြေကြေမွမွ .. တစ်စစ ဖြစ်ရှာလေသည့် နှလုံးသား၏ ပေါက်ကွဲမှုအရှိန်ကို .. ကိုကို.. ဘယ်သို့ ထိန်းနိုင်ပါ့မည်တဲ့လဲလေ ..၊ ထိန်းနိုင်ရှာပါ့မည်တဲ့လဲ ..။

မထိန်းနိုင် ..၊ မှူး သိသည်။ မှူး သည်လည်း နှလုံးသား၏ကြေမွ ပေါက်ကွဲမှု၏ ဆိုးဝါးသော နာကျင်မှုတွေကို နှလုံးအိမ်ထဲမှာ လူးလဲနေအောင် ခံစားသိနေရသည် မဟုတ်ပါလား။ ကိုကိုနှင့် မှူး တို့၏ ခံစားချက်သည် ထပ်တူပဲဖြစ်နေမှာ မှူး သိနေသည်လေ ..။

ဘာကြောင့်ဆို .. ကိုကိုနှင့် မှူး သည် .. တစ်ယောက်၏ ရင်ကို တစ်ယောက် မြင်နိုင်ကြသူတွေ ဖြစ်နေကြသည်ကိုး ..။

"ဒက်ဒီ .."

မှူး ၏ အသံလေးက တိမ်ဝင်နေသည်။ ဒါပေမယ့် ပီပီသသရှိ၏။ အေးစက်သော ခေါင်းမာကြည့်သည် ပွင့်လင်းရှင်းပစွာ ဖြစ်ဧည်၏။





"အန်တီမေ ပြောသွားသလိုပါပဲ .. မှူး .. ကိုကို့ဘဝထဲက အပြီးဆိုင် ထွက်ခွာဖို့ ဆုံးဖြတ်ပေးလိုက်ပါတယ် ဒက်ဒီ .. အဲသလို ဆုံးဖြတ်ခြင်းဟာ .. မှူး ရဲ့ နှလုံးသားကိုရင်းပြီး ပေးဆပ်ရတာမျိုးပါ .. မှူး.. လက်ထပ်ရလိမ့်မယ် ဒက်ဒီ .. ဒါပေမယ့် .. ဒက်ဒီ လက်ထပ်ပေးတဲ့သူ တစ်ယောက်နဲ့တော့ ဖြစ်မှာမဟုတ်ဘူး ဒက်ဒီ .. တခြားတစ်ယောက် ယောက်နဲ့ပဲ လက်ထပ်မှာပါ .. အတ္တကြီးတဲ့ ဒက်ဒီဟာ .. ကိုကို့ကို ငြင်းတဲ့ကိစ္စမှာ တရားတယ်လို့ ဆုံးဖြတ်ရင် .. အတ္တကြီးတဲ့ ဒက်ဒီ့သမီး မှူး ဟာလည်း .. ဒက်ဒီ လက်ထပ်ပေးတဲ့လူကို ငြင်းပယ်ခြင်းဟာ တရားတယ်လို့ပဲ မှတ်ယူပိုင်ခွင့် ရှိရမှာပေါ့ ဒက်ဒီ ..၊ မှူး .. ဒီနေ့ .. ဒီအချိန်မှာ .. ဒီအိမ်က ထွက်ပါပြီ .. မှူး ကို .. မတားပါနဲ့ .. မှူး မှာ .. ဆုံးဖြတ်ခွင့်ရှိတယ် ဒက်ဒီ .. မှူး လက်ထပ်ပြီးတဲ့အခါမှာ .. မှူး ဟာ .. အိမ်ထောင်သည်ဖြစ်ပါပြီဆိုတာ .. အန်တီမေ့ ဆီကို .. အကြောင်းကြားလိုက်ပါ့မယ် .. ဒက်ဒီကတော့ .. ဒက်ဒီ ရဲ့အတ္တဆိုတဲ့ ဘဝထဲမှာ နေရစ်ပါ .. မှူး ကလည်း .. မှူး ရဲ့ ရင်ထဲက အချစ်ဆိုတာတစ်ခုအတွက်.. နှလုံးသားကို ကျိန်စာတိုက်တဲ့သူအဖြစ် .. ခံယူရင်း .. ကိုကို့ဘဝထဲက ထွက်သွားတဲ့ ပန်းမြတ်သက်မှူး ဆိုတဲ့ဘဝတစ်ခုကို.. စပြီး .. လှမ်းလိုက်ပါပြီ .."

မှူး ပြောပြီးတာနှင့် အခန်းတွင်းမှ ချာခနဲထွက်သည်။

ဦးမြတ်မှူး မတား ..၊ ရင်ထဲမှာ ကြေကွဲနေသည်။ အဖေကို ပြောသွားလေခြင်းဟု စိတ်ထဲမှာ ထိခိုက်ရသည်။ ဘာပဲဖြစ်ဖြစ် ..၊ အဖေတစ်ယောက်၏အချစ်ကိုတော့ သမီးမှူး ထည့်တွက်ပေးသင့်သည်ဟု ဦးမြတ်မှူး တွေးသည်။ တံခါးကိုပိတ်ပစ်ခဲ့သည့် သမီး ..၊ ခြေသံလည်း ဝေးပြီ..။

မကြာလိုက် ..၊ ဒေါ်ကြီးမွေး ၏ ငိုယိုတားမြစ်သံတွေ ကြားနေရသည်။ မှူး အိမ်မှ ထွက်ဖို့ အဝတ်အစားသေတ္တာတွေဘာတွေ သယ်ပြီး .. ထွက်နေပြီထင့်..။ ဦးမြတ်မှူး ထွက်မကြည့် .. မတား ..။ အံခဲ၍



www.burmeseclassic.com

www.burmeseclassic.com



ငိုင်ရပ်နေသည်။

ကားသံ ကြားရတော့မည်လားဟု စိတ်ထဲမှာ တွေးချင့်၏။ ကား
မောင်း၍ မှုး ထွက်မည်ပေါ့။ ဒါပေမယ့် ကားသံမကြားရ ..။ ပိုယို
လိုက်တားနေသည့် ဒေါ်ကြီးမွေး ၏ အသံက ခြံဘက်မှာဖြစ်နေသည်
ပြေး၍ .. ပြတင်းအနီးမှာ ရပ်ကြည့်တော့ လက်ဆွဲအဝတ်သေတ္တာဖြင့်
ခြံဝသို့ ခြေလျင် လျှောက်သွားနေသည့် သမီး ..၊ မကြာလိုက် ..။ ခြံတံခါး
ကို ဖွင့်၍ ထွက်သည်။ အားလုံး တကောက်ကောက် လိုက်တားနေကြ
တာကို မြင်နေရသည့်အဖြစ် ..။ မိလုံး လည်း ပါသည်။ ဦးဆောင်
လည်း ပါသည်။ မောင်ရွှေ လည်း ပါသည်။ အားလုံး တားနေသည့်ကြား
မှ တက္ကစီတစ်စီးကို တားကာ လိုက်ပါသွားတာတွေကို မျက်တောင်
မခတ် ကြည့်နေရင်း ကြည့်နေရင်း ရင်ထဲဆို့လာသည်။

တကယ့်ကို ထွက်ရက်သည်ကော .. ဟု ရင်ထဲမှာ ကြေကွဲလာ
သည်။ အဖေ့ကို ပစ်ထားခဲ့ရက်သည်ကောဟု လည်ချောင်းတွေ ဆို့
တက်လာသည်။

အမိမဲ့သမီးလေး ..၊ ရှစ်နှစ်အရွယ်မှာ ကိုယ်ပဲအဖ .. ကိုယ်ပဲ အမိ
ရှိခဲ့ရပါသည့် သမီး ..၊ သြော် .. ခုတော့.. ဖခင်ရင်ခွင်ကို ခြေစုံကန်ရက်
ချေသည်တကား ...။

"အစ်ကိုကြီး .. အစ်ကိုကြီး .. ကားနဲ့ လိုက်တားပါ အစ်ကိုကြီး
ရယ် .. သမီး မှုးလေး ထွက်သွားပြီ .. ဟဲ့ .. မောင်ရွှေ .. ကားနဲ့လိုက်
စမ်းပါဟဲ့ .. မြန်မြန်လိုက်ပါဟဲ့ .. မီပါ့မလား .. မသိပါဘူး .. တက္ကစီ
က ထွက်သွားပေါ့ဟာ .."

စာကြည့်ခန်းတံခါးကို လာထု၍ ငိုပြော ..။ မောင်ရွှေ ကိုလည်း
လှည့်အော်ဖြင့် ဒေါ်ကြီးမွေး မှာ တုန်းသားချင်း အိမ်ကထွက်သွားသည်
နှယ် စိတ်ပူနေချိန်မှာ ဦးမြတ်မှုး ချက်ခန်းကို စုံကိုက်သည်။ ပြတင်း
အနီးမှာ ခြေစုံရပ်၍ ငြိမ်နေသည်။





"သွားပါစေစမ်းပါ .. သူက .. အခုထွက်သွားတာက .. သူ့ ကိုကို
ရဲ့ ဘဝထဲကပါ ထွက်သွားတာလေ .. အဲသလို ထွက်သွားတာကို ..
ကျုပ် စိတ်အေးတယ် .. ဒါပေမယ့် .. နောက်တော့မှ .. ကျုပ်သမီးကို
ကျုပ် စုံစမ်းမယ် .. ဒီကောင်မလေး .. သူ့သူငယ်ချင်း မျိုးမျိုး ဆီကိုပဲ
သွားမှာပါ .. အဲဒီကလွဲပြီး ဘယ်မှ သွားစရာမရှိတာ ကျုပ်သိပါတယ်.."

ဟု အော်ပြောလိုက်သည့်အသံက ဆို့နင့်နေသည်။ ခါနေသည်။
ဦးမြတ်မှုး ၏ လက်တွေက စိတ်ထိခိုက်လွန်း၍ တွဲလောင်းကျသည့်
နှယ် ဖြစ်နေ၏။

မျက်ရည်က ထိန်းမရ ..၊ အတ္တကြီးသည့် ဖခင်တစ်ယောက်မှာ..
သမီးအတွက် .. နက်ရှိုင်းသည့် နှိုင်းမရချေသော မေတ္တာရှိသည် ဆိုတာ
လေးလောက်တော့ .. ဤသမီး .. သိပေးသင့်ပါသည်ကော.. ဟု မရို
တင်ကဲတွေးရင်း ရှိုက်ငင်ငိုချလိုက်သည်က .. ဦးမြတ်မှုး ပါ။

မကြာမတင်မှာ သမီးကို ရအောင် ပြန်ခေါ်နိုင်မည်ဟု မျှော်လင့်
နေရသည်ကလည်း .. ဖခင်၏ ချစ်ဓာဖြင့်ပါတကား ..၊



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လည်း မပြောရက်
ခွဲခွာဖို့လည်း ခက်နေတဲ့စိတ်တွေကို
တိတ်တဆိတ် မျိုသိပ်ဖို့ကြိုးစားရင်း
ငါ့ချစ်ခြင်းတွေ ရင်ထဲမှာ
နှစ်များစွာ သိမ်းဆည်းနိုင်ခဲ့ပေမယ့် ...၊

တစ်သက်တာအတွက်
ပေးရမယ့်ရက်ကိုတော့ ထိတ်လန့်
မတန့်နားနိုင်တဲ့ မျက်ရည်များ
နှလုံးသားကွဲအက်သံနှင့်အတူ ရှိနေသမျှ
မင်းကြားသွားရမှာလည်း
စိုးရိမ်စိတ်ကဲနေရတဲ့သူပါကွယ် ....။



မထိုက်တန် ကျန်ရမှန်းလည်း သိ
ရင်ကွဲဒဏ် ခံရမှန်းလည်း သိ
ဒုက္ခတဆိုသည့် ဤဘဝထဲ
ရင်အသည်း ကောရီသစင်ကို
ဆွဲမခေါ်လိုပေမယ့်
ချစ်ရတဲ့လမင်းမျက်နှာ
ပန်းမျက်နှာလေးကိုတော့
တသောသော တမျှင်မျှင်ဖွဲ့နေတဲ့
လေညင်းတွေရဲ့တစ်ပက်ဆီမှ
မျိုသိပ်နေရတဲ့ ချစ်စိတ်တစ်ခုနဲ့ ပေးရင်း
တိတ်တခိုး ချစ်ခြင်းနဲ့အတူ
ငါသည် လူပြစ်နေခွင့်လေးရချင်နေတဲ့သူပါကွယ် ...၊
ခြေဘော် ...
ငါသည် လူပြစ်နေခွင့်လေး ရချင်နေတဲ့သူပါကွယ် ...၊





## အခန်း (၈)

"မမေလည်း သားကို ချစ်တဲ့ဖောနဲ့ .. အစ်ကိုကြီးကို ပြောမိခဲ့ ...ာ မှားပါပေါ့လားလို့ ခုထိ တွေဝေစိတ် မဖြစ်မိရပေမယ့် .. မှုုးလေး ...ို မျက်ရည်စက်လက်နဲ့ ကြေကြေကွဲကွဲကြီး အဲသလို ပြောမိခဲ့တာကို ...ော့ .. မှားပါပေါ့လားလို့ ခုအချိန်မှာ နောင်တဖြစ်နေရပါပြီ ချမ်းလေး ...ယ် .. တကယ်က မှုုးလေး ခမျာမှာလည်း မျက်ရည်တွေနဲ့ပါ .. အဖေ ...သူကိုလည်း ပြတ်ပြတ်သားသား အဖြေ ချက်ချင်း ပေးခဲ့ရှာတာပါ.. ... စီမံတဲ့သူနဲ့ ဘယ်လိုမှ လက်ထပ်မှာ မဟုတ်ဘူးဆိုတာကို မှုုးလေး ...နေချိန်မှာ .. မမေလေ .. သားကို ချစ်တဲ့ဖောနဲ့ .. ပြောမိခဲ့တယ်.. ...ကိုကြီး ကိုမြတ်မှုုး ရဲ့ သမက်အဖြစ် .. ချမ်းလေး ကို ဘယ်တော့မှ ...ည်း အဖြစ်ခံနိုင်မှာ မဟုတ်သလို .. မှုုးလေး ကိုလည်း ချမ်းလေး ရဲ့ ...ထဲက ထွက်သွားပါလို့လေ .. ထွက်ပါလို့လေ ..အဲဒါ .. မှားပါပေါ့ ... .. မှုုးလေး အရမ်းခံစားကျန်ခဲ့ရရှာမှာ .. မေမေ ဒေါသနဲ့ပြောရင် ...လေး ဒီလောက်ရင်ထဲကျေနေမှာ မဟုတ်ဘူး .. ခု .. ခုကျတော့.. ...က မျက်ရည်စက်လက်နဲ့ ပြောခဲ့တာ .. မေမေ့ရင်ထဲမှာ ဘယ် ...က်ထိ ကြေမွနေတဲ့ မိခင်တစ်ယောက်ရဲ့ ခံစားချက်တွေ အုံကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြည့်နေတယ်ဆိုတာ မှုံးလေး မြင်နေရာမှာ .. အဲဒါကြောင့် .. အဲဒါ ကြောင့် .. သူ .. သူ .. ဘယ်တော့မှ .. သားရဲ့ ဘဝထဲကို ဝင်လာတော မှာ မဟုတ်ဘူး .. ဘယ်လောက်ပဲ ခမျာ ရင်ထဲကွဲကြေနေပေ့စေ .. သား ရဲ့ ဘဝထဲကို ဝင်လာတော့မှာ မဟုတ်ဘူး .. ဘာလို့လဲဆိုတော့ .. သူ ဝင်လာဖို့ ကြိုးစားချင်နေရင်တောင်မှ .. သူ့ရဲ့ ခြေလှမ်းလေးတွေ ဟန့်တားနေမှာက .. မေမေ့ မျက်ရည်စက်တွေ ဖြစ်နေတယ် ချမ်းမေ ရယ် ..''

မေမေ ရင်ကွဲပက်လက် ခုကျတော့ နောင်တဖြင့် ငိုနေသည်။ ပြောမိလေခြင်းဟု ဖြေဆည်မရနိုင်သည့် နောင်တဖြင့် ငိုနေခြင်း ..၊ မေမေ ကတော့ ငိုင်နေ၏။ ချမ်းမြေ့ ၏ ရင်တွေကတော့ ဆို့ဖွယ်မရှိပြီ။ ဆော တည်ရာ ပျောက်နေသည်။

ဝေးကြရတော့မှာလား မှုံးလေး ရယ်ဟု ငိုကြွေးမြည်တမ်းနေသည် နှလုံးသားကို အဘယ်အင်အားနှင့်မျှ ဖျောင့်ဖျ၍ မရနိုင် ..၊ အဘယ် စကားနှင့်မျှ ဖျောင့်ဖျ၍ မရနိုင် ..။

''မထိုက်တန် ကျန်ခဲ့ရမှန်းလည်း သိနေရတဲ့သူပါ မှုံးလေး ရယ် ရင်ကွဲဒဏ် ခံရမှန်းလည်း သိနေရတဲ့သူပါ .. ဒါပေမယ့် မှုံးလေး ရယ် တိတ်တဆိတ်လေးတော့ မှုံးလေး ကို ချစ်စိတ်နဲ့ ငေးကြည့်ခွင့်လေ ရချင်နေတဲ့ ကိုကို့ကို အဲဒီ အခွင့်အရေးလေးတောင် မှုံးလေး မပေးတော ဘူးလား ချစ်ဆုံးရယ် .. မေမေ ဘယ်လိုပဲပြောပြော .. မှုံးလေး ကို ကိုကို .. ဘယ်အထိ ချစ်တယ်ဆိုတာ ဖွင့်မပြောပေမယ့် မှုံးလေး သိနေ ပါ .. သိနေမှာပါ ..၊ အခု .. မှုံးလေး မရှိတဲ့ ချမ်းမြေ့သာ အဖြစ် ကို ကျန်ခဲ့ရပြီ .. ကျန်ခဲ့ရပြီ ..''

ရင်ထဲမှ တစာစာ ပြောနေသည်။ အသံထွက်မလာနိုင် ..၊ လည် ချောင်းတွေ ဆို့နေသည်။ တံတွေးကို အနိုင်နိုင်မျိုနေရင်း လည်ချောင် တနင်နင်ဖြင့် ရင်ထဲ မွန်းကျပ်ခဲနေသည့်အဖြစ် ..။





သူ .. သူ .. ဤအဖြစ်ကို အမြဲ ထိတ်လန့်နေခဲ့ရသည်။ သွေးလန့်နေ ခဲ့ရသည်။ တစ်နေ့မှာ .. မှုံးလေး နှင့် ဝေးရသည်ဆိုသည့် အဖြေတစ်ခုကို ထိတ်ပပ သူ့နှလုံးဖြင့် ဆတ်ဆတ် ကြားရမှာမျိုး ရင်ဆိုင်ကြုံရမှာကို လန့် နေခဲ့ရသည်။ သူ့နှလုံးသား၏ ကွဲအက်သံကို ခုတော့ သူကိုယ်တိုင် ကြားနေရချေသည်ကောလေ ..။ ထိုင်နေရာမှ သူ အနိုင်နိုင် ထရပ်သည်။ တုတ်ကောက်ကို အားပြု၍ ပြတင်းဆီသို့ လျှောက်မိရချိန်မှာ မှုံးလေး ငိုနေပြီဆိုတာကို အလိုလို သူ့နှလုံးသားကလည်း သိနေသည်။

ထိုသို့ သိနေရတာလောက် သူကို ဆောက်တည်ရာပျောက်နေ အောင် စိတ်ထိခိုက်စေတာမျိုး မရှိ ..၊ သူ့ကို မှုံးလေး တမ်းတနေလိမ့် မည်။ ကိုကို .. ဟု ရှိုက်သံလေးဖြင့် တစ်ယောက်တည်း ခေါ်နေလိမ့် မည်။ မည်သည့်အဖြစ်ဆိုးတွေထဲမှာပဲဖြစ်ဖြစ် .. သူနှင့် မှုံးလေး တို့ဆီမှ ယောဇဉ်အနှောင်အဖွဲ့သည် ထွက်ခွာမသွားနိုင်တာမို့ ..။

မှုံးလေး သည် .. သူ့ကို .. ခုထိလည်း တမ်းတမ်းတတ ပြောဆို ငိုကြွေးနေမှာ သေချာသည်။

''ချမ်းလေး .. ဟိုကိုလိုက်သွားမယ် မေမေ .. အန်ကယ့်ကို တောင်း ပန်မယ် .. မှုံးလေး နဲ့ မျက်နှာချင်းမဆိုင်ဘဲ နေပေးပါဆိုရင်လည်း နေပေးပါ့မယ်လို့ ကတိပေးမယ် .. မှုံးလေး ကိုတော့ဖြင့် .. မှုံးလေး ချစ်နိုင်တဲ့သူနဲ့ ဖွတ်နေရာချမပေးပါနဲ့လို့ တောင်းပန်မယ် .. မှုံးလေး အဲသလို လက်ထပ်လိုက်ရရင် သေလိမ့်မယ် မေမေ .. ရင်ကွဲနာကျပြီး သေလိမ့်မယ် .. မှုံးလေး ရဲ့ ရင်ကို ချမ်းလေး မြင်နေတယ် .. မေမေ မှုံးလေး ကို သားရဲ့ဘဝထဲက .. ဟောဒီ ချမ်းလေး ရဲ့ဘဝထဲက ထွက် သွားဖို့ပြောခဲ့တယ် မဟုတ်လား .. အဲဒါ .. အဲဒါ .. မှုံးလေး တကယ့်ကို ထုပ်ပေးရှာလိမ့်မယ် မေမေ၊ မှုံးလေး မေမေ့ဆန္ဒကို မျက်ရည်စက်လက် နဲ့ ဖြည့်စွမ်းပေးရှာလိမ့်မယ် .. ဒါကြောင့် .. မှုံးလေး အတွက် .. ချမ်းလေး အန်ကယ်မြတ် ကို သွားတောင်းပန်ရလိမ့်မယ် .. မှုံးလေး ကို .. တခြား



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်နဲ့လို့ .. ပြီးတော့ .. မှုုးလေး ကိုလည်း ချမ်းလေး သွာ
တောင်းပန်မယ် .. မေမေ့ စကားကြောင့် မှုုးလေး တခြားလူတစ်ယော
ကို .. လက်မထပ်လိုက်ပါနဲ့လို့ .. မှုုးလေး အဲသလိုလုပ်ရင် ဘယ်တေ
မှ စိတ်ချမ်းသာနေမှာ မဟုတ်ဘူးဆိုတာ မှုုးလေး သိနေတယ်မဟုတ်
လားလို့ .. သား သွားတောင်းပန်ရလိမ့်မယ် မေမေ .. မှုုးလေး ဟာ
ခေါင်းမာတယ် မေမေ .. အန်ကယ် ပေးစားတာကိုလည်း လက်ခံမှ
မဟုတ်ဘူး .. ဒါပေမယ့် .. သူ .. မေမေ့အတွက် .. လူတစ်ယော
ယောက်ကိုတော့ မလွဲမသွေ လက်ထပ်လိမ့်မယ် မေမေ .. အဲဒီလူဟ
အန်ကယ် လက်ထပ်ပေးတဲ့လူ မဟုတ်တာ သေချာနေသလို .. မှုုးလေ
ချစ်နေတဲ့သူလည်း ဘယ်တော့မှ ဖြစ်လာနိုင်မှာ မဟုတ်တာ ချမ်းလေ
သိနေတယ် မေမေ .."

သူ့အသံတွေ တုန်ခါနေသည်။ အက်ကွဲနေသည်။ မျက်သားေ
နီတက်လာနေရင်းမှ မျက်ရည်တွေ ထိန်းမရအောင် ကျလာနေသည်
စိတ်နာစွာ ကြည့်မိသည်က သူ့ခြေထောက် ..။

"ဟောဒီ ညာဘက်ခြေထောက်ဟာ .. အားလုံးကို ဒုက္ခပေးေ
တာ .. ဖေဖေနဲ့ မေမေ့ကိုလည်း စိတ်ထိခိုက်အောင်လုပ်တယ် .. အန်က
မြတ် အတွက်ကျတော့ .. ချမ်းလေး ဟာ မှုုး ကို ဒုက္ခပေးမယ့်သူ
တာဝန်ပိစေမယ့်သူ .. မှုုး နဲ့ မထိုက်တန်သူလို့ မြင်စေတယ် .. ချမ်းလေ
ကိုယ်တိုင်ကျတော့လည်း ဒီခြေထောက်ကြောင့် .. ဟောဒီ အသုံးမ
လူရာမဝင်တော့တဲ့ ခြေထောက်ကြောင့် .. ရင်ထဲက ချစ်ခြင်းတွေ
တောင် ဖွင့်မပြောရက်စေတဲ့ ဒုက္ခကို ခံစားနေရစေတယ် .. အခု .. အ
မှုုး နဲ့ ဝေးရတဲ့အထဲမှာ .. ချမ်းလေး အရှုံးအမှုး .. လူးလဲပြီး ကျန်ေ
ပြီလေ .. ပြီးတော့ .. ပြီးတော့ .. ဟောဒီခြေထောက်ကြောင့် .. မှုုးေ
ကို .. မေမေက .. တခြားလူတစ်ယောက်ယောက်နဲ့ လက်ထပ်ဖို့ေ
ထွက်စေခဲ့တာ မဟုတ်လား .. သားရဲ့ ဘဝထဲက မှုုးလေး ထွက်သွာ





အထိ ပြောမိစေခဲ့တာ မဟုတ်လား .. ဒီခြေထောက်ဟာ ချမ်းလေး နဲ့ အတူရှိမနေသင့်ဘူး မေမေ .. သူ မရှိဖို့ဆိုတာကလည်း .. သား အသက်ရှင်နေသမျှ ဖယ်ထုတ်လို့မှ မရတာမို့ .. ဟောဒီ ဒုက္ခပေးတဲ့ ခြေထောက်.. ဟောဒီက .. ဒုက္ခတွေ လူတိုင်းကိုပေးနေတဲ့ ချမ်းလေး ဟာ .. သေမှ ဖြစ်မှာ .. သေမှ အေးမှာ .. အေးမှာ .."

သူ .. မုန်းတီးစွာ ခြေထောက်ကိုကြည့်၍ လက်ကိုင်တုတ်ကောက်ဖြင့် နာနာကြည်းကြည်း ရိုက်ပစ်နေမိတော့ ဖေဖေရော မေမေပါလာ၍ ဆွဲကြ ..။ ငိုကြဖြင့် ဖြစ်ကုန်ရသည်ပါပဲ။ မေမေ့လက်တွေက သူ့ကို ရင်ခွင်ထဲ ဆွဲဖေ့လာသည်။ သူ .. ကိုယ်ကို လျှော့ချလိုက်မိရဟာမို့ ကြမ်းပေါ် ပြိုကျသွားခိုက် မေမေရော ဖေဖေပါ လိုက်၍ထိန်းပေးကြရပါပြီ ..။ ကြမ်းပေါ်မှာ ခြေထောက်တစ်ဖက်က အဆန့်သား ..။ ကောင်းသည့် ခြေထောက်ကျတော့ ကွေးဝိုက်၍ ရှိနေရင်း သူ ထိုင်နေမိရာမှ မေမေ့ရင်ခွင်မှာ ကလေးတစ်ယောက်နှယ် ခေါင်းထိုး၍ မျက်ရည်ကျနေရပါပြီတည်း။ မေမေ့ လက်တွေက သူ့ဆံစတွေကို သပ်ပေးနေသည်။ သူ့မျက်ရည်ကို သုတ်ပေးနေသည်။ မေမေသည်လည်း ငိုနေသည်ပါပဲ..။

"မေမေ .. မှုုးလေး ကို ရအောင်တွေ့မယ် သား .. အစ်ကိုကြီး အိမ်မှာ မရှိချိန် သွားတွေ့ပါ့မယ်ကွယ် .. မေမေ ပြောမိတဲ့စကားတွေ အတွက် ပြန်ရုတ်သိမ်းတာကို မေမေ ပြောပါ့မယ် .. ပြောပါ့မယ် .. ဟောဒီက ချမ်းလေး ရဲ့ ဘဝထဲက ထွက်သွားပါလို့ ပြောမိတာကို ပြန်ရုတ်သိမ်းတာပြောရင်း တောင်းပန်ပေးပါ့မယ်ကွယ် .."

ဟု ပြောလာတော့ သူ ခေါင်းခါသည်။ ကြေကြေကွဲကွဲ မျက်ဝန်းကို စုံပိတ်ထားမိသည်။ နောက်တော့မှ မေမေ့ကိုကြည့်ကာ ...

"အဲသလိုပြောလိုက်တာကို မှုုးလေး လက်ခံမယ်လို့ ထင်သလား မေမေ .. မှုုးလေး ရဲ့ စိတ်ထဲမှာ .. သူ့ရဲ့ ဒက်ဒီကပြောတဲ့စကားတွေ အတွက် .. မေမေ့ကို ကြွေးဆပ်စရာအဖြစ် သူ့မှာ တာဝန်ရှိနေတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



စွဲနေမှာ .. သူ .. သူ .. တစ်ယောက်ယောက်ကို .. လက်ထပ်ပြပေးလိမ့်မယ် မေမေ .. အဲဒါကို .. အဲဒါကို .. သား တားချင်တယ် .. တားလို့မရမှာကိုလည်း သား သိလာနေရပြန်ပြီ မေမေ .. ခု .. ခု .. မှူးလေး တစ်ယောက်ယောက်နဲ့ .. တစ်နေ့မှာ လက်ထပ်ပြတာဟာ .. သူ့ဒက်ဒီက မေမေ့ကို ပြောခဲ့တဲ့စကား .. သူ့ဒက်ဒီက သားကို မတူမတန်ထားပြီး ပြောခဲ့တဲ့စကား .. မေမေ့ကို မျက်ရည်ကျအောင်လုပ်ခဲ့တဲ့ စကားတွေအတွက် .. ကြေးပြန်ဆပ်ရမယ်လို့ ခေါင်းထဲစွဲနေလောက်ပြီ မေမေ.. စွဲနေလောက်ပြီ မေမေ .. ဒုက္ခတော့ ကြီးပါပေါ့လား မေမေရယ် .. မှူးလေး .. တစ်သက်လုံး .. စိတ်ဆင်းရဲရင်း .. အသက်ရှင်သွားရရှာမှာ.. အဲဒါ .. သားသိနေတယ် .. မှူးလေး ကို မြင်တတ်တဲ့စိတ် သားမှာရှိတယ် မေမေ .. သား ရင်ကွဲရပါပေါ့လား မေမေရယ် .. ဟင် .. သားရော မှူးလေး ရော .. ချစ်ကျိန်စာသင့်ရပါပေါ့လား .. ဘာလို့များ .. သားဟာ ဒီလူ့ဘဝထဲကို ရောက်လာရတာလဲ မေမေရယ် .. မှူးလေးကို ဒုက္ခပေးဖို့ .. ဒီ ဒုက္ခတဖြစ်ရမယ့်သူဟာ လူ့ဘဝထဲကို ရောက်လာရတာလဲဗျာ .. သားဟာ .. ဖေဖေနဲ့ မေမေ့ကိုလည်း စိတ်သောကတွေပေးဖို့ ရောက်လာတာ .. မှူးလေး ကိုလည်း စိတ်ဆင်းရဲအောင်လုပ်ဖို့ ရောက်လာတာ မေမေ .. လာခြင်းကောင်းသော လူတစ်ယောက်မဟုတ်တဲ့ သားဟာ .. ကံဆိုးမိုးမှောင်ကျခြင်းဆိုတာကိုပဲ သယ်ဆောင်လာတဲ့ကောင်ပါဗျာ ..''

ယူကျုံးမရစိတ်ဖြင့် သူ တောက်လျှောက်ပြောနေရင်း သူ့ရင်ကို သူ ထုနေမိသည်။ ဟုတ်သည် ..၊ သူသည် .. ဘယ်သူ့ကိုမှ ကောင်းကျိုးမပေး ..၊ ထိုအစွဲသည် ရင်ကို ပြင်းထန်သောအရှိန်ဖြင့် ထိုးဆွထိုးနှက်နေကြသည်တည့် ..။

မေမေ သူ့လက်ကို အတင်းဆွဲရင်း ငိုရှာသတည်း။ သား၏ မျက်နှာကို လက်ဖြင့် ဖေးအုပ်ကာ နဖူးကို မေမေ နမ်းသည်။ သား၏ မျက်ရည်





တိုလည်း သုတ်ပေးနေသည်။ ဖေဖေကတော့ မျက်နှာညှိုးနေလျက် ပြတင်းအနီးမှာ တွေတွေကြီး သွားရပ်နေပါ၏။

ထိုစဉ်ခိုက် အိမ်တွင်းသို့ ဒေါ်ကြီးမွှေး မောကောသောကောဖြင့် ရောက်လာပါ၏။ တော်ဝင်မှူးအိမ်ကြီးနှင့် သရဖီဦးတို့၏ ခြံစည်းရိုးကြားမှာ လူဝင်တံခါးတစ်ခုကို ထားသည်မို့ ဒေါ်ကြီးမွှေး ထိုတံခါးမှဝင်လာခြင်းပါ ..။

''လုပ်ကြပါဦး မေ ရယ် .. ကိုသားအဖ ဘာဖြစ်ကြတယ်တော့ မသိဘူး .. မေ ပြန်သွားလိုက်တာကို ဒေါ်ကြီးမွှေး လည်း မီးဖိုဘက်မှာ ချက်ပြုတ်ရင်း လှမ်းတော့ မြင်လိုက်ပါရဲ့.. မှူးလေး တို့ သားအဖ ဟိုစာကြည့်ခန်းမှာ ဘာဖြစ်ကြတယ် မသိပေါင်ကွယ်.. မေ ရှိနေရင် ဒီလိုဖြစ်ချင်မှ ဖြစ်မှာ .. ဖြစ်ချင်မှ ဖြစ်မှာ ..''

သူရော မေမေရော မျက်စိမျက်နှာ ပျက်ကုန်ရပြန်ပါပြီ။ ဖေဖေလည်း မနေသာ ..။ ချက်ချင်း ဒေါ်ကြီးမွှေး ထံ လျှောက်လာသည်။ မေမေနှင့် အန်ကယ်မြတ် တို့ စာကြည့်ခန်းထဲမှာ ဘာတွေဖြစ်ပျက်ခဲ့သည်ဆိုတာ ဒေါ်ကြီးမွှေး သိပုံမရ။ မီးဖိုဆောင်မှာ ချက်ပြုတ်ကြော်လှော်နေရင်း .. ဘာမျှ ကြားလိုက်ပုံလည်း မရ ..။ စာကြည့်ခန်းတံခါးကိုပိတ်၍ မေမေနှင့် အန်ကယ်မြတ် တို့ ပြောဆိုခြင်းဖြစ်ခြင်း၏မို့ အသံတွေကို မီးဖိုဆောင်ဆီမှ ဒေါ်ကြီးမွှေး မကြားနိုင် ..။

ခု .. ဒေါ်ကြီးမွှေး မျက်ရည်စက်လက်ဖြင့် စိတ်လက်ဆင်းရဲ ပူပန်နေရင်း အားကိုးတကြီး ရောက်လာခြင်းဆိုတာ မြင်နေရသည်။ စိတ်ဇောတစ်ခုဆောင်ရင်း ပြေးလာသည့် ဒေါ်ကြီးမွှေး ကိုယ်တိုင်ကလည်း ခုမှ သူရော မေမေရော ဧည့်ခန်းထဲမှာ ကြမ်းပေါ်ထိုင်ရင်း ရှိနေကြတာ..၊ သူ့မျက်နှာမှာ မျက်ရည်တွေ စွန်းထင်းစိုစွတ်နေတာ .. မေမေလည်း မျက်ရည်စက်လက် ဖြစ်နေတာတွေကို အာရုံစိုက်မိလာပုံဖြင့်..

''ဟင် .. ဒီမှာလည်း .. ဘာတွေဖြစ်နေကြတာလဲ မေရယ် ..ဟင်..''



www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်လက်မချမ်းမြေ့ပုံကြီးဖြင့် လွှတ်ခနဲ မေးလာရှာပါ၏။ သူ့ကိုရော .. မေမေ့ကိုရော ဖေဖေ့ကိုရော .. ဒေါ်ကြီးမွေး ကြည့်ရှာသည်။

"မျိုးထဲဆွေထဲကများ .. တစ်ယောက်ယောက်များ .. ဘာများဖြစ်တာ သတင်းကြားရလို့လဲကွယ် .. ဒေါ်ကြီးမွေး ကလည်း ကိုယ့်အမှုနဲ့ကိုယ်ဆိုတော့ .. ပြေးလာမိတယ် .. ကိုယ့်အပူ .. သူများဆီကူးပြီး အပူထပ်ပေးသလို ဖြစ်ကုန်ပြီထင်ပါရဲ့ .."

ဟု တစ်ချက်ညည်းရှာ၏။ အားတုံ့အားနာဖြစ်နေတာလည်း သိသာနေသည်။ သူ ကျုံး၍ထတာမို့ မေမေ ဘေးက လိုက်ထိန်းပေးရပါ၏။ ဖေဖေလည်းလာ၍ သူ့ကိုယ်ကို ထူမတ်ပေးရှာသည်။ တစ်ယောက်မှ စိတ်ချမ်းသာကြတာ မရှိ။ အားလုံးအပူတွေဖြင့် လောင်မြိုက်နေကြရသည်ကောလေ ..။

"အဲဒါတွေ အရေးမကြီးပါဘူး ဒေါ်ကြီးမွေး .. အမြန်ပြောပြစမ်းပါဗျာ .. မှုုးလေး တစ်ခုခုဖြစ်ပြီထင်ပါရဲ့ .. အန်ကယ်နဲ့ မှုုးလေး စကားများကြသလား ဟင် .. ဒေါ်ကြီးမွေး ပြောတယ်လေ .. ဟိုမှာ မေမေရှိနေရင် ဖြစ်ချင်မှဖြစ်မှာဆို .."

သူ နိုးရိမ်တကြီးမေးတော့ ဒေါ်ကြီးမွေး မျက်ရည်ကျလာသည်။

"ဒါကြောင့် .. ဒါကြောင့် .. ဒေါ်ကြီးမွေး လည်း ဒီကိုပဲ အားကိုးစရာရှိတာမို့ .. ပြေးလာရတော့တာ .. ဟိုမှာလည်း .. မောင်ရွှေ ကားနဲ့တော့ လိုက်သွားလေရဲ့ .. မိမှ မိပါ့မလား မသိပေါင် ချမ်းလေး ရယ် .. မှုုးလေး ကို တားပေးဖို့ အစ်ကိုကြီး ပြေးပြီးပြောတော့လည်း အခန်းတံခါးပိတ်ထားပြီး .. အော်နေတာနဲ့ သူ့စကားဆုံးအောင် နားမထောင်တော့ဘဲ .. ကြံမိကြံရာ ဒီကိုပြေးလာရတော့တာ .. ဒီလိုမျိုး သူတို့သားအဖ ဘယ်တုန်းကမှ ဖြစ်ခဲ့ကြတာမဟုတ်ဘူး .. မှုုးလေး ကလည်း တားလို့ကို မရတာ .. အိမ်က ထွက်သွားတာပဲ .. တက္ကစီကလည်း အခန့်သင့် ခြံတံခါးအထွက်မှာ တိုးရသတဲ့လားတဲ့ နော် .. ခက်ပုံများ .."





ဒေါ်ကြီးမွေး ငို၍ပြော ..၊ မျက်ရည်သုတ်ဖြင့် ရှိနေချိန်မှာ သူ့တစ်ကိုယ်လုံး တစ်ချက် ယိုင်ခနဲဖြစ်၏။ မျက်စိတွေ ပြာခနဲ ဖြစ်ကုန်ပြီ။ ထိုမျှအထိ အန်ကယ်နှင့် မှုုးလေး တို့ သားအဖကြားမှာ ပြင်းထန်သော ဒိတ်၏ပေါက်ကွဲကွာဟမှု ဖြစ်တည်ရခြင်းသည် အဓိကအားဖြင့် သူ့ကြောင့်ဆိုတာ သူ သိနေရသည်။ ထို့အတွက် .. သူ .. သူ .. ငို၍ .. ကြေကွဲခံစားရပါ၏။

"ဘုရားရေ .. မှုုးလေး .. အိမ်က ထွက်သွားတယ် .."

မေမေ့ နှုတ်မှ ခပ်ညည်းညည်း ပြောသံသည် ယူကျုံးမရသံ ဖြစ်နေသည်။ သူကတော့ စိတ်ဇောဆောင်နေရင်း တုတ်ကောက်ကို အားပြုကာ ခြေလှမ်းတွေ ခါတိုင်းထက် ပို၍မြန်ဆန်လွန်းစွာ ပေါ်တီကိုဘက်ကို လှမ်းဘက်လာနေမိချိန်မှာ ..

"မေ့ အပြစ်ပါ .. မေ့ အပြစ်ပါပဲ မောင်ရယ် .. အဲဒီစကား မေ သွားပြောမိလို့ .. ဒီလိုဖြစ်ကုန်ရတာပါလား .."

"မောင်မပါဘဲ မေ သွားလိုက်တာကိုက .. မှားတာ .. ဘာပဲဖြစ်ဖြစ် မောင် ပါသွားခဲ့ရင် .. ဒီလောက်ထိ အစ်ကိုကြီး ပြောထွက်ချင်မှ ပြောထွက်မှာ .. ပြောလာရင်လည်း .. မောင်က မေ့ကိုလည်း ထိန်းသိမ်းနိုင်မယ် .. အစ်ကိုကြီးကိုလည်း နားလည်ပေးတဲ့စိတ်နဲ့ .. တောင်းပန်နိုင်မယ်လေ .. မောင်တို့ဘက်က စကားကို ပြန်ရုတ်သိမ်းတာပဲ ပြောခဲ့ဖြစ်ကြမှာ .. ခုကျတော့ မေ ကလည်း သားဇောနဲ့ ပြောချင်ရာပြောမိခဲ့ .. ကြားထဲက .. မှုုးလေး ခမျာ .. ဒုက္ခရောက်ရရှာပြီ .. ဒီကလေးက .. သားကို အလွန် သံယောဇဉ်ကြီးတာ .. ဘယ်သူ့ဆီကမှ .. သားကို ထိခိုက်ပြောတာမျိုး .. မှုုးလေး က ခံတာ မဟုတ်ဘူး .. အဲသလောက် ချစ်တာ .."

ဖေဖေ့ထံမှ ထိထိခိုက်ခိုက် ပြောနေသံတွေက သူ့ရင်ထဲ လာ၍ထိသည်။ မျက်ရည်တွေ ဝဲတက်နေရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးသက် .. လေးလေးသက် .."

ဟု အော်နေမိရပါ၏။ ဘဘချို ခမျာလည်း ဥယျာဉ်မှာ ပန်းတွေ မြေတောင်မြှောက်နေရာမှ နောက်ဖေးတန်းလျားသို့ ပြေးရှာသည်။ လေးလေးသက် ကို ပြေးခေါ်တာဖြစ်မည်။ သူ ခေါ်နေတာက အရမ်းကို အရေးတကြီးနိုင်နေတာမို့ ဘဘချို ခမျာလည်း မနေသာ ..၊ ပြေးခေါ်ပေး ရှာသည်ပါပဲ ..။ လေးလေးသက် ကမန်းကတမ်း ရောက်လာသည်။ ဥယျာဉ်မှူး ဘဘချို နှင့် ဒရိုင်ဘာ လေးလေးသက် တို့က နောက်ဘက် တန်းလျားမှာ တူတူနေသည်။ စားတာသောက်တာကျတော့ အိမ်မှာပဲ စားဖြစ်ကြပါ၏။ မေမေက တူတူစားသောက်ဖို့ စီမံထားတာမို့ ..။ အား လုံးက သားချင်းတွေလိုပဲ ဖြစ်နေကြသည်ပါပဲ။

ခုလို .. သူ အရမ်းကို စိတ်သောကဖြစ်နေတာ သိနေလောက် အောင် ဝေဒနာမျက်နှာကြီးက ထင်းနေတာမို့ .. လေးလေးသက် ခမျာ မျက်နှာမကောင်းရှာ။ ဘဘချို လည်း မျက်နှာပျက်နေသည်။ စောစော က ဒေါ်ကြီးမွေး မျက်ရည်ကျရင်း အိမ်ထဲဝင်သွားတာလည်း ဘဘချို တွေ့ထားသည့်ပုံ ရပါ၏။ မှူး တို့၏ အိမ်ကြီးဘက်ကို ဘဘချို တစ် ချက်လှမ်းမျှော်ကြည့်လိုက်တာ သူ မြင်နေရသည်။

"လေးလေးသက် .. ကားမောင်းပို့ဗျာ .."

ဟု ပြောကာ ကားပေါ် သူတက်တော့ လေးလေးသက် ရော ဘဘချို ရော သူ့ကို ခြေထောက်လိုက်ထိန်းပေးကြသည်။ ကောင်းသည့်ခြေ ထောက်ဖြင့် ကားပေါ် အားပြုတက် ..။ ထိုင်မိတော့မှ တွဲလွဲကျနေသည့် ခြေထောက်ကို လက်ဖြင့် သူထိန်း၍ ပင့်မယူကာ နေသားတကျ ထိုင်ဖြစ် ရပါ၏။ သူ့အကြည့်က ခြေထောက်ကို နာကြည်းမုန်းတီးစိတ်ဖြင့် စိုက် ကြည့်မိရပြန်သည်။ ဒုက္ခပေးသည့်ခြေထောက် .. ဟု တစ်ချက်လက်ဖြင့် ပြင်းပြင်းရိုက်မိလိုက်သည်ပါပဲ။

"လူလေးရယ် .. မလုပ်ပါနဲ့ .. မလုပ်ပါနဲ့ .."





ဘဘချို ထိထိခိုက်ခိုက် ပြောကာ သူ့လက်ကို လာဆွဲသည်။ တွေ ၍ဘာလုပ်ရမှန်း မသိပဲကြည့်နေသည့် လေးလေးသက် ကို သူကြည့် ကာ ...

"ဘာရပ်နေတာလည်း လေးလေးသက် ရ .. ကားပေါ်တက်တော့ လေ .. မောင်း .."

ဟု ပြောတော့မှ ကမန်းကတမ်း ကားပေါ်တက် ..၊ ကားစက်နှိုး ၍ ခြံထဲမှ မောင်းထွက်လာရင်းမှ ...

"ဘယ်ကိုမောင်းရမှာလဲ ချမ်းလေး .."

ဟု မေးလာတော့ သူ ရှေ့တည့်တည့်ကိုကြည့်ကာ ...

"လောလောဆယ် .. မောင်းချင်ရာမောင်း .. နောက်တော့မှ .. ချမ်းလေး ပြောမယ် .. အဲဒီကို မောင်း .."

ဟု ပြောတော့ နားမလည်နိုင်သလိုတော့ လေးလေးသက် တစ်ချက် အကဲခတ်သလို ကြည့်ရှာသည်။ ဒါပေမယ့် ဘာကိုမှ ဆက်မမေး ..၊ ကားကို ခပ်မှန်မှန်ပဲ လမ်းအတိုင်း မောင်းလာသည်။ နောက်တော့ ညာ ဘက်ကို စတင်၍ ကွေ့၏။ သူ ဖုန်းဆက်နေမိသည်က မှူးလေး ၏ ဟမ်းဖုန်းလေးကိုပါ ..။ ဖုန်းထူးသံလေး ပေါ်လာပါ၏။

"ပြောပါ ကိုကို .."

အသံလေး တိမ်ဝင်နေတာကို သူသိနေရသည်။ သူ စိတ်ပူပန်နေ ရင်းဖြင့် ...

"မှူးလေး .. အခု ဘယ်မှာလဲ .. ဘယ်မှာလဲ .. ကိုကို့ကို ပြောစမ်း.. ပြီးတော့ .. အနီးဆုံးနေရာမှာ ကားကိုရပ်လိုက်တော့ .. ကိုကို လာခေါ် မယ် .. ကိုကို လာခေါ်မယ် မှူးလေး .. တခြားဘာမှ ကိုကို့ကို မပြောနဲ့.. မငြင်းနဲ့ .. ကိုကို့ကို သနားရင် .. ကိုကို့ရင်ထဲမှာ ဘယ်လောက်စိုးရိမ်ပူ နေတယ်ဆိုတာ သိနေရင် .. ကိုကို့ကို စောင့်နေပါ မှူးလေး ရယ် .. နော် .. အခု .. ကိုကို .. ကားနဲ့လာနေတယ် .. လာနေတယ် မှူးလေး.."



www.burmeseclassic.com

www.burmeseclassic.com



သူ တောက်လျှောက်ပြောနေချိန်မှာ မှုးလေး ၏ ရှိုက်သံကိုကြားရသည်။ သူ မခံနိုင်ဆုံးသောအရာသည် မှုးလေး ၏ မျက်ရည်ပဲဖြစ်ပါ၏။ မှုးလေး ၏ မျက်ရည်ကို သူ မမြင်ရက်နိုင် ..၊ မှုးလေး ၏ ရှိုက်သံကို သူ မကြားရက်နိုင် ..။ သူ .. ဆောက်တည်ရာပျောက်နေသည့်နှယ် ဖြစ်နေရသည်ပါပဲ။ ရင်ထဲမှာ မွန်းကျပ် ဆို့နင့်လာနေရပါ၏။

"ကိုကို တရားခံပါ .. ကိုကို တရားခံပါ မှုး ရယ် .. ဟင် .."

ဟု သူ စိတ်ထဲ တင်းမခံနိုင်တော့ဘဲ အသံတွေအက်ကျနေရင်း ပြောနေတော့ မှုးလေး ထံမှ ...

"ကိုကို့ကို မှုးလေး တောင်းပန်ပါတယ် ကိုကိုရယ် .. ဒက်ဒီ ပြောသမျှတွေအားလုံးနဲ့ ပတ်သက်ပြီး မှုးလေး ကန်တော့တောင်းပန်ပါတယ် .. အန်တီမေ နဲ့ အန်ကယ့်ကိုလည်း မှုးလေး တောင်းပန်ခဲ့တယ်ဆိုတာ ပြောပေးပါ နော် .. တကယ်က .. မှုးလေး ကြောင့် .. မှုးလေး ကြောင့် .. ကိုကို့ကို .. အဲသလောက်ထိ ဒက်ဒီ ပြောတာပါ .. မှုးလေး ကြောင့် ခုလို ကိုကို အပြောအဆိုခံရတာပါ .. မှုးလေး ဟာ.. လူဖြစ်မလာရင် သိပ်ကောင်းမှာ .. မှုးလေး ကိုကို့ကို ဒုက္ခပေးဖို့ လူဖြစ်လာသလိုပါပဲ ကိုကိုရယ် .."

"မပြောနဲ့ .. မပြောနဲ့ .."

သူ တားနေမိသည်။ အသံတွေ တုန်ခါနေကြပါ၏။ တစ်ယောက်၏ ကြေကွဲမှုကို တစ်ယောက်မြင်နေကြသည့် သူနှစ်ယောက်သည် သူနှင့် မှုးလေး ပဲ ဖြစ်နေကြချေသည်တကား ..။ ထိုသို့မြင်နေရင်း .. ကိုယ့်ကိုယ်ကိုယ်ပဲ .. ယူကျုံးမရစိတ်ဖြင့် အပြစ်ဖွဲ့နေမိကြတာချင်းလည်း တူနေကြချေသည်ကောလေ ..။ ဪ .. အလွန်တရာကိုမှ ချစ်မိကြလျှင် .. ခံစားချက်ချင်းသည် တူညီနေတတ်ကြချေသည်တကား..။

"အန်တီမေ့ ကို ပြောပေးပါ .. အန်တီမေ ပြောခဲ့တဲ့စကားကို မှုးလေး နာခံပါ့မယ်လို့ .. ကိုကို့ဘဝထဲက တစ်သက်တာအတွက် ..





ထွက်ခွာပေးပါ့မယ်လို့ .. အဲဒီကတိကို တည်စေတဲ့သူဟာ မှုးလေး ပဲ ဖြစ်ပါတယ်လို့ .. စိတ်ချပါလို့ ပြောပေးပါ ကိုကို .. ကိုကိုရေ .. ဝေးကြပါပေါ့လားရှင် .."

မှုးလေး ၏ စကားလုံးတိုင်းသည် သူ့နှလုံးသားကို ထွင်းဖောက်ကြေမွနေစေပြီ ..။ ရက်ရက်စက်စက်ပြောသော စကားကြောင့် ကြေမွသော ရင်မဟုတ် .. ကြေကြေကွဲကွဲပြောနေသည့်စကားကြောင့် သူ့ရင်တွေ ကြေမွနေရခြင်း ..။ ပြီးတော့ သူ့စိတ်ထဲမှာ ချောက်ချားနေရပြီ ..။

မှုးလေး သည် .. ဟကယ့်ကို .. သူ့ဘဝထဲမှ ထွက်ခွာသွားချေသည်တကား ..။ သူ့နှလုံးသားကို ချန်ခဲ့၍ ထွက်ခွာသွားသော ခြေသံတွေအဖြစ် မှုးလေး ၏ စကားလုံးလေးတွေက အသိပေးနေကြခြင်း ..။

"အဲသလို မလုပ်ရဘူးလေ မှုးလေး .. ကိုကို့ကို ကတိပေးစမ်းပါ မှုး ရယ် .. ကိုကို့ကို သနားရင် .. မှုးလေး ရဲ့ နှလုံးအိမ်လေးကို သနားရင် .. ရိုးသားကြရမယ် မှုးလေး .. စိတ်နောက်ကိုယ်ပါ မလုပ်ကြရဘူး .. ကိုယ့်နှလုံးသားကို .. ကိုယ်ပြန်ဖတ်တတ်နေရမယ်ဆိုတာ မမေ့နဲ့ ..၊ ဘာလို့ .. ကိုကို့ဘဝထဲက မှုးလေး ထွက်သွားရမှာလဲ မှုးလေး ဘာလုပ်တော့မယ်ဆိုတာ ကိုကို သိနေတယ် ..၊ အဲဒါကို ကိုကို တားရမှာပဲ.. ကိုကိုနဲ့ မှုးလေး မတွေ့အောင် နေမယ်ဆိုရင် နေပါ.. ကိုကို ရှောင်ပေးပါ့မယ် .. သရဖီဦးနဲ့ အဝေးဆုံးမှာ ကိုကို သွားနေပေးမယ် .. ဒါပေမယ့် မှုးလေး ရယ် .. တခြားလူတစ်ယောက်ကို လက်ထပ်တဲ့အထိ .. မှုးလေး .. အဆုံးဖြတ်မရဲလိုက်စမ်းပါနဲ့ .. နှလုံးသားကို .. သိတဲ့သူတစ်ယောက်ဟာ .. နှလုံးသားနဲ့ ဆန့်ကျင်ပြီး အဆုံးဖြတ်မရဲဖို့ အရေးကြီးတယ် မှုး .. မှုးလေး .. ကိုကိုပြောတာ နားလည်တယ်မဟုတ်လား .. ကိုကိုတို့ မဆုံကြရင် .. မတွေ့ကြတော့ရင် .. အန်ကယ်တို့လည်း စိတ်မပူရတော့ဘူးပေါ့ .. ဒါဆိုရင် လုံလောက်ပါပြီ မှုး ရယ်..



www.burmeseclassic.com

www.burmeseclassic.com



မှူးလေး နဲ့ ဝေးတဲ့နေရာမှာ .. ကိုကို နေပေးမယ် .. နေပေးပါ့မယ် - မှူးလေး သာ.. အဝေးကြီးကို ထွက်မသွားပါနဲ့ .. ကိုကို့ဘဝထဲက ထွက်မသွားပါနဲ့ .. ဘဝတစ်ခုထဲမှာ .. ဆုံနေကြတဲ့သူတွေ ရှိနိုင်ပါတယ် - လူချင်းမဆုံဖြစ်ကြပေမယ့် .. စိတ်ချင်း .. အသိချင်း ဆုံစည်းနိုင်ကြတဲ့ ဘဝတစ်ခုဆိုတာလည်း ရှိတတ်နိုင်ပါတယ် မှူး ရယ် .. အခု .. ကိုကို မှူး ကို လာခေါ်မယ် .. တော်ဝင်မှူးကို ပြန်ပို့မယ် .. ဒါ .. ကိုကိုနဲ့ မှူးလေး .. နောက်ဆုံး ဆုံခြင်းပါလို့ အန်ကယ့်ကို .. ကိုကို ကတိပေး လိုက်ပါ့မယ် မှူး .."

သူ တောက်လျှောက်ပြောနေသည်။ ကားမောင်းနေသည့် လေးလေးသက် လည်း ခုမှ ဇာတ်ရည်လည်စပြုလာပုံဖြင့် မျက်နှာမကောင်း ရှာတော့ပြီ ..၊ လေးလေ သက် ခမျာ မှူးလေး ကို ချစ်ရှာသည်ကိုးလေ.. တကယ်တော့ .. မှူးလေး နှင့် သူ့ကို သဘောမျှနေတာလည်း သူသိနေ သည်ပါပဲ ..။

"ကတိ.. ဟုတ်လား ကိုကို.. ကိုကိုက ပေးမယ်ဆိုတဲ့ ကတိအဆုံး ပဲ ရှိသေးတာပါ .. မှူး က အန်တီမေ့ ကို ကတိပေးထားပြီးနေပါပြီ- ကတိတည်ရမယ့် တာဝန်ဟာ မှူးလေး မှာ ရှိနေတာပါ ကိုကို .. ဒါဟာ- အန်တီမေ ရဲ့ မျက်ရည်စက်တွေအပေါ်မှာ မှူးလေး ပေးဆပ်ရမည့် အကြွေးကတိပါ .. ဒက်ဒီ့ရဲ့ ကြမ်းရှခဲ့ချလိုက်တဲ့စကားဟာ .. အန်တီ့ ကိုရော .. ကိုကို့ကိုရော .. အန်ကယ်သာ ကိုရော .. သွေးတွေစီးကျစေ တဲ့ နှလုံးသားဒဏ်ရာကို ပေးကားတာပါ .. အဲဒီ လူသားသုံးယောက် အပေါ်မှာ ပေးဆပ်ရမယ့်ကြွေးဟာ .. မှူး အပေါ်မှာတင်ပါတယ် ကိုကို- မှူး .. အခု .. ကိုကို့ဘဝထဲက ထွက်ခွာသွားတဲ့အချိန်ပါ ကိုကို .."

မှူးလေး ဘက်မှ ဖုန်းကို ပိတ်ချလိုက်ပြီ..၊ သူ .. အားအင်ကုန်ခန်းသည့် သူတစ်ယောက်နှယ် ကားနောက်မှီပေါ် ကျောပြင်ကြီး ပိကျသွားကာ မျက်ရည်ကျလာသည်။





တစ်ကိုယ်လုံး အားမကျန် ..၊ ပျော်ရွှင်ခြင်းမကျန်..၊ မျှော်လင့်ချက် ကျန် ..၊ ဘာမျှမကျန်တော့သည့်သူတစ်ယောက် ..၊ ဟင်းလင်းပြင်ကြီး တစ်ခုပဲ ကျန်နေသည်။ ဘာမျှအဓိပ္ပာယ်မရှိတော့သည့် ဘဝဟင်းလင်း ပြင် ..။ မှူးလေး သည် .. သူ့ကို ချန်ရစ်ခဲ့ချေပြီ တကား ..။

မထိုက်တန်မှန်း အစကတည်းက သိခဲ့ပါသည် မှူးလေး ..၊ ရင်ကွဲဒဏ်ခံရမည်မှန်းလည်း သိနေခဲ့သည်ပါပဲ။ ဒုက္ခတဆိုသည့် ဘဝထဲ ခေါ်ရက်သည့်သူမှာလည်း ကိုကိုပဲ ဖြစ်ရပါသည်ကောလေ ..။ ဒါပေ ယ့် .. မှူးလေး ၏ မျက်နှာကို .. ငေးကြည့်ခွင့်လေးတော့ ရနေသည့် ဘဝတစ်ခုကို ပိုင်ဆိုင်ခွင့်လေး ရချေလိမ့်မည်ဟု မျှော်လင့်ခဲ့သည့်ဘဝ..။

ထိုဘဝသည်လည်း .. ဆုံးရှုံးခဲ့ရချေပြီတကား ...။

ကိုယ့်နှလုံးအိမ်ဆီမှ ပြိုကျနေသည့် မျက်ရည်ကို ခင်းသည့် လမ်း မှာ ကိုယ်ပြန်နင်းနေရသည့်သူနှစ်ယောက်သည် .. ကိုကိုနှင့် မှူးလေး တို့ပဲ ဖြစ်နေကြသည်ဆိုတာတစ်ခုကိုတော့ .. မှူးလေး နားလည်ပေး သင့်ပါသည် မှူး ရယ်လေ ..။



www.burmeseclassic.com

www.burmeseclassic.com



မဆုံစည်းတော့ပြီကောလေ
ကြေကွဲမှုတွေနဲ့ ပိတ်မှောင်
သောကလှောင်အိမ်ထဲက အချစ်ငှက်
ငါသည်သာ ဖြစ်လျက်နေ ...။

လွမ်းရမယ့်ရက်များစွာ
ဘဝတစ်သက်တာအတွက် အပ်နှင်း
မျက်ရည်တမ်းချင်းရဲ့ ကဗျာတွေ
ရှည်လျားနေလေသမျှ
ရေးနေရတဲ့သူဟာ
ငါသည်သာ ဖြစ်လျက်နေ ...။



အသက်ရှင်ခြင်းရဲ့ တစ်သက်တာ
အထီးကျန်ခြင်းရဲ့ ရတက်ဖြာ
ဝေရဆွေးရတာတွေရဲ့ ကျေးကျွန်
သောကပိုက်ကွန်ထဲက ကျွန်မ
မှောင်အတိကျနေတဲ့ တိမ်တိုက်ရဲ့အောက်မှာ
အလွမ်းပုလွေ တေးကဗျာတွေနဲ့အတူ
မျက်ရည်အပူထဲက မီးတောက်တွေနဲ့
ကြေကွဲနာဝေဒနာနဲ့လူဟာ
ငါသည်သာ ဖြစ်လျက်နေ ...။
ဪ ...
ငါသည်သာ ဖြစ်လျက်နေ ...။





## အခန်း (၉)

"ကိုကို သနားပါတယ်ဟယ် .. နင့်ကိုလည်း သနားတာပါပဲ မှူး ရယ် .. နင်တို့နှစ်ယောက် သံယောဇဉ်ကြီးကြတာမျိုးလည်း အသိပါ.. ကိုကိုက အရမ်းအေးချမ်းတာဟ .. မိန်းကလေးဆိုလို့လည်း မှူး တစ်ယောက်တည်းကိုပဲ ရင်းရင်းချာချာ ဆက်ဆံရှာတာ .. မျိုး ကိုတောင်မှ အဲဒီ မှူး တို့ရဲ့ တော်ဝင်မှုးမှာ ဆုံဖူးပေမယ့် ရောရောဝင်ဝင်မလုပ်ခဲ့ဘူး လေ .. မှူး ရဲ့ သူငယ်ချင်းဆိုပြီး သူ့ညီမလေးတစ်ယောက်ရဲ့ သူငယ်ချင်း အပေါ် ပြုံးပြနှုတ်ဆက်တဲ့ အစ်ကိုကြီးတစ်ယောက်လောက်ပဲ သူက ရှိနေတတ်တာဟ .. ခု .. မှူး မရှိရင် ကိုကို ဘယ်စိတ်ကောင်းပါ့မလဲ ဟယ် .. ပြီးတော့ နင်ပြောတဲ့အတိုင်းဆို .. သူတို့ကြောင့် မှူး အိမ်ပေါ် က ဆင်းလာသလိုကြီး သူတို့ဘက်က ထိခိုက်ခံစားနေကြမှာဟ .."

"အို .. ကိုကိုတို့ကြောင့် မဟုတ်ပါဘူး မျိုး ရယ် .. ဒက်ဒီကြောင့် ပါ .. ခုလို .. ဒက်ဒီ မထောက်မရက်ကြီး အန်တီမေ့ ကို ပြောရက်လိမ့် မယ်လို့ကို မထင်မိခဲ့ဘူး သိလား .. ပြောတော့ပြောမယ် .. ဒါပေမယ့် ဒီလောက်ကြီးအထိတော့ ပြောထွက်မယ် မထင်ခဲ့ဘူးပေါ့ .. သဘောမမျှ နိုင်တာလည်း သိစေ .. တစ်ဖက်သားကိုလည်း နားဝင်ချိုစေဆိုတဲ့ အပြော



www.burmeseclassic.com

www.burmeseclassic.com



မျိုးပဲ ဒက်ဒီပြောလိမ့်မယ်လို့ ထင်ထားမိတာ .. အဲသလိုပြောမယ်ဆိုရင်တောင်မှ မှူး မှာဖြင့် မျက်နှာပူ အားနာရ .. စိတ်ထိခိုက်ရ .. ဖြစ်ရမှာ မျိုး ရဲ့ .. ခုဥစ္စာက အရမ်းကို မာကျောတယ်ဟာ .. ဒက်ဒီ ပြောရက်တယ် မျိုး ရယ် ..''

မျိုး ၏ ဘော်ဒါငှားနေရာအခန်းငယ်လေးထဲမှာ ထိုင်နေရင်း မှူး မျက်ရည်တလည်လည်ဖြင့် ပြောနေခြင်းပါ ..။ မျိုးမျိုး မှာလည်း မျက်နှာမကောင်း ..။ ညနေသည် မှောင်ရိပ်ပင် သမ်းနေပြီ။ မှူး တစ်ယောက် အဝတ်အစားလက်ဆွဲသေတ္တာတစ်လုံးဖြင့် မျက်ရည်လည်ရင်း အခန်းတံခါးကို လာခေါက်တော့ ဖွင့်လိုက်ချိန်မှာ မမျှော်မလင့်ကြီးပုံစံတွေ မထင်မှတ်နိုင်သော မြင်ကွင်းဖြင့် တိုးရတာမို့ မျိုးမျိုး ပင် အံ့ဩသွားခဲ့ရသည်လေ ..။

ဤလို မိုးကြီးချုပ်ချိန်မျိုးမှာ ဘယ်တော့မှ မှူး လာမလည်တတ်..။ ရောက်လာလျှင် တနင်္ဂနွေရက်မျိုး ဖြစ်တတ်သည်။ နေ့လယ်စာ မျိုး ၏ အခန်းမှာတူတူ သူငယ်ချင်းနှစ်ယောက် အပျော်သဘော ချက်စားသည့်ရက်လည်း ရှိ ..၊ တော်ဝင်မှူးသို့ ကားလေးဖြင့်ခေါ်သွားကာ ဟိုမှာ မျိုးမျိုး ကို ကျွေးတာလည်း ရှိ ..၊ ဒါမှမဟုတ်လျှင်လည်း ကုန်တိုက်တွေဘာတွေ သွားကာ ဝယ်ချင်တာလည်း ဝယ် ..။ မျိုးမျိုး အတွက်လည်း ထည့်ထည့်ဝယ်ဖြင့်ရှိကာ အပြန်ကျမှ တော်ဝင်မှူးမှာ သူငယ်ချင်းနှစ်ယောက် နေ့လယ်စာ စားကြ ..၊ ထိုသို့ရှိလျှင် နေ့လယ်ဘက် ရောက်လာတတ်ပါသည့် ကိုကို့ခမျာ ဧည့်ခန်းမှာ စာအုပ်လေးဖတ်လိုက် .. မှူး ကို လှမ်းမျှော်လိုက်ဖြင့် ရှိရှိနေတတ်လေသမျှ မျိုးမျိုး အားနာရင်း တွေ့နေရတာချည်းပါ ..။ နောက်ဆုံးတော့ ညနေစာ မစားရက်နိုင်ပဲ ကိုကို့ကို အားနာစိတ်ဖြင့် မျိုးမျိုး အိမ်ပြန်လျှင် မှူး မှ ညနေစာအတွက်ရော-နောက်တစ်နေ့မနက်စာအတွက်ပါ စားစရာတွေ ချိုင့်ဖြင့်ထည့် ..၊ အဆောင်သို့လိုက်ပို့မည် တကဲကဲလုပ်လျှင် ကိုကို ပို၍ မျက်နှာမကောင်းတတ်ရှာ-





ခမျာ နေ့တစ်ဝက်လုံး မှူး ကို ဧည့်ခန်းမှာထိုင်ရင်း မျှော်လိုက် ..။ ပန်းခြံထဲသွား၍ ဘာဘဆောင်း နှင့် စကားပြောရင်း အချိန်ကိုဖြုန်းလိုက်ဖြင့်ရှိနေရတတ်သည်ကိုးလေ ..။ နောက်ဆုံး မျိုး မှ လေးလေးရွှေ ဖြင့် ကားမောင်းပို့ပေးဖို့ မှူး ကို ပြောယူရသည်အထိ ကိုကို့ သံယောဇဉ်ရိပ်တွေကို ဖမ်းမိနေတတ်ခဲ့ရသည်ပဲလေ ..။

''ကိုကို သနားပါတယ်ဟာ .. ကြားထဲက ကိုကို စိတ်အရမ်းဆင်းရဲနေရှာပြီ မှူး .. အဲဒါကိုတော့ နင် သိဖို့လိုတယ် .. ကိုကိုက နင်ဆိုမှ နင်တစ်ယောက်တည်း အစွဲအလမ်းကြီးတာ နင်အသိနော် .. မျိုး နင်နဲ့ အတူရှိနေချိန်မျိုးမှာတောင်မှ.. တော်ဝင်မှူးမှာ ငါ့ကို ဝင်ရောတာ မဟုတ်ဘူး သိရဲ့လား .. အဲသလောက် မှူး ဆိုမှ မှူး ဖြစ်ရှာတာမျိုးတောင်မှ သိတယ်ဟယ် .. ခုလည်း နင့်ကို ကားနဲ့လိုက်ရှာ .. ဖုန်းလှမ်းဆက်ခေါ်နဲ့ ဖြစ်နေတဲ့ဥစ္စာဟယ် .. နင်မို့လို့.. ဘယ်သူ .. ငြိမ်းငွေစည် ဆိုတဲ့ လူတစ်ယောက်ဆီမှာ သူ့အမေရဲ့ ဆိုင်ခန်းဘေးက အပီချထားတဲ့နေရာလေးမှာ အခန်းငှားနေဖို့ ဖုန်းဆက်ရက်တယ် .. အခု .. အဲဒီကိုလည်း သွားတော့မယ် .. သူပြောတဲ့ လိပ်စာအတိုင်းသွားတဲ့အထဲမှာ .. ငါကလည်း နင်နဲ့ တူတူပါရဦးမယ် .. မြှောက်ပေးနေသလို ဖြစ်နေပြီဟာ .. နင် .. အိမ်ပြန်ပါဟယ်.. အန်ကယ့်ကိုလည်း တောင်းပန်ပေါ့ မှူး ရယ်.. အန်ကယ် ဆုံးဖြတ်ထားတဲ့လူနဲ့လည်း လက်မထပ်ပါရစေနဲ့လို့ .. ကိုကိုနဲ့ပဲ .. လက်ထပ်ပါရစေလို့ ..''

မျိုးမျိုး ကတော့ သွန်၍ ကြိုးစားနေသည်။ မှူး အိမ်ပြန်ဖို့ ..၊ ဒက်ဒီကို တောင်းပန်ဖို့ ..၊ ပြီးတော့ ကိုကိုနှင့် လက်ထပ်ခွင့်ပြုပေးဖို့..။ ဖြစ်ချင်သမျှတွေကို လက်တွေ့မကျစွာ ပြောနေသည့် မျိုးမျိုး ကို မှူး ကြည့်ကာ ခေါင်းခါပြမိရသည်ပါပဲ ..။

''မဖြစ်နိုင်တဲ့ကိစ္စကို .. မဖြစ်နိုင်တော့ဘူးလို့ သိထားလိုက်တာ အမှန်တရားတစ်ခုပါပဲ မျိုး ရယ် .. ကိုကိုနဲ့ ငါ .. ဝေးကြရပြီဟာ .. အဲဒါ ..



www.burmeseclassic.com

www.burmeseclassic.com



တကယ်လာဖြစ်နေတဲ့ အဖြစ်ပဲ .. ရင်ကွဲကွဲ .. အယည်းကြေကြေ - ဒါက .. သိကိုသိနေရ .. လက်ခံပေးလိုက်ရမယ့်အဖြစ်တစ်ခုပဲ .. ငါ့မှာ ရွေးချယ်စရာ မရှိဘူး မျိုးမျိုး .. တော်ဝင်မှုုးမှာ ငါ ရှိနေရင် .. ဖြစ်တဲ့နည်းနဲ့ ဒက်ဒီ အဲဒ် မင်္ဂလာပွဲကို ဖြစ်အောင် ကြိုးစားလိမ့်မယ် .. ဒက်ဒီ သဘောတူနေတဲ့လူနဲ့ ဆိုပါတော့ .. မှုုး က .. အဲဒါကို ရှောင်ကိုရှောင်ရမှာ .. ရပ်ရှင်ထဲကလို .. ဝတ္ထုတွေထဲကလို .. မိဘဘက်က ဖိတ်စာတွေ ဝေပြီးဖြစ်နေလို့ .. မိဘအရှက်မရအောင် လက်ထပ်ပေးလိုက်ရတဲ့ ဖာတ်လိုက်လိုဘဝမျိုး ငါအဖြစ်မခံနိုင်ဘူး မျိုး .. အဲသလို ဖိတ်စာတွေဝေပစ်တာတွေကို ဒက်ဒီ လုပ်လိုက်နိုင်တယ်ဆိုတာ မှုုး ကြိုတင်နားလည်ထားတယ် .. အဲဒါကို ရှောင်လွှဲနိုင်ဖို့ဆိုတာက .. မှုုး .. တခြားမှာနေနေမှ ဖြစ်မှာ သိရဲ့လား .. မျိုး ရဲ့အခန်းမှာကလည်း အဆောင်ရဲ့စည်းကမ်းအရ .. လူပိုမထားနိုင်တာမို့ .. တခြားနေရာမှာပဲ မှုုး နေရမှာလေ - တစ်ယောက်ထဲနေရရင် မတင့်တယ်တာမို့ .. မျိုး ကိုလည်း တူတူလိုက်နေဖို့ ခေါ်နေရတာပေါ့ ..''

မျိုး ၏ အခန်းသို့ရောက်တာနှင့် အဖြစ်စုံအားလုံး မှုုး ပြောပြထားခဲ့ပြီမို့ ..၊ မျိုးမျိုး မှာ ကြားရသမျှ စိတ်မချမ်းမသာဖြစ်နေရတာပဲ ရှိနေရပါသည့်အဖြစ် ..။

''မဟုတ်သေးပါဘူးဟယ် .. နည်းနည်း စဉ်းစားပါဦး .. မှုုး က အရမ်းစိတ်မြန်တာပဲဟယ် .. အဲဒီကို ငြိမ်းငွေစည် ဆိုတဲ့ စာရေးဆရာဆီကိုလည်း ဒီကနေပြီး ဖုန်းလှမ်းဆက်တယ် .. သူတို့အခန်းငှားချင်ပါတယ်ဆိုတာတွေရော .. အဖော် မိန်းကလေးတစ်ယောက်နဲ့ နေချင်ပါတယ်ဆိုတာတွေရော .. အဲဒီ ကိုငြိမ်းငွေစည် ရဲ့ အမေနဲ့လည်း တွေ့ပါမယ်ဆိုတာတွေရော .. ဖွင့်ပြောတော့တာကိုး .. ခု .. ဟိုကလည်း သူ့တက္ကစီနဲ့ လာခေါ်ပါ့မယ်ဆိုတာတွေ ပြောခဲ့တဲ့အထိ ဖြစ်ကုန်ပြီ .. နင်က - လိပ်စာအတိုင်း ဟိုကို သွားပါ့မယ်ဆိုတော့ .. ဟိုက စောင့်နေမယ်ဆိ





ပြီး ပြောရှာတယ် .. ခမျာ .. နင့်အိမ်နဲ့ အဆင်မပြေလို့ အဲသလို အခန်းငှားနေတဲ့ မှုုး ဆိုတာ သိခဲ့ရတာ မဟုတ်ဘူး .. နင် ပြောသလိုပဲ ဆီက ရောက်လာတဲ့ ကဗျာဆရာမလေး .. အခု .. အခန်းတူတူငှားနေတဲ့ သူငယ်ချင်းနဲ့အတူ .. သူတို့ဆီမှာ အခန်းလာငှားနေဖို့ဆိုတာကည်း .. အဆောင်ပိုင်ရှင်က အဆောက်အအုံပြန်ဆောက်ဖို့ လုပ်နေလို့ ဆိုတာတွေ နင်ပြောသမျှ ငါက ဘေးကကြားခဲ့ရတယ် .. ဟိုကလည်း ရှာတယ် .. နင် .. အဲသလိုအခန်းငယ်လေးတစ်ခုမှာ .. နေနိုင်ပါ့မလားယ် .. ပြီးတော့ .. နင်က အရမ်းအသန့်ကြိုက်တာဟ ..''

ငြိမ်းငွေစည် တို့ဆီမှာ အခန်းငှားနေတာထက် .. တော်ဝင်မှုုးသို့ နေဖို့ စိတ်အားသန်နေသည့် မျိုး ကို ကြည့်လိုက်သည်က မှုုး ပါ။ က်နှာမကောင်း ..၊

''အေးလေ .. မျိုး အတွက် .. ဒီအခန်းလေးဟာ အားလုံးအဆင်ပြေနေတာပဲလေ .. ရေချိုးခန်း .. ရေအိမ်ကအစ တွဲလျက်ရှိတာပဲဥစ္စာ .. မီးဖိုခန်းငယ်လေးနဲ့ .. အိပ်ခန်း ဧည့်ခန်းလေးနဲ့ .. သေးသေးနဲ့ ကျဉ်းည်း .. အားလုံးနေသားတကျ နေချင့်စရာ အခန်းလေးပဲဆိုတော့ .. နင် .. ဟိုမှာလိုက်နေဖို့ခက်မှာပေါ့ .. ဒါဆို .. ငါ .. တစ်ယောက်တည်းပဲ သွားနေလိုက်ပါ့မယ် ..''

အပျိုရွယ်မိန်းကလေးပေမို့ .. သူတစိမ်းတို့နေရာမှာ အခန်းငှားနေသည်ဆိုလျှင်လည်း မိန်းမဖော် တူတူရှိသင့်တာ မှုုး သိသည်မို့ မျိုးမျိုးကို လာခေါ်ခြင်းပါ။ ခုကျတော့လည်း မျိုး မှာ လိုက်ရနေဖို့ အခက်တွေ့နေသည်ဟု တွေးစပြုလာသည်။ မျိုး အတွက်က .. ဒီဇိုင်နာသင်တန်းတက်နေတာကလည်း မြို့ထဲဆိုတော့ ဤနေရာလေးက သွားရေးလာရေးအဆင်ပြေသည်။ ဆရာငြိမ်းငွေစည် တို့၏ နေရာလေးက မြို့လယ်နှင့် အလှမ်းဝေးသည့် ရပ်ကွက်နေရာလေးပေကိုးလေ ..။

''ကဲ .. ငြိမ်တော့ .. မျိုး လိုက်မယ် .. စိတ်ထဲထင်ရာတွေ ဖွတ်တင်



www.burmeseclassic.com

www.burmeseclassic.com



ပြောမနေနဲ့ .. မျိုး က .. မှုး အခက်တွေ့မှာစိုးလို့ ပြောတာပါ .. ကဲ .. ကဲ .. အခန်းသော့တော့ မအပ်ဖို့ မှုး ပြောထားတာနော် .. အဆောင်ပိုင်ရှင်ကို ခွင့်ပန်အကြောင်းကြားတာ လုပ်လိုက်ဦးမယ် .. မှုး ခဏစောင့် ..

ဟု ပြောရင်း ထရပ်သည့် မျိုးမျိုး ကို မှုး မော့ကြည့်ကာ ...

"မဟုတ်ဘူးလေ .. ခု အရင်ပြောရမှာက .. နယ်မှာရှိတဲ့ မိဘအိမ်ကို ခဏပြန်ရမယ်လို့ ပြောရမှာ မျိုး ရဲ့ .. နောက်တော့မှ .. ဒီအခန်းကို တစ်ခေါက်တလေပြန်လာရင်း .. နယ်ကပြန်လာတာ .. လောလောဆယ် .. သင်တန်းမှာ တစ်ချက်ညအိပ် နေနေရဦးမှာဆိုပြီး ပြောရမှာလေ .. ဒါမှ .. မျိုး ဆီကို .. ဒက်ဒီပဲဖြစ်ဖြစ် .. ကိုကိုပဲဖြစ်ဖြစ် .. ရောက်လာရင် အဆောင်ပိုင်ရှင်က .. မျိုး မရှိတာရော .. နယ်ဘက်ပြန်သွားတယ်ဆိုတာရော .. ဖြေလိုက်မှာပေါ့ .. ဒါမှ .. ဒက်ဒီ မလိုက်လာပဲနေမှာပေါ့ .. မျိုး ရဲ့ သင်တန်းနေရာကိုလေ .."

ဟု ပြောတော့ ရေစစ်သေချာလွန်းပါသည့် မှုး ကို ဆလံလျှော့လက်ဖြင့် လုပ်ပြကာ ...

"ဟုတ်ပါ့ရှင် .. မေ့လို့ပါ မမမှုး ရယ် .. စောစောက သင်ပေးထားတာတွေကိုလေ .. ကဲ .. မှုး .. ပြောသလို အားလုံးပြောမယ် .. အဝတ်အစားယူမယ် .. မှုး နဲ့ လိုက်မယ် .. ဟုတ်ပြီလား .."

ဟု ပြောကာ မျိုးမျိုး ထွက်သွားတော့ မှုး ငိုင်၍ ကျန်ခဲ့ပါ၏။ ရင်ထဲမှာ ဆို့နေသည်။ ကိုကိုနှင့် ဝေးသမှ ဝေးရပြီတည့် ..။ ဆုံးရန်မရှိ .. ကိုကိုလည်း ဟိုမှာ ဆောက်တည်ရာ ပျောက်နေအောင် ခံစားနေလောက်ပြီ။ မှုး ခံစားရတာထက် ကိုကို့အတွက် ပို၍ ပူပန်နေမိရ ..။ မျှဝေခံစားနေမိရဖြင့် တစ်ယောက်တည်း မျက်ရည်ကျနေသည့်အဖြစ် ..၊ မကြာလိုက် .. မျိုးမျိုး ပြန်ရောက်လာပါ၏။ မထူးတော့သည့်အတူတူ ချက်ထားသမျှ အလကားမဖြစ်အောင် နှစ်ယောက်တူတူစားကြ ..။ အိုးခွက်ကအစ မျိုးမျိုး ဆေးကြောကာ အားလုံးနေသားတကျ သိမ်းဆည်းပြီးမှ





အဝတ်အစားသေတ္တာလေးဖြင့် အပြင်ထွက်ဖို့ အသင့်ဖြစ်ရှာ၏။ မှုး ကတော့ ဤနေ့မှာ စိတ်တွေမွန်းကျပ် ကြေကွဲနေရတာမို့ မျိုးမျိုး ဆေးကြောနေတာပင် ဝင်၍ လုပ်ကိုင်မကူနိုင်ခဲ့ ..။ မျိုးမျိုး ကလည်း ငိုင်၍နေသည့် မှုး ကို ကြည့်ရင်း စိတ်မကောင်း ..၊ မှုး အရမ်းခံစားနေရတာ သိနေရသည်ကိုးလေ ..။

နှစ်ယောက်သား တက္ကစီဖြင့် ထွက်ခဲ့ကြသည့်နောက်မှာ ..၊ တက္ကစီလေး ထိုးရပ်လိုက်သည်က မှုး ပြောသည့် လိပ်စာအတိုင်းပါ။ လမ်းလေးက လမ်းကျဉ်းလေးတစ်ခု ဖြစ်ပါ၏။ ဒါပေမယ့် ကတ္တရာလမ်းလေးပဲ ဖြစ်သည်။ အိမ်တွေကလည်း သူ့ခြံကိုယ့်ခြံ ကျဉ်းကျဉ်းလေးတွေဖြင့် သပ်သပ်ရပ်ရပ်ရှိသော လမ်းလေးတစ်လမ်းဖြစ်နေသည့်အတွက် မျိုးမျိုး အတန်မျှ စိတ်သက်သာရာ ရသွားရပါပြီ။ မှုး အတွက် အထိုက်အလျောက်တော့ နေ၍ရနိုင်ကောင်းသော ဝန်းကျင်ဖြစ်တန်ရဲ့ .. ဆိုသည့် စိတ်သက်သာရာရမှုပါ ..။ တက္ကသိုလ်မှာ အတန်းတူတူတက် ..။ ဘွဲ့တူတူရသည်အထိ တွဲခဲ့ကြတာမို့ .. တက္ကသိုလ်ပေါင်း သူငယ်ချင်းဆိုပေမယ့် ညီအစ်မလိုချစ်ကြသည့် မျိုးမျိုး မှာ မှုး အပေါ် အစစ နားလည်တတ်သူလည်း ဖြစ်နေသည်တည့် ..။ အစကတည်းက ဒီဇိုင်နာအလုပ်ကို အရမ်းဝါသနာကြီးသည့် မျိုးမျိုး မှာ ဘွဲ့ရတော့ မှုး မှ ကားစက်ရုံမှာ တူတူလုပ်ဖို့ ပြောပေမယ့် ခေါင်းခါခဲ့ရကာ ..၊ ဒီဇိုင်နာသင်တန်းလည်း တက် ..။ အဆောင်မှာပဲနေခဲ့ခြင်းပါ။ တော်ဝင်မှုး မှာ တူတူနေဖို့ မှုး ခေါ်ပေမယ့် မျိုးမျိုး ခေါင်းခါခဲ့သည်ကလည်း အားနာလွန်း၍ပါ ..။

တော်ဝင်မှုးမှာနေလျှင်ဖြင့် အားနာစရာကောင်းလောက်အောင် တစ်အိမ်လုံးက ဝိုင်းဂရုစိုက် တာဝန်ကျေလွန်းနေကြမှာ သေချာနေသည်မို့ .. အနေအရမ်းကျုံ့ရ အားနာရမဆုံး ဖြစ်နေရမှာလည်း သေချာနေသည်မို့ ..၊ မဖြစ်မနေ ဘော်ဒါဆောင်တစ်ခုမှာ အခန်းငှားနေခဲ့သည့် မျိုးမျိုး ပါ ..။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ တော်ဝင်မှူးမှာသာ မျိုးမျိုး နေခဲ့လျှင်ဖြင့် ခုလို မှူး နှင့် အန်ကယ်မြတ် တို့ကြားမှာ အဆင်မပြေတာတွေ ကြုံလာချိန် ကျလျှင်ဖြင့် အရမ်းကို အနေခက်ရမှာ မလွဲ ..၊ မှူး နှင့် တူတူလိုက်လျှင် လည်း မြှောက်ပင့်ပေးသည် ဖြစ်ရမည်။ မလိုက်ဘဲနေ၍လည်း ဖြစ်မှာ မဟုတ်။ ခုလို .. ဘော်ဒါဆောင်မှာ နေမိခဲ့သည်ပင်လျှင် ခပ်ကောင်းကောင်း ဖြစ်နေသည်ဟု မျိုးမျိုး သက်ပြင်းရှိုက်၍ တွေးမိရသည်ပါပဲ။

တက္ကစီရပ်သွားသည့် အိမ်စတိုးဆိုင်လေးဆီသို့ မှူး လှမ်းကြည့် ချိန်မှာ ဆရာ ခပ်သုတ်သုတ် လျှောက်လာနေတာနှင့် ကြုံသည်။ ခပ် လှမ်းလှမ်း သစ်ပင်ရိပ်မှာလည်း ရပ်ထားသော တက္ကစီတစ်စီးကို တွေ့ရ ပါ၏။ ကြည့်ရတာ ဆရာ မောင်းသော တက္ကစီ ဖြစ်ပေလိမ့်မည်။ မှူး လာမည်ဆို၍ အိမ်မှာ တမင်လာစောင့်ပေးနေသည်မို့ ပါဆင်ဂျယ် နာပြီ ကောဟု မှူး အားနာစိတ် ဖြစ်ရသည်ပါပဲ ..။

"လာ .. လာ .. မေမေ စောင့်နေတယ် မမှူး .."

ဆရာပြောကာ ပြုံး၍ စောင့်ခေါ်သည်။ မျိုးမျိုး ကိုလည်း လှမ်းပြုံး ပြသည်က ဆရာပါ ..၊ မှူး နှင့် တူတူပါလာတာမို့ ပျူပျူငှာငှာ ဆက်ဆံ ပေးခြင်းဆိုတာ မှူး သိနေရသည်ပါပဲ။ ဆရာတို့၏ စတိုးဆိုင်လေးက သပ်သပ်ရပ်ရပ်တော့ ရှိသည်။ မီးဖိုချောင်သုံး ပစ္စည်းတွေ၊ ကုန်ခြောက် တွေ၊ အလေးချိန်ဖြင့် ချိန်ရောင်းတာမဟုတ်။ ကီလိုချိန်ဖြင့် ရောင်းတာမို့ ခေတ်တော့ ခပ်မိုမို ..၊ ကြက်သွန်ကအစ၊ ကြာဆံအလယ်၊ ဆီပုံးအထိ လည်း ရှိနေသည်။ ကုန်စိမ်းအဖြစ်လည်း ခရမ်းချဉ်သီးကအစ ဟင်းသီး ဟင်းရွက်လည်း ရှိသည်။ တောဘက်ဆီမှ ခပ်ထည်ထည်နိုင်သော စတိုး ဆိုင်အဆင့်ပင် ဖြစ်နေသေးသည့်တည့် ..။ သမံတလင်းခင်း ဆိုင်ခန်း၏ အတွင်းဘက်မှာ ဆက်တီသုံးလေးခုံ ချထား၏။ နှစ်ယောက်ထိုင်ခုံမှာ အသားညိုညို၊ မာနမျက်ဝန်းလက်လက်တွေဖြင့် ခပ်တည်တည်နိုင်သော မျက်နှာထားကို ပုံသေရှိနေပုံရပါသည့် ခပ်ချောချော အမျိုးသမီးကြီး





တစ်ယောက်ကို တွေ့ရပါ၏။ မျက်တောင်နှင့် မျက်ဝန်းက ဆရာနှင့် တူနေသည်။ ဆရာ့အမေဆိုတာ မှူး သိလိုက်သည်ပါပဲ။

"ထိုင် .. ထိုင် .. မမှူး ဆိုတာ သူပါပဲ မေမေ .. မေမေ့ကို သားပြောပြ ထားတဲ့ မမှူး ဆိုတာပါ .. ကဗျာဆရာမ ဆိုတာလေ .. ဒီနေ့ မမှူး နဲ့ သူ့ငယ်ချင်း လာကြမယ်ဆိုတာ မေမေ့ကို သား ပြောပြထားတယ်မဟုတ် လား .. သားကြောင့် စာအုပ်လေးကျသွားတဲ့ ကဗျာဆရာမလေးပေါ့ မေမေရ .. အဲဒါတွေအားလုံး သား ပြောပြထားပြီးပြီပဲ မေမေရာ .. မမှူး နဲ့ ဟောဒီက သူ့ငယ်ချင်းတို့ အဆောင်မှာနေဖို့ကိစ္စ နည်းနည်း အဆင် မပြေဖြစ်လာကြတာမို့ ဒီမှာ အခန်းငှားနေချင်တာတွေလည်း စောစော ကပဲ မေမေ့ကို သား ပြောပြထားတယ်နော် မေမေ .."

သဘောက အားလုံး ဆရာ ကြိုတင်ပြောပြထားနှင့်နေပြီဆိုတာ မှူး သိအောင် စကားခင်းပေးနေခြင်းဆိုတာ မှူး သဘောပေါက်လာရ သည်ပါပဲ။ မှူး အပြောခက် အဆိုခက် ဖြစ်နေမှာစိုးရိမ်စိတ်ဖြင့် စကား လမ်းကြောင်းပေးနေခြင်းဆိုတာလည်း မှူး သိလာရလျက် ဆရာ့ကို ကျေးဇူးတင်ကြည့်လေးပင် ကြည့်မိရသည်ပါပဲ။ စိတ်ထားအေးချမ်း မြစင်လျက် ကူညီပေးချင်စိတ်ရှိသူဟုလည်း မှူး ယုံကြည်မိရပါ၏။

"ကဲပါ သားရယ် .. ထိုင်စရမ်းပါ့ရှင် .. ကဲ .. မိန်းကလေးနှစ် ယောက်လည်းထိုင်ကြ .. ဒေါ်လေး ပြောမယ် .. အလုပ်စကားဆိုပါတော့.. အိမ်လခတစ်လကို သုံးသောင်းပေးရမယ် .. စပေါ် ဆယ့်ငါးသိန်းပေး ထားရမယ် .. အိမ်မှာသုံးတဲ့မီတာခဆိုရာမှာ .. မီတာဘောက်(စ်)က ဒီဆိုင်မှာ တစ်လုံးတည်းရှိတာမို့ .. မိန်းကလေးတို့ပဲ ပေးချေရမယ်.. ဘာလို့လဲဆိုတော့ ဆိုင်မှာက မီး သိပ်သုံးတာမှ မဟုတ်တာ .. ချက်တာ ပြုတ်တာ .. ညဘက်မီးထွန်းတာတွေက မိန်းကလေးတို့အခန်းက အဓိကဖြစ်နေမှာလေ .. ဒေါ်လေးတို့ မိသားစုက ဆိုင်နောက်ဘက် က သီးသန့်အိမ်နဲ့ သီးသန့်မီတာနဲ့ ချက်ပြုတ်နေထိုင် စားသောက်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာလေ .."

"အမေကလည်းဗျာ .."

ခပ်တည်တည်ကြီး မိန့်မိန့်ထိုင်၍ အိမ်ကြီးရှင်စတိုင်ဖြင့် ခပ်တည်တည်ပြောနေသည့် အမေလုပ်သူကြောင့် အားနာပုံဖြင့် ဆရာ ခပ်တိုးတိုးပြောရှာသည်။ ဒါပေမယ့် အမေလုပ်သူကတော့ ဂရုပင် မစိုက် ..၊ ပြောချင်တာ ဆက်ပြောသည်ပါပဲ ..။

"အိမ်ခန်းလေးကတော့ ရေမီးစုံပါပဲ .. နောက်ဘက်မှာ ရေဘုံဘိုင်ရှိတယ် .. ရေပိုက်ခေါင်းတစ်ထားတာမို့ ရေဖွင့်ပြီး ရေခံသုံးလိုက်ရုံပဲ မီးလည်း ရှိတယ် .. ရေလည်း ရှိတယ် .. ဒီလိုပြည့်စုံတဲ့နေရာမျိုးကို နေဖို့ဆိုတာက စည်းကမ်းရှိသူကိုပဲ ထားနိုင်မှာလေ .. ဒီလိုနေရာမျိုးကို နေချင်တဲ့သူကလည်း .. ရတောင့်ရခဲ အိမ်ကောင်းအိမ်သန့်လေးမှာ နေတဲ့သူတွေနဲ့ ကိုက်ညီတဲ့ လူရည်သန့်တွေဖြစ်ဖို့ လိုတယ်ကွယ့် .. ညဘက် ဆယ်နာရီကျော် အပြင်က ပြန်လာတာမျိုး ဒေါ်ဒေါ် လက်မခံဘူး အိမ်ကို ယောကျ်ားလေးခေါ်သည့် ညအိပ်ညနေ လက်မခံနိုင်ဘူး ဒေါ်ဒေါ့်မှာက သားတွေရှိတယ်လေ .. တစ်ခုခုကြောင့် မိန်းကလေးတွေ နာမည်ဆိုးထွက်လာတဲ့အခါ .. ဒေါ်ဒေါ့်သားတွေကို ဝန်းကျင်က ယှက်ထင်ကြောင်ထင် အဖြစ်မခံနိုင်ဘူးလေ .."

"မေမေကလည်းဗျာ .. သူက .. အရင်အိမ်ငှားတဲ့ ကောင်မလေးလို မဟုတ်ပါဘူး မေမေရာ .."

ပြောသည့်သူကလည်း တုံးတိတည့်တိုး ပြောသည်။ လူရိပ်လူကဲပင် မခတ်။ ပြောချင်တာကို ဟန်တင်း၍ပြောသည်။ ဤမျှ ရုပ်ရည်သန့်ပြန့်မွန်ရည်သည့် မိန်းကလေးနှစ်ယောက်မှာ စရိုက်ဆိုးတွေ မရှိမှာကို မရိပ်မိသည့်နှယ် ပြောနေတော့ မျိုးမျိုး လက်ကုတ်နေပြီ။ သိပ်ပြီးနေရထိုင်ရတာ အကြောတည့် အဆင်ချောမည်မထင်ဆိုသည့်သဘော မှူး ကတော့ ထိုသို့ စည်းကမ်းကျပ်သည့်နေရာမှာ နေရတာ ပို၍သဘော





ကျသည်။ ဘေးအမြင်မှာလည်း ထို ဒေါ်ဒေါ်သည် မှူး တို့အတွက် အအုပ်အထိန်းတော်ကြီးပင် ဖြစ်နေချေဦးမည်။ နာမည်ကောင်းပင် ရချေသေးသည့်အဖြစ်။ လုံခြုံသည်ပေါ့ .. ဟု မှူး တွေးသည်ပါပဲ ..။

"ဒါကလည်း .. သားက မိန်းကလေးတို့နဲ့ပတ်သက်ပြီး လူရည်ချွန်လေးတွေဆိုတာ သေချာပြောပြလို့ .. ဒီက မိန်းကလေးကလည်း ကဗျာဆရာမလေးဆိုတာ သိရလို့ဆိုပါတော့ .. ဒေါ်ဒေါ့်သားက စာရေးဆရာဆိုတော့ စာပေသမားချင်း ကူညီပေးချင်တယ် ပြောလို့လေ .."

အပြောတိုင်းသည် တင်တင်စီးစီးနိုင်နေတာကို မှူး သိနေသည်။ မျိုးမျိုး ကတော့ ချောင်းတိုးတိုးဟန့်နေပါ၏။ ပြန်လှည့်ချင်နေပြီဆိုတာ မှူး သိနေသည်ပါပဲ ..။

ဆရာ့ကိုကြည့်မိတော့လည်း မျက်နှာမကောင်းရှာ။ အားနာနေတာ သိသာနေသည်။ ကြည့်ရတာ အမေလုပ်သူကတော့ ထိုသို့ ခပ်ပွင့်ပွင့်ပြောတတ်ကျင့် ရှိပုံရပါ၏။ ဆရာလည်း ထိန်းပုံ မရ..၊ အမေကသည်း .. အမေကလည်း၊ .. နှင့်သာ ခပ်တိုးတိုး ဘေးကပြောတာပဲ ရှိသည်။ အမေကလည်း ဂရုပင်မထား ...။

"ဒေါ်ဒေါ့် နာမည်က ဒေါ်ထား တဲ့ .. ဒေါ်လေးထား လို့ ခေါ်လို့ရပါတယ် .. အိမ်ကိုလည်း အရင်ဝင်ကြည့်လိုက်ပါဦး .. ကြိုက်မှ ငှားပါ ငှားမယ်လို့ ဆုံးဖြတ်ရင်တော့ စောစောက ဒေါ်ဒေါ် ပြောတဲ့ဟာတွေ အားလုံး ဖြည့်ဆည်းပေးရမယ်နော် .. ကြိုတင် တစ်လစာလည်း ပေးထားရမှာ .."

ငှားလိုသပဆိုလျှင် ငှား ..၊ မငှားလိုကလည်း နေ .. ဆိုသည့် အပေါ်စီးနိုင်သည့် အိမ်ကြီးရှင်စတိုင်မှ တစ်ပြားသားမလျှော့သည့် ဒေါ်ထားကို ကြည့်ကာ မှူး ခေါင်းလေးညိတ်ပြသည်။ ဆရာ ခပ်မြန်မြန် ထရပ်ကာ ရှေ့မှာ ခေါ်လာပါ၏။

အုတ်ခုံခံ အိမ်ငယ်လေးတစ်ခုသည် တစ်ဖက်သုံးပုံနှစ်ပုံက ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ခန်း ...၊ တစ်ပုံက အိမ်ခန်းလေးအဖြစ် ရှိနေခြင်း။ ဆရာ ပိတ်ထားသော အခန်းတံခါးသော့ကို ဖွင့်သည်။ အိမ်ထဲရောက်တာနှင့် မီးခလုတ်ကို ဖွင့်၏။ လေးပေမီးချောင်း လင်းလာသည့်အခန်းက မကျယ်လှ ... ဧည့်ခန်းသည် ဘုရားခန်းနှင့် တွဲလျက်ရှိ၏။ ဘုရားစင်က အိမ်ဦးနေရာမှာ ရှိနေသည်။ တစ်ဖက်မှာက အိပ်ခန်းကျဉ်းလေးတစ်ခန်း ...၊ နောက်ဘက်မှာက မီးဖိုဆောင်ရော ထမင်းစားတာရော တွဲလျက်ရှိသည့် အခန်း။ အုတ်ခုံခံ၊ ပျဉ်ထောင်သွပ်မိုးအိမ်လေးတစ်လုံးရှိ အခန်းကျဉ်းလေးတစ်ခု ... အိပ်ခန်းနှင့် မီးဖိုခန်းမှာက အီကြာကွေးမီးသီးတစ်လုံးစီ ရှိသည်။ မီးဖိုခန်းမှာ သစ်သားခုံတန်းတစ်ခု ရှိသည်။ ပလပ်ပေါက်ရှိတာမို့ လျှပ်စစ်မီးဖိုတင်၍ ချက်ပြုတ်နိုင်ရန် စီမံထားပုံရသော သစ်သားခုံတန်းရှည်သည် လူတစ်ယောက် မတ်တပ်ရပ် ချက်ပြုတ်ရန်တော့ အလောတော်ဖြစ်နေပါ၏။ ကြမ်းခင်းက သမံတလင်းခင်း ...၊ နောက်ဖေးတံခါးရွက်ကို ဖွင့်လိုက်တော့ အုတ်ကန်ကြီးတစ်ခု ...။ ပြီးတော့ ရေငုတ်တိုင်တစ်ခု ... တစ်ဖက်မှာက ဝါးကပ်ကာ ရေချိုးခန်း ...။ ရေစည်ပိုင်းတစ်ခုကို လှမ်းမြင်နေရသည်။ တံခါးရွက်မရှိသော ရေချိုးခန်း၏ အခင်းသည်လည်း ခပ်ကြမ်းကြမ်း သဲခင်း ဘိလပ်မြေဖြူးပုံစံအခင်းဖြင့် ရှိနေပါ၏။ ရေအိမ်အစုံဆိုတာ ဒါကိုခေါ်ခြင်းပေပဲဟု မှူး တွေးမိရပါ၏။

"မမေက အပြောတော့ မနူးညံ့ပေမယ့် .. စိတ်ထားဖြောင့်တယ် .. မေမေ့ဆီမှာ ငှားနေတဲ့ မိန်းကလေးတွေကို .. သမီးလေးတွေလို စောင့်ရှောက်တာပါ မမှူး .."

ဆရာ ခပ်တိုးတိုးပြောလာပါ၏။ အားနာပုံဖြင့်လည်း ခပ်လှမ်းလှမ်းဘေးမှာ ရပ်ပြောရှာခြင်း ...။

"ဆရာရယ် .. ဆရာ့တက္ကစီ ပါဆင်ဂျယ် အလွတ်ခံပြီး ဒီမှာ လာစောင့်ပေးနေတာကို မှူး ဘက်က အားနာနေမိရတာပါရှင် .. အိမ်ခန်းလေးက ကောင်းပါတယ် .."





ဟု ပြောသော့ မျိုးမျိုး တစ်ချက်လှမ်းကြည့်လာသည်။

"ဆရာ .. မျိုး တို့ နှစ်ယောက် ခဏလောက်တော့ တိုင်ပင်ပါရစေ .."

ဟု မနေသာတော့ပဲ မျိုးမျိုး ဝင်ပြောသည်။ ဆရာ ခေါင်းညိတ်ကာ အခန်းလေးဆီမှ ဆင်းသွားတော့ မျိုးမျိုး လက်ကုတ်၍ ပြတင်းဘက်ကို ကပ်ခေါ်သည်။ ဒါမှ တစ်ဖက်ဆိုင်ခန်းနံရံနှင့် ဝေးမည်လေ...။

"ဘယ့်နှယ် မှူး ရယ် .. မီးဖိုခန်းထဲမှာလည်း သောက်ရေအိုးစင်လေးထားဖို့ရာအတွက် ရေအိုးစင်အဟောင်းလေးတစ်ခုတောင် မရှိတဲ့နေရာ .. ကျဉ်းကလည်း ကျဉ်းသေးတယ် .. ရေချိုးရမယ့်နေရာလည်း မှူး မြင်တယ်နော် .. ဖြစ်ပါ့မလားဟယ် .."

ခပ်တိုးတိုးပြောခြင်း ...။ မှူး ပြုံးကာ ..

"တစ်လသုံးသောင်းနဲ့ ဒီလိုအခန်းမျိုးရတာ ကံကောင်းလှပါပြီ မျိုး ရယ် .. ပြီးတော့ .. ဒီမှာက အမေတစ်ယောက်ရဲ့ အအုပ်အချုပ်အောက်မှာ နေရသလို လုံခြုံမှာလေ .. အဲဒါ ကောင်းတယ် မျိုး ရဲ့ .."

"အို .. မျိုး ကတော့ အဲသလိုကို မထင်နိုင်တာ .. အရမ်းတင်စီးကျော့စီးနိုင်တဲ့ ဒေါ်ထား ပဲကွ .. ပြောလိုက်တာများ ပိုက်ဆံဆိုတာနှင့်ဆိုအောင် တောင်းတာပဲ ကြည့် .. စဉ်းစားကြည့်လေ .. နယ်ကလာပါတယ်လို့ ပြောထားတဲ့ မိန်းကလေးနှစ်ယောက်ဆီက စဘော်ငွေသယ့်ငါးသိန်း တောင်းရသတဲ့လား .. အဲဒါ .. မထောက်ထားတာကွ.. ပိုက်ဆံမက်တယ် သိလား .."

မျိုးမျိုး ကတော့ ဒေါ်ထား ကို ကြည့်မရတာ သေချာနေသည်တည့် ...။ မှူး လည်း ငေးနေတွေးနေရသည်။ ခက်သည်က မှူး မှာ ငွေဆယ်သိန်း ပါလာတာပဲရှိသည်။ ဤသည်ကလည်း မှူး ၏ ဗီရိုထဲမှာရှိနေသည့် ပိုက်ဆံ ...၊ အပိုငွေ သိပ်မသုံးတတ်မို့ ဤ ဆယ်သိန်းသောငွေသည်ပင် မလျော့မပြုရှိနေသည်လေ ...။ ဒက်ဒီက တစ်လ ဆယ့်နှစ်



www.burmeseclassic.com

www.burmeseclassic.com



သိန်း ပေါ့ကက်မန်းနီးဆိုတာ ပေးတတ်စမြဲ ..။ မှူး ကလည်းစက်ရုံနှင့် ကားအရောင်းစင်တာမှ ငွေကို ဘာမှ ယူသုံးတာမရှိ။ ဒက်ဒီ ပေးတာပင် မကုန်နိုင် ..။ တစ်လ တစ်လပေးသည့် ပေါ့ကက်မန်းနီးဆိုတာ လကုန် လျှင် ဆယ်သိန်း၊ ဆယ့်တစ်သိန်းလောက် ငွေစုစာအုပ်ထဲ ရောက်သွားသည်ချည်း။ ခုလို အိမ်ကထွက်လာတော့ ငွေစုစာအုပ်ပင် မယူခဲ့။ ဒက်ဒီ့ ငွေတွေပဲလေဟု တွေးကာ စာအုပ်ကို ထားခဲ့သည်။ မယူမဖြစ်ယူရမည် မို့သာ ငွေဆယ်သိန်းတော့ ပါလာခဲ့ပါ၏။ ဒါပဲ ပါလာတာမို့ စတော် ကိစ္စကတော့ အခက်အခဲရှိနေပြီ။ မျိုး ကိုလည်း ဒုက္ခမပေးချင်။ ကိုယ့် ပြဿနာထဲ အဖော် လိုက်ပါလာရပါသည့် မျိုး ၏ စုဆောင်းရာငွေကြေး ကိုတော့ အပွန်းပဲ့မခံနိုင် ..။ ပြီးတော့ .. ဤအိမ်ခန်းလေးကို ငှားပြီးဆို တာနှင့် အားလုံးလိုတာ..တွက ဝယ်ဖို့ပြုဖို့လိုသည်။ အိုးခွက်ကအစ ဝယ်ရမည့်သဘော ..။ ..ူး ၏ မီးဖိုချောင်သုံးအိုးခွက်တွေကို ဘော်ဒါ ဆောင်က သယ်ဟယ်[..]ဟယ် လူမြင်သူမြင်လုပ်၍ သင့်တာမဟုတ်။ ပိုင်ရှင်ကလည်း မြင်လျှ.. အမြင်စောင်းတော့မည်။ ဘာကြောင့် အိုးခွက် တွေ လာသယ်နေသည်လည်းဆိုတာ စဉ်းစားချေမည်ပေါ့။ မိဘရပ်ထံ ပြန်သည်ဆိုတာက အိုးခွက်သယ်ဖို့ လိုသည်မှ မဟုတ်ချေပဲလေ ..။

"မျိုး ခဏ ဒီမှာနေခဲ့နော် .. ခဏပဲ .."

ဟု မျိုးမျိုး ကို ခပ်တိုးတိုး မှာခဲ့ရကာ အပြင်ထွက်ခဲ့တော့ မျိုး ခေါင်းလေးကုတ် ကျန်ခဲ့ပါ၏။ မှူး ဒေါ်ထား ကို တွေ့ရပါ၏။ မပြော မဖြစ်သည်မို့လည်း အားယူ၍ ပြောရပါသည့် စကားအတွက် နည်းနည်း တော့ ရင်ထဲမှာ ရှက်မိသည်။ သိမ်ငယ်သည်ကောလေ .. ဟု ခံစားဖြစ် ၏။ ဝမ်းနည်းစိတ်လည်း ဖြစ်ရသည်။ ဘဝဆိုသည်မှာ ဤသို့ပါပဲလေ။ မတောင့်မတ နေခဲ့ရပါသည့် မှူး သည် ခုကျ..တော့ ငွေကြေ..ကိစ္စ အောက် ကျို့ပြောရတော့မည်။ ဤသည်ကား ..ပြော..င်းလဲသွားသည့် ထင်ရှားသော အရာတစ်ခု ..။





"အခန်းကိုလည်း မှူး သဘောကျပါတယ် ဒေါ်လေး .. ဒါပေမယ့်.. ဒါ .. ပေ .. မယ့် .. မှူး မှာက .."

စကားတန့်နေရင်းမှ တံတွေးကို အနိုင်နိုင်မျိုနေရသည်က မှူး ပါ။ အိမ်နေရင်း အပြင်ထွက်မိခဲ့ ..။ အပြင်မှ ပြန်ရောက်တော့လည်း ဒက်ဒီနှင့် အန်တီမေ တို့၏ အဖြစ်တွေကို ကြေကွဲစိတ်ဖြင့် ကြားရမြင်ရ ဖြင့် ရှိခဲ့ ..။ အိမ်မှ ဆင်းခဲ့တာမို့ .. မှူး မှာ ဘာလက်ဝတ်လက်စားမှ မရှိနေ ..၊ ဆင်းလာကတည်းကိုက .. အဝတ်အစားပင်လျှင် အဝတ် ကောင်း သုံးလေးစုံပဲ ထည့်မိကာ ကျန်တာတွေက အိမ်နေအဝတ်တွေ ချည်း ထည့်လာမိသည်အထိ .. တော်ဝင်မှူးမှ တန်ဖိုးကြီးတာ ဘာမျှ မယူပါဟု ဒက်ဒီ့ကို သိစေခဲ့မိသည့်စိတ်ဓာ ..၊ ခုကျတော့ .. စတင်၍ ငွေကြေးကိစ္စ ရင်ဆိုင်ရပြီ။ ကိစ္စမရှိ ..၊ မှူး ရင်ဆိုင်ရဲရမည်သာ ..။ ဆရာ့ကို မှူး ကြည့်မိတော့ ငေးကြည့်နေတာနှင့် ကြုံသည်။ မှူး ၏ အခက်အခဲကိုလည်း ရိပ်မိပုံဖြင့် ...

"အိမ်လခ လျှော့စေချင်လို့လား မမှူး .."

ဟု စကားလမ်းကြောင်း ပေးလာခိုက် ..

"ငြိမ်းငွေစည် .. မေမေ့ အလုပ်ထဲ မပါနဲ့လေ .. ဒါ .. သားခေါ် ဆေးတဲ့ မိန်းကလေးတွေ ဖြစ်ပေမယ့် .. အိမ်ခန်းနဲ့ ပတ်သက်လို့ ဆုံးဖြတ် ရမှာက မေမေပါကွယ် .."

ဟု လှမ်းဟန့်လိုက်တာနှင့် ဆရာ့မှာ မျက်နှာ ပျက်ခနဲဖြစ်ကာ အသံတိတ်ကျသွားရှာသည်ပါပဲ။ ဘာမျှ ထပ်မပြောရဲရှာ ..၊ ဒါပေမယ့် မှူး ကို ကြင်နာသနားစိတ်ဖြင့် ငေးကြည့် ငြိမ်သက်နေသည်ကလည်း ဆရာပါ။ မှူး သက်ပြင်းရှိုက်ကာ ...

"မှူး .. အိမ်လခကို လျှော့ပေးဖို့ မပြောလိုပါဘူး ဒေါ်လေး .."

"အို .. ပြောလို့လည်း မရပါဘူးကွယ် .. နေမှာက နှစ်ယောက် ဆောင်မှ နေမှာ .. တစ်ယောက်မှ တစ်သောင်းခွဲရယ် .. ဒီလို အိမ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



သန့်သန့်ကောင်းကောင်း ရေမီးစုံနေရာရဖို့ လွယ်မှတ်လို့အေရယ် ..."

ဟု တစ်ချက် အတင်မခံ ပြန်ပြောတော့ မှူး နည်းနည်းစိတ်ခုတ်ကျလာသည်။ စဘော်ကိစ္စပြော၍ အောင်မြင်နိုင်ပါ့မည်လားလေ ..။ ဒေါ်ထား ဘက်က လျှော့မည့်ပုံ မမြင် ..။

"မှူး မှာက .. စဘော်အတွက် ငွေခက်နေလို့ပါ ဒေါ်လေး .. ဖြစ်နိုင်ရင် .. စဘော်မပါပဲ .. ငှားလို့ရမလား ဒေါ်လေးရယ် .."

"မမှူး တို့က နယ်ကပါ မေမေ .. စဘော်အတွက် ငွေက .."

ဆရာ မနေသာ ..၊ ဝင်ပြောရှာခိုက် ...

"စဘော်ကတော့ မပေးလို့မရဘူး မိန်းကလေး .. အကယ်၍မပေးနိုင်ဘူးဆိုရင်တော့ .. စဘော်ပေးငှားမယ့် အိမ်ငှားကိုပဲ ဒေါ်လေး ဆက်စောင့်နေလိုက်တော့မယ် .."

ပြီးပြီ ..၊ စကားကုန်ပြီ .. ဆက်ရန်မရှိ ..။ အလုပ်သဘောမှလွဲ၍ လူမှုရေးကြည့်တတ်ပုံမရဆိုတာ သိသာပြီ။ မှူး လည်း မတတ်နိုင် .. လက်ထဲမှာ ငွေကလည်း မပြည့် ..။ ပြည့်သည်ဆိုစေဦး ..။ အိမ်သုံးပစ္စည်းဆိုတာက အိပ်ရာခေါင်းအုံးကအစ ဝယ်ဖို့လိုသည်လေ။

မတတ်နိုင်..၊ ဘာဆက်လုပ်ရမည်မှန်းလည်း မသိနိုင်ဘဲ မှူး ငိုင်နေမိရပါပြီ။ ဒါကြောင့်လည်း မျိုးမျိုး ကို အတူခေါ်မလာခြင်းပါ ..။ မျိုး ရှိနေလျှင် လက်ဆွဲပြီး ထပြန်မှာ သေချာသည်လေ ..။

"ဒီမယ် .."

မှူး ကို မျက်နှာလေး စေ့စေ့ကြည့်နေရာမှ ဒေါ်ထား တစ်ချက် အတွေးရပုံဖြင့် ခေါ်လာပါ၏။ ဒေါ်ထား ၏ အကြည့်က မှူး ၏ နားကပ်ပေါ်မှာရှိနေသည်။

"ညည်းလေး နားကပ်... စိန်နားကပ်လား အေရဲ့ .."

"မေမေ!..."

ဒေါ်ထား ၏ အမေးနှင့်တွဲ၍ အလန့်တကြား လှမ်းတားသယောင်





ခေါ်လိုက်သည်က ဆရာအသံ ..၊ မှူး ကိုလည်း အားနာတကြီးကြည့်အသည်။ တောင်းပန်သလိုလည်း သက်ပြင်းရှိုက်ရှာပါ၏။ မှူး ဒေါ်ထား ကြည့်ကာ ..

"ဟုတ်ပါတယ် ဒေါ်လေး .. ဒါ .. စိန်နားကပ်ပါ .. မှူး ရဲ့ မေမေ့ နားကပ်ပါ .. မေမေလည်း ဆုံးခဲ့ပါပြီ .."

ဟု ဖြေမိသည်။ တကယ်ကတော့ မှူး ၏ နားကပ်လေးပါ ..၊ မေမေ့နားကပ်ဟု လိမ်ပြောရခြင်းမှာ .. အမေ နားကပ်လေးတစ်ရံပဲ မှူး ၌ ရှိတာမို့ ပန်ထားခြင်းဟု ယုံစေချင်၍ပါ ..။

"အေး .. မယ်ထား တို့က စိန်ဆိုတာလောက်တော့ ခွဲတတ်ပါရဲ့ ဆ .. ကဲ .. ဒီလိုလုပ်မလား .. ညည်းနားကပ် .. ငါ့ကို စဘော်အဖြစ် ထားး .. ငါ့လက်ထဲရှိတုန်း ပန်ချင်ပန်မယ် .. ဒါတော့ ကြိုပြောထား [illegible] .."

"မေမေရာ .."

ဒေါ်ထား ၏ စကားအဆုံးမှာ စိတ်ထိခိုက်သံဖြင့် ခပ်တိုးတိုးပြော ဆရာ ပြတင်းအနီးမှာ သွားရပ်သည်။ မှူး ပြုံးလိုက်ကာ နားကပ် ကို ချွတ်ပေးလိုက်သည်ပါပဲ။ ထိုအခါကျတော့လည်း ဒေါ်ထား မှာ ကြည်သာလာသည်။ နားကပ်ကို ယူကာ ထရပ်လိုက်ပြီးသည့် က် ငွေကောင်တာစားပွဲသို့ သွားကာ အံဆွဲကို ဖွင့်၏။ ဘောက်ချာ ရွက်ကိုဆုတ်ကာ နားကပ်ကို ထုပ်သည်။ ငွေစက္ကူသိမ်းသည့် ဘူး သည်၏။

"ကောင်းပြီလေ .. မင်းတို့နှစ်ယောက်ကို အခန်းငှားလိုက်ပြီ .. အိပ်မှာလား .. အိပ်ရာတွေလည်း မတွေ့ပါလား .."

အိမ်ခန်းငှားသည့်ကိစ္စကတော့ ပြတ်ပြီ .. ရှင်းပြီ ..၊ မှူး ထရပ် က်ကာ ...

"အခန်းရမှာ မရမှာ မသေချာသေးလို့ ယူမလာသေးတာပါ ဒေါ်လေး။



www.burmeseclassic.com

www.burmeseclassic.com



မှူး ကို ခုလို အခန်းငှားတဲ့အတွက် ကျေးဇူးတင်ပါတယ် ဒေါ်လေး ရယ် .. ဆရာ့ကိုလည်း ကျေးဇူးတင်ပါတယ်ရှင် .. တစ်လစာ ကြိုပြီး အိမ်လခလည်း ပေးပါ့မယ် ..''

ဟု ပြုံး၍ ပြောကာ မှူး အခန်းလေးသို့ ထွက်ခဲ့စဉ်မှာ ဆရာ ငိုင်၍ ကျန်ရစ်သည်။ နားကပ်ကိစ္စကြောင့် ဆရာ မျက်နှာပူနေတာ မှူး သိနေသည်ပါပဲ။ ဆရာ တမင်ကျန်နေခဲ့တာ ဖြစ်မှန်းလည်း ရိပ်မိရ၏။

မှူး အခန်းထဲ ရောက်တော့ ပြတင်းမှာ မှီရပ်နေသည့် မျိုးမျိုး ကိုယ်လေးမတ်၍ စိတ်စောလျက်ကြည့်သည်။ နေမှာထက် မနေမှာ ပို၍ မျှော်လင့်ထားပုံရသည့်အကြည့် ..။

''မျိုး ရေ .. မှူး ကို ကူညီပါဟယ် .. မှူး တို့နှစ်ယောက်အိပ် အိပ်ရာအခင်းအကျင်းတွေဘာတွေ တက္ကစီနဲ့ အဝယ်ထွက်ပေးပါ ဟင် .. မှူး စိတ်ပင်ပန်းလွန်းလို့ အခန်းမှာပဲ နားကျန်ခဲ့ချင်တယ်ကွယ် မနက်ဖြန်ကျတော့မှ .. အိုးခွက်ပန်းကန်တွေ .. လိုမှာလေးတွေ ဝယ် မယ်လေ .. မျိုး နဲ့တူတူ ဝယ်ကြမယ် နော် ..''

ဟု ပြောတော့ မျိုး သက်ပြင်းရှိုက်ကာ ..

''ဒီမှာ နေတော့မယ်ဆိုပါတော့ .. ခက်ပါလား မှူး ရယ် .. ဟင် အိမ်ပြန်တာ မဟုတ်ဘူး မှူး ရယ် .. ဒုက္ခအရှမ်းခံချင်နေတာကိုး.. တားမရတဲ့အတူတူ .. မျိုး အဲဒါတွေ သွားဝယ်လိုက်မယ် .. ညစာလည်း စားခဲ့ကြပြီပဲဥစ္စာ .. ညဘက် အဆာပြေလေးစားဖို့ တစ်ခုခုလည်း ခဲ့မယ် သိလား .. မှူး နားနားနေနေ .. နေခဲ့ ..''

ဟု ပြောတော့ မှူး မနေသာ ..။ ပိုက်ဆံအိတ်ထဲမှ ငွေနှစ်သောင်း ထုတ်ပေးသည်။ မျိုးမှ ခေါင်းခါ၍ ...

''ငါ့မှာ ရှိပါတယ်ဟယ် .. ခဏနေကြမယ့်နေရာပဲဥစ္စာ .. အိပ် အတွက် မွေ့ယာပါးပါး .. ခြင်ထောင်အလတ်စား .. စောင်ပါးလေး





နှစ်ထည်နဲ့ ခေါင်းအုံးလေး .. ဘာလေး .. လိုတာဝယ်လာရုံပဲဥစ္စာ .. ယိုးဒယား ဖျာလေးတစ်ချပ်လည်း ဝယခဲ့မယ် .. အိပ်ရာအောက်ခံ ခင်းဖို့ ..''

ဟု ပြောကာ မှူး ကို ကြည့်၍ ပြုံးပြပါ၏။ အားပေးပြုံး ..။

''အိမ်ပြန်အောင် ပြောပြောနေပေမယ့် .. နင်နဲ့ အတူမနေချင်လို့ မဟုတ်ဘူးဆိုတာတော့ သိပါဟယ် .. ငါက .. နင် အနေဆင်းရဲတာ မမြင်ရက်လို့ပါ .. အဲဒါကို သိပေး နော် ..''

ဟု ပြောရင်းမှ မှူး ၏နားကို ကြည့်ကာ ...

''ဟင်!... မှူး ..''

ဟု မျက်စိမျက်နှာပျက်ကာ တစ်ချက်ခေါ်၏။ မှူး ၏ နားရွက်ကို သာစမ်းသည်က နားကပ်လေး မရှိတော့တာ သိ၍ ကြည့်ခြင်း ..။ မှူး ရယ်လိုက်ကာ ..

''စဘော်အတွက် အပ်ထားတာပါ မျိုး ရယ် .. မနေတော့တဲ့အခါ ကျတော့လည်း စဘော်ပြန်အမ်းသလို နားကပ်လေး ပြန်ပေးမှာပေါ့ မျိုး ရဲ့ ..''

ပေါ့ပေါ့ပါးပါးလေး ရယ်မော၍ ပြောနေပါသည့် မှူး ကို မျက်တောင်မခတ် စိုက်ကြည့်ကာ မျိုး မျက်ရည်ကျရှာသတည်း ..။

''ငါ .. ငါ .. ရင်ထဲမကောင်းလိုက်တာ နော် .. မကောင်းလိုက်တာ .. မှူး ရယ် .. နင့်လိုလူက .. နားကပ်လေး သူများကို ချွတ်ပေးရတဲ့ဘဝထိ ရောက်ရသတဲ့လား .. ဟင် .. ဟင် ..''

ဟု မချိတင်ကဲ ပြောကာ မျက်ရည်သုတ်သည်။ နောက်တော့ စိတ်လိုက်မာန်ပါ အဝတ်သေတ္တာကို သွားဖွင့်၏။ သိမ်းထည့်လာသည့် အဝတ်တွေကြားထဲမှ ဘူးပြားလေးတစ်ဘူးကို ထုတ်သည်။ ကျောက်စိမ်း နားကပ်လေးကိုထုတ်၍ နားမှာ လာပန်ပေးတော့ မှူး မငြင်းရက်။ ရင်ထဲမှာ ဆို့လာသည်။ ဘဝဆိုတာ .. ချက်ချင်း မြန်ဆန်လွန်းစွာ ဆန့်ကျင် ခြင်းဘက်ဆီသို့ ပြောင်းလဲသွားနိုင်တာကို လက်တွေ့သိနေရချိန်မှာ မှူး



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည် ကျလာသည်ပါပဲ။ မျိုး ၏ ရင်ခွင်မှာ ကလေးလို ဝင်မိရင်းမှ

"ဘာလို့ .. ဘာလို့ .. အဲသလောက်ထိ .. ဒက်ဒီ စိတ်တွေ .. ကို အပေါ် ရက်စက်ရတာလဲ မျိုး ရယ် .. ဟင် .. အဲဒီစိတ်ကြောင့် .. ဒက်ဒီ့ အရိပ်က မှူး ထွက်ခဲ့ရတာ .. ထွက်ခဲ့ရတာ .. မှူး .. ခုလို .. နေရတာ .. ဒက်ဒီ့ကို မှူး ချစ်ပါတယ် မျိုး ရယ် .. ဒက်ဒီ့အရိပ်ရဲ့တန်ခိုး ကိုလည်း မှူး အလွန်တမ်းတနေတာပါ .. ဒါပေမယ့် .. ဒါပေမယ့် ကိုကို့ မိသားစုအပေါ်မှာ ဒက်ဒီ .. ဒက်ဒီ .. ရက်စက်လိုက်တဲ့အတွက် အဲဒီကြွေးကို .. မှူး .. ဆပ်နေရတာပါ .. ဆပ်နေရတာပါ .."

မှူး ပြော၍ ကလေးလို ငိုနေမိသည်။ မျိုး လည်း ငိုနေသည်ပါပဲ

ဩော် .. ဝေးရပြီကောလေ ...၊ ကိုကို့ကို တမ်းတရင်း မှူး မျက် ရည်ကျသည့်နယ် .. ဒက်ဒီ့အရိပ်နှင့် ဝေးရချေပြီကော .. ဟု ကြေ စိတ်ဖြင့်လည်း မှူး မျက်ရည်ကျနေရပါ၏။ မျိုး မျက်ရည်သုတ်က ခပ်သုတ်သုတ် ဆင်းသွားသည်။ အခန်းတံခါးရွက်ကို စေ့ပိတ်ခဲ့၏ မှူး တံခါးရွက် ပိတ်လိုက်မိကာ အခန်းထောင့်တစ်နေရာလေးမှာ ငြိမ် သက်၍ ထိုင်နေမိသည်။ အကြည့်က နံရံထက်မှာ တန့်သည့်အခါတန့် မျက်နှာကြက်ကို မော့ကြည့်မိသည့်အခါ မော့ကြည့်မိ ...၊ ကြမ်းပြင် စိုက်ကြည့်ချင်သည့်အခါ စိုက်ကြည့်ဖြင့် တစ်ယောက်တည်း တွယ်ရာ ဖြစ်နေရသည်။ နောက်ဆုံးတော့ အဝတ်သေတ္တာလေးကို ဖွင့်မိကာ စာရေးစက္ကူလေးကို ထုတ်မိလိုက်ရပါပြီ။ ဘောလ်ပင်လေးဖြင့် ကဗျာ လေးတစ်ပုဒ်ကို မျက်ရည်တွေနှင့် ရေးနေမိရသည်။

"ကိုကိုရေ .. မှူး .. ကိုကို့အတွက် စိတ်ပူလိုက်တာ .. ကိုကို နေပြီလား ဟင် .. မစားမသောက်နိုင်လောက်အောင် .. သောကတွေ ပြည့်နှက်နေတဲ့ရင်ကို .. မှူး မြင်နေရပါတယ် ကိုကို .."

မှူး သတိရနေမိရင်း ရေးဖွဲ့မိရာ ကဗျာလေးသည် ရှိုက်သံတွေ ညွှန်းဖွဲ့ရာပဲ ဖြစ်ချေမည်လား ...။





လက်ဖျားလေးတွေ ဆတ်ဆတ်ခါ၏။ လည်ချောင်းထဲမှာ ဆို့နေသည်။ မေးဖျားလေးတွေ တုန်နေ၏။

ဝါကြင့်ကြင့်အရောင်ပင် ရှိနေပြီဖြစ်သည့် ဟောင်းနွမ်းနေသော အုပ်ဆောင်းတစ်ခု၏ အောက်ဆီမှ လေးပေမီးချောင်း၏ အလင်းရောင်က ဧည့်ခန်းငယ်လေးမှာ လင်းနေ၏။ အဆောင်အကျင်း ဘာမှမရှိသည့် ဧည့်ခန်း ...၊ ကြမ်းပြင်ထက်မှာ နံရံကိုမှီ၍ မှူး ထိုင်နေသည်။ တစ်ယောက်တည်း ငြိမ်သက်ထိုင်နေပေမယ့် .. မျက်ရည်မငြိမ်သက် ...၊ နှုတ်ခမ်းနှင့် မေးဖျားလေးတွေ မငြိမ်သက် ...။

ရင်သည် .. မုန်တိုင်းနယ်ရှိလျက် မငြိမ်သက် ...၊ အထီးကျန်ခြင်းဆိုတာ ဤသို့ပါလားလေ .. ဟု သိနေရသည် ...။

မဆုံစည်းတော့ပြီကောလေ ..
ကြေကွဲမှုတွေနဲ့ ပိတ်လှောင်
သောကလှောင်အိမ်ထဲက အချစ်ငှက်
ငါသည်သာ ဖြစ်လျက်နေ ...။

လွမ်းရမယ့်ရက်များစွာ
ဘဝတစ်သက်တာအတွက် အပ်နှင်း
မျက်ရည်တမ်းချင်းရဲ့ကဗျာတွေ
ရှည်လျားနေလေသမျှ
ရေးနေရတဲ့သူတာ
ငါသည်သာ ဖြစ်လျက်နေ ...။

အသက်ရှင်ခြင်းရဲ့ တစ်သက်တာ
အထီးကျန်ခြင်းနဲ့ ရတက်ပြာ
ဝေးရဆွေးရတာတွေရဲ့ ကျေးကျွန်



www.burmeseclassic.com

www.burmeseclassic.com



သောကပိုက်ကွန်ထဲက ကျွန်မ
မှောင်အတိကျနေကဲ့ တိမ်တိုက်ရဲ့အောက်မှာ
အလွမ်းပုလွေ တေးကဗျာတွေနဲ့အတူ
မျက်ရည်အပူထဲက မီးတောက်တွေနဲ့
ကြေကွဲနာဝေဒနာနဲ့လူဟာ
ငါသည်သာ ဖြစ်လျက်နေ ...၊
ညော် ...
ငါသည်သာ ဖြစ်လျက်နေ ....။

မှူး .. ကြေကွဲနာဝေဒနာနှင့်လူအဖြစ် .. ရှင်သန်နေရသည်ကော-ဟု တွေးနေရေးနေရင်း .. မျက်ရည်စက်သည် စာရွက်ထက်သို့ ကြွေ၏။

သတိရလိုက်သည်ကော ကိုကိုရယ် ...၊ မှူး ၏မျက်ရည် ကိုကို မသုတ်ပေးချင်ပါနှင့်တော့ ..။

ကိုကို့မျက်ရည်လည်း မှူး .. မသုတ်သာပြီကော ရှင်ရယ်လေ ...

မျက်ရည်တွေကြွေဖို့ .. ဝေဖို့အတွက် .. ကြေကွဲနာ .. ဝေဒနာတို ရင်းရသည့်က .. နှလုံးသားပဲ ဖြစ်ပါသည် ကိုကို ...။



## အခန်း (၁၀)

"ပြောတော့သာ သူတို့ ဒီမီတာနဲ့ ဘာမှမသုံးဘူး .. ဆိုင်ဖွင့်တာ ဟာစ်ခုပဲရှိတယ်တွေ ဘာတွေပြောပေမယ့် .. ဆိုင်နောက်ဘက်မှာ ထမင်းပေါင်းအိုးကို စားပွဲပေါ်မှာ မျိုး တွေ့ခဲ့တာ နော် .. လျှပ်စစ်မီးဖိုလည်း တစ်လုံး အဲဒီ စားပွဲပေါ်မှာ မနေ့ညကတည်းက မျိုး မြင်ခဲ့ပြီးသား .. သူတို့ဘက်က မီတာလည်း အလကားသုံးချင်သလို ဖြစ်နေတယ် မှူး.."

မနက်စာ ထမင်းကြော်နေရင်း မျိုး ပြောတော့ မှူး ပြုံးလိုက်သည်ပါပဲ။ အမြီးတွေ သင်ပြီးစ ပဲပင်ပေါက်လေးတွေကို ဆန်ခါခြင်းထဲ မှူး ထည့်လိုက်ရင်း ...

"ဟိုတယ်ခထက် အများကြီး သက်သာပါတယ် မျိုး ရယ် .. လောလောဆယ် နေစရာ ကျောတစ်ခင်းရှိဖို့ အရေးကြီးနေတာကို .. ပြီးတော့ .. အမေအရွယ် အအုပ်အထိန်းတစ်ခုအောက်မှာ နေနေရသလို ဖြစ်နေတော့ လုံခြုံတယ်လေ .. ခဏပေါ့ မျိုး ရယ် .. မှူး အလုပ်တစ်ခု ရှာဦးမယ် .. အလုပ်ရတဲ့အခါ နေရာလေးတစ်နေရာ အဆင်ပြေလာရင်လည်း အဲဒီကို ပြောင်းကြတာပေါ့ .. အိမ်ကဆင်းလိုက်ချိန်မှာ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ထားရတာ မဟုတ်သေးတာမို့ .. လတ်တလော ငှားနေလို့ရမယ့် နေရာ ဒီမှာ ရှိနေတာလည်း သိထားရတော့ .. ဒီကိုပဲ ဆက်သွယ်ငှားလိုက်ရတာလေ ..''

မှူး အသံလေးတိုးတိုးဖြင့် ပြောခြင်းပါ ..၊ မျိုး လည်း ဘာထူးသည်လည်းလေ .. လျှပ်စစ်မီတာခ ကုန်ခံရမည့်ကိစ္စ ပြောသည်က စိတ်ထဲမကျေနပ်၍ ပြောတာဖြစ်ပေမယ့် .. ကျယ်ကျယ်တော့ မပြောရဲ ..။ အသံကို နှိမ့်၍ ခပ်တိုးတိုးပြောရခြင်း .. အနေမလွတ်လပ်သည့်ပဲဟု မှူး လည်း အတွေးဝင်ရသည်သာ။ ဒါပေမယ့် မတတ်နိုင် ..၊ မှူး မှာ ရွေးချယ်စရာလမ်း မရှိ။ ဤနေရာလေးမှာတော့ လတ်တလော နေကိုနေရမည်သာ ..။

''မျိုး ပြောတာက ငွေကြေးပိုင်းလည်း ပါပါတယ် .. ဒါပေမယ့် အဓိကပြောချင်တာက .. အဲဒီ ဒေါ်ထား ဆိုတဲ့ မိန်းမကြီးရဲ့ အထွာကို ပြောချင်တာ .. ပေါ်တင်ကြီးဟာယ် .. ပိုက်ဆံအရမ်းမက်တာပဲ .. နှစ်ဖက်မျှမျှတတ မရှိဘူးဟ .. အဲဒီစိတ်ဓာတ်ကို မကြိုက်တာ .. အသက်ကြီးတဲ့သူပဲဟာယ် .. လူကြီးပီသရမှာပေါ့ .. ပြီးတော့ .. ခပ်တင်းတင်းလည်းသိပ်နိုင်တာပဲ .. အိမ်ကြီးရှင်စတိုင် ဖမ်းတာဟ .. ငါတော့ အဘွားကြီးအချိုး ရင်ထဲမတွေ့ဘူး သိလား .. မှူး က ငှားချင်ပါတယ်လို့ လှမ်းဆက်သွယ်ထားတဲ့ကိစ္စပေမို့ .. ငြိမ်ကြည့်နေရတာ .. ပက်ခနဲ ဝင်ပြောချင်တာမှ အရမ်းပဲ .. ပြီးတော့ ခက်တာက မျိုး တို့မှာကလည်း မှူး ပြောသလိုပဲ လတ်တလောနေဖို့ အခန်းဆိုတာက အရံသင့်ရှိနေတာ မဟုတ်ဘူးလေ .. ဒီအခန်းပဲရှိတာ .. ညလည်း ရောက်တော့မှာ .. ဘယ်မှာသွားအိပ်မလဲပေါ့ .. တကယ်က .. ဆော်ဒါပိုင်ရှင် အန်တီသန်း ကို တစ်ညလောက် မှူး ကို အိပ်ခွင့်ပေးပါ .. ဆိုပြီး ခွင့်ပန်ရင်တော့ အန်တီသန်း က သဘောကောင်းပါတယ် .. ခွင့်ပြုမှာပါ .. ခက်တာက .. မှူး ကလည်း အဲဒီ ဆရာငြိမ်းငွေစည် ကို ဖုန်းဆက်ပြောပြီးနေပြီ .. အခန်းလာကြည့်ပါမယ်





တွေပြောပြီးနေပြီဆိုတော့ ဘယ့်နှယ်လုပ်တော့မလဲ ..''

ခက်တာက .. ခက်တာက .. ဖြင့် ပြောလည်း ပြော ..၊ ထမင်းလည်းကြော်နေသည့် မျိုးမျိုး ကို ကြည့်ကာ မှူး အားနာရပါ၏။ စိတ်ထဲလည်း မကောင်း ..၊ မျိုး ခမျာ မှူး ကြောင့် ဤနေရာသို့ တူတူပါလာရကာ အနေဆင်းရဲနေရပြီကောလေ ..။ မနက်အစောကြီး ထ၍ ထမင်းပေါင်းအိုးဖြင့် ထမင်းတစ်အိုး အရင်တည် ..၊ မနက်ခင်း ပဲပြုတ်အိုးလေး ရွက်၍ အော်ရောင်းသည့် ပဲပြုတ်သည်ကောင်မလေးကို အိမ်ရှေ့မှ မျိုးမျိုး ထွက်ခေါ်ကာ ပဲပြုတ်ဝယ် ..၊ ခုကျတော့ ထမင်းကြော်ကို ပဲပြုတ်ဖြင့် ကြော်နေပြီ ..။ ကြက်သွန်နီကို အရင်ဆီသတ်ကြော်ပြီးမှ ထမင်းထည့်.. နောက်မှ ပဲပြုတ်ထည့်မွှေကြော်တာမို့ ရနံ့လေးကို သင်းနေသည်ပါပဲ..။

တစ်ဖက်ကဆိုင်တော့ ဖွင့်ပြီးနေပြီ ..၊ အနေလွတ်လပ်ချင်သည်မို့ အိမ်ရှေ့တံခါးရော နောက်ဖေးမီးဖိုဆောင်တံခါးရော ဂျက်ချပိတ်ပြီး မျိုးမျိုး ထမင်းကြော်နေခြင်းပါ။ မတော် .. ကိုယ်ပြောနေဆိုနေချိန် ဖြုတ်ဆို လူက အိမ်ထဲဝင်လာလျှင် ပြောတာတွေ ကြားကုန်မှာ စိုးရသည်လေ ..။

''ဆရာကလည်းဟယ် .. အားကိုးမရပုံများ .. သူ့အမေ ပြောတာကို တစ်ခွန်းမှ ဝင်မပြောပေးနိုင်ဘူး .. ငြိမ်နေတာပဲ ..''

မျိုးမျိုး စိတ်ထဲမချင့်မရဲဖြစ်ရသည့်အထဲမှာ ဆရာလည်း ပါနေပြန်၏။ ရင်ထဲမထားနိုင်ပဲ ဖွင့်ပြောလာတော့ မှူး ပြုံးလိုက်ကာ မျိုးမျိုး ၏ ခါးကို သွားဖက်ထားလိုက်သည်ပါပဲ။

''မျိုး လည်း .. မှူး ကြောင့် ဟိုလူ ကြည့်မရ .. ဒီလူ ကြည့်မရနဲ့ .. ပွစိပွစိ ရွတ်တတ်ကုန်ရပါပြီ ..''

ဟု ပြောတော့ မျိုးမျိုး လိုက်ရယ်သည်။ မနေ့ညက လိုတာတွေ ထင်သမျှ သိမ်းကျုံးဝယ်ချလာသည့် မျိုးမျိုး ငွေအတော်ကုန်သွားမှာ သိနေရင်း မှူး ရင်ထဲမကောင်း ..၊ မှူး ပိုက်ဆံပေးတော့လည်း မယူသည့်



www.burmeseclassic.com

www.burmeseclassic.com



မျိုး ပါ ..။ မှူး ၏ နားကပ်လေး စဘော်အတွက် ပေးထားတာကို သိနေရသည့် မျိုး မှာ မှူး ဆီမှာ ငွေသိပ်မပါလာဟု တွေးမိပုံ ရပါ၏။ ခုကျတော့လည်း မီးဖိုဆောင်လေးမှာ ကျိတ်သား ထမင်းစားစားပွဲတစ်လုံး..။ ပလတ်စတစ်စားပွဲငယ်တစ်လုံးနှင့် ပလတ်စတစ် ကုလားထိုင်နှစ်လုံး ရှိနေပြီ ..။ ပလတ်စတစ်စားပွဲငယ်လေးထက်မှာက ဓာတ်ဘူးတစ်လုံး၊ ထမင်းပန်းကန် လေးချပ်၊ ကြွေပန်းကန်လုံး လေးငါးလုံးနှင့် စတီးလ်ဇွန်းလေးတွေ ရှိနေသည်။ ကော်ဖီခွက် နှစ်ခွက် ..။ ပစ္စည်းပစ္စယတော့ များများစားစား မရှိလှ။ လိုအပ်သလောက်ပဲ မသုံးမဖြစ် သုံးရမှာတွေကို တွေးဝယ်ခဲ့တာ သေချာသည်။ ဒါပေမယ့် မီးဖိုဆောင်လေးနှင့်တော့ တူနေပြီ။ ထမင်းစားခန်းလေးလည်း ဖြစ်နေသည်။ သောက်ရေအိုးစင်ငယ်လေးထက်မှာက သောက်ရေအိုးလေးတစ်လုံးနှင့် လက်သုတ်ပဝါလေး အုပ်ထားသော အဖုံးထက်မှာ ရေခွက် ..၊ ရေခွက်ထက်မှာ အုပ်ဆောင်းလေးပင် အုပ်ထားသည်တည့်။ ဤသည်က မှူး အရမ်းကိုအသန့်ကြိုက်တာ သိသည့် မျိုးမျိုး အစစ စီစဉ်ပေးခြင်း၊ ဝယ်ခြမ်းလာခြင်းပါတည့်..။

သူငယ်ချင်းနှစ်ယောက် ယိုးဒယားဖျာလေးခင်းကာ အသစ်စက်စက်အိပ်ရာလေးမှာ ခြင်ထောင်အသစ်လေးဖြင့် တူတူအိပ်ခဲ့ကြသည့်ညမှာလည်း ခြင်ထောင်အပြင်ဘက်မှာ တစီစီအော်နေသည့် ခြင်သံတွေကိုအသည်းယားအောင် ကြားခဲ့ကြရသည်။ နေရာအသစ်မှာ ကြုံတွေ့ရသမျှ အဆင်တပြေတော့ မရှိလှ ..၊ ဒါပေမယ့် .. နေ၍တော့ ဖြစ်နေသည်လေ ..။

"တော်သေးတယ်ဟယ် .. ငါတို့ အိမ်ငှားအတွက် သီးသန့်အိမ်သာလေးတစ်လုံးတော့ သော့ခတ်တံခါးလေးနဲ့အတူ ပေးထားလို့ .. မနက်ကဟယ် .. သူတို့ရဲ့ နှစ်ခန်းတွဲအိမ်သာမှာ လုတက်တဲ့လူနဲ့ .. အပြင်ကအော်တဲ့လူနဲ့ဟယ် .. စိတ်များရယ် ညစ်ပါရဲ့ .."





တကယ်လည်း မနက်ဘက်မှာ အိမ်သာတက်ကြဖို့ အလုအယက်ဆူကြ တံခါးပုတ်ကြနှင့် ရှိနေကြသမျှကို မြင်ရမှာ အားနာတာမို့အပြင်ပင် သူငယ်ချင်းနှစ်ယောက် မထွက်ရဲကြ ..၊ အသံငြိမ်မှ ´မနက်ဘက်အိမ်သာပြေးကြရသည်က သူငယ်ချင်းနှစ်ယောက်ပါ ..။ မျိုးမျိုး ကတော့ စိတ်မောနေပုံရသည်မှ သိသိသာသာပါ။

မနက်စာ ထမင်းကြော်နှင့် ကော်ဖီတစ်ခွက်စီဖြင့် စားသောက်ပြီးတော့ မျိုးမျိုး ရေချိုးဖို့ပြင်သည်။ ဒါပေမယ့် ရေချိုးခန်း ဝါးကပ်ကာနေရာက မအား ..၊ သူတို့အိမ်ရှင်နှင့် သူတို့အိမ်သားဖြင့်ပင် ရေချိုးခန်းဆီမှရေချိုးသံတဗွမ်းဗွမ်း စကားသံတညံညံဖြင့် ရှိနေသမျှ အခန်းတံခါးတွေပိတ်ထားရင်း အိမ်ထဲမှ နားသောတဆင်နေကြရပြန်သည်တည့် ..။

"ညနေမှ ရေချိုးတော့မယ်ဟာ .. ငါ .. သင်တန်းချိန်မမီဘဲ နေမယ်.. အန်တီကြူ က အချိန်နောက်ကျတာ မကြိုက်ဘူးဟ .. ကဲ .. သွားမယ်.. နေ့လယ်စာ ဟိုမှာပဲ တစ်ခုခု ဝယ်စားလိုက်မယ်ဟယ် .. ညနေကျတော့မှ ဈေးပါဝင်ဝယ်ခဲ့မယ် သိလား .. ညစာ မျိုး ချက်မယ်.. နေ့လယ်တော့ နင်တစ်ခုခု ဝယ်စားချင် စား .. ဒါမှမဟုတ် .. ခေါက်ဆွဲဝယ်ထားတယ်လေ .. ကြော်စားလိုက် .. သိလား .. ထမင်းချက်မနေနဲ့တော့ .. ဟင်းချက်စရာလည်း ဘာမှပါလာတာ မဟုတ်ဘူး .."

နောက်ဆံငင်နေသည့် မျိုးမျိုး ကို ရယ်၍ ...

"ဘေးမှာ ဒေါ်လေးထား ရဲ့ တစ်ဆိုင်လုံးရှိနေတာပဲဟယ် .. မနက်က အဲဒီဆိုင်ကပဲ ဆန်ဝယ်ခဲ့တာပဲ မဟုတ်လား .. လိုတဲ့ ဆီဆန်ဆားကအစ .. အခြောက်အခြမ်း ချက်စရာတွေလည်း ဒေါ်လေးထား ရဲ့ ကုန်စုံဆိုင်ကြီးတစ်ခုလုံး ရှိနေတာပဲ .. ဝယ်ချက်မယ်ဟယ် .. စိတ်ပူမနေနဲ့.. ညစာလည်း ငါ ကြည့်ချက်ထားပါ့မယ် .. နင် ဝယ်လာတာ မနက်ဖြန်မနက်စာ ချက်မယ်လေ ..၊ ကဲ .. သွား .. သွား .."

ဟု ပြောတော့ မျိုးမျိုး လေဆက်မရှည်နိုင် ..၊ အချိန်ကလည်းမခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့တာမို့ ခပ်သုတ်သုတ် ထွက်သွားရှာ၏။ တက္ကစီနှင့် လစ်မှာ သေချာသည်။ ငွေကုန်ကြေးကျ ပိုတော့မှာ မှူး သိနေရပြန်တာမို့ မျိုးမျိုး ကို အားနာရပြန်၏။

ထိုစဉ်ခိုက် အိမ်ရှေ့တံခါးခေါက်တာမို့ ဖွင့်ပေးတော့ ဒေါ်လေးထား ဖြစ်နေပါ၏။

"ညည်းတို့ကလည်း အေရယ် .. မနက်လင်းတာနဲ့ အခန်းတံခါး တပိတ်ပိတ်နဲ့ ရှိလိုက်ကြတာ .. ကဲပါ .. ခဏလိုက်ခဲ့ .. မိတ်ဆက်ပေးမလို့ .. ဟိုတစ်ယောက်ကော .."

ပြောသည်ဆိုသည်ကတော့ဖြင့် အပေါ်စီးပဲ နိုင်နေသည်။ မျက်နှာကလည်း အလိုမကျသည့်နှယ် ဖြစ်နေ၏။ သဘောက အိမ်တံခါးပိတ်ထားတာကို သိပ်သဘောမတွေ့ဆိုသည့် အိမ်ရှင့်မျက်နှာပဲ ဖြစ်နေသည်။ မှူး စိတ်ထဲ ရှုပ်ထွေးသွားရသည်ပါပဲ။ ကိုယ်ငှားနေသည့် အခန်းတံခါး ပိတ်ထားချင်လျှင် ပိတ်ထားမည်သာ။ ခုဥစ္စာက ထိုအရာသည်လည်း ဒေါ်လေးထား စိတ်ထဲမတွေ့သည့်သဘော လာဖြစ်နေသည်။ မိတ်ဆက်ပေးမည်ဆိုတာ ပါလာတာမို့ လိုက်ခဲ့ရပြန်ပါ၏။

"မျိုး ကတော့ အလုပ်သွားလိုက်ပြီ .."

မှူး ပြောတော့ ဒေါ်လေးထား တစ်ချက်ကြည့်ကာ ...

"စောစော ထွက်သကိုး .. နောက်ဆိုရင် .. တက္ကစီ ငှားတယ်ဆိုရင်ဖြင့် သား ငွေစည် ရဲ့ တက္ကစီနဲ့သွား .. မနက်အတွက် .. လူတစ်ယောက်စာ .. မျက်ချင်း ငါ့သားလည်း ရသွားတာပေါ့ .. ဟုတ်လား.."

ဟု လပေးဖြင့် တက္ကစီ မနက်ဘက် တစ်ခါစာ ငှားထားရမလိုဖြစ်နေတော့ မှူး တစ်ချက်မိတ်ညစ်၏။ ခုထိ ဆရာက တက္ကစီထွက်သေးတာမဟုတ် ...၊ မျိုး က အစောကြီးသွားရမည့်ကိစ္စ။ ဤအတွက် စိတ်တွေ စတင်ရှုပ်ထွေးရပြန်သည်။ နေရာတကာမှာ လိုက်လိုက်ပါနေသည့် ဒေါ်လေးထား ၏ အကျင့်ကြီးက မှူး တို့အတွက်တော့ စိတ်အနှောင့်





အယှက်ဖြစ်စရာတွေပဲ ဖြစ်ကုန်ရပြီကောလေ ...။

ဆိုင်ခန်းမှာ လူစုံနေသည်။ အားလုံး တန်းစီရပ်နေကြ၏။ ဒါကလည်း ဒေါ်လေးထား ရပ်ခိုင်းထားတာ ဖြစ်မည်ဟု နားလည်လိုက်ရသည်ပါပဲ..။ ဆရာကတော့ တစ်ယောက်တည်း ထိုင်နေသည်။ သဘောက မိတ်ဆက်ပေးစရာမှ မလိုတော့သည်ပဲဆိုသည့်သဘော ...၊

"ဒါက ဒေါ်လေးထား ရဲ့ ဒုတိယ သား .. ကျော်ထက် တဲ့ .. ဆယ်တန်းမအောင်တာနဲ့ တက္ကစီဒရိုင်ဘာ ဖြစ်ခဲ့ရတာလေ .. ကျော်ထက်ကြောင့် ခုတော့ သူ့အစ်ကိုကြီး မြန်မာစာဘွဲ့ရကြီးလည်း တက္ကစီဒရိုင်ဘာ အလုပ် ရခဲ့တယ်ဆိုပါတော့ .. ဒါက .. ရှစ်တန်းနဲ့ ကျောင်းထွက်လိုက်တဲ့ သားတော်မောင် ပန်းရန်ဆရာ တိုးမောင် ပေါ့ .. ဒါက ခြောက်တန်းနဲ့ ကျောင်းမအောင်တဲ့ ပန်းရန်သမား ဆင့်ဦးမောင် .. ဒါက .. ဒေါ်လေးရဲ့ သမီးအငယ်ဆုံးလေး ခင်ထွေးပိုင် .. ငါးတန်းတက်နေတယ် .. ခင်ထွေးပိုင် ငါးနှစ်အရွယ်မှာ သူတို့ရဲ့အဖေ ဆုံးခဲ့တယ်လေ .. ကိုညိုဏ ကုန်ကားဒရိုင်ဘာ .. ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးတာ .. သားကြီး နောက်ဆုံးနှစ်မှာပေါ့ ...၊ သားကို ဘွဲ့ရအောင် ဒေါ်လေးထား တာဝန်ကျေခဲ့သကွယ့် .. ဒီ သားတွေကိုလည်း ပညာသင်ပေးတာပါပဲ .. ခုလို .. ကုန်ဆိုင်ဖွင့်ရင်း .. တယ်လီဖုန်း အနီးအဝေးပြောနိုင်သည်ဆိုတဲ့ ကြိုးဖုန်းလေးလည်း ထားရင်းနဲ့ဆိုပါတော့ .. သူတို့ကိုက .. ကျောင်းဆက်မနေကြတော့ပဲ ခုလို .. တက္ကစီဒရိုင်ဘာလုပ်တဲ့သူ .. ပန်းရန်လုပ်တဲ့သူတွေ ဖြစ်ကုန်ကြတာတော့ ဒေါ်လေးလည်း မတတ်နိုင်ဘူးလေ .. သမီးလေးကိုတော့ ဆရာဝန်မကြီးဖြစ်အောင် သင်ချင်ပါရဲ့ .. သူ ကြိုးစားဖို့ပဲလိုတယ်လေ .. ဒေါ်လေးထား က ပိုက်ဆံစကား အလွန်ပြောတယ်လို့ ဒီကမိန်းကလေးတို့ဘက်က မြင်ချင် မြင်နိုင်ကြမယ်လေ .. ဒေါ်လေးထား ပိုက်ဆံစုဖို့ လိုတယ် .. သမီးလေး ပညာရေးအတွက် မျှော်လင့်ထားသမျှ ကြိုတင်စုဆောင်းထားရမယ် ...၊ သာရေးနာရေးကိစ္စအတွက်လည်း စုံရ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းရမယ် .. ကျန်းမာရေးအတွက်လည်း စုရဆောင်းရမယ် .. ဒါ - ဒေါ်လေးထား ရဲ့ လက်တွေ့ဘဝပဲ မိန်းကလေး .. ဒီတော့ .. ငွေကြေးကိစ္စ .. မနေ့ညက ပြောရဆိုရတာပဲပေါ့ .. ခုလည်း အားလုံးနဲ့ မိတ်ဆက်ပေးထားရမယ့်တာဝန် ရှိတာမို့ ဆုံပေး မိတ်ဆက်ပေးထားတာ .. ဘာလို့လဲဆိုတော့ မိန်းကလေးတို့ ဒီမှာ နေနေကြသမျှ .. သူတို့နဲ့ပတ်သက်ရ ဆုံရမှာလေ .. သားနဲ့ သမီးတို့ကလည်း .. ကိုယ့်ညီမ .. ကိုယ့်အစ်မတွေလို သဘောထားပြီး မိန်းကလေးတို့အပေါ် ဆက်ဆံကြရမယ် - ဟုတ်ပြီလား .. ကဲ .. သားလတ်နဲ့ သားငယ် .. အလုပ်သွားမယ် မဟုတ်လား .. သွားကြ .. ထမင်းချိုင့်တွေ ယူသွားတာမို့ .. အပြင်စာ ဝယ်မစားကြနဲ့ .. ဟုတ်ပလား .. သားကြီးလည်း အလုပ်ဆင်းရတော့မယ် မဟုတ်လား .. ဆင်းတော့ .. ဘတ္တစီနှစ်စီးကို အိမ်အထိ အုံနာယူခွင့်ပြုထားတာမို့ .. ဒီအိမ်မှာပဲ ထား သားတာလေ .. မိန်းကလေး မနက်ဘက်သွားစရာရှိရင် .. တက္ကစီ ငှားစ ့လို့ရတယ် .. ဟုတ်လား .. သားတို့ကလည်း ပါဆင်ဂျယ်တစ်ယောက် အလိုလို ဈေးဦးဖောက် ရှာစရာမလိုပဲ ရလိုက်ကြတာပေါ့ ..''

''မေမေကလည်း .. ခေါင်းထဲ ကယ်ကူလေတာ ထည့်ထားသလိုပဲ ..''

သားလတ် ကျော်ထက် ရယ်၍ လှမ်းပြောတော့ ဒေါ်လေးထား လိုက်မရယ် ..။

''ဟဲ့ .. ဂဏန်းပေါင်းစက်ကြီးဆိုပြီး ငါ့ကို မလှောင်နဲ့ ကျော်ထက် - ငါ့မှာ .. စုရဆောင်းရတာဟဲ့ .. ညီမလေးကို ဆရာဝန်ဖြစ်စေချင်တယ်ဆို .. မင်းတို့ပဲ ပြောပြောနေပြီးတော့ .. အစစ ချွေတာရသဟဲ့ .. ငွေရှာရသဟဲ့ .. စုရဆောင်းရသဟဲ့ ..''

ဒေါ်လေးထား ပြောနေချိန်မှာ ဆရာ့ကို တစ်ချက် မှူး ကြည့်မိသည်။ အနေရခက်နေတာ သိသာနေသည်ပါပဲ။ မျက်နှာမကောင်း -





းကိုလည်း တစ်ချက် ခိုးကြည့်သည်။ ရှက်သယောင်လည်း ရှိ၏။ နှင့် မျက်လုံးချင်းဆုံတော့ ကမန်းကတမ်း အကြည့်ကို လွှဲသွားရှာသည်။ ဒါပေမယ့် အမေလုပ်သူကိုတော့ လှမ်း၍ ဘာမျှမပြော ..။ အမေ ပြောတာကလည်း မှုဆိုးမဘဝဖြင့် သိမ်းကျုံးရုန်းကန် ကျွေးမွေး တာဝန် ယူနေသည်ကိုးလေ ..။ မှူး ကတော့ ဒေါ်လေးထား ကိုလည်း နားလည် းလာမိရသည်ပါပဲ။ ကြည့်ရတာ .. ရသမျှ ငွေကြေးကိုလည်း သား တွေက အမေလုပ်သူလက်ထဲ အပ်ကြပုံရသည်။ ဒေါ်လေးထား က ဦး ဆောင် ခေါင်သူကြီးလုပ်ကာ တစ်အိမ်လုံးအတွက် ငွေကိုင်သော့ကိုင် လုပ်နေရပုံ ပေါ်သည်။ မီးဖိုဆောင် အချက်အပြုတ် အကုန်အကျကိစ္စလည်း ဒေါ်လေးထား ပဲ စီမံပုံ ရပါ၏။

''မမှူး သွားစရာရှိလား ..''

ဆရာ တစ်ချက် ဝင်မေးလာသည်။ မှူး လည်း သွားဖို့ရှိနေတာ အမှန် ..။ ပြီးတော့ .. ဒေါ်လေးထား ကိုယ်တိုင်ကလည်း တခြားတက္ကစီ တစ်စီးစီးဖြင့် မှူး သွားတာထက် ဆရာတို့ ညီအစ်ကိုတစ်ယောက်ယောက်၏ ကားဖြင့် သွားတာကို လိုလားသည်။ အကယ်၍ မသွားဘဲ နောက် တော့မှ တခြားကားဖြင့် သွားတာမျိုးဆိုလျှင် ငြိုငြင်မှာ သေချာသည်။

''ဟုတ်ကဲ့ .. မှူး .. အိမ်အတွက် ဝယ်ချင်တာလေးတွေ ရှိနေတယ် ဆရာ ..''

ဟု ဖြေတော့ ဒေါ်လေးထား မျက်နှာ ကြည်လင်လာ၏။ သားတစ် ယောက်၏ ကားခကို မနက်မှာ ဈေးဦးဖောက်ရပြီဆိုသည့်သဘော..။

''ဒါဆို .. ဘယ်သွားမယ်ဆိုတာ သား မေးကြည့် .. ကျသင့်တဲ့ ငွေကြေးကိုလည်း ပြောလိုက် .. အဲဒီဥစ္စာ မေမေ ယူထားလိုက်မယ် .. နေ့ အိမ်သုံးစရိတ်ထဲ ပါသွားရတာပေါ့ .. ဟုတ်ဘူးလား .. ဒီမှာ မိန်း ကလေး .. ဒေါ်လေးထား က ဒီဆိုင်ထဲကပစ္စည်းပဲ ယူချက်ချက် .. ပိုက် ဆံတော့ ဆိုင်ကို ရှင်းတယ် .. သဘောက .. တခြားမှာ သွားမယ်ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် .. ဒီဆိုင်မှာ ပိုက်ဆံချေပြီးမှ အိမ်အတွက် ဟင်းချက်တာက
အဲသလို ချက်တာ .. ဒါမှမဟုတ်ရင် .. ဆိုင်ထဲက အလွယ်တကူ သင့်
ယူ ချက် .. အရင်းထဲက ပါပါကုန်တာတွေ ဖြစ်ကုန်မပေါ့ .. ဟင်းသီး
ဟင်းရွက် ဈေးထဲသွားဝယ်ရင်လည်း စာရင်းအင်းနဲ့ အိမ်မှာ ပြန်မှ
တာ .."

ဟု ပြောနေတော့ ဆရာ မျက်နှာမလန်း ..၊ ရက်နေတာ ပို၍သိသ
လာနေသည်ပါပဲ။ ဘာပဲဖြစ်ဖြစ် .. ဒေါ်လေးထား ဆိုတာ ငွေကြေး
အားလုံးချုပ်ကိုင်စီစစ်ပြီး .. ကိုယ်တိုင်လည်း စီစီစစ်စစ် သုံးသည်။ ဝင်
ရှိသည့် သားအားလုံးကိုလည်း ရသမျှ အပ်နိုင်းသည်ဆိုတာ သိသာ
သည့်အဖြစ် ..။

"မှူး .. ကုန်တိုက်သွားမလို့ပါ .. အနီးဆုံးကုန်တိုက် တစ်ခုခု
ဆိုပါတော့ .. ဝယ်စရာလေးတွေ ရှိလို့လေ .."

"ဒါဆို .. အသွားအပြန်အားလုံး .. သားပဲ ပို့ပေးလိုက်ပေါ့ .. ကု
တိုက်သွားမယ့် ကျသင့်ငွေ .. အသွားအပြန်စာ .. မေမေ့ကို မိန်းကလေ
ပေးထားခဲ့လိမ့်မယ် .. သား ပြောလိုက် .."

ဟု ဝင်ဝင်ပြောနေပါသည့် ဒေါ်လေးထား ကို ဆရာကြည့်
မျက်နှာ ပို၍မလန်း ..၊ ကြာလေ .. ညှိုးဖျော့လေဖြစ်နေသည့် ဆရာ
ဖြင့် မှူး ပင် အားနာလာမိရသည်ပါပဲ။ သနားလာမိရသည်ပါပဲလေ ..
ငွေတစ်သောင်းကျမည်ဟု ဆရာ ခပ်လေးလေးဖြေတော့ မှူး အခန်း
ပြန်တက် ..။ ငွေတစ်သောင်းယူကာ ဒေါ်လေးထား လက်ထဲ အပ်လို
တော့ မျက်နှာလေး လန်းကြည်နေသည်က ဒေါ်ထား ပါ ..။

မှူး အဝတ်အစား လဲ ..၊ အိမ်တံခါးသော့ခတ်ကာ ဆရာတ
ဖြင့် လိုက်ခဲ့ရပါ၏။ ကုန်တိုက်သို့ ရောက်တော့ ဝယ်ချင်တာတွေ
ရသည်။ များတော့ များနေသည်ပါပဲ။ အသင့်သုံး တံခါးပြတင်ခန်း
တွေ .. အိမ်ကြမ်းခင်း ဖယောင်းပုဆိုးကွက် လှလှတွေ .. လျှပ်စစ်ဒယ်





တစ်လုံး .. အိမ်သုံးဆေးဝါး ..၊ အိမ်တွင်းစီးဖိနပ် ..။ သွားတိုက်ဆေး၊
သွားပွတ်တံနှင့် ရေချိုးဆပ်ပြာ၊ မျက်နှာသစ် ဆပ်ပြာရည်ဘူး ..။ ခေါင်း
ဘီးကအစ စုံစီနဖာ သေးသေးတာတာလည်း ဝယ်တာတွေပါသည်။
မှန်တင်ခုံသေးသေးလေးလည်း ပါသည်။ အဝတ်လျှော် ဇလုံကအစ
တွေးလိုက်ဝယ်လိုက်ဖြင့် ရှိခဲ့ရသမျှ ဆရာကလည်း အားလုံး လိုက်သယ်
ကူ ..၊ ကားပေါ်ပြန်တင်ထားနှင့် အားနာဖို့ကောင်းအောင် လုပ်ခဲ့ကိုင်ခဲ့
ရှာပါ၏။ ထူးသည်က .. ခုထိ ဆရာ စကားတစ်ခွန်းမျှ မပြောသေး..၊
အမေလုပ်သူ၏ ပြောဆိုသမျှအတွက် အားနာ အနေခက်နေ ရှက်နေတာ
သိသာနေသည်။ အပြန်ကျတော့မှ ဆရာ ကားမောင်းရင်း ...

"မေမေ ပြောတာဆိုတာတွေအတွက် ရင်ထဲမှာ မထားပါနဲ့ မမှူး
ရယ် .. မေမေက .. စိတ်ရင်းကောင်းပါတယ် .. အဖေ ဆုံးကတည်းက
မေမေ့မှာက တစ်အိမ်လုံးတာဝန်ကို ခေါင်းခံပြီး ရုန်းကန်ခဲ့ရတာပါ ..
ကိုယ်ဆိုရင်လည်း ပညာတစ်ပိုင်းတစ်စနဲ့ ရပ်မသွားရဘဲ ဘွဲ့ရတဲ့အထိ
မေမေ ကြိုးစားပြီး လုပ်ကိုင်ရှာဖွေခဲ့ရရှာ .. သားကို ပညာဆုံးခန်းတိုင်
အောင် သင်ပေးခဲ့ရရှာတာပါ .. ညီလေးတွေက ပညာဘက်ကို အားမသန်
ဘဲ ကျောင်းတစ်ဝက်တစ်ပျက်နဲ့ ထွက်ကုန်ကြတာကိုလည်း မေမေ့မှာ
စိတ်မချမ်းမသာ ဖြစ်ရတာပါ မမှူး ရယ် .. ဒါပေမယ့် .. မေမေက
ချည်းကမ်းသမားဆိုတော့ ညီလေးတွေရဲ့ လုပ်အားခဆိုရင်လည်း သိမ်း
ထားတာပါပဲ .. စုဆောင်းပေးတယ် .. အဝတ်တန်သည် အဝတ်.. နာရီ
တန်သည် နာရီ .. အဲသလိုလည်း ဝယ်ဝယ်ပေးတယ် .. ရသမျှ သုံးဖြုန်း
တယ်ဆိုတာမျိုး အဖြစ်ကို မခံတာ .. အကျင့်ပါကုန်ရင် ပျက်စီးမှာတဲ့
လေ .."

ကားမောင်းရင်း ဆရာပြောတော့ မှူး ငြိမ်၍နားထောင်သည်။ အမေ
ဖြစ်သူအတွက် ကာကာကွယ်ကွယ်ပြောပေးသည့် သားတစ်ယောက်၏
ချစ်ခြင်းကိုလည်း မှူး မြင်နေရသည်ပါပဲ။ တကယ်တော့ ဆရာ အနေ



www.burmeseclassic.com

www.burmeseclassic.com



အရမ်းခက်နေတာ ..၊ မှူး ကို အားနာနေတာ မှူး သိနေပါသည်။ အထူးသဖြင့် မှူး ၏ နား‌ကပ်ကို အားမနာစတမ်းကြီး ဖွင့်တောင်းတာကို မျက်နှာအပူဆုံး ဖြစ်နေတာလည်း မှူး သိနေသည်။ ဤမနက်မှာလည်း ကားခအားလုံး ယူထားနှင့်လိုက်တာကိုလည်း ရှက်နေတာ မှူး သိနေသည်။ ဒါပေမယ့် .. ဆရာတစ်ခွန်းမျှ အမေဖြစ်သူကို အပြစ်တင်ငွေ့သမ်းတာလေးမျှပင် ရှက်ရမ်းရမ်းပြီး ပြောတာမျိုး မရှိခဲ့ ..။

"မေမေက ခြောက်တန်းလောက်ပဲ ပညာသင်ဖြစ်ခဲ့ရတာ .. ကိုယ့်မေမေဘက်က မိဘတွေ .. ကိုယ့် ဘိုးဘိုးဘွားဘွားတွေက နယ်မှာ ခြံဥယျာဉ် လုပ်ကိုင်ကြတယ်လေ .. ဖေဖေနဲ့ မေမေ အကြောင်းပါကြတော့ ရန်ကုန်ကို ဖေဖေ့နောက် ပါလာရတာ .. နှစ်ဖက်မိဘတွေ ဆုံးပါးကုန်ကြတော့ ဒီမှာပဲ ပိုပြီး အသားတကျနေဖြစ်ခဲ့ကြရတာလေ .. ဖေဖေဆုံးတော့ မေမေ့မှာ အားကိုးရာ တောင်ကြီးပြိုသလိုပါပဲ .. အရမ်းခံစားရတာ .. အဲဒီတုန်းက ကိုယ့်အသက်နှစ်ဆယ်ပဲ ရှိသေးတာ မှူး .. ကျော်ထက်က ဆယ့်ကိုးနှစ် .. တိုးမောင် က ဆယ့်ငါးနှစ် .. ဆင့်ဦးမောင် က ကိုးနှစ်ခင်ထွေးပိုင်လေး က ငါးနှစ်ပဲ ရှိသေးတာ .. ကလေးတွေထဲမှာ ကိုယ်က အကြီးဆုံး .. ဘွဲ့မရသေးဘူး .. အငယ်တွေက အရွယ်ရယ်လို့ လောက်လောက်လားလား မြောက်ကြသေးတာမဟုတ်ဘူး .. ဒီလိုအချိန်မှာ မေမေသာ စိတ်ကိုတင်းမထားရင် .. ခုလို .. ကိုယ်တို့ ဟန်မပျက် ရပ်ကွက်ထဲ နေနိုင်ကြမှာမဟုတ်ဘူး မမှူး .. မေမေက အိမ်ဆိုင်ကိုဆက်ပြီး ကြိုးစားလုပ်ကိုင်တယ် .. ဆိုင်ကို ပိုကြီးပွားတိုးတက်လာအောင် လုပ်တယ် .. အစားအသောက်အစ ချွေတာစားသောက်တယ် .. အဲသလို ရုန်းခဲ့တာ..

ဆရာ ပြောတာတွေကလည်း မှန်နေသည်။ ဒေါ်ထား သာ စိတ်အားလျှော့ချလိုက်လျှင် သားသမီးငါးယောက်ရှိသည့် မုဆိုးမတစ်ယောက်၏ အိမ်အခြေအနေ ယိုင်ကျသွားချေမည်သာ ..။

"အမေ့ကို တမ်းတပြီး မေမေ ကျိတ်ငိုတာတွေ ကိုယ်မြင်ခဲ့ရတယ်





လေ .. တစ်ညနေမှာ မေမေ့ကို အိမ်နောက်ဘက် ကပြင်လေးမှာ ငြိမ်ထိုင်နေရင်း ငြိမ်ငြိမ်သက်သက်လေး ငိုနေတာ မြင်ခဲ့ရတာ .. အမြဲတမ်းသားတွေနဲ့ သမီးလေးကိုပြောလိုက် .. ဆူလိုက် .. စာကျက်ခိုင်းလိုက်.. စည်းကမ်းတွေချထားပြီး ငွေကြေးကအစ မုန့်ဖိုးတောင် ပေးတဲ့နေ့ပေး.. မပေးတဲ့နေ့ မပေးဘဲ .. မုန့်ထုပ်လေး ထည့်ပေးလိုက် လုပ်တတ်တဲ့ မေမေ့အသံဟာ အမြဲ အိမ်မှာ တဆူညံညံတော့ ရှိနေခဲ့တတ်တာပါ .. အဲသလိုဆူဟယ်ငေါက်ဟယ်နဲ့ အမြဲ မြန်ဆန်သွားလာလှုပ်ရှားနေတတ်တဲ့မေမေ့ရင်ထဲမှာ အလွန်ပြင်ထန်းတဲ့အပူတွေ ရှိနေတာ .. မျိုသိပ်ထားတာတွေကို .. အဲသလို အရမ်းငြိမ်ကျနေပြီး ကျိတ်မြို မျက်ရည်ချနေကျနေတာကို ကိုယ်မြင်ရတော့ .. ရင်ထဲ ထိလိုက်တာဗျာ .. အရမ်းသနားမိရတာ.. ကိုယ့်အတွက်ကတော့ မေမေဟာ အလွန်ထက်မြက်တဲ့.. မေမေပါ..၊ မေမေ့ကို ဘယ်တော့မှ စိတ်မဆင်းရဲစေရဘူးလို့လည်း ဆုံးဖြတ်ထားတယ် .. မေမေ နှုတ်လျှာသွက်တာ .. အသံကျယ်တာ .. ဆူတာပူတာ.. ဒါတွေအားလုံးဟာ ဒီသားသမီးတွေအတွက်ချည်းဆိုတာ ကိုယ် သိနေရတယ်လေ .."

ဆရာ ဆက်ပြောနေတော့ မှူး ငြိမ်နားထောင်သည်။ ဆရာ့ကို ကြည့်မိတော့ မျက်ဝန်းတွေ ရီဝေနေသည်။ ဆုံးပါးသွားသည့် ဖခင်ကို တမ်းတနေခြင်းလား ..၊ လွမ်းနေခြင်းများလားလေ ..။ အမေဖြစ်သူအတွက် စိတ်ထိခိုက်နေတာကလည်း ခံစားချက်ထဲမှာ ယှဉ်တွဲ၍ ပါနေချေမည်သာ ..။

"မေမေက ကိုယ့်ကို အရမ်းအားကိုးတာ .. ကိုယ် ဘွဲ့ရတာကိုလည်း အလွန်အထင်တကြီးရှိတာ .. အရာရှိမဖြစ်တာကို မေမေ အမြဲရင်ထဲမချိဘူး ပြောပြောနေတတ်တယ်လေ .. မေမေက ကိုယ့်ကို မြို့ပိုင်တို့ နယ်ပိုင်တို့ ဖြစ်စေချင်တာလို့ အမြဲ ညည်းညည်းသဲ့သဲ့ ပြောပြောနေတတ်တာ .. အဲသလို အမေတစ်ယောက်ပါ မမှူး ရယ် .. ဆင်းရဲတယ်



www.burmeseclassic.com

www.burmeseclassic.com



လေဗျာ .. ရရစားစား နေ .. အိမ်လေးအိုးလေးရှိနေပေမယ့် .. ချမ်းသာကြတာမှ မဟုတ်တာပဲလေ .."

ဆရာ ဆက်ပြောတော့ မှူး ငြိမ်သက်တွေးနေမိရပါ၏။ မှူး တို့ကျတော့ ချမ်းသာခြင်းတွေနှင့် အသားတကျရှိနေရင်း စိတ်လက်ဆင်းရဲနေကြရသည်။ ဆရာတို့ကျတော့လည်း ရှန်းကန်နေကြရင်း စိတ်တွေမွန်းကျပ်နေကြရသည်။ ဤသည်ကို ဘဝဟု ခေါ်သည်ပါပဲ။ ချမ်းသာသူထံမှာလည်း ဘဝဆိုတာ ရှိသည်။ ထိုဘဝထဲမှာ ပျော်တာလည်း ပါမည်။ စိတ်ဆင်းရဲစရာတွေလည်း တွေ့မည်။ သြော် .. ဆင်းရဲသူတို့၏ဘဝမှာလည်း ပျော်စရာလည်း ပါမည်။ စိတ်ဆင်းရဲစရာလည်း တွေ့ကြမည်သာ ..၊ ဘဝဆိုတာကြီးက .. မျှတပါသည်လေ ..။

"ဘဝဆိုတာကြီးက .. ချမ်းသာတဲ့သူကိုပဲ ပျော်စရာတွေ ပုံအောပြီး ပေးထားတာမျိုး မဟုတ်ပါဘူး ဆရာရယ် .. သူတို့ကိုလည်း စိတ်ဆင်းရဲစရာတွေ ကြုံစေတာပါပဲ .. ဆင်းရဲသည်ဖြစ်စေ .. ချမ်းသာသည်ဖြစ်စေ .. လောကဓံဆိုတာကိုတော့ ရင်ဆိုင်ကြရတာပါပဲ .. ချမ်းသာတဲ့သူတွေမှာလည်း သူတို့ရဲ့ ချမ်းသာခြင်းတွေနဲ့အတူ .. လုပ်ငန်းကိုင်ငန်းကြီးတွေကို .. ရင်းနှီးမြှုပ်နှံခြင်းတွေ ပေးလိုက်ရတာပါပဲ .. ဘာလဲ သိလား .. သူတို့ရဲ့ အချိန်တွေကို ဖဲ့ပေးလိုက်ရတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ .. သူတို့ရဲ့ မိသားစုဆီမှာ ပေးရမယ့်အချိန်တွေကို ဖဲ့ပေးလိုက်ရတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ .. ချမ်းသာချင်း ချမ်းသာ .. အဲဒါချင်းချင်းကိုမှ သားသမီးတွေကို နေရာချပေးချင်တဲ့စိတ်တွေနဲ့ ဖွတ်နေရာချပေးလိုက်တတ်တဲ့ .. စိတ်ဆန္ဒနောက် ပါပါသွားကြတဲ့ .. အတ္တ၏ စေခိုင်းရာဖြစ်လိုက်ရတဲ့ ရင်းနှီးမြှုပ်နှံမှုတွေပေါ့ .. ရင်းနှီးမြှုပ်နှံခြင်းဆိုတာ ငွေကြေးတစ်ခုကိုပဲ ကိုယ်စားပြုတာ မဟုတ်ဘူး ဆရာ .. စောစောက ပြောတဲ့အရာတွေဟာလည်း ရင်းနှီးမြှုပ်နှံတဲ့အထဲမှာ ပါတာပါပဲ .."

မှူး ပြောတော့ ကားမောင်းနေရာမှ အံ့သြသလို ဆရာ ကြည့်လာသည်။ မှူး ထံမှ .. ထိုသို့ ချမ်းသာသူတို့၏ ဒုက္ခများကို ထဲထဲဝင်ဝင် ပြောတတ်နေတာကိုလည်း အံ့သြနေပုံရသည်။ ဒါပေမယ့် နှုတ်မှတော့ ဘာမှ ဖွင့်မမေး ..၊ တစ်ချက် ငြိမ်သက်စွာ ရှိသွားပြီးမှ ...

"မမှူး က .. ဒဿနဆန်တာကိုလည်း ပြောတတ်သားပဲ .. ကဗျာလေးက အရမ်းကို နူးညံ့တာ .. အဲသလိုပဲ ဒဿနလည်း ပါခဲ့တာပဲလေ .. ရေးလည်းရေးတတ် .. ပြောလည်းပြောတတ်တဲ့ မမှူး ကို .. ကိုယ် .. လေးစားတယ် .. ဒါပေမယ့် .. ချမ်းသာသူတွေမှာ အဲသလောက်ထိ ရင်းနှီးပေးလိုက်ရတဲ့ အရာတွေရှိတယ်ဆိုတာကို လုံးစေ့ပတ်စေ့လောက်တော့ ကိုယ် မတွေးတတ်မိဖူးဘူး .. ချမ်းသာတဲ့လူတွေမှာ သောကဆိုတာတော့ ရှိကြမှာပဲ .. ဒါပေမယ့် .. ငါတို့ဆင်းရဲသားတွေလောက်တော့ အပူမကြီးနိုင်ပါဘူးလေ .. လို့ တွေးမိတာပဲ ရှိတယ်ဗျ .."

ဟု ပြောလာသည်။ ခုလို အပြန်လမ်းမှာ စကားလေး တပြောပြောဖြင့် ပြန်လာဖြစ်ကြတာမို့လည်း တစ်ယောက်နှင့် တစ်ယောက်ပို၍ ရင်းရင်းချာချာ ရှိလာကြသည်ကတော့ အမှန်ပါ ..။

"မမှူး က .. ရန်ကုန်မှာ စာပေထဲ ခြောက်ချဝင်တော့မယ်ဆိုပြီး ဆုံးဖြတ်ခဲ့တာလား .. ခုလို .. မမျိုးမျိုး နဲ့ ဒီမှာ ပြောင်းလာနေတဲ့အထိ ကြီးနေတာကြည့်ပြီး မေးတာပါ .. အဆောင်မှာ နေရေးထိုင်ရေးက .. အဆောင်ပြန်ဆောက်မယ်ဆိုတော့ မမှူး တို့နှစ်ယောက် ဒီကို ပြောင်းလာကြရပြီ .. နယ်ကို မပြန်ဘူးဆိုတာမျိုး ဖြစ်နေတာမို့ မေးတာပါ .."

"မျိုးမျိုး ကတော့ .. ဒီဇိုင်နာ အရမ်းဖြစ်ချင်တာလေ .. အဲဒါကို ကြိုးစားနေတာ .. သင်နေတာ .."

"ဒါပေမယ့် .. ရန်ကုန်မှာ .. ကဗျာဆရာမလေးတစ်ယောက် အဖြစ်နဲ့တော့ .. မရပ်တည်နိုင်ဘူးဆိုတာ မမှူး သိမယ်ထင်တယ် .. ဒင်ငွေဆိုတာက လိုသေးတယ်လေ .. ရန်ကုန်မှာ စရိတ်ကြီးတယ်ဗျ .. အဆိုကယူလာတဲ့ငွေတွေ ကုန်ပြီထင်တယ် .. မမှူး ကို အဲသလို ကိုယ်





www.burmeseclassic.com

www.burmeseclassic.com



မနေ့ညက ငေးကြည့်ရင်း စဉ်းစားနေမိတယ် ..''

''မှူး လည်း အလုပ်တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်ထားပါတယ် .. မှူး ကို ခုလိုအချိန်မှာ ဒီအိမ်ခန်းလေး ငှားနေခွင့်ရအောင် ကူညီပေးခဲ့ ဆရာ့ကို ကျေးဇူးတင်ပါတယ်ရှင် ..''

ပြောနေရင်းဖြင့်ပင် ကားက မှူး ၏ အခန်းရှေ့မှာ ရပ်၏။ မှူး ကားပေါ်မှဆင်းကာ ပစ္စည်းတွေသယ်တော့ ဆရာလည်း လိုက်သယ် သည်။ အခန်း၏ ဧည့်ခန်းမှာ ချပေးပါ၏။ မှူး ဝယ်လာတာတွေ ဒေါ်လေးထား အိမ်ပေါ်ထိ တက်လာရင်း ကြည့်နေတော့ ဆရာ အား သလို မှူး ကို ကြည့်ရှာသည်။

စပ်စပ်စုစု ဟိုဟာကိုင်ကြည့် သည်ဟာကိုင်ကြည့်နှင့် လုပ် သည်ကိုးလေ ..။ မှူး ကတော့ မောမောရှိတာနှင့် ရေတစ်ခွက် ခပ်သော နေလိုက်သည်ပါပဲ ..။

''ဈေးဝယ်လာတယ် ဒေါ်လေးထား ရေ ..''

ဆိုင်ဆီမှ အသံပေါ်လာတာမို့ ...

''ဝယ်တဲ့လူ ရောက်လာပြီ .. သူက လှမ်းအော်ခေါ်ရသလိုကို ဖြ လို့ .. လာပြီ .. လာပြီ .. ဒီမှာ ခဏတက်ကြည့်နေလို့ တော်ရေ ..''

ဟု အသံပေးကာ ကမန်းကတမ်း အခန်းလေးမှ ဆင်းသွား၏

ဆရာ့မျက်နှာ မကောင်း ..၊ ဒေါ်လေးထား ၏ နားမှာ မှူး စိန်နားကပ်လေး ပန်ထားတာကို တွေ့ရပြီကိုးလေ ..။

မှူး တို့ ဈေးသွားဝယ်စဉ်နိုက် ..၊ ဒေါ်လေးထား ရေမိုးချိုးထား ပုံ ရသည်။ အဝတ်အစား မီးပူကျ လဲဝတ်ထားသည်။ သနပ်ခါးဝင်း အောင် လူးထားသည်။ ပြီးတော့ .. မှူး ၏ စိန်နားကပ်ငယ်လေး အရင်တပ်ထားရာ နားကပ်လေး ချွတ်လဲပြီး ပန်ထားသည်လေ ..။ မှူး နားကပ်လေး မဟုတ်တော့ပြီ။ တစ်လုံးတည်း စိန်ပွင့်နားကပ်၏ လ လက်ပွင့်ဖြာနေသည့် အရောင်က သိသာထင်းပနေသည့်အဖြစ် ..။





ဆရာ.. မှူး ၏မျက်နှာကို မကြည့်ရဲသည့်နှယ်ရှိကာ ခေါင်းငိုက် ကျနေသည်။ နောက်တော့မှ မှူး ကို တစ်ချက်ကြည့်လာ၏။ ဆရာ့ မျက်ဝန်းဝယ် မျက်ရည်ဝေ့ဝဲနေတာ မြင်ရတော့ မှူး ရင်ထဲမကောင်းပြန် ..၊

''မေမေဟာ .. စိန်နားကပ် .. တစ်ခါမှ မဝတ်ဖူးဘူး မမှူး ရယ်.. ဝတ်ချင်ရှာမှာပေါ့ဗျာ .. ခွင့်လွှတ်ပေးပါ .. နားလည်းလည်ပေးပါ ဗျာ.. တစ်နေ့မှာ .. မေမေ့ကို .. ကိုယ် .. စိန်နားကပ်တစ်ရန်လောက်တော့ ပိုင်ပိုင်နိုင်နိုင် ဝယ်ပေးတန်ကောင်းပါရဲ့ မမှူး ရယ် .. မမှူး ရဲ့ နားကပ် လေးကို ဝတ်ထားတဲ့အတွက် .. ခွင့်လွှတ်နော် ..''

ဟု ပြောကာ ဆရာ ခပ်သုတ်သုတ် အိမ်ပေါ်မှဆင်းသည်။

မှူး ငိုင်၍ ကျန်ခဲ့ရပါ၏။ မှူး ရောက်လာသည့်အတွက် ဆရာမှာ စိတ်မချမ်းမြေ့စရာ တွေ့ကြုံရချေပြီလားဟုလည်း ရင်ထဲမကောင်း ..၊ စိန်နားကပ်ဆိုတာက မှူး ၏ စိန်နားကပ် ..၊ စိန်နားကပ်ကိုမှ ပန်ချင်ပါ သည့် ဒေါ်လေးထား ခမျာ .. ဝတ်ချင်လွန်း၍ ယူဝတ်ခဲ့ပြီ ..။ အမေကို.. စိန်နားကပ်မဆင်နိုင်သည့် သား .. မျက်ရည်ကျရချေပြီတကား ..။

''ငါဟာ.. ဘယ်ကိုရောက်ရောက်.. ရောက်လေရာအရပ်မှာ .. ငါနဲ့ ပတ်သက်တဲ့သူတိုင်း စိတ်ဆင်းရဲကုန်ကြရတာပါပဲလား .. ဒက်ဒီ လည်း .. စိတ်ဆင်းရဲနေမှာပါပဲ .. ကိုကိုလည်း မျက်ရည်ကျနေရပြီ.. အို .. သရဖီဦးရော .. တော်ဝင်မှူးရော .. ငါ့အတွက် သောကတွေနဲ့ မျက်ရည်ဝေနေကြမှာပဲ .. အခု ဒီရောက်တော့လည်း .. ဆရာ စိတ်ဆင်း ရဲနေရပြီ ..၊ တမင်ရည်ရွယ်ပြီး ငါလုပ်တာ မဟုတ်ပေမယ့် .. ငါ့ကြောင့် နီးနွယ်ပြီး .. လူတွေ စိတ်ဆင်းရဲကြရတာချည်းပဲ .. ငါဟာ .. မေမေ့ ကိုလည်း အသက်တိုစေခဲ့တဲ့သမီးတစ်ယောက်လို့ ငါ ခံစားနေရဖူးတာ ပဲလေ .. အမိမဲ့သမီးဆိုတဲ့ ဇာတာနဲ့ ငါမွေးလာလို့ .. မေမေဟာ ငယ်ငယ် ရွယ်ရွယ်နဲ့ ဆုံးခဲ့ရတာလို့ ငါ တွေးမိခဲ့ဖူးတယ် .. အခုကြည်.. မျိုးမျိုး လည်း ငါ့ကြောင့် ဒီမှာအနေအစား ဆင်းရဲရပြန်ပြီ ..''



www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးကာ ငိုင်နေမိရဆဲ ...။

"အံမယ် .. ဒေါ်လေးထား က စိန်နားကပ်ကြီးနဲ့ပါလား .. ဘာလဲ.. သားကြီးက ဝယ်ဆင်တယ်ပေါ့လေ .."

ဈေးဝယ်သူ၏ အသံအဆုံးမှာ ဒေါ်လေးထား ၏ တဟင်းဟင်း ရယ်သံပဲကြားနေရသည်။ သားကြီးက ဝယ်ဆင်သယောင်ယောင်နိုင်နေသည့် ရယ်သံ ...၊

ဆိုင်ထဲမှ ဆရာ ခြေလှမ်းကျဲကြီးဖြင့် ထွက်သွားတာကိုလည်း မြင်နေရသည်။ ကားကို အရှိန်ဖြင့် မောင်းထွက်သွားတာကိုလည်း မြင်နေရသည်။ ရင်ထဲမှန်းကျပ်လာရလျက် မှုူး ပန်းလျှစွာ ထိုင်ချလိုက်မိရပါ၏။ ချန်ထားရစ်ခဲ့သည့် လက်ကိုင်ဖုန်းလေးကိုလည်း ကြည့်မိသည်။ ဖုန်းကို စက်ပိတ်ထားခဲ့တာမို့ .. ဘယ်သူခေါ်ခေါ် ...၊ ခေါ်၍မရစေသည့် ဖုန်းလေးအဖြစ် အဘယ်မျှထိကြာအောင် စိတ်ကိုတင်းထားနိုင်ပါ့မည်မသိ...။

ကိုကို့ ဖုန်းခေါ်သံကို မှုူး .. နှလုံးသားထဲက ကြားနေရသည်လေ..၊ ကိုကို ဖုန်းခေါ်နေရှာမည်ကိုလည်း နှလုံးသားက သိနေရသည်ပါပဲ ...။ မျက်ဝန်းကို စုံမှိတ်ချကာ မှုူး တိုးသက်စွာ မျက်ရည်ကျလာချိန်မှာ ဆိုင်ဘက်ဆီမှ ဒေါ်လေးထား ၏ ရယ်သံကြားနေရဆဲ ...။ ဝယ်သူ၏ စိန်နားကပ်လေး ကြည့်ချင်သည်ဟု စပ်စုစွာပြောနေသံကိုလည်း ဆက်၍ ကြားနေရသည်တည့် ...။





တစ်ရှိုက်သက်သက် ရှိုက်ခါနေတဲ့

ကြေကွဲခံစားသူရဲ့ နှလုံးသားဟာ

လျှို့ဝှက်ခြင်းလိုက်ကာကြီးတစ်ခုကို

မျက်ရည်တွေစိုနေတဲ့ လက်အစုံနဲ့

ဖယ်ရှားလိုက်တဲ့အခါ...

ပေါ်ထွက်လာတဲ့ အသံလေးတစ်ခုဟာ

မင်းကို ငါ သိပ်ချစ်တာပဲတဲ့ကွယ်...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ဆောက်တည်ရာပျောက်နေသည့် ခံစားချက်တိုင်းသည် ချစ်ရသူလေးအတွက် စိုးရိမ်စိတ်တွေချည်း ဖြစ်နေသည်။ နှလုံးသားအစုံကို ဆုပ်ခြေသည်သို့ ရှိ၏။

"ငါ့ကြောင့်ဖြစ်ရတာ .. ငါ့ကြောင့်ဖြစ်ရတာ .. မှုံးလေး ရယ်.. ကိုကို့လို ဒုက္ခိတကြီးနဲ့ ဘဝလက်တွဲဖော်ရယ်လို့ ဖြစ်ကုန်မှာစိုးရိမ်စိတ်တွေနဲ့ အန်ကယ်က တခြားလူတစ်ယောက်နဲ့ မှုံးလေး ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ခြင်းဟာ .. မှုံးလေး ကို အေးချမ်းတဲ့အရိပ်တစ်ခုကထွက်ခွာသွားစေဖို့သက်သက် ဖြစ်နေပါပေါ့လား .. ဒါဟာ .. အန်ကယ့်ကြောင့် ဖြစ်ရတာမဟုတ်ဘူး .. ကိုကို့ကြောင့်ဖြစ်ရတာ .. ကိုကို ဒုက္ခိတကြီးဖြစ်နေလို့ .. နို့လို .. ဖြစ်ကုန်ရတာ .. ဒုက္ခပါပဲ .. မှုံးလေး အနေအစားဆင်းရဲရှာရော့မယ် .. ခု .. ဘယ့်နှယ်လုပ်မလဲ .. မှုံးလေး က ဖုန်းကိုလည်း စက်ပိတ်ထားတယ် .. ဘယ်လိုမှ ဆက်သွယ်လို့မရဘူး ဖြစ်နေတယ် .. ဒီကိစ္စကို .. ငါ့ ရှင်းမှ ဖြစ်မှာ .. ငါ .. ရှင်းမှ ဖြစ်မှာ .."

သူ ယောက်ယက်ခတ်နေသည်။ အခန်းထဲ ခေါက်တုံ့ခေါက်တင် လျှောက်နေရင်း နှလုံးသားသွေးကြောမျှင်တို့ ပြတ်တောက်နေသည်သို့ ရှိ၏။ ဆုပ်ညှစ်ချေမွခံနေရသည့်နှယ် နှလုံးအိမ်နုနုသည် မွမွကျေချေ၏။





"ဟဲ့ .. သား .. ဘယ်ကိုသွားမလို့လဲ .."

စိတ်လိုက်မာန်ပါကြီး အိမ်တွင်းမှ တုတ်ကောက်ကို အားပြု၍ အထွက်မှာ မေမေ စိတ်ပူလက်ပူဖြင့် လှမ်းမေးလာပါ၏။ ဖေဖေက သူ့ကို ဟိုတယ်သို့ပင် မသွားစေခဲ့ ..။ အိမ်မှာပဲနေဖို့ မှာခဲ့သည်။ မေမေက သူ့ကို သေချာစောင့်ကြည့်နေရမည် ..။ ဒါ .. ဖေဖေ မှာခဲ့ခြင်း ..၊ မနေ့ကတည်းက သူ အရမ်းကို စိတ်တွေထိခိုက်ကာ အန်ကယ့်ထံသွားမည်တကဲကဲ ဖြစ်နေသမျှ ဖေဖေကလည်း သူ့ကို တားရထိန်းရဖြင့် ရှိသည့်နှယ် ..။ မေမေကလည်း သူ့ကို အသွားမခံခဲ့ ..၊ ဟိုမှာက သားအဖချင်းပြဿနာတက်နေချိန် .. မှုံးလေး လည်း အိမ်မှာရှိတော့တာ မဟုတ်..၊ အန်ကယ်မြတ် အရမ်းကို စိတ်တွေထိခိုက်လှုပ်ရှားနေချိန်မှာ သူ့ကို တွေ့လျှင် ပိုဆိုးကုန်မှာကို မေမေ စိုးရိမ်သည်။ ဒါကြောင့် မေမေ ဆိုတာ မျက်ရည်ကျ၍ အတင်းတောင်းပန်ခဲ့တာမို့ သူ ငြိမ်ခဲ့ရခြင်းပါ ..။

မှုံးလေး နောက်သို့ သူ ကားဖြင့်လိုက်ခဲ့သည့်နောက်မှာ .. သူ့ကို မှုံးလေး လုံးဝအတွေ့မခံတော့ပြီဆိုတာကိုလည်း သဘောပေါက်ခဲ့ရလေအောင် မှုံးလေး ၏ ငိုသံလေးဖြင့် ပြောခဲ့သည့် နောက်ဆုံးစကားကို သူ နားနှင့် ဆတ်ဆတ်ကြားခဲ့ရသည် မဟုတ်ပါလား။ ဖုန်းထဲမှာ ကြားရသည့်အသံလေးဖြင့်ပင်လျှင် အဘယ်မျှထိ မှုံးလေး ရင်တွေကျေနေအောင် ခံစားနေရသည်ဆိုတာ သူ သိနေရသည်ပဲလေ ..။ အိမ်ကို ခြေကုန်လက်ပန်းကျသူနှယ် ပြန်ရောက်ခဲ့ပြီးတာနှင့် အန်ကယ့်ထံ သွားမည်ဟု သူ ဆုံးဖြတ်ကာ သွားဖို့ကြိုးစားလေသမျှ ..။ ဖေဖေက တား ..၊ မေမေက ငိုဖြင့် ရှိနေတာမို့ သူ ငြိမ်နေခဲ့ရခြင်း ..။ ဤမနက်မှာတော့ သူ ဘယ်လိုမှ နေ၍ မရပြီ ..။ အန်ကယ့်ထံသို့ ဖွတ်ထွက်ခဲ့ရပါပြီတည်း။ မေမေ လိုက်၍တားနေတော့ သူ ခြံကူးတံခါးဝမှာ ခြေစုံရပ်၍ ...

"ဒီလို .. အန်ကယ့်ကို ဘယ်တော့မှ မတွေ့ဘဲ နေလိုက်တဲ့နည်းနဲ့ ပြေရှင်းလို့မရတဲ့ ပြဿနာက ရှိနေပြီးပြီ မေမေ .. အဓိက ဖြေရှင်းနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူဟာ .. တစ်ယောက်တည်းပဲရှိတယ် .. အဲဒါ .. သားပဲ .. သား ရှင်းမှဖြစ်မှာ မေမေ .. မတားပါနဲ့တော့ဗျာ .. သွားပါရစေ .. မေမေလည်း မလိုက်ခဲ့ပါနဲ့ .. အန်တယ်နဲ့ သားတို့နှစ်ယောက် ပြောဆိုကြတဲ့အချိန်မှာ .. ဘယ်သူမှ အနီးမှာ ရှိမနေကြတာ အကောင်းဆုံးပါပဲ မေမေ မေမေ နေခဲ့ပါ .. စိတ်လည်းမပူပါနဲ့ မေမေ .. သားကို ဆွဲထုတ် မောင်းနှင်ပစ်တဲ့အထိတော့ အန်ကယ် မလုပ်ရက်ပါဘူး .. အဲဒါကို သား ယုံကြည်ပါတယ် မေမေ .. ငယ်ကတည်းက အန်ကယ့်မျက်စိရှေ့မှာ ကြီးခဲ့တဲ့ ချမ်း ဆိုတဲ့ ဒုက္ခိတတစ်ယောက်ကို အန်ကယ် လက်မောင်းကြီးဆွဲပြီး ခြေတရွတ်တိုက်ပါအောင် ဆွဲချနှင်ထုတ်တဲ့အထိ ဘယ်လိုမှ လုပ်ရက်နိုင်မယ် မထင်ပါဘူး မေမေ .."

သူ ခြေထောက်တွေကိုကြည့်ရင်း တမြေ့မြေ့ကျေနေအောင် ခံစားချက်တွေနှင့်အတူ သူ ပြောလာတော့ မေမေ အတန်ကြာ ငြိမ်တွေ၍ သူ့ကိုကြည့်၏။ နောက်တော့ မျက်ရည်သုတ်သည်၊ သူ့လက်မောင်းကို ကိုင်သည် ...၊

"သွားတော့ သား .. သွား .. မေမေ ခွင့်ပြုတယ် .. ဒါမှ .. အစ်ကိုကြီးမြတ် ကလည်း .. တစ်ခုခု .. စိတ်ထဲရှင်းသွားတာမျိုး ဖြစ်သွားမှာ မေမေ သိထားနှင့်တယ် သား .. သား မလွဲမသွေပြောမယ့် စကားကို မေမေ သိနေတယ် .. အဲဒီ စကားဟာ .. သားရဲ့ရင်ကိုခွဲပြီး ထွက်မယ့် စကား .. သွေးစိမ်းရှင်ရှင်ကျစေမယ့်စကားဆိုတာ မေမေ သိနေပါတယ် ကွယ် .. ဒါပေမယ့် .. အဲဒီစကားကို မပြောပါနဲ့လို့ မေမေ မတားချင်ဘူး သား .. ဒီအချိန်မှာ .. ဒီစကားကလွဲပြီး သားမှာ ရွေးချယ်ပြောစရာမှ မရှိတော့တာပဲလေ .."

မေမေသည် သားဖြစ်သူပြောမည့် ကတိစကားတစ်ခုကို ကြိုတင်သိနေသည့်နှယ် အသံတွေအက်နေရင်း မျက်ရည်ဖြင့် ပြောလာပြီးသည့်နောက်မှာ သူ့လက်မောင်းကို ဖွဖွပုတ်သည်။ နောက်ဆုတ်သည်။ သူ





အားယူပြုံး၍ မေမေ့ကို ကြည့်ပြီးမှ အန်ကယ့်ထံ ထွက်လာမိခဲ့ရပါပြီတည်း...။ တော်ဝင်မှူးနှင့် သရဖီဦးတို့၏ နှစ်ခြံတစ်ခြံကူးသည့် ခြံကူးတံခါးလေးကိုဖွင့်၍ သူ ဝင်လာမိရပြီ။ ဩော် .. ခုထိတော့ဖြင့် အန်ကယ်သည် ဤခြံကူးတံခါးကို နှစ်ဘက်ခြံကြား ခြံစည်းရိုးတံခါးအဖြစ်မှ မရုပ်သိမ်းသေးသည်ကောလေ ...။ တစ်ဖက်မှ ခြံကူးတံခါးကို သော့ခပ်ပိတ်လိုက်တာမျိုး ခုထိမရှိခဲ့ ...။ သူ .. တော်ဝင်မှူး၏ ဧည့်ခန်းဆီသို့ ဝင်သည့် အိမ်တံခါးမကြီးကို တွန်းဖွင့်လိုက်မိချိန်မှာ အန်ကယ့်အသံကို ကြားနေရသည်။ တံခါးဘက်ကို ကျောပေးလျက်ရှိနေခြင်း။ မျက်နှာချင်းဆိုင်အဖြစ် ငြိမ်ရပ်နေကြသည်က ဒေါ်ကြီးမွှေး နှင့် လေးလေးရွှေ တို့ ဖြစ်နေကြပါ၏။ သူ့ကိုမြင်ကြတော့ သူ လက်ကာပြသည်။ သဘောပေါက်ကြပုံဖြင့် ဒေါ်ကြီးမွှေး ရော လေးလေးရွှေ ရော သူ့ကိုလှမ်း၍ခေါ်တာမျိုး မလုပ်ကြ ..။

"မျိုးမျိုး ဆီမှာလည်း မရှိဘူးဆိုတော့ .. သူက ဘယ်သွားနေတာတဲ့လဲ .. ဖုန်းကိုလည်း စက်ပိတ်ထားတယ် .. ဒါ .. ဓော်ကားတာမဟုတ်တော့ ဘာဖြစ်ရမှာတဲ့လဲ ဟင် .. အဖေလုပ်သူက ဖုန်းဆက်တာကို လက်မခံတဲ့သဘောပေါ့ .. မဟုတ်ဘူးလား .. မိန်းကလေးချင်းချင်း မျိုးမျိုး ဆီမှာပဲ ရှိနေမယ်လို့ ထင်ထားမိတာ .. ခု .. တစ်ယောက်တည်း ဘယ်ရောက်နေတယ် မသိဘူး .. ဒါ .. မိန်းကလေးအလုပ်လား .. ဒါ.. ဘာမှမဟုတ်ဘူး .. အဖေကို ပုန်ကန်တာ .. အဖေ့မျက်နှာထက် .. သူ့ကိုကို မျက်နှာပဲမြင်နေတဲ့ သမီး .. သူ့ကိုကို ထိလို့ .. ဆွေ့ဆွေ့ခါနေတာလေ .. တောက် .. ဒီကလေးနှစ်ယောက်ကလည်း ဆုံလည်းဆုံတတ်ကြ.. ခြံချင်းကိုဆက်လို့ .. သံယောဇဉ်ကလည်း ကြီးလိုက်ကြတဲ့နှစ်ယောက်.. စိတ်ချင်းကိုဆက်လို့ .. ဆိုသလိုပါပဲလား .. မနေ့က .. ညည်း ဟိုဘက်အိမ်ရောက်တော့ .. အဲဒီ အမိုက်မ အိမ်ကထွက်သွားတာပြောပြလိုက်သဆို .. ဟိုကောင်လေး .. ချက်ချင်း ခြေထောက်မကောင်းတာမကောင်း

www.burmeseclassic.com



နဲ့ .. မောင်သက် နဲ့ ကားမောင်းခိုင်းပြီး လိုက်သွားသဆို .. သမီး ပြန်ပါမလာဘဲ .. မျက်စိမျက်နှာကြီး ညှိုးချုံးပြီး သရဖီဦးကို .. အသက်မပါတဲ့ လူတစ်ယောက်လို ပြန်လာသဆို .. သူတို့နှစ်ယောက် ဒီလောက်ယိုသံယောဇဉ်ကြီးကုန်အောင် .. ငယ်တုန်းက ငါ ခွင့်ပြုမိခဲ့တာ.. ငါ့အမှားပဲ .. ငါ့မဟာအမှားပဲ .."

အန်ကယ်မှ မချိတင်ကဲ ပြောနေသည်။ အသံက ကြေကွဲသံပါလိုက် ..၊ ဒေါသသံသင့်လိုက်ဖြင့် မငြိမ်သက် .. လှုုးနေ၏။ တိမ်ကျချိန်မှာ တိမ်ကျ ..။ ပြင်းထန်ချိန်မှာ ပြင်းထန်ဖြင့် အသံသည် အမြင့်အနိမ့်မညီ လှုုးနေသည်။ သူ့ကို အားနာကြည့်ဖြင့် ဒေါ်ကြီးမွေး ရော လေးလေးရွှေ ရော လှမ်းကြည့် ငြိမ်သက်နေကြပါ၏။

"သေချာရဲ့လား မောင်ရွှေ .. မျိုးမျိုး သူ့အမျိုးတွေ နေမကောင်းလို့ သူ့အရပ်ဒေသ ပြ သွားတယ်ဆိုတာ .."

"သေချာပါတယ် အစ်ကိုကြီး .. မျိုးမျိုး ရဲ့ ဘော်ဒါဆောင်ပိုင်ရှင် အန်တီသန်း ကိုယ်တိုင်က ပြောပြတာပါ .. မမျိုး ရဲ့ အမေဆိုလား ဘာလားပဲ .. နေမကောင်းလို့ ပြန်သွားတယ်ပြောတာပါပဲ .. အန်တီသန်းက .. ဘော်ဒါဆောင်နဲ့ တစ်ခြံကျော်မှာ သူ့အိမ်လေးနဲ့ သူ နေတာဆိုတော့ .. အဲဒီအိမ်လေးအထိ မမျိုး ရောက်လာပြီး ခွင့်ပန်ပြောသွားတာတဲ့ .. အန်တီသန်း က ထမင်းစားချိန်ဖြစ်နေလို့ .. ထမင်းဝင်စားဖို့ပြောတာတောင်မှ မစားဘဲပြန်သွားတာတဲ့ .. အဲသလိုပြောတာပါပဲ .."

ဟု လေးလေးရွှေ ဖြေနေတာကိုလည်း သူလည်း ကြားနေရသည်။ သူက .. မျိုးမျိုး ထံမှာများ မှုုးလေး ရှိနေမည်လားဟု မျှော်လင့်ချက်လေးတစ်မျှင် ထားမိခဲ့သေးသည်လေ ..၊ မိန်းကလေးဆို၍ မှုုးလေး မှ လွဲပြီး တရင်းတချာ မနေတတ်ခဲ့တာမို့လည်း မှုုးလေး ၏ သူငယ်ချင်း မျိုးမျိုး ဆိုတာနှင့် တော်ဝင်မှုုးမှုး ဆုံဒီချိန်တိုင်းမှာ ပြုံးပြတာလော့လောက်ပဲ သူ ရှိခဲ့ဖူးသည်။ ဘယ်မှာနေသည်ဆိုတာလည်း စပ်စပ်စုစုမေး





မြိတ် မရှိခဲ့ ..၊ အဆောင်မှာနေသည်ဆိုတာလောက်ပဲ မှုုးလေး အပြောနှင့် သူ သိထားတာရှိခဲ့ဖူးသည်။ မျိုးမျိုး ၏ ဖုန်းနံပါတ်ဆိုတာ သူသိဖို့နေနေ ..၊ မေးခဲ့ဖူးတာ မရှိ ..။ ခုကျတော့ လေးလေးရွှေ ပြောနေသမျှကို ကြားနေရခြင်းဖြင့်ပင် လမ်းစပျောက်နေသည့်နှယ် ပို၍ ဖြစ်ကုန်ရပြီတကား ..။

သူက .. မျိုးမျိုး ထံမှာ မှုုးလေး ရှိနေနိုင်တာမို့ အန်ကယ် ပြန်ခေါ်လာတိုက်တွန်းမည့်အကြံဖြင့် ရောက်လာခြင်း ..၊ ထိုသို့ပြန်ခေါ်နိုင်ဖို့အတွက်လည်း သူ ကတိတွေပေးဖို့လည်း ဆုံးဖြတ်ထားခဲ့ပြီးပြီ..၊ မှုုးလေး ဘယ်တော့မှ မတွေ့အောင် နေပါ့မည်ဆိုသည့်ကတိ..။ ရင်ကိုခွဲ၍ ပေးရမည့်ကတိတစ်ခုသည်ပင်လျှင် .. ပေးလိုက်သော်မှ .. အကျိုးသက်ရောက်မှုက မထိရောက်တော့မည့်နှယ် ဖြစ်နေချေပြီကောလေ ..။ ဘာကြောင့်ဆို .. ထိုကတိကိုပေးသည့်တိုင် .. မှုုးလေး ကို ပြန်ခေါ်ဖို့ဆိုတာ .. အန်ကယ်ကိုယ်တိုင်က ဘယ်လိုက်ခေါ်ရမှန်းမသိဘဲ ဖြစ်နေသည်လေ ..။ ဒါပေမယ့် .. ရောက်လာချိန်မှာ .. ဤကတိကိုတော့ သူ ပေးကိုသွားဖို့ လိုအပ်နေသည်ပါပဲ ..။

"ကဲ .. ကဲ .. သွားကြ .. သွားကြ .. အဲဒီအမိုက်မ အိမ်ကထွက်ချိန်မှာ ရအောင်တော့ မတားထားနိုင်ကြဘူး .. ခု .. ခက်ပြီ .. ငါကလည်း ဒီတိုလက်တိုနဲ့ စာကြည့်ခန်းထဲ ဒေါသဖြစ်ရင်း .. ငြိမ်နေမိတာ .. အဲဒီမှာ ရှိမှာပဲလို့ တွေးမိတာကိုးကွ .. ခု .. လမ်းစပျောက်နေပြီ.."

ဟု ငေါက်ဆတ်ဆတ်ပြောချိန်မှာ လေးလေးရွှေ နှင့် ဒေါ်ကြီးမွေး ကြည့်ခန်းမှ ခွာ၏။ ဒေါ်ကြီးမွေး က မီးဖိုဆောင်ဘက် ဝင်သည်။ လေးလေးရွှေ က ဧည့်ခန်းအပြင်ဘက် ပေါ်တီကိုဘက်ဆီသို့ လျှောက်၏။ သူ့ကို မသိမသာ ခေါင်းလေးဆတ်၍ နှုတ်ဆက်သွားသည်။ မှုုးလေး ကို ပြန်ခေါ်ပေးပါဆိုသည့် တောင်းပန်ကြည့်ပင် လေးလေးရွှေ ထံမှာ ရှိနေခဲ့သည် ..။ မျက်နှာလည်း မကောင်းကြ ..၊ အန်ကယ် ခြေကုန်လက်



www.burmeseclassic.com

ပန်းကျသည့်နှယ် ဆိုဖာရှိရာသို့ လျှောက်၏။ ထိုင်ချလိုက်သည်ကလည်း အားကုန်ကြိုးပြတ်နိုင်နေသည်။ တစ်ချက်ငိုင်၍ ငြိမ်နေ၏။ လက် က ဆံစတွေကြားထဲ ထိုးထည့် ဖွနေသည်။ နောက်တော့မှ ခေါင်း လာ၏။ လှုရိပ်ကို ထိုအခါမှ မြင်သည်ထင့် ...၊ ဘေးတိုက်ထိုင်နေသ အန်ကယ် သူ ရပ်နေရာဘက်ဆီသို့ အကြည့်ရောက်လာသည်။ ငြိမ်သ ၍ တိတ်ဆိတ်စွာ ရပ်နေသည့် သူ့ကိုမြင်တော့ မှင်တက် ငေးကြည့် ၏။ စိတ်ထိခိုက်ပူပန်နေသည့်ဓာဖြင့် အန်ကယ်သည် သူ့ကို ရှ ကြည့်ပင် မကြည့်နိုင်တော့ ...။ မျက်ရည်ဝဲကြည့်ဖြင့် ကြည့်လာပြီ သူ .. တုဟ်ကောက်ကို အားပြု၍ လျှောက်လာကာ မလှမ်းမကမ် ရပ်သည်။ ခုထိ .. တစ်ယောက်နှင့်တစ်ယောက် ဘာမျှမပြောဖြစ် သေး ...၊ သူကလည်း ငြိမ်သက်စွာ အန်ကယ့်ကို ကြည့်သည်။ မျက် ဝဲကြည့် ...၊ အန်ကယ်ကလည်း သူ့ကိုကြည့်သည် .. မျက်ရည်ဝဲကြည့်

"ရောက်လာပြီကိုး .. ကဲ .. ထိုင် .. ထိုင် .."

အန်ကယ် စိတ်ပင်ပန်းသံဖြင့် ပြောလာတော့ သူ ထိုင်သည်။

"အန်ကယ် .. ချမ်း ပြောမယ့် စကားကို စိတ်ချ ယုံကြည်ပေး အန်ကယ် ဘာကိုစိုးရိမ်နေတယ်ဆိုတာလည်း ချမ်း သိပြီးပါပြီ .. မေ ပြောပြပါတယ် .. တကယ်က .. မေမေ .. အဲသလို စကားကမ်းဖို့ ရောက်လာမယ်ဆိုတာ ချမ်း မသိခဲ့ပါဘူး အန်ကယ် .. သိရင် .. ချ တားမှာပါ .. ဘာလို့လဲဆိုတော့ .. ချမ်း ဟာ ဒုက္ခိတဖြစ်နေလို့ပါ ချမ်း ဟာ မျိုးလေး နဲ့ မထိုက်တန်တဲ့သူ ဖြစ်တယ်ဆိုတာ .. ဘယ်သူ မှ ဖွင့်ပြော အသိပေးစရာမလိုလောက်အောင်ကိုပဲ ချမ်း ရဲ့ နှလုံးသ အသိစိတ်က အလိုလိုသိထားပြီးသား ဖြစ်နေလို့ပါ .. ချမ်း ရဲ့ မသန် တဲ့သူတစ်ယောက်ရဲ့ ဘဝကို .. မျိုးလေး လို လှလှပပ ကျော့ကျော့ စင် မိန်းကလေးတစ်ယောက်ကို ဆွဲမခေါ်ရက်ပါဘူး အန်ကယ် .. ဘ လဲဆိုတော့ .. မျိုးလေး ဟာ ချမ်း အတွက် အရမ်းကို အရေးကြီး





မျိုးလေး ဖြစ်နေလို့ပါပဲ .. မျိုးလေး ရဲ့ဘဝ အေးချမ်းဖို့ .. မျိုးလေး ရဲ့ဘဝ ပျော်စရာတွေနဲ့ ပြည့်နှက်နေဖို့ .. ဘယ်သူ့တာဝန်မှ မျိုးလေး ရဲ့ ပခုံးပေါ် မရောက်ဖို့ .. အဲဒါတွေ အားလုံးဟာ .. အရေးတကြီးအဖြစ်.. ချမ်း ရဲ့ ဆင်ခြင်တုံတရားထဲမှာ သက်ဝင်နေလို့ပါပဲ အန်ကယ် .."

သူ ပြောနေရင်းမှ မျက်ရည်ဝဲလာနေသည်။

"ချမ်းလေး .. မှန်မှန်ဖြေစမ်း .. ဒီမေးခွန်းက အရေးကြီးတယ်.. အဲဒါကို မေးမယ် .. မင်း .. မျိုးလေး ကို ချစ်နေသလား .."

ရုတ်ခနဲ မေးချလာသည့် အန်ကယ့်အသံတွေကလည်း ကြေကွဲ လှိုက်ခါနေသည်။ ကြောင့်ကြစိုးရိမ်ခြင်းတွေနှင့် တိတ်လန့်ခြင်းတွေ ကလည်း ချောက်ချားမှုတစ်ခု၏ အငွေ့အသက်တွေအဖြစ် အန်ကယ့် မျက်နှာထက်မှာ စွန်းထင်းအုပ်မိုး၏။

သူ ကြေကြေကွဲကွဲ ပြုံးသည်။

"ခံစားချက်တစ်ခုကို လိမ်ညာလို့ မရပါဘူး အန်ကယ် .. အဲဒီ လိမ်ညာလို့မရတဲ့ ရင်ထဲက ခံစားချက်ဆိုတာကို .. အုပ်စည်းထားနိုင်တဲ့ အရာတစ်ခုရှိတယ် .. အဲဒါဟာ ကတိပါပဲ .. အန်ကယ့်ကို .. ချမ်း ကတိ ပေးပါတယ် .. မျိုးလေး ကို ဘယ်တော့မှ ချမ်း ရဲ့ ဘဝထဲကို အဝင်မခံ ပါဘူးဆိုတဲ့ ကတိပါ .. အန်ကယ် .. ယုံကြည်ပေးပါ .. သံသယကို သုံးဝ မထားပါနဲ့ဗျာ .. မျိုးလေး ကို .. ရအောင် ပြန်ခေါ်ပေးပါ.. ချမ်း သည်း ရအောင်စုံစမ်းပါ့မယ် .. အဲဒါလေး တစ်ခုတော့ ခွင့်ပြုပါ .. မျိုးလေး ကို ရအောင်စုံစမ်းခွင့် .. မျိုးလေး ကို အန်ကယ့်အရိပ်မှာ ပြန်ပို့ခွင့် .. အဲဒါတစ်ခုတော့ ခွင့်ပြုပေးပါ .. ချမ်း ရဲ့ ကတိဟာ ဘယ်တော့မှ ကျိုး ပျက်မှာမဟုတ်ဘူးဆိုတာကို ယုံကြည်ရင်းနဲ့ .. အန်ကယ် စိုးရိမ်စိတ် တွေကို .. ဒီအချိန်ကစလို့ .. မေ့ဖျောက်ပစ်လိုက်ပါတော့ .."

ဟု ပြောနေခိုက်မှာ အန်ကယ် ငြိမ်သက်စွာ အတန်ကြာမျှ သူ့ကို မျက်မသုန် စိုက်ကြည့်နေသည်။ နောက်တော့ ထရပ်လာ၏။

www.burmeseclassic.com



သူ့ပခုံးကို ခပ်ဖွဖွ ပုတ်သည်။ ဆံစကို သပ်ပေးသည်။

"အန်ကယ် ယုံကြည်ပေးလိုက်ပါပြီ .. ချမ်း ရဲ့ ကတိကို ယုံကြည်ပေးလိုက်ပါပြီ .. ဒါကြောင့် .. ချမ်းလေး ရဲ့ ရင်ထဲကအဖြေတစ်ခုကို စောစောက တောင်းမိ မေးမိတဲ့ အန်ကယ့်မေးခွန်းကို အန်ကယ် ပြန်ရုပ်သိမ်းလိုက်ပါတယ် .. ကဲ .. ကဲ .. ပြန်တော့ ချမ်းလေး.. ချမ်းလေး ကို အန်ကယ် ကျေးဇူးတင်ပါတယ် .. မှုံးလေး ကို ပြန်တွေ့ရင် အန်ကယ် ဖုန်းဆက်ပြီး ချမ်းလေး ကို ပြောပြပါ့မယ် .. ချမ်းလေး က သမီး မှုံးလေး ကို ပြန်တွေ့ရင်လည်း .. အန်ကယ့်ဆီကို ခေါ်လာပေးမယ်ဆိုတဲ့ ကတိအတိုင်း .. ခေါ်လာခွင့်ပြုပါတယ် .. စုံစမ်းခွင့်လည်း အန်ကယ် ပြုပါတယ် .. ကဲ .. ကဲ .. ပြန်တော့ .. ပြန်ကော့ .. မနေ့က ချမ်းလေး ရဲ့ မေမေ့ကို .. အန်ကယ် ပြောမိဆိုမိခဲ့တာတွေကိုလည်း အန်ကယ် တောင်းပန်ကြောင်း မေ့ ကို ပြောပြလိုက်ပါ .. နှစ်အိမ်ထောင်ကြားမှာ ပြိုလဲကုန်တဲ့အရာတွေရှိခဲ့ပြီးတာမို့ .. အရင်တုန်းကလို .. ပြန်ပြီးစုစည်းဖို့ ဆိုတာလည်း ဝေးကုန်ပြီဆိုတာ အန်ကယ် သိပြီးပါပြီ .. ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းမဆိုင်ဖြစ်ကြတော့တဲ့ အခြေအနေထဲ ရောက်နေကြပြီဖြစ်တဲ့ .. တော်ဝင်မှုံးနဲ့ သရဖီဦးတို့ရဲ့ လူကြီးပိုင်းတွေရဲ့ ကြားထဲမှာ .. အန်ကယ့်ဘက်က .. တောင်းပန်ပါတယ်ဆိုတဲ့ စကားတစ်ခွန်းကိုတော့ .. ချမ်းလေး သယ်ဆောင်သွားပေးပါ ကဲ .. အန်ကယ် .. မောင်ရွှေ နဲ့ အဲဒီ အမိုက်မကို .. စုံစမ်းဖို့ ထွက်ဦးမယ် .. ဘယ်လိုက်ရမယ်တော့ မသိဘူး .. သူ့ကို ဖုန်းဆက်လို့ရရင်ဖြင့် .. သူ မခံချင်အောင်ပြောမှ ဖြစ်မယ် .. သူ့မှာ ဆယ်သိန်းလောက်တော့ ငွေပါသွားသလေ .. ငွေကုန်မှ ပြန်လာမယ့် သမီး .. အဲဒီ စိတ်ထားရနိုင်မယ့် သမီးကို .. အမြန်ဆုံး ပြန်လာဖို့အတွက်က .. သူ ဒုက္ခရောက်မှ ဖြစ်မှာလေ .. သူ့မှာ .. ငွေမရှိမှဖြစ်မှာ .. ငွေမရှိအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ .. အန်ကယ် သိတယ် .. အဲဒီနည်းကို သုံးရမယ် .. ရအောင်





ပြန်ချော့ခေါ်နေတာထက် ဒုက္ခသာသာ အသိစိတ်နဲ့ အိမ်ကိုပြန်လာတာ ပိုအပိုးကျိုးမှာကွယ့် .."

ဟု ပြောနေတော့ သူ ရင်ထဲမကောင်း ..၊ မှုံးလေး မှာ ငွေမရှိလျှင် ပို၍ ဒုက္ခရောက်တော့မှာကို သူ သိနေသည်လေ ..။ ဝင်တား၍လည်း ရမှာမဟုတ်တာမို့ အန်ကယ့်ကို သူ ဘာမှမပြောဖြစ်တော့ ..၊ ခြေလှမ်းနှေးနှေးဖြင့် အိမ်တွင်းမှ ထွက်၏။ တံခါးမကြီးအရောက်မှာ တစ်ချက်လှည့်ကြည့်မိသည်။ အန်ကယ်လည်း သူ့ကို ကျောခိုင်း၍ အပေါ်ထပ်သို့ တက်သွားနေပြီ ..။ ဩော် .. တစ်ချိန်က အံရမ်းကို သွေးသားရင်းချာပမာ သူ ဝင်ထွက်ခဲ့ရာနေရာ ..၊ မှုံးလေး နှင့် တူတူ ထမင်းစားဆောင်မှာ ထမင်းစားခဲ့ဖူးသည်။ မှုံးလေး နှင့် စကားလက်ဆုံပြောခဲ့ဖူးသည်။

ငယ်တုန်းကတည်းက တူတူကစားခဲ့ရပါသည့်အိမ်ကြီး..၊ ခုတော့ သူစိမ်းဆန်သော တိတ်ဆိတ်အေးစက်မှုဆိုသည့်အရာကို အန်ကယ် ဖြစ်တည်စေခဲ့ချေပြီတကား ..။ မကြာသေးမီကပင်လျှင် .. သူသည် .. မှုံးလေး ၏ ကဗျာလေးကို ကွန်ပျူတာစီ၍ မှန်ဘောင်သွင်းကာ တမြတ်တနိုး လက်ဆောင်ပေးခဲ့ဖူးရာ ဧည့်ခန်းဆောင်ဆီမှ ရယ်သံလေးတွေ .. ကြည်နူးမှုလေးတွေပင် အငွေ့အသက် အကြွင်းအကျန်အဖြစ် ရှိနေချေဦးမည်။ လူချင်းကတော့ .. ဝေးကွာခြင်းသို့ တိုင်ချေပြီကော .. ဟု သူနှင့် မှုံးလေး ၏ ကံကြမ္မာကို သိနေရချေပြီတကား ..။ သူ .. ဧည့်ခန်းကို ပြန်၍ ကျောပေးလိုက်မိကာ ခြေလှမ်းတွေ လေးလံနေရင်း အိမ်ကြီး အတွင်းမှ သူ ထွက်သည်။ နောက်တစ်ကြိမ် ဧည့်ခန်းသို့ဝင်ရမယ့် အချိန်သည် တစ်ခုပဲရှိ၏။ တစ်ကြိမ်ပဲ ကျန်၏။ သူ၏ မှုံးလေး ကို ပြန်၍ လာပို့ချိန် ..။ ထို့နောက်မှာတော့ .. တစ်ခါလေးသော်မျှပင် ဤအိမ်ကြီးသို့ သူ ဝင်ရန် လမ်းမကျန် ..။ အခွင့်မသာတော့ပြီကောလေ..။ သူ ခြေလှမ်းတိုင်းကို မနည်းအားစိုက်၍ လှမ်းနေရသည်။ ထိခိုက်ခံစားနေရသည့် ရင်သည် နှလုံးအိမ်ကို ဆုပ်ခြေသည်သို့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားသွေးကြောမျှင်တို့ တောက်ခနဲ တောက်ခနဲ ပါအောင် ပြတ်တောက်နေသည်သို့ ခံစားနေရသည်။

"မှူးလေး ရယ် .. ဘယ်တုန်းကမှလည်း .. မှူးလေး ကို ချစ်တယ်လို့ .. ဖွင့်ပြောဖို့ ကိုကို မဆုံးဖြတ်ရက်ခဲ့ပါဘူး အချစ်ဆုံးလေးရယ် .. ရင်ထဲမှာ လျှို့ဝှက်ထားတဲ့ လိုက်ကာကြီးတစ်ခုနဲ့ အဲဒီအချစ်တွေကို နှလုံးအိမ်က ပွင့်ကျမလာအောင် .. မှူးလေး မမြင်ရအောင် .. ကိုကို သိမ်းထားခဲ့ရတာပါ .. အဲဒီ လျှို့ဝှက်ခြင်းလိုက်ကာကြီးကို .. ကိုကို လေ .. တစ်ယောက်တည်းပဲ .. မျက်ရည်စိုနေတဲ့ လက်တွေနဲ့ ဖယ်ရှားလိုက်ပါပြီ .. ဘယ်သူမှ မကြားနိုင်အောင် .. ကိုကို .. တစ်ယောက်တည်း .. ပြောလိုက်ပါရစေ မှူးလေး ရယ် .. မင်းကို .. ကိုကို သိပ်ချစ်တာပဲကွယ် .. သိပ်ချစ်တာပဲကွယ် .."

သြော် .. တရှိုက်သက်သက် လှိုက်ခါနေသည့် ကြေကွဲခံစားနေရပါလေသော နှလုံးသားသည် လျှို့ဝှက်ခြင်းလိုက်ကာကြီးတစ်ခုကို ဖယ်ရှားလိုက်မိရပြီ ..။ မျက်ရည်များ စိုနစ်နေသည့် လက်အစုံဖြင့် ဖယ်ရှားရခြင်းပါ မှူးသခင် ..။ ထိုအခါမှာ ထွက်ပေါ်လာသည့် အသံလေးတစ်ခုသည် .. မင်းကို သိပ်ချစ်တာပဲကွယ် .. ဆိုသည့် အသံလေးပဲ ဖြစ်နေချေသည်ကော မှူးသခင်ရယ်လေ ..။

သူ့မျက်ရည်စက်သည် .. ခြကူးတံခါးကို ဖွင့်နေသည့် သူ့လက်ဖမိုးထက်သို့ ကြွေသက် စက်စက်ကျချေသတည်း ...။





## အခန်း (၁၂)

"မှူး ရယ် .. ဘာလို့ ဟင်းတွေချက်ထားရတာလဲ .. မျိုး အပြန်မှာ ..ျုးဝင်ဝယ်လာမယ် .. မျိုး ချက်ပါ့မယ်ဆိုဟာယ် .. နင်က အိမ်မှာလက် ..ဆေးစားခဲ့တာဟ .. ခုလို .. ချက်ပြုတ်ထားသမျှ မြင်ရတော့ မျိုး ရင်ထဲ ..ကောင်းဘူး မှူး ရယ် .."

"အဲသလိုလည်း မဟုတ်ဘူးလေ မျိုး ရဲ့ .. မှူး က စက်ရုံပိတ်ရက် ..ဆို ဒေါ်ကြီးမွေး နဲ့အတူ မီးဖိုချောင်ထဲ ဝင်တတ်တဲ့သူပါ မျိုး ရ.. တော် ..င်မှူးမှာ နင်လာတုန်းကလည်း တွေ့ဖူးနေတာပဲဥစ္စာ .. ငါ စားချင် ..ဘာ .. ချက်စားတာပဲလေ .. မုန့်လည်း လုပ်စားတာပဲ .. ဒေါ်ကြီးမွေး ..ကို တစ်ပြန်တလဲ ချက်ပြုတ်ကျွေးမွေးတယ်ပေါ့ဟာ .. ဒက်ဒီ့ကိုလည်း.. ..သမီး လက်ရာ စားစေချင်တာကိုးဟ .. ကိုကိုလည်း မှူး ချက်တာဆို ..ာလာစားတာဟ .. မှူး လက်ဆေးစားဖြစ်တာတွေက စက်ရုံနဲ့ အရောင်း ..င်တာမှာ အလုပ်များနေတတ်တဲ့ ရက်တွေမှာပါ .. စနေ တနင်္ဂနွေကျ ..တော့ .. စက်ရုံကပိတ်တယ် .. မပိတ်တာဆိုလို့ ကားအရောင်းစင်ဟာ ..ရှိတာလေ .. ဆန်းဒေးဆိုရင်လည်း လူတွေက အားလပ်ရက်မှာ ကား ..ာကြည့်ကြ .. ဝယ်ကြတာရှိတယ်လေ .. ဒက်ဒီက အဲဒီလိုရက်တော့



www.burmeseclassic.com

www.burmeseclassic.com



အရောင်းစင်တာမှာ နေပေးလိုက်တယ် .. မှူး ကို အိမ်မှာ နားပါ ပြောတယ်လေ .. မိန်းကလေးဆိုတာ စီးပွားရေးတစ်ခုတည်းချည်း ကျ ကျင်နေရုံနဲ့ မလုံလောက်ဘူးတဲ့ .. အချက်အပြုတ်လည်း ရရမှာတဲ့လေ မေမေက မေမေ့ သမီးလေးကို မီးဖိုဆောင်နိုင်တဲ့ သမီးလေး ဖြစ်စေချ တာ ဒက်ဒီ့ကို အမြဲပြောခဲ့ဖူးတာ တဲ့ ..''

ချက်ထားသော ကုလားပဲကြာဇံဟင်းရည်ချက်နှင့် ငါးခြော ခရမ်းချဉ်သီးအိုးကပ်ချက်တွေထဲမှ ဟင်းကို ခူးခပ်ထည့်ရင်း မှူး ပြ ပြောတော့ မျိုး ငေးကြည့်သည်။ မှူး လည်း ပြောနေရင်းမှ တစ်ချ ငိုင်ခနဲ ဖြစ်၏။ ဩော် .. တမ်းတစရာ .. လွမ်းဆွတ်စရာတွေ ပါ ကောလေ ..။ ဒက်ဒီကိုလည်း တမ်းတစိတ်ဖြင့် ပြောမိပြီ။ ကိုကို့ လည်း လွမ်းသည့်စိတ်ဖြင့် ပြောမိပြီ ..။ တော်ဝင်မှူးမှာ မီးဖိုချောင် သည့်ကိစ္စ ပြောနေရင်းမှ ဒက်ဒီ့ကိုလည်း လွမ်းတတပြောမိသည့်အ မှာ ပါခဲ့သည့်နှယ် ..။ ကိုကို့ကိုလည်း လွမ်းတဆွတ်ဆွတ်ပြောမိခဲ့ ကောလေ ..။ ငိုင်နေသည့် မှူး ကို ကြည့်ကာ မျိုး စိတ်ထဲမကောင်း ထိခိုက်သည့်စိတ်သည် မှူး ရင်ထဲမှနေ၍ မျိုး ထံသို့ ကူးစက်သည့်နှ ရှိကုန်ရပြီကောဟု မှူး ရင်ထဲ မကောင်းဘဲ ဖြစ်ရပြန်သည်။

''အခု ဝယ်လာတဲ့ ကြက်ရင်ပုံသားရယ် .. ပုစွန်ရယ် .. အဲဒါ တော့ ပြုတ်ကြော်လေးမျိုး လုပ်ထားမယ် သိလား .. မနက်ဘက်ချက် လေ .. ဒီတိုင်း အသားစိမ်းငါးစိမ်းထားဖို့ဆိုတာက ရေခဲသေတ္တာမှ တာဟယ် .. ပြုတ်ကြော်လုပ်မှ ဖြစ်မယ် ..''

အလုပ်ထဲမှ ပြန်ရောက်တာနှင့် လက်ထဲဆွဲလာသည့် ကြွပ်ကြွ အိတ်လေးချ၍ ချက်ရေးပြုတ်တာဝင်ဖို့ကိစ္စပဲ ဖောကပ်နေသည့် မျိုးမျိုး အဝတ်အစားပင် မလဲရှာ ..။ လာရတာကလည်း ရုံးဆင်းချိန် အလု ဆင်းချိန်ကြီးမို့ ယာဉ်ကြောကလည်း ကျပ် ..။ ပြီးတော့ .. ချွေတာ အဖြစ် အပြန်ခရီးကိုကျတော့ ဘတ်စ်ကားဖြင့် ပြန်တာမို့ ပြန်ရောက်





သည် အတော်ကြီး နောက်ကျသည်။ မျိုး ဆာလည်း ဆာနေပုံ ရပါ၏။ ဒါကြောင့် ထမင်းပူ ဟင်းပူလေး ခူးခပ်ပြီး သူငယ်ချင်းကို ကျွေးမွေးဖို့ မှူး ပြင်ဆင်နေခြင်းပါ ..။

''အဝတ်အစားလဲဟယ် .. ပြုတ်ကြော်က နောက်မှလုပ်လည်း ရပါတယ် မျိုး ရယ် .. ဆာနေတယ် မဟုတ်လား .. ညစာ စားလိုက်ကြရအောင် .. နောက်တော့မှ နား .. အချိန်လေး ခြားတော့မှ .. ရေချိုး သိလား .. လောလောဆယ်ကလည်း ဟိုမှာ အလုပ်ပြန်အုပ်စု ရေချိုးခန်း ဝင်နေကြတာမို့ မျိုး လည်း ရေချိုးလို့မှ မဖြစ်သေးတာ .. လာ .. စားကြရအောင် ..''

မှူး ပြောတော့ မျိုးမျိုး သက်ပြင်းရှိုက်၏။ ညီအစ်ကိုတစ်သိုက် ရေချိုးနေရင်း စကားတွေ ဖောင်ဖောင်ထအောင် ပြောနေသံတွေက ရေချိုးခန်းဆီမှ လွင့်လာနေသည်။ ရေချိုးခန်းငယ်လေးထဲမှာ ညီအစ်ကို လေးယောက်စလုံးများ ဝိုင်းဖွဲ့ရေချိုးနေကြသည်လား မသိဟု မျိုးမျိုး တွေး၏။ ရေအုတ်ကန်ထဲ မျိုးရေတွေ ကိုယ်ထက်ဆီမှ ဘယ်လောက် စင်ကျနေကြမည်မသိဟု တွေးမိရင်းမှ အသန့်ကြိုက် မှူး ကို တစ်ချက် လှမ်း၍ အကဲခတ်သည်ကလည်း မျိုးမျိုး ပါ ..။

''နင် ရေချိုးပြီးပြီလား ..''

''နင်နဲ့ တူတူချိုးမယ်လေ ..''

ဟု ဖြေလာသည်။ နေ့လယ်ဘက် ဘာကြောင့်များ ရေမချိုးပါလိမ့် ဟု တွေးမိရင်းမှ ...

''နေ့လယ် ချိုးရော့ပေါ့ဟယ် ..''

ဟု တိုးတိုးပြောမိသည်။ မှူး ကြည့်ကာ ဖွဖွပြုံး၏။

''ဒေါ်လေးထား က ပြောတယ် .. ရေချိုးတာ တစ်ကြိမ်ပဲ ခွင့်ပြု မယ်တဲ့ .. နှစ်ခါဆိုရင် .. ရေပိုကုန်မယ်တဲ့ဟယ် .. သူ့အိမ်နေ .. သူ့ စည်းကမ်းပေါ့ဟာ .. ခေါင်းလျှော်တဲ့နေ့မျိုးကျတော့မှပဲ နေ့ခင်းဘက်



www.burmeseclassic.com

www.burmeseclassic.com



ချိုးတာပေါ့ .. နင်လည်း ခေါင်းလျှော်ရေချိုး .. ငါလည်း ခေါင်းလျှော်ရေချိုးပေါ့ဟာ .. စနေ တနင်္ဂနွေပေါ့ ..''

ဟု ပြုံး၍ပြောတော့ မျိုး ရင်ထဲ မောကျသွားရပါ၏။ အရမ်းကို တွက်ချေကိုက် တွက်ချက်လွန်းပါသည့် ဒေါ်ထား ကိုလည်း ရင်ထဲမနှစ်မြို့ပဲ ဖြစ်ကုန်ရသည်က မျိုးမျိုး ပါ။

"ပြောရဦးမယ် .. ရေဖိုးလည်း သုံးပုံတစ်ပုံ ခံရမယ်တဲ့ .. ရေက မီတာနဲ့ သုံးရတာတဲ့လေ .. အဲသလို နေ့လယ်ဘက် .. မှူး သူ့ဆိုင်မှာ ဆီလေး .. ငါးခြောက်လေးဝယ်တော့ ပြောလာတယ်ဟ .. ပဲတို့ ကြာဆံတို့ဝယ်တာလည်း ပါတာပေါ့ဟာ .. ကြက်သွန်လေးဘာလေး .. နနွင်းလေးဘာလေး .. မနေ့က နင် ဝယ်လာတာမို့ ငါ အဝယ်လွတ်ပါတယ်ဟယ် ..''

မှူး ပြောနေပုံလေးက ဘာမျှ စိတ်မရှုပ်ထွေးသည့်နယ် ဖြစ်နေပေမယ့် .. ဟန်ဆောင်ထားခြင်းဆိုတာမျိုး သိနေသည်။ ရေချိုးရေသုံးတာကိုပင် အတွက်အချက်ထဲမှာ ထည့်တွက်နေသည့် ဒေါ်ထား ကို စိတ်ထဲ ပို၍ မကြည်မလင် ဖြစ်လာရသည်က မျိုးမျိုး ပဲ ဖြစ်ပါ၏။

"စိတ်မောတယ်ဟာ .. ဒါပဲ ပြောချင်တယ် .. နေရာတကာ .. သိပ်ပြီး တင်တင်စီစီးလုပ်လာရင် ဘယ်ခံချင်မလဲဟ .. မီတာခလည်း ငါတို့က ဒီဘက်ခြမ်းမှာ သူ့ဆိုင်အတွက်ကအစ ခံပေးရမယ် .. ရေသုံးတာကျတော့လည်း သူတို့က တစ်အုပ်တမကြီးရယ် .. ငါတို့က ဘယ်လောက်သုံးမှာလဲဟ .. အဲဒါလည်း သုံးပုံတစ်ပုံ ခံရဦးမယ် .. လခလည်း သုံးသောင်း ပေးရဦးမယ် .. လွန်တယ်ဟာ .. အဟုတ် ..''

မျိုးမျိုး ညည်းကာ အခန်းထဲဝင်၏။ အဝတ်အစားလဲပြီး ပြန်လာကာ ထမင်းစားဖို့ လက်ဆေးသည်။

"ဘာပဲဖြစ်ဖြစ် .. နင် .. ဖုန်းကို စက်ပိတ်ထားတာတော့ မကောင်းဘူးဟ .. အန်ကယ်လည်း ဆက်ချင်ဆက်မှာပေါ့ .. ကိုကိုလည်း ဆက်မှာ





သေချာတာပဲ .. အန်တီမေ တို့လည်း နေမတွေ့လား .. ဆက်ကြမှာပဲ .. သွားအောကုန်ကြတဲ့အခါမှာ .. အန်ကယ်ကအစ .. နင့်ကို စိတ်မပူဘဲ နေမလား .. အန်တီမေ လည်း ပြောမိတုန်းက ပြောမိပေမယ့် .. ခုလို.. နင် ထွက်သွားတာသိတော့ စိတ်ကောင်းမတွေ့လား .. ကိုကိုဆိုတာ နင့်ကို လိုက်ခေါ်မယ်ဆိုတာတွေတောင် ဖြစ်ခဲ့ ဖုန်းဆက်ခဲ့တာပဲလေ .. တစ်ဖက်သား စိတ်အရမ်းသောကဖြစ်တာ မကောင်းပါဘူးဟယ် .. ဖုန်းကိုတော့ စက်ပိတ်မထားပါနဲ့တော့ .. ဖွင့်ထားလိုက်ပါဟယ် .. သူတို့ ပြောချင်တာတွေ ပြောခွင့်ပေးဖို့တော့ နင် အခွင့်အရေး ပေးသင့်တာပေါ့ .. သူတို့က နင့်ထက်အကြီးတွေချည်းပဲဟ .. မိဘဆိုတာလည်း .. ခဏပေါ့ .. စိတ်တိုတုန်း ပြောမိတာရှိရင်တောင်မှ .. နင့်ကို အန်ကယ် ဘယ်လောက်ချစ်တာ .. ငါသိတာပဲ ဥစ္စာ .. ခုလောက်ဆို .. စိတ်ပူနေလောက်ပြီ .. ငါ့ဘက်က .. နင် ဒီမှာရှိတာ လှမ်းသတင်းမပို့တာက .. နင့် ယုံကြည်မှုကို ငါ မချိုးဖောက်ရက်လို့ပဲ သိလား .. နင် ဒီမှာရှိတာ ငါ မပြောပြဘူးလို့ နင် စိတ်ချလက်ချ ယုံကြည်ထားတယ်လေ .. အဲဒီ ယုံကြည်မှုကို ငါ မဖျက်ရက်ဘူး .. ပြီးတော့ .. ငါ ပြောလို့ နင်တို့ပေါင်းစည်းကြတာထက် .. နင်တို့ဘာသာ .. အလိုလို ပြန်ပြီး အရင်လို .. ဖြစ်ကုန်တာကို ပိုလိုချင်တယ်လေ ..''

ဟု ပြောတော့ မှူး ငိုင်နေသည်။ လက်ဆေးဇလုံလေးမှာ လက်ဆေးရင်း ခပ်တွေတွေ ငြိမ်နေ၏။ နောက်တော့ သက်ပြင်းရှိုက်ကာ...

"အေးလေ ..''

ဟု တိုးဖွဖွအသံလေး အားလျော့ပါးလျော့ ပွင့်ကျ၏။ စိတ်အရမ်းညစ်နေမှန်း မျိုး သိနေသည်ပါပဲ။ ဟန်ဆယ်၍ စိတ်ကိုတင်းထားတာလည်း မျိုး ရိပ်မိနေသည်။ ဖယောင်းပုဆိုးတွေဘာတွေ ခင်းကျင်းထား...။ ဧည့်ခန်းမှာ ပလတ်စတစ်စားပွဲလေးထက်မှာ တီဗွီအငယ်စားလေးနှင့် အောက်စက်လေးကအစ ရှိနေတာကိုလည်း အိမ်ထဲဝင်ကတည်းက မျိုး



www.burmeseclassic.com

www.burmeseclassic.com



မြင်ခဲ့ရသည်ပဲ။ မျိုး က ဓာတ်လမ်းခွေတွေ ထိုးကြည့်တတ်သူ ..၊ မျိုး ၏ အခန်းမှာ တီဗွီငယ်လေးနှင့် အောက်စက်လေး ရှိသည်လေ ..။ တစ်ယောက်တည်း အခန်းလေးထဲမှာ ပျင်းခဲ့ရသည်မို့ အခွေလေးကြည့်ကာ ညဘက်အပန်းဖြေတတ်သည့် မျိုး အတွက် မှုန်း ဝယ်လာမှန်း ဒက်ခါ သိခဲ့ရသည်က မျိုးမျိုး ပါ။ သူငယ်ချင်းကို သနားမိခဲ့ရသည်က အိမ်ထဲ ဝင်ဝင်ချင်း ညနေခင်းကတည်းကပါ ..။

ဘုရားစင်မှာလည်း ပန်းဆီမီး ပူဇော်ထားတာ ဖူးမြင်ခဲ့ရသည်တည်း။ မှုန်း အားလုံး အစစလုပ်ကိုင်ထားသမျှ မြင်ခဲ့ရသည့် မျိုး မှာ ရင်ထဲထိခိုက် ရပါ၏။ အရမ်းကို ချမ်းသာသည့် မှုန်းလေး ..၊ ဤအခန်းငယ်လေးမှာ တတ်နိုင်သမျှ သပ်သပ်ရပ်ရပ်လေး ဖြစ်အောင်တော့ စီစဉ်ခဲ့ရှာသည် တကား ...။

“အံမယ် .. ငါးခြောက်က ငါးရံ့ခြောက်ပဲဟ .. ငရုတ်သီးစိမ်းတောင့် လေးတွေတောင် ထည့်ချက်ထားတာဆိုတော့ .. ပဲကြာဇံဟင်းရည်နဲ့ အရမ်းလိုက်မှာ .. ဒါက .. မြေပဲဆန်လှော်ထောင်းထားပြီး ကြက်သွန်နီ အကွင်းလိုက်လှီး .. ငရုတ်သီးစိမ်းပါးပါးလှီး .. ခရမ်းချဉ်သီးအစိမ်း အကွင်းလိုက်လှီးထားတာလေးကို သုပ်ထားတာကိုး .. လိုက်တယ်ဟာ- ကဲ .. စားကြရအောင် .. ဆာတယ်ဟ ..”

မှုန်း ငိုင်နေတာမြင်တော့လည်း မကြည့်ရတာမို့ မျိုးမျိုး ကြိုးစား လိုက်ရသည်က ထမင်းပွဲကို စိတ်အာရုံပြောင်းအောင် ကြိုးစားလိုက်ခြင်း ပါ။ ထိုအခါကျတော့လည်း မှုန်း မျက်နှာလေး အတန်လန်းလာသည်။ ချက်ထားတာတွေကို သွားရည်သံလေးဖြင့် မျိုး ပြောသည်မို့ ဝမ်းသာသွား ပုံလည်းရသည်။

နှစ်ယောက်သား ထမင်းတစ်လုတ်နှစ်လုတ်ပဲ စားရသေးသည်။ နောက်ဖေးဘက်တံခါး ခေါက်သံကြောင့် မျိုး ထရပ်မည်ပြုတော့ မှုန်း လက်ကာသည်။





“ရတယ် .. မှုန်း ဖွင့်လိုက်မယ် .. မျိုး က ခရီးပန်းလာတာ ..”

ဟု ပြောကာ တံခါးဖွင့်တော့ လက်ထဲမှာ ဇလုံတစ်လုံးကိုင်ထား လျက် ရပ်နေသည့် ဒေါ်လေးထား ကို မှုန်း ကြုံလိုက်ရပါ၏။ ဇလုံထဲမှာ က ပဲပင်ပေါက်ကြော်ထားတာ ပါလာသည်။ ဇလုံကလည်း ခပ်ငယ်ငယ် ထဲက ဖြစ်ပါ၏။

“ထမင်းစားနေကြပြီကိုး .. အိမ်က ပဲပင်ပေါက်ကြော် လာပို့တာ လေ .. အံမယ် .. ဟင်းနံ့က တယ်မွှေးသကိုးကွယ့် ..”

ဇလုံငယ်လေးကိုင်ကာ အထဲထိလည်း ဝင်လာ ..၊ ဟင်းခွက်တွေ ကို လိုက်ကြည့်က ပိုင်စိုးပိုင်နင်းဆန်သည်။ စပ်စပ်စုစုနိုင်သည်။ ကြွေ ညှပ်သုတ်ဇလုံငယ်လေးကို စားပွဲပေါ်တင်ရင်းမှ ...

“ဟင်းက စားချင်စရာလေးကွယ့် ..”

ဟု ပြောလာတော့ မှုန်း မနေသာ ..၊

“ဒေါ်လေးထား ထမင်း မစားရသေးရင် .. ဝင်စားပါလား ..”

ဟု ပြောတော့ မျိုး လှမ်းကြည့်သည်။ စိတ်ထဲရှုပ်ထွေးနေသည့် အကြည့် ..၊ တစ်ချက်မျှ မငြင်းပဲ ဝင်ထိုင်လိုက်သည်က ဒေါ်ထား ပါ..။ ကုလားထိုင်နှစ်လုံးပဲ ရှိတာမို့ မှုန်း သာ မိုးတိုးမတ်တပ်ဖြင့် ကျန်ခဲ့ရပါ သည့်အဖြစ် ..။ မှုန်း ထမင်းတစ်ပန်းကန် ခူးခပ်၍ ဒေါ်ထား ရှေ့ချပေး တော့ ပြုံး၍ စတင်စားလိုက်သည်မှ ဟင်းတွေခပ်ခပ်ထည့်ရင်းဖြင့်ပါ။ နောက်တော့မှ ထိုင်စရာခုံမရှိသည့်အဖြစ်ကို သတိထားမိပုံဖြင့် ...

“ခဏ .. ခဏ ..”

ဟု ပြောကာ နောက်ဖေးတံခါးမှ ခပ်သော့သော့ဆင်း၏။ မကြာ လိုက် ဆိုင်ဘက်မှ ပလတ်စတစ်ထိုင်ခုံတစ်လုံး သယ်လာသည်။ လက် ဆေးမထား ..၊ ထမင်းဟင်းပေကျံနေသည့်လက်ဖြင့် သယ်လာခြင်း ..။ ရောက်တော့လည်း ထိုင်ခုံကို ချသည်။ ဝင်ထိုင်သည်။ လက်မဆေးဘာ မဆေးဖြင့် ဆက်စားသည်။ မှုန်း အံ့ဩစိတ်ဖြင့် ငေးခနဲ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤမြင်ကွင်းနှင့် အတွေ့အကြုံမျိုး မှုး မကြုံမှ မကြုံဖူးသည်ပဲလေ..၊ မျိုးမျိုး လည်း စိတ်ပျက်လက်ပျက်နိုင်နေပြီဖြစ်သမျှ မနည်းထိန်းနေရင်း ထမင်းဆက် မစားသေးဘဲ ရှိနေရာမှ ..

"မှုး .. ထိုင်လေ .. စားလေ .."

ဟု လှမ်းပြောသည်။ ထိုအခါမှ မှုး ဝင်ထိုင်ကာ ထမင်းစားရပြန်ပါ၏။

"အံမယ်လေးလေ .. လက်ရာက အချက်ကောင်းပဲကွယ့် .. ဒေါ်လေးက ဒီကမိန်းကလေးတို့အတွက် ပဲပြားနဲ့ ပဲပင်ပေါက်ကြော်ထားတာလေး စားစေချင်လို့ လာပို့တာကွယ့် .. ခုကျတော့လည်း .. ထမင်းစားမြိန်ဖို့ ရောက်လာရသလိုကြီးကို ဖြစ်လို့ .. ဒေါ်လေးက ဆိုင်တစ်ဖက်နဲ့ဆိုတော့ ဟင်းကို ဖွယ်ဖွယ်ရာရာချက်ဖြစ်တဲ့အခါလည်း ရှိ .. တစ်ခါတလေတော့လည်း ဆိုင်အဝယ်ကျနေတာနဲ့ .. ဟင်းကို တစ်အိုးကောင်းချက်ရတာလည်းရှိ .. ဖြစ်သလို .. ချက်လိုက်ရတာလည်း ရှိသကွယ့် .. ဒီဟင်းမျိုးဆိုရင် .. သားကြီးက အလွန်ခံတွင်းလိုက်တာကွယ် .."

ဟင်းတောင်းသည့်စကားဆိုတာ မှုး သိလိုက်သည်ပါပဲ။ ဘာပဲဖြစ်ဖြစ် .. မှုး နေစရာအခက်အခဲကြုံလာချိန်မှာ ဆရာ့အိမ်ကို ငှားနေခွင့်ရလိုက်သည့်အတွက်လည်း မှုး ကျေးဇူးတင်စိတ် ရှိနေရတာမို့..။ ဒေါ်လေးထား ပြန်လျှင်ဖြင့် ဟင်းထည့်ပေးလိုက်မည်ဟု စိတ်ထဲဖြစ်တည်၏။ မျိုးမျိုး ကတော့ မျက်နှာမကောင်း ..၊ မှုး ၏ အကြည့်က ဤနေ့မှာ လိုရမယ်ရဝယ်လာသည့် နှစ်ဆင့်ချိုင့်လေးဆီသို့ ရောက်၏။ ကုလားပဲ ကြာဆံခပ်ဟင်းနှင့် ငါးခြောက်ငရုတ်သီးစိမ်းအိုးကပ်ချက်ကို ထည့်ပေးလိုက်မည်ဟု တွေးရင်း ကြည့်မိခြင်း။ ထိုစဉ်ခိုက် မှုး ရင်ထဲက ထမင်းစားပျက်ရမည့်ကိစ္စက ဖြစ်လာပြန်၏။ ဒေါ်လေးထား ၏ ထမင်းစေ့တချို့ ဟင်းပန်းကန်ထဲ ဒေါ်လေးထား လက်မှ ဖြုတ်ဆို ကျကျန်ခဲ့တာကအစ မြင်ဖြစ်အောင် မြင်ရတာမို့ ထမင်းဆက်မစားဖြစ်တော့ ..။





ထမင်းပန်းကန် တစ်ဝက်ပင် မရောက်လိုက်ရဘဲ စားသောက်တာရပ်သွားရသည်က မှုး ပါ ..။ မျိုးမျိုး လည်း မျက်နှာပျက်နေသည်။ စွန်ဝဲသလို ဟင်းခွက်ထဲ လက်ကြီးတဝဲဝဲဖြင့် ဟိုခွက်သည်ခွက် လက်သွက်နေသည့် ဒေါ်လေးထား ၏ လက်ကိုပဲ တကြည့်ကြည့်ဖြင့် မျိုးမျိုး လည်း ထမင်းစားပျက်နေပြီ။ နောက်ဆုံးတော့ အိမ်ရှင်ပေမို့ တူတူဆက်မစားဘဲ မနေလျှင်လည်း မကောင်းတတ်သည်မို့ မျိုးမျိုး မှာ နောက်ထပ်ဟင်းထပ်မထည့်တော့ဘဲ ပန်းကန်ထဲရှိသည့် ဟင်းလေး တို့တို့တိတိဖြင့် စားနေရှာပါ၏။

"အံမယ်လေးအေရယ် .. မေ့နေလိုက်တာ .. ဒီ ပဲပင်ပေါက်ပဲပြားကြော်လေးလည်း စားကြည့်ပါတော် .. သက်သတ်လွတ်လေ .."

ဟု ထုံးစံအတိုင်း ညာလက်ဖြင့် ဟင်းခွက်ထဲ ပဲပင်ပေါက်ကြော်တွေ မျိုးမျိုး ပန်းကန်ထဲ ခပ်ထည့်ပေးနေတော့ လက်ကို ကြည့်၍ မျိုးမျိုး ဟန်မဆည်နိုင်အောင် မျက်နှာပျက်ရှာ၏။

"လာတုန်းကတော့ မိန်းကလေးတို့အတွက် ဟင်းခွက်လေးလာပို့ပေးရင်း ဆိုပါတော့လေ .. ဒီရောက်တော့လည်း ထမင်းစားကြုံတာနဲ့.. မိန်းကလေးတို့ကလည်း စားစေချင်လို့ ခေါ်တာနဲ့ .. ဆိုတော့ကာ .. နှစ်ဖက် ပိုရင်းနှီးရင်းချာရှိအောင် ထမင်းမြိန်မြိန် တူတူစားဖြစ်လိုက်ကြတာပေါ့ .. စားတော့လည်း ဟင်းက အချက်ကောင်းဆိုတော့ .. ထမင်းလိုက်ပွဲတွေတောင် ယူဖြစ်ကုန်ရော အေရယ် .."

ပြောလိုက်စားလိုက်ဖြင့် ထမင်းဝိုင်းမှာ တစ်ယောက်တည်းဖြင့် စည်နေသည်က ဒေါ်လေးထား ပါ ..၊ သောက်ရေခွက်ကိုင်၍ သောက်..။ ဆားခွက်ထဲက ဆားကို ယူယူတို့ကာ ထမင်းထဲ နယ်ဖတ်၍ စား ..။ လက်ချောင်းငါးချောင်းမှာကလည်း သုများတကာတွေထက် ဟင်းနှစ်နှင့် ထမင်းစေ့တွေပို၍ လူးကပ်နေကြလျက် ဘေးလူ အစားအသောက်ပျက်ချင်လောက်အောင် ရှိနေသည့် ဒေါ်လေးထား ကို ကြည့်ကာ မှုး



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲတစ်ချက်တော့ လေးခနဲဖြစ်၏။ ညနေစာတိုင်းမှာ ခုလို ဟင်းလေးတစ်ခွက်ဖြင့် ရောက်ရောက်လာလျှင် အခက်ဆိုသည့် အတွေးပါတည့်..။

စားသောက်ပြီးတော့ လက်ချောင်းတွေကို ပါးစပ်ထဲထည့်၍ စုပ်သည်။ လက်ချောင်းတစ်ချောင်းကို စုပ်လိုက်ပြီး ပြန်ထွက်လာတိုင်း ထမင်းဟင်း လူးနေတာတွေပြောင်သွားကာ နောက်ထပ်လက်ချောင်းတစ်ချောင်းချင်းကို ပါးစပ်ထဲ ထည့်ထည့်စုပ်၍ လက်သန့်စင်ရေးကို ပါးစပ်တစ်ပေါက်ဖြင့် လုပ်နေသည့် ဒေါ်လေးထား ကိုကြည့်ရင်း ကြည့်ရင်း အသန့်ကြိုက် မှူး မှာ ရင်ထဲ နောက်တောက်တောက်ဖြစ်လာရပါသည့်အဖြစ် ..။ နောက်တော့မှ လက်ဆေးဇလုံထဲ လက်ကိုနှစ်၍ ဆေးကာ လက်သုတ်ပဝါခေါက်လေးကိုယူ၍ ဒေါ်လေးထား လက်သုတ်သည်။ မှူး တို့က လက်ကို ဆပ်ပြာဖြင့် ဆေး ..။ ပြီးတော့မှ လက်သုတ်သည့် အလေ့အကျင့်သ းမား ..။ ခု .. လက်သုတ်ပဝါလည်း ပြန်လျှော်ရမည့်အလုပ်တစ်ခုက ငုံး၍ ကျန်ရစ်ခဲ့ပြန်ပြီကောလေ ..။ စိတ်ထဲမသက်မသာဖြစ်နေရင်း မှူး သက်ပြင်းခိုးရှိုက်မိရသည်ပါပဲ ..။

ချိုင့်ထဲ ဟင်းတွေခပ်ထည့်ထားသည့် မှူး ကို ပြုံး၍ ကြည့်ကာ ဒေါ်လေးထား ပြန်ဖို့ပြင်သည်။ အလိုက်တသိ ချိုင့်လေးကိုလည်း ပေး..၊ ပဲပင်ပေါက်ကြော် ထည့်ထားရာ ဇလုံကြွေရည်သုတ်ငယ်လေးကိုလည်း ဆေးကြောပြီး တစ်ခါတည်း ဒေါ်လေးထား လက်ထဲ ထည့်ပေးလိုက်သည်က မှူး ပါ ..။

ခပ်ကျော့ကျော့ အိမ်ပေါ်မှ ဆင်းသွားပါသည့် ဒေါ်လေးထား ကို နောက်ဘက်မှ ငေးကြည့်ကျန်ခဲ့သည့် မှူး ကို လက်ကုတ်၍ မျိုးမျိုး ကြည့်သည်။ ကမန်းကတမ်း တံခါးရွက်ကို ပိတ်သည်။ ပန်းကန်တွေ ဆေးကြောဖို့ပြင်နေသည့် မှူး ကို ဘေးတွန်းဖယ်လိုက်ကာ မျိုးမျိုး ဆေးကြောပြီး လက်သုတ်ပဝါသန့်သန့်ဖြင့် ဘုတ်ကာ စားပွဲပေါ်မှောက်တင်ထားပါ၏။





"ခက်ပြီ မှူး ရေ .. ဒီအဒေါ်ကြီးတော့ .. ငါတို့ကို ထမင်းစားပျက်အောင် ဒုက္ခကောင်းကောင်းပေးတော့မယ် ထင်တယ် .. စိတ်ညစ်ပါရဲ့တာ .. ယူလာတာက ပဲပင်ပေါက်ပဲပြားကြော်လေး နည်းနည်း .. ပြန်ယူသွားတာက အိမ်က ဟင်းနှစ်ချိုင့် .. သူကလည်း တဝတလန်စားခဲ့သေးတယ် .. မောတယ်ဟာ .. အိမ်အသစ်တစ်နေရာ ရှာမှဖြစ်မယ် .."

ချူသံပါအောင် ညည်းသည်ဆိုတာ ဤသို့ပဲ ဖြစ်ချေမည်ဟု မှူး တွေးဖြစ်၏။ ဧည့်ခန်းရှိ ဖယောင်းပုဆိုးကွက် အသစ်ကြီး ခင်းထားရာ ပေါ်ကမှာ ခြေထောက်ကိုစင်း၍ မျိုး ထိုင်သည်။ ထိုအခိုက် ခြံရှေ့မှာ ဘားမီးရောင် ထိုးဝင်လာတာမို့ မှူး လှမ်းကြည့်တော့ ဆရာ့တက္ကစီ ဖြစ်နေပါ၏။ မျိုး လည်း လှမ်းကြည့်သည်။ မျက်နှာမကောင်း ..။

"ရောက်လာပါပေါ့ရှင် .. ပဲဟင်းရည်ကြာဆံဟင်းနဲ့ .. ငါးခြောက်ဆီးကပ်ချက်ကို သုံးဆောင်မယ့်သူ .."

အပြောသည် ငေါ့တော့တော့နိုင်၏။ မေတ္တာတုံးသံ ပါနေ၏။ ဆရာ့ကို မဟုတ် ..၊ ဒေါ်လေးထား ကို ဖြစ်ပေမယ့် စားရမည့်သူက ဆရာဖြစ်နေသည်မို့ မှူး လက်ကလေး ကာ၍ ...

"မပြောပါနဲ့တော့ မျိုး ရယ် .. ဆရာက အဲဒီဟင်းကို တောင်းလာခဲ့ပါလို့ ဒေါ်လေးထား ကို ပူဆာခဲ့တာမှ မဟုတ်တာပဲ .. ဆရာက ဘာမှ သိရှာတာ မဟုတ်ပါဘူးဟယ် .. ဒေါ်လေးထား လာစားရင်လည်း စားပါစေ မျိုး ရယ် .. လူကြီးတစ်ယောက်ကို ကျွေးရတာ ကံကောင်းပါတယ်.."

မှူး ပြောတော့ မျိုး ခေါင်းခါနေသည်ပါပဲ။ တီဗွီကို မှူး ဖွင့်သည်။ ဆောက်စက်မှာ ခွေလေး ထိုးပေးလိုက်ရပါ၏။ ဒါမှ မျိုး အာရုံပြောင်းမည်လေ ..။ မှူး လည်း မျိုး ၏ ဘေးမှာ ဝင်ထိုင်သည်။ ပန်းကန်ပြားထဲ ထည့်လာပါသည့် နေကြာစေ့လှော်လေးလည်း ရှေ့မှာ မှူး ချထားပြီး ..။ နှစ်ယောက်သား စုံထောက်ဇာတ်လမ်းလေး ငြိမ်ကြည့်နေကြချိန်မှာ ဆရာ မျက်စိမျက်နှာမကောင်းဘဲ အိမ်ရှေ့တံခါးမှာ ရပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာလည်း စတီးလ်နှစ်ဆင့်ချိုင့်လေး ပါလာပါ၏။

"အားနာတယ်ဗျာ .. မမှူး တို့ဆီက မေမေ ဒီဟင်းတွေ ယူလာ… တာ ပြန်လာပို့တာပါ .. ကိုယ် .. အဲသလို ချိုင့်နဲ့ထည့်ပေးလာတာ… တွေ မစားတတ်လို့ပါ .. မနက်ဘက်မှာ မမှူး တို့ ထမင်းကြမ်းကြော်… လေး ဘာလေး စားတဲ့အခါ ဒီဟင်းနဲ့ စားလို့ရတာမို့ .. ပြန်ယူပါဗျာ…

အားနာတကြီးဖြစ်နေရင်း မျက်နှာကလည်း သိသိသာသာပျက်… ပါသည့် ဆရာ့ကိုကြည့်ကာ မှူး ရော မျိုး ရော ခုလိုကျတော့ ရင်ထဲ… မကောင်းနိုင်ကြ ..။

"မဟုတ်တာ ဆရာရယ် .. ဒေါ်လေးထား ခများ ဟင်းလာပို့တ… ပါ .. မှူး တို့ စားရအောင်လို့ လာပို့ရှာတာပါ ဆရာရယ် .. မှူး တို့… လည်း ဟင်းလေး ပြန်ထည့်ပေးချင်လို့ ထည့်ပေးမိတာပါ .. ဆရာ မ… ပဲ ပြန်လာပို့တော့ မှူး တို့ ဘယ်စိတ်ကောင်းပါ့မလဲ .. စားပါ ဆရာ… ရယ် .. ဒီချိုင့်ကို ချက်ချင်း လာပို့ရတယ်လို့ရှင် .. မဟုတ်တာ .."

မှူး ပြောတော့ ဆရာ ခေါင်းခါသည်။ ကြည့်ရတာ ဒေါ်လေးထား… ခုလို .. အရင်အိမ်ငှားကိုလည်း လုပ်ခဲ့သည်လား မသိ။ ဟင်းလေး… ယောင်ယောင်ဖြင့် ရောက်လာလိုက် .. ထမင်းဝင်ဝင်စားလိုက် ..။ အပြ… ဟင်းသယ်သွားလိုက်ဆိုတာမျိုး လုပ်ခဲ့တာ ရိုးနေသည့် ခေါက်ရိုး… အကျင့်များ ဖြစ်နေချေသည်လား မသိ ..။ ဆရာ့မှာ .. မှူး တို့ကို အား… အားနာနေရှာတာ သိသာနေသည်ပါပဲ ..။

ဆရာ .. ဘာမှမပြော ..၊ ချိုင့်ကိုချထားခဲ့ကာ ချက်ချင်းလှည့်ထွက်… သွားတာမို့ ဘယ်သူမှ မတားလိုက်နိုင်ခဲ့။ မျိုး လည်း ခုလိုကျတော့ မျ… နှာထက်မှာ စိတ်မကောင်းရိပ်ထင်၏။

"ခုလိုကျတော့လည်း .. ဆရာ သနားပါတယ် မှူး ရယ် .. သူ့အမေ… အကျင့် သူ သိထားပုံရတယ်ဟ .."

ချိုင့်ကို ငေးကြည့်ငြိမ်နေသည့် မှူး ကို ခပ်တိုးတိုးပြောပြီး မျိုး…





…ကို သွားယူသည်။ ဟင်းအိုးထဲ ပြန်၍ ဟင်းတွေထည့် ..၊ ချိုင့်ကို …ပြီး ဘေးမှာ ပြန်လာထိုင်၏။ နေကြာစေ့လေး တဖြတ်ဖြတ်စားကာ ဇာတ် …ကြည့်နေသည့် မျိုးမျိုး လည်း နှုတ်ဆိတ်နေသည်။ မှူး လည်း …ဘူ စကားမပြောမိ ..။ စိတ်က ဆရာ့ထံရောက်၏။ သူများအိမ်က …ကို တောင်း၍ သူ့ကို ကျွေးသည်ဆိုသည့် ခံစားချက်သည် မှူး တို့ …ယောက်အပေါ် မျက်နှာမထားရဲအောင် အရှက်တရားကို ဆရာ …နေချေပြီလား မသိ ..။

ခက်သည်ကော .. ဟု မှူး ရင်ထဲ ခံစားရသည်။ သားအမိချင်း …ည်း စကားအဆင်မပြေ ပြောဆိုတာတွေများရှိကုန်လျှင် အခက်..၊ …ယ်ရောက်လာသည့် နောက်တစ်ညမှာပင် သားအမိ ဤဟင်းကိစ္စဖြင့် …အားအပြော မချောမမွေ့ဖြစ်ကုန်သည်ဆိုလျှင် မှူး တို့ ပယောဂမကင်း …ည့်နယ် ဖြစ်နေမည်လေ ..။

ထိုစဉ်ခိုက် .. အိမ်ရှေ့ရောက်လာသည်က အငယ်ဆုံး ခင်ထွေးပိုင် …နေသည်။ ဇာတ်လမ်းကြည့်နေတာကို ပျော်ပျော်လေး ကြည့်နေရာမှ …ခနဲ မျိုးမျိုး ဘေးမှာ မပြောမဆို ဝင်ထိုင်၏။ နေကြာစေ့ကိုလည်း …းသည်။ ဇာတ်လမ်းကိုလည်း ကြည့်သည်။

"ထွေးထွေး က သိပ်ကြိုက်တာ သိလား .. ခဏကြည့်ချင်ပေမယ့်.. …မေက ခွင့်မပြုဘူးလေ .. အိမ်မှာ တီဗွီ ဘယ်သူမှ မဖွင့်ရဘူးဆိုပြီး …သပိတ်ထားလိုက်တာမို့ တီဗွီလည်း ဒီတစ်နှစ်လုံးလုံး ပိတ်ထားရ… မမရဲ့ .. ခဏကြည့်မယ် နော် .."

ဟု ပြောလာတော့ မျိုးမျိုး ခေါင်းညိတ်သည်။ ခြေထောက်လေး …၍ထိုင်ကာ နေကြာစေ့လေး ခွာခွာစားလိုက် ..၊ ပါးစပ်ထဲ နေကြာစေ့ …ာက်လိုက် ..။ တံတွေးပေနေသည့် လက်ချောင်းတွေဖြင့် ပန်းကန်ထဲ …၍ နေကြာစေ့ကို ယူလိုက်ဖြင့် ရှိနေတော့ နောက်ထပ် မှူး ယူ… …တော့ ..။



www.burmeseclassic.com

www.burmeseclassic.com



အသန့်ကြိုက် မှုး အကြောင်းသိသည့် မျိုးမျိုး လည်း စိတ် မောဖြင့် နေကြာစေ့ပန်းကန်ကို ခင်ထွေးပိုင် ကောင်မလေးရှေ့သို့ ထားပေးလိုက်ပါသတည်း ...။

သိပ်မကြာလိုက် ...။ ဒေါ်လေးထား ၏ တကြော်ကြော်ခေါ်သံ လာသည်။

"ထွေးထွေး .. ထွေးထွေး .. ဘယ်ရောက်နေလဲ .. စာကျက် လေ .."

ခင်ထွေးပိုင် ကျွတ်ခနဲ စုတ်သပ်ကာ မျက်နှာလေး မသာမယာ အိမ်ပေါ်မှ ပြေးဆင်းသွားချေသတည်း။ အမေ မသိအောင် နော အစောပိုင်းတိုင်းမှာ ဤသူငယ်မလေးလည်း တိတ်တိတ်ကြည့် ရောက် လာတော့မှာ သေချာနေသည်ဟု သိနေရင်း မှုး ကို စိတ်မောပုံလေ ကြည့်လိုက်သည်က မျိုးမျိုး ပါ ...။ နောက်တော့ နေကြာစေ့လေ ကျန်နေသေးရာ ပန်းကန်ကို မျိုးမျိုး ယူသည်။ အမှိုက်ခြင်းထဲ သွန် လိုက်တာကို မှုး မြင်နေရပါ၏။

ဇာတ်လမ်းကို မကြည့်ဖြစ်နိုင်ကြသေး...၊ ဇာတ်လမ်းထဲမှ အရှ နှင့် စကားပြောသံတွေထက် လတ်တလောမှာ အာရုံနစ်ဝင်နေရသည် မွန်းကျပ်သော ခံစားမှုပဲ ဖြစ်နေတာ မှုး သိနေရပါ၏။





## အခန်း (၁၃)

ဒေါ်လေးထား တို့ မိသားစုထက် အစောကြီး နာရီနှိုးစက်ဖြင့် မနက် လေးနာရီခွဲကြီးမှာ နှစ်ယောက်သား ရေမိုးချိုးသည့်ကိစ္စကို ုင်ဆုံးလုပ်ကြရကာ ရေချိုးခန်းလုရမည့်ပြဿနာကို ဖြေရှင်းလိုက်ကြ ည်က မှုး နှင့် မျိုးမျိုး ပါ ...။ အုတ်ကန်ထဲမှ ရေအေးကို ချိုးရတာမို့ တ်တစ်နေ့မနက်တော့ ဤနည်းစံနစ်ကို သုံး၍ မဖြစ်နိုင်တော့ပြီဟု ်လက်ညစ်ညစ်ဖြင့် နှစ်ယောက်သား ဆုံးဖြတ်လိုက်ကြရပါသည့် ြစ် ...။ ရေနွေးခရားအိုး တည်ထားကာ အင်္ကျီထူတွေ ဝတ် ...၊ တက် ်နှင့်၍ အိပ်ရာထဲ ဝင်ကြရ ...။ စောင်ခြုံထဲကွေးကြရဖြင့် ရှိကုန်ရင်း စ်ယောက်သား မျက်နှာချင်းဆိုင်လေး ကွေးနေကြရာမှစတင်၍ မျိုးမျိုး ည်သည်။

"ဟားဟား .. အတွေ့အကြုံပဲ မှုး ရ .. ရယ်ရတယ်ဟေ့ .. ကြည့် .. ငါတို့နှစ်ယောက် ခုလို အုတ်ကန်ထဲက ရေကို မနက် မိုးတောင် င်းရသေးခင်မှာ တဟီးဟီးချမ်းနေရင်း ချိုးလိုက်ကြရတဲ့ အတွေ့ ကြုံကို နောင်များမှာ ပြောစရာ တွင်ကျန်ခဲ့ကြရပြီ သိလား .."

မျိုး ပြောရင်း ရယ်မဆုံးဖြစ်နေချိန်မှာ မှုး လိုက်မရယ်ရက် ...။ ချော မှုး ကြောင့် ဤဒုက္ခတွေကို မဆီမဆိုင် ဝင်ခံလာခံနေရသည် ...။



www.burmeseclassic.com

www.burmeseclassic.com



"နင့်အခန်း နင်ပြန်နေလိုက်ပါလား မျိုး ရယ် .. မှူး တစ်ယော
တည်းပဲ ဒီမှာ နေလိုက်မယ်လေ .. နေရထိုင်ရတာ လုံလုံခြုံခြုံရှိနေ
ပဲဥစ္စာ .. ဒေါ်လေးထား ကလည်း အမေတစ်ယောက်လို ဒေါက်ထော
ကြည့်နေမှာဆိုတော့ အလိုလိုစောင့်ရှောက်ပြီးသားကို ဖြစ်နေတာ
မျိုး ဒုက္ခများပါတယ်ဟယ် .. အခန်းပြန်နေလိုက် နော် .."

မှူး ခပ်တိုးတိုးပြောတော့ မျိုးမျိုး ထထိုင်သည်။ စောင့်ကို ပခုံး
ပြောင်း၍ တဘက်ကြီး ခြုံရုံထားသလိုပြင်၍ ခြုံပစ်လိုက်ပြီးမှ ...

"အလိုတော် .. မထားခဲ့နိုင်ပေါင်ရှင်ရယ် .. မှူး ကို တစ်ယော
တည်း ဒီအခန်းထဲ တစ်နေ့တစ်နေ့ တငုတ်တုတ်နဲ့ အဖော်မဲ့တယ် အ
ခံရက်နိုင်ပါ့မလဲ .. ဒီလိုလုပ်ကြမယ် .. မှူး က နေ့လယ်ရေချိုး ..
ကို မစောင့်နဲ့ .. မျိုး က သင်တန်းမှာ ချိုးမယ် .. ဟိုမှာ ရေချိုးခ
တယ် .. ဒီနည်းသုံးမှ ဖြစ်မယ် မှူး ရေ .. အဲဒါမှ ဘေးကင်းမှာ .. အ
လို မနက်စောစော ရေချိုးခန်းနေရာ အရင်ဦးတဲ့ကိစ္စကဖြင့် အသက်
ဆုံးကတော့ နှာစေးကိန်းမြင်တယ် .. အဆိုးဆုံးကတော့ .. လေဖြတ်
နီးတယ်ဟ .. ဟက် .. ဟက် .. ကဲ .. ခဏ ပြန်လှဲလိုက်ဦးမယ်
အံမယ်.. စည်းစိမ်တော့ အရှိသားနော် .. မနက်စောစော ရေထချိုး
အိပ်ရာထဲ စောင်ခြုံကွေးရင်း အချမ်းတွေကို ဖယ်ထုတ်လိုက်ရတဲ့ အရ
ကလည်း.. အိပ်ရာထဲ စည်းစိမ်တည်သလိုကို ဖြစ်လို့ .."

မျိုးမျိုး ပြောရယ်ပြီး တစ်ချက် လက်ကုတ်သည်။ စောစော
ပင် အသံလေးလွှတ်လွှတ်လပ်လပ် မထွက်တော့တဲ့ ဘေးလူမကြား
ပြောသည့်အချိုး ပြောင်းသွားကာ လေသံလေးဖြင့် ...

"မနေ့ညက ပြုတ်ကြော်ကြော်ထားတဲ့ ကြက်သားကို ဟင်း
ပြီးတဲ့အခါ .. ဟင်းကို ပန်းကန်တစ်လုံးထဲ ခွဲပြီး .. အိပ်ခန်းထဲ အဲဒီ
ခွက်ပို့ထား ဖုံးထားမှ ဖြစ်မယ် မှူး ရေ .. နေ့လယ်ဘက် ဟင်း
တက်လှန်ပြီး ချိုင့်နဲ့ သုတ်သွားရင် အခက်ဟ .. ဒီဘွားတော်ကြီး အ





ချွေတာရေးလမ်း လိုက်တတ်တယ် မှူး ရ .. ပိုက်ဆံမကုန်ဘဲ ဟင်း
ကောင်းစားနည်းဆိုတဲ့ ကျမ်းကျေတဲ့ ဘွားတော်ကြီး .."

မဲ့ကာရွဲ့ကာ အတင်းတုတ်နေသည့် မျိုးမျိုး ကို မှူး ဖက်လိုက်ရ
တာ ရယ်လိုက်မိသည်ပါပဲ။ ခုမှ .. မျိုးမျိုး လည်း ဟင်းခွက်ဥစ္စာခြောက်
သည့်အော မနက်စောစောစီးစီးကြီးမှာ မကောင်းစိတ်မွေးနေရ .. မသထာ
စိတ်မွေးနေရဖြင့် အကျင့်တွေလည်း မှူး နှင့်တူတူ လိုက်နေရင်း အတတ်
ကောင်း တတ်ကုန်ရပြီကောလေ ..။

"ကဲ .. ထကြရအောင် .. မနက်စာအဖို့တွက် စောစောချက်မယ်..
ထုံးစံအတိုင်း ထမင်းကြော်ပေါ့ဟာ .. ကြက်သားလေးနဲ့ ကြော်မယ်
လေ .. ပဲပြုတ်သည်စောင့်လို့ မဖြစ်ဘူးဟ .. ခုဥစ္စာက .. ခင်ထွေးပိုင်
ကလည်း အိမ်ထဲဝင်ကျင့် ရသွားပြီ .. တော်နေ .. မနက်ထမင်းကြော်က
သမီးဝင် တီး .. ညစာထမင်းက အမေ ဝင်တီးနဲ့ .. ဖြစ်နေမှာ .."

မျိုးမျိုး ခမျာ ဒေါ်လေးထား ကို အတော်လေး လန့်နေပုံရသည်ပါ
ပဲ။ နှစ်ယောက်သား ထမင်းကြမ်းကြော်နှင့် ကော်ဖီ သောက်လိုက်ရ
သည်က အစောကြီးဖြစ်နေသည်။ ဟင်းလည်း အစောကြီးချက်၏။ မျိုးမျိုး
ကတော့ ပြောသည့်အတိုင်း တကယ့်ကို လက်တွေ့လုပ်သည်။ ဟင်းကို
ခူးခပ်၍ အိပ်ခန်းထဲ သွားထားကာ အပေါ်က အုပ်ဆောင်းလေးအုပ်ထား
ရှာ၏။

"ခုလိုပဲ မှူး ဝယ်လာတဲ့ဥစ္စာတွေကို ပြုတ်ကြော်လုပ် .. နောက်တစ်
နေ့မနက်ကျတော့မှ ဟင်းချက် .. အဲသလိုပဲ နှစ်ပါးသွားကြရမယ်ထင်
ပါရဲ့ .. ဟင်းက မနက်စာ ညစာအတွက် ရှိနေပြီဆိုတော့ မှူး ညစာချက်
စရာလည်း မလိုတော့ဘူးလေ .. ဘာမှ ထပ်ချက်မနေနဲ့ဦး .. မနေ့ညက
အိမ်မှာ ဒေါ်လေးထား လာတာက .. သူ့ဆီက ဝယ်တဲ့ ငါးရံ့ခြောက်
ချက်ကို .. စားရမယ်ဆိုတာ သိနေလို့ကို လာတာဖြစ်မှာ .."

ကိုယ်ချက်ထားသည့် ထမင်းဟင်း တမင်တကာ လာစားသလိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာ ကြုံလိုက်ရသည့်နောက်မှာ ဒေါ်လေးထား ကို အတော်ကြီး စိတ်ပျက်နေသည့် မျိုးမျိုး ပါ ..။ တစ်ချိန်လုံးနီးပါးမျှ ထိုစိတ်ညစ်ခြင်း ဒုက္ခက မျိုးမျိုး ရင်ထဲက မထွက်နိုင်ပဲ ဖြစ်နေတာကို မြင်နေရရင်း မှူး ရင်ထဲမကောင်း ..၊ မျိုး ကို အားနာရပါ၏။ သနားရပါ၏။ မိန်းမပျိုလေး ပေမို့ သူတစိမ်းတို့နေရာမှာ နေလျှင် မိန်းကလေးဖော်ရှိသင့်သည်ဟု နားလည်စိတ်ဖြင့် မျိုးမျိုး ကို ဤနေရာသို့ အပါခေါ်လာမိခြင်းက ဒုက္ခ ပေးသလိုကြီးဖြစ်နေသည်လေ။ ထုံးစံအတိုင်း မနက်ဘက်မှာ ရေချိုးခန်း လုသံ ..။ အိမ်သာလုသံတွေ ညံနေကြသည်က ဒေါ်လေးထား တို့မိသားစု ပါ။

သနပ်ခါးအဖွေးသား ပါးကွက်ကျားလေးဖြင့် ရှိနေသည့် မှူး နှင့် မျိုးမျိုး တို့အတွက် ဤမနက်မှာတော့ ရေချိုးခန်းနေရာမရဘဲ ရှိနေခဲ့ရ သည့် မနေ့မနက်က စိတ်သောကမျိုး ကင်းနေကာ သူများ ရေချိုးခန်း လုယက်နေကြသံတွေကိုပင် နားအရသာရှိနေသလိုလို ဖြစ်ကုန်ကြရပြန် ကာ တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ပြုံးမိကြပြန်၏။

"အံမယ် .. သူတို့ထက်စောပြီး အားလုံး ငါတို့နှစ်ယောက် လက်ဦး မှု ရလိုက်တာက အရသာကိုဖြစ်လို့ .. ဟင်း .. ဟင်း .. ကြည့်စမ်း .. ရေချိုးခွက်လုနေတဲ့အသံတောင် ပါနေသေး .. ချမ်းလို့ တဟေးဟေးနဲ့ အော်တဲ့အသံလည်း ကြားနေရတယ်ဟ .."

ဟုတ်သည် ..၊ ချမ်းသည့်အချမ်းကို တဟေးဟေးအသံဖြင့် မျှော လွှင့်နေသံကိုလည်း ကြားနေရသည်။ အဆစ်အဖြစ် ဆပ်ပြာခွက်လုနေသံ ပင် ပေါ်နေသေးသည့်အဖြစ်။ ဤအတွေ့အကြုံမျိုး တော်ဝင်မှူးမှာ ရှိနေလျှင် ကြုံဖူးဖွယ် မရှိ။ လူ့ဘဝဆိုတာ .. ခံစားချက်အသစ်တွေကို သိနေမြင်နေတတ်ရာမှ အတွေ့အကြုံဆိုသည့် အရာတစ်ခုဆီမှ ရင့်ကျက် ခြင်းဆိုသည့် အမြတ်တစ်ခုကို ရတတ်သည်ဟု ကိုကို ပြောဖူးသည်။ ကိုကိုတော့ ဟိုတယ်ကြီးတစ်ခုလုံးကို ဝန်ထမ်းအများနှင့် အုပ်ချုပ်နေရ၍





သိနေသည် ဟု ဆိုစေဦး ..၊ မှူး ကရော .. ကားစက်ရုံလို လူအများနှင့် နေရဆက်ဆံရသည်ပဲလေ။ ဘာကြောင့် ကိုကို့လို ထိုသို့သော ရင့်ကျက် သည့်အတွေးအခေါ်မျိုး အရင်တုန်းက မရနိုင်စွမ်းခဲ့ပါသလဲ။ ခုကျတော့ မှ .. ဤနေရာရောက်မှ .. နဖူးတွေ့ဒူးတွေ့ .. အတွေ့အကြုံသစ်ကို ကြုံလိုက်ရတော့မှ .. ကိုကိုပြောသည့် စကား၏လေးနက်မှုကို ပို၍ နားလည် သဘောပေါက်လာရပါသည့်အဖြစ် ..။

"ဟော့ကောင် .. ဘာလဲ .. ကိုကို့ကို သတိရနေတယ်မဟုတ်လား.. မျက်လုံးလေးကို ရီဝေကြေကွဲလို့ .. ဒီမယ် မှူး .. လူဆိုတာ ရိုးသားရ တယ်ကွ .. အထူးသဖြင့် နှလုံးသားကို ပိုရိုးသားတတ်ဖို့ လိုတယ် .. နင် အတွေးတွေ မလွဲနဲ့ .. အဆုံးအဖြတ်လွဲဖို့ဆိုတာက အတွေးလွဲတာက စတာပဲ .. တခြားလူတစ်ယောက်နဲ့ နင် လက်ထပ်ပစ်မယ်လို့ ဆုံးဖြတ် ဖို့ တွေးခဲ့တဲ့အတွေးကိုက အစကတည်းက လွဲနေတာနော် .. တော်သေး တာပေါ့ဟယ် .. လောလောဆယ် နင့်မှာ လက်ထပ်ဖို့အထိ ဆုံးဖြတ်ရက် စရာ လူရယ်လို့ကို မတွေ့ရ မကြုံရသေးလို့ .. ဒီမယ် .. ကြိုပြောထား မယ်နော် .. ဆရာ့ကိုတော့ .. သွားပြီးတော့ စာရင်းမသွင်းမိစေနဲ့ .. ဆရာက လူကောင်းဖြစ်ပေမယ့် .. သူ့အသိုင်းအဝိုင်းထဲ နေလို့ထိုင်လို့ နင် ဖြစ်မှာမဟုတ်ဘူးဆိုတာ ကြိုသတိပေးထားတယ် နော် .. ကိုကိုနဲ့ ဆုံရဖို့ .. နင်ပေးခဲ့တဲ့ ကတိတစ်ခု .. အန်တီမေ့ အပေါ် တည်စေဖို့တစ် ခုတည်းနဲ့တော့ .. ဆရာ့ကို .. သွားပြီး စိတ်မကူးလိုက်မိစေနဲ့ .. နင် မှားလိမ့်မယ် .. ဆရာကလည်း နင့်ကို တစ်နေ့ ချစ်ရေးမဆိုဘူးလို့ မပြောနိုင်ဘူး .. ဆိုနိုင်တယ် ..၊ အဲဒီအခါ .. နင် .. ခေါင်းညိတ်လိုက်တာ မျိုး ငါ အဖြစ်မခံနိုင်ဘူးနော် .. ဒါပဲ .."

ပြောနေရင်း ပြောနေရင်းဖြင့် ဆရာ့ဘက်ကို ခေါင်းတည်၍ မျိုးမျိုး ပြောလာတော့မှ မှူး ဖျတ်ခနဲ ကြည့်မိသည်။ မှူး .. ဆရာ့ဘက်က .. လှမ်းလှမ်းလာလျှင် .. လက်ခံလိုက်လျှင် အန်တီမေ့ ကို ပေးခဲ့သည့်ကတိ



www.burmeseclassic.com

www.burmeseclassic.com



တည်ချေပြီပေါ့ ...။

"မိမှူး .. နင် မဟုတ်တာတွေ မတွေးနဲ့နော် .. ငါ့နယ်နော် .. စိုးရိမ်လို့ ပြောမိပါတယ် .. စကားဦးသမ်းပြီး အကြံဉာဏ်ပေးသလို ဖြစ်ကုန်တော့မယ် ထင်ပါရဲ့ .. နင် .. အဲဒီဆရာ့ကို လုံးဝ ခေါင်းထဲ ထည့်မထားနဲ့ .. အဲသလို အိမ်လေးထဲကို နင့်ကို ငါ အဝင်မခံနိုင်ဘူးဆိုတာ ကြပ်ကြပ် သိထားစမ်းပါ .. ဒီလောက် အတ္တကြီးတဲ့ ဒေါ်လေးထားဆီမှာ နင့်ဘဝ ကို ငါ အမြှုပ်နှံမခံဘူး နော် .."

မှူး ရင်ထဲ ဘာတွေတွေးတောစပြုလာနေပြီဆိုတာ သူငယ်ချင်းမေပဲလေ ...၊ အလန့်တကြား မှူး ၏ မျက်နှာကဲကို ဖမ်းကာ မျိုးမျိုး စိတ်ညစ်လျက် ပြောလာသည်။

"အတ္တ .. ဟုတ်လား မျိုး .. ဒေါ်လေးထား ရဲ့ အတ္တဆိုတာက - မုဆိုးမတစ်ယောက်ရဲ့ ရုန်းကန်ရမှုတွေကြောင့် .. အလိုလို .. တဖြည်းဖြည်းနဲ့ ဖြစ်လာရတဲ့ အတ္တပါဟယ် .. သူ့အတ္တကို .. သူ .. ဟန်ဆောင်ဖုံးဖိထားတာ မရှိဘူး .. ဒါကလည်း သူ့မိသားစုအတွက်ပါ .. သူ့သားကို ဟင်းကောင်းလေးတစ်ခွက် စားစေ့ချင်လို့ ပြောလာတဲ့ အတ္တသေးသေးလေးပါဟာ .. ဒက်ဒီက ချမ်းလည်း ချမ်းသာတယ် .. ဒါပေမယ့် - အတ္တရှိနေတာပဲ .. အဲဒီ အတ္တဟာ ကိုကိုတို့မိသားတစ်စုလုံးအပေါ်မှာ အချိုနဲ့ ဖုံးပြီး နှစ်များစွာ ထားခဲ့တဲ့ အတ္တအကြီးစားကြီးပါ .. ဒက်ဒီ စကားတစ်ခွန်းကြောင့် .. လူလေးယောက်ရဲ့အသည်းတွေ ဖွဲ့ခြွေခံလိုက်ရတယ် .. အန်ကယ်နဲ့ အန်တီမေ .. ကိုကိုနဲ့ ငါ့နှလုံးသားတွေ ဖွဲ့ဖွဲ့ကြေကြေ .. ဖြစ်ခဲ့ရတယ် .. အဲဒါ .. ရတ်ခနဲ တိခနဲ ဖွင့်ချပြီ ခြွေလိုက်တဲ့ အဖြစ် .. နှစ်များစွာကြာအောင် ဒက်ဒီ ဖုံးကွယ်ထားတဲ့ အတ္တကြီးဟာ - အဲဒီအခါမှ ချပြလိုက်တာလေ .. တိခနဲ .. အစိမ်းခွဲခွဲသလို ခံစားရတာဟ .. ပြီးတော့ .. စိတ်ကိုကွဲကြေစေတာ .. ထိခိုက်စေတာ .. အဲဒါ ဝို ဆိုးပါတယ်ဟယ် .. ငါ .. အဲဒီ အတ္တကြေးကို ကြေအောင် ဆပ်ရမှာပဲ -





ငါ .. နှစ်မွန်းနေမှာကို နင် မစိုးရိမ်ပါနဲ့ .. အန်တီမေ့ ကို စိတ်ချမ်းမြေ့စေဖို့ နင် စဉ်စားပေးစမ်းပါဟယ် .."

ဟု ပြောလာတော့ မျိုးမျိုး ပို၍ ထိတ်လန့်လာသည်။ ခေါင်းကို စုံကုတ်၏။

"ဆရာက ချစ်ခွင့်ပန်လာရင် .. နင်က လက်ခံလိုက်တော့မယ်လို့ ဆုံးဖြတ်လိုက်ပြီလား မှူး .. ငါ သတိထပ်ပေးမယ် မိမှူး .. နင် .. သူ့ရဲ့ ကောင်းသုပ်ပြီး အန်တီမေ့ အပေါ် ကတ်တည်စေမယ်လို့ ဓောတင်ဆုံးဖြတ်လိုက်တဲ့အထဲမှာ .. ကိုကို့နှလုံးသားတွေ ပေါက်ကွဲလွင့်စင်အောင် အရှိန်ပြင်းတဲ့ရက်စက်မှုကြီးကို နင် လုပ်လိုက်မိပြီဆိုတာ သိထားဖို့လိုတယ် .. အခု .. ငါကလည်း ထပ်ပြောပြနေပြီဆိုတော့ .. နင် .. အဲဒါကို ထည့်မတွက်လို့ကို မဖြစ်ဘူး .. အပြစ်မဲ့တဲ့ နှလုံးသားတစ်ခုကို နင် ကိုယ်တိုင် ဆုနှက်ကြေမွဲစေတော့မှာလား မှူး .. နင့်နှလုံးသားကို နင် ခွဲလိုက်တယ်ဆိုတာက .. နင် ကာယကံကျူးလွန်ရက်စက်လိုက်တဲ့ ဒဏ်ကို ခံရတာမို့ .. ခံပျော်နေတယ်လို့ နင် ထင်တယ်ပဲ ထား .. ကိုကို့နှလုံးသားကိုတော့ နင် ကြေမွပျက်စီးကုန်အောင် လုပ်တယ်ဆိုတာက.. အရမ်းရက်စက်မှုပဲ မှူး .. နောက်တစ်ခုက .. ငါ သိထားတယ် မှူး .. နင် .. ကိုကိုကလွဲပြီး .. ဘယ်သူ့ကိုမှ ချစ်နိုင်မှာ မဟုတ်ဘူး .. နင်မချစ်တဲ့ လူတစ်ယောက်ကို နင် လက်ထပ်လိုက်ခြင်းဟာ .. အဲဒီလူအပေါ်မှာလည်း .. မရိုးသားတာပဲ .. ကဲ .. ငါ ဘမင်းဘူး ပြင်လိုက်ဦးမယ် .."

မျိုးမျိုး ပြောကာ ထထွက်သွား၏။ မီးဖိုခန်းထဲမှာ ထမင်းဘူး ထည့်နေသည့် မျိုးမျိုး ကို မှူး ဘာမှ ပြန်မပြော ...၊ ငိုင်၍ ငြိမ်ကျန်ခဲ့သည်။ မျိုးမျိုး ဘေးမှာ ပြန်လာထိုင်၏။ ငဲ့၍ မှူး ကိုကြည့်သည်။

"ပြီးတော့ .. မနေ့ကလည်း ငါပြောတယ် .. ဖုန်းကို စက်ပိတ်ထားတာ မကောင်းပါဘူးလို့ .. နင် .. ခုထိ ဖုန်းကို စက်ပိတ်ထားတုန်းပဲ နော် .. ကိုကိုပဲဖြစ်ဖြစ် .. အန်ကယ်ပဲဖြစ်ဖြစ် .. ဆက်ချင်တယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ကြပါစေပေါ့ မှူး ရယ် .. အန်ကယ်က .. ငါ့ကို နင့်သူငယ်ချင်း အဖြစ် တော်ဝင်မှူး မှာ သမီးတစ်ယောက်လိုပဲ တွေ့တဲ့အခါ ပြောဆို ဆက်ဆံပေးမယ် .. တကန်တကကြီးတော့ ငါ့ဟန်းဖုန်းနံပါတ်ကို ဘယ် တောင်းပါ့မလဲဟာ .. ကိုကိုကတော့ ပြောမနေနဲ့ .. နင်ကလွဲပြီး ဘယ် မိန်းကလေးနဲ့မှကို ရင်းနှီးကျွမ်းဝင်နေတတ်တာမှ မဟုတ်တာ .. ငါ့ကို မေးထူးခေါ်ပြောလောက်ပဲ ထားတဲ့သူဆိုတော့ .. ငါ့ဖုန်းနံပါတ် သူ ဘယ်လို မှ တောင်းစရာကို မရှိခဲ့တာလေ .. ဒီတော့ .. အန်ကယ်လည်း ငါ့ကို ဖုန်းဆက်ပြီး နင့်သတင်းမမေးနိုင် .. ကိုကိုကလည်း မမေးနိုင် .. အန်တီမေ တို့လည်း မမေးနိုင်နဲ့ .. အဆက်ပြတ်ကုန်ကြရပြီ .. နင် တစ်ခုလောက် တော့ တွေးထားသင့်တယ် .. အန်ကယ်ဟာ .. နင့်ကို မိတဆိုးလေးဆို ပြီး ချစ်ခဲ့တာမှ .. နောက်အိမ်ထောင်မထူဘဲ နေခဲ့တဲ့အထိ ချစ်တတ်တဲ့ အဖေဆိုတာ နင် သိထားတာပဲ .. သမီးဖောနဲ့ ကြီးမိတဲ့အတ္တဆိုတာ.. ဒီသမီးဖောနဲ့ ပြန်ပြေပျောက်သွားနိုင်တယ်လေ .. နင့်ကို ဖုန်းဆက်ဖို့ ကြိုးစားနိုင်တယ် .. နင့်ကို ပြန်လာဖို့ ခေါ်နိုင်တယ် .. ကိုကိုနဲ့ နင့်ကို သဘောတူပါတယ်လို့ ပြန်ပြောလာနိုင်တယ် .. အဲသလို .. ဖြစ်မလာနိုင် ဘူးလို့ နင် တပ်တပ်အပ်အပ် ပြောရဲသလား .. ဒီတော့ .. နင် .. ဖုန်းကို စက်ပိတ်မထားပါနဲ့တော့ဟာ .. ငါက .. နင့်အပေါ် ကတိတည်ရမှာမို့ လို့သာ .. နင် ဒီမှာရှိနေတာကို .. အန်ကယ့်ကိုရော .. ကိုကိုတို့ကိုရော.. အသိမပေးပဲ ရှိပေးနေရတာပါ .. ဒါပေမယ့် .. တစ်ခုတော့ ကြိုပြောထား မယ် .. နင် .. ကိုကိုကလွဲပြီး တစ်ယောက်ယောက်ကို လက်ခံတယ်တွေ ဘာတွေ ဖြစ်ကုန်ရင်တော့ .. ငါ .. မျက်စိမှိတ် ငြိမ်မနေနိုင်ဘူး သိလား.. ကိုကို့ကို ပြေးခေါ်လာမှာ .. အန်ကယ့်ကို ပြေးခေါ်လာမှာ သိထား .. ငါ အတည်ပြောတာ .. ဒါပဲ .. မယုံမရှိနဲ့ ..''

ဆရာနှင့် မှူး တို့ လက်ထပ်တာတွေဘာတွေအထိ ဖြစ်ကုန်မှာကို မျိုးမျိုး သွေးပျက်အောင် လန့်နေတာ အရမ်းကို သိသာနေသည်ပါပဲ။





သူငယ်ချင်းဖော မွှန်ထူနေရင်း ပြောနေတာ သိနေသည်မို့လည်း မှူး မျိုးမျိုး ကို ဖက်လိုက်ရပါပြီ။

''မုန့်ဆီကြော်က ဘယ်မှာမှန်း မသိသေးဘူး .. ညှော်မယ်ဆိုတာ ဖြစ်နေပြီ မျိုး ရယ် .. ဆရာကလည်း မှူး ကို ချစ်တယ်လို့ မပြောသေး ပါဘူး .. သူ့ခမျာ .. ဟင်းချိုင့်ကိစ္စနဲ့ .. အနေခက်နေရှာတာပါ .. ကဲ.. ကဲ .. မျိုး ပြောသလိုပဲ .. မှူး ဖုန်းကို စက်မပိတ်ထားတော့ဘူး .. ဟုတ် ပြီလား .. ဒါပေမယ့် .. မှူး .. ဖုန်းကို နားထောင်ပဲ နားထောင်မယ် .. ဘာမှ ပြန်မဖြေဘဲ နေချင်နေမှာနော် .. အထူးသဖြင့် .. ကိုကိုက .. မှူး ဘယ်မှာရှိနေလဲဆိုတာ တွင်တွင်မေးမှာ .. ဒက်ဒီလည်း မေးမှာပဲ .. ကိုကိုက .. မှူး ကို တော်ဝင်မှူး ပြန်ပို့ဖို့ မေးတာ .. ဒက်ဒီက .. သူ လက် ထပ်ပေးချင်တဲ့မင်္ဂလာပွဲတစ်ခုကို တော်ဝင်မှူးမှာ ဖြစ်မြောက်ဖို့အတွက် မှူး ကို သတို့သမီးလုပ်နိုင်းဖို့ အခု မှူး ဘယ်မှာနေလဲဆိုတာ မေးမှာ.. လာခေါ်မှာ .. အဲဒါတွေ မှူး သိနေတယ် .. ကိုကို မေးတာကို အမှန် အတိုင်း ဒီမှာရှိနေတာ ဖြေကြည့် .. ချက်ချင်း ကိုကိုလာခေါ်လိမ့်မယ်.. သူ့ဘဝထဲခေါ်ဖို့ မဟုတ်ဘူး .. မှူး ကလည်း ကိုကို့ဘဝထဲ မဝင်ပါဘူးလို့ အန်တီမေ့ကို ကတိပေးထားတာမို့ .. ကိုကို့ဘဝဖော်အဖြစ် ဘယ်တော့ မှ အဖြစ်ခံမှာ မဟုတ်ပါဘူး .. ဒါပေမယ့် .. ဒါပေမယ့် .. ကိုကို လာခေါ် တာဟာ .. မှူး ကို ချစ်တယ်လို့ အရေးတကြီး လာပြောမှာမဟုတ်ဘူးဆို တာ မှူး သိထားတယ် .. ကိုကိုက .. ကိုကိုက .. မှူး ကို ဒက်ဒီ့ဆီခေါ်သွား ဖို့ လာခေါ်မှာ .. အဲဒီတော့ .. ဘာဆက်ဖြစ်မယ် ထင်သလဲ မျိုး.. ဒက်ဒီ က တခြားလူတစ်ယောက်ယောက်နဲ့ မှူး ကို လက်ထပ်ပေးဖို့အတွက်.. ကိုကို ကိုယ်တိုင်က .. လာခေါ်သွားပေးသလိုဖြစ်တာပဲ အဖက်တင်မယ်.. ဒါကြောင့် .. ဘယ်သူ့ဖုန်းပဲဖြစ်ဖြစ် .. မှူး .. မဖြေပဲနေလိုက်တာ အကောင်း ဆုံးပဲ ..''

မှူး ပြောနေရင်း မျက်ရည်ကျလာတော့ မျိုး ငိုင်နေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို စိတ်ညစ်ညစ်ဖြင့် ကုတ်ဖွပစ်ကာ ...

"စိတ်ညစ်တယ်ဟာ .. နင်ပြောသလို ဖြစ်ကုန်ရင်လည်း အခက်.. ဘယ့်နှယ်ပြောရမှန်းတောင် မသိတော့ပါဘူးဟယ် .. ငါကတော့ ..ငါ ဖြစ်ချင်တာတွေ .. အကောင်းဘက်က တွေးပေးပြီး နင့်ကို ဖုန်းစက်မပိတ်ထားဖို့ ပြောမိတာ .."

ဟု ညည်းသည်။ မှူး ဖုန်းလေးကို စက်ပြန်ဖွင့်ထားလိုက်ပါပြီ..၊ မျိုး လည်း အလုပ်မသွားသေးတာမို့ ဖုန်းခေါ်သံလေးများ ဝင်လာမည်လားဟု စိတ်ထဲစောနေကာ တကြည့်ကြည့်ဖြင့် ဖုန်းလေးကိုပဲ လှမ်းလှမ်းကြည့်နေသည်။ စားပွဲထက်မှ ဖုန်းမြည်သံ ပေါ်မလာ ..၊ ဒါပေမယ့် နာရီဝက်ပင်မကြာ ..။ ဖုန်းခေါ်သံ ပေါ်လာတော့ မျိုးမျိုး မျက်နှာ လန်းခနဲ ဖြစ်၏။

"ထူးလိုက် မှူး .. ထူးလိုက် .. တစ်ခုခုတော့ .. စိတ်ချမ်းသာစရာ ဖြစ်လာမယ်လို့ ထင်တယ်ဟ .."

မျှော်လင့်ချက်ဖြင့် မျိုးမျိုး ပြောလာတော့ မှူး ဖုန်းလေးတင်ထားရာ စားပွဲဘက်ကို ကြည့်မိသည်။ မျိုးမျိုး ခပ်မြန်မြန် ဖုန်းလေးယူပေးရှာ၏။ မှူး နှင့်လည်း ကပ်၍ထိုင်သည်။ မှူး အလိုက်တသိဖြင့် စပီကာခလုတ်လေးကို ဖွင့်လိုက်၏။ ဖုန်းနံပါတ်ကို ကြည့်လိုက်ကတည်းက ဒက်ဒီဖုန်းဆိုတာ မှူး လည်း သိနေသည့်လေ ..။

"ဟုတ်ကဲ့ပါ ဒက်ဒီ .. မှူး ပါ .."

ဤသည်ကတော့ ဖုန်းထူးတာသိဖို့ ပြောရခြင်း။ ချက်ချင်း ဒယ်ဒီဘက်မှ စကားသံတွေ ဆက်တိုက်ပွင့်ကျလာသည်။

"ဘယ်ဟိုတယ်အခန်းမှာ စည်းစိမ်တည်ပြီးနေရင်း ဖုန်းကိုင်တာလဲ မှူး .. ယူသွားတဲ့ ပိုက်ဆံဆယ်သိန်း မကုန်မချင်းတော့ အဲသလို နေနိုင်ပေမပေါ့ .. ဒီမှာ မှူး .. ဒက်ဒီ့ချွေးနှီးစာဆိုတာထဲမှာ အဲဒီဆယ်သိန်းဆိုတဲ့ ပိုက်ဆံပါနေတယ်ဆိုတာ မမေ့စမ်းပါနဲ့ .. တော်ဝင်မှူးက





ထွက်သွားလိုက်ရုံနဲ့ ဒက်ဒီအရိပ်နဲ့ ကင်းသွားတယ်လို့များ ထင်နေသလား .. ဒက်ဒီ ပိုက်ဆံကို သုံးနေတာပဲဆိုတာ မမေ့စမ်းပါနဲ့ .. အိမ်ကို ပြန်လာပြီး ငါ ပေးစားတဲ့လူကို လက်ထပ်ဖို့ ခေါင်းညိတ်လိုက်စမ်းပါ.. အေး .. အဲဒါကို လက်မခံဘူးဆိုရင် .. ငါ့ပိုက်ဆံနဲ့တော့ နင် မရပ်တည်နဲ့ .. ငါ သင်ပေးတဲ့ပညာနဲ့ မရပ်တည်နဲ့ .. အဲဒီအခါကျတော့ .. နင် ဘာလုပ်စားနိုင်မလဲ မှူး .. ငါ သင်ပေးလိုက်တဲ့ ပညာနဲ့ နင် အနည်းဆုံးတော့ ကျူရှင်လေးတော့ ပြစားနေလို့ရမယ် မဟုတ်လား .. အဲဒီပညာနဲ့.. နင် .. ဘယ်လိုမှ ငွေမရှာဘဲ နေပြစမ်းပါ .. နင် .. ဘာလုပ်ပြီး ထမင်းတစ်လုတ်စာအတွက် .. ဖြေရှင်းမလဲ .. ခုလို .. ဟိုတယ်တစ်ခုရဲ့ အခန်းတစ်ခန်းမှာ မွေ့ရာကြီးပေါ်မှာ အိပ်လိုက် .. အချိန်တန် အခန်းထဲအရောက် အစားအစာ မှာစားလိုက် .. တီဗွီကြည့်လိုက် .. ရေနွေးနဲ့ ဖိမ်ခံရေချိုးလိုက်နဲ့ စည်းစိမ်တည်နေလို့ ရနိုင်တော့မလား .. ညည်း .. ငါ့ပိုက်ဆံနဲ့ ဟိုတယ်မှာ ဆက်နေရဲတယ်ဆိုရင်တော့ .. ညည်းလေးမှာရှိအပ်တဲ့ မာန မကျန်လို့ပဲပေါ့ .. ဒီတော့ .. အခု ဖုန်းနားထောင်ပြီးတာနဲ့ ဟိုတယ်ခန်းကို ပြန်အပ် .. အဲဒီကထွက် .. နေစရာတစ်ခုကို .. ငါ့အရိပ်ကင်းကင်းနဲ့.. ရှာကြည့်စမ်းပါ .. စားစရာတစ်လုတ်ကို စားကြည့်စမ်းပါ .. ငါ သင်ပေးတဲ့ပညာကို မသုံးဘဲ ညည်းလုပ်နိုင်တာက တစ်ခုပဲရှိတယ် .. သူများထမင်းဆိုင်မှာ ပန်းကန်ဆေး .. သူများအိမ်မှာ အဝတ်လျှော် .. ဒါပဲရှိမယ် .. ဒီတော့ .. ပြန်လာခဲ့တော့ .. ငါ စီမံရာ နာခံ .. ဒါပဲကျန်တယ် မှူး .. ညည်းလေးကို ငါသဘောတူတဲ့ သူငယ်ရဲ့ မိသားစုကို ခုထိလက်ခံတဲ့အဖြေ မပေးရဲသေးတာက .. ညည်း ပျောက်နေလို့ပဲကွ .. ဟိုကမေးရင် ငါ အဖြေခက်မယ်လေ .. ဒီတော့ .. ပြန်လာခဲ့ .. ဟိုကိုလည်း ငါ အဖြေပေးမယ် .. ညည်းကိုလည်း လက်ထပ်ပေးမယ် .. ဒါပဲ .."

ဟု ပြောကာ ဒက်ဒီဘက်က ဖုန်းချသွားတော့ မှူး မျက်ရည်ဝဲ၍ ငြိမ်နေသည်။ မထင်တာတွေ ကြားလိုက်ရသည့် မျိုးမျိုး လည်း မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပျက်ခြင်းမက ပျက်ကျသွားကာ ကတုန်ကယင်ဖြစ်စ ပြုလာနေသည့် မှူး ကို မရိုတင်ကဲကြီး ဆွဲပွေ့လိုက်ပါသတည်း ..။ မှူး .. မျိုးမျိုး၏ ရင်ခွင်မှာ မျက်နှာလေးအပ်ထားသည်။ မျက်ရည်တွေ မတန့်မနားကျနေသည်။

"မှားပြီ မှူး ရယ် .. အန်ကယ် ဒီလောက်ထိပြောမယ်လို့ကို မထင်တာ .. ခုတော့ .. ခက်ကုန်ပါရောလားဟယ် .. မျိုး ကြောင့် ဖြစ်ကုန်ရသလိုကြီး ဖြစ်နေပြီ .."

ဟု ညည်းခိုက် နောက်ထပ်ဖုန်းမြည်လာပါ၏။ မျိုးမျိုး ဖုန်းကိုကြည့်သည်။

"အန်ကယ့်ဖုန်း မဟုတ်ဘူးဟ .. ဒါက .. နောက်ထပ်နံပါတ်တစ်ခု ဖြစ်နေတယ် .. ကိုကို့ဆီက ဖြစ်မှာ .. မထူးတော့ပါဘူးဟယ် .. နားထောင်လိုက် နော် .. သူက ချစ်တယ်ပြောရင် .. ယူကြဟာ .. ပြီးရော .. ဒီနေ့ တရားရုံးမှာ သွားလက်ထပ် .. ငါ သက်သေလိုက်ပေးမယ် .. အဟုတ်ပြောတာ .. အခု ထူးလိုက် .. အခု ထူးလိုက် .. ကိုကိုခမျာ .. နင့်ကို ခုလို .. မမြင်ဘဲနေနေရ .. ခွဲနေရတော့ .. သူ့ရင်ထဲကအချစ်ကို .. မျိုသိပ်ထားနိုင်တော့မှာ မဟုတ်ပါဘူး .. နင့်ကို ချစ်တယ်လို့ ပြောကိုပြောမှာဟ .."

မျိုးမျိုး ပြောကာ ဖုန်းခေါ်နံပါတ်လည်း ပြ .. ခလုတ်လေးနှိပ်၍ မှူး ရှေ့ ပါးစပ်နားကပ်ပေးသည်။ စပီကာခလုတ်လေးကိုလည်း နှိပ်ခဲ့ပြီးပြီ။ အခန်းတံခါးတွေ ပိတ်ထားတာမို့ ဖုန်းပြောရတာ လွတ်လပ်နေသည်လေ ..။ ဘယ်သူ့ဘယ်သူမှ ခေါ်လေးထား အိမ်ကလူ ဝင်လာစရာမရှိ ..။

မှူး အသံတုန်လေးပြင့် ...

"ဟုတ်ကဲ့ပါ ကိုကို .."

ဟု အသံတိမ်လေးဖြင့် ထူးလိုက်ရှာပါပြီ ..။ မှူး ကို မျိုးမျိုး ဖက်





ထားသည်။ ကိုယ်လေးကုန်နေတာ မျိုးမျိုး သိနေရပါသည့်အဖြစ် ..။ ဖေဖြစ်သူ၏စကားတွေကြောင့် အရမ်းစိတ်ထိခိုက်နေရင်း ကိုယ်လေးတုန်ယင်နေသည်အထိ ဖြစ်နေသမျှ .. ဘေးမှ ထိန်းပေးနေရသည်က မျိုးမျိုး ပါ ..။

"မှူးလေး ရယ် .. ကိုကို တစ်ချိန်လုံး ဖုန်းခေါ်နေတာ .. ခုမှ .. ဖုန်းကိုင်ရသလား မှူး ရယ် .. ဟာင် .. တစ်ချိန်လုံး စက်ပိတ်ထားတယ် ... ည်း ဖြေတာ ကြားကြားနေရတာ .. နေဦး .. ခုလည်း ကိုကိုပြောတာ ... းအောင် နားထောင်မှဖြစ်မယ် .. သေချာနားထောင်ပါ မှူး ရယ် .. ... းလည်း မပိတ်လိုက်ပါနဲ့ .. ကိုကို့ကို ပြောစမ်း .. မှူး ဘယ်မှာရှိနေလဲ .. ... နေလဲ .. ကိုကို လာခေါ်မယ် .. မှူး ကို မမြင်ဘဲ နေနေရတာကိုက .. ... င်ထဲပူနေတာ မှူး ရယ် .. အနေအစား ဆင်းရဲနေရှာမယ်လို့ စိတ်ပူ ... ယ် .. ဒုက္ခဖြစ်နေမှာ ကိုကို စိတ်ပူတယ် .. ပိုက်ဆံမှ ပါသွားရဲ့လားလို့ ... ကို စိတ်ပူတယ် .. ထမင်းမှ စားရဲ့လား .. တစ်ယောက်တည်း ရှိနေ ... င်း ငိုနေရှာသလား .. အဲသလို တွေးနေရင်း .. ကိုကို ဆောက်တည်ရာ ... ာက်နေတယ် မှူးလေး .. ကြာရင် .. ကိုကို သေလိမ့်မယ် .. ရူးလိမ့် ... ယ် မှူး ရယ် .."

ကိုကို့အသံတွေ တုန်ခါနေ၏။ အဘယ်မျှထိ မှူး အတွက် စိတ်ပူနေသည်ဆိုတာ သိသာနေသည်။

"ကိုကို အိပ်လို့ကို မရတာ .. လသာဆောင်မှာ ထွက်ရပ်ရင်း မှူး ... အိမ်ဘက်ကို ကြည့်မိနေတယ် မှူး .. အခန်းမီးတွေ ပိတ်မှောင်နေတဲ့ ... ရဲ့ အခန်းကို .. ကိုကို တစ်ယောက်တည်း ညလုံးပေါက် ငေးနေရင်း .. ... က်ရည်ကျတယ်ဆိုတာ ယုံပေးပါ ကလေးရယ် .. ဘာလို့ .. ခုလို ထွက် ... ရက်ရတာလဲ မှူး .. ဟာင် .. ကိုကို .. စိတ်မပူဘဲ မနေနိုင်ဘူးဆိုတာ ... သိရက်နဲ့ကွာ .. ဟာင် .."

ကိုကို ဆက်တိုက်ပြောနေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



မှူး မျက်ရည်ကျနေသည်ပါပဲ။ ဩော် .. ကိုကိုသည် .. သရဖီဦးမှ နေ၍ မှူး အခန်းလေးရှိရာကို တစ်ညလုံး ကြည့်နေသည်ဝဲ့လား။ ကိုကို.. တကယ်ပြောသည်ဆိုတာ မှူး ယုံကြည်သည်။ အဘယ်မျှထိ မှူး အပေါ် ကိုကို သံယောဇဉ်ကြီးသည်ဆိုတာ မှူး အသိဆုံးပဲလေ..။

ကိုကို ပြောနေသမျှ ဘေးမှ လိုက်၍ စိတ်လှုပ်ရှားစွာ နားထောင်နေသည့် မျိုးမျိုး လည်း မျက်ဝန်းလေးတွေ လက်တောက်လာသည်။ ကိုကို .. မှူး ကို ချစ်တာဖွင့်ပြောတော့မည်ဟု မျှော်လင့်နေရင်းမှ လက်မ ထောင်ပြသည်က မှူး ကိုပါ ..။

"မှူး .. ဘာလို့ငြိမ်နေတာလဲ .. ကိုကို့ကို ဝာစ်ခုခုတော့ ပြောလေ.. မှူးလေး ငိုနေတယ် မဟုတ်လား .. ကိုကို သိနေတယ် .. ကိုကို့နှလုံးသား က သိနေတယ် .. မှူးလေး ငိုနေတယ်လို့ .. အဲဒါကိုက .. ရင်ထဲမခံနိုင် တာ သိရဲ့လား .. ပြောစမ်း မှူး .. မှူး အခု ဘယ်မှာလဲ .. ကိုကို လာ ခေါ်မယ် .. ကိုကို လာခေါ်မယ် .."

"လာခေါ်မယ် .. ဟုတ်လား ကိုကို .. ဘာအတွက်လဲ ဟင် .."

မှူး အသံတုန်လေးဖြင့် မေးလိုက်မိသည်။

"မှူး ကို ချစ်လို့ပေါ့ .. မှူး ကို မခွဲနိုင်လို့ပေါ့ .. မှူး ကို လက်ထပ် ဖို့ပေါ့ .."

ဟု ဆက်တိုက် ကိုကိုများ ပြန်ဖြေလိုက်ချေမည်လားဆိုသည့် မျှော် လင့်ချက်မျှင်မျှင်သည် ရင်မှာ ဖြစ်တည်စပြုလာ၏။

"မေမေကလည်း .. မှူး နဲ့ ကိုကို့ကို သဘောတူတယ်တဲ့ .. အခု နားထောင်မလား .. မေမေက .. မှူးလေး ကို အရမ်းချစ်တာ .. အခု မှူး မရှိတော့ .. စိတ်ပူနေတာ .. မျက်ရည်ကျနေတာ .. မှူး .. မေမေနဲ့ စကားပြောကြည့် .. ပြောကြည့် .."

ဟုများ ကိုကို ပြောလာချေမည်လား ...။

"မှူးလေး ရေ .. သမီးလေး .. အန်တီမေ .. ဟိုနေ့ကပြောမိတဲ့





ကားအတွက် ရင်ထဲကမကောင်းနိုင်ဘဲ ဖြစ်နေတာပါကွယ် .. သမီး လေးကို .. စိတ်သောကတွေ .. အနေအထိုင် ဆင်းရဲခြင်းတွေနဲ့ မဖြစ်စေ ချင်ပါဘူး .. သားရဲ့ အချစ် .. သမီးရဲ့ အချစ်ကို .. အန်တီမေ သိလို့ မှူးလေး ရဲ့ ဒက်ဒီဆီမှာ စကားကမ်းခဲ့တာပေါ့ မှူးလေး ရယ် .. အခု.. မှူးလေး ရဲ့ ကိုကိုနဲ့ လိုက်ခဲ့နော် .. ဘယ်လိုပဲ အစ်ကိုကြီးမြတ် သဘော မတူတူ .. မှူးလေး ကို .. အန်တီမေ တို့က .. သားလေးနဲ့ လက်ထပ် ပေးမယ် .. အခု .. တရားရုံးမှာ လက်ထပ်ကြ .."

ဟု ပြောသံကိုများ ကြားရချေမည်လား ..။ မှူး ရင်ထဲမှာ တုန်ခါ နေသည်။ မျိုးမျိုး အရမ်းကို ဖျောင့်ဖျပြောနေခဲ့သည့် စကားတွေကြောင့်.. မျိုး လည်း .. မှူး လည်း .. ထိုအဖြစ်လေးကို မျှော်လင့်သည့်စိတ်လေး ဝံ့မရဲ မျှော်ကိုးလာမိရသည်ကောလေ။ ဤသည်ကလည်း ကိုကို့ကို မှူး အရမ်းချစ်လွန်း၍ပါ ..။ ကိုကို့ လက်တွဲဖော်ဆိုသည့် ဘဝတစ်ခုကို ရနိုင်မည်လားဟု မှူး အရဲကိုး၍ .. မဝံ့တဝံ့ .. မျှော်ကိုးချင်စိတ်လေး.. ရင်ထဲဖြစ်တည်လာ၍ပါ ..။

"ဘာအတွက် လာခေါ်မှာလဲ ဟုတ်လား မှူး .. ဟင် .. တော်ဝင်မှူး ကို ပြန်ပို့ပေးဖို့ပေါ့ မှူး ရယ် .. မှူး ကို အိမ်ပြန်ပို့ပေးဖို့ပေါ့ .."

အသံတွေ တုန်ခါနေရင်း ဖြေလိုက်ပါသည့် ကိုကို့အသံ ..။ မှူး.. ကြင်ကွဲရပါပြီတည်း ..။ မျက်ရည်တွေ သွန်ပုံပြိုကျလာသည်။ တား၍ကို မရ ..။ မဝံ့မရဲ မျှော်မိသည့် စိတ်လေးတွေ အရှက်တကွဲ ရင်ထဲဖြစ်ကျန် ခဲ့ပြီကောလေ ..။

မိန်းမသားတစ်ယောက်၏ အရဲကိုးတောင့်တမိရပါသည် မျှော် လင့်ချက်တွေ ပြိုလဲကုန်ကြရပါသည့်အချိန် ..။ ဤအချိန်မှာ မှူး သေ သွားလိုက်သည့် မိန်းမသားပဲ ဖြစ်လိုက်ချင်ပါပြီ။ မှူး အရမ်းကိုချစ် သည့် ကိုကိုက .. မှူး ကို .. တစ်ပါးသူနှင့် လက်ထပ်ဖို့ ဒက်ဒီထံ အပ် မည်သည်တဲ့လား ..။ အပ်တော့မည်တဲ့လား ..။



www.burmeseclassic.com

www.burmeseclassic.com



"အဲသလို ပြန်ပို့ဖို့အတွက် .. ကိုကို တစ်ညလုံး မအိပ်နိုင်ဘဲ မှူး ရဲ့ အခန်းလေးကို .. မျက်ရည်ကျရင်း ကြည့်နေသလား ကိုကို ရယ် ဟင် .."

ဟု ဖျော့တော့တော့မေးသံသည် အရာရာ မျှော်လင့်ချက်တွေ ချောက်ခန်းကုန်သည့် မှူး အဖြစ် ခံစားရင်းဖြင့်ပါ ...။ ဖြူဥနုဖန့်နေသည့် မှူး၏ မျက်နှာလေးမှာ သွေးရောင်ဖျော့ကျလာနေသည်။ အားအင်ကုန်ခန်းသည့်နှယ် မှူး ဖြစ်နေရပြီ ...။ နှလုံးသားသည် ခံနိုင်ရည်မရှိ ...၊ ဒက်ဒီ့စကားသံတွေ ...၊ ကိုကို့စကားသံတွေသည် .. မှူး ၏ မျှော်လင့်ချက်လေးတစ်မျှင်တစ်စကို ရိုက်ချိုးလိုက်ကုန်ကြပြီ ...။ မှူး အနိုင်နိုင် .. တယ်လီဖုန်းလေးကို ပိတ်လိုက်သည်မှ စက်ကိုပါ ပိတ်လိုက်ခြင်းဖြင့်ပါ ...။

မှူး .. မျိုးမျိုး ၏ ရင်ခွင်ထဲ ခေါင်းလေးတိုးဝင်လိုက်မိသည်။ ကူကယ်ရာ ပျောက်နေသည့်နှယ် မှူး ခံစားနေရသည်။ မျှော်လင့်ချက်တိုင်းမျက်စိရှေ့မှာ မျက်ဝါးထင်ထင် ရိုက်ချိုးခံလိုက်ရ ...၊ အကျိုးအပဲ့ အပုံကြီးတစ်ခုကို မြင်နေရသည့်နှယ် ဖြစ်နေသည်။ ဟုတ်သည် ...၊ မျှော်လင့်ချက် အိပ်မက်မျှင်ထဲမှ အိမ်လေးတစ်အိမ်သည် .. ပျဉ်တိုပျဉ်စ အကျိုးအပဲ့တွေ ဖြစ်နေသည်။ အုတ်ကျိုးအုတ်ပဲ့ပုံတွေ ဖြစ်ကုန်ပြီ။

နှလုံးအိမ်လေးထဲမှ အိမ်လေးပေမို့ .. နှလုံးသားကို ထိုးဖောက်ပြီး ထွက်လာခြင်း ...၊ နှလုံးအိမ်သည်လည်း ကျိုးကျေပဲ့ခါ၍ ကျန်ခဲ့ရခြင်း...

မှူး .. လည်ချောင်းတွေ ကွဲကုန်ပြီလားဟု ထင်ရလောက်အောင် အရှိုက်ကို မနည်းထိန်းနေရပါ၏။ အရှိုက်သည် လည်ချောင်းကို တံတိုင်းနှယ် ခံထားရင်းမှ ပွင့်ပွင့်ထွက်လာနေရခြင်း ...။





## အခန်း (၁၄)

"နံလိုက်ချာလိုက်ပုံများ ချမ်း ရယ် .. ဟင် .. ဒီလောက်ထိ အလိုက်တမ်းတရားမသိဘဲ ရှိရသတဲ့လား .. မှူးလေး က သူနေတဲ့နေရာ သိရင် ဘာလုပ်မှာလဲလို့ မေးတဲ့ဥစ္စာ .. လာခေါ်မယ်ဆိုတဲ့ အဖြေထိတော့ မှန်နေပါရဲ့ .. ခက်ပုံများနှယ် နော် .. ခေါ်ပြီးရင် သူ့ဒက်ဒီဆီ ပြန်ပို့ပေးမယ်ဆိုတော့ .. ခမျာ .. မိန်းကလေးပဲ ချမ်း ရယ် .. မှူးလေး က .. ချမ်းလေး နှုတ်က ချစ်မြတ်နိုးနေသမျှ စကားတွေကို မျှော်လင့်နေတယ်လို့ မေမေ သဘောပေါက်နေတယ် .. ဘာလို့လဲ သိလား .. အဲသလို ဆော်ဝင်မှူးကို ပြန်ပို့ပေးဖို့ .. ပြန်ခေါ်သွားဖို့အတွက် ကိုကိုက မှူးလေးကို ဖုန်းဆက်သလားဆိုတဲ့ စကားမျိုး .. မှူးလေး ပြောပါ့မလား .."

မေမေ ဆူနေတော့ သူ ငြိမ်နေ၍ မရနိုင်ပြန် ...၊ ရင်ထဲမှာ ယောက်ယက်ခတ်နေသည်။ ဆောက်တည်ရာမဲ့နေသူတစ်ယောက်၏ ခက်ခဲလွန်းသော ကြိုးစားမှုတစ်ခုကို လောလောဆယ်မှာ မနိုင်ရင်ကန် ရုန်းကန်နေသူ ဖြစ်နေသည်။ တကယ်က .. သူ မေမေ့ကို ဖွင့်မပြောရက်၍သာ ပြောမပြခဲ့မိခြင်း ...။ တကယ်က .. မှူးလေး ပြောခဲ့သည်က ..

"အဲသလိုပြန်ပို့ဖို့အတွက် .. ကိုကို တစ်ညလုံး မအိပ်နိုင်ဘဲ မှူးရဲ့ အခန်းလေးကို .. မျက်ရည်ကျရင်း ကြည့်နေသလား ကိုကိုရယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆို့ဆို့နှင့်နှင့် မေးခဲ့ရှာပါသည့် ရင်ကျေနေသည့် မှုုးလေး ၏ အသံကို သူ့ရင်ထဲက နှင့်နှင့်သိမ်းထားခဲ့ရပါသည့်အဖြစ်..၊ ထိုသို့ မှုုးလေး ပြောသည့်အတိုင်းသာ အားလုံးဖွင့်ပြောပြလိုက်လျှင်ဖြင့် မေမေ ရင် မနာ ပို၍ပင် ဖြစ်ရဦးတော့မည်။

"ချမ်း ရယ် .. မှုုးလေး သနားစရာ အရမ်းကောင်းနေပြီ သိရဲ့လား အဖေလုပ်သူကလည်း မှုုးလေး ကို လက်ထပ်ပေးချင်နေတယ် .. မှုုးလေး ကလည်း အဲသလို လက်ထပ်ပေးမှာကို လက်မခံနိုင်ဘူး .. အိမ်က ထွက် သွားတယ် .. အဲဒါ ဘယ်သူ့ကြောင့်လည်း သိလား .. ချမ်း ကြောင့် ချမ်းလေး ကလွဲပြီး သူ လက်မထပ်နိုင်တဲ့အတွက်ကြောင့် .. အဲသ မှုုးလေး ရင်ကျေနေချိန်မှာ မေမေကလည်း အလိုက်ကမ်းတရား မသိ သားဖောနဲ့ အဲဒီအချိန်တုန်းက ပစ်ပစ်ရက်ရက် ပြောမိခဲ့တယ် .. သား ဘ၀ထဲက ထွက်သွားပါလို့ .. မေမေ့ချွေးမဟာ မှုုးလေး ဘယ်တော့ မဖြစ်နိုင်ဘူးလို့ .. ဘာတို့ .. အဲသလောက်ကြီး ဝိုင်းပြီး နှိပ်စက်ခဲ့ကြ ကုန်ပြီ .. အဲဒီကြားထဲမှာ .. သားက .. သားရင်ထဲက အချစ်ကို ဖွင့်မ ဘဲ .. အဲဒီ တော်ဝင်မှုုးအိမ်ကြီးကို ပြန်ပို့ပေးမယ်လို့ မှုုးလေး ကို ထွက်သမျှ ခများလေး ရင်ကျိုးရင်း ကြားနေရရှာမှာ .. သားက .. မှုုး လေး ကို .. တခြားလူတစ်ယောက်နဲ့ လက်ထပ်ဖို့အတွက် .. သူ့အ လက်ထဲ ဝကွက်အပ်ဖို့ ဆုံးဖြတ်ထားတယ်လို့ အမိပွားယ်က ရှင်းခဲ့ နေတယ်လေ .. တစ်ချိန်လုံး ဖုန်းကို စက်ပိတ်ထားတဲ့ဥစ္စာ .. တစ်ခါ ဖုန်းချင်းဆက်လို့ ပြောလို့ရတဲ့ အခွင့်အရေးကြီး ရလိုက်ပါတယ် အဲဒါ .. မေမေ့ဆီကိုလည်း ဖုန်းလေး ယူလာပြီး မှုုးလေး ကို တောင်းပန်ချင်တာတွေလည်း ပြောဖို့ ချမ်းလေး သတိမရဘူး .. ပြော ဟာတွေချည်း စွတ်ပြောခဲ့သမျှ .. ပန်းခြံထဲမှာရှိနေတဲ့ ဘဘဆော ကြားလို့ မေမေ့ကို ပြေးလာပြောပြတာ .. မီးဖိုထဲက မေမေ ပြေးထွက် ပါရဲ့ .. မှုုးလေး က ဖုန်းပါ စက်ပိတ်လိုက်ချိန် ဖြစ်နေပြီ .."





တာကယ်က တစ်ချိန်လုံး သူ ဖုန်းဆက်နေမိခြင်း ..၊ ပန်းခြံထဲ ခုံ ဘန်းမှာထိုင်နေရင်းဖြင့်လည်း ဤမနက်မှာ သူ ဖုန်းဆက်နေမိသည်။ ပထမတော့ ဖုန်းက မအားသေးပါဆိုသည့်အဖြေပဲ ကြားနေရပါ၏။ ဒါဆို .. ဖုန်းကိုတော့ဖြင့် စက်ပိတ်မထားတော့ပြီကော .. ဟု တစ်ချက် မျှော်လင့်ချက်လေး ဖြစ်ခဲ့ရပြန်ကာ .. နောက်တစ်ကြိမ် ထပ်ဆက်သည်။ မအားသေး ..၊ နောက်တစ်ကြိမ် .. နောက်တစ်ကြိမ် ..၊ ဆက်လို့ရတော့ လည်း .. သူ .. အန်ကယ့်ကို ပေးထားသည့် ကတိတစ်ခုကို မဖျက်လို သည်မို့ .. မှုုးလေး ကို ချစ်သည့် အချစ်တွေအားလုံးကို ရင်ထဲမှာ ကြေကွဲ ကြေမြည့် သိမ်းထားရကာ .. မှုုးလေး ကို တော်ဝင်မှုုးသို့ ပြန်ပို့ပေးမည် ဆိုသည့်စကားကို ရင်အကျေခံပြီး ပြောခဲ့ရခြင်းပါ ..။ ခုကျတော့ ဘဘ ဆောင်း သတင်းပြေးပို့၍ မေမေ သိလည်းသိကုန်ရ ..၊ မေးလည်း တောက်လျှောက်မေးတော့ သူ ဖြေခဲ့ရပြီးပြီ ..။ မေမေကတော့ ရင်ကိုထု ၍ မချိတင်ကဲ ဖြစ်နေသည်ပါပဲ။ မှုုးလေး တစ်နေ့ညက တော်ဝင်မှုုး မှ ထွက်သွားသည်။ မနေ့ တစ်ရက် ..၊ ဤနေ့ တစ်မနက် ..။ သူ့မှာ နေစရာကို ရှာမရ ..။ ရင်သည် ခါလျက်ရှိ၏။ ဟိုတယ်လည်း မသွား နိုင် ..၊ အိမ်မှာလည်း တစ်နေရာမှာ ငြိမ့်၍မနေနိုင် ..။ တုတ်ကောက် တစ်ခုကို အဖော်ပြုရင်း စာကြည့်ခန်းထဲရောက်သည့်အခါရောက် ..၊ ပန်းခြံထဲရောက်သည့်အခါရောက် ..၊ အခန်းထဲငိုင်သည့်အခါ ငိုင် .. အိပ်မရ .. စားမဝင် ..၊ ရင်သည် အပူနှင့် ကျွမ်းသည်သို့ရှိ၏။

"ခု .. ဘယ့်နှယ်လုပ်မလဲ .. သတင်းအစအနပျောက်ပြီ .. ဟင် ... ကလေးခများ .. ဘယ်သူ့မှ မရှိတဲ့ အထီးကျန်ထဲမှာရှိနေတယ်ဆိုတာ လေးလောက်တော့ .. သား .. နည်းနည်းလေး ထည့်စဉ်းစားပေးသင့်တယ် ပေါ့ .. သတိရသင့်တာပေါ့ .. သမီးလေး .. ငိုနေရှာရော့မယ် .. မေမေ လည်း သမီးလေးဆီကို .. ဖုန်းခေါ်နေခဲ့တာချည်းပါပဲ .. တစ်ချိန်လုံး စက်ပိတ်ထားတယ်ဆိုတာနဲ့ချည်း တိုးနေခဲ့တာ .. ဒီမနက်ကျတော့..

www.burmeseclassic.com

www.burmeseclassic.com



ခေါ်လို့ ရမယ့်ရတော့လည်း .. မင်းလို ဝတုံးရဲ့ ဖုန်းကမှ ခေါ်ရသွားသတဲ့လား .. မေမေ ခေါ်တဲ့ဖုန်းပဲ ဖြစ်လိုက်ပါတော့ .. ငါ့နယ်နော် .. သေချင်တယ် ..''

မေမေ ညည်းနေသည်မှ ဆက်တိုက်ပါ။ တကယ်က .. မေမေသည်လည်း ယူကျုံးမရဖြစ်နေသည်ပါပဲ။ မှူးလေး ကို တော်ဝင်မှူး မှာ ပစ်ပစ်ရက်ရက် ပြောမိခဲ့လေခြင်းဟု စိတ်ထဲဖြေမရနိုင်ဘဲ တောက်လျှောက် ခံစားနေရရှာသည်။

ထိုစဉ်ခိုက် ဒေါ်ကြီးမွှေး မျက်ရည်စက်လက်ဖြင့် ဧည့်ခန်းထဲရောက်လာပါ၏။ နှစ်ဖက်ခြံစည်းရိုးမှာ ခြံကူးတံခါးကတော့ ခုထိ ဘယ်သူ့ဘယ်သူဘက်ကမှ ပိတ်ထားတာ မရှိသေးတာမို့ ဒေါ်ကြီးမွှေး ခုလို .. ဖြုတ်ဆိုရောက်လာနိုင်ခြင်းပါ။ တကယ်ကတော့ .. ခြံကူးတံခါးကို သရဖိဦးဘက်မှ ပိတ်စရာကို မရှိ .. အန်ကယ်မြတ် မှ ပိတ်လိုက်မှာကိုပဲ သူတို့ဘက်က စိတ်ပူနေကြရခြင်းပါ။

ဖေဖေလည်း ဟိုတယ်သို့ မသွားဖြစ်သေး။ ဧည့်ခန်းမှာ ဖေဖေမျက်နှာမကောင်းဘဲ ငြိမ်ထိုင်နေသည်။ မေမေနှင့် သူ့ကို ဘာမျှဝင်မပြောပါပေမယ့်.. နှစ်ယောက်စလုံးကို ကြည့်သည့်အကြည့်ထဲမှာ အပြစ်တင်မှုတော့ သမ်းလာနေပြီ ..။ ဖေဖေ .. ခုလို ကြည့်တာမျိုး ဖြစ်ခဲသည်လေ..။

''တကယ်က.. မေ တစ်ယောက်တည်း အစ်ကိုကြီးမြတ် ကို သွားပြီး စိတ်လောတကြီးနဲ့ .. သွားစကားကမ်းတာကိုက မှားတာ .. မောင်လည်း တူတူပါပြီးတော့ သွားပြောမယ့်ကိစ္စ .. စိတ်ထဲမအောင့်နိုင် မစောင့်ပဲ စိတ်လောပြောခဲ့တဲ့အကျိုး .. ဘယ်ထိဆိုးခဲ့ပြီလဲ မေ .. မောင်ပါရင်.. မေ လည်း အဲသလို .. အစ်ကိုကြီးမြတ် ကို နှုတ်လှန်ထိုးတာမျိုး ဘယ်ဖြစ်လို့ရမလဲ .. မောင် တားမှာပေါ့ .. ထိန်းမှာပေါ့ .. အစ်ကိုကြီးမြတ် ကိုလည်း ဖျောင့်ဖျမှာပေါ့ .. ဒါဆို စကားလည်း မများကြရင်ဖြင့်.. မှူးလေးလည်း .. ခုလို .. အိမ်ကထွက်သွားရတာမျိုး ဘယ်ဖြစ်ပါ့မလဲ.. ဒီကြားထဲ





သားက .. မှူးလေး ကို .. အဲဒီအိမ် ပြန်ပို့ပေးမယ်လို့ ပြောထွက်သတဲ့.. အံ့ပါရဲ့ကွယ် .. အံ့ပါရဲ့ ..''

ဖေဖေ ဤတစ်ကြိမ်မှာတော့ မှူး အတွက် စိတ်ထိခိုက်ရင်း ဖွင့်ကိုပြောလာသည်အထိ အပြစ်တင်စကားက ဖြစ်တည်၏။ မေမေ မျက်ရည်ကျနေသည်ပါပဲ။

''မေ က မှူးလေး ကို သမီးလို ချစ်လွန်းတာပါ မောင်ရဲ့ ..''

ဟု ပြောသည်။ ဒေါ်ကြီးမွှေး မျက်ရည်စက်လက်နှင့် ရောက်လာကတည်းက .. စိတ်ထိခိုက်စရာ ကြားရတော့မည်ဟု သိလာရင်း ဖေဖေရင်ထဲသိမ်းမထားနိုင်တော့သော အပြစ်တင်စကားကို မေမေနှင့် သားအပေါ်မှာ ဖွင့်ချပြောလာခြင်းပါတကား ..။

''ပြောပါဦး ဒေါ်မွှေး .. တစ်ခုခုတော့ .. ဆိုးဆိုးဝါးဝါးဖြစ်နေပြီထင်ပါရဲ့ .. ဘာတဲ့လဲ .. မှူးလေး ကို အမွေပြတ်ကြေညာမလို့တဲ့လား အစ်ကိုကြီးမြတ် က ..''

ဟု စိတ်ဆာလာပုံဖြင့် ဖေဖေ မေးလာသည်။ ဒေါ်ကြီးမွှေး မျက်ရည်သုတ်ရင်းမှ ...

''အို .. အဲသလို ကြေညာလိုက်တာမှ ခပ်ကောင်းကောင်းရယ်ပါ ဆိုကြီးသာ ရယ် .. သူ့သမီး သူနဲ့ ပြတ်သပဆိုရင်ဖြင့် ဟောဒီက မယ်မွှေးတို့က မှူးလေး ကို ရအောင်ရှာပြီး .. မယ်မွှေး တို့ရွာကို ခေါ်သွားလိုက်ပါရဲ့ .. အစ်ကိုကြီးက သူ့သမီး သူမပိုင်တော့ဘူး .. ပစ်တယ်ဆိုမှ .. မယ်မွှေး က မယ်မွှေး အပိုင် လုပ်ပစ်လိုက်ပါရဲ့ .. ရွာကအိမ်လေးကို ခေါ်သွားပါရဲ့ .. မယ်မွှေး ရှာကျွေးနိုင်ပါသတော့ .. မှူးလေး ကို ..''

ဟု ရင်ထဲမချိသမျှ ပြောတော့ မေမေ သူ့ကိုကြည့်၏။ မျက်စောင်းခဲ၏။

''တွေ့လား .. ဒေါ်မွှေး တောင်မှ သားထက် ပြတ်သားရဲ့.. ကြားရဲ့လား .. မှူးလေး ကို ခေါ်သွားမတဲ့ .. ရှာကျွေးမတဲ့ .. သူ့အခွင့်ကိုရှိလို့..



www.burmeseclassic.com

www.burmeseclassic.com



ချမ်းလေး သာ .. သတ္တိမရှိတာ .. ခေါ်ရဲတဲ့သတ္တိလည်း မရှိ .. ရှာ
မယ်လို့ ပြောရဲတဲ့ သတ္တိလည်းမရှိ .. ပြီးတော့ .. မှူးလေး မရှိဘဲလည်း
နေနိုင်တာ မဟုတ်ဘူး .. နေတတ်တာလည်း မဟုတ်ဘူး ..''

ဟု ကရုဏာဒေါသောဖြင့် ပြောလာသမျှ မျက်ရည်ဝဲရင်း ငြိမ်
နေရသည်ပါပဲ။ အနက်ကယ့်ကို ကတိပေးထားတာလည်း ဖွင့်မပြော
ချင်တော့ပါ။ ပြောပြလျှင်လည်း မေမေက ဆူမှာပဲ သေချာသည်လေ ..

''ခုဥစ္စာ မေ ရယ် .. အစ်ကိုကြီး ဒီမနက် မှူးလေး ကို ဖုန်းဆက်
တာ ခေါ်လို့ရသွားတယ် .. ဒေါ်ကြီးမွှေး လည်း နားတစွင့်စွင့်နဲ့ နေ
တာဆိုတော့ .. အစ်ကိုကြီးဧည့်ခန်းမှာ ဖုန်းပြောနေပြီဆိုတာ မိလုံး
မြက်လှည်းနေရင်း သိလည်း သိ .. ဒေါ်ကြီးမွှေး ကိုလည်း ဝမ်းသာအား
ပြေးပြီး သတင်းလာပို့တာ .. အဲဒါ .. ထမင်းစားခန်း တံခါးခန်းဆီးနော
ကွယ်ပြီး နံရံနားကပ်လို့ ချောင်းနားထောင်မိပါရဲ့ .. ထင်မိတာက
သမီးကို စိတ်ပြေပြီး ချော့မော့ပြန်ခေါ်မယ် ထင်ထားတာကိုး .. ဘယ်ဟု
လိမ့်မလဲ မေ ရယ် .. ပြောထည့်လိုက်ပုံများ .. သူ့ပိုက်ဆံဆယ်သိ
ယူသွားတယ် မဟုတ်လား .. ဟိုတယ်မှာ ဇိမ်နဲ့ နေနေတယ် မဟုတ်လား
သူ့ပိုက်ဆံနဲ့ မနေနဲ့ မစားနဲ့ .. သူ သင်ပေးတဲ့ပညာနဲ့ လုပ်ကိုင်မစား
နဲ့ .. ထမင်းဆိုင်မှာ ပန်းကန်ဆေးတဲ့အလုပ်လုပ် .. ဆိုတာတွေ ပြောထ
လိုက်တာ မေ ရယ် .. ဒေါ်ကြီးမွှေး ဖြင့် ရင်ထဲဆို့ကုန်တာပါပဲ .. အဲဒါ
ပြန်လာရင် လာတဲ့ .. သူ လက်ထပ်ပေးတဲ့သူကို ယူတဲ့ .. သူ့ပိုက်ဆံ
မစား .. မနေ .. သူ သင်ပေးတဲ့ ပညာနဲ့ မလုပ်ကိုင် မရှာဖွေနဲ့ .. ဆို
ပြောတာမှ .. ရက်စက်လိုက်ပုံများရယ် .. ဒေါ်ကြီးမွှေး ဖြင့် အလုပ်
တောင် ထွက်ချင်ပါရဲ့ .. မှူးလေး သတင်း နားထောင်နေချင်သမို့သာ
ဆက်ပြီး တော်ဝင်မှူးမှာ နေရဦးတော့မှာ .. ဒီတစ်ခေါက်တော့ .. အစ်ကို
ကြီးမြတ် ကို .. ဒေါ်ကြီးမွှေး စိတ်နာလိုက်ပါရဲ့ .. ကိုယ့်သမီးလေး မှ
ဖန့်ဖန့် .. အလိမ္မာလေးကို .. ထမင်းဆိုင်မှာ ပန်းကန်ဆေးတဲ့အလုပ်





လုပ်လို့ .. ပြောရက် .. ပြောထွက်တယ် မေ ရယ် .. မှူးလေး ရဲ့ မေမေ
သက်ခင်ခင် သာရှိရင် .. ဘယ် .. ဒီလို အဖြစ်ခံပါ့မလဲ ..''

ဒေါ်ကြီးမွှေး ပြောသမျှ သူ နားထောင်နေရင်း ရင်ထဲ ခုမှ နောင်တ
သည် ဖြစ်တည်၏။ သူ မှူးလေး ကို ဖုန်းဆက်နေစဉ်တုန်းက ဖုန်း
မအားသေးဘဲ ဖြစ်နေသည်ဆိုခြင်းမှာ .. အနက်ကယ့်ဖုန်း ဖြစ်နေ၍ပါတကား..။
ဖြစ်ရလေခြင်းကော .. ဟု ရင်ထဲမှာ မချီ ..။ ထိုမျှအထိ ပစ်ပစ်ရက်ရက်
အပြောမခံခဲ့ရပြီးသည့်နောက်မှာ .. သူဆက်သည့် ဖုန်းကို မှူးလေး နား
ထောင်နိုက် ...

''လာခေါ်မယ် .. ဟုတ်လား ကိုကို .. ဘာအတွက်လဲ ဟင် ..''

ဟု အသံလေးတွေ တုန်ခါအက်ကွဲနေရင်း အားငယ်ညှိုးသိမ်စွာ
မေးလာသည့်အသံ ..။ မှူးလေး အဘယ်မျှထိ ရင်ထဲမှာ မဆုံရင်ကန်
ခံစားနေရသည့်အချိန်မှာပေပဲ ..။ ထိုအချိန်မျိုးမှာမှ .. သူက .. သူက ..
မှူးလေး ကို အနက်ကယ့်ထံ ပြန်ပို့ပေးမည်ဟု ဖြေခဲ့သည်တကား ..။

''အဲသလို ပြန်ပို့ဖို့အတွက် .. ကိုကို တစ်ညလုံး မအိပ်နိုင်ဘဲ ..
မှူး ရဲ့ အခန်းလေးကို .. မျက်ရည်ကျရင်း ကြည့်နေသလား ကိုကိုရယ်..''

ဟု မျှော်တော့စွာ မေးလာသံလေး ..။ ထိုအရာတို့သည် .. ခုကျတော့
သူ့နှလုံးသားကို မြားအစင်းစင်း စူးနစ်ဝင်သည့်နှယ်ပါလားလေ ..။

''ကိုကို .. ဘယ်တော့မှ မှူးလေး ကို ချစ်တယ်လို့ မပြောတော့ဘူး
ပေါ့ နော် ..''

ဟု ပြောလိုက်သည့်နှယ် ရှိုက်ခဲ့ပါသည့် မှူးလေး ၏ ကြေကွဲသံလေး..။

မှူးလေး ၏ အခန်းကို တစ်ညလုံး သူ မအိပ်ဘဲ ငေးကြည့် မျက်
ရည်ကျနေရခြင်းသည် .. မှူးလေး ကို ချစ်၍ဆိုတာ .. မှူးလေး လည်း
သိနေမည်သာ ..။ ဒါကြောင့်လည်း .. မှူးလေး ကို ဘာကြောင့် လာခေါ်
မည်လဲဟု မျှော်လင့်၍ မေးခဲ့ခြင်း ..။

ခုကျတော့ .. သူသည် .. သူသည် .. မှူးလေး ၏ မှုံမှိုင်ပျပျ



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်လေးတစ်မျှင် သေးသေးလေးကိုပင် .. ဖြတ်တောက်ရက်
သည့် အလိုက်မသိ ဆိုးဝါးလွန်းသူကြီး ဖြစ်နေနေချေပြီကော ..။

သူ .. ကိုယ်ကြီး ယိုင်ခနဲဖြစ်၏။ ဆိုဖာထက်မှာ ပစ်ကျသွားသည်
မေမေ သူ့ကို ထိန်းပေးဖို့ ကြိုးစားချိန်မှာ သူ လက်ကာသည်။ မျက်ရည်
တွေက ဆည်မရ .. ထိန်းမရ .. ပြိုကျနေပြီ ..။ သူ့ခေါင်းကို သူ ယူ
မရ ထုနေမိသည်။ သူ့ရင်ကို သူ ထုရိုက်နေမိသည်။

"မှားကုန်ပြီ မှူး ရယ် .. လွန်ကုန်ပြီ မှူး ရယ် .. ကိုကို .. သစ္စာ
မရှိတာ မဟုတ်ပါဘူး မှူး ရယ် .. အန်ကယ့်ကို ပေးထားတဲ့ကတိ .. မဖျက်
ချင်တာလည်း ပါပါတယ် .. မှူးလေး ကို .. ဒီ .. ဒုက္ခတကြီးရဲ့ ရင်ထဲ
မခေါ်ရက်တာလည်း ပါပါတယ် .. ဒီရင်ဘတ်ထဲမှာ .. မှူးလေး ကို
ချစ်တဲ့အချစ်တွေ .. ပြောမပြနိုင်လောက်အောင် ရှိနေကြပေမယ့် .. ဖွင့်
မပြောရက်ခဲ့တာပါ မှူး ရယ် .. ဖွင့်မပြောရက်ခဲ့တာပါ .. ဒီလို ဒုက္ခိတ
ကောင်တစ်ကောင်ရဲ့ ရင်ခွင်ဟာ .. မှူးလေး နဲ့ မထိုက်တန်လွန်းလို့ပါ
မထိုက်တန်လွန်းလို့ပါ .. ဒါပေမယ့် .. ဒါပေမယ့် .. ဖွင့်မပြောရက်ခဲ့
ရဲ့ ရင်ဟာလည်း ကျေနေပါတယ် မှူး .. သွေးစက်စက်ကျ .. ကျေမွနေ
ကြပါတယ် မှူး ရယ် .. မှူး ရယ် .."

ရင်ကို မချိစိတ်ဖြင့် ထု ..၊ အသံတွေ အက်ကွဲနေရင်း ပြောလည်း
ပြော .. မျက်ရည်လည်း ကျ ..၊ တစ်ယောက်တည်း လူးနေအောင် ခံစား
နေရပါသည့် သားကို .. ဖေဖေလည်း ဝင်၍ ပခုံးကို ဆုပ်ကိုင် ဖျောင့်ဖျ
ကြိုးစားသည်။ သူ ခေါင်းခါ၍ ...

"မှူး ကို ဒုက္ခပေးတဲ့ကောင်က .. ချမ်း ပါ ဖေဖေရဲ့ .. ချမ်း ပါ
မှူးလေး ကို .. ချမ်း လက်မတွဲရက်နိုင်ခြင်းဟာ .. သူ့ကို .. သူ့ကို
နှိပ်စက်နေတာနဲ့ တူတူပဲဖြစ်ကုန်ပြီ .. ရက်စက်တာတွေ ဖြစ်ကုန်ပြီ

မေမေ သူ့ဆံစကို သပ်ပေးဖို့ ကြိုးစားပါ၏။ မျက်ရည်ကျနေသည်
မေမေသည် ခုတစ်ကြိမ်မှာတော့ သူ့ကို အပြစ်တင်စကားပင် မပြော





ကျော်နိုင်တော့ပြီတည့်။ သူ .. အနိုင်နိုင် ထရပ်သည်။ အခန်းထဲဝင်သည်။
အံခါးကိုပိတ်ပစ်လိုက်မိကာ တစ်ယောက်တည်း ခုတင်ထက်မှာ ထိုင်နေ
မိသည်။ ကိုယ်သည် ငြိမ်မနေ ..၊ ရှေ့တိုးနောက်ငင် ယိမ်းခါနေ၏။

"မှူး ခမျာ .. တစ်ယောက်တည်း ရှိနေတာ .. ပါသွားတဲ့ပိုက်ဆံ
တည်း .. မှူးလေး သုံးတော့မှာ မဟုတ်ဘူး .. ဖတ်ထားတဲ့ပညာနဲ့လည်း
တစ်ခုခု လုပ်ကိုင်ရှာဖွေစားသောက်မယ်ဆိုရင်လည်း အန်ကယ်က ..
သူ သင်ပေးထားတဲ့ပညာနဲ့ မစားနဲ့ဆိုတော့ .. မှူးလေး .. မှူးလေး ..
ဘယ်လို ရပ်တည်တော့မလဲ .. တစ်ယောက်တည်း ဘယ်လိုရပ်တည်
တော့မလဲ .. မှူးလေး .. ဒုက္ခရောက်နေပြီ .. ငိုနေပြီ .. ငါ့ကိုလည်း
စိတ်နာနေပြီ ထင်ပါရဲ့ .. ကိုကို သတ္တိမရှိလိုက်တာ မှူး ရယ် .. တကယ်
တော့ .. ချစ်တဲ့သူကို ချစ်တယ်လို့ ဖွင့်မပြောရက်လို့ မပြောဘူးပဲရှိစေ..
သတ္တိမရှိတာကတော့ မရှိတာပဲလေ .. မှူးလေး ကို .. ကိုကို ..အခု
တွေ့ခွင့်ရရင်လေ .. ရရင်လေ .. ကိုကို့ရင်ထဲက အချစ်တွေကို .. ဖွင့်ပြော
လိုက်ပါတော့မယ် .. အန်ကယ့်ကို ပေးမိတဲ့ကတိကိုလည်း .. ပယ်ဖျက်
သူ .. ကတိပျက်သူလို့ အပြစ်ခံလိုက်ပါတော့မယ် .. လျှို့ဝှက်ထားတဲ့
လိုက်ကာကြီးတစ်ခုကို .. ကိုကို့ရဲ့ မျက်ရည်တွေစိုနေတဲ့ ဟောဒီလက်
တွေနဲ့ ဖယ်ရှားလိုက်ပါတော့မယ် .. ကိုကို့ နှလုံးသားထဲက အချစ်တွေ
ကို .. ကိုကိုလည်း ဝန်ခံမယ် .. မှူး လေး လည်း မြင်စေတော့ .. သိလေ
တော့ မှူး ရယ် .. ဟောဒီ မျက်ရည်စိုနေတဲ့လက်နဲ့ လိုက်ကာကြီးတစ်ခု
ကို ဖယ်လိုက်တဲ့အခါ .. ဝန်ခံချက်တစ်ခုက ပွင့်ကျလာလိမ့်မယ် မှူးလေး..
ဘာလဲ သိလား .. ဘာလဲ သိလား .."

သူ မျက်ရည်တွင်တွင်သုတ်နေမိရင်း ရင်တွေကွဲကျေသူတစ်ယောက်
နယ် ဆောက်တည်ရာ ပျောက်နေလျက် တောက်လျှောက်ပြောနေမိခြင်း ...

"အဲဒီ ထွက်ပေါ်လာတဲ့ အသံလေးတစ်စုံဟာ .. မင်းကို ငါသိပ်ချစ်
တယ်ဆိုတဲ့ အသံလေးပါ မှူး ရယ် .. မှူး .. ကြားလိုက်ပါတော့ .."



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောကာ မျက်ရည်တွေကျလာနေသည်။ တုန်ခါနေသည့် လက်တွေဖြင့် ခုတင်ဘေးရှိ စာရေးစားပွဲထက်မှ စာရေးစက္ကူကိုယူသည်။ မျက်ရည်တွေကျနေရင်း သူ ရေးနေမိသည်က ရင်တွင်းဆီမှ .. အသံ..၊ နှလုံးအိမ်တစ်ခုလုံး ဆုပ်ညှစ်ချေမွနေသည်သို့ ရှိ၏။ နှလုံးသားသွေးကြောမျှင်တို့ ထောက်ခနဲ ထောက်ခနဲ ပြတ်တောက်နေသည်သို့လည်း ရှိ၏။ ချစ်ရသူလေးကို .. ကိုယ့်ရင်ထဲက ချစ်ရလေသမျှ .. နှုတ်မှ .. ဝန်မခံရဲခဲ့သည့်ဒဏ်ကို .. ခုကျတော့ .. အရှုံးတစ်ပိုင်းမျှ .. ရင်ကွဲရင်ကျေ ခံစားနေရသည်တည့်။ အသားလေး ဖြူနုနု၊ မျက်ခုံးနက်နက်ခုံးခုံး၊ မျက်ဝန်းနက်နက်လေးတွေနှင့် မျက်တောင်ထူကော့ကော့၊ နှုတ်ခမ်းဖူးဖူး၊ ဆံပင်ရှည်နက်နက်ဖြင့် ပျောင်းနွဲ့နန်းဆန်သော ကောင်မလေးတစ်ယောက်သည် သူ့ကို မျက်ရည်ကျရင်း ကြေကွဲစွာကြည့်နေသည်ဟု ခံစားရ၏။ ဩော် .. သူ၏ မှုူးလေး သူ့ကို စိတ်နာနေချေပြီလားလေ ..။

တစ်ရှိုက်သက်သက် လှိုက်ခါနေတဲ့
ကြေကွဲခံစားသူရဲ့ နှလုံးသားဟာ
လျှို့ဝှက်ခြင်းလိုက်ကာကြီး တစ်ခုကို
မျက်ရည်တွေစိုနေတဲ့ လက်အစုံနဲ့
ဖယ်ရှားလိုက်တဲ့အခါ ...
ပေါ်ထွက်လာတဲ့ အသံလေးတစ်စုံဟာ
မင်းကို ငါ သိပ်ချစ်တာပဲတဲ့ကွယ် ..။

ဩော် .. မျက်ရည်စက်သည် ကဗျာလေးထက်သို့ ကြွေသက်ချေသည်တကား ..။





## အခန်း (၁၅)

"မှုူး .. ဒီနေ့ မျိုး သင်တန်းမသွားတော့ဘူးဟယ် .. နင့်ကို တစ်ဘက်တည်း မထားခဲ့ချင်ဘူးဟာ .."

ဒီဇိုင်နာသင်တန်း တက်နေသည်ဆိုပေမယ့် မျိုးမျိုး က ဒီဇိုင်နာဆက်ထားကြူ ၏ အားကိုးရနေပြီဖြစ်သည့် တွဲဖက်ဒီဇိုင်နာတစ်ယောက်သ် ရှိနေသည်မို့ .. မျိုး အလုပ်ပျက်ခြင်းဘက်ကို နှယ်နေသည့် သင်တန်းက်ကွယ်ခြင်းဆိုတာကိုတော့ မှုူး ကြောင့် အဖြစ်မခံစေရက်တော့ပါ။ န်တီသက်ထားကြူ လက်ခံထားသည့် ဒီဇိုင်းလှလှအထည်တွေဆိုတာ အထူးသဖြင့် မင်္ဂလာပွဲတွေအတွက် များပေတာမို့ .. လက်ရုံးတစ်ခုသ် အားကိုးနေရပြီဖြစ်သည့် မျိုးမျိုး တစ်ရက်ပျက်ခြင်းသည် သင်တန်းတစ်ယောက်၏ ပျက်ကွက်မှုထက် အလုပ်ပျက်ကွက်ခြင်းမျိုးဘက် သက်ရောက်သည်တည့် ..၊ ပြီးတော့ ထိုက်သင့်ရာ အခကြေးငွေကို ည်း မျိုးမျိုး ကို အန်တီသက်ထားကြူ မှ ပေးတတ်တာမို့ ဝင်ငွေအားင့်လည်း မျိုး မှာ ထိခိုက်ရမည်။

"မဟုတ်တာ မျိုး ရယ် .. မျိုး တစ်ရက်ပျက်ရင် ဟိုမှာက အရမ်းင်ဟာတာတွေ ရှိကုန်မှာ .. မျိုး က နှစ်ချီပြီး အန်တီကြူ နာမှာင်တန်းတက်ပြီး ပညာယူနေတဲ့ဥစ္စာကွယ် .. ပြီးတော့ .. အန်တီကြူ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း မျိုး ရက်ပျက်လာရင် ငြီးငြင်လာမှာပေါ့ .. ခုတောင်မှ မှုး ကြောင့် မျိုး မှာ အနေအစား .. ဆင်းရဲရတယ် .. သင်တန်းသွားရင်ဘ ကလည်း ပိုပြီး ဝေးဝေးသွားရတယ် .. တက္ကစီခ ပိုကုန်ရတယ် .. အပြန် မှာ ဘတ်စ်ကား အလီလီ ပြောင်းစီးပြီး လာရတယ် .. မှုး ကြောင့် .. မျိုး ပင်ပန်းလှပါပြီ .. မှုး ဖြင့် .. မျိုး ကို အဆောင်မှာပဲ ပြန်နေစေချင်တော့ တာပါပဲ .. မျိုး ကို မှုး အလကားဒုက္ခပေးခဲ့မိပြီ မျိုး ရယ် .. ခုဥစ္စာ က .. ရေရှည်ကိစ္စ ဖြစ်နေတယ်.. မှုး ကလည်း ဒက်ဒီ့ဆီ ပြန်ဖို့ အလှမ်း ဝေးနေပြီ .. ကြာလေ မှုး သိလာရလေက.. ကိုကိုနဲ့လွဲရပြီဆိုတာ ရင်ထဲ စိတ်သွင်းထားရပေမယ့် .. ကိုကိုနဲ့လွဲပြီး တခြားသူတစ်ယောက်ကိုတော့ မှုး ဘယ်လိုမှ လက်ထပ်နိုင်မှာ မဟုတ်ဘူးဆိုတာပဲ .. အန်တီမေ စိတ် ချမ်းသာအောင် တစ်ယောက်ယောက်နဲ့ လက်ထပ်လိုက်ပါတော့မယ် ဆိုတဲ့ ခေါင်းမာစိတ်တွေလည်း .. နှလုံးသားက လက်မခံနိုင်တော့ဘူး မျိုး .. ဒီတော့ .. မှုး ဘဝကိုတစ်ယောက်တည်း ရုန်းကန်ရဖို့ပဲ ကျန် တယ် .. မျိုး လည်း .. အဆောင်မှာ ပြန်နေလိုက်ပါတော့ .."

မျက်ရည်လည်နေရင်း မှုး ပြောတော့ မျိုး သက်ပြင်းရှိုက်ကာ သေးမှာ ငြိမ်၍ အတန်ကြာ ထိုင်နေသည်။ သင်တန်းသို့မသွားနိုင်ဘဲ စိတ်လေးနေတာလည်း သိသာနေသည့်အဖြစ် ..၊ မှုး ကို နောက်ဆံတင်း နေခြင်းဆိုတာလည်း မှုး သိနေသည်ပါပဲ ..။ မှုး အားယူပြုံးပြကာ အိမ်ရှေ့တံခါးကို သွားဖွင့်ရ .. ထမင်းဘူး သွားယူရ ..၊ စလင်းဘက် လေးကအစ ယူပေးရဖြင့် ရှိနေတော့ မျိုး မျက်နှာ မလန်းဘဲ လှမ်းယူ ရှာ၏။ ထိုစဉ်ခိုက် ခင်ထွေးပိုင် တစ်ယောက် ပြေးတက်လာတာမို့ ကိုယ် ရေးကိုယ်တာကိစ္စတွေ ပြောနေရမည့်ကိစ္စတွေ သေးချိတ်ထားလိုက်ကြ ရသည်က မျိုး နှင့် မှုး ပဲ ဖြစ်လေသည်။ ဘာကြောင့်ဆို .. ကလေးရှေ့ မှာ ပြောမိဆိုမိနေလျှင် သေးကို သဘောင်းရောက်မည်ပေါ့ ..။ ဒေါ်လေးထား သိ၍ ကောင်းသည့်ကိစ္စ မဟုတ် ..။





"သွားတိုက်တံ စောင့်နေတာ ခုထိ မရသေးဘူး မမရယ် .. ထွေးထွေး သွားပွတ်တံ ခဏငှားမယ် နော် .. အိမ်မှာက သွားပွတ်တံလေးချောင်းပဲ ထားတာ မမရဲ့ .. အလကား ပိုက်ဆံပိုကုန်မယ်တဲ့ .. တူတူတိုက်ကြ တဲ့ .. မောင်နှမချင်း တစ်ယောက်ခေါင်းတစ်ယောက်နင်း ဆင်းလာကြ တဲ့ သွေးသားရင်းတွေပဲတဲ့ .. ရွံစရာလားတဲ့ .. မေမေက အဲသလိုပြော တယ် မမရဲ့ .. အခု .. သွားတိုက်တံက ထွေး အလှည့်ကို မရောက်တော့ ဘူး .. သွားမတိုက် ဘာမတိုက်နဲ့ ကျောင်းမတက်ချင်ပါဘူး .. ဒီတစ် ချောင်း ခဏယူမယ်နော် .. သွားတိုက်ဆေးပါ ညှစ်ထည့်မယ် .. နော်.. နော် .."

တားချိန်လည်း မရလိုက် ..၊ ခင်ထွေးပိုင် ယူလိုက်သည်က မှုး ၏ သွားပွတ်တံ ပန်းရောင်လေး ဖြစ်ပါ၏။ သွားတိုက်ဆေးပါ ညှစ်ထည့် တာ မှုး တို့၏ ရေဖလားကိုပင် ယူသုံးကာ ခင်ထွေးပိုင် သွားတွေဘာ တွေ တိုက် ..၊ ဖလားကို ပါးစပ်မှာတေ့ကာ ရေကိုမော့ယူ .. ခလုံးခလဲ ဖြင့် အသံတွေမြည်အောင် ပါးလုတ်ကျင်း ..၊ ပြီးတာနှင့် သွားတိုက်တံ လေးကို ဆန့်ခါခြင်းငယ်လေးထဲ မူလကအတိုင်း ပြန်၍ထောင်လျက် လေး ထည့် ..၊ နောက်ဘက်တံခါးကို ဖွင့်ဆင်းသွားချေသတည်း ..။

"စိတ်ညစ်ပါရဲ့ မှုး ရယ် .. ဘယ်လိုအိမ်မျိုးနဲ့မှ တိုးရတယ် မသိ ပေါင်ဟယ်.. ချွေတာပုံကလည်း သွားတိုက်တံကအစ ချွေတာရေးလုပ်ရ တယ်လို့ မှုး ရယ် .. ဒီပြဿနာကလည်း မနက်တိုင်း ဒီဘက်ကူးမယ့် သဘော ရှိတယ် .. ထွေးထွေး က လုပ်လက်စရှိသွားပြီ .. မနက်တိုင်း ဒီမှာလာပြီး သွားတိုက်တော့မယ် ထင်တယ် .. အေးဟာ .. ပြောမယ့် ပြုံးမှ သိ ဆိုသလိုကို ဖြစ်ရော .. ဒေါ်လေးထား ကပ်စေးနဲပုံကြီးက လွန်လွန်းတယ် မှုး .. ဒီမှာ ကြာကြာနေလို့ကို မကောင်းဘူးထင်တယ်.. ပဲ .. မျိုး အပြန်မှာ မှုး ရဲ့ သွားတိုက်တံနဲ့ ဆင်တူတစ်ခု .. မျိုး ရဲ့ သွားတိုက်တံနဲ့ အရောင်ဆင်တူတစ်ခု ဝယ်လာခဲ့မယ် .. အဲဒါဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲ သပ်သပ်ထားမှ ဖြစ်မယ်သိလား .. တခြားအရောင်ဝယ်လာပြီး မှူး နဲ့ မျိုး တို့ သွားတိုက်နေတာ မြင်ရင်လည်း သူတို့ တိုက်ထားတာကို ရှုလို့ အသစ်ဝယ်လာတယ်ဆိုတာ တွေးတွေး သိသွားမယ်ဟ - ကလေးက အလည်လေး .. သူ့အမေ သွားပြောရင် .. သူ့သမီးလေးကို ရှုရသလား ဘာလားနဲ့ ဖြစ်လာရင် မကောင်းဘူးဟ .. လောလောဆယ် သူတို့ဆီ နေနေရတာလေ .. အိမ်ရှင်အိမ်ငှားဆိုတာ တစ်ခါတလေ အသေးအဖွဲ့လေးနဲ့ အဆင်မပြေတာတွေ ဖြစ်ကုန်တတ်ကြတယ် .."

လူ့အလှာတွေနှင့် ပို၍ အနေနီးစပ်ကာ ဘဝအကြောင်း မှူး ထက် ပို၍ နားကျေနေသည့် မျိုးမျိုး မှာ ခုလည်း သွားတိုက်တံလေးတစ်ချောင်းမှသည် စတင်၍ မကြည်မဖြူ ငြိငြင်စရာတွေ ဒေါ်လေးထား ဘက်မှ ဆိုက်လာနိုင်သည့်ကိစ္စ ..၊ ကြိုတင်၍ တွေးထားပုံဖြင့် ခပ်တိုးတိုးလည်း ပြော ..၊ ခေါင်းခါ၍ သင်တန်းသွားဖို့ ပြင်လိုက်ရပါပြီ ..။

"မှူး က အသန့်ကြိုက်ကြိုက်နဲ့ဟယ် .. ဒီနေ့မှာ သွားတိုက်တံကိစ္စ ပေါ်လာပြီ .. အဲဒီ သွားတိုက်တံ ဘယ်လိုမှ မှူး သုံးတော့မှာ မဟုတ်ဘူးဆိုတာ မျိုး သိတာပေါ့ .. မနေ့ညကလည်း ထမင်းစားတွေ ကပ်နေတဲ့ ညာလက်ကြီး ဟိုဖွန်းနှိုက် ဒီခွက်နဲ့နှိုက်နဲ့ဟာ .. စိတ်ညစ်တယ် နေ့လယ်စာ စားတဲ့အခါ .. တံခါးပိတ်စား သိလား .. ဘွားတော်ကြီး ဝင်လာရင်အခက် .. ဝင်ဝင်တီးနေတာက ကိစ္စမရှိဘူး .. ညစ်ပတ်တာကြီးက ကိစ္စရှိတာ .."

မျိုးမျိုး တတွတ်တွတ်မှာပြန်၏။ မသွားချင့်ပုံဖြင့်လည်း တုံ့နှေးနှေးဖြင့် ထွက်သွားရာသည်။ မှူး ငြိမ်၍ ကျန်ခဲ့သည်ပါပဲ ..၊ ငေး၍ သွားတိုက်တံထားရာ နေရာလေးကို ငေးကြည့်နေမိသည်။ စိတ်တွေက တစ်နေရာတည်းမှာ ငြိမ်မနေနိုင် ..၊ လောလောဆယ်မှာ ဒက်ဒီ့စကားလုံးတွေက ရင်ထဲမှ မထွက် ..။

"နေစရာတစ်ခုကို ငါ့အရိပ်ကင်းကင်းနဲ့ ရှာကြည့်စမ်းပါ .."





မှူး မျက်ရည်လည်တက်လာနေသည်။ အခန်းလေးကို ဇွေဇွေငုငု ကြည့်နေမိသည်။ ဟုတ်သည်ပဲလေ ..၊ ဤအခန်းကျဉ်းလေးတစ်ခုကို ...ဘ်မှ မှူး ၏ ကိုယ်ပိုင်ငွေဖြင့် ငှားနိုင်စွမ်းခဲ့၍လားလေ ..။ ဒက်ဒီ့ ...ပ်ဆံဖြင့်သာ ဟန်ကြီးပန်ကြီးဖြင့် လခပေးငှားသည့် ပန်းမြတ်သက်မှူး ...ဲနေချေသည်တကား ..။ ပြီးတော့ .. နားမှာ ပန်ထားသည့် စိန်နားကပ် ... စဘော်ပေးထားခဲ့ခြင်း ..၊ ဘယ်မှာ ဒက်ဒီ့အရိပ် ကင်းနေ၍လည်း ...ာ ..။

"ငါ့အရိပ်ကင်းကင်းနဲ့ နေစရာတစ်ခု ရှာကြည့်စမ်းပါ .. စားစရာ ...ဲလုတ်ကို စားကြည့်စမ်းပါ .. ငါ သင်ပေးတဲ့ပညာကို မသုံးဘဲ ညည်း ...်နိုင်တာတစ်ခုပဲ ရှိတယ် .. သူများထမင်းဆိုင်မှာ ပန်းကန်ဆေး .. ...များအိမ်မှာ အဝတ်လျှော် .. ဒါပဲကျန်တယ် မှူး .."

မှူး မျက်ရည်တွေ ဆည်မရ ..၊ အခန်းတံခါးကို မြန်မြန်ထ၍ ...ာ် .. အခန်းထောင့် နေရာလေးမှာ ငြိမ်ငြိမ်ကုတ်ကုတ်လေး ထိုင်ကာ ...်ရည်ကျနေသည်မှ အဘယ်မျှထိ ကြာသွားပြီဆိုတာ မှူး ဘာသာ ...ည်း မသိနိုင် ..။ ငိုနေရင်းဖြင့်လည်း မီးဖိုဆောင်ငယ်လေးဆီသို့ လျှောက် ...မိပြန်သည်။ အားလုံးကို ဝေ့ကြည့်မိသည်။ ဟုတ်သည် ..၊ ဒက်ဒီ့အရိပ် ...ယ်မှာ ကင်းနေသည့် အိုးခွက်အစားအသောက်တွေပါလဲ ..။ ထိုင်ခုံ ...ကြမ်းခင်း ဖယောင်းပုဆိုးသည်လည်း မနေ့ကမှ ဝယ်ခဲ့သည့်အရာ..၊ ...ဒီ့ထံမှ ထွက်ခဲ့စဉ်က ပါလာသည့် ပိုက်ဆံဖြင့် ဝယ်ခဲ့သည့်အရာ..၊ ...့က လိုမည်ထင်တာတွေ ဝယ်ခဲ့သမျှတွေထဲမှာ မှူး ၏ ချွေးနှဲ့စာဖြင့် ...သီးသန့်သန့်နိုင်စွာ ဘာတစ်ခုကိုမျှ ငွေချေနိုင်စွမ်းခဲ့ပါ၍လည်း ...ား ..၊ မှူး မျက်ဝန်းတွေကို စုံမှိတ်မိသည်။ အင်္ဂလိပ်စာကျူရှင်လေး ...်ပေးမည်လား ..၊ ထိုသို့တွေးမိခဲ့သည့် အတွေးသည် လွင့်မျောလွင့် ... ဖြစ်သွားခဲ့ရပြီ။ အဆုံးသတ်သွားရပြီ ..၊ ဒက်ဒီ့စကားနှယ်ပင် မှူး ...ည် .. ဘာကိုလုပ်ဖို့ ကျန်သည်ဆိုတာ နားလည်လိုက်ရပါပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com



မှူး အခန်းတံခါးကိုဖွင့် ..၊ သော့ခတ်၍ လမ်းမကြီးအတိုင်း ထွက်လာ
သည်။ တစ်လမ်းကျော်ပြီ .. နှစ်လမ်းကျော်ပြီ .. မှူး ရှာနေတာ မ
ရသေး ..၊ သုံးလမ်းမြောက်၏ ထိပ်ဘက်မှာကျတော့မှ တွေ့ရပါပြီ

"ရွာသာစုံ ထမင်းဆိုင် .."

မှူး အသံလေး တိုးတိုးဖြင့်ဖတ်ပြီး ဆိုင်အတွင်း ဝင်လာမိရပါသ
အဖြစ် ..၊ ဆိုင်၏ကောင်တာမှာ အသက်ငါးဆယ်လောက်ရှိမည့် အသ
ဖြူဖြူ ခပ်တုတ်တုတ်ဖြင့် အမျိုးသမီးကြီးတစ်ယောက် ထိုင်နေသည်
စားပွဲတချို့မှာ ထမင်းစားသောက်နေသူတို့ ရှိနေ၏။ တချို့စားပွဲ
ကတော့ လွတ်နေသည်။ ထမင်းစားချိန်အနေဖြင့် ကြည့်လျှင်လည်း
နေသေးသည်လေ ..။ စားသောက်သူ ကျဲပါးနေသေးသည်။

ဆိုင်လေးက သပ်သပ်ရပ်ရပ်ရှိ၏။ အတွင်းဘက် မီးဖိုဆောင်
ကြော်လှော်သံ ကြားနေရသည်။ ဆိုင်ထဲဝင်လာသည့် မှူး ကို တစ်
ထိုအဒေါ်ကြီးမှ လှမ်းကြည့်လာသည်။ ထမင်းစားဖို့ လာသူဟု ထ
သည်။

"မောင်ညို .. ဟိုမှာ စားသူရောက်တယ် .. နေရာပေးလိုက်
သမီး .. ဘာမှာမလဲကွယ့် .."

ဟုပင် လှမ်း၍ မေးသေး၏။ မှူး ခေါင်းလေးခါ၍ ထိုအဒေါ်
ထံသွားကာ ..

"ကျွန်မ .. ကျွန်မ .. အလုပ်လာမေးတာပါ ဒေါ်ဒေါ် .. ဟို ..
ပန်းကန်ဆေးစရာတွေရှိရင် .. ကျွန်မ ဆေးပါ့မယ် .. နေ့လယ်စာ
လုပ်အားခလေး နည်းနည်းပါးပါး ရရင် .. တော်ပါပြီ .. နေ့လယ်
လည်း ငါးပိရည်ကျိုလေးနဲ့ပဲ စားရ .. စားရပါ .."

မှူး အသံလေးတွေ တုန်ခါနေသည်။ မျက်ရည်လည်တတ်လာ
တာကို အားတင်းထိန်းချုပ်ဖို့ အနိုင်နိုင် ကြိုးစားနေရပါသည့်အဖြ

"ဒက်ဒီ .. ဒက်ဒီ ပြောသလို .. သမီး မှူး .. လုပ်နေရပါပြီ





သည် .."

ရင်ထဲမှ တနင့်နင့် ဆို့ခဲတက်နေသည့် ခံစားချက်တွေဖြင့် ဒက်ဒီ့
လည်း စိတ်ထဲမှ တမ်းတပြောနေမိရပါ၏။ အဒေါ်ကြီးကလည်း အံ့ဩ
ဖြင့် တစ်ချက်တော့ မှူး ကို ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။ နုနု
ဖတ်ဖတ်နိုင်နေသည့် မှူး ကိုယ် မှူး လည်း ဂျမ်းတောပုံကြီးဖြစ်အောင်
ပြောင်းနိုင်သည်မှ မဟုတ်ပဲလေ။ ခုလို နုနုဖတ်ဖတ် မိန်းကလေးတစ်
ဆောက်က ထမင်းဆိုင်တစ်ဆိုင်မှာ နေ့လယ်စာ ငါးပိရည်ကျိုလေး
ရရုံ ..၊ အခကြေးငွေ အနည်းအကျဉ်းလေး ရရုံဖြင့် သူများတကာ
ထားသည့်ပန်းကန်တွေ ဆေးကြောပေးဖို့ အလုပ်တစ်ခုကို လာ
အောင်းနေသည်ဆိုတော့လည်း အံ့ဩနေချေမည်သာ ..။

"ကျွန်မ .. ကျွန်မ .. သေသေချာချာ ဆေးပါ့မယ် ဒေါ်ဒေါ် .. ဒီ
တစ်ရက်လောက် စမ်းခိုင်းကြည့်ပါ .. ဒေါ်ဒေါ် ကျေနပ်မှ .. ကျွန်မကို ..
နောက်တစ်နေ့ ဆက်ခိုင်းပါ .. ကျွန်မ လုပ်တာကိုင်တာ မကြိုက်ရင် ..
စိတ်တိုင်းမကျရင် .. ဒီညနေ ပြန်တဲ့အခါ .. ကျွန်မကို ဘာမှ လုပ်ခ
ပေးပါနဲ့ ဒေါ်ဒေါ်ရယ် .. စမ်းခိုင်းကြည့်ပါ .."

ဟု အောက်ကျို့၍ ခယယပြောလာတော့ ဒေါ်ကြီး တစ်ချက်စဉ်း
စားနေသည်။ မှူး ကို လည်း တကြည့်ကြည့် အကဲခတ်၏။

"နာမည်က ဘာတဲ့လဲ .."

"သက်သက် ပါ .."

မှူး ဖြေသည်။ ပန်းမြတ်သက်မှူး ဆိုသည့် အမည်ထဲမှ တစ်ခုကို
သုံးသည်မို့ ဒေါ်ကြီးကိုလည်း လိမ်ညာဖြေရာ မရောက်ဘဲ ရှိမည်လေ။

"တစ်ရက် စမ်းခိုင်းမယ် နော် .. ညည်း ပြောသလိုပေါ့ .. ဒါနဲ့ ..
ညည်း ဘယ်မှာနေတာလဲ .."

"ဟိုဘက်လမ်းဘက်မှာပါ ဒေါ်ဒေါ် .."

အိမ်အတိအကျ မဖြေပေမယ့် မှူး ၏ အဖြေသည် လိမ်ညာရာတော့



www.burmeseclassic.com

www.burmeseclassic.com



မရောက်သည့်အဖြေပါ ..။

"ကဲ .. ကဲ .. မောင်ညို.. ဟဲ့ မောင်ညို .. ဒီကအစ်မကို
ဘက် ခေါ်သွား .. ပန်းကန်ဆေးစရာတွေ ပြလိုက် .. ဆိုင်မှာလည်း
ဖိုးချို တစ်နေ့က အလုပ်ထွက်သွားတာဆိုတော့ .. ပန်းကန်ဆေး
ခက်နေတာနဲ့ အတော်ပဲ .. မင်းလည်း အဲဒီအဆေးအကြောတာဝန်
လုပ်နေရတာ သက်သာသွားတာပေါ့ .. ဒီမှာ မိန်းကလေး .. ပန်း
တွေ ဆေးတာလည်း ဆေးတာပေါ့ .. မီးဖိုဆောင်မှာ လုပ်ကိုင်
နော် .. ကြက်သွန်လှီးတာတို့ .. ငရုတ်သီးထောင်းတာပြုတာတို့ ..
ရွက်သင်တာတို့ .. အို .. အစစပေါ့ အေရယ် .."

မှူး ခေါင်းလေးညိတ်ပြသည်။ မောင်ညို ခေါ်ရာနောက်သို့ လို
ရပါ၏။ မီးဖိုဆောင်မှာ စားဖိုမှူးနှစ်ယောက် ..၊ တောက်တိုမယ်ရ
ပုံရသည့် ကောင်မလေးတစ်ယောက် ..၊ စားပွဲထိုးကောင်လေးတွေ
ငါးယောက်ဖြင့် ရပ်တည်နေသည့် ထမင်းဆိုင်တစ်ဆိုင်ဆိုတာကို
အကဲခတ်ကြည့်ဖြင့်ပင် မှူး သိနေရပြီ။ မီးဖိုထောင့်ဘက်မှာ အုတ်အ
ဖြင့် ဘောင်ပတ်လည်လေး လေးလက်မပတ်လည် ဘောင်ခတ်ထား
ပန်းကန်ဆေးရာနေရာကို တွေ့ရသည်။ ဖင်ထိုင်ခုံပုလေးတစ်လုံးလည်း
ရှိ၏။ ပန်းကန်ဆေးဇလုံသည် အုတ်ရောကန်၏ ရေစက်ခေါင်း၏
မှာ ဆီတဝေ့ဝေ့ဖြင့် ပတ်လည်ဝေ့နေသည့်ပုံဖြင့် ညစ်ထေးထေး
သည်။ ကြည့်ရတာ မောင်ညို သည် စားပွဲထိုးအလုပ်နှင့် ပန်းကန်
အလုပ်ကို တွဲလုပ်နေရတာမို့ သန့်ရှင်းမှုတွေဘက်မှာ လစ်လစ်ဟာ
တော့ ဖြစ်နေသည့်ပုံ ..။

"ဒါက .. ဆပ်ပြာဘူး .. ဒါက .. ပန်းကန်ဆေးအဝတ် .. ဒါ
အိုးတိုက်ဖို့ သံဖတ်စ .. ဒါက .. ခုံဖိနပ် .. ပန်းကန်ဆေးတဲ့အခါ စီး

ခုံဖိနပ်ဟောင်းလေးတစ်ရံကိုတော့ မှူး ယူမစီးတော့ပါ ..။ စီး
သည့် ဖိနပ်လေးကို မချွတ် ..။ အသန့်ကြိုက် မှူး ပေမို့ သူများတ





ဘယ်နှစ်ယောက်စီးထားမှန်းမသိရသည့် ခုံဖိနပ်မြီးတိုတိုတော့ မစီးချင်ပါ။ စိတ်ထဲမသန့်ဘဲ ဖြစ်နေရသည်လေ။ လောလောဆယ်မှာပင် မောင်ညို ၏ ခြေဖမိုးတစ်ဖက်မှာ ဝဲဟု ထင်ရသည့် ယားနာကွက်ကြီးကို မှူး မြင်နေရသည်။ ဘယ့်နှယ်လုပ်၍ ထိုခုံဖိနပ်ကို စီးရဲပါ့မည်တဲ့လဲ ..။

မှူး ဖင်ထိုင်ခုံပုလေးမှာ ထိုင်ကာ စတင်၍ စုပုံနေသည့် ပန်းကန်တွေကို ဆေးသည်။ ရေသန့်သန့်ဖြင့် ပြန်၍ကျင်းသည်။ အုတ်ဘောင်ခတ်ထားရာနေရာကိုလည်း ဘရုတ်တစ်ခု မောင်ညို ကိုပဲ ပြောတောင်းပြီး သန့်အောင် တိုက်ချွတ်သည်။ ဆေးကြောထားသမျှ ပန်းကန်တွေကို ပန်းကန်စစ်စင်မှာ သေသေသပ်သပ် ထားသည်။ နေအမြင့်ဘက်ကူးလာလေ .. ဆိုင်မှာ ထမင်းစားသမား ပိုကျလာလေ ..။ ပန်းကန်တွေ ပို၍ ဆေးကြောရလေ ..၊ ထမင်းပန်းကန် .. ဟင်းပန်းကန် .. အသုပ်ပန်းကန် .. ပန်းကန်ပုံစံ စုံ .. ဆိုဒ်ဆုံ ဆေးရသည်မှ ခါးတွေတောင့်လာသည် အထိပါ ..။ မှူး ပန်းကန်တွေဆေး .. ရေစစ်စင်လေးမှာ ထား .. စားပွဲထိုးကောင်လေးတွေက ယူကြသယ်ကြ ..။ ထမင်းပွဲ ဟင်းပွဲပို့ကြဖြင့် ဘယ်သူမှ သိပ်နားရတာကို မရှိကြ။ ကြော်သူက ကြော်လှော် ..၊ ထမင်းအိုးထပ်တည်သူက တည်ရ ..။ အတော်လေး ရောင်းရသည့်ဆိုင်လေးပဲ ဖြစ်ချေ၏။ အသုပ်ပင် မြင်းခွာရွက်သုပ်၊ ဆလပ်ရွက်သုပ်၊ ခရမ်းချဉ်သီးသုပ် ရှိသည်။ တို့စရာစုံစုံနှင့် ငါးပိရည်ကျို ရှိသည်။ ဟင်းကလည်း မြန်မာဟင်း၊ တရုတ်ဟင်းရှိသည်။ ဆေးလိုက်ရသည့် ပန်းကန်တွေ ..။ မောက်မောက်လျှံချေ၏။ ဤကြားထဲ ကုန်သွားသည့် ဟင်းအိုးတွေက ရောက်လာ ..။ အိုးတွေစင်အောင် တိုက်ရဖြင့် ရှိနေရ ..။ ဟင်းထပ်ချက်သူကချက်ဖြင့် နောက်ဖေးမီးဖိုဆောင်မှာ အလုပ်များကြသည့်နှယ် ..။ စားပွဲထိုးလေးများ၏ စားပွဲနံပါတ် ဘယ်လောက်မှာ ဘာဟင်းဆိုသော ကလည်း လှမ်း၍အော်သံလေးတွေက စည်ညံနေသည်။ မှူး .. ဆေးရင်းကြောရင်း လက်အံ့တွေ သေချင်လာသည်။ ခါးတွေတောင့်နေပြီ။ ထ၍



www.burmeseclassic.com

www.burmeseclassic.com



ခါးလေးပင် ချိုးချိုးချွတ်ချွတ် ချိုးဖို့ စိတ်မရဲ ..။ အလုပ်ရှင် အဒေါ်ကြီး အမြင်မကြည်မှာ လန့်သည်လေ ..။

နေ့လယ်တစ်ခုသည် ညောင်းညာကိုက်ခဲလာနေသည့် ခါးတောင့် ခြင်းဝေဒနာနှင့်အတူ ဖြတ်သန်းကာ သုံးနာရီဘက်စွန်းလာတော့မှ အဆော အကြောသက်သာစ ပြုလာရသည်။ ကျဲပါးလာပြီ ..၊ ထိုအခါ ဒေါ်ကြီးမှ ရောက်လာကာ ...

"ဟဲ့ .. မိသုန် .. မိန်းကလေးကို ထမင်းကျွေးလိုက်ပါဦး .. ညည်း မစားတဲ့အသားရှိရင် မယ်သုန် ကို ပြော .. သူ့ကို မထည့်စေနဲ့ .. ငါး တော့ စားမှာပါ ... ဟုတ်လား .. မယ်သုန် .. သူ့ကို ငါးခေါင်းနဲ့ ထမင်း တစ်ပွဲ ထည့်ပေးလိုက် .. အစိမ်းကြော်လည်း ကျွေး .."

ဟု ပြောကာ ဆိုင်ရှေ့ပြန်ထွက်သွားတော့ ..၊ ငါးရံ့ခေါင်းငယ်လေး တစ်ခေါင်း၊ ပဲသီးစိမ်းတောင့်လေးတွေ ချိုးကြော်ထားသည့် သက်သတ် လွတ်ဟင်းတစ်ခွက် သေးသေးလေးနှင့် ငါးပိရည်ကျို ပန်းကန်ငယ် လေး ..၊ တို့စရာလေးတွေဖြင့် မှူး ထမင်းစားရသည်။ ဒေါ်ကြီး ဝင်လာ တော့ ဒေါ်မယ်သုန် ဆိုတာ ပျာပျာသလဲဖြင့် ဟင်းအမယ်စုံနှင့် စားပွဲဝိုင်း မှာ ထမင်းပွဲပြင်၍ ကျွေးမွေးပြုစုသည်မှ အေးမှယပ်တောင်တွေဘာတွေ ခပ်၍ပါ ..။ မှူး ကတော့ မီးဖိုဆောင်၏ထောင့်နေရာရှိ သစ်သားစားပွဲမှ အဟောင်း ငယ်ငယ်လေးမှာ ထမင်းစားနေခြင်း ..၊ အင်္ဂလိပ်စာ အဓိက ဖြင့် ဘွဲ့ရထားသည့် ပညာတတ် မှူး ဆိုတာ ကျန်ခဲ့ပြီ။ စာမတတ် ပေ မတတ် မှူး အဖြစ် ရပ်တည်ပေးရမည့်ဘဝကို မှူး ဤနေ့မှာ စတင် ခဲ့ရပြီတကား ..။ လက်ထဲမှာ ကိုယ်ပိုင်ငွေကြေး ခြူးတစ်ပြားသော်မှ မကိုင်နိုင်သည့် ပန်းမြတ်သက်မှူး ဆိုသည့် မိန်းကလေးတစ်ယောက် သည် ..။ ဤစားသောက်ဆိုင်တစ်ဆိုင်မှာ ပန်းကန်ဆေးသူတစ်ယောက် ဖြစ်ရပြီ ..၊ စားပွဲအိုလေးတစ်လုံးမှာ ဖင်ထိုင်ခုံပုလေးမှာ ထိုင်၍ ..။ ထမင်း တစ်လုတ်ကို .. မှူး ၏ လုပ်အားဖြင့် စတင်၍ စားရသည့်နေ့ ..၊ ထိုင်





နေသည့် နေရာလေးသည်ပင် ထောင့်ကျကျ မှောင်ရိပ်ထိုးသည့်နေရာ..။

မှူး .. မျက်ရည်ဝေ့လည်နေသည်။

"ကိုကိုရေ .. ကိုကိုကလွဲပြီး .. ဘယ်သူ့ကိုမှ .. မချစ်နိုင်တဲ့ မှူး ဟာ .. ဒီလက်ရှိဘဝတစ်ခုကို .. ရင်ဆိုင်နေရမှာပါပဲ ကိုကိုရယ် .. အဲဒီ အတွက် .. မှူး .. မကြေကွဲပါဘူး ကိုကို .. မှူး .. မျက်ရည်လည်နေတာ က .. ဘဝဆိုတာကြီးကို သိသိလာနေရရင်း .. ရင်ထဲမှာ ဆို့နေရလွန်း လို့ပါ .. ဒီမြင်ကွင်းကို .. ဘယ်တော့မှ ကိုကို မမြင်ပါရစေနဲ့လို့လည်း မှူး .. ဆုတောင်းနေမိပါရဲ့ ကိုကိုရယ် .. ကိုကို မြင်ရင် .. ခံနိုင်မှာမဟုတ် တာ မှူး သိနေလို့ပါ .. ကိုကို .. မချိတင်ကဲဖြစ်မှာ .. ရင်ကျိုးမှာ .. အရမ်း ခံစားရမှာတွေ မှူး သိနေလို့ပါ .. မှူး ကြောင့် .. ကိုကို .. ထပ်ပြီး ဘာမှ မခံစားစေချင်တော့လို့ပါ ကိုကို .."

မှူး ထမင်းလုတ် မျိုမရပဲဖြစ်လာသည်။ လည်ချောင်းထဲ နင်တက် နေ၏။ ရေသောက်၍ မနည်းမျိုချနေရသည်။ ဘာပဲဖြစ်ဖြစ် .. ဆိုင်ရှင် အဒေါ်ကြီးသည် မှူး ကို ငါးပိရည်ကျိုလေးတစ်ခွက်ဖြင့် ထမင်းကျွေး ဟာ မဟုတ် .. ဟင်းလေးကျွေးလေးတော့ ပါသည်ပဲလေ .. စိတ်ရင်း ကောင်းသည့် အဒေါ်ကြီးဟုသာ ကျေးဇူးတတင်ဖြင့် မှူး သိထားလိုက်ရ သည်ပါပဲ ..။

ညနေငါးနာရီထိ တောက်လျှောက် အလုပ်လုပ်ရမည်ဟု အဒေါ်ကြီး က မှာသည်။ မှူး ခေါင်းညိတ်ပြရသည်ပါပဲ ..။ စားမဝင်ပေမယ့် ထမင်း ကို ကုန်အောင် မှူး စားသည်။ မကုန်လျှင် ထမင်းကို အလေအလွင့် လုပ်သည့် ကောင်မလေးဟု အဒေါ်ကြီး မြင်သွားမှာ စိုးရိမ်သည်လေ..။ မှူး အလုပ်မြဲဖို့လိုသည် မဟုတ်ပါလား ..။ အစစ မှူး သတိကြီးကြီးထား ရမည်သာ .. ဆိုင်ရှင်စိတ်ထဲ အမြင်မကောင်းမှာ လန့်နေရသည်လေ..။

ထမင်းကို ဇိမ်ဆွဲ၍ မစားရဲ .. ခပ်သုတ်သုတ် စား .. ပန်းကန်တွေ ဆေးရမည့်နေရာမှာ အားလုံး သွားချ ..၊ အဒေါ်ကြီး ထမင်းစားပြီးသည်



www.burmeseclassic.com

www.burmeseclassic.com



အထိ ဘေးမှာ ရပ်၍စောင့် ..။ ပန်းကန်တွေ စောင့်၍ သိမ်းဖြင့် မှုး ရှိနေတော့ အဒေါ်ကြီးမျက်နှာ ကြည်လင်လာသည်။

"အေး .. ငါ့နာမည်က .. ကြွေကြွေတင် တဲ့ .. ဒေါ်ကြီးကြွေ လို့ ခေါ်ပေါ့ .. အားလုံးကလည်း အဲသလို ခေါ်ကြတာပါပဲ .. ငါက အပျိုကြီး ဘဝနဲ့ .. ဆိုင်တစ်ဆိုင်ကို အုပ်ထိန်းရတာလေ .. ညည်း လိမ္မာရင်တော့ အလုပ်မြဲမှာပေါ့ .. ဒီနေ့တော့ ကြည့်ရတာ ညည်း အပိုးကျိုးတာပါပဲ အပြန်ကျရင် .. ငါ .. ညည်းကို ပိုက်ဆံ နှစ်ရာ့ငါးဆယ်ပေးမယ် .. ဟုတ် ပလား .. ညည်း သုံးလောက်ပါတယ်အေ .. ထမင်းလည်း နေ့လယ်စာ ကျွေးသေးတာပဲ အေရယ် .. ညည်း လိမ္မာရင် ပိုက်ဆံတိုးပေးမယ် ဒီနေ့မနက် လာချိန်မျိုးပဲ လာခဲ့ .. ပန်းကန်တွေ ဆေးကြောစရာတွေ ဒီမှာ ပုံထားမယ် .. ဟုတ်ပလား .. ရောက်တာနဲ့ ဝင်ဆေးကြောပေါ့ ညနေငါးနာရီတော့ ညည်း ပြန်လို့ရတယ် .. အရင်လုပ်တဲ့ ဖိုးချို ကို လည်း အဲဒီအချိန် ပြန်ခွင့်ပြုတာပဲ .. တိုက်ချွတ်စရာအိုးခွက်တွေ .. မနက် ရောက်တဲ့အခါလည်း လာတိုက်ပေါ့ .. ဟုတ်ပလား .. ကဲ .. ကဲ .. ညည်း လည်း လုပ်စရာရှိတာ လုပ် .. ငါလည်း ဆိုင်ရှေ့ပြန်ပြီးကောင်တာထိုင် မယ် .. မောင်ညို ခဏကောင်တာထိုင်တာလေ .. ဒီကောင်လေးက ငါ့တူကွယ့် .."

ဟု ပြောကာဆိုကာဖြင့် ဒေါ်ကြီးကြွေ ဆိုင်ရှေ့ဘက် ထွက်၏။ မှုး ပန်းကန်တွေ ဆေးကြော ရေစစ်စင်မှာတင်ပြီးတာနှင့် မီးဖိုဆောင်မှာ ကြက်သွန်နီ လှီး ..၊ အသီးအရွက် လှီးသင် ..၊ သားကိုင်ငါးကိုင်ဖြင့် ဘာကိုမျှ မတွက်ကပ်ဘဲ .. မီးဖိုစားဖိုမှုးတွေ၏ အမြင်မှာ မှုး အပေါ် မေတ္တာရှိအောင် နေရသည်ပါပဲ ..။

မှုး ၏ လက်လေးတွေ ရေထိဖန်များ .. ရေစိမ်ထားရသည့်နယ် ရှိနေခဲ့ရတာမို့ ပဲကြီးရေတွန့်သည့်နှယ် ဖြစ်နေသည်။ မှုး .. ဤဘဝမှာ ကြာမြင့်စွာ ကျင်လည်ရချေဦးမည်သာ ..၊ မှုး ၏ ထမင်းတစ်လုတ်





အတွက် .. ဒါပေမယ့် .. ခက်သည်က .. အိမ်လခကိစ္စက ခေါင်းထဲ ခဲ နေသည်။ တစ်လ သုံးသောင်းပေးရမည့်ကိစ္စ ..၊ ခု ဥစ္စာက တစ်ရက်မှာ နှစ်ရာ့ငါးဆယ် ရမည် ..၊ တစ်လလုံးမှာမှ .. ခုနစ်ထောင့်ငါးရာ .. ဒါ.. တစ်ပြားမှမသုံးဘဲနေမှ ဖြစ်မည့်ကိစ္စ ..။ မှုး .. ရင်ထဲ လေးနေရသည့် အဖြစ် .. ဒါပေမယ့် .. မှုး ကံကောင်းသည်ဟုပဲ ပြောရမည်လား မသိ..။

တ..ာယ်တမ်း ဒေါ်ကြီးကြွေ ညနေဘက် ပိုက်ဆံရှင်းသည့်အခါ ကျတော့ ပြုံး၍ ...

"ညည်းကို စိတ်စမ်းကြည့်တာပါ အေရယ် .. နှစ်ရာ့ငါးဆယ်ဆို ရင် .. မလုပ်ဘူးလို့များ ငြင်းမသားလို့ပါ .. ကဲ .. ကဲ .. နှစ်ထောင်ပေး လိုက်မယ် ဟုတ်ပလား .. ကဲ .. ယူ .."

ဟု ကြည်ကြည်ဖြူဖြူ ပေးလာတော့ မှုး မျက်ရည်လာသည်။ ဒေါ်ကြီးကို လက်အုပ်လေးချီပြီးမှ ပိုက်ဆံကိုယူသည်။ ပိုက်ဆံလေးကို တုန်ခါနေသည့် လက်အစုံဖြင့် အနိုင်နိုင်ကိုင်နေရပါသည့်အဖြစ် ..။ မျက်ရည်ကိုလည်း အနိုင်နိုင် ထိန်းနေရသည်ပါပဲ ..။

ခြေလှမ်းတွေ အနိုင်နိုင်လှမ်း၍ ထွက်လာရစဉ်နိုက် လက်ထဲမှာ ပိုက်ဆံနှစ်ထောင် ပါလာသည်။

ခါးတွေတောင့်ခဲနေသည့် ဝေဒနာကလည်း တစ်ဆက်တည်း နာကျင် စွာ ခြေလှမ်းတိုင်းမှာ ရှိနေရလျက် ..၊ လက်မောင်းတွေလည်း တောင့်ခဲ နေပြီ ..။ တစ်ခုခုတော့ ဒေါ်လေးထား ဆိုင်မှာ ဤပိုက်ဆံလေးကို ချေတာ ပြီး ဝယ်ရမည်။ မှုး ဆိုတာ .. မှုး ၏ လုပ်စာဖြင့်သာ ထမင်းလုတ် တိုင်းကို စားချင်သည့် မှုး ဖြစ်နေသည်လေ ..၊ ပန်းကန်ဆေးရင်း ရေစို ရေစင်ထားသည့် ဖိနပ်လေးဆီမှ ခြေလှမ်းတိုင်းမှာ တကျွိကျွိမြည်သံ ပေါ်နေသည်။ ဘဝတစ်ခု၏ အစပါလားဟု မှုး တွေး၏။ သေချာတာ တစ်ခုကတော့ .. ဤမြင်ကွင်းကို ဒက်ဒီ မြင်ရင်လည်း ထိနိုက်ချေမည် ဆိုသည့် အချက်ပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးဇောဖြင့် ကရုဏာဒေါသောနှင့် ပြောသည့်စကားတွေအတိုင်း ဒက်ဒီ့ အဆုံးအဖြတ်ကို မြေဝယ်မကျ မှူး နားထောင်ပေးလိုက်ပါသည်။

ပန်းကန်ဆေးသည့် မှူး ၏ ဘဝကို စတင်ခြင်းဖြင့်ပါ ..။

"မှူး လေ .. ကိုကိုကလွဲပြီး .. တခြားသူတစ်ယောက်ကို လက်မထပ်နိုင်တာမို့ .. ဒက်ဒီ သဘောတူတယ်ဆိုတဲ့သူကို လက်မခံခဲ့ရတာပါ .. အဲဒီအတွက် အခု .. မှူး .. ထမင်းဆိုင်တစ်ခုမှာ .. တကယ့်ကို .. ပန်းကန်ဆေးတဲ့ မှူး အဖြစ် ရှိနေရပါပြီ .. ဒက်ဒီ ပြောသလို နေပေးလိုက်ရပါပြီ .. မှူး ကို ဒက်ဒီ အပြစ်ဒဏ်ပေးလိုက်တဲ့အတိုင်း နာခံပေးလိုက်ရပါပြီ ဒက်ဒီရယ် .. ကိုကိုရေ .. မှူး ကို .. မှူး ကို .. ဘယ်တော့မှ .. ဒီအဖြစ်နဲ့လည်း မတွေ့ပါနဲ့တော့ .. မှူး ကိုလည်း .. မေ့လို့မရရင်တောင်မှ .. ဘယ်တော့မှ .. မဆုံနိုင်တော့တဲ့ မှူး ဆိုတာကိုတော့ .. သိပေးလိုက်ပါတော့ .. သိပေးလိုက်ပါတော့ .. မှူး ချစ်တဲ့ ကိုကိုရယ်.."

မှူး .. လမ်းမပေါ်မှာပဲ တစ်ချက်မျက်ရည်ကျ၏။ ခေါင်းကိုငုံ့ကာ ခပ်သုတ်သုတ်လျှောက်လာမိရသည်။ မျိုး ပြန်မရောက်ခင် မှူး အိမ်ကို အရင်ရောက်ဖို့ လိုသည်လေ ..။

မှူး .. ဘာတွေလုပ်နေသည်ဆိုတာမျိုး သိ၍မဖြစ် ...။





ချစ်သူနဲ့ဝေးတဲ့နေရာ
ဘယ်လိုပဲ ရှာဖွေရှာဖွေ
အာသာချေ ဝေဒနာတွေမွှဲ့
ဝန်စံမိပါတဲ့ ဤစိတ်အစဉ် ....။

ကျွမ်းလှလှ တမြှမြှကြွေဆဲ
ကော်စဲတဲ့ ဤဝေဒနာဝဏ်
ကြေညာရန်မလိုတဲ့ လွှမ်းလဲစံစား
နှလုံးသားထဲက ဤချစ်ကမ္ဘာ
ဝါ၏ရင်မှာ နွဲ့နစ်ကာတည်မြဲရဲ့ ....။

ရေးမဆုံးတဲ့ ဤအာတ်အဆွေး
ချစ်သူနဲ့ဝေးတဲ့နေရာ
ဘယ်မှာမှ ရှာမရ ဝါသိရပြီ ..။

ကြော် ...
ဘယ်လိုမှ ဖြေဆည်မရ မျက်ရည်ကျသည် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

သော့ကိုဖွင့်စဉ်မှာ လက်ချောင်းလက်ဆစ်လေးတွေ ကိုက်ခဲနေသည်။ လက်ကောက်ဝတ်နေရာတွေလည်း တဆစ်ဆစ် ဖြစ်နေပြီ ..။ မှူး အနိုင်နိုင် အိမ်ထဲဝင် .. ခြေပစ်လက်ပစ် ထိုင်ချလိုက်ကာ လက်ထဲဆုပ်ခဲကိုင်ထားရာ ငွေနှစ်ထောင်ကို လက်ဖဝါးလေးဖြန့်၍ ကြည့်မိ၏။ ရင်ထဲမှာ ဘယ်လိုကြီးမှန်းကို မသိတော့ပြီ။ ဆို့နေတာပဲ သိနေရသည်။ မျက်ရည်က ပြိုကျ၏။ သူတကာစားထားသည့် ပန်းကန်တွေ ဆေးရစဉ်က ဟင်းဆီတွေ လူးကပ်နေသည့် လက်ဖဝါးတွေ ..။ လက်ကောက်ဝတ်လေးတွေ ..။ ရေဇလုံထဲ ပန်းကန်တွေ နှစ်၍နှစ်၍ ဆေးနေရစဉ်မှာ ရေသန့် မကျင်း မဆေးရသည့်အခိုက် ထိုဆီတဝေ့ဝေ့ ပေနေသည့် လက်တွေကို ကြည့်ရင်း မှူး အသန့်ကြိုက်မှာဖြင့် ရင်ထဲနောက်တက်လာနေခဲ့ရသည်ပဲလေ ..။

တချို့ဆို တစ်ရှူးဖြင့် ပါးစပ်ပါးနား သုတ်ထားတာတွေကအစ ပန်းကန်ထဲ လုံးထည့်ထားတာတွေပင် ပါလာသည်မို့ ..။ ပန်းကန်ဆေးနေရာလေးဘေးမှ အမှိုက်ခြင်းထဲ ထည့်ရသည်။ တချို့ကျတော့လည်း စားကြွင်းစားကျန် ပါလာသည်။ လက်ဖြင့်သိမ်းယူ၍ ဘေးဘက်မှာ ချထားသော လေးထောင့်သံပုံးထဲ မှူး ထည့်ထည့်ခဲ့ရသည်ပဲလေ..။





မှူး နေရာမှ ခပ်လေးလေး ထသည်။ ဓာတ်ဘူးထဲမှ ရေပူပူကို ရေဖလားထဲ လောင်းထည့် ..၊ ရေအေးဖြင့် ပြန်စပ် ..။ သေချာဖင်ထိုင်ခုံပုလေးမှာ ထိုင်ကာ ဆပ်ပြာဖြင့် လက်ကို အထပ်ထပ် ဆေးနေမိသည်။ နောက်တော့ ရေအေးဖြင့် ဆေး ..။ အဆုံးသတ်အဖြစ် ရေနွေးဖြင့်ဆေး..၊ ပြီးခါမှ လက်သုတ်ပဝါဖြင့် သေချာ ခြောက်အောင်သုတ် .. ခုကျတော့မှပင် ရင်ထဲမှာ အတန်မျှ သက်သောင့်သက်သာဖြစ်စပြုလာရသည်က မှူး ပါ ..။ ခုမှ ရေတစ်ခွက် ခပ်သောက်မိရသည်။

မျိုး ပြန်ရောက်လာလျှင် စားနိုင်ဖို့ ဟင်းတွေ ပြန်နွှေး ..၊ ဘာမှ အရာမယွင်းသည့် ဟင်းအိုးကိုကြည့်ကာ မျိုး မသက်မဖြစ်အောင် နေ့လယ်စာကို ကြက်ဥလေးကြော်၍ စားလိုက်သည်ဟု လိမ်ပြောမည်ဟု ခုကတည်းက ကြိုတင် ပြင်ဆင်ထားလိုက်ရသည်ပါပဲ ..။ ကြက်ဥအရေအတွက်ကို သိချေမည့် မျိုး ကို လှည့်စားနိုင်အောင် ကြက်ဥတစ်လုံးကို ဖောက်၍ ကြက်သွန်နီအကွင်းလိုက် လှီးကာ ရောမွှေ၍ ကြက်ဥမွှေကြော်တစ်ပွဲကို ငရုတ်သီးအစိမ်းလေး ပါးပါးလှီးထည့်၍ ခေါက်မွှေကြော်အဖြစ် ကြော်ထားလိုက်ရပြန်၏။ သဘောက ကြက်ဥနှစ်လုံးဖောက်ကြော်သည်ပေါ့ ..။ ဒါမှ နေ့လယ်က ကြော်စားသည်ဆိုသည့် ကြက်ဥကို ဤတစ်လုံးထဲ အရေအတွက် ပေါင်းထည့်လိုက်နိုင်မည်လေ ..။

ပြီးတော့ မှူး ထိုင်ကာ ခြေထောက်လေးစင်း၍ လက်လေးတွေဖြင့် ခြေသလုံးတွေ ပေါင်တွေကို နှိပ်နေမိရသည်။ ပန်းကန်တွေ ဆေး၊ အိုးတွေတိုက်ဖြင့် မနားမနေ ရှိခဲ့ရလေသမျှ ခြေသလုံးတွေ ပေါင်တွေလည်း ဆစ်ဆစ်ပါအောင် ကိုက်နေသည်။ ခါးလည်း တောင့်ခဲနေသည်ပါပဲ..။

မှူး .. ခြေချောင်းလေးတွေ ချိုးမိပြန်သည်။ လက်ဆစ်လေးတွေ ချိုးမိပြန်သည်။ ညောင်းလိုက်သည့် အညောင်း .. ပြေကို မပြေနိုင် ..၊ ကိုက်ခဲလိုက်ပါသည့် အဆစ်တွေ ပြေကိုမပြေနိုင် ..။

မှူး .. အခန်းထဲဝင်ကာ ခေါင်းအုံးလေး ဖျာပေါ်တင်ကာ ခဏလှဲ



www.burmeseclassic.com

www.burmeseclassic.com



နေမိပြန်၏။ မျိုး ပြန်မရောက်သေးခင် နားခွင့်လေး အချိန်ရသမျှ ခဏ တော့ နားလိုက်ဦးမည် ..။

အကြည့်က စာရေးစက္ကူထက်မှာ တစ်ချက်တန့်၏။ ရင်ထဲမှာ ဆို့နေလျက် အရမ်းသတိရနေသည်က .. ဒက်ဒီလည်း ပါသည်၊ သြော်.. ကိုကိုလည်း ပါနေသည် တကား ...။

"ကိုကိုရယ် .. ကိုကိုနဲ့ ဝေးတဲ့နေရာကို သွားမယ်လို့ ပြောမိခဲ့ပေမယ့် .. တကယ်တော့ .. ချစ်တဲ့သူနဲ့ ဝေးတဲ့နေရာကို ဘယ်လိုပဲ ရှာဖွေရှာဖွေ .. မရောက်နိုင်ဘူးဆိုတာ မှူး သိနေရပါပြီ .. မှူး ရဲ့ နှလုံးသားတွေလည်း တမြည့်မြည့် ကျွမ်းနေကြရပါပြီ ကိုကိုရယ် .. ကိုကို့ကို ချစ်တဲ့ မှူး ရဲ့အချစ်တွေဟာ ကိုကို သိအောင်လည်း ကြေညာခွင့် မရ တော့ပါဘူး ကိုကို .. ဒါပေမယ့် .. မှူး ရဲ့ နှလုံးသားထဲမှာတော့ စွဲနစ်အောင် နစ်မှစ်ကာ ( ာ ရှိနေကြမှာပါပဲ .. ဒီအဆွေးဓာတ်ဟာ .. ဘယ်တော့မှလည်း မဆုံ နိုင်တော့သလို .. ကိုကိုနဲ့ ဝေးတဲ့နေရာကို ဘယ်တော့မှ ရှာမရပြီဆိုဟာ သိနေရင်း.. မှူး .. မျက်ရည်ကျနေရပါပြီ ကိုကိုရယ်.. ကိုကိုနဲ့ ဝေးဟဲ့နေရာကို ရှာမယ် .. ထွက်သွားမယ် .. တခြားသူတစ်ယောက်ကို အန်တီမေ စိတ်ကျေနပ်အောင် လက်ထပ်မယ်ဆိုတာ.. လက်ထပ်ပေးလိုက်ပါ့မယ်ဆိုတာတွေဟာ .. လက်တွေ့မှာ .. လက်တွေ့မှာ .. ဖြစ်မလာနိုင်လောက်အောင် .. ကိုကို့ကို ချစ်တဲ့အချစ်တွေက မှူး ကို .. အမြဲစိုးမိုးနေကြတာပါ .. လွမ်းလိုက်တာ ကိုကိုရယ် .. တစ်ချိန်က စိတ်နောက်ကိုယ်ပါ .. ဆုံးဖြတ်မိခဲ့တဲ့ အဆုံးအဖြတ်တစ်ခုအတွက် .. မှူး လေ .. အဲဒီလို .. အန်တီမေ အတွက် ဒက်ဒီ့စကား အကြွေးဆပ်တဲ့ မှူး အဖြစ် ရှိရစ်စေမယ်လို့ သွေးရူးသွေးတန်း ဆုံးဖြတ်မိတာတစ်ခုအတွက် .. မှူး ဖြေဆည်လို့ မရ .. မှူး ရဲ့အချစ်ကို မှူး ပြန်ပြီးတော့လည်း မျက်နှာပူမိရ .. မျက်ရည်လည်း ကျနေမိရပါပြီ ကိုကို .."

မှူး တစ်ယောက်တည်း ပြောနေမိခြင်း ..၊ ပြောရင်း ငိုမိသည်။





င်း ပြောမိသည်။ အခန်းထဲမှာ လူးလဲနေအောင် ခံစားရပါသည့်ဝေဒနာ ို အနိုင်နိုင်ထိန်းဖို့ ကြိုးစားနေရင်းဖြင့်ပင် ကြိုးစားမှုက အရာမထင်..။ း .. မျက်ရည်ကျတာ တန့်မရ ..၊ မှူး ၏ လက်ဖဝါးလေးတွေက ည်ပင်းကို ဖေးအုပ်ထားသည်။ လည်ချောင်းတွေ ဆို့ကျပ်ခဲနေသည် း လေ ..။ အသက်ရှူရတာပင် အားမကျန်တော့သည့်နှယ် ခက်ခဲမွန်း ျပ်နေသည့်အဖြစ် ..။

မှူး ၏ လက်လေးတွေက စာရေးစက္ကူကိုယူကာ ဘောလ်ပင်လေး လှမ်းအယူမှာ လက်ချောင်းလေးတွေက ဖြုတ်ခနဲ အားကုန်သည့် ယ် ဖြစ်ကုန်ရင်း လက်ထဲမှ လွတ်ကျ၏။ ဘောလ်ပင်လေးကို ကြမ်း ါမှ ပြန်ကောက် ..၊ ကဗျာလေးတစ်ပုဒ်ကို ချရေးလိုက်မိရသည်က ကို နှစ်၍ပါ ..။

သြော် .. နှလုံးသားသည် ဖျစ်ဖျစ်မြည်၍ ကွဲနေသည်သို့ ရှိနေသည် ာလေ ..။

ချစ်သူနဲ့ ဝေးတဲ့နေရာ
ဘယ်လိုပဲ ရှာဖွေရှာဖွေ
အသေချာ ဝေဒနာတွေဖွဲ့
ဝန်ခံမိပါတဲ့ စိတ်အစဉ် ...။

ကျွမ်းလုလု တမြေ့မြေ့ကြွေဆဲ
ခက်ခဲတဲ့ ဤဝေဒနာဒဏ်
ကြေညာရန်မလိုဘဲ လူးလဲခံစား
နှလုံးသားထဲက ဤချစ်ကမ္ဘာ
ငါ့ရင်မှာ စွဲနစ်ကာ တည်ချေရဲ့ ...။

ခရီးမဆုံးတဲ့ ဤဓာတ်အဆွေး
ချစ်သူနဲ့ ဝေးတဲ့နေရာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာမှ ရှာမရ ဇာသိရပြီ ...။

သြော် ...

ဘယ်လိုမှ ဖြေဆည်မရ မျက်ရည်ကျသည် ...။ ။

မှူး ၏ လက်လေးတွေ တုန်ခါနေဆဲ ...၊

ကဗျာ၏ အဆုံးအောက်ခြေမှာ ရေးချလိုက်မိသည်က.. ကိုကို သို့ ဆိုသည့် စာသားလေးပါ ...၊ သြော် .. နှလုံးသားစိတ်ကူးလေးဖြင့်သာ ကိုကို့ထံ ဤကဗျာလေးကို ပို့လိုက်ပြီးသွားပြီဟု နှလုံးသားတွေ ကျေနပ်နေအောင် ခံစားရင်း တွေးဖြစ်၏။ လက်တွေ့မှာတော့ ဤကဗျာလေးကို ဘယ်တော့မှ ကိုကို့ထံ ပို့ခွင့်မရှိတော့သည့်ဘဝပေပဲလေ ...။ ကြေကွဲနာကျင်စွာ ဤကဗျာလေးကို သိမ်းထားရုံပဲ ရှိချေမည်သာတကား ...။ မှူး စာရွက်လေးကို ခေါက်သည်။ အဝတ်အစားသေတ္တာ၏ အပေါ်ဘက်ရှိ အိတ်သေးတစ်ခုမှာ ခေါက်၍ ထည့်သည်။ လူသူမရှိချိန်ကျတော့မှ မှူး တစ်ယောက်တည်းသာ မကြာမကြာ ဤသေတ္တာကို ဖွင့် ...။ အတွင်းဘက်ရှိ ဤအပေါ်အိတ်ငယ်လေးထဲမှ ထုတ်ကာထုတ်ကာဖြင့် ပြန့်ဖတ်ရချေမည့်ကဗျာလေးသည် ယခုတော့ တိတ်ဆိတ်ဝမ်းနည်းစွာ ငြိမ်သက်နေရချေသည်ကောလေ ...၊

"မှူး ..."

အိပ်ခန်းတံခါးမှာ ရပ်နေသည့် မျိုး ...၊ မျက်တောင်မခတ် မှူးကို စိုက်ကြည့်နေသည့် အကြည့်တွေထဲမှာ လှိုက်ခါနေသည့် ထိခိုက်ခံစားရမှုတွေက အုပ်မိုးနေကြသည်။ မှူး လန့်သွားရပြီ။ တစ်ခုခုကို သိနေသည့် မျိုး အဖြစ် ရှိနေသည်လား .. ဟု မျိုး ၏အကြည့်ကို လန့်ရွံ့ဖြင့် ကြည့်နေမိခြင်း ...။ ထိုတစ်ခုခု ဆိုတာကလည်း တခြားမရှိ ...၊ မှူး ပန်းကန်ဆေးသည့်အလုပ်ကို လုပ်သည့်ကိစ္စ ...။ မျိုး .. မသိနိုင်ဟု စိတ်ထဲမှ ချက်ချင်းပြန်၍ အားပေးမိရပေမယ့် မှူး ရင်ထဲမှာ လန့်ရှိန်ကမတန့်သေးဘဲ ကျန်နေဆဲ ...၊ ဟန်ဆောင်ယ်၍ မှူး လှူးလဲထလိုက်မိကာ မျိုး ကို ပြုံး၍ကြည့်





မိရပါ၏။ မှူး ပြုံးပြတာကိုပြန်၍ တုံ့ပြန်မပြုံးဘဲ မျက်တောင်မခတ်ဆက်၍ မျိုးမျိုး ကြည့်နေတော့ မှူး ပို၍လန့်လာသည်။ ချောက်ချားလာသည်။ မနေတတ်မထိုင်တတ် ဖြစ်ချင်လာသည်။ မျိုး သိများသိသွားပြီလားဟု လန့်ခြင်း ...၊ ဟင့်အင်း .. မသိနိုင် ...။ ဟုတ်သည် .. မသိနိုင်...။ မျိုး က သင်တန်းသို့ သွားလိုက်သည်ပဲလေ ...။

"မျိုး ပြန်ရောက်ပြီကိုး .. မှူး .. ကော်ဖီပူလေးတစ်ခွက် ဖျော်လိုက်မယ် နော် .. အမောပြေ ဘီစကစ်လေးနဲ့ သောက် .."

မှူး ပြောကာ ကမန်းကတမ်း ထရပ်တော့ မျိုး မျက်ရည်ကျလာသည်။ မှူး ကို ပြန်ထိုင်ခိုင်းသည်။ နောက်တော့ အိပ်ခန်းပေမို့ တစ်ဖက်ဆိုင်နှင့် ထရပ်ပဲ ခြားသည်မို့ .. မှူး ကို ညှိခန်းသို့ ဆွဲခေါ်လာပြန်၏။ ဆာစောက မှူး ဖွင့်ဝင်ခဲ့သော အိမ်တံခါးမကြီးကို မျိုး သွားပိတ်သည်။ မှူး ၏ဘေးမှာ လာထိုင်သည်။ မှူး ၏ လက်ကို မပြောမဆို ယူ၍ကြည့်၏။ နောက်တော့ .. မျက်ရည်ကျလာသတည်း ...။ မှူး ငိုင်ခနဲဖြစ်သွားရပါပြီ ...၊ အရမ်းကို ငြိမ်ခြင်းမက ငြိမ်ကျသွားကာ မျိုး ကို ငေးစိုက်ကြည့်ရင်း မှူး အလိုလို သိလာရသည်က .. မျိုး သည် .. မှူး ဤနေ့မှာ ဘယ်မှာရှိနေသည် ...၊ ဘာလုပ်ခဲ့သည်ဆိုတာ သိသွားပြီဟု ...။

"မှူး ရယ် .. ငါ .. ရင်ထဲမကောင်းလိုက်တာဟယ် .. နင်မို့ .. နင်မို့ လုပ်ရက်တယ် မှူး ရယ် .. ဟင် .."

မျိုး မချိမဆံ့ ခံစားရင်း ငိုပြောခိုက်မှာ မှူး မျက်ရည်တွေ လိုက်ကျလာရပါပြီ ...။ သူငယ်ချင်း၏ ယူကျုံးမရ မွေ့ဖက်လိုက်သမျှကိုလည်း ငြိမ်၍ ပါသွားရရင်းမှ ကိုယ်လေးက တောင့်ခဲနေသည်။ ရင်ထဲမှာဆို့နေ၍ ...။ မျက်ရည်က အသံမဲ့စွာ ဆက်တိုက် ဖြိုင်ကျနေသည်။ မှူး ၏နှုတ်မှ တစ်ချက်မျှ ရှိုက်သံ ပွင့်ကျမလာ ...၊ ဤမျှ တိတ်ဆိတ်အသံမဲ့နေသည့် မျက်ရည်မျိုး .. မှူး မကျစဖူး ...။ ရင်ထဲမှာဆို့ခဲနေတာပဲ ရှိနေသည်။

"ငါ .. ငါ .. အစကတည်းက အဲဒါကို လန့်နေတာ .. စိုးရိမ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ .. နင် .. နင် .. ဒီနေ့မှာ .. တစ်ခုခု လုပ်လိမ့်မယ်လို့ ငါ ရင်ထဲလေး နေတာ .. အဲဒါကြောင့် .. ငါ .. ဟန်ပြပဲ သင်တန်းသွားသလို နင့်ကို အယုံသွင်းပြီး ပြန်လှည့်လာတာ .. ဟိုးဘက်က အကြော်ဆိုင်ထောင့်လေးမှာ ထိုင်ရင်း ဟန်မပျက် .. ဘေးလူလည်း မရိပ်မိအောင် အကြော်မှာစား .. ကောက်ညှင်းပေါင်းစားနဲ့ လုပ် .. ရေနွေးကြမ်းတစ်အိုးနဲ့ .. ငါ ရှိနေခဲ့တာ မှူး .. နင် .. နင် .. ဒီကထွက်ပြီး .. ဘယ်ကိုသွားတယ် .. ဘာတွေလုပ်ခဲ့တယ်ဆိုတာ .. ငါ .. နောက်က နင် မသိအောင် ခွာပြီး လိုက်ခဲ့ရင်း .. သိခဲ့မြင်ခဲ့ရပြီးပြီ သိလား .. နင် .. လုပ်ရက်တယ် မှူး ရယ် .. နင် အန်ကယ်ပြောတဲ့အတိုင်း .. လိုက်လုပ်ရသတဲ့လား .. အဲသလို ပြောတာဟာ .. အန်ကယ်က .. တကယ်လုပ်ခိုင်းတာ မဟုတ်ဘူးဟ.. အဖေတစ်ယောက်က အဲသလောက်ထိ နင့်ကို လက်တွေ့မှာ လုပ်စမ်းဟဲ့ဆိုပြီး ပြောတာမဟုတ်ဘူး .. နင့်ကို ပြန်လာစေချင်လို့ဖြစ်မှာ .. ဖြစ်မှာပါဟ .. နင် .. နင် .. ဒီလက်လေးတွေကို .. ခိုင်းရက်လိုက်တာဟယ်.. နင့်ကိုယ်နင်လည်း ခိုင်းရက်လိုက်တာ .. ငါလေ .. အဲဒီဆိုင်မှာ တမင်ဝင်ပြီး နေ့လယ်စာ စားခဲ့သေးတယ် သိလား .. ကောင်တာမှာ ငွေရှင်းရင်း .. နောက်ဖေးဘက် ခဏလေးသွားချင်တယ်လို့ ခွင့်တောင်းတော့.. ငါ တကယ်ပဲ လက်ထရိန်တက်ချင်တယ်ထင်ပြီး .. နောက်ဘက်ကိုလည်း သွားခွင့်ပြုတယ် .. လက်ထရိန်ကို ဘယ်လိုသွားဆိုတာလည်း ပြောပြတယ် .. ငါ .. အနောက်ဘက် မီးဖိုဆောင်ဘက်ကဖြတ်ပြီး .. အပြင်ဘက်က လက်ထရိန်ကို မသွားခဲ့ပါဘူးဟယ် .. မီးဖိုခန်းကူးအပေါက်ဝမှာ ခဏရပ်ကြည့်လိုက်ရုံပါပဲ .. နင် .. ပန်းကန်တွေဆေးနေတာ ငါ မြင်ရတယ် မှူး .. နည်းတဲ့ပန်းကန်တွေလား .. ထမင်းကျန် ဟင်းကျန်တွေ ပုံးထဲထည့်နေတာလည်း ငါ မြင်ရတယ် .. ငါ .. ရင်ထဲမခံနိုင်လွန်းလို့ ချက်ချင်းလှည့်ပြန်လာမိတာ .. ရင်ထဲ ဆောက်တည်ရာကို ပျောက်ရော .."





မျိုး ပြောနေသမျှ ငြိမ်၍ မှူး နားထောင်နေသည်။ ဘာတစ်ခုမှ မပြော ..၊ ပြောရန်လည်း စကားမရှိတော့ပြီ ..၊ အားလုံး မျိုး မြင်ပြီးခဲ့ပြီပဲလေ ..။ မထူးတော့သည့်အဖြစ် ..။

"ငါ .. အဲဒီ အဒေါ်ကြီးကို မေးတယ် .. ပန်းကန်ဆေးနေတဲ့သူကို မျိုး မြင်ဖူးသလိုလိုပဲလို့ .. သူငယ်ချင်းများ ဖြစ်နေမလား မသိဘူးလို့ ပြောရတယ် .. သူ့ဆိုင်က အလုပ်သမားမို့ ဝင်ပြီး တိုက်ရိုက်မတွေ့တဲ့ သဘောပေါ့ .. တကယ်က အဲဒီအဒေါ်ကြီး ဘာပြန်ဖြေမလဲဆိုတာ မေးစမ်းကြည့်တာပါ.. အဒေါ်ကြီးက ဖြေတယ်လေ.. သက်သက် လို့ ပြောတာပဲတဲ့ .. အလုပ်လာတောင်းတာနဲ့ အစမ်းခေါ်ခိုင်းကြည့်တာတဲ့ .. လုပ်ပုံကိုင်ပုံလေးတော့ မဆိုးပါဘူးတဲ့ .. သေသပ်ပါတယ်တဲ့.. သူလည်း တစ်ချက်တစ်ချက် သွားပြီး ဆိုင်နောက်ဘက် မီးဖိုဘက်ကူးတဲ့တံခါးမှာ ရပ်ရပ်ကြည့်ခဲ့ပါတယ်တဲ့ .. သူ့ဆိုင်မှာ ပန်းကန်ဆေးတဲ့ ကောင်လေး အလုပ်ထွက်သွားတာမို့ .. ခုလို .. ပန်းကန်ဆေးတဲ့လူသစ် အလိုလိုရလိုက်တာ ကံကောင်းတယ်လို့တောင် ပြောသေးရဲ့ .. အဲဒါ ငါက သက်သက် ဆိုရင်တော့ .. ငါ့သူငယ်ချင်းနဲ့ နာမည်မတူပါဘူးလို့ ဟန်မပျက်ပြောပြီး နှုတ်ဆက်ပြန်ခဲ့တာ သိလား .. အဲဒီဆိုင်မှာ နင့်ကို ဝင်ဆွဲမခေါ်တာက.. ဘေးဘီက အရမ်းသတိထားမိကုန်မှာမို့လို့ပဲ.. နင်ကလည်း ခေါင်းမာတဲ့ လူ.. ပြန်လိုက်မှာ မဟုတ်ဘူးဆိုတာ လည်း ငါ သိနေတယ်လေ.. ငါ.. စိတ်ညစ်ညစ်နဲ့ .. နေ့တစ်ဝက် သင်တန်းကို ပြန်သွားနေလိုက်ရတယ်.. အိမ်မှာ ပြန်နေလို့လည်း မဖြစ် ဖူးလေ .. နင် ပြန်လာချိန်မှာ ငါမရှိဘဲဖြစ်နေရမှာ.. ဒါမှ.. နင့်အကြောင်းတွေ ငါ သိနေတယ်ဆိုတာ.. နင် ချက်ချင်း မသိဘဲရှိမှာပေါ့ .. အလုပ်က မောမောပန်းပန်းပြန်လာတဲ့ နင့်ကို ဆီးပြီး မဆူရက်ပါဘူးဟယ် .. သနားလွန်းလို့ပါ .. ခုလို.. ငါ.. ခါတိုင်းပြန်ရောက်ချိန်ကျတော့မှပဲ .. နင့်ကို .. ပြောမယ်လို့ ဆုံးဖြတ်လိုက်ရတာ .."

မှူး ဘာမျှပြန်မပြော ..၊ ငြိမ်ခြင်းမက ငြိမ်နေဆဲ ..။



www.burmeseclassic.com

www.burmeseclassic.com



မျိုး မှူး ၏ပခုံးကို စိတ်မောပုံဖြင့် လှုပ်ခါလိုက်ကာ ...

"နင် .. အဲသလို ငြိမ်နေရုံနဲ့ ပြီးမသွားဘူး မှူး.. ဒီမှာ .. မျိုး ပြော မယ် .. နောက်တစ်နေ့ .. အဲဒီမှာ နင် သွားအလုပ်လုပ်ကြည့် .. မျိုး ပါ လိုက်ပြီး တူတူ ပန်းကန့်ဝင်ဆေးမှာ သိလား .. မလုပ်ဘူး မထင်နဲ့ ငါ တကယ်လုပ်မှာနော် .."

မှူး ဤတစ်ကြိမ်မှာတော့ မျိုးမျိုး ကို ကြည့်လိုက်ရပါပြီ။ မျက်ရည် တွေ ပြည့်သိပ်နေသည့်အကြည့်တွေထဲမှာ ထွက်ပေါက်ပိတ်နေသည့် ခံစားချက်တွေက စွန်းထင်းနေ၏။

"ဒါဆို .. ဒါဆို .. မှူး က ဘာလုပ်ရမှာလဲ မျိုး .. ဟင် .. ဒက်ဒီ ဆီ ပြန်သွားရမှာတဲ့လား .. ဒက်ဒီ ပေးစားတဲ့သူကို လက်ထပ်ပေးလိုက် ရမှာတဲ့လား .. ဟင် .. ဖြေစမ်းပါ မျိုး ရဲ့ .. ဒါမှမဟုတ်ရင်လည်း .. ဒက်ဒီ က မသုံးနဲ့ မစားနဲ့လို့ ပြောထားတဲ့ငွေတွေကို .. ဆက်ပြီး သုံးနေ ရင်းနဲ့ ဒီမှာ အစားအနေကိစ္စကို ဖြေရှင်းနေရမှာတဲ့လား .. ဟင့်အင်း အဲဒီနှစ်ခုစလုံးကို မှူး မလုပ်နိုင်ဘူး .. ဒက်ဒီ့ဆီကိုလည်း မပြန်နိုင်ဘူး ဘာလို့လဲဆိုတော့ .. ကိုကို့ကို ချစ်လို့ပဲ .. ကိုကိုကလွဲပြီး မှူး .. ဘယ်သူ ကိုမှ လက်မထပ်နိုင်လို့ပဲ .. လက်မထပ်နိုင်လို့ပဲ မျိုး ရဲ့ .. အဲဒီ အချစ် အတွက်.. မှူး ဘာပဲဖြစ်ဖြစ် လုပ်နိုင်တယ် .. ထမင်းဆိုင်တစ်ခုမှာ မှူး ပန်းကန်ဆေးတဲ့အလုပ်လည်း လုပ်နိုင်တယ်.. လုပ်နိုင်တယ် မျိုး ရဲ့ -

မှူး အသံလေးတွေ တိမ်ကျကုန်သည်။ အသံတွေအက်နေသည် တုန်ခါနေသည်။ မှူး ၏ နှုတ်ခမ်းလေးတွေ ဆတ်ဆတ်တုန်နေသည် စိတ်အရမ်းထိ၍ထင့်.. နှုတ်ခမ်းလေးတွေ အနည်းငယ် ပြာနှမ်းနှမ်းဖြစ် ပြလာနေတာကို တုန်လှုပ်စွာ မျိုး မြင်နေရပြီ ..၊ မှူး ၏ မျက်နှာဖြူဖြူ လေးသည်လည်း ပြာနှမ်းနှမ်းဖြစ်စ ပြလာနေသည်။ မှူး ၏ ကိုယ်လေး နောက်သို့ လန်ခနဲဖြစ်မလိုရှိတော့ စိုးရိမ်တကြီး မျိုးမျိုး ပွေ့ငင်ထိန်း လိုက်ရပါပြီ။





ထိုအခါမှ မှူး .. မျိုး ၏ ရင်ခွင်မှာ ကလေးလို မျက်နှာအပ်၍ စိတ်ကိုလွှတ် ငိုသည် ..။ မျိုးမျိုး မတား ..၊ ငိုစေတော့ဟု လွှတ်ထား ပေးလိုက်ရင်းမှ မှူး ၏ ကျောပြင်လေးကို ဖွဖွသပ်ပေးနေမိရပါ၏။

"မျိုး တောင်းပန်ပါတယ် မှူး ရယ် .. မျိုး ကလည်း သူငယ်ချင်းကို ချစ်တဲ့စိတ်နဲ့ ပြောမိတာပါ .. မျိုး ရှိပါတယ် မှူး ရဲ့ .. မှူး ကို မျိုး ရဲ့ ရှိတဲ့ငွေနဲ့ ကျွေးထားနိုင်ပါတယ် မှူး ရဲ့ .. သင်တန်းမှာကလည်း အန်တီကြူ က သူလက်ခံထားတဲ့ အဝတ်တွေအတွက် .. မျိုး ကို လက် လွှဲတဲ့အခါတွေမှာ .. အထိုက်အလျောက် ချီးမြှင့်တဲ့သဘော ပိုက်ဆံပေး နေတာပဲ ဥစ္စာ .."

"ဟင့်အင်း .. မှူး .. မျိုး ကို အဲဒီတာဝန် မပေးနိုင်ဘူး .. မှူး ရဲ့ တာဝန်ကို မှူး ပဲ ယူချင်တယ် .. မျိုး ကို ဒုက္ခမပေးနိုင်ဘူး .."

ငိုနေရင်းမှ မှူး ပြောတော့ မျိုး သက်ပြင်းရှိုက်သည်ပါပဲ။ ခေါင်းမာ သည့်စိတ်လေးက ခက်နေသည်ကော .. ဟု မှူး ကို ကရုဏာဖြင့် ကြည့် မိရသည်က မျိုး ပါ ..။ လောလောဆယ် ပြော၍ရမှာမဟုတ်တာကိုလည်း နားလည်လာသည်မို့ .. မနက်ဖြန်မနက်ကျတော့မှ မှူးလေး ပန်းကန် ဆေးအလုပ် မသွားအောင် အချိန်ယူ ဖျောင်းဖျ နားချယူတော့မည်ဟု မျိုးမျိုး ဆုံးဖြတ်လိုက်သည်ပါပဲ ..။

မှူး ကတော့ .. မျိုးမျိုး ၏ ရင်ခွင်မှာ ငိုနေဆဲ ..၊ ဪ .. လော လောဆယ်မှာ မျိုး ၏ ရင်ခွင် .. ဤသူငယ်ချင်းတစ်ယောက်၏ ရင်ခွင် မှာသာ .. ရင်ဖွင့် ငိုခွင့်ရရာတစ်ခုသာ ရှိချေသည်ကိုးလေ ..။ တိုးသော ရှိုက်သံလေးကတော့ ညှို့ခန်းငယ်လေးမှာ တိုးတသဲ့သဲ့ ရှိနေဆဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"ညည်းဥစ္စာ .. သေချာရဲ့လား မြမြခင် ရယ် .. မျက်စိများ လွဲ
သလားနော် .. မိန်းကလေးက နုနုဖတ်ဖတ်ရယ် .. နေတာထိုင်တာ
ကလည်း သန့်သန့်ပြန့်ပြန့် .. သေသေသပ်သပ်နဲ့အေရဲ့ .. အဲသလို အ
ထဲကတော့ ဟုတ်ဟန်မတူပေါင် .."

ဒေါ်ထား မှာ ပထမတော့ နားကြားများလွဲရော့ .. ဟု ထင်မိသည်
နောက်တော့လည်း မြမြခင် မှ တပ်အပ်သေချာ အတိအကျပြော
တော့လည်း စိတ်ထဲမယုံနိုင်သေးသည့်စိတ်ဖြင့် မေးမိရသည်ပါပဲ ..

မနက်ဘက် ဆိုင်ဖွင့်၍မှ မကြာသေး ..၊ ဆွဲခြင်းငယ်လေး
မြမြခင် ရောက်လာသည်။ မြမြခင် ဆိုတာက လမ်း၏ ရုပါအော်လန်
အမည်ပေးထားရလောက်အောင် အရာရာ နဲ့စပ်သတင်းစုံတတ်သူ
သူ..၊ ခုလည်း .. ကိုယ့်အခန်းလာငှားနေသည့် ကောင်မလေးနှစ်ယော
ထဲမှ ခပ်ချောချောကောင်မလေးကို ဒေါ်ကြွေတင် ထမင်းဆိုင်
ပန်းကန်ဆေးအလုပ် လုပ်နေသည်ဟု လာ၍ သတင်းပို့ခြင်း ..။

"ဟုတ်ပါတယ်ဆိုမှ ဒေါ်လေးထား ကလည်း နော် .. မယုံဘဲရှိ
သေးသတဲ့တော်ရယ် .. မနေ့ညနေပိုင်းမှာ မြမြ ဟင်းကလည်း ကုန်သွား





လို့ .. အိမ်က အကောင်တွေ နင်းကန်ဟင်းတွေ နေ့ဖို့ညစာ မကြည့်ဘဲ
တီးပစ်ကြလို့ .. မြည်တွန်တောက်တီးပြီး ဒေါ်ကြီးကြွေ ဆိုင် ဟင်းအဝယ်
ရောက်သွားရတာလေ .. ကိုမြိုင် ရောက်လာချိန်လေးမှာ ထမင်းစားသနိုက်
ဟင်းကောင်းလေးတစ်ခွက်တော့ ပါမှဖြစ်မှာလေ ဒေါ်လေးထား ရဲ့..
ဘောလုံးကန်အပြန်တဲ့ အိမ်ကသားနှစ်ကောင် ဗိုက်ဆာတယ်ဆိုပြီး
နောက်တစ်ကျော့ ထမင်းဝင်တီးကြတာ .. ဟင်းပြောင်လုလု .. ထမင်း
ကုန်လုလု .. ဖြစ်နေတာနဲ့ .. ထမင်းတစ်အိုး ပြန်တည်ရ .. ဟင်းလည်း
ထပ်မချက်ချင်တော့ပါဘူးလေဆိုပြီး .. သားနှစ်ကောင်ကို ဆူပူအိမ်စောင့်
ခိုင်းခဲ့ပြီးတော့ .. ဒေါ်ကြီးကြွေ ဆိုင်ဘက် ထွက်ခဲ့ရတာ သိရဲ့လား .."

မြမြခင် ဆိုတာက ပြောလိုက်လျှင်လည်း သိုင်းကာဝိုင်းကာ ဖြော
တတ်ကျင့်က ခေါက်ရိုးကျိုး အမာထိုင်နေပြီ။ ခုလည်း ပြောသည့်ကိစ္စ
က လိုရင်းမရောက်..၊ သားနှစ်ကောင် ဟင်းစားပစ်တာတွေလည်း ပါ
နေသည်။ ထမင်းတစ်အိုး ညဘက်မှာ အပိုထပ်တည်ခဲ့ရတာလည်း
ပါနေသည်။

"ကိုမြိုင် က ပေါ်ဆန်းမွှေး စားတာဆိုတော့ .. ထမင်းတစ်အိုး ..
အပိုထပ်တည်ရတာကိုက .. အဲဒီ သားနှစ်ကောင်ကြောင့် စရိတ်ပိုကုန်
တယ်လေ ဒေါ်လေးထား ရဲ့ .. အဲဒါ ဆူရတာပေါ့ .. ဟဲ့ .. ပေါ်ဆန်းမွှေး
ဆိုတာ ထမင်းချက်တာနဲ့ ဘေးလေးအိမ်လောက်ကို အနံ့မွှေးတဲ့ ဆန်မျိုး
ဟဲ့ .. ဈေးကြီးသဟဲ့ .. နင်တို့ဆာရင် ဘိစကစ်ပုံးထဲက တစ်ချပ်နှစ်ချပ်
ယူစားလိုက်ပါလားဟဲ့ .. ကော်ဖီမစ်ထုတ် ဆယ်တွဲတစ်တွဲ ဝယ်ဝယ်ထား
ပေးတဲ့ဥစ္စာ .. ဟိုနေ့ကမှ ဝယ်ထားတဲ့ ဓာတ်ဘူးအသစ်ကြီးထဲ ရေပူ
ထည့်ထားတာရှိလျက်ကယ်နဲ့ ဖျော်မသောက်ဘဲ ထမင်းကိုမှ စားရသ
လားဟဲ့ .. ကြက်ရင်ပုံသားလေးတွေချည်း ချက်ထားတဲ့ဥစ္စာ မနက်စာ
ညစာဆိုတာ မသိဘူးလားဟဲ့ .. မသကာ .. ငါးရံ့ခေါင်းလေးနဲ့ ချက်ထား
တဲ့ ချဉ်ရည်ဟင်းနဲ့ ပုစွန်ခြောက် ဘာလချောင်ကြော်လေးရှိတဲ့အထဲက



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ယူ နယ်ဖတ်စားကြပါလားဟဲ့.. ဆိုပြီး ဆူခဲ့ရသလေ .. အဲဒါ .. ကြက်သားဟင်းနဲ့ .. ဆိတ်ကလီစာလေးပဲ ဒေါ်ကြီးကြွေ ဆိုင်က နှစ်ချိုင့်ဝယ်မယ် .. ကိုမြိုင့် ကို ကျွေးမယ် .. ကျန်တာမှ ဟိုနှစ်ကောင် စားပေ့စေ ဆိုပြီး စိတ်ပေါက်ပေါက်နဲ့ .. စတီးလ်ချိုင့် ဟိုတစ်နေ့က ဝယ်ထားတာလေးလေ လူမြင်သူမြင် ရှိသေ အထင်ကြီးအောင်ကိုင်ပြီး ထွက်ခဲ့ရတာ.."

အကြွားသန်သည့်နေရာမှာလည်း မြမြခင် တို့က နာမည်တစ်လုံးနှင့်မို့ သည်းခံနားထောင်ပေးလိုက်ရသည်က ဒေါ်ထား ပါ။ ခုထိ .. လိုရင်းစကားကို ရှင်းလင်းအောင် မပြောသေး ..၊ စကားမဆုံးသေး ..။ ဒေါ်လေးထား အိမ်က ဟိုချောချောကောင်မလေးက ထမင်းဆိုင်မှာ ပန်းကန်ဆေးသတော့ .. ဆိုတာလောက်ပဲ စကားအစတည်သည်။ နောက်ကျတော့ .. အကြွားစကားကို ဆင်ယင်ကျင်းပနေတာ အတောမသတ်။ နောက်ဆုံးအပိုဒ်ထဲမှာပင် စတီးလ်ချိုင့်အသစ်ဝယ်တာက ရောထည့်ထားသေးသည်။

"အဲဒါ .. ဒေါ်ကြီးကြွေ ကို ပြောရတာပေါ့ .. ဟင်းဖတ်ကောင်းဖို့ လိုပါတယ်ပေါ့ .. ချိုင့်ထဲ သူတို့ကြိုက်သလို ခပ်ထည့်ပေးလိုက်တဲ့ အထဲမှာ ကြက်ရိုးများတာ ပါနေရင် ကိုမြိုင် အစားပျက်ပါ့မယ်ပေါ့ .. ဈေးပိုပေးရပေးရ .. ကြက်ရင်ပုံသားတွေချည်းပဲ လိုချင်ပါတယ်ပေါ့.. အိမ်က ရင်ပုံသားဟင်းကို အလိုက်ကမ်းတရားမသိ ဟိုနှစ်ကောင်တီးပစ်လို့ပါပေါ့ .. အဲသလိုပြောတော့ .. ဒေါ်ကြီးကြွေ ဆိုတာက သဘောပြည့်တယ် မဟုတ်လား .. အေးလေ .. ကိုမြိုင် ဆိုတာ ကုမ္ပဏီမှာ စာရင်းကိုင်ကြီးဥစ္စာ .. အိမ်မှာတော့ ညစာစားတဲ့အခါ ဟင်းကောင်းကျွေးကောင်းလေးနဲ့မှ ထိုက်တန်ပေသပေါ့လို့ပြောပြီး .. မီးဖိုခန်းထဲထိ ဝင်ပါ.. ကြိုက်တဲ့အသား လက်ညှိုးထိုး ခပ်ခိုင်းပါ .. ဟင်းတစ်ပွဲမှာ ကြက်သားခြောက်တုံးပါတဲ့ ထုံးစံအတိုင်း .. ကြိုက်တဲ့အသားသာ ယူ .. ဆိုပြီး ခွင့်ပြုတာလေ .. ဟုတ်တယ်လေ ဒေါ်လေးထား ရဲ့ .. ကိုမြိုင့် ကိုဆိုရင်ဖြင့် မြမြ





တို့က အလွန်ရှိသေတန်ဖိုးထားတာ ဒေါ်ကြီးကြွေ လည်း သိတာပေါ့.. မြ ဖြင့် .. မနေ့မနက်ကတောင်မှ ကိုမြိုင့် ကို ငါးကြော်ချက်လေးနဲ့.. မုန့်လာဥနီ ကြက်သည်းကြက်မြစ်ကြော်လေးပဲ ထည့်ပေးလိုက်ရတဲ့ ထမင်းချိုင့်အတွက် စိတ်ထဲ ဟင်းအမယ်မစုံတာ မချင့်မရဲကို ဖြစ်နေခဲ့ရတာလေ .."

ဖကြွားကတော့ ဆက်လက်ချီနေဆဲ ..၊ ထုံးစံအတိုင်း ဒေါ်ထားအနည်းငယ်တော့ စိတ်လက်မရှည် ဖြစ်စပြုလာရပြီ။ ယူလာသည့် ဆွဲခြင်းကို ဘေးချ၍ ဆက်တီခုံမှာ ထိုင်ပြီး မထစတမ်း အကြွားခန်းဖွင့်နေသည့် မြမြခင် ကို မျက်မှောင်ကုတ်၍ ဒေါ်ထား ကြည့်မိပြီ ..။

"ညည်းဥစ္စာကလည်း အေရယ် .. ပြောမယ့်စကားကို မရောက်နိုင်တော့ဘူး .. ကဲ မဏာစောင့် .. ဟိုမှာ အဝယ်ရောက်လာပြီ .."

ဆိုင်ထဲ အဝယ်ရောက်လာတာမို့ သွားရောင်းရပြီးမှ တစ်ကျော့ပြန်လာထိုင်ရသည်က ဒေါ်ထား ပါ။ ရေနွေးကြမ်း ငုံ့သောက်ပြီး စကားဆက်ဖို့ စောင့်နေသည့် မြမြခင် မှ ...

"အဲဒါ .. အဲဒီကောင်မလေးကို တွေ့တာပဲ ဒေါ်လေးထား ရဲ့ .. ဟိုတစ်နေ့က .. ဒေါ်လေးထား ဆီ ဈေးအဝယ်လာရင်း အဲဒီအိမ်ငှားအသစ်ဆိုတဲ့ ကောင်မလေးနှစ်ယောက်ကို မြမြ မြင်ဖူးထားတာ မဟုတ်လား .. တစ်ယောက်ကဆို .. ရုပ်ကလေးက တစ်ခါမြင်တာနဲ့ ဘယ်လိုမှ မမှတ်မိစရာကို မရှိအောင် ချောတဲ့ကောင်မလေးဆိုတော့ .. သူ့ကို ကောင်းကောင်း မှတ်မိတာပေါ့ ဒေါ်လေးထား ရဲ့ .. အဲဒါ .. အဲဒါ .. ပန်းကန်တွေ ဆေးနေတာမှ ပုံအောနေရောပဲ .. စဉ်းစားကြည့်လေ .. အဲဒါ .. မယုံနိုင်စရာကို ဖြစ်နေတာပေါ့ .. မြမြ ဖြင့် မနေ့ညကတည်းကဒီဘက်ကို လှည့်လာပြီး သတင်းပေးမလို့ .. ဒေါ်လေး က ဟိုနေ့က ပြောထားတယ်လေ .. အိမ်ငှားအသစ်ထဲမှာ အဲဒီရုပ်ချောလေးကဖြင့် ကဗျာဆရာမလေးဆို .. နယ်ကဆို .. အိမ်လေးကိုလည်း ယောင်းပုခိုး



www.burmeseclassic.com

www.burmeseclassic.com



ကောဇာတွေခင်းထားသဆို .. မီးဖိုလေးလည်း သန့်သဆို .. မြ နှစ်ခါ သုံးခါ လာဈေးဝယ်ချိန်တွေမှာ ဒေါ်လေး ပြောပြခဲ့တာပဲဥစ္စာ .."

"အိုအေ .. ညည်းပဲ ငါ့ကို စပ်စုလို့ .. မေးမြန်းလို့ .. ငါ .. အဲဒီရက်တွေမှာ ပြောပြောပြမိခဲ့တာပါ မြမြ ရယ် .. လူသစ်ရောက်လာတယ်ဆိုကတည်းက ညည်း ငါ့ဆိုင်အဝယ်ပိုကျတာပါနော် .. လာလာစပ်စုတယ်ဆိုတာ သိသပေါ့ မြမြ ရယ် .. အစင်းသိတွေ ဥစ္စာ .."

ဤတစ်ကြိမ်မှာတော့ ဒေါ်ထား ပဲလေ ..၊ ပြန်ပက်ထည့်လိုက်သည်ပေါ့။ ကိုယ်ကပဲ သူများအိမ်ထဲ ဘာတွေခင်းထားသည်။ ဘာတွေဝယ်ထားသည်ဆိုတာ သွားသွားစပ်စုရာရောက်နေအောင် မြမြ ပြောနေသည်ကိုး ..၊ မြမြ ဆိုတာက သူများအတင်းပြောရသည့် နေရာမှာ ပါရဂူ နှစ်ယောက်တည်း၊ မျက်နှာချင်းဆိုင်ရှိနေသည့် လူကိုပင် စကားအချော စားလေးဖြင့် အတင်းအုပ် ကွဲ့ရဲ့စကား ပြောတတ်သည့် မြမြ ..။ ခုလည်းကြည့် ..၊ ကိုယ်ကပဲ သူများအိမ် သွားသွားချောင်းနေသလိုဖြစ်နေသည်လေ ..။ ဒါကို .. စကားအချောလေးဖြင့် ကွဲ့ရဲ့ခြင်း ..၊ ကိုယ့်အတင်းကို ကိုယ်ရှေ့ထား၍ ပြောခြင်း ..။

"ဩော် .. ဒေါ်လေးကလည်း .. ဒါကလည်း .. ကိုယ့်ဝန်းကျင်ရောက်လာတဲ့ဥစ္စာတွေကို .. သိတန်သလောက်တော့ သိထားရမယ်လေ - ခု ကြည့် .. မြမြ စပ်စုထားတာမို့လို့ .. ဒေါ်လေး အိမ်က အဲဒီဘယ်သူ - မှုး .. အဲဒီ မှုး ဆိုတဲ့ကောင်မလေးနဲ့ ပတ်သက်သမျှ သိတန်သလောက် ဒေါ်လေးဆီက သိခဲ့ရတာပေါ့ .. နာမည်တောင် သိခဲ့ရတာလေ .. အဲဒါ - ပန်းကန်ဆေးနေတာ မြင်တော့ .. ဒေါ်ကြီးကြွေ ကို ကပ်မေးကြည့်တော့ အလုပ်သမားအသစ်တဲ့ .. မနေ့ကစ အလုပ်ဝင်တာတဲ့ .. ထမင်းပဲ နေ့လယ်စာ ငါးပိရည်ကျိုလေးနဲ့ပဲ စားရစားရ .. ပိုက်ဆံလည်း ပေးချင်သလောက်ပဲ ပေးပါ .. ဆိုပြီးတော့ ပြောသတဲ့ .. အဲဒါ .. ရုပ်ရည်လေး ချောချောနဲ့ဆိုတော့ .. သနားကမားလေးမို့ .. ခိုင်းကြည့်တာတဲ့ .. မဆိုး





ဘူးတဲ့ .. တော်သတဲ့လေ .. အဲဒါ .. ဘယ်လောက်တော်သလဲဆိုရင် - နေ့တွက်စရိတ် နှစ်ရာငါးဆယ်ပေးမယ်ဆိုတာတောင် ဘာမှ တိုးမတောင်းဘူးတဲ့ .. အဲဒါ .. စမ်းကြည့်တာတဲ့ .. စိတ်ဓာတ်လေးကိုလည်း သဘောကျတာမို့ .. နှစ်ထောင်လောက်ပေးလိုက်မယ်တဲ့လေ .. အဲသလိုကို ပြောပြတာ .."

မယုံမရှိစေရ ..၊ တစ်ဖက်သားထံမှ စကားလည်း အနှိုက်ကောင်းသည့် မြမြခင် ၏ အစွမ်းအစကို သိထားပါသည့် ဒေါ်ထား ..။ ခုကြားရသည့် စကားတွေအတွက်လည်း ဒေါ်ကြီးကြွေ ထံမှ ဘယ်ထိုဘယ်လို စကားအနှိုက်ကျွမ်းခဲ့သည် မသိ ..။ တော်တော်လေးတော့ စုံစေ့နေအောင် ပြန်၍ လာပြောပြနေနိုင်သည့်အဖြစ် ..။

"အဲဒါ .. နာမည်လေးက သက်သက် တဲ့လေ .. အဲဒါ .. ဘယ့်နှယ်ယုံဖို့ကောင်းတော့မလဲ .. စဉ်းစားကြည့်လေ .. ဒေါ်လေးထား ကို ကျတော့ မှုး လို့ ပြောတယ် .. ဟိုမှာကျတော့ သက်သက် တဲ့ ..၊ အဲဒါလိမ်တာပေါ့ ဒေါ်လေးရဲ့ .. မရိုးသားဘူး ထင်တယ်နော် .. စဉ်းစားကြည့် .. ဒီလောက်ထိ အိမ်မှာ ဖဂယောင်းပုဆိုးတွေ .. တီဗွီတွေ .. အိမ်အသုံးအဆောင်တွေ ဟောခနဲ ဟောခနဲ ဝယ်လာတဲ့သူက .. နာမည်အလိမ်တစ်ခုနဲ့ .. ငါးပိရည်ကျိုလေးပဲ နေ့လယ်စာလေးစားရရင် တော်ပါပြီ.. ပိုက်ဆံလည်း ပေးချင်သလောက် ပေးပါဆိုတာမျိုး အောက်ကျို့ပြီး အလုပ်လုပ်မတဲ့လား .. ပန်းကန်ဆေး အိုးတိုက်ရတဲ့အလုပ်မှာလေ .. အဲဒါ .. စိတ်လေးစရာပဲ ဒေါ်လေးရဲ့ .. တစ်နေရာရာမှာ ဘယ်သူ့ကို လိမ်ညာပြီး ပိုက်ဆံတွေအုပ်လာတဲ့ အလည်တွေလည်း မသိဘူးနော် .. ဟန်မပျက် ဒီမှာ အခြေတကျ နေပြနေပေမယ့် .. လိမ်လာတဲ့ ပိုက်ဆံကုန်သလောက်များ ရှိလာလို့လားမှ မသိတာ .. ထမင်းပန်းကန်ဆေးတဲ့ အလုပ် ဝင်နေရပြီ .. ပြီးတော့ .. ဒေါ်လေးထား မှာ လာငှားနေတာက တိစ္စမရှိဘူး .. ဒေါ်လေးမှာက သားလူပျိုတွေနဲ့ .. ပိုစိတ်ပူရမှာက ကိုငွေ



www.burmeseclassic.com

www.burmeseclassic.com



စည် ပဲ .. စာရေးဆရာကလဲ စာရေးဆရာ .. ဘွဲ့ကလည်း ရ .. တက္ကစီ ဆွဲတာကလည်း ပိုက်ဆံ အဝင်ကောင်း .. ရုပ်ကလည်း ချော .. ကိုကျော်ထက် က ဘွဲ့မရပေမယ့်လည်း ရုပ်အချောထဲကပဲ .. ငွေအရှာကောင်းထဲကပဲဆိုတော့ .. အဲဒီ အပျိုနှစ်ယောက် .. ချဉ်းကပ်ပြီး အပိုင်သိမ်းလိုက်မှာ စိုးရတယ်နော် .. တလောကပဲ ဒေါ်လေး ပြောတယ်မဟုတ်လား .. ဝတ္ထုစာအုပ်တစ်အုပ်တောင် ကိုငြိမ်းငွေစည် က ထုတ်တော့မှာဆို .. စာပေတိုက်နဲ့ ပြောထားတာတွေတောင် ရှိနေပြီဆို .."

ခုလိုကျတော့လည်း ဒေါ်လေးထား ခေါင်းတွေကြီးကုန်သည်။ စိတ်ထဲပူလာသည်။

"အေးဟဲ့ .. ငါက ငါ့ကိုယ်ငါ .. လည်လှပြီ .. လူကဲခတ်တော်လှပြီ .. ပြတ်ပြတ်သားသား ပြောတတ်လှပြီလို့ ကိုယ့်ကိုယ်ကိုယ် အထင်တကြီးနဲ့ စိတ်ချလက်ချ ရှိနေလိုက်ပုံများ .. ခု .. မြမြ ပြောတဲ့ဥစ္စာတွေ စိတ်ပူရမှန်း မသိခဲ့တာဟဲ့ .. ဟုတ်ပါရဲ့ .. ဒီအခန်းငှားနေဖို့ဥစ္စာလည်း ငွေစည် ကို မှန်းဆက်ပြောတာ အဲဒီ မှူး ပဲလေ .. သူတို့ချင်း စဆုံတာလည်း သိပ်မကြာသေးဘူးဆိုတော့ .. တမင်တကာများ .. အနေနီးအောင် လုပ်သလားမှ မသိတာ .. မှူး ဆိုတာ ငါ့သားကြီးကိုပဲ အပိုင်သိမ်းမယ် ကြံထားပုံ ရသကွယ့် .. မဖြစ်ဘူး .. မဖြစ်ဘူး .. ဒီကိစ္စ .. ဒီအန္တရာယ်ကိုတော့ .. ဖယ်မှကို ဖြစ်မှာ .. ဖြစ်မှာ .. ကဲ .. ညည်းလည်း .. ဝယ်ချင်တာ ဝယ်အေရယ် .. ညည်းပြန်မှ .. ငါ .. ဒီကိစ္စ .. ရှင်းရမယ် .."

ပျာပျာသလဲ စိတ်လက်ပူပန် ဖြစ်နေပါသည့် ဒေါ်ထား ကို ကြည့်ကာ မြမြခင် မှ ...

"မနေ့ညကတည်းက လာပြောဖို့ဥစ္စာ ဒေါ်လေးရယ် .. ကိုမြင့် ကိုယ်လက်ကိုက်ချင်တယ်ဆိုတာနဲ့ .. နင်းပေး နှိပ်ပေး .. ဆေးတိုက်ရ .. ဘာရနဲ့ဆိုတော့ .. မလာဖြစ်တာ .. ခမျာ .. စာရင်းကိုင် မဟုတ်လား.. ကုမ္ပဏီကလည်း ကုမ္ပဏီကြီးဆိုတော့ .. ကိုမြင့် ကို အခရာထားရတယ်





လေ .. စာရင်းကိုင်ဆိုတာက အဓိကဆိုတော့ .. အလုပ် အရမ်းပိုလုပ်ရတာ .. သူဌေးကလည်း .. ကိုမြင့် ကို လက်မလွှတ်နိုင်အောင်ဖြစ်နေတာဆိုတော့ .. ကိုမြင့် နေ့တိုင်းအလုပ်ဆင်းဖို့ လိုတယ်လေ .. ဒါကြောင့်.. ကိုမြင့် ကို .. နေကောင်းအောင် အမြဲဂရုစိုက်ပြုစုရတာမို့ .. မနေ့ညက.. ဒေါ်လေးဆီကို မြမြ မရောက်နိုင်ဘဲ ဖြစ်သွားရတာ .. ဒါမှမဟုတ်ရင်.. မနေ့ညကတည်းက .. ဒေါ်လေး သူတို့ကို ရှင်းပလိုက်နိုင်ပြီ .."

ဝယ်တာရွေးတာတွေလုပ်နေရင်း လင်တော်မောင် စာရင်းကိုင် အကြောင်း ကြွားနေရင်း စကားကို မြမြခင် ဆက်၏။ ပိုက်ဆံချေ၏။ နောက်တော့ ကျော့ကျော့ကော့ကော့ဖြင့် ပြန်ချေ၏။

ထိုအခါကျတော့မှ ဒေါ်ထား ခေါင်းကို စုံကုတ်ရင်း စိတ်လက်ညစ်နေရသည်ပါပဲ။

"ခက်ပုံများနယ်နော် .. ငါက .. မနက်ခင်းသွားဖို့များရှိရင် ငါ့သားရဲ့ ကားကို စီးကြ .. ပိုက်ဆံ ငါ့ကိုရှင်းပေးပါနဲ့တောင် ပြောထားမိတာ.. သူတို့ချင်း ပိုနီးစပ်အောင် ငါက ပြောပေးနေသလိုကြီးတောင် ဖြစ်ကုန်ပါရောလား .. ငါကတော့ .. ငါ့လက်ထဲ ပိုက်ဆံ မနက်စောစော လာဘ်ကောင်းတဲ့သဘော ဝင်အောင် ပြောမိတာ .. ခုကျတော့ .. လာဘ်မဝင်ဘဲ လူလည်ချွေးမဝင်ဖို့ လမ်းခင်းပေးနေသလိုကို ဖြစ်လို့ .. ကြည့်စမ်း .. ငါ့သား ငွေစည် က .. ဘွဲ့ရ .. ပညာတတ် .. ရုပ်ချော .. စာရေးဆရာကြီးလည်း ဖြစ်ဦးတော့မှာ .. ဝင်ငွေတွေကောင်းတော့မှာ .., အဲဒါ .. အဲဒါ.. ငါက .. အဲဒီ ကဗျာဆရာမယောင်ယောင် ဘာယောင်နဲ့ လူလည်မလက်ထဲ အပ်တော့မလို ဖြစ်ကုန်ပါရောလား .. စိန်နားကပ်ဆိုတာလည်း.. ဘယ်အိမ်က .. ခိုးလာမှန်းမှ မသိတာ .. ကြည့်ရတာ .. သူဌေးအိမ်တစ်အိမ်မှာ အိမ်ဖော်လုပ်ခဲ့ကြတဲ့ ကောင်မနှစ်ကောင်ပဲ ဖြစ်မယ် .. ခိုးပြီး ခြေရာဖျောက် လစ်လာပုံရတယ် .. ဟိုတစ်ယောက်ကလည်း ဒီမှိုင်နှာ သင်တန်းတက်နေသလေးဘာလေးနဲ့ မနက်ဆိုထွက်ပြီ .. ဘယ်အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အဝတ်လျှော် ထမင်းချက်လုပ်နေပြန်တယ် မသိပေါင် .. ဒီတစ်ယောက် တော့ သူလုပ်ခဲ့တဲ့အိမ်က ဥစ္စာတွေ တန်ဖိုးများတာမို့ ဒီမှာ ကျန်ခဲ့တာ ဖြစ်မယ် .. အဲဒါ .. အဝယ်ကြမ်း အသုံးကြမ်းနဲ့ .. ငွေကုန်ကြေးကြပြီထင်ပါရဲ့ .. သူများထမင်းဆိုင်မှာ ပန်းကန်ဆေးတဲ့အလုပ် လုပ်နေပြီ .. တကယ် ဆိုရင် .. သူ့ရုပ်ရည်လေးနဲ့ ပညာတတ်ဖြစ်ရင် စာရေးစာချီလေးတော့ လုပ်လို့ရတာပဲဥစ္စာ .. အနည်းဆုံး .. စတိုးဆိုင်တစ်ခုခုမှာ .. အလုပ်လေး တော့ ဝင်လုပ်နိုင်မှာပဲလေ .. ကဗျာဆရာမသာဆိုရဲ့ .. အတန်းပညာ လည်း ဟုတ်ဟုတ်ညားညား သင်ခဲ့ရပုံ မပေါ်ဘူး .."

မသက်ာစရာတွေ စတင်တွေးပြီဆိုလျှင် မတန့်တော့ပြီ ..၊ ရွှေသာ ဆက်၏။ ဒေါ်ထား မှာ မသက်ာတွေးတွေဖြင့် ယောက်ယက်ခတ်နေ သည်။ သားဇောသည် ငယ်ထိပ်ကိုကပ်လျက်ရှိ၏။

လူလည်အလိမ် မိန်းမတစ်ယောက်နှင့် အညားခံလိုက်ရမှာကို လက်မခံနိုင် ..၊ ဒေါ်ထား တို့ ညှံ့ရာကျတော့မည်ပေါ့ ...။

ကသုတ်ကရက်အိမ်ဘက်သို့ လျှောက်သည်။ အိမ်ရောက်တော့ ဆိုင်ဘက်ကို အငယ်မ ထွေးထွေး ကို သွားအစောင့်ခိုင်းရသည်က ဒေါ်ထား ပါ။ အခန်းထဲမှာ ရေချိုးပြီးစ ခေါင်းဖြီးနေသည့် သားတော်မောင်ထံ သွားကာ လက်ကုတ်၍ နောက်ဖေးဘက် ခေါ်လာရသည်။ သရက်ပင် အောက်အထိ ခေါ်လာတာမို့ ဘုမသိဘမသိဖြင့် သားကြီး ပါလာရသည် ပါပဲ ...။

"ဒီမှာ သား .. မေမေ ပြောတယ် .. အခန်းငှားနေတဲ့ ဟိုကောင်မ နှစ်ယောက်ကို့ ကင်းအောင်နေ .. ဒါပဲပြောချင်တယ် .. မပတ်သက်စေ နဲ့ .. နှစ်ယောက်စလုံး ဉာဉ်မကောင်းကြဘူးတဲ့ .. ကြားရဲ့လား .. သားကြီး ခေါ်လာတဲ့သူတွေမို့ .. သားဘက်က စိတ်မကောင်းမဖြစ်နဲ့ .. မေမေ သားကို အပြစ်မတင်ဘူး .. ရိုးသားတဲ့လူဆိုတာကတော့ .. ခံလိုက်ရတာ ပဲလေ .. ခု .. သူတို့အကြောင်း မေမေ သိတန်သလောက် သိထားရပြီ..





ကောင်းတာမရှိဘူး သား .. ဒီတော့ .. မှင်မပျက် .. အလုပ်ဆက်လုပ်.. တက္ကစီမောင်းထွက်သွား .. တက္ကစီ စီးဦးမလားလို့ ဝင်မမေးနဲ့ .. ကိုယ့် ဘာသာကိုယ် မောင်းထွက်သွား .. ကြားရဲ့လား .."

"မဟုတ်တာ မေမေရယ် .. မမှူး တို့က အဲသလိုမျိုး မဟုတ်နိုင် ကြပါဘူး .. သေချာတာလည်း မဟုတ်ဘဲနဲ့ မေမေရယ် .. ဘယ်သူ အမြှောက်အကော်လုပ်သွားလည်း မေမေရ .. မမှူး က ရည်ရှည်မွန်မွန် လေးပါ .. မမျိုး ကလည်း တူတူပါပဲ .."

ဒေါ်ထား ပို၍စိတ်ပူလာရကာ သားကြီးကိုကြည့်၍ ခေါင်းတွင်တွင် ခါသည်။

"မေမေ့ကို စောဒကလာတက်မနေနဲ့ .. တက္ကစီထွက်မှာသာ ထွက်.. ဟိုကောင် ငကျော် ကိုလည်း မေမေ ထပ်မှာရဦးမယ် .. သူတို့နဲ့ မပတ် သက်ဖို့ .. အံမယ်လေး .. ကံသီလို့ အသိစောတာ သားကြီးရဲ့ .."

ဟု ပြောကာ မြမြခင် ပြောသမျှတွေကို ပြန်ပြောပြတော့ သားဖြစ် သူ ငိုင်ကျသွားပါ၏။

"တစ်ခုခုလွဲနေတယ်ထင်တယ် မေမေ .. မမှူး မှာ အခက်အခဲ တစ်ခုခု ရှိနေပုံရတယ် .. သူ့မျက်နှာလေးက အရမ်းကို ဖြူစင်တာပဲ ..ာ .. မျက်လုံးလေးတွေထဲ ရိုးသားဖြူစင်တဲ့အရိပ်တွေ ပြည့်နေတဲ့ ..း ဟာ .. လူလိမ်တစ်ယောက် မဟုတ်ဘူးဆိုတာ သေချာနေတယ် ..မေ .. ဘယ်လောက်လိမ်လိမ် .. မျက်လုံးထဲကအရိပ်ကိုတော့ .. ဟန် ..ပ်ပြီး ဖြူစင်ရာမျိုး ဘယ်သူမှ မလုပ်နိုင်ဘူး မေမေ .."

ဟု ပြောတော့မှ ဒေါ်ထား လက်တီးလက်ခတ် ဖြစ်လာသည်။

"အံမယ်လေးလေ .. ခုကတည်းက .. ဟိုဘက်ပါနေပါရောလား.. .. ကဲ .. ဆိုရှင်းကြဘာပေါ့ သားကြီးရယ် .. သားကြီး အထင်တကြီး ..နေတဲ့ ကောင်မလေး .. ဘယ်လိုထဲကလဲဆိုတာ သိအောင် မေမြ ..ရွှေမှာပဲ ရှင်းပစ်လိုက်တော့မယ် .. သူ .. ဘာကိစ္စနဲ့ ပန်းကန်ဆေး



www.burmeseclassic.com

www.burmeseclassic.com



တဲ့အလုပ် လုပ်ရမှာတဲ့လဲ သားရဲ့ .. ဒီတစ်ခွန်းပဲ မေးမယ် .. သူ ရှိးသား ရင် .. ဖြေမှာပဲ .. မရိုးသားရင် မဖြေရဲဘူးပေါ့ .. ကဲ .. လာခဲ့ .. လာခဲ့ ငါ့သားကြီး .. အဲဒီကောင်မလေးရဲ့ မှိုင်းမိနေပုံရနေပါရောလားလေ ခက်ပြီပဲ .."

ဟု ပြောကာဆိုကာဖြင့် သားလက်ကိုဆွဲ၍ ခေါ်ထား ခေါ်လာသည် က မှူး တို့ ငှားနေရာ အခန်းလေးရှိရာဘက်ဆီသို့ပါ။

"အရမ်းမလုပ်ပါနဲ့ မေမေရယ် .. မှားနေရင် .. အားနာစရာ ဖြစ်ကုန် ပါ့မယ် .. လေ့လေ့လာလာ လုပ်ပြီးမှ ရှင်းတာလင်းတာ ကောင်းပါ့မယ် မေမေ .."

ဟု တဖွဖွတားနေသည့် သားကို လှည့်ပင်မကြည့် ..၊ လက်ဆွဲ သာ ခေါ်ခဲ့သည်က ဒေါ်ထား ပါ ..။





## အခန်း (၁၈)

"နင် သိပ်ခေါင်းမာတာပဲ မှူး ရယ် .. ခုထိ အလုပ်သွားမယ်ချည်း လုပ်နေတာ မဟုတ်သေးဘူးနော် .. လူလည်း ဖျားနေတယ် .. အဲဒါ .. မပင်ပန်းစဖူး ပင်ပန်းတကြီးလုပ်ခဲ့ရလို့ .. ပန်းဖျားဖျားတာ .. နင့်တစ်ကိုယ် လုံးလည်း ကိုက်ခဲနေလို့ ညက အကိုက်ခဲပျောက်ဆေး ထသောက်တာ ငါ မြင်တာမို့ .. ထပြီး နင့်ကိုယ်စမ်းတော့ ကိုယ်ပူနေပြီ .. ဖျားနေတာ လည်း ဖျားတယ်မပြောဘူး .. ကိုက်ခဲနေတာလည်း ကိုက်ခဲတယ် မပြော ဘူး .. ပေပေတေတေ လုပ်နေတယ်နော် မှူး .. ခုလည်း ကိုယ်ပူရှိန်ရှိနေ တဲ့ဥစ္စာ .. အဲဒီ ပန်းကန်ဆေး အိုးတိုက်အလုပ် ဆင်းမယ်ချည်း လုပ်နေ သမျှ ငါက ငြိမ်ကြည့်ပေးနေရမတဲ့လား .. ဒီမှာ .. ငါက နင့်သူငယ်ချင်း နော် .. ပြိုင်ဘက် မဟုတ်ဘူး .. နင် ဒုက္ခရောက်နေတာကို လက်ပိုက် ကြည့်နေတယ်ဆိုတာက ရန်သူရင်လည်း ဖြစ်မှ .. ပြိုင်ဘက်ရင်လည်း ဖြစ်မှဟဲ့ .."

မျက်နှာလေး အဖျားရှိန်ဖြင့် နီမြန်းမြန်းလေးဖြစ်နေသည့် မှူး ကို ကြည့်ကာ စိတ်ညစ်လက်ညစ်ဖြင့် မျိုးမျိုး ပြောနေပေမယ့် မှူး ကတော့ ဆကပ်ကပ်ပုံဖြင့် အဝတ်အစားလဲနေပြီ ..။



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကမှ မှူး အလုပ်စရတာ မျိုး ရဲ့ .. ဒီနေ့ အလုပ်ပျက်ပြီဆိုရင်ဖြင့် အလုပ်ပြုတ်မှာပေါ့ .. အဲသလို မှူး အဖြစ်မခံနိုင်ဘူး .. မတားနဲ့ မျိုး .. မှူး .. အဲဒီအလုပ်ကို လုပ်မှဖြစ်မှာ .."

နောက်မဆုတ်တော့ပြီဆိုတာကို သိလာရသည်က မျိုး ပါ ..။ တားမရ ပြုမရဖြင့် ခေါင်းကြောမာနေသည့် မှူး ကို အလျှော့ပေး၍တော့ မဖြစ်။ လူကသာ ခေါင်းမာနေသည်။ ဖျားတာက ဖျားနေသည့်အဖြစ်။ မှူး ကို အလျှော့မပေးနိုင် ..၊ ဤနေ့ အလုပ်ဆင်းလျှင်တော့ ဟိုမှာပဲ သတိမေ့သွားလျှင် ဘယ့်နှယ်လုပ်မည်တဲ့လဲ ..။

"မှူး .."

လေသံတင်းတင်းဖြင့် မျိုး ခေါ်တော့ မထုံတတ်တေးပုံဖြင့် အေးတိအေးစက်လှမ်းကြည့်လာသည်က မှူး ပါ။ မျိုး ခါးလေးထောက်၍ မှူး ရှေ့မှာ သွားရပ်သည်။

"မျိုး ရှိရက်နဲ့ .. အဲသလို မှူး ဖျားနေရင်းကြီး အလုပ်ဆင်းခံလိုက်ရမယ်ဆိုရင် .. ရာဇဝင်ရိုင်းသွားရမှာပေါ့ဟ .. ဒီမှာ .. လုံးဝခွင့်မပြုဘူးနော် .. ဒီနေ့ အလုပ်ဆင်းရဲရင်ဆင်းကြည့် .. မျိုး ပါတူတူလိုက်ပြီး ပန်းကန်လိုက်မဆေးရင် .. ပြောချင်သလိုပြော .. ဘာမှတ်လဲ .. မျိုး အကြောင်းသိတယ်မဟုတ်လား .. နင့်ခေါင်းကြောမာသလောက် ငါ့ ခေါင်းကြောကိုလည်း ဘက်တူလက်တူ လိုက်မာနိုင်တယ်ဆိုတာ မမေ့နဲ့ .."

အကျီလက်မောင်းတွေ ပင့်ရ ..၊ မှင်နှင့်မောင်းနှင့် ပြောရဖြင့် အိုက်တင် အရမ်းကြမ်းနေရသည်က မျိုး ပါ ..။ ထိုအခါကျတော့လည်း မှူး မျက်ရည်လည်လာသည်။ ညှော်ခန်းသို့သွားကာ ကြမ်းပေါ်ထိုင်ချလိုက်ပြီး ငိုင်၍ ငြိမ်နေ၏။

"အိမ်လခပေးရမှာ မျိုး ရဲ့ .. ပြီးတော့ .. မှူး ရဲ့ ထမင်းဖိုးဟင်းဖိုးကလည်း ရှိသေးတယ် .. မျိုး ရဲ့ ပိုက်ဆံနဲ့ အဲဒီအရာရာတိုင်းကို မဖြေ





ရှင်းရက်နိုင်ဘူး မျိုး .. မျိုး က မှူး ခေါ်လို့ ဒီကိုလိုက်လာရတာ .. ပါလာရတာ .. ဖြစ်ပျက်လာသမျှ အရာရာတိုင်းဟာ မှူး အပေါ်မှာပဲ တာဝန်ရှိနေတယ် မျိုး .. ဒီတော့ .. မှူး အလုပ်လုပ်မှ ဖြစ်မယ်လေ .. လုပ်ခွင့်ရတဲ့ ကံတရားရဲ့ အဆုံးအဖြတ်ကလည်း အဲဒီ ပန်းကန်ဆေး အိုးတိုက်အလုပ်ပဲ ရှိတာ .. ဒက်ဒီက အဲဒါကိုပဲ လုပ်ခိုင်းထားတာ မျိုး ရဲ့ .."

တခြားဘာအလုပ်မှလည်း လုပ်ခွင့်မရှိသည့် အစွဲကြီးဖြင့် မှူး ပြောရင်း မျက်ရည်လည်နေသမျှ မျက်တောင်လေးပုတ်ခတ်ခတ် လုပ်နေရင်း မျက်ရည်ကိုထိန်းသည်။ မျိုး သက်ပြင်းရှိုက်ကာ မှူး ၏ ဘေးမှာ ဝင်ထိုင်ပါ၏။

"မျိုး မှာ ပိုက်ဆံရှိနေပါတယ်ဟာ .. နင် အရမ်းအစွဲအလမ်းမထားနဲ့လေ .. နင်နဲ့ ခုလို တူတူနေရလို့ ငါ့မှာ အဖော်တောင် ရှိနေသေးတာပဲဥစ္စာ .. ဒီတော့ .. နင်က ငါ့အတွက် အဖော်လာလုပ်ပေးတယ်လို့ပဲ သဘောထားလိုက် .. ဟုတ်ပလား .. ငါက .. အစစ တာဝန်ယူမယ်ပေါ့ .. အဲသလို ခံစားလိုက်ပေါ့ဟာ .."

"မဟုတ်ပါဘူး .. နင်ကျတော့ .. တော်ဝင်မှူးမှာ တူတူနေပါဆိုတော့ နင် နေလို့လား .. ဒက်ဒီနဲ့ ငါ့အပေါ်မှာ တာဝန်ပိုမယ်ဆို .. အဲသလိုပြီး .. နင် အဆောင်မှာပဲ နေခဲ့တာပဲဥစ္စာ .."

သူငယ်ချင်းနှစ်ယောက် ခုထိ သဘောတူညီမှု မရသး ..၊ မှူး က အလုပ်ဆင်းဖို့ ဇောတင်ထားသည်။ မျိုး က အသေအလဲ ကန့်ကွက်သည်။ မရလျှင် တူတူလိုက်မည်ဟုလည်း ခြောက်လုံးလေး လှန့်လုံးလေး အိုက်တင်အပြည့်ဖြင့် ပစ်သွင်းထားသည်။

နှစ်ယောက်စလုံး ပေကပ်ကပ်ပုံဖြင့် ပုံစံတူ အချိုးတူဖြင့် ငြိမ်၍ အလျှော့မပေးစတမ်း ပေစောင်းပေစောင်းဖြင့်ရှိနေကြချိန်မှာ အခန်းတံခါး ခေါက်သံ ပေါ်လာ၏။

"အံမယ်လေးဟဲ့ နော် .. ခုထိ .. တံခါးကြီးပိတ်လို့ .. မြေတွင်း



www.burmeseclassic.com

www.burmeseclassic.com



အောင်းတဲ့ကြွက်တွေ ကျနေတာပဲ .. ဟဲ့ .. အထဲက သူငယ်မနှစ်ယောက်.. တံခါးဖွင့်စမ်းပါအေရယ် ..''

ခပ်ဆောင့်ဆောင့်ပြောသံ ကြားရတာမို့ ဒေါ်လေးထား တစ်ယောက် မနက်စောစောကြီးမှာ ဘာများအလိုမကျဖြစ်လာသည် မသိဟု ခေါင်းလေးကုတ်၍ စိတ်မောမောဖြင့် တွေးရင်း မျိုးမျိုး သွား၍ တံခါးဖွင့်ရပါပြီ။

ညှော်ခန်းမှာ ငြိမ်ထိုင်ကျန်ခဲ့သည့် မှူး လည်း စိတ်ရှုပ်ထွေးသွားဖုံ ရပါ၏။ ဟုတ်သည်လေ ..၊ လူက ဖျားနေသည်။ အလုပ်ကလည်း ပျက်၍ မဖြစ်။ မျိုးမျိုး ကလည်း တဂျိဂျိဖြင့် တားနေသည်။ ဤကြားထဲ.. ဒေါ်လေးထား က ဆောင့်ကြီးအောင့်ကြီးဖြင့် တံခါးလာခေါက်နေသည်။ ဘယ်လိုစိတ်သက်သာကိန်း ရှိချေမည်လဲလေ ..။

တံခါးဂျက်ဖွင့်ရုံပဲ ရှိသေးသည်။ တံခါးလေး မဟတဟရှိရုံပဲရှိသေးသည်။ တံခါးကို တွန်းဖွင့်၍ ဝင်လာပုံကိုက ဒေါင်းတင်မောင်းတင် ဆန်နေသည့် ဒေါ်လေးထား ဖြစ်နေတာမို့ မှူး ရော မျိုး ရော နားမလည်နိုင် ..။

ဘာကိစ္စ .. ဤမျှ ဒေါသတွေ အလိပ်လိုက် ထွက်နေရပါသတဲ့လဲလေ ..။ ပိုထူးသည်က ဒေါ်လေးထား နောက်မှ ဆရာ ပါလာခြင်းပါ။ ပြီးတော့ ဆရာ့ မျက်နှာ အရမ်းပျက်နေသည်။ လိုက်လာပုံကလည်း ကိုယ့်သဘောဖြင့် ကိုယ် ပါလာသည့်ပုံအချိုး မဟုတ် ..၊ အမေလုပ်သူက လက်ကြီးဆွဲ၍ခေါ်လာသမျှ မငြင်းဆန်သာပဲ ပါလာရတာက မြင်ကွင်း ဖြင့်ပင် အဖြေထွက်နေသည်တည့် ..။

''ကဲ .. ညည်းကို ငါ မေးဖို့ ရှိတယ် .. အမှန်အတိုင်း ဖြေဖို့လည်း သတိကြိုပေးထားပါရဲ့ ..''

''မေမေကလည်းဗျာ.. အေးအေးဆေးဆေး မေးလည်း ရတာပဲ ဥစ္စာ.. အားနာစရာ ဖြစ်နေပါပြီ ..''





ဒေါ်လေးထား မှ မှူး ကို လက်ညှိုးတည့်တည့်ထိုး၍ ထိုပ်တိုက်မေးနေချိန်မှာ ဆရာ့မျက်နှာ ပျက်လျက် ခပ်ဖျော့ဖျော့ဝင်၍ ပြောလာသည်။ မှူး နားမလည်နိုင်သလို ဒေါ်လေးထား ကို ကြည့်နေရပါပြီ ..။ ဒေါ်လေးထား စိတ်ငြိုငြင်မည့်ကိစ္စလည်း ဘာမှလုပ်မထားမိဟု မှူး တွေးမိရင်း စဉ်းစားမရ ဖြစ်လာရသည်။

မျိုး ရော မှူး ရော ဒေါ်လေးထား စိတ်ကွက်စရာ ဘာတစ်ခုကိုမှ လုပ်ခဲ့တာကို မရှိ ..၊ ဒါက သေချာနေသည်။ ဤကြားထဲမှာ ဘာကိစ္စကြောင့် ဤမျှအထိ ဒေါ်လေးထား ၏ မျက်နှာကြီး တင်းမာနေရပါသတဲ့လဲ ..။ ကြည့်သည့်အကြည့်ကိုက မာကျောနေသည်။ အထင်တသေးပင် နိုင်နေသည်ဟု ခုမှ နားလည်စပြုလာရသည်ကလည်း မှူး ပါ ..။

''ညည်း .. ဟိုဘက်က .. ရွာစုံထမင်းဆိုင်မှာ .. ဒေါ်ကြွေ ဆိုင်မှာ .. မနေ့က ပန်းကန်ဆေးတဲ့အလုပ် လုပ်သဆို .. အဲဒါ ဖြေစမ်းပါအေရယ် .. ငါ အတိအကျ သိထားတာနော် .. ညည်းလိမ်ရင်လည်း ငါက ငြိမ်မှာမဟုတ်ဘူးဆိုတာ ကြိုအသိပေးထားပါရဲ့ .. ဒေါ်ကြွေ ဆီမှာ ငါကိုယ်တိုင် ညည်းလက်ဆွဲပြီး ဟိုမှာ အမေးအဖြေ .. လူတွေကြားထဲ မေးပစ်မှာ သိရဲ့လား .. ထမင်းဆိုင်ထဲမှာ လာစားနေတဲ့လူတွေရှေ့.. အဲဒီဆိုင်က အလုပ်သမားတွေရှေ့ .. ငါ မေးတဲ့အခါ .. ညည်း .. မျက်နှာထားရဲ့ ဖြစ်ကုန်လိမ့်မယ် .. လိမ်ပြောတယ်ဆိုတာ ပေါ်ပြီကိုး .. ဒီတော့ .. ခုကတည်းက .. အမှန်အတိုင်း ဖြေစမ်းပါ ..''

ဟု မာမာတင်းတင်း ခါးကြီးတထောက်ထောက်ဖြင့် မေးလာတော့ မှူး ထိုင်နေရာမှ မော့ကြည့်ရင်း ခေါင်းညိတ်ပြလိုက်ရပါပြီ။ အမေလုပ်သူ၏ လက်ကို ဆွဲ၍ ဆွဲ၍ တားနေပါသည့် ဆရာပင်လျှင် ရုတ်ခြည်းခင်တက်ကြည့်ဖြင့် မှူး ကို မယုံသလိုကြီး ငေးစိုက်ကြည့်လာကာ နှုတ်မှ ဆင်ခနဲပင် အသံထွက်ကျလာတာကိုလည်း မှူး အံ့သြစွာ မြင်နေပါ၏။

မှူး ပန်းကန်ဆေးသည့်ကိစ္စတစ်ခုသည်သာ ဘာကြောင့် ဤမျှ



www.burmeseclassic.com

www.burmeseclassic.com



အထိ အံ့ဩစရာတွေ ဖြစ်နေရပါသလဲ ..၊ ဘာကြောင့် ဒေါ်လေးထား
က ဒေါသတကြီး ဖြစ်လာနေရပါသလဲ ..။ မှူး စဉ်းစားမရ ..။

"ကဲ .. ကြားတယ်နော် သား .. သူ .. တကယ့်ကို .. အဲဒီပန်း
ဆေးသမ သွားလုပ်နေတယ်ဆိုတာ မေမေ အပြောတုန်းက မယုံ
မဟုတ်လား .. ခု .. နားနဲ့ဆတ်ဆတ်ကြားပြီ ဆိုပါတော့ .. ကဲ .. ဘာ
ကာကွယ်ပေးချင်နေသေးသလဲ .. ဒီကောင်မလေးကို .."

လှည့်၍ သားကို ပိုင်ပိုင်ကြီး မေးချလိုက်ပြီးသည့်နောက်မှာ နား
ကို စတင်၍ ဒေါ်လေးထား ချွတ်၏။ ဖယောင်းပုဆိုးခင်းထားရာ
ပေါ် နားကပ်ကို ပစ်ချလိုက်တာမြင်တော့ မျိုး မခံနိုင် ..။

"ဒေါ်လေးထား .. အဲသလိုတော့ မလုပ်နဲ့လေ .. မှူး ကို အဲသ
ဒေါ်လေးထား မဆက်ဆံသင့်ဘူး .. မှူး ကို ဘာများအောက်မေ့နေ
လဲ .. ဟင် .. ပန်းကန်ဆေးတော့ ဘာဖြစ်လဲ .. ခိုးစားတာမှ မဟု
တာ .."

သူငယ်ချင်းကို အလုပ်မဆင်းဖို့ ခြေကန်တားနေသည့် မျိုးမျိုး
ခုကျတော့လည်း သူငယ်ချင်းကို မတူမတန်ကြီး ရှိုင်းရှိုင်းပျပျ ဆက်
တာ မျက်စိတပ်အပ်မြင်ရတော့ မခံနိုင်။ ပန်းကန်ဆေးတာ ဘာဖြစ်
ဟု ဝင်၍ မျက်နှာလေး တင်းပြီး ပြောလာပြန်သည့်အဖြစ် ..။

"ဟုတ်သားပဲ မေမေကလည်းဗျာ .. ပြောချင်တာကို ချိုချိုသာသာ
ချေချေငံငံပြောလည်း ဖြစ်တာပဲဥစ္စာ .. မမှူး တို့ကလည်း မေမေပြော
တာ .. ငြင်းမယ့်သူတွေလည်း မဟုတ်ပါဘူး .. ဒါပေမယ့် .. အချိန်
တစ်ခုလောက်တော့ နည်းနည်း မေမေ ပေးသင့်ပါတယ် .."

ဆရာ ဝင်ပြောလာရင်း မှူး နှင့် မျိုး ကို အားနာသလိုကြည့်
မှူး နားမလည် ..၊ ဆရာ ပြောသည့်အထဲမှာ ပါသည်လေ ..။ ဒေါ်လေးထ
ပြောသည့်စကားတွေကို မှူး တို့က ငြင်းမည်လည်း မဟုတ်ပါတဲ့ ..
ဘာများပြောမည်မို့လို့တဲ့လဲလေ ..။





ထို ပြောမည့်စကားကိုလည်း ဆရာ ခန့်မှန်းသိထားပုံ ရပြီးနေ
သည့်နှယ် ဖြစ်နေသည်။ ပြီးတော့ .. မှူး တို့ကို အချိန်နည်းနည်းပေးသင့်
သည်ဟုလည်း ဆရာ ဝင်ပြောပေးနေသည်။

ဘာကို အချိန်ပေးရမည်တဲ့လဲ ..၊ ဘာကြောင့်ပါတဲ့လဲ ..။ မှူး
တွေးမရ..။ မှူး ပန်းကန်ဆေးသည့်အလုပ် လုပ်သည်ဆိုရုံမျှတစ်ခုဖြင့်
ခုလောက်ထိ ဒေါ်လေးထား မှ နားကပ်တွေဘာတွေ ချွတ်ပစ်ပေါက်တာ
တွေ လုပ်လာစရာကို မရှိဟု မှူး ထင်သည်။

"ဒီမှာ .. သူတို့ကို ဒီမှာဆက်မထားနိုင်တဲ့ဥစ္စာ .. ဘာများအချိန်
ဆက်ပေးစရာ ရှိလို့လဲ .. ဒီမှာ ကောင်မလေးနှစ်ယောက် .. ညည်းတို့
ဒီနေ့ .. အခု .. ငါ့အိမ်က ဖယ်ပေး .. ဒါပဲပြောမယ် .."

ဟု ခပ်တည်တည်ကြီး မျက်နှာချိုကာ ပြောလာချိန်မှာ မှူး မျက်နှာ
ထက်တွင် သွေးရောင် ဖျော့ခနဲဖြစ်၏။ ဘယ်မှာသွားနေရမည်တဲ့လဲ
လေ .. ဟု ရင်ထဲချောက်ချားသည်။ ကျောင်းတစ်နေရာစာအတွက်
မှူးလေး အရမ်းကို စိတ်ပူပန်နေပြီဆိုတာ မျိုး သိနေရရင်းမှ ရင်ထဲ
မကောင်း။

ရုတ်ခနဲ ဆုံးဖြတ်လိုက်ပုံဖြင့် အိပ်ခန်းထဲ မျိုး ဝင်သွားသည်။ ပြီး
တာနှင့် အိမ်ပေါ်မှ ဆင်းသည်။ နောက်ဖေးတံခါးမှ မျိုး ဆင်းသွားချိန်
မှာ မှူး တစ်ယောက်တည်း ဧည့်ခန်းမှာ ထိုင်လျက်ကျန်ခဲ့ရပါ၏။
အရေးထဲမှာ မျိုး လည်း မရှိ။ နားကြားပြင်းကပ်၍ အပြင်ထွက်ရပ်နေပြီ
လား မသိ။ မှူး သာ မျက်နှာလေးငယ်နေရင်း ဒေါ်လေးထား ကို မော့
ကြည့်ကာ...

"မှူး ဘာလုပ်မိလို့လည်း ဒေါ်လေးထား ရယ် .. ဒီမှာနေဖို့ဥစ္စာ
ဒေါ်လေးထား လည်း လက်ခံထားတာပါပဲ .."

ဟု မော့မေးတော့ ဒေါ်လေးထား ခေါင်းခါသည်။ ဆရာ့ကိုလည်း
ဒေါ်လေးထား တည်တည်ကြီးကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ .. ဒီကောင်မလေးနဲ့ .. နောက်ဘယ်တော့မှ အဆက်အဆံ မရှိစေနဲ့ .. ဒီက သူတို့ဆင်းသွားပြီးတဲ့နောက်မှာလည်း ဖုန်းချင်း ဆက်သွယ်မိကြတာတို့ .. ထပ်ပြီးတွေ့ကြတာတို့ .. လုပ်မယ်မကြံနဲ့ .. မေမေ ပြောထားတယ် နော်.. သားကို မေမေ မုဆိုးမဘဝနဲ့ ဘွဲ့ရအောင် ပညာသင်ပေးခဲ့တာ .. ဒီလို .. လူလည် လူလိမ် ကောင်မလေးနဲ့ ညားဖို့မဟုတ်ဘူးဆိုတာ သတိပေးပါရဲ့ .."

"မေမေကလည်းဗျာ .. အရမ်းပြောတာကိုး .. မျိုး ကို အားနာဖို့ ကောင်းနေပါပြီ .."

ဆရာ အသံဖျော့ဖြင့် ဒေါ်လေးထား ကို မျက်နှာမထားတတ်သလို ခေါင်းငုံ့၍ ပြောနေပေမယ့် ..၊ ခုထိ .. မျိုး တို့ကို ဆက်၍ ဤအခန်းလေးမှာ နေခွင့်ပေးဖို့တော့ ဆရာ ဝင်ပြောကူရဲပုံ မရ ..။ အမေလုပ်သူ၏ ဩဇာအောက်မှ ရုန်းမရနိုင်တာ သိသာနေသည်ပါပဲ။

မျိုး ရင်ထဲမကောင်းတာက .. ဒေါ်လေးထား ၏ စကားထဲမှာ ဆရာနှင့် မျိုး ကို မတူမတန် ပြောလာတာမျိုး ဖြစ်နေသည်။ မျိုး ကပဲ ဆရာ့ကို ကပ်နေသလိုကြီး ဖြစ်နေသည်။

"ဒီမှာ .. မေမေ ပြောမယ် .. သူ့လို .. ပန်းကန်ဆေးတဲ့ အဆင့်လောက် ရှိတဲ့ မိန်းမတစ်ယောက်အတွက်ဟာ .. သားလိုလူတစ်ယောက်ကို လက်လွှတ်ခံနိုင်စရာကို မရှိတာ သတိလေးများ ပြုစမ်းပါတော်ရယ် .. အိမ်ရှိတယ် .. ဒီမှာက ဆိုင်တစ်ဆိုင်ကလည်း ရှိသေးတယ် .. ရေမီးအစုံနဲ့နေရာ .. တက္ကစီကလည်း မောင်းနေရသေးတယ် .. ဒီလိုအိမ်မျိုးကို ဝင်ရောပြီး .. ရင်းချာတဲ့နေရာရောက်အောင် လာပူးတာကို မသိဆိုးဝါးနိုင်အောင် အူတူတူအတတ အဖြစ်ခံရသတဲ့လား ငွေစည် .. စဉ်းစားကြည့်စမ်း .. သူ့လိုကောင်မလေးမျိုးက .. ဒီလိုအခန်းထဲ ဖယောင်းပုဆိုးခင်း .. တီဗွီအသစ်ဝယ် .. အိမ်သုံးပန်းကန်ခွက်ယောက်ကအစ အသစ်တွေဝယ်.. အဲသလို ဝယ်ခြမ်းနေတာမှ ဟောခနဲ ဟောခနဲကိုပါလို့ .. ပိုက်ဆံအထပ်





လိုက် အိတ်ထဲပုံနေတဲ့အတိုင်းပဲလေ .. ဟော .. တစ်နေ့က အဲသလိုသုံးဟယ်ပြုဖြာယ်နဲ့ ကောင်မလေး .. မနေ့က မွေ့ပြတ်ပြီ .. ငွေကုန်ပြီ.. အဲဒီတော့ .. သူများဆိုင် ပန်းကန်ဆေးတဲ့အလုပ် သွားတောင်းလုပ်တယ်ဆိုကတည်းက .. သူ .. အဲသလောက်များတဲ့ ပိုက်ဆံတွေ သုံးခဲ့တာဟာ.. တစ်နေရာရာက .. ခိုးလာလို့ပေါ့ .. မေမေ့အထင် ပြောရရင် .. အိမ်ဖော်လုပ်မှုပုံ ရတယ် .. ပိုက်ဆံလည်း ခိုးလာတယ် .. စိန်နားကပ်ဆိုတာကလည်း ခိုးလာတယ် .. ဒီမှာလာပြီး အခန်းငှားနေတယ် .. ငါ့သားကိုကပ်ချင်တာလည်း ပါမယ် .. အံမယ်လေးလေး .. အိမ်ပိုင်ယာပိုင်လာလုပ်ချင်နေတဲ့ ကောင်မလေးကို .. ဟောဒီက ဒေါ်ထား တို့က .. ညည်းကြီး လုပ်ပြီး .. မယ်ညှုံ့ကြီးလုပ်ပြီး .. ထပ် အိမ်ပေါ်တင်မထားနိုင်ပေါင်တော်ရယ် .."

ဒေါ်လေးထား ဆက်တိုက်ပြောချသမျှ ကြားနေရရင်း မျိုး မျက်ရည်ကျလာသည်။ ဘဝမှာ ဤထက်ပို၍ နိမ့်ကျချိုးဖွဲ့ပြောတာခံရဖို့ပင် မကျန်တော့ပြီကောလေ ..။ မျိုး က .. မျိုး က .. သူခိုးတဲ့လား ..။ ခိုးလာသည့် ပိုက်ဆံတွေသုံးကာ ကုန်တော့ .. ပန်းကန်ဆေးသည့်အလုပ် လုပ်နေသည်တဲ့လား။ မသင်္ကာတာမျိုးပင် မဟုတ်။ ဒေါ်လေးထား ပြောနေပုံက တပ်အပ်သေချာ ပြောနေသည့်ပုံ ..၊ မျိုး ကို ကြည့်နေသည့် အကြည့်ထဲမှာ အထင်သေးကြည့်တွေက ရူးရူးရှရှ ရှိနေ၏။

မျိုး ကို စက္ကန့်တစ်မျှင်ပင် မသားချင်သည့်အကြည့်..၊ လက်ကိုဆွဲ၍ပင် အိမ်ပေါ်မှ တွန်းထိုးနှင်ထုတ်ချင်နေသည့် အကြည့်မျိုး ဖြစ်နေသည်။

"ငါ .. ငါ့ဘဝမှာ .. ဒီလောက်ထိ .. အောက်တန်းကျ .. အောက်တန်းစားအကျခံရတာ မရှိတော့ပါလား .. ငါ .. ဘယ်တုန်းကမှ .. ဒီအဖြစ်ကို အတွေးတွေထဲမှာတောင် ထည့်မထားမိခဲ့တာ .. ခု .. ခု .. ငါ .. ဒက်ဒီကို ဘက်ကန် ပုန်ကန်ခဲ့သမျှ ဝဋ်ဆိုက်ပါပြီလား .. ဝဋ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ပါပေါ့လား နော် .. ကိုကိုရေ .. ကိုကို့ကို ချစ်တဲ့ အချစ်အတွက်-မှူး .. ခုလို .. အစွပ်စွဲခံနေရတဲ့ သူခိုးမ ဖြစ်ရတာကိုလည်း .. ကျေနပ်ပေးလိုက်ပါ့မယ် ကိုကိုရယ် .. ကိုကိုနဲ့လည်း ဝေးခဲ့ရပြီပဲလေ .. ကိုကိုကလွဲပြီး ဘယ်သူ့ကိုမှ လက်မတွဲနိုင်တဲ့ မှူး ဟာ .. နောက်ထပ် ဒီထက်ဆိုးတဲ့ အထင်သေးကြည့်တွေ .. အစွပ်စွဲခံရတဲ့ အဖြစ်တွေကိုလည်း -ရင်ဆိုင်သွားလိုက်ပါ့မယ် .. ဒီဒုက္ခက .. ဘာမှ မဟုတ်ပါဘူးလေ -တခြားလူတစ်ယောက်ကို လက်ထပ်လိုက်ရတဲ့ ဘဝဒုက္ခကြီး ဒီလောက်တော့ မကြီးပါဘူး .. မကြီးပါဘူး ကိုကိုရယ် ..''

ဒက်ဒီကိုလည်း တမ်းတ ..၊ ကိုကို့ကိုလည်း လွမ်းရ ..။ တမ်းတရဖြင့် .. မှူး ငိုင်ရင်း မျက်ရည်ကျလုလုကို မကျအောင် ထိန်းနေရသည်။ ဒေါ်လေးထား ကို မျက်ရည်ခံထိုး၍ ဤအိမ်မှာနေဖို့ ကြိုးစားနေသည်ဟူအထင်ခံရမှာကိုတော့ မှူး ၏ မာနက လက်မခံနိုင်။ တစ်နေရာရာကိုတော့ ရှာဖွေ၍ နေရမည်သာ ..။ မျိုး လည်း မျိုး ၏ အဆောင်မှာ ဖြုံနေရုံပဲ ကျန်မည်။ မျိုး မှာက အခန်းသော့ ရှိနေသည်ပဲလေ ..။ သော့လေးဖွင့်၍ နေလိုက်ရုံဖြင့် အခက်အခဲဆိုတာ ဘာမှမရှိနိုင် ..။

မှူး သာ .. တစ်နေရာရာမှာ .. ရှာ၍နေမှကို ဖြစ်မည်။ ခက်သည်က .. ဒေါ်ကြီးကြွေ ထံမှာလည်း အလုပ်လေးလုပ်ရင်း ကျောင်းတစ်ခင်းအတွက် တောင်း၍ မဖြစ်တော့ပြီ။ မှူး ကို သူခိုးမလေးဟု ဒေါ်လေးထား ပြောသည့်သတင်းသည် .. မကြာမတင် .. ဒေါ်ကြီးကြွေ ထံလည်းတစ်နည်းနည်းဖြင့် ရောက်မည်သာ ..၊ စာရိတ္တထဲမှာ သူခိုးဆိုတာကိုလည်း လူလက်မခံသည့်ကိစ္စပေမို့ .. ဒေါ်ကြီးကြွေ လည်း အလုပ်ဖြုတ်လိုက်သည့် အဆုံးအဖြတ်တစ်ခုကို မှူး ထံ သက်ရောက်လာစေဦးမည်သာ ..။

''ငါ .. ငါ .. မျိုး ကိုလည်း ဒုက္ခမပေးချင်တော့ဘူး .. ဟိုတယ်မှာသွားနေဖို့ဆိုတာကလည်း ဒက်ဒီက မနေနဲ့လို့ .. ငါ့ကို ပြောထားတယ်-





ဒက်ဒီ ပိုက်ဆံ မသုံးနဲ့လို့ ပြောထားတယ် .. ဒီတော့ .. ငါ .. ငါ .. ဘယ်မှာ နေရမလဲ .. မျိုး ဆီမှာတော့ အဆောင်စည်းကမ်း ချိုးဖောက်နေလို့ ဘယ်ဖြစ်မလဲ ..''

မှူး ခေါင်းတွေ ခြောက်လာသည်။ ဦးနှောက်တွေ ဆူပွက်လာနေပြီ ..၊ ကျောင်းတစ်ခင်းစာ၏ တန်ဖိုး အဘယ်မျှထိ ကြီးတာ ခုတော့ ပို၍ထဲထဲဝင်ဝင် သိလာနေရပါ၏။ တော်ဖင်မှူးအိမ်ကြီးမှာ အိပ်ခန်းကျယ်ကြီးထဲ အိနေသည့် အိပ်ရာထက်မှာ ယုန်မွှေးစောင်ကြီးဖြင့် နွေးညက်ညက်အိပ်ခဲ့ဖူးစဉ်က .. အို .. တော်ဝင်မှူးမှာနေခဲ့ရသည့် ကာလတွေမှာ .. အကြောင့်ကြကင်းကင်းဖြင့် အသားတကျ ဖြတ်သန်းခဲ့ရသည်တည့် ..။ ကျောင်းတစ်ခင်းစာနေရာ၏ တန်ဖိုးဆိုတာကို တွက်ချင့်ဖို့ပင် အာရုံမရှိခဲ့ ..။

ခုကျတော့ .. မှူး ခေါင်းခဲနေရပြီ ..၊ သေချာတာတစ်ခုကတော့ မျိုး က မှူး ကို နှုတ်ပင် အဆောင်သို့ ရအောင် ခေါ်မည်သာ။ အန်တီသန်း ကို ခယယှ ခွင့်ပန်၍ မှူး ကို တစ်လတန်သည် ခေါ်ထားခွင့်ရအောင် ပြောချေမည်သာ ..။

အဆောင်ပိုင်ရှင် အန်တီသန်း ကလည်း ခွင့်ပြုနိုင်သည်ပါပဲ ..။ ဒါပေမယ့် မှူး .. ဒက်ဒီသိက္ခာကျမှာကို အဖြစ်မခံ ..။ မှူး ဆိုတာ .. ဒက်ဒီ့သမီးဟုတော့ အန်တီသန်း သိထားသည်ပဲလေ..။ မျိုး ထံ လာလာလည်သည့်အခါ .. လေးလေးရွှေ မောင်းပို့သည့်ကားဖြင့် ရောက်လာရ..၊ မှူး ဆိုတာ တော်ဝင်ကားစက်ရုံပိုင်ရှင် ဦးမြတ်မှူး ၏သမီးဆိုတာကိုလည်း အန်တီသန်း သိထားရသည်သာ ..။

ထိုစဉ်တုန်းကလည်း မျိုး ရော မှူး ရော ဤအဖြစ်မျိုး ကြုံရမည်ဆိုတာ မသိနိုင်ခဲ့ကြတာမို့ .. ဒက်ဒီ့သမီးဆိုတာကို လျှို့ဝှက်ထားစရာမှ ရှိခဲ့ဖူးပဲလေ ..။ ခုကျတော့ .. ဒက်ဒီ ပေးစားချင်ရာလူကိုလည်း မယူနိုင်သည့် မှူး ..။ အန်တီမေ ကလည်း ကိုကို့ဘဝထဲက ထွက်သွားပါဟု



www.burmeseclassic.com

www.burmeseclassic.com



ငို၍ ပြောသမျှ ကြားခဲ့ရပါသည့် မှူး ...။ ခုလို .. အိမ်ကထွက်ခဲ့သည့် အဖြစ်တွေ ရှိကုန်သည့်နောက်မှာ ...။

ဒက်ဒီ့သမီး မှူး သည် .. မျိုး ထံမှာ လာ၍ ကပ်နေခွင့်ရဖို့အတွက်.. အန်တီသန်း ထံမှာ မျိုး က ခယတောင်းပန်ပြောဆိုတာတွေ ဖြစ်လာကုန်သည်ဆိုလျှင် ...။

"ဟဲ့ .. ဦးမြတ်မှူး ရဲ့ သမီး ပန်းမြတ်သက်မှူး ဆိုတာ .. အိမ်ကဆင်းလာတာကိုး .. သူတို့သားအဖချင်း .. ဘာတွေဖြစ်ကုန်ပါလိမ့် .. ဦးမြတ်မှူး ကလည်း သမီးကို .. အဲသလို နှင်သတဲ့လား .."

ဟု အန်တီသန်း တွေးသည်ဆိုလျှင် .. ဒက်ဒီ့ဂုဏ် ထိမည်ပေါ့..။ ဟင့်အင်း ...၊ မှူး အဖြစ်မခံနိုင် ...။ ဒက်ဒီသည် မှူး ကြောင့် ဂုဏ်ရှိန် မထိပါးစေရ ...။ သိက္ခာမကျဆင်းစေရ .. နာမည်တစ်လုံး သူတစ်ပါးတွေအတွက် တစ်ယောက်နှင့်တစ်ယောက် .. သတင်းတစ်ခုနှယ် ထည့်ထည့်ပြောတာတွေ အဖြစ်မခံနိုင် ...။

"ဦးမြတ်မှူး လေ .. သူ့သမီးကို အိမ်က နှင်ချသတဲ့ ."

ဆိုတာလည်း အဖြစ်မခံနိုင် ...။

"ပန်းမြတ်သက်မှူး ဆိုတဲ့ ဦးမြတ်မှူး ရဲ့ သမီးပေါ့ .. အိမ်ကဆင်းသတဲ့ .."

ဟုလည်း လူသိမခံနိုင် ...၊ ဒက်ဒီ့သိက္ခာကျတာပဲ ဖြစ်ချေသည်လေ..။ မှူး ခေါင်းတွေခဲနေသည်မှ ဇက်ကြောတွေပင် ထိုးလာသည့်နှယ်ပါ။ လည်ပင်းတွေ တောင့်ခဲလာသည်သို့ ရှိနေ၏။ မျိုး အိမ်ဧည့်ခန်းထဲ ပြန်ဝင်လာသည်။ မျက်နှာကတော့ ခပ်တည်တည် ...။ မှူး ရှေ့မှာ ခုထိ ဖယောင်းပုဆိုးခင်း ကြမ်းပေါ်မှာရှိနေဆဲ စိန်နားကပ်ကိုကြည့်ကာ မျိုး မှ ကောက်ယူလိုက်ပြီး တည်တည်ငြိမ်ငြိမ်ပဲ ဒေါ်လေးထား ကို ကြည့်ချေ၏။ မျိုး ဘာတွေများ ပြောချေမည်မသိ ...။ ဒါပေမယ့် သေချာတာတစ်ခုကတော့ ဒေါ်လေးထား ကို အညှိမခံဘဲ ပြန်ပြောထည့်တော့မည်





ဆိုတာပဲ ဖြစ်လေသည်။

မှူး တားဖို့ နှုတ်ခမ်းအလှုပ်ပဲရှိသေးသည် တားသံပင် အရင်ထွက်မလာလိုက်ရ ...။ မျိုး ၏ လှောင်ထေ့ထေ့အသံက အရင်ပေါ်လာချေ၏။ သူငယ်ချင်းအတွက် ဒိုင်းသဖွယ် ရှေ့မှကာသည့်ဖောဖြင့် ပြောနေခြင်း ...၊

"အဲဒါ .. စိန်နားကပ်ရှင့် .. စိန်နားကပ် .. ခုလို .. ဝတ်ထားတာလာပစ်ချလိုက်ရုံနဲ့ .. ကိစ္စက မပြတ်နိုင်ဘူးလေ .. ဒါ .. စိန်အစစ်တွေပြန်ပေးတာမှ ဟုတ်ရဲ့လားဆိုတာလောက်တော့ .. မျိုး တို့ဘက်ကလည်း ပြန်စစ်ဆေးခွင့်ရှိရမယ်လေ .. မတော် .. စိန်နေရာမှာ တခြားကျောက်.. ဥပမာ .. စိန်တုပေါ့ .. အဲဒါ လဲထည့်ထားရင် ဖြစ်မလား .. ပြန်စစ်ဖို့လိုတယ် .. ကဲ .. မှူး .. စိန်နားကပ်ကို .. စိန်စစ်မစစ် .. စိန်တိုက်မှာ မျိုး သွားစစ်ပြီးမှ .. စစ်တယ်ဆိုမှ .. ဒီအိမ်ကဆင်းမယ် .. ခုလို .. စိန်နားကပ်ဆိုတာနဲ့တောင် မနေနိုင်မထိုင်နိုင် စဘော်အဖြစ်တောင်း .. ပြီးတော့.. သူများ နားကပ်ကြီး တလက်လက်ပန်ပြီး .. ဟန်မဆယ်နိုင်ဘဲ စိန်မက်တဲ့ ဒေါ်လေးထား ဆိုတာကို .. သိနေကဲ့ မျိုး ကတော့ .. စိန်ကိုစစ်ပြီးမှပဲ .. ဒီက ဆင်းနိုင်မယ်.. အဲဒါကိုမှ သဘောမကျနိုင်ဘူးဆိုရင် .. သူများစိန်နားကပ် .. ကိုယ့်ဥစ္စာလိုလို .. ကိုယ့်သားကြီးကပဲ ဝယ်ပေးသလိုလိုလုပ်ပြီး .. ပန်ထားတာ .. လူသိရှင်ကြားဖြစ်အောင် .. မျိုး ကတော့ဖြင့်.. အခန်းပြင်ထွက်အော်ပစ်မယ် သိရဲ့လား .. ဘာမှတ်လဲ .. မျိုး တို့က ပြောင်းရမယ့်လူတွေ .. တခြားသွားနေရမယ့်သူတွေလေ .. ဒေါ်လေးထား တို့က ကျန်ခဲ့ရမယ့်သူတွေ .. ဒီဝန်းကျင်မှာ .. အရှက်မကွဲချင်ရင်တော့.. စဉ်းစားပေါ့ .. သူများစိန်နားကပ် .. ဟပ်ဟပ်ထိုး ယူပန်ထားတဲ့သတင်း.. ဒီမှာ တသင်းသင်း ကျန်ခဲ့မှာရှင့် .."

"မျိုး .. အဲသလို လူကြီးကို မပြောနဲ့လေ .. ပေး .. ပေး .. အဲဒီနားကပ် .. စစ်လည်း မစစ်ချင်ပါဘူး .. ဒေါ်လေးထား ကို .. အဲသလိုမပြော



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့ မျိုး ရယ် .. အားနာစရာ ..''

မှူး နားကပ်လေး မျိုး ထံမှ ယူမည်ပြုတော့ မျိုး လက်ကို ရှောင်သည်။ အယူမခံ ..၊ ဆရာလည်း ဤတစ်ခါကျတော့ အမေ ယိ၍ထင့်..။ မခံ ..။ မျက်နှာကြီးတင်းမာလာရင်း မျိုးမျိုး ကို ခပ်တင်းတင်းကြည့်သည် ..။

''မမျိုး .. ကျွန်တော်က ဟောဒီက မမှူး သူငယ်ချင်းဆိုပြီး .. မမှူး မျက်နှာနဲ့ .. ဒီမှာ အခန်းတူတူငှားနေခွင့်ရအောင် မေမေ့ကို ပြောပေးထားတာပါ .. မေမေ့ကို .. ခုလို သိက္ခာချတာတော့ မခံနိုင်ဘူးဗျ.. မေမေ့ကို ပြန်တောင်းပန်ဗျာ .. ကျွန်တော့်ကို ပြောချင်သလို ပြော .. ဒါပေမယ့် .. မေမေ့ကိုတော့ မပြောနဲ့ မမျိုး .. မေမေက ကျွန်တော့်အတွက် ကိုးကွယ်ရာဗျ .. ခင်ဗျားသူငယ်ချင်း ပန်လာတဲ့ နားကပ်ဆိုတာကို .. သူက .. စိန်နားကပ်လို့ ပြောတာလေးနဲ့ပဲ မေမေက စိန်နားကပ်ဆိုပြီး ယုံကြည်ပေးခဲ့တာပါ .. ဒီနားကပ်ဟာ စိန်နားကပ် မစစ်ရင်လည်း ခင်ဗျားတို့ကိစ္စပဲ .. အစကတည်းက စိန်မဟုတ်လို့ပဲ .. စိန်နားကပ်စစ်နေတယ်ဆိုရင်လည်း .. ခင်ဗျားတို့ကိစ္စပဲ .. အစကတည်းက စိန်အစစ်ဖြစ်နေလို့ပဲ ..၊ ဒီနားကပ်မှာ စိန်စစ်ခြင်း မစစ်ခြင်းဟာ .. ခင်ဗျားတို့နဲ့ပဲဆိုင်တယ် .. မေမေနဲ့ မဆိုင်ဘူး .. အမှုလာမပတ်နဲ့ဗျာ .. ခင်ဗျားတို့.. သိပ်ပြီး စော်ကားမော်ကား ပြောကြတဲ့သူတွေပဲ .. ဘယ့်နှယ်ဗျာ .. အိမ်လည်း ငှားပေးရသေးတယ် .. မေမေ့ကိုလည်း စိန်နားကပ်ထဲက စိန်ကို ခိုးလဲထားမလိုလို စွပ်စွဲသေးတယ် .. ခင်ဗျားတို့ .. အိမ်ကအမြန်ဆုံးဆင်းကြတာ အကောင်းဆုံးပဲ .. ဆင်းကြဗျာ .. မေမေ့ကိုတော့.. မစော်ကားနဲ့ .. ဒါ .. ကျွန်တော့်အမေဗျ .. ခင်ဗျားတို့ အစော်ကားခံဖို့ မဟုတ်ဘူး.. နားလည်ထား .. မမှူး ကိုလည်း အားနာပါတယ် .. မေမေ့ကို ဒီလောက်ထိ မမျိုး က စော်ကားမော်ကား ပြောဆိုတာတွေဖြစ်လာပြီဆိုမှတော့ .. ဒီမှာလည်း မမှူး တို့ နေလို့ မဖြစ်တော့ဘူးလေ .. အမြန်ဆုံး





ဒီညမကူးခင် .. ဒီက ပြောင်းပေးပါဗျာ .. ပေးထားတဲ့ စဘော် စိန်နားကပ်လည်း ပြန်ပေးပြီးပြီပဲ .. မေမေ .. သူတို့ဆီက တစ်လစာ ကြိုငွေယူထားလည်း ပြန်ပေးလိုက်ပါ .. သူတို့နေတာလည်း မကြာသေးဘူးဘဲ မေမေ ရာ ..''

''အလိုတော် .. ပေးနိုင်ပေါင်တော်ရယ် .. သူတို့လို သူခိုးတွေ နေခဲ့တဲ့အိမ် .. ပြန်ဆေးရကြောရဦးမှာ .. အလုပ်ပိုတယ် .. အဲဒီပိုက်ဆံ သုံးသောင်း .. ပြန်မပေးနိုင်ဘူး .. ဒါပဲ ..''

ဆရာ့ကို မှူး ငေးကြည့်မိရပါ၏။ အမေ့ကိုထိတော့ ပြတ်သားလိုက်ပါသည့်ဆရာ ..၊ မှူး တို့ကို ချက်ချင်းဝင်ပြောသည်။ အိမ်မှလည်း ဆင်းနိုင်းပြီ ..။ ဘာပဲဖြစ်ဖြစ် ..။ ဆရာသည် .. ဒေါ်လေးထား အတွက်တော့ မွေးကျိုးနပ်သည့်သား ဖြစ်နေပါ၏။

မှူး သာ .. ဒက်ဒီအတွက် မွေးကျိုးမနပ်သည့်သမီး ဖြစ်နေသည်ပေါ့လေ ..။ ဩော် .. ဒါပေမယ့်.. မှူး ၏ရင်ထဲမှ ကိုကို့ကို .. ဘယ်လိုမှ .. ဖယ်ရှားနိုင်စွမ်း မရှိတာမို့ .. မှူး .. အိမ်မှဆင်းခဲ့ရခြင်းဆိုတာ ဒက်ဒီ သိလျှင် .. နားလည်ပေးလျှင်ဖြင့် ..။ မှူး ကို .. မွေးကျိုးမနပ်သည့် သမီးအဖြစ်မှ .. ပြန်၍ .. ကယ်တင်နိုင်မည်ဖြစ်ပါ၏။ မှူး ကို .. ဒက်ဒီ ရင်ခွင်မှာ ပြန်၍ခိုဝင်ခွင့်လည်း ပြုမည်ဖြစ်ပါ၏။

ဩော် .. ကိုကို့ကိုလည်း ဒက်ဒီ ကြည်ဖြူ လက်ခံပေးနိုင်လာမည် ဖြစ်ပါ၏။ မှူး မှာ .. ဒက်ဒီ့ကိုလည်း တောင်းပန်နေမိရသည်။ ကိုကိုနှင့် လည်း မခွဲနိုင် ..၊ ဟုတ်သည် ..။ မှူး ၏ နှလုံးသားထဲမှာရှိနေသည့် ကိုကို .. နှလုံးသားပြင်ပသို့ ခွဲမထုတ်ရက်နိုင် ..၊ မဖယ်ရှားရက်နိုင်..။ ည်ချောင်းတနင်နင်ဖြင့် မှူး ရှိနေရင်းမှ မျက်ရည်ကျလာသည်။ မှူး တ်ဝန်းကို စုံမှိတ်ချလိုက်မိရပါ၏။

နားထဲမှာတော့ အသံတွေ စီညံနေပြီ ..။

မျိုးမျိုး ကလည်း မခံ ..၊ တုံ့ပြန်ပြောနေသည်။ ဆရာကလည်း



www.burmeseclassic.com

www.burmeseclassic.com



မခံ ဝင်ဝင်ပြောနေသည်။ ဒေါ်လေးထား ကလည်း စိန်လဲသည့်မိန်းမ ကြီးအဖြစ် အစွပ်စွဲခံရပါမို့လားဟု ရင်တီးလက်ခတ် ငိုယို၍ ဆွေ့ဆွေ့ခုန် ပြောနေသည်။ မှူး .. နားတွေအူလာ၏။ ရင်ထဲနောက်လာ၏။ အသက် ရှူ၍ မဝနိုင်ဘဲ ဖြစ်လာနေသည်။ မှူး ၏ လက်လေးတွေ ဆတ်ဆတ်ခါ နေ၏။ အားလုံးကို လက်တကာကာဖြင့် တားနေသည်။ စကားလုံးတွေ မကွဲနိုင်တော့ပြီဖြစ်သည့် နားထဲတိုးဝင်နေသည့် ဆူညံနေသော အသံတွေ ကို မှူး ခံနိုင်ရည်မရှိတော့ပြီ။

လက်ရှိဘဝထဲမှာ မှူး ပင်ပန်းဒုက္ခတွင်းထဲ နစ်နေသည့်နှယ် ရှိ လာနေရသည်။ မှူး ကြားကြားနေရသည်က .. မျိုး ၏ စိန်စစ်မယ် ဆိုတာကြီးက ထပ်တလဲလဲဖြစ်နေသည်။ ဒေါ်လေးထား ၏ ရင်တီးလက် ခတ် မခံချိမခံသာ ငါ့ကို သူခိုးလို့ပြောသပေါ့လေ .. ဆိုတာလည်း တစ် ချက်တစ်ချက် ကြားနေရသည်။ ဆရာ့ထံမှ အိမ်က ဆင်းဖို့ပြောနေသံ လည်း တစ်ချက်တစ်ချက် နားထဲ တိုးဝင်နေသည်။ မြင်ကွင်းကလည်း စိတ်မွန်းကျပ်စရာ ဖြစ်နေ၏။

ဒေါ်လေးထား ကလည်း လက်ညှိုးတငေါက်ငေါက်ဖြင့် မျိုး ကို ပြောနေသည်။ မျိုး ကလည်း မျက်နှာကိုမော့၍ ခါးထောက်ပြီး နောက် မဆုတ်စတမ်း မှူး အတွက်.. ခံပြင်းပြောတွေ ဆက်တိုက်ပြောနေသည်။ ဆရာကလည်း .. သည်းမခံနိုင်သည့်နှယ် ဖြစ်လာရင်းမှ မီးဖိုဆောင် သွားကာ ပစ္စည်းတွေ သယ်ထုတ်နေသည်။ ဆင်းကြ .. ဆိုသည့်သဘော မြင်ကွင်းသည် ရှုပ်ထွေး ပွက်ထနေ၏။

မှူး က လက်တကာကာဖြင့် အားလုံးကို ခယယ တောင်းပန်ရ သည်။ တော်ကြပါတော့ဟု အနိုင်နိုင်ပြောနေရသည်ကိုက ပင်ပန်းနေ ပြီ ..။ အားတွေ ဆုတ်ယုတ်ကုန်သည်သို့လည်း ရှိနေပြီ ...။

ထိုစဉ်ခိုက်မှာ တံခါးဝမှာ လူရိပ် ထင်လာ၏ ...။

"မှူးလေး .. မှူးလေး ရယ် .. ဖြစ်ရလေဗျာ .. ဖြစ်ရလေဗျာ





ကိုကို့ မှူးလေး ကို .. ချောင်ပိတ်ရိုက်နေကြသလိုပါလား .. စိတ်တွေ ထွက်ပေါက်မရှိအောင် ရိုက်နေကြသလိုပါလား .."

ကိုကိုပါလားလေ ..၊ ကိုကို့ ခြေလှမ်းတွေက တုတ်ကောက်ဖြင့် အားပြုရင်း အမြန်ဆန်ဆုံး လျှောက်လာနေသည်။ အကြည့်သည် မှူး ထံမှာပဲ တောက်လျှောက်ရှိနေ၏။ မှူး လည်း .. မှူး လည်း .. ဤတစ် ကြိမ်မှာတော့ အားကိုးရာ .. ကူကယ်ရာပျောက်နေသည့်ကလေး ..။ အားကိုးရာတွေ့တာနှင့် ပြေး၍ ရင်ခွင်ထဲဝင်သည့်နှယ် ရှိကုန်ရပါပြီ..။ ကျိုး၍ထ ..။ ကိုကို့ထံပြေးသွားမိသည်မှာ ငိုယိုနေရင်းဖြင့်ပါ ..။ ကိုကို့ လက်တွေ ဆန့်တန်း ကမ်းလင့်လာချိန်မှာ မှူး ၏ ကိုယ်လေး ကိုကို့ ရင်ခွင်ထဲ တိုးဝင်မိသည်မှ ကူကယ်ရာနေရာတစ်ခုကို ကံကောင်းလွန်း စွာ ရလိုက်ပါသည့် ကလေးနှယ်ပါ ..။

အားကိုးရာနှင့် လုံခြုံရာတစ်ခုကို ဆုပ်ခဲ မိတွယ်လိုက်ရသည့်နှယ် လည်း ရှိကုန်ရပြီ ..။ ကိုကို့ရင်ဘတ်မှာ မျက်နှာလေးအပ်ကာ ကလေး နှယ်ပင် ရှိုက်ငင်ငိုနေမိသည်။ ပါးလေးကို ဟိုသည် လူး၍လူး၍ ကိုကို့ ရင်ဘတ်မှာရှိနေစေရင်း မျက်ရည်ကို ပွတ်ပစ်နေမိပေမယ့် မတန့်နိုင် သည့်မျက်ရည်က ဆက်တိုက်ပြိုကျနေဆဲ..။

"ကလေးရယ် .. မကြည့်ရက်လိုက်တာ ကလေးရယ် .. ကိုကို အရိပ်တကြည့်ကြည့်ထားရတဲ့ ကြွေရုပ်လေး .. ရွှေရုပ်လေး .. နှလုံးသား ထဲက ရတနာအရုပ်လေး .. ခံစားလိုက်ရတာ မမြင်ရက်စရာပါလား.. ဖြစ်ရလေ .. ဖြစ်ရလေ .."

ကိုကို့ နှုတ်မှ မချိတင်ကဲ ကြေကွဲသံက ပွင့်ကျနေ၏။ မှူး ၏ မျက်ရည် တို့လက်ဖြင့် ဖွဖွသုတ်ပေးနေသည်။ ကိုကို့လက်ချောင်းတွေလည်း တုန် ခါနေကြပါ၏။ ကိုကို့လက်ထဲမှ တုတ်ကောက်သည်လည်း လွတ်ကျ သွားပြီ ..။ မှူး ကို လက်နှစ်ဖက်ဖြင့် သိမ်းပွေ့ထားသည်။ ဆံပင်လေးကို သပ် ပေးနေသည်။ နဖူးပြင်လေးဆီမှ ချွေးတွေနစ်နေသမျှကို လက်ကိုင်

www.burmeseclassic.com



ပဝါဖြင့် သုတ်ပေးနေသည်။ ဆံစလေးတွေကို တနင့်နင့်ဖြင့် မချိတင်ကဲ ကိုကို ငုံ့၍ နမ်းသည်။

"မှုုး ကို .. မှုုး ကို .. ဒီနေရာက .. ခေါ်သွားပါတော့ ကိုကိုရယ်.. ခေါ်သွားပါတော့ .. မှုုး .. မှုုး .. ပင်ပန်းလှပါပြီ .. ပင်ပန်းလှပါပြီ.."

မှုုး ခပ်တိုးတိုး ပြောနေသည်။ မှုုး ၏ အသံလေးတွေ လေးလံလာနေ၏။ ကိုကို့လက်တွေက မှုုး ၏ လက်ကောက်ဝတ်ကို စမ်းလာသည်။ မျက်နှာမှာ ချွေးတွေနစ်နေရင်း အေးစက်နေသည့် မှုုး ..။ ပါးပြင်မှာ မျက်ရည်တွေလူးနေသည့် မှုုး ..။ လက်တွေက ခြစ်ခြစ်တောက် ပူနေချေသည်တကား ...။

"ဘုရားရေ .. မှုုး အရမ်းဖျားနေပါလား .. မှုုးလေး ရယ် .. မှုုးလေးရယ် .. မဖြစ်ဘူး .. မဖြစ်ဘူး .. မမျိုး .. မမျိုး .. ကျွန်တော့်လမ်းလျှောက်တုတ်ကောက်လေး ခဏကောက်ပေးပါဗျာ .. မှုုး ကိုလည်း ဘေးကထိန်းပေးပါ .. ဘုရား .. ဘုရားရေ .. မှုုး ရဲ့အသားတွေ ပြာလာနေသလိုပါလား .."

ဟု ကိုကို့ အသံတွေ စိုးရိမ်မှုကဲနေရင်း ပြောနေသမျှ မှုုး ကြားနေရသည်။ ဒါပေမယ့် .. မှုုး မျက်ခွံတွေ ပင့်မရ ဖြစ်လာနေပြီ ..။

"ဒါကြောင့် .. ကိုကို့ကို .. မျိုး ဖုန်းလှမ်းဆက်တာ .. မှုုး က ဖျားနေတာလေ .. ခုလို .. စိတ်ဆင်းရဲစရာ တွေကြုံချိန်မှာ ဘယ်လိုမှ ခံနိုင်ရည်ရှိမှာ မဟုတ်တာသိလို့ .. ကိုကို့ဆီကို ဖုန်းလှမ်းဆက်တာ .. မှုုး ရဲ့ ဟန်းဆက်လေးမှာ နောက်ဆုံး ဖုန်းဝင်ခဲ့တာ ကိုကို့ဖုန်းလေ .. အဲဒီနံပါတ်ကို မျိုး လှမ်းဆက် .. ဒီမှာ .. ရသလောက်လည်း အချိန်တွေဆွဲထားရတာ ကိုကို .. ရန်ဖြစ်အောင် လုပ်ထားရတာပေါ့ ကိုကိုရယ် .. ခု-ခု .. မှုုးလေး ကို .. ကိုကို့ရဲ့ အရိပ်မှာ .. မျိုး ပို့ထားခွင့်ရပြီ .."

မျိုး ဘေးမှ လာ၍ တွဲထိန်းရင်း ပြောနေသမျှကိုလည်း မှုုး ကြားနေသည်ပါပဲ ..။





"နေစမ်းပါ့အေရယ်... သူက ဘယ်သူတဲ့တုန်း .. မိုးပေါ်ကကျလာသလို ရောက်လာရအောင် .."

ရုတ်ခနဲ ကောက်မေးလာပါသည့် ဒေါ်လေးထား ကို မျိုးမျိုး ကြည့်သည်။

"ချန်ရစ်ခဲ့ပြီ ဒေါ်လေးထား ရေ .. သိဖို့လည်း မလိုတော့ဘူးလို့ပဲ ဖြေခဲ့ချင်ပါရဲ့ .. ဒီကပစ္စည်းတွေလည်း အလကားပေးထားခဲ့ပါတယ်.. သွားတိုက်တံတွေ လုနေစရာ မလိုတော့တာကိုက .. ဒေါ်လေးထားတို့ အိမ်ကလူတွေအတွက် မနက်ဘက် ဒုက္ခတစ်ခုတော့ ငြိမ်းလောက်ပါရဲ့ .. မှုုး က .. အရမ်းချမ်းသာတာရှင့် .. ဒီလောက်ပဲ သိထားရင်လုံလောက်ပါပြီ .. ဒါက .. မှုုး ရဲ့ ကိုကိုလေ .. သူတို့ချင်း မကြာခင်လက်ထပ်ကြမှာ .. မှုုး က .. ဘဝအကြောင်း သေချာလေ့လာပြီး စာရေးချင်လို့ ထွက်လာတာ .. အဲသလိုလုပ်တာကို .. သူ့ဒက်ဒီက မကြိုက်ဘူးလေ .. ဖွတ်ထွက်လာလို့ မှုုး ဒက်ဒီကလည်း စိတ်ဆိုးနေတာ .. ခု .. ထမင်းဆိုင်မှာ ပန်းကန်ဆေးတဲ့ မင်းသမီးအကြောင်းရေးဖို့ ကြိုးစားနေတဲ့ မှုုး ဟာ .. ဒေါ်လေးထား ကြောင့် .. အိမ်ပြန်ရတော့မယ် .. ကဲ .. ကိုကို .. ပြန်ကြစို့ .. ဆရာ .. ဆရာက မီးဖိုထဲကပစ္စည်းတွေ သယ်လာပေမယ့် .. နှင်ထုတ်ပေမယ့် .. မျိုး တို့က အဲဒီဥစ္စာတွေ ယူမသွားပါဘူး .. ချန်ခဲ့ပါရဲ့ .. တစ်ခုပဲ သင်ခန်းစာစကားလေး ချန်ခဲ့ချင်ပါတယ်.. လူတစ်ယောက်ကို အလွယ်လေးနဲ့ .. အထင်တသေး မလုပ်မိအောင်နောင်များမှာ .. ဆင်ခြင်ပါ .. ဒါပဲ ပြောချင်ပါတယ် .."

မျိုး ပြောကာ မှုုး ၏ ကိုယ်လေးကို ဘေးမှထိန်းသည်။

"လေးလေးသက် .. လေးလေးသက် .. လာပါဦး .. မှုုးလေး ကိုတားထဲ ပွေ့ခေါ်ပါဦး .. ဖြစ်ရလေ .. မှုုးလေး က .. ကိုကို့ မှုုးလေးက .. ထမင်းဆိုင်မှာ ပန်းကန်ဆေးသတဲ့လား .. ကိုကို ရင်ကွဲရပါပေါ့သား ကလေးရယ် .. ဟင် .."



www.burmeseclassic.com

www.burmeseclassic.com



တဲ့အထိ နိမ့်နိမ့်ပါးပါး မှုူး အဖြစ် .. အချစ်တစ်ခုအတွက် ရင်ဆိုင်ခဲ့ရ ရှာတယ် .. အဲဒါဟာ .. ချမ်း ကို ချစ်လို့ပါ အန်ကယ် .. ချမ်း ကို မှုူး ချစ်နေလို့ပါ .. အဲသလို အဖြစ်တွေထဲမှာ မှုူး ကို .. မှုူး ကို .. ချမ်း ဘယ်လိုမှ .. မထားနိုင်ဘူး အန်ကယ် .. မထားနိုင်ပါဘူးဗျာ .."

ရင်တွေ ကျေနေသည်။ သူ ဆက်တိုက်ပြောနေချိန်မှာ အန်ကယ် ကလည်း ငြိမ်၍ နားထောင်နေသည်ပါပဲ ..။ တော်ဝင်မှုူး၏ ဧည့်ခန်းမှာ သူ ရပ်နေသည်။ လက်မှာ လမ်းလျှောက်တုတ်ကောက်က ရှိနေ၏။ သူ့အကြည့်တွေက ခြေထောက်မှာ တန့်သည်။

"ဟုတ်ပါတယ် အန်ကယ် .. ချမ်း ဟာ ခြေတစ်ဖက်မသန်တဲ့ ဒုက္ခိတတစ်ယောက်ပါ .. ဒီတုတ်ကောက်တစ်ခုကို အားကိုးရတဲ့ဘဝ တစ်ခုကို လက်မလွှတ်နိုင်တဲ့ ဘဝနဲ့ ရှင်သန်သွားရမှာလည်း အမှန်ပါ ပါပေမယ့် .. ချမ်း မှာ ကောင်းတဲ့ခြေထောက်တစ်ဖက်နဲ့ ကောင်းတဲ့ လက်နှစ်ဖက် ရှိနေပါတယ် အန်ကယ် .. ကောင်းတဲ့ဦးနှောက် ရှိနေပါ တယ် .. ဒီလက်တွေနဲ့ .. မှုူး ရဲ့ ရှေ့က အန္တရာယ်မှန်သမျှကို ဖယ်ရှား နိုင်ပါတယ် .. ဒီရင်ဘတ်နဲ့ တံတိုင်းခံပြီး မှုူး ကို ကာကွယ်ပေးနိုင်ပါ တယ် .. လုံခြုံတဲ့ဘဝတစ်ခုကို .. ချမ်း ရဲ့ဘဝနဲ့ရင်းပြီး မှုူး အတွက် လည်း တည်ရှိစေနိုင်ပါတယ် .. ချမ်း ဟာ မှုူး အတွက် .. အသက်ကို ပေးရပေးရ .. ပေးနိုင်တဲ့သူပါ .."

သူ ပြောနေရင်း အသံတွေ တစ်ချက်တိမ်၏။ နောက်တော့ မျက်ဝန်း တွေ လက်တောက်လာသည်။ ချစ်ရသူအတွက် အရာရာကို ရင်ဆိုင်ဝံ့ သောသူတစ်ယောက်အဖြစ် ခံစားချက်တွေက နှလုံးသားမှသည် .. မျက် ဝန်းများသို့တိုင် အားအင်များကို တွန်းပို့၏။ သူ့အဆုံးအဖြတ်သည် အမှားအယွင်းလုံးဝမရှိသောအရာဟု တွေဝေခြင်းကင်းနေသောစိတ်ဖြင့် အကြွင်းမဲ့ သူ ယုံကြည်ထားပြီးနေပြီ။ ပြောရမည့်စကားကိုလည်း အရှိုးသား ဆုံး .. ပြီးတော့ .. ထိမ်ချန်ထားခြင်းကင်းစင်စွာ အားလုံးသွန်၍ အန်ကယ်





ကို ပြောမှဖြစ်တော့မည်ဆိုတာကိုလည်း သူ သဘောပေါက်ပြီးနေပြီ..။

"ချမ်း က .. ဒီခြေထောက်တစ်ဖက်ပဲ အကျိုးကြီး .. ဒုက္ခိတကြီး ဖြစ်နေရတာပါ .. မှုူးလေး ကို အန်ကယ်ရော .. ချမ်း ရော .. ဝိုင်းပြီး နှိပ်စက်လိုက်ကြတာ .. မှုူး ရဲ့ ဘဝနုနုဖန့်ဖန့်လေး .. မှုူး ရဲ့သာယာ အေးချမ်းနေတဲ့ဘဝလေး .. မှုူး ရဲ့ .. တောက်ပလင်းလဲ့နေတဲ့ အနာဂတ် လေးတွေအားလုံးဟာ .. ကျိုးပဲ့ကုန်ကြရပြီးနေပြီ .. မှုူးလေး ဟာ .. ခါးသီး ရက်စက်တဲ့ ကြုံကြိုက်ရမှုတွေကို .. မနိုင်ရင်ကန် ကျုံးရုန်းပြီး ခံခဲ့ရတာ ပါ .. ချမ်း ကလည်း .. မှုူးလေး ကို လက်မလွှတ်ခဲ့နိုင်ဘူးဆိုတာ အတိအလင်း သူ့ကို အသိပေးမိခဲ့တယ် .. ဖုန်းနဲ့ပြောနေချိန်မှာ .. အဲသလို ပြောခဲ့မိ တယ် .. အဲဒီအချိန်မှာ .. အန်ကယ်က .. မှုူးလေး ကို ပန်းကန်ဆေးတဲ့ အလုပ် လုပ်လို့ ပြောခဲ့ပြီးခါစလေးပဲ ရှိသေးသတဲ့ .. မျိုး ပြောပြလို့ အားလုံး သိခဲ့ရလေသမျှ .. ခုကျတော့ .. ချမ်း မှာ ရင်ကွဲနေရတာပါပဲ.. ဘယ်လောက်ဝိုင်းပြီး ရက်စက်ခဲ့ကြသလဲဟင် .. မှုူးလေး အပေါ်မှာ .. မထောက်မရက် .. ဝိုင်းပြီး ပြောထွက်ရက်လိုက်ကြတာဗျာ .. အန်ကယ် ကလည်း ပြောတယ် .. ချမ်း ကလည်း ပြောတယ် .. အဲဒီအတွက် .. ကံကောင်းလို့ မှုူးလေး .. သေမသွားတာ .. တကယ်က .. အဲဒီကတည်း က .. အသားလေးတွေ ပြာနှမ်းကုန်အောင် ခံစားခဲ့ရတယ်တဲ့ .. မျိုး .. အားလုံး ချမ်း ကို .. သရဖီဦးမှာ မျက်ရည်ကျရင်း ပြောပြခဲ့တယ် အန်ကယ် .. ချမ်း ရင်မကျိုးရင် .. ဘယ်သူကျိုးမှာလဲ ဗျာ .."

သူ မျက်ရည်ဝဲတက်လာနေပါ၏။ သရဖီဦးမှာ မှုူးလေး ကို ခေါ်ခဲ့ ကာ .. သူ့အခန်းမှာပဲ မှုူးလေး ကို နားနေစေခဲ့သည်။ ဒေါက်တာနွယ်နွယ့် ကို ပင့်ကာ ဆေးထိုးခဲ့ရသည်။ မေမေ ကတော့ မျက်ရည်တွေဖြိုင်ကျနေ ရင်း မှုူးလေး ကို ဖက်ငိုခဲ့သည်ပါပဲ ..။ မှုူးလေး ကို .. နမ်းလိုက်သည် မှ အဆက်မပြတ်သော မေမေပါ ..။ ဖေဖေလည်း ဟိုတယ်ကို မသွား သေးတာမို့ အိမ်မှာပဲ ဆက်၍ရှိနေရပြီ။



www.burmeseclassic.com

www.burmeseclassic.com



မှုးလေး ကို မေမေကိုယ်တိုင် နွားနို့လေးတိုက်သည်။ ဆေးရှိန်ဖြင့် မှုးလေး အိပ်ပျော်သွားချိန်မှာ သူ အန်ကယ့်ထံ ရောက်လာရခြင်းပါ ..။ သရဖီဦးသို့ရောက်ခါမှ မျိုးမျိုး အသေးစိတ် အားလုံးကို ပြောပြခဲ့တာမို့.. ဘယ်သူမှ မျက်ရည်မကျဘဲ မနေနိုင်ခဲ့ကြ ..။ အဆိုးဆုံးကတော့ သူကိုယ်တိုင် ဖြစ်နေရပါ၏။ မှုးလေး အိပ်ပျော်နေချိန်လေးမှာ သူ အချိန်လု၍ တော်ဝင်မှုးသို့ ရောက်လာရခြင်း ..၊ သူ .. ကြာကြာဆက်၍ မနေနိုင်ပါ ..။

မှုးလေး နိုးလာချိန်မှာ မှုး အနီးမှာ ရှိနေသင့်သည့်သူသည် သူကိုယ်တိုင်ပဲ ဖြစ်နေသည်ဆိုတာ နှလုံးသားက သိနေသည်လေ ..။ တော်ဝင်မှုးသို့ သူရောက်နေပေမယ့် ခုထိ သူ မထိုင် ..၊ ထိုင်လည်း မထိုင်ချင် ..။ အန်ကယ့်ကို သူ မှုး နှင့် ပတ်သက်၍ ပြောပြသင့်တာကို လာပြောပြီးတာနှင့် ပြန်ဖို့ပဲ ရှိသည်။

"တကယ်တော့ .. အချစ်ဆိုတာ .. ချစ်ရသူအတွက်ရော .. အချစ်ခံရသူအတွက်ရော .. အေးချမ်းမှု .. တန်ဖိုးရှိတာပါ .. ကိုယ့်သမီးလေး ဒုက္ခိတတစ်ယောက်နဲ့ တစ်သက်လုံး လက်တွဲမသွားရအောင် အန်ကယ်က .. ဖခင်ရဲ့ ချစ်ခြင်းနဲ့ ဆုံးဖြတ်တယ် .. ဒါပေမယ့် .. အဲဒီအချစ်ခံ သမီးတစ်ယောက်ရဲ့ရင်ကို အဲဒီ အဆုံးအဖြတ်က ပူလောင်စေတယ် .. လောင်မြိုက်စေတယ် .. အန်ကယ်ကိုယ်တိုင်ရော .. မှုးလေး ရော .. ဘယ်သူ့ ဘယ်သူကိုမှ အဲဒီအချစ်ဟာ မအေးမြစေခဲ့ဘူး .. အတ္တဆိုတာ.. အချစ်မှာ ဝင်မွှေလာရင် .. တန်ဖိုးမဲ့ကုန်ရတာပါပဲ .."

သူပြောနေရင်း ခပ်ဖြည်းဖြည်း ပြတင်းဘက်ဆီသို့ လျှောက်မိရပါ၏။ ပြတင်းအနီးမှာရပ်ကာ လှမ်းလင့်မြင်နေရပါသည့် သရဖီဦးအိမ်ကြီးကို ငေးကြည့်နေမိသည်။

ဩော် .. သူ၏ ရင်နှစ်ပန်းလေးတစ်ပွင့်သည်.. နွမ်းကြွေလုလု အခြေအနေဖြင့် ရင်ဆိုင်ကြုံခဲ့ရပြီးခဲ့ပြီ ..။ ခုလည်း .. ဆေးရှိန်ဖြင့် အိပ်ရာ





ထက်မှာ နွမ်းဖျော့ဖျော့လေး အိပ်ပျော်ကျန်ခဲ့ရရှာသည်။ စိတ်သည် .. မှုး ထံသို့ ရောက်နေ၏။ ရင်ထဲမှာ ဤမျှ ကြီးမားသောနောင်တ မဖြစ်တည်ခဲ့စဖူး ..။ သူသည် မှုးလေး ကို ရက်စက်ခဲ့သူ သက်သက်ဖြစ်ခဲ့သည်ကိုးလေ ..။ သူ့ရင်ကို သူ လရိုက်လိုက်မိသည်။ အညှာအတာ မဲ့နေသော လက်သီးတစ်လုံး၏ ရိုက်ချက်သည် သူ့ရင်ကို အထိနာအောင် စူးအောင့်သွားစေသည်ပါပဲ ..။

အံမဲထားရင်းမှ သူ မျက်ရည်ကျလာသည်။

"ဘာထူးလဲ အန်ကယ် .. ဟောဒီ ချမ်း ဆိုတဲ့ ချမ်းမြေ့သာ ဆိုတဲ့ အကောင်ကလည်း .. မှုးလေး ကို ရက်စက်ခဲ့တာပါပဲ .. မှုးလေး ကို ချစ်လို့ဆိုပြီး .. ဒီခြေကျိုးကြီးဘဝထဲကို လက်တွဲခေါ်ဖို့ မဆိုနဲ့ .. ရင်ထဲက အချစ်ကိုတောင် ဖွင့်မပြောထွက်ခဲ့ဘူး .. ဒါပေမယ့် .. ဒါပေမယ့် .. အချစ်ဆိုတာက .. ထူးဆန်းတယ် .. ဖွင့်မပြောပေမယ့် .. သိနေကြတယ်လေ .. မှုးလေး ရဲ့ အချစ်ကို ချမ်း သိသလို .. ချမ်း ရဲ့ အချစ်ကိုလည်း မှုးလေး သိတယ် .. ဒါပေမယ့် .. ချမ်း ရဲ့ အချစ်ဟာ .. မှုးလေးအပေါ်မှာ မအေးမြစေခဲ့ဘူး .. မှုးလေး ကို လက်လှမ်းတွဲဖို့နေနေသာသာ .. လှမ်းလင့်ချင်တဲ့စိတ်ဇောကြောင့် မိန်းမသားလေးတစ်ယောက်ရဲ့လက်လေး မလှမ်းဝံ့ဝံ့ လှမ်းဝံ့ငံ့နဲ့ .. အရဲကိုးပြီး မျှော်လင့်ကမ်းလင့်လာတဲ့ လက်လေးကိုတောင် ပုတ်ခဲ့မိတာလေ .. ဒီတော့ ချစ်တဲ့သူ ချမ်းရော အချစ်ခံရတဲ့သူအတွက်ရော .. အဲဒီအချစ်ဟာ .. ဒုက္ခပေးတော့တာပါပဲ .. မှုးလေး .. လူးနေအောင် ခံစားခဲ့ရတာဗျ .. ဘယ်သူမှ မှုးဘေးမှာ မရှိကြဘူးလေ .. မှုးလေး က ဟောဒီခြေကျိုးကြီးကို ချစ်နေချိန်မှာ .. ဟောဒီ အကျိုးကြီးက .. လှည့်ပြေးနေတာ .. အဲဒါ .. ရက်စက်တာ မဟုတ်လို့ ဘာလဲဗျာ .. ဘာလဲဗျာ .."

သူ့အသံတွေ အက်ခါနေသည်။ နှုတ်ခမ်းကို သွားဖြင့်ကိုက်ထားမိသည်။ ဖိကိုက်နှုန်းက ခံစားချက်အတိုင်း အရှိန်ပြင်းသည်မို့ နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆီမှ သွေးကျလာသည်အထိ ကိုက်မိပြီ ..။

ဤအခါမှာတော့ အန်ကယ် မနေသာ ..၊ သူ့ထံ ခပ်သုတ်သုတ်လျှောက်လာပါပြီ။ သူ့သွေးကို သုတ်ပေးမည့်နယ် အန်ကယ့်လက်တွေ လှမ်းလာချိန်မှာ သူ ခေါင်းခါသည်။

"ချမ်း ရဲ့ နှုတ်ခမ်းက သွေးကို .. မမြင်ရက်လို့ သုတ်ပေးမယ်ဆိုရင် .. အန်ကယ် အရင်ဆုံး သုတ်ပေးသင့်တဲ့သူဟာ .. မှူး ပါ .. မှူးပါ အန်ကယ် .. မှူးလေး က နှလုံးသားအက်ကွဲပြီး သွေးကျနေရရှာတဲ့သူပါ .. သူ .. စိတ်ရော .. လူရော ပင်ပန်းလွန်းလို့ ဖျားနေတယ် အန်ကယ် .. အထူးသဖြင့် စိတ်အရမ်းထိခိုက်ထားတဲ့ဒဏ်ကို မှူးလေး ခံနိုင်ရည်ကင်းမဲ့နေပြီ .. အန်ကယ် မြင်ကြည့်ပေးပါဗျာ .. ထမင်းဆိုင်တစ်ဆိုင်မှာ ပန်းကန်လေးထဲက ထမင်းနဲ့ ဟင်းဆိုရုံလေး ပေးကျွေးထားတဲ့အရာကို .. စားနေရတဲ့ မှူး .. တစ်နေကုန် သူများစားပြီးသား ပန်းကန်တွေ .. ဆိုင်က အိုးခွက်ကြီးတွေ ဆေးကြောနေရတဲ့ မှူး .. အဲဒါကို မြင်ကြည့်စမ်းပါ .. ချမ်း .. ရင်ထဲမှာ .. ကျေနေပြီဗျ .. ကျေနေပြီ .. မှူးလေး ကို ချမ်းလည်း ရက်စက်တဲ့အထဲ ပါနေတယ် အန်ကယ်ရ .. ပါနေတယ် အန်ကယ်ရ .. ချမ်း .. ပန်းလေးတစ်ပွင့်လို အရိပ်တကြည့်ကြည့်ရှိရတဲ့ မှူးလေး .. အဲသလောက် .. သိမ်ငယ်ငယ်အဖြစ်လေးတစ်ခုမှာ ရုန်းကန်နေရတာ .. ချမ်း တရားခံ .. ချမ်း တရားခံဗျ .. ချမ်း တရားခံဗျ .. အဲဒီတော့ .. ချမ်း သိလာတယ် .. အချစ်ဆိုတာ .. သစ္စာရှိရတယ်ဆိုတာပဲ .. အခု .. ချမ်း .. သစ္စာရှိပြီ .. ဆုံးဖြတ်ရဲပြီ .. ကိုယ်ချစ်ရတဲ့သူ .. ကိုယ့်အချစ်ကို ခံရတဲ့သူဟာ .. ကိုယ့်ကြောင့် .. အေးချမ်းလုံခြုံတဲ့အရာကို ပိုင်ဆိုင်ခွင့်ကို ရှိကိုရှိစေရမယ် .. တခြား ဘာကိုမှ ရေးကြီးခွင်ကျယ် မလုပ်ပေးနိုင်တော့ဘူး .. ကတိပျက်သူလို့ပဲ အန်ကယ် ပြောပြော .. ကတိကြွေးမကျေတဲ့သူအဖြစ်ပဲ ချမ်း ခံယူသွားမယ် .. မှူးလေး ကို .. ချမ်း လက်ထပ်မယ် အန်ကယ် .. အဲဒါ .. ချမ်း အန်ကယ့်ကို .. လာပြီး .. သစ္စာစကားကို





ဝန်ခံ အသိပေးခဲ့တာပါပဲ .. ချမ်း ကြောင့် .. ဘယ်တော့မှ မှူးလေး မျက်ရည်မကျစေရဘူး .. ချမ်း အသက်ရှင်နေသရွေ့ .. မှူးလေး ကို လုံခြုံတဲ့အရိပ်ကို ပေးမယ် .. ရှာကျွေးမယ်.. စောင့်ရှောက်မယ် .. မေတ္တာထားမယ် .. သစ္စာထားမယ် .. ဒီစကားလုံးတိုင်းဟာ တစ်ခုချင်းစီတိုင်းမှာက .. အရာတစ်ခုကို ပယ်ဖျက်နေကြတယ် .. အဲဒါကတော့ အန်ကယ့်ကို ပေးမိခဲ့ဖူးတဲ့ကတိကို ပယ်ဖျက်နေခြင်းပါပဲ .. ကိုယ်ပေးထားတဲ့ ကတိတစ်ခုဟာ.. လူတစ်ယောက်အပေါ်မှာ ပျက်သွားရပေမယ့် .. ချမ်း ချစ်မြတ်နိုးရတဲ့ မှူး ရဲ့ ဘဝလေး အေးချမ်းမယ်ဆိုရင် .. ကတိဖျက်ရကျိုး နပ်ပါတယ် အန်ကယ် .."

သူ ဆက်တိုက်ပြောနေတော့ အန်ကယ် ငြိမ်၍ ရပ်နားထောင်နေသည်။ သူ ရောက်လာကတည်းက အရာရာကို သိချင်ဇောဖြင့် ထမင်းစားခန်းအဝင်တံခါးမှာ ရပ်ရင်း နားထောင်နေသည့် ဒေါ်ကြီးမွှေး နှင့် မိလုံး တို့လည်း ငိုနေကြသည်။ အိမ်၏ အဝင်တံခါးမှာ တွေတွေကြီး နှစ်ယောက်တူတူလာရပ်နေကြသည့် ဘဘခေါင်း နှင့် လေးလေးရွှေ တို့လည်း ငိုနေကြသည်။

မငိုဘဲ ငြိမ်၍ တွေတွေကြီး ခုထိ သူ့ကိုကြည့်နေသည်က အန်ကယ်ပဲဖြစ်ပါ၏။

"မင်းရဲ့ အဆုံးအဖြတ်ကို နောက်မဆုတ်တော့ဘူးလို့ ပြောနေတာလား ချမ်းလေး .."

တည်တည်ငြိမ်ငြိမ် အန်ကယ် မေးလာပါ၏။ သူ အန်ကယ့်ကို လက်အုပ်ချီ၍ ကြည့်လိုက်ကာ ..

"အန်ကယ့်ကို ရိုသေကန်တော့ပါတယ် အန်ကယ် .. အန်ကယ်ဟာ မှူး ရဲ့ ဖခင်ပါ .. ပြီးတော့ .. ချမ်း အမြဲရိုသေအားကျရတဲ့သူလည်း ဖြစ်ပါတယ် .. ဒါပေမယ့် .. မှူး နဲ့ ပတ်သက်ပြီး .. အန်ကယ့်ဘက်က အဆုံးအဖြတ်နဲ့ .. ချမ်း ဘက်က ရပ်တည်မှုတွေတိုင်းဟာ ဆန့်ကျင်ဘက်



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်ကုန်ကြရတာကိုတော့ ချမ်း .. စိတ်မကောင်းပါဘူး .. ဒါပေမယ့် .. အန်ကယ့်အမေးကို ဖြေရမယ်ဆိုရင် .. ဟုတ်ပါတယ် အန်ကယ်.. မှူးလေး ကို လက်ထပ်ဖို့ ချမ်း ဆုံးဖြတ်ထားခြင်းဟာ .. ဘယ်တော့မှ နောက်ဆုတ်တော့မှာ မဟုတ်ပါဘူး အန်ကယ် .. ချမ်း ကို နားလည်ပေးပါ .."

ဟု ဖြေတော့ အန်ကယ် မျက်တောင်မခတ် စိုက်ကြည့်နေသည်။ မျက်ရည်တွေ ဝေနေသည့်အကြည့် ..။

"ဒုက္ခိတတစ်ယောက်နဲ့ အန်ကယ့်သမီးကို လက်မထပ်ပေးနိုင်ပါဘူးလို့ ပြောခဲ့မိဖူးတဲ့ .. အန်ကယ့်ကို ထပ်ဖြေပါ .. အဲသလို .. ရက်ရက်စက်စက် ပြောခဲ့တဲ့ အဖေတစ်ယောက်ရဲ့သမီး မှူး ကို .. ချမ်းလေးက .. အငြိုးအတေးကင်းကင်းနဲ့ .. လက်ထပ်နိုင်သတဲ့လား .. ရင်ထဲမှာ နာကြည်းခံပြင်းခြင်းကင်းတဲ့စိတ် .. အမြဲရှိနေနိုင်ပါ့မလား .. နင့်အဖေက .. ငါ့ကို မတူမတန်ပြောခဲ့တာ ရင်ထဲက ဘယ်တော့မှ မထွက်ဘူးဖို့ .. တစ်နေ့မှာ .. နာကြည်းတဲ့သန္ဓေ အညှောင့်လေး အညွန့်တလူလူ မောက်တက်လာပြီး .. မပြောမိဘူးလို့ရော .. ချမ်း ရဲ့စိတ်ကို ချမ်း တာဝန်ယူနိုင်ရဲ့လား .."

အန်ကယ် မေးလာတော့ သူ အားယူ၍ ပြုံးသည်။ အန်ကယ်သည် သူ့အချစ်ကို ခုထိ နားမလည်နိုင်သေးသည်ကောလေ ..။

"တကယ်ချစ်တဲ့သူရဲ့ ရင်ထဲမှာ နာကြည်းတဲ့သန္ဓေမျိုးစေ့ ဆိုပြီး အပင်ထွက်စရာ .. အညှောင့်တွယ်စရာ နေရာရယ်လို့ကို မရှိတာပါ အန်ကယ် .. ရှိတဲ့အရာဟာ တစ်ခုတည်းပါပဲ .. အဲဒါဟာ အချစ်ပါ.."

သူ ဖြေတော့ အန်ကယ့်လက်တွေ သူ့ပခုံးပေါ် ကျလာသည်။ ခပ်ဖွဖွ ပုတ်ပေးသည်။

"သွားကြစို့ .."

ဟု ရုတ်ခြည်း ပြောလာသည်။ သူ့ကိုလည်း ဆံစတွေ သပ်ပေးလာ





သည်။

"အန်ကယ့်မှာ သားတစ်ယောက် တိုးတဲ့နေ့ပါ ချမ်းလေး .. အခု.. အန်ကယ်တို့ တူတူ သမီးလေးဆီ သွားကြရအောင် .. အန်ကယ့် နှုတ်က.. သမီးလေးကို အရေးကြီးတဲ့စကားပြောဖို့ ရှိနေတယ် .. မကြာမတင်မှာ.. ဟောဒီ တော်ဝင်မှူးအိမ်ကြီးမှာ .. ချမ်းလေး နဲ့ သမီးတို့ရဲ့ မင်္ဂလာပွဲကြီး ကျင်းပကြမယ်ဆိုတာရယ် .. သားနဲ့ သမီးတို့ နှစ်ယောက်ဟာ တစ်လစီ တစ်လစီ .. ဟိုဘက် သရဖီဦးအိမ်မှာ တစ်လှည့် ဟောဒီက တော်ဝင်မှူး အိမ်ကြီးမှာ တစ်လှည့် နေကြရမယ်ဆိုတာ့ရယ် .. အဲဒါကို ပြောပြဖို့ လိုနေပြီကွယ် .."

ဟု ပြောလာတော့ သူ .. အန်ကယ့်ကို မျက်ရည်တွေ ဖြိုင်ကျလာရင်း ဖက်ထားလိုက်မိပါရပြီတည်း။ သြော် .. သူ၏ ရင်လည်း အေးမြရပြီ။ မှူးလေး ၏ ရင်လည်း အေးမြရတော့မည်။ အားလုံး ဝမ်းသာအားရ လက်ခုပ်တီး၍ ဟေးခနဲအသံ ပွင့်ကျလာကြသည်က မတိုင်ပင်ပါဘဲနှင့် ဒေါ်ကြီးမွှေး၊ မိလုံး၊ ဘဘဆောင်း နှင့် လေးလေးရွှေ တို့၏ နှုတ်တွေဆီမှပါ ..။ အန်ကယ့်လက်တွေက သူ့ပခုံးကို ပုတ်ပေးနေသည်။

"တကယ်တော့ .. အဖေဆိုတာ .. သမီးဖေနဲ့ .. အတ္တဆိုတာ ဖြစ်တည်တတ်တယ်ဆိုတာ .. ချမ်းလေး မိဘဖြစ်တဲ့အခါမှာ နားလည်လာမှာပါ .. ဒါပေမယ့် .. အန်ကယ် ပြောလိုက်ပါရဲ့ ချမ်းလေး ရေ .. အန်ကယ့်လို ချစ်ရင်းဖြစ်တည်ခဲ့တဲ့ အတ္တအမှားမျိုး .. ဘယ်တော့မှ .. ချမ်းလေး နဲ့ သမီး မှူး တို့ဆီမှာ အဖြစ်တည်မခံနိုင်ပါဘူးဆိုတဲ့ ကတိပေးခြင်းပါပဲ .. အတ္တဟာ .. အန်ကယ့် ရင်ကိုလည်း လောင်မြိုက်နေတာပါပဲကွယ် .. အန်ကယ် ကိုယ်တိုင်ကလည်း သမီးလေးနဲ့ မခွဲစဖူးခွဲရလို့ ရူးမတတ်ဖြစ်နေတာပါ .. မောင်ရွှေ နဲ့ စုံစမ်းခိုင်းနေရတာပါပဲ .. သမီးလေး အမြန်ပြန်လာအောင်ဆိုပြီး ပန်းကန်ဆေးတဲ့အလုပ်လုပ် .. ဆိုတာမျိုး ပြောမိခဲ့တာ .. ငွေကျပ်တည်းရင် .. ဒုက္ခရောက်ရင် ပြန်လာမယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ထင်မိခဲ့သကိုး .. ဒါပေမယ့် .. အန်ကယ့်သမီးက .. အန်ကယ့်ဆီ ပြန်ရောက်မလာဘဲ .. အန်ကယ်ခိုင်းတဲ့အလုပ်ကို လုပ်တယ်ဆိုတော့.. အန်ကယ် .. ခုလို သိရချိန်မှာ ရင်ကွဲရတာပါပဲ ..''

ဟု ပြောရှာပါ၏။

နောက်တော့လည်း အရမ်းပျော်နေကြသည့် ဒေါ်ကြီးမွှေး တို့ တစ်သိုက်ကို ပြုံး၍ကြည့်သည်။

''မယ်မွှေး .. မှုုးလေး အတွက် .. သူ ကြိုက်တာလေးတွေ ချက်ပြုတ်ထား အစ်ကိုကြီးလည်း .. ဟိုမှာပဲ .. မှုုးလေး နဲ့ ထမင်းစားမယ်.. ချက်ပြုတ်ပြီးရင် .. ချိုင့်နဲ့ လာပို့လှည့် .. ဟုတ်ပလား ..''

ဟု လှည့်ပြောတော့ ဒေါ်ကြီးမွှေး ဝမ်းသာမျက်ရည်တွေဖြင့် ခေါင်းမြန်မြန်ညိတ်ရှာ၏။ အန်ကယ်နှင့် သရဖီဦးသို့ ရောက်ကြချိန်မှာ မှုုးလေး အိပ်ပျော်နေဆဲ ...၊ အန်ကယ်ပါလာတာမို့ ဖေဖေရော မေမေရော ပြေး၍ လိုက်လိုက်လဲ့လဲ့ ဝမ်းသာအားရ လာကြိုကြ ...။ မှုုးလေး အိပ်နေရာ သူ့အခန်းကို ခေါ်လာကြနှင့် ရှိကုန်ရပါ၏။

အန်ကယ့်အတွက် နွားနို့ ပူပူတစ်ခွက် မေမေ ပြေး၍ယူလာကာ ရှေ့မှာချပေးသည်။ အန်ကယ် မငြင်းပါ။ မေမေ ယူလာပေးသည့် နွားနို့ကို ချက်ချင်းကောက်၍ မူတ်ကာ မူတ်ကာ သောက်ရှာ၏။

''မှားခဲ့ဖူးတယ် မေ .. မှားခဲ့မိတယ် ညီလေး ဆောင်သာ ရေ .. သမီးဇောကိုးဗျ .. ဒါပေမယ့် .. အခုလာတာက .. သားနဲ့တူတူ ဒီသမီးဆီကို လာတာလေ .. ဒီသားနဲ့ တူတူလာတာလေ ..''

ဟု တစ်ချက်တော့ အရင်ကပြောမိခဲ့ဖူးသည့် စကားတွေအတွက် အနေခက်တာတွေ မဖျောက်နိုင်စွာဖြင့် အားနာမျက်နှာနှင့် အန်ကယ် ပြောရှာ၏။

ဖေဖေရော မေမေရော အန်ကယ့်ကို လက်အုပ်ချီကာ ...

''အစ်ကိုကြီးဟာ .. ရှိသေရာပါ ..''





ဟု ပြိုင်တူ ပြောပြပါချေသတည်း။ မတိုင်ပင်ဘဲနှင့် ပြိုင်တူပြောထွက်လာကြပါသည့် စကားသံပေမို့ ရင်တွင်းစကားမှန်ဟု နားလည်ပေးရင်း အန်ကယ် မျက်ရည်ကျသည်။ မှုုး ၏ လက်လေးကို မလွှတ်တမ်း အန်ကယ် တွေးဆုပ်ထားပါ၏။

မျက်တောင်မခတ်လည်း ငေးစိုက်ကြည့်နေသည်။ ဆံစလေးကို သပ်ပေးနေသည်။ မှုုးလေး နိုးမလာမချင်း ဘယ်မှမခွာဘဲ အန်ကယ် ငြိမ်သက်စွာ သမီး၏အနိုးကို စောင့်နေသမျှ .. သူသည်လည်း အန်ကယ့်ဘေးမှာ ရပ်နေရင်း ငြိမ်ဆိတ်စွာ ရှိနေရပါ၏။

အန်ကယ့်ကို မှုုးလေး မြင်ချိန်မှာ အန်ကယ့်ဘေးမှာ အေးချမ်းစွာ သူသည်လည်း တူယှဉ်၍ ရှိနေသည်ဆိုတာ မှုုးလေး မြင်ဖို့ အရေးကြီးသည်လေ ...။ မှုုးလေး အန်ကယ့်ကို တစ်ယောက်တည်း အရင်ဆုံး နိုးနိုးချင်း မြင်လိုက်လျှင် ပြန်လာခေါ်သွားပြီလားဟု လန့်သွားမှာကို သူ စိုးရိမ်သည်။ သူ .. ရှိကိုရှိနေမှ ဖြစ်မည်တည့် ...။

မှုုးလေး နိုးလာချိန်မှာ အန်ကယ် ခါးကိုကိုင်း၍ မှုုး ၏ နဖူးလေးကို နမ်းစဉ်မှာ ...

''ဒက်ဒီ .. မှုုး ကန်တော့ပါတယ် .. မှုုး ကန်တော့ပါတယ် .. မှုုး နဲ့ ကိုကို့ကို .. မခွဲပါနဲ့ ..''

ဟု အိပ်မှုံပြေစ မပြေစပုံလေးဖြင့် မျက်ရည်ဝဲရင်း ပြောနေတော့..

''ကိုကို ရှိနေတယ် မှုုး .. အခု .. ကိုကို့ အိမ်မှာ ..''

ဟု သူ ကမန်းကတမ်း ပြောမိရပါပြီ ...။ မှုုးလေး ၏ လက်လေးကိုလည်း သူ တွေးဆုပ်ထားသည်ပါပဲ ...။

အန်ကယ်မှ မှုုးလေး ကို ပွေ့ယူလိုက်ကာ ..

''ဖေဖေ ပြောမယ် သမီး .. ဟောဒီက သားနဲ့ သမီးလေးကို .. ဒီလက်လေးတွေ တွဲပေးမယ့်သူဟာ .. ဖေဖေ ဖြစ်နေပါပြီကွယ် ..''

ဟု ပြောလည်း ပြော ...။ သူ့လက်ကိုလည်း ဆွဲယူ ...။ မှုုး ၏ လက်လေး



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း တွေးယူကာ လက်ချင်းဖေးအပ် ထပ်ပေးလာချိန်မှာ ဖေဖေနှ
မေမေတို့က ဝိုင်း၍ အပျော်တွေဖြင့် လက်ခုပ်တီးကြချေသတည်း ...

မှူး .. အဖေ့ရင်ခွင်မှာ မျက်နှာလေး ဖေးအပ်ကာ ...

"မှူး လည်း .. ဒက်ဒီ့ကို လွမ်းတာပါပဲ ဒက်ဒီရဲ့ .. ဒက်ဒီက -
ဒက်ဒီက မှူး ရဲ့ .. မေမေလည်း ဟုတ်ပါတယ် .. ဒက်ဒီလည်း ဟုတ်ပါ
တယ် .. ဒက်ဒီ့လက်ပေါ်မှာ မှူး ကြီးခဲ့ရတာပါ ဒက်ဒီရဲ့ .. ကိုကို့ကို
မခွဲနိုင်လွန်းလို့သာ မှူး ထွက်သွားမိခဲ့ရတာပါ .. ဒါပေမယ့် .. ဒက်ဒီ့
စိတ်ထိခိုက်အောင်လုပ်ခဲ့တဲ့ သမီးအဖြစ်တော့ ရှိနေတာမို့ .. မှူး လည်း
ဟိုမှာ .. ဒုက္ခရောက်ရတာပါပဲ ဒက်ဒီ .. ဒက်ဒီ့ကိုလည်း ကန်တော့ပြီး
မှ မှူး အိပ်တာပါ .. ဒက်ဒီ့ကို မှူး ချစ်ပါတယ် ဒက်ဒီရဲ့ .. မှူး ချစ်ပါ
တယ် ဒက်ဒီရဲ့ .."

ကလေးလို ဖခင်ရင်ခွင်မှာ တိုးလည်း ဝင် ..၊ ဖက်လည်း ဖက်
ချုံးချ၍လည်း ရင်ကျေရင်ကွဲငိုနေသမျှ .. ဘယ်သူမှ မနေနိုင် ..၊ မျက်
ရည်လိုက်ကျရချေသည်တကား ။ အန်ကယ့်လက်တွေက သမီး၏ ဆံ
လေးကို သပ်ပေးနေသည်။ နဖူးလေးကို နမ်းနေသည်။ မျက်ရည်သုတ်
နေသည်။

"တိတ်ပါ သမီးရယ် .. ဒက်ဒီ့သမီးလေး ပင်ပန်းလှပါပြီ .."

ဟု တုန်အက်အက်အသံဖြင့် အနိုင်နိုင် ပြောနေရှာသည်။ သူ -
မြင်ကွင်းကို မျက်တောင်မခတ် ငေးကြည့်နေမိရဆဲ ..။ သားအဖနှ
ယောက် .. ချစ်ကြသည့် ဤအဖြစ် .. ဤမြင်ကွင်းသည် .. ဘယ်တော့မှ
မြင်ရသူတိုင်း၏ရင်မှ ထွက်ခွာပျောက်လွင့်နိုင်စွမ်းရှိမှာ မဟုတ်။ အလွန်
လှပသော ပန်းချီကားတစ်ချပ်နှယ် ဆေးစက်စွဲထင်စွာ နှလုံးအိမ်မှာ
ရှိနေကြချေမည်သာ ..။

ခပ်လှမ်းလှမ်းမှာ ရပ်နေသည့် မျိုးမျိုး သည်လည်း မျက်ရည်သုတ်
နေချေ၏။





သူ .. မျိုးမျိုး ကို ကျေးဇူးတင်ရသည်ပါပဲ -
မျိုးမျိုး ကြောင့် .. မှူးလေး ကို - သူ - ခေါ်လာနိုင်ခဲ့သည်ပဲ
လေ ..။

ဟုတ်သည် ..၊ သူ၏နှလုံးသားဆီသို့ ခေါ်လာခွင့်ရခြင်း ..။

အေးမြမြပန်းရနံ့တို့က ဖွင့်ထားသော ပြတင်းဆီမှ တိုးဝင်၏။

သြော် .. ဥယျာဉ်ဆီမှ ပန်းတို့သည်လည်း ပျော်နေကြပြီထင့်..။

သူ့လက်အစုံက .. ချစ်ရသူလေး၏ ဆံယဉ်နုနုတို့ထက်မှာ နူးညံ့
စွာ ဖေးတင်မိရချေပြီတကား ..၊

ချစ်လိုက်ရချေသည်ကော မှူးသခင်လေး ရယ်လေ ..၊



www.burmeseclassic.com

www.burmeseclassic.com



အိုချစ်သူ ...
အလွမ်းတွေခ ..
မင်းကိုမှ ချစ်ရတဲ့အကြောင်း
ငါ၏နှလုံးသားကောင်းကင်
အလွမ်းလွှင်ပြင်ထက်က လေညင်း
လွမ်းချင်းတေးသီတဲ့ တိမ်တိုက်
အလွမ်းရဲတိုက်ထက်က
အလွမ်းလယင်းတွေနဲ့
ငါ သက်သေပြတဲ့အခါ
မင်း ..
မျက်ရည်တစ်စက်သာ
ချပေးပါလေ ...။

အိုချစ်သူ ...
မင်းရဲ့ မျက်ရည်တစ်စက်
ငါ့ရဲ့အချစ် ရွှေလက်နဲ့ခံယူ
စံတော်မူ ငါ့နှလုံးသားထက်မှာ
တစ်သက်တာရက်ရှည်
မင်းရဲ့ ...
ချစ်သက်သေအဖြစ်
ငါသိမ်းထားရစ်ပါ့မည် ...။

အိုချစ်သူ ...
ငါ၏ မျက်ရည်တစ်စက်ကို
သင်၏အချစ်ရွှေလက်နှင့် ခံယူကာ
ယူဆောင်၍သွားပါလေ ...
မနက်နေပွင့်သည့်အခါ ...
ပွားများလာရာ
မျက်ရည်စက်များစွာသည်
ရွှေရည်ပုလဲကုံးအဆင့်အဆင့်အဖြစ်
ငါ့ငယ်ချစ်ဦး၏ ခြေရင်းမှာ
ခွေရစ်ကာရှိ၍ နေပါလိမ့်မည် ...။
သြော် ...
သခင့်ခြေရင်းမှာ ခွေရစ်ကာရှိ၍ နေပါလိမ့်မည် ...။





## အခန်း (၂၀)

"ကိုကို ရယ် .."

မှူး ၏ လက်ဖဝါးလေးတွေကို တွေးဆုပ်ထားရင်းမှ ခေါင်းကို ငိုက်ချကာ မျက်နှာကိုအပ်ထား ငြိမ်သက်နေပါသည့် ကိုကို ..၊ ပူနွေးသော မျက်ရည်စက်တွေ မှူး ၏ လက်ဖမိုးလေးပေါ် ဖျောက်ဖျောက် စက်စက်ကြွေရင်းမှ စိုလူးလာတော့ မှူး ရင်ထဲမကောင်းနိုင်..၊ လက်လေးကို မလွှတ်စတမ်း တွေးဆုပ်ထားဆဲ ကိုကို့ မျက်နှာသည် မှူး ၏ လက်လေးပေါ်မှာ ဘယ်ညာနွဲ့လူးနေသည်မှ မချိလွန်းသည့်စိတ်ဖြင့် တနင့်နင့် ခံစားရင်း ရှိနေချေသမျှ မှူး လည်း မျက်ရည်ကျရင်း ငေးစိုက်ကြည့်နေမိရ ..။ ကိုကို့ကို တိုးဖွဖွ ခေါ်မိရပါပြီ။ ကိုကို့ခေါင်းသည် ခပ်ဖြည်းဖြည်း မော့လာ၏။ မျက်နှာထက်မှ မျက်ရည်တွေ စိုနစ်နေသမျှကို လက်ဖြင့် ခပ်ကြမ်းကြမ်း ကိုကို ပွတ်ယူသည်။ နောက်တော့ လက်ဖဝါးတွေကိုဖြန့်၍ ကိုကို ငေးစိုက်ကြည့်နေပါ၏။

မှူး ၏ လက်လေးကို မျက်ရည်စိုလူးနေသည့်လက်ဖြင့် တွေးယူကာ ဖွဖွညင်သာ ပွတ်သပ်လာရင်းမှ ...

"ပင်ပင်ပန်းပန်း .. အလုပ်တွေ လုပ်ခဲ့ရတဲ့ မှူးလေး ရဲ့လက်ကို.. ဆိုကို့ မျက်ရည်စက်နဲ့ ဆေးကြောပေးရင်တောင်မှ .. အဲဒီ ပင်ပန်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်အတွက် .. ပေးဆပ်စရာတွေ မကျေနိုင်သေးပါလား မှူးလေး ရယ်.. ကိုကို .. ဒီတစ်သက် .. ဘယ်လိုမှဖြေယူလို့ရတော့မှာ မဟုတ်ဘူး မှူး ရယ် .. ကြည့်စမ်း .. မနေ့က .. မှူးလေး ပင်ပန်းခဲ့သမျှ .. ဒီနေ့ မှူး နေတဲ့အထိ ဖြစ်ကုန်ရတာ မဟုတ်လား .. အို .. မနေ့ညကတည်းက ဖျားနေတာလေ .. ဖျားနေတာလေ .."

ကိုကို ဖြေဆည်မရပြောနေရင်းမှ မျက်ရည်တွေ ထပ်ကျလာသည်။ မျက်ရည်ကို လက်ဖြင့် သုတ်ပြန်သည်။ မှူး ၏ လက်လေးကို မျက်ရည် လူးသည့်လက်ဖြင့် ထွေးဆုပ် ပွတ်သပ်ပေးပြန်သည်။ ကိုကိုသည်.. လုပ် မိလုပ်ရာ ကြေကွဲသမျှ ထိန်းဆယ်မရအောင် ခံစားရင်းလုပ်နေခြင်း။ ကိုကို့လက်တွေကို မှူး ညင်ညင်သာသာ ဖေးကိုင်လိုက်ကာ ...

"ကိုကိုရယ် .. မှူး ရင်ထဲမကောင်းလိုက်တာ .. ကိုကို .. မငိုနဲ့ တော့နော် .. ကိုကို အခု မှူး ရှေ့မှာ ရှိနေပြီလေ .. မှူး မှာ အားအင်တွေ ပြည့်နေပါတယ် ကိုကိုရဲ့ .. စိတ်လည်းချမ်းသာနေပြီ .. ကိုကို မျက်ရည် မကျနဲ့တော့ နော် .."

ကိုကို့မျက်ရည်ကို ဖွဖွသုပ်ပေးနေရင်း မှူး ပြောတော့ ကိုကို မှူး ၏ လက်လေးကို ထွေးကိုင်ထားသည်မှ တနင့်နင့် ခံစားနေခြင်းဖြင့်ပေါ တည့် ..။ မှူး ၏ လက်လေးကို မလွှတ်စတမ်း ထွေးဆုပ်ထားလိုက်.. ဖွဖွညင်ညင် နမ်းလိုက် ..၊ မှူး ၏ ဆံစလေးတွေကို သပ်ပေးလိုက်.. နဖူးပြင်လေးကို သိမ်မွေ့ညင်သာ နမ်းလိုက်ဖြင့် ကိုကိုသည် .. မှူး ၏ ဒုက္ခသုက္ခ ရင်စည်းခံခဲ့ရသမျှတွေအတွက် ဖြေဆည်ရာ ပျောက်နေသည့် သူတစ်ယောက်အဖြစ်လည်း ရှိနေသည်။

မှူး ကို တယုတယထား၍ မဝနိုင်သလိုလည်း ဖြစ်နေသည်။ လမ်း လျှောက်တုတ်လေးကို ခုတင်ဘေးမှာ ထောင်ထားလျက် ..။ ခုတင်ထက် မှာ ထိုင်နေရင်း မှူး ၏ မျက်နှာလေးကို တစိမ့်စိမ့်ပါအောင်ကြည့် .. လက်မောင်းလေးတွေကို ဖွဖွလေး နှိပ်ပေးနှင့် ရှိနေပြန်၏။ မှူး ၏





လက်မောင်းလေးတွေ ညောင်းတတ်နေတာ သက်သာအောင် နှိပ်ပေး နေခြင်း ..။ မှူး .. ကိုကို့ကို သနားလှပါပြီ ..။ ကိုကိုသည် .. မှူး အရမ်း ပင်ပန်း နာကျင်ကိုက်ခဲနေသည်ဟု အစွဲအလမ်းကြီး ဖြစ်နေရလျက် ..။ ဖြေဆည်ရာ ပျောက်နေရှာသည်ကောလေ ..။ မှူး သက်သာအောင် .. အရာရာ လုပ်ပေးချင်နေသည်။ လက်လေးတွေကို ဖွဖွနှိပ်ပေးသည်။ ရင်ထဲ ချိုဘဲ ဖွဖွလေးနမ်းသည့်အခါ နမ်းသည်။

"ဒီလက်လေးတွေ .. အရမ်းပင်ပန်းခဲ့ရတာ .."

ဟု ညည်းနေတတ်သည်။ မှူး .. ကိုကို့ ပခုံးပေါ် ခေါင်းလေးတင်မိ လိုက်ရရင်းမှ ...

"မှူး လေ .. ကိုကို့ကို တောင်းပန်ချင်တယ် .. ဒီကြေကွဲစရာအဖြစ် လေးတွေကို ချန်ရစ်ခဲ့လိုက်ပါလား ဟင် .. မတွေးကြေး ကိုကိုရယ် .. ကိုကို ဒီလောက် ရင်ကျေရင်ကွဲ ခံစားနေရတာ မြင်နေရတော့ .. မှူး ပိုခံစားရတယ် .. မှူး လန့်လည်း လန့်လာတယ် .. ဒီခံစားချက်တွေကို မပျောက်စတမ်း အစွဲအလမ်းကြီးကြီးထားလိုက်မယ့် ကိုကို ဖြစ်သွားမှာ မှူး စိတ်ပူတယ် ကိုကို .."

ဟု ပြောလာတော့ ကိုကို မှူး ၏ ခေါင်းလေးကို လက်ဖြင့်သိမ်း အပ်ယူ၍ ရင်မှာအပ်ထားပါ၏။

"ဆိုးတယ် မှူး ရယ် .. အရမ်းရင်ထဲမှာ ခံရတာဆိုးတယ်ကွာ .. ကိုကိုက မှူး အတွက် စိတ်ပူတယ် .. မစားနိုင် မအိပ်နိုင်ဖြစ်တယ်ဆို ပေမယ့် .. သရဖီဦးမှာ သက်သောင့်သက်သာ နေနေရတာ မှူး .. မညာ မတာ ပြောပစ်ရမယ်ဆိုရင် .. စည်းစိမ်တည်ပြီး လွမ်းနေတဲ့ကောင်ဖြစ် နေတယ်လေ .. မှူး က .. ဟိုမှာ ဒုက္ခသုက္ခနဲ့ နေနေရတာ .. အနေဆင်း ရဲ .. အအိပ်ဆင်းရဲနဲ့ နေရတာ .. ပြီးတော့ .. အိမ်က နှင်ချလည်းအဲဒီ မှာ ခံရသေးတာ .. မှူးလေး ဘယ်လောက်ခေါင်းခဲမလဲ .. ဘယ်မှာနေ ရပါ့ဆိုပြီး ဘယ်လောက်ထိ မှူးလေး အားကိုးရာပျောက်ရှာမလဲ .. ကိုကို



www.burmeseclassic.com

www.burmeseclassic.com



တွေးတောင် မတွေးရက်ဘူး မှူး ရယ် .. ဒါကို .. ကိုကို မေ့ပစ်လို့ရနိုင်မလား မှူး .. ကိုကို အဲဒီအခန်းတံခါးရှေ့ ရောက်ချိန်မှာ .. မှူး ကို မြင်မြင်ချင်း ကိုကို သွေးလန့်သွားတယ် .. မှူး တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်လိုက်ရမယ့်အထိ .. မှူး ရဲ့ မျက်နှာလေးက သွေးရောင်ဖျော့နေပြီ .. မျက်ရည်တွေ လည်နေတယ် .. အားကိုးရာမဲ့နေတယ် .. အဲသလောက် စိတ်ထိခိုက်ညှိုးချုံးနေတဲ့ ကိုကို့ မှူးလေး ကို .. ကိုကို .. ရင်ကွဲပက်လက် မြင်ရတာ .. ထိတ်လန့်ချောက်ချားရင်း မြင်နေရတာ .. ကိုကို့နှလုံးသား တွေ ကျေကုန်ရတော့တာပါပဲ မှူး ရယ် .. အရမ်းရင်ထဲထိတယ် မှူး .. ဒါပဲ ပြောတတ်တော့တယ် ..၊ အဲသလောက် မှူး နင့်နေအောင် ခံစားရတာတွေကို .. ကိုကို .. မေ့ပစ်ရမယ် .. ဟုတ်လား .. ကိုကို သေတဲ့အထိ ဟောဒီရင်ဘတ်ထဲမှာ .. ထည့်ထားမှာ .. မဖျက်ဘူး .. မဖျောက်ဘူး .. ကိုကို့ မှူးလေး ကို .. နောက်ထပ် ဘယ်တော့မှ မျက်ရည်ကျဖို့ မပြောနဲ့ .. မျက်ရည်လေးတောင် မျက်ဝန်းမှာ စို့လာတာလေးတောင် အဖြစ်မခံဘူး .. နားလည်လား .. ကိုကို တစ်သက်လုံး .. အရိပ်တကြည့်ကြည့်နဲ့ ချစ်သွားမှာ .. ကိုကို သစ္စာဆိုတယ် .. ကိုကို့ကြောင့် မှူးလေး ဘယ်တော့မှ မျက်ရည်မကျစေရဘူး ..''

မှူး ၏ မျက်နှာလေးကို ဖွဖွဖေးမော့ယူရင်း ကိုကို ပြောနေသည်။ ပြောနေရင်းလည်း မှူး ၏ မျက်ခွံနုနုလေးကို လက်ဖြင့် ဖွဖွထိ၏။

''ဟောဒီ မျက်ဝန်းလေးတွေကလည်း .. ကိုကို့ကို .. ကတိပေးရလိမ့်မယ် .. ကိုကို ရှိနေသရွေ့ .. မှူး မျက်ရည်မကျစေရပါဘူးလို့လေ..''

ဟု ပြောကာ မျက်ခွံဖြူနုနုလေးကို ဖွဖွနမ်းသည်။ မှူး ရင်ထဲ အေးချမ်းနေရသည်ပါပဲ။ ကိုကို့ ချစ်ခြင်းတွေကို ပိုင်ဆိုင်ရခြင်းထက် ဘာကိုမျှ မှူး မမက်မောပါ။ မှူး သည် .. ကိုကို့အတွက် လူလာဖြစ်သည် ဟုပဲ မှတ်ယူပါသည်။ မှူး ၏ လက်ရှိဘဝ ..၊ မှူး ၏ အနာဂတ်ခရီးမှာ ကိုကိုသည် မှူး ၏ လက်တွဲဖော်အဖြစ် ရှိနေမည်ဆိုလျှင် .. ဘဝသည်





ပြည့်စုံပြီဟု မှတ်ယူပါသည်။

''ဟောလစ်လေး သောက်လိုက် နော် ..''

ကိုကို ပြောကာ စားပွဲထက်မှ ဟောလစ်ကိုင်းတပ် ဖန်ခွက်ကြီးကို ယူကာ မှူး ကို တယုတယတိုက်တော့ မှူး သောက်လိုက်ရပါ၏။ နောက်တော့ ကိုကို့ကို မော့ကြည့်မိကာ ...

''ကိုကိုလည်း အရမ်းပိန်သွားတာပဲဥစ္စာ .. ကိုကိုလည်း သောက်လိုက်နော် .. သောက်ပါ ကိုကိုရယ် .. မှူး တိုက်ပါ့မယ် ..''

ဟု ပြောကာ ကိုကို့လက်ထဲမှ ကိုင်းတပ်ဖန်ခွက်ကြီးကို ယူ ..။ ကိုကို့ကို တိုက်တော့လည်း မငြင်းမဆန် ကလေးလိုပဲ ကိုကို သောက်သည်။ အကြည့်ကတော့ မှူး ထံမှာပဲ တစိမ့်စိမ့် ရှိနေသည်ပါပဲ။ တစ်ယောက်တစ်လှည့် တိုက်နေရင်းဖြင့်ပင် ဟောလစ်တစ်ဖန်ခွက်သည်လည်း ကုန်ရချေ၏။ အိမ်၏ ဧည့်ခန်းမှာတော့ လူကြီးတွေက မင်္ဂလာပွဲကိစ္စတိုင်ပင်နေကြပြီ ..၊ တိုင်ပင်နေကြသံတွေကိုလည်း ကြားနေရသည်။

''မှူး လေ .. ဝန်ခံမိခဲ့ပြီးပြီ ကိုကို .. ချစ်သူနဲ့ ဝေးတဲ့နေရာဆိုတာ ဘယ်လိုမှ ရှာလို့မရဘူးဆိုတာလေ .. ကိုကိုနဲ့ မှူး တို့ဟာ .. အရမ်းကို ချစ်ကြတဲ့သူတွေမို့ .. တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုမှ ဝေးလို့ မရ .. နီးကိုနီးခဲ့ကြရတော့တာနော် .. မှူး .. ကိုကို့ကို တောင်းပန်ပါရစေ .. အန်တီမေ့ ကို ပေးခဲ့မိတဲ့ မှူး ရဲ့ ကတိကို တည်စေမယ်ဆိုတဲ့ စိတ်က ခေါင်းမာရိပ်တွေရှိနေရင်း .. တစ်ယောက်ယောက်နဲ့ လက်ထပ်ပစ်လိုက်မယ်လို့ .. မှူး ရဲ့ နှလုံးသားကို ဖွတ်အမိန့်ပေးမိခဲ့ဖူးတဲ့အပြစ် ရှိခဲ့ပါတယ် ကိုကို .. ဒါပေမယ့် ကိုကိုရယ် .. မှူး ရဲ့ နှလုံးသားက .. အရမ်းတည်ကြည်တာ .. သစ္စာရှိတာ ..၊ ဘယ်လိုမှ .. ကိုကိုကလွဲပြီး မချစ်နိုင်တာတွေကို .. မှူး ကို အတိအလင်း အသိပေးတဲ့သူဟာ .. မှူး ရဲ့ နှလုံးသားပါ ကိုကို .. မှူး လေ .. ကိုကိုနဲ့ဝေးရင် ဝေးနေရပါစေ.. ကိုကိုကလွဲပြီး ဘယ်သူ့ကိုမှလည်း လက်မထပ်နိုင်ဘူးဆိုတဲ့ အသိတရား



www.burmeseclassic.com

www.burmeseclassic.com



ကို နောင်တနဲ့ သိခဲ့ရတာပါ .. ဘာလို့လဲဆိုတော့ .. မိုက်တိမိုက်ကန်းကြီး မှားတဲ့ အဆုံးအဖြတ်တစ်ခုကို .. ဆုပ်ခဲထားမိသမျှ .. အဲဒီ ဆုပ်ခဲထားတဲ့ ခေါင်းမာမိုက်မဲတဲ့အရာဟာ .. မီးခဲဆုပ်ထားသလို လူကိုလောင်ခဲ့တာပါ ကိုကို .. အဲဒီ အသိတရားကို .. မှူး ရဲ့ နှလုံးသားက အသိပေးဆုံးမခဲ့တာပါ .. တခြားလူတစ်ယောက်နဲ့ တကယ်လက်တွေ့ လက်မထပ်နိုင်ခဲ့တဲ့ မှူး ဟာ .. စိတ်နဲ့တော့ မှားတဲ့အဆုံးအဖြတ်တစ်ခုကို ဆုံးဖြတ်မှုးခဲ့တာမို့ .. မှူး ဟာ .. ကိုကို့အပေါ်မှာ သစ္စာမတည် ကြွေးတင်နေသလိုကြီး မှူး ဘာသာ မှူး ယူကျုံးမရ ခံစားရတယ် ကိုကို .. အဲဒါကို ဝန်ခံတာပါ ကိုကိုရယ် .. မှူး .. မှူး .. ကို ခွင့်လွှတ်ပါ ကိုကိုရယ် .."

မှူး ပြောရင်း ဖြေဆည်မရသည့် မျက်ရည်ကျလာတော့ ကိုကို ခေါင်းခါသည်။ မျက်ရည်ကို ဖွဖွသုတ်ပေးသည်။

"အဲသလို မှူး ဆုံးဖြတ်တာဟာ .. မေမေ ပြောလို့ပါ မှူး ရယ်.. မေမေ့စကားကြောင့်ပါ .. ကိုကို့အပေါ် သစ္စာမတည်တာ မဟုတ်ပါဘူး .. အဲသလောက်ထိ အတွေးမခေါင်ရဘူးလေ .. ကိုကို့ကို ချစ်လွန်းလို့ .. မှူး သူတကာစားတဲ့ ပန်းကန်တွေဆေးတဲ့အလုပ် လုပ်ခဲ့တာပဲ မဟုတ်လား .. အဲဒီထက် .. ဘာများ သက်သေထူစရာ ကျန်နေသေးလို့လည်း မှူး ရယ် .. မငိုနဲ့ နော် .. ကိုကို ရင်ထဲမကောင်းအောင် မငိုပါနဲ့ ကလေးရယ် .."

ကိုကို ပြောနေရာမှ ခုတင်ဘေးရှိ စားပွဲအံဆွဲကို ဆွဲဖွင့်သည်။ စာရေးစက္ကူကတ်ကို ယူသည်။

"အဲဒီမှာ ကိုကို ရေးထားတဲ့ကဗျာလေးတွေ ရှိတယ် မှူး .. နောက်တော့မှ အားလုံး မှူး ဖတ်နော် .. အခု .. ကိုကို ဖတ်ပြချင်တဲ့ ကဗျာက .. မကြာသေးဘူး .. ကိုကို နောက်ဆုံး စပ်ခဲ့တဲ့ကဗျာပေါ့ .. ကဗျာက ရည်တယ် မှူးလေး ရဲ့ .. အရမ်းခံစားရင်း .. ကိုကို ရေးမိခဲ့တာလေ.. မှူး လည်း ကိုကို့ကို လွမ်းရင်း .. ကဗျာလေးတွေ ရေးထားမယ်ဆိုတာ





ကိုလည်း ကိုကို သိထားပါတယ် .. ကိုကို့ကိုလည်း ပေးဖတ်နော် .. လောလောဆယ်မှာ ကိုကို မှူး ကို .. ကိုကို နောက်ဆုံးရေးထားမိတဲ့ ကဗျာကို ဖတ်ပြမှာ .. အရမ်းခံစားရင်း ရေးထားတာ မှူး ရယ် .. မှူး ကို .. ဘယ်လိုမှ .. ဆက်သွယ်လို့ မရ .. မှူး နဲ့ နောက်ဆုံးဖုန်းပြောလိုက်ရချိန်လေးမှာ .. ကိုကို .. အရမ်းစိတ်ထိခိုက်ရတာ .. အနံကယ့်ဆီ မှူးလေး ကို ပြန်ခေါ်သွားမယ်လို့ ပြောမိတဲ့ ကိုကို့ကို .. မှူးလေး စိတ်နာနေပြီလို့လည်း ထင်နေမိတယ်လေ .. အရူးလိုပါပဲ မှူး ရယ် .. ကိုကို အိပ်လို့မရ .. စားလို့ မဝင်နဲ့ ယောက်ယက်ခတ်နေခဲ့ရတာ .. မှူးလေး ကို .. လက်ထပ်မယ်ဆိုတာ ဘာလို့ မပြောရက်ခဲ့ရတာလဲလို့ ကိုကို ယူကျုံးမရ .. အဲဒီအခါတုန်းကတည်းက .. နောင်တတွေနဲ့ လုံးထွေး လူးလဲနေခဲ့ရတာပါကွယ် .."

ကိုကို ပြောကာ မှူး ၏ ဆံနွယ်ဦးလေးတွေကို ဖွဖွသပ်တင်ပေးလာပါ၏။

"မှူး ကို ဖုန်း အကြိမ်ကြိမ်ခေါ်တယ်.. စက်ပိတ်ထားတာပဲ အဖြေရလေလေ .. အရူးကြီးလိုလို သွေးပျက်နေရလေလေပါ .. မှူးလေး ကို ဘယ်လိုက်ရှာရမှန်းလည်း မသိ .. မျိုး ရဲ့ အဆောင်ဆိုတာလည်း မသိ.. မျိုး ရဲ့ သင်တန်းဆိုတာလည်း မသိ .. အဲဒီကြားထဲ .. မျိုး ဆိုတာက သူ့မိဘရပ်ရွာ စဏသွားလိုက်တယ်ဆိုတာ အဆောင်ပိုင်ရှင်က လေးလေးရွှေ သွားစုံစမ်းတော့ ပြောပြတယ်ဆိုတာကလည်း ရှိနေတယ်လေ .. ကိုကို .. ဘယ်လိုမှကို အစအနရှာမရအောင် ဖြစ်ရလေ .. တစ်ယောက်တည်း .. အရမ်းခံစားနေရလေပါ .. ဒီတစ်သက် .. ဝေးကြပြီထင်ရဲ့လို့ ခံစားရတယ် မှူး .. အဲဒီမှာ .. ကိုကို .. ချောက်ချားတာပဲ .. မှူး နဲ့ ဝေးရင် .. ကိုကို .. အသက်ရှည်မှာ မဟုတ်တော့သလို ဖြစ်ဖြစ်လာနေတယ် .. အချစ်ရဲ့ဩဇာဟာ အဲသလောက်ကို ပြင်းထန်တယ် .. စူးနစ်တယ် မှူး .."



www.burmeseclassic.com

www.burmeseclassic.com



ကိုကို ပြောနေသမျှ မှူး ငြိမ်၍ နားထောင်ပေးလိုက်သည်ပါပဲ..။ ကိုကိုနှင့် စကားတွေ မပြောခဲ့ရသည့်ရက်တွေ ..၊ ကိုကိုနှင့် မတွေ့ခဲ့ရပါသည့် လွမ်းဆွတ်ဆွတ်ရက်တွေအတွက် .. မှူး အတိုးချ၍ နားထောင်မဝဘဲ ဖြစ်နေသည်။ ကြည့်မဝဘဲ ဖြစ်နေသည်။ ကိုကိုပြောသမျှကို မြတ်နိုးလွမ်းမပြေအောဖြင့် တမက်မောမော .. မဝစတမ်းကြီး နားထောင်နေမိရပါသည့်အဖြစ် ..။

"ကိုကိုလေ .. ကိုကို့အချစ်တွေကို .. ကိုကို့နှလုံးသားကောင်းကင်.. ကိုကို့ အလွမ်းလွင်ပြင်ထက်က လေညင်း .. ဟိုးကောင်းကင်ကြီးက လွမ်းချင်းတေးသီနေတဲ့ တိမ်တိုက်ကြီးတွေ .. အလွမ်းလမင်း .. အလွမ်းရဲတိုက်တွေနဲ့ တည်နေတဲ့ ကိုကို့ နှလုံးသားနဲ့ ရင်းပြီး .. မှူးလေး ကို သက်သေပြချင်တယ် .. ကိုကို .. အဲသလို သက်သေပြတဲ့အခါ .. မှူး ရဲ့ မျက်ရည်တစ်စက်ကို ခံယူပြီး.. ကိုကို့ကို ချစ်တဲ့ မှူး ရဲ့ ချစ်သက်သေအဖြစ် သိမ်းထားပါ့မယ်လို့ ပြောပြချင်နေတယ် .. ကိုကို့ မျက်ရည်စက်တွေကိုလည်း .. မှူးလေး အတွက် ပေးဆပ်ရင်း .. အဲဒီ မျက်ရည်စက်ကို .. မှူးလေး သိမ်းထားပြီး .. ယူဆောင်သွားပါလို့ ပြောချင်တယ် .. ညဘက်က မနက်နေပွင့်ချိန်မှာ .. ကိုကို့ မျက်ရည်စက်လေးဟာ .. ပုလဲရွှေရည်အဝန်းလေးတွေအဆင့်ဆင့် အကုံးကုံးဖြစ်နေပြီး .. မှူး ရဲ့ ခြေရင်းမှာ ခွေရစ်လို့ ရှိနေမယ် .. မှူး သိပါတော့လို့ ပြောပြချင်နေတယ် .. အဲဒါကို .. ကိုကို .. ကဗျာအဖြစ် ရေးမိတယ် ကလေးရယ် .. ရေးရင်း မျက်ရည်ကျတယ် မှူး .."

ကိုကို ပြောနေရင်းမှ မှူး ၏ ခေါင်းလေးကို သိမ်းပွေ့ယူကာ ပခုံးထက်မှာ ဖေးတင်ထားစေပါသည့်အဖြစ်။ မှူး ကလည်း မျက်နှာလေးကို ဖေးမှီအပ်ထားမိသည်ပါပဲ။

ကိုကို .. မှူး ကို အဘယ်မျှထိ ချစ်မြတ်နိုးသည်ဆိုတာ .. အစကတည်းကလည်း မှူး သိပါသည်။





ဒါပေမယ့်.. ကိုကို့ နှုတ်မှ .. ဖွင့်မပြောခြင်းကိုတော့ ခုမှ – မှူးသည် .. မတင်းတိမ်နိုင်စွာ တမက်မက် .. နားထောင်နေမိရပါသည်ကောလေ ..။

ကိုကို့ကို လွမ်းဆွတ်တမ်းတရင်း ကြေကြေမွမွ ရေးခဲ့ပါသည့် ကဗျာလေးတွေကိုလည်း နောင်ကျတော့မှ .. ကိုကို့လက်ထဲ မှူး အပ်ပါ့မည် ..။

လောလောဆယ်မှာတော့ .. ကိုကို ပြောနေသမျှကို နားထောင်နေရသည့် လက်ရှိအချိန်လေးတွေကို ဆွဲဆန့် ရှည်လျားနေစေချင်ရင်း .. နားထောင်သူသက်သက်အဖြစ် .. ရှိနေချင်စောက ဖြစ်တည်နေချေ၏။

ကိုကို မှူး ၏ နဖူးပြင်လေးကို ဖွဖွနမ်းလာပါ၏။ နောက်တော့မှ ကဗျာရှည်တစ်ပုဒ်ကို စတင်၍ ရွတ်ဆိုလာသည်။ ကိုကိုသည် .. ကိုကိုသည် .. ကဗျာကို ရေးဖွဲ့တတ်သူဖြစ်နေချေသည်တကား ..။ ထိုသို့ရေးတတ်ပါသည့်အဖြစ်ကို .. ကိုကိုသည် .. ယခင်က လျှို့ဝှက်ထားခဲ့သည်ကောလေ ..။

ကဗျာရေးဖွဲ့တတ်ပါသော ကိုကို၏ မှူး သည်လည်း .. ကဗျာရေးဖွဲ့သူအဖြစ် ကဗျာဆရာမလေး ဖြစ်နေရသည့် ကံကြမ္မာကိုလည်း မှူး ကျေးဇူးတင်မိရပြန်သည်။ သြော် .. ကဗျာချစ်သူနှစ်ယောက် အဖြစ်လည်း တူညီကြချေသည်ကော ကိုကို ရယ်လေ ..။ ကိုကို့ ကဗျာရွတ်သံသည် .. မှူး ၏ .. နှလုံးသားသို့တိုင် .. စီးမျောတိုးဝင်၏။ ကိုကို့ ကဗျာရွတ်သံသည် .. မှူး ၏ .. နှလုံးသားသို့တိုင် .. စီးမျောတိုးဝင်၏။ ကိုကို့အလွမ်းသည် မှူး ၏ အလွမ်းဖြစ်၏။ ကိုကို့ အချစ်သည် မှူး ၏ အချစ်ပဲဖြစ်နေ၏။

"အိုချစ်သူ ...
အလွမ်းတွေခ ..
မင်းကိုမှ ချစ်ရတဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ငါ၏နှလုံးသားကောင်းကင်
အလွမ်းလွှင်ပြင်ထက်က လေညင်း
လွမ်းချင်းတေးသီတဲ့ တိမ်တိုက်
အလွမ်းရဲ့တိုက်ထက်က
အလွမ်းလမင်းတွေနဲ့
ငါ သက်သေပြုတဲ့အခါ
မင်း …
မျက်ရည်တစ်စက်သာ
ချပေးပါလေ …။

အိုချစ်သူ …
မင်းရဲ့ မျက်ရည်တစ်စက်
ငါ့ရဲ့အချစ်ရွှေလက်နဲ့ ခံယူ
စံတော်မူ ငါ့နှလုံးသားထက်မှာ
တစ်သက်တာ ရက်ရှည်
မင်းရဲ့ …
ချစ်သက်သေအဖြစ်
ငါသိမ်းထားရစ်ပါ့မည် …။

အိုချစ်သူ …
ငါ၏ မျက်ရည်တစ်စက်ကို
သင်၏အချစ်ရွှေလက်နှင့် ခံယူကာ
ယူဆောင်၍သွားပါလေ …
မနက်နေပွင့်သည့်အခါ …
ပွားများလာရာ





မျက်ရည်စက်များစွာသည်
ရွှေရည်ပုလဲကုံး အဆင့်အဆင့်အဖြစ်
ငါ့ငယ်ချစ်ဦး၏ ခြေရင်းမှာ
ခွေရစ်ကာရှိ၍ နေပါလိမ့်မည် …။
သြော် …
သခင့်ခြေရင်းမှာ ခွေရစ်ကာရှိ၍ နေပါလိမ့်မည် …။
မှူး ကို လွမ်းဆွတ်နေတဲ့ …
ကိုကို …"

ကိုကို့အသံ ဆုံးသွားချိန်မှာ .. မှူး ကိုကို့ကို မော့၍ကြည့်မိရပါ၏။ ကိုကို့မျက်နှာလေးကို လက်နုနုလေးတွေဖြင့် ဖွဖွထိမိရပါ၏။ ကိုကို ငြိမ်သက်ခံယူသည်ပါပဲ ..။

ဤမျှအထိ .. မှူး ကို ချစ်သည်တဲ့လား ကိုကိုရယ် ..၊

မှူး .. ကိုကို့လက်ကို ညင်ညင်သာသာ ယူမိသည်။ မှူး အတွက် ရေးဖွဲ့ရာ လက်လေးတွေကို ဖွဖွနမ်းမိသည်။

ကိုကိုသည် .. မျက်တောင်မခတ် မှူး ကို ငေးစိုက်ကြည့်နေရင်း တိတ်ဆိတ်စွာဖြင့် မှူး ၏ အနမ်းလေးပွေ့ ထိအပ်ရာ လက်လေးတွေကို ငေးစိုက်ကြည့်ပြန်၏။

"ကိုကို .."

မှူး မော့၍ ခေါ်မိရာမှ .. ကိုကို့ ခေါင်းကို လက်ဖြင့် ဖေးငိုက်စေလိုက်တော့ အလိုက်သင့် ကိုကို ခေါင်းကို ငိုက်ချပေးလာစဉ်မှာ ..။

ကိုကို့ နဖူးပြင်ကို မှူး မြတ်နိုးကြည်နူးစွာ မော့၍ အနမ်းလေးတစ်ပွင့်ကို ရင်ကိုနှစ်၍ .. အပ်နှင်းမိရပါပြီ …။

ကိုကို့ကို .. ချစ်လိုက်သည်မှလေ ..၊ ရင်နှင့်အမျှပါ တကား ..။ အသက်နှင့်အမျှပါလား ကိုကိုရယ်လေ ..။



www.burmeseclassic.com

www.burmeseclassic.com



"နှလုံးသားကို အားအင်အပေးဆုံး .. ကြည်နူးမဆုံး .. မြတ်နိုးမဆုံး .. အေးချမ်းမဆုံးတဲ့ ခံစားချက်တွေကို အပ်နှင်းတဲ့အရာဟာ – အို .. ချစ်သူ .. လို့ .. ခေါ်တဲ့ အသံလေးတစ်စုံပါ ကိုကိုရယ် .. ကိုကို– အဲဒီအရာတွေအားလုံးကို .. မှူး ရဲ့ နှလုံးသားမှာ အပ်နှင်းလိုက်ပြီးခဲ့ပါပြီ ကိုကိုရယ် .."

မှူး ပြောမိရာမှ ကိုကို့ နဖူးပြင်ကို ထပ်၍ ရင်ကိုနှစ်ကာ ဖွဖွညင်သာ .. တသိမ့်မွှေ့မွှေ့ .. တအားကိုးကိုး .. တနူးညံ့ညံ့ .. တချစ်ကြင်ကြင်.. ဖေးတင်မိရပြန်ချေသည်ကောလေ ..။

အို .. ချစ်သူ .. ဆိုသော ခေါ်သံလေးထက် လုံခြုံသောအရာ.. နှလုံးသားအတွက် .. ဘယ်မှာမှ ရှာမရနိုင်ချေသည်တကား ....။

မှူဝေခံစားမြင်း များစွာဖြင့် ...



မဟူရာ (လွိုင်ကော်)

(၁၂–၂–၂၀၁၅)

အမှတ်–၉၀၊ အုန်းတောလမ်း
ဒေါ်ဥရုရပ်ကွက်၊ လွိုင်ကော်မြို့
ကယားပြည်နယ်။
ဖုန်း–၀၈၃–၂၁၃၂၃



www.burmeseclassic.com